စိတ်ကူးချိုချိုအနုပညာ

# လက်ရုံးဇာနည်

# GLADIATOR

ဦးခင်မောင်ကြီး မြန်မာပြန်



ဒုတိယအကြိမ်

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်း ရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

စိတ်ကူးချိုချိုစာအုပ်

စိတ်ကူးချိုချိုစာအုပ်

ကူးချိုချိုစာအုပ်

# ဦးခင်မောင်ကြီး

# လက်ရုံးဗိုလ်နည်း

# GLADIATOR

၂၀၀၇ ခုနှစ်၊ မေလ
ဒုတိယအကြိမ်

လက်ရုံးဇာနည်

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၄၈၈၀၆၁၁ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၂၃၀၃၀၇ ဖြင့်

မျက်နှာဖုံးဒီဇိုင်းကို m.s.o ပြုလုပ်ပြီး ထုတ်ဝေသူ-ဦးစန်းဦး၊ စိတ်ကူးချိုချို စာအုပ်တိုက်၊ ၈၅၊ ၁၆၄လမ်း၊ ရန်ကုန်နှင့် ပုံနှိပ်သူ-ဦးနိုင်ဦး၊ ငွေပြည်တော် ပုံနှိပ်တိုက်၊ သိမ်ဖြူလမ်း၊ရန်ကုန်တို့က ဒုတိယအကြိမ် စောင်ရေ - ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၇၊ မေလတွင် တန်ဖိုး ၁၂၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

# အမှာ

ဤစာအုပ်တွင် ဖော်ပြပါ အဖြစ်အပျက်တို့သည် ခရစ်နှစ် စတင်ခါစအချိန်ကာလ ရှေးဟောင်းရောမ ယဉ်ကျေးမှုကြီး ပျက်စီးယိုယွင်းလာနေဆဲ ခေတ်အခါကို နောက်ခံပြုထားပေ၏။

ရှေးဟောင်း ခေါမယဉ်ကျေးမှုကြီးက တိမ်ကောသွားခဲ့ရသည့်နောက်၊ ၎င်းတို့၏ယဉ်ကျေးမှုအမွေအနှစ်ကို ရောမလူမျိုးတို့က ဆက်ခံခဲ့ရကာ၊ ရောမယဉ်ကျေးမှုခေတ်ကြီးတစ်ရပ်သည် ရာဇဝင်သမိုင်း၌ ထွန်းကားလာခဲ့ရပြန်၏။ ဤဝတ္ထုပါ အဖြစ်အပျက်များသည်ကား ယင်းသည့်ရောမယဉ်ကျေးမှု ခေတ်ကြီးသည် အထွတ်အထိပ်သို့ရောက်သွားရပြီးနောက် တိုးတက်မှုကုန်ဆုံးကာ ဖောက်ပြန်ဆုတ်ယုတ်မှုများ လွှမ်းမိုးနေပြီး ရောမအင်ပိုင်ယာကြီး၏လူနေမှုစနစ်ကြီးသည် အပေါ်ယံရွှေမှုန်ကြဲထားသလောက် အတွင်း၌တော့ ရွံ့ရှာစက်ဆုပ်ဖွယ် ပုပ်သိုးဆွေးမြည့်နေခဲ့ရသော နီရိဘုရင်လက်ထက်အခါ၌ ဖြစ်ပျက်ခဲ့ရပေ၏။

နီရိုဘုရင်ကား ရှေးဟောင်းရာဇဝင်တွင်ကျော်ကြားခဲ့သည့် ပုဂ္ဂိုလ်ကြီးတစ်ဦးပင် ဖြစ်လေသည်။ သို့ရာတွင် ၎င်း၏ ကျော်ကြားမှုမှာ အကောင်းအမြတ်ဘက်ကတော့ မဟုတ်ခဲ့။ အင်ပိုင်ယာမင်းဆက်တွေ တစ်လျှောက်ဝယ် ရောမထီးနန်းကို သိမ်းပိုက်စံမြန်းခဲ့ရသော ဆီဇာဘွဲ့ခံဘုရင်များအနက် အဖောက်ပြန်အဆုတ်ယုတ်ဆုံးသော မင်းဆိုးမင်းညစ်ကြီးအနေနှင့် ကျော်ကြားခဲ့ရခြင်းသာ ဖြစ်လေ၏။

အမှန်စင်စစ်တော့ နီရိုဘုရင်၏လက်ထက်ဝယ် ရောမယဉ်ကျေးမှုစနစ်ကြီးသည် အထွတ်အထိပ်သို့ရောက်ခဲ့ရပြီဖြစ်၍ ရှေ့သို့ဘယ်လိုမှ ဆက်၍မတိုးတက်နိုင်တော့ဘဲ အုပ်စိုးသူ လူတန်းစားကြီး၏ စည်းစိမ်ခံစားမှု၊ ဖောက်ပြန်မှု၊ ဆုတ်ယုတ်မှုအမျိုးမျိုးတို့ကသာ လွှမ်းမိုးနေပြီး ပျက်စီးလုဆဲ ဖြစ်လာခဲ့ရလေသည်။ ရောမယဉ်ကျေးမှုစနစ်ဟောင်းကြီးက ယိုယွင်းဆုတ်ယုတ်နေသည့် အချိန်ဝယ်၊ ခရစ်ယာန်ယဉ်ကျေးမှုစနစ်သစ်က တစ်ရှိန်ထိုး တိုးတက်လာနေဆဲ အချိန်လည်း ဖြစ်နေလေ၏။ ထို့ကြောင့်လည်း နီရိုဘုရင်မှာ မိမိကိုယ်စားပြုနေရသော ပုပ်သိုးဆွေးမြည့်နေသည့် ယဉ်ကျေးမှုစနစ်ဟောင်းကြီးမှနေ၍၊ ယဉ်ကျေးမှုအသစ်တစ်ရပ်ဖြစ်သော၊ တိုးတက်လာနေသည့် ခရစ်ယာန်ယဉ်ကျေးမှုသို့ အပြောင်းအလဲဖြစ်ပေါ်လာနေစ အချိန်ဝယ်၊ မိမိ၏ထီးနန်းကို သိမ်းပိုက်ခဲ့ရပြီး၊ မိမိ၏ထီးနန်းနှင့်တကွ မိမိကိုယ်စားပြုနေရသော ယဉ်ကျေးမှုစနစ်ကြီး ပြိုလဲကျဆုံးရခြင်းကို ကာကွယ်သောအားဖြင့် ရာဇဝင်တွင် အဖောက်ပြန်ဆုံး၊ အဆုတ်ယုတ်ဆုံးသော အမှုများကို ပြုလုပ်ခဲ့လေသည်။

၎င်း၏လက်ထက်တွင် ရောမအုပ်ချုပ်သူလူတန်းစားသည် ဘုရင်ကိုယ်တိုင်၏ အားပေးမှုဖြင့် အဖောက်ပြန်ဆုံး၊ အဆုတ်ယုတ်ဆုံး ပြုကျင့် နေထိုင်ခဲ့ကြလေသည်။ အရီနာခေါ် ကစားကွင်းကြီးများတွင် လူလူချင်း တိုက်ခိုက်သတ်ဖြတ်ခြင်းများ၊ လူနှင့်တိရစ္ဆာန် တိုက်ခိုက်သတ်ဖြတ်ခြင်းများ စသည်တို့ကို ပျော်ရွှင်မှုတစ်ခု (ဝါ) အပျင်းဖြေမှု



တစ်ခုအနေနှင့် ကြည့်ရှုကြပြီး မိမိတို့၏ စိတ်အာရုံကို ဖြေဖျော်ရမှုအတွက် လူလူချင်းသော်လည်းကောင်း၊ လူနှင့်တိရစ္ဆာန်အချင်းချင်းသော်လည်းကောင်း တိုက်ခိုက်သတ်ဖြတ်ကြရာတွင် သွေးထွက်သံယိုမရှုမလှ သေကြေပျက်စီးရမှုတို့ကို ရှုမြင်ကြရခြင်း၌ ကျေနပ်အားရပီတိသောမနဿ ဖြစ်ကြရလေကုန်၏။

ဤ'အရီနာတိုက်ပွဲ'ကြီးများကိုအကြောင်းပြု၍တိုက်ပွဲသူရဲကောင်းများကို ယခုခေတ်ကြေးစား လက်ဝှေ့သမားများ မွေးသကဲ့သို့ပင် ဂရုတစိုက် မွေးမြူထားကြကာ အစွမ်းဆုံးသော တိုက်ပွဲသူရဲကောင်းကြီးများကို ဘုရင်မှအစပြု၍ အားလုံးက ဝိုင်းဝန်းချီးမြှောက် အရေးပေးကြလေကုန်၏။ ဤသို့သော 'အရီနာတိုက်ပွဲဝင်သူရဲကောင်းကြီး'များတို့ကို ဂလေဒီယိတ်တာဟု ခေါ်ဆိုကြရာ ၎င်းတို့မှာ လက်ရုံးရည်ကိုသာ အားကိုးရပြီး လက်ရုံးရည်အားဖြင့်သာ ထင်ရှားကျော်ကြားနိုင်ကြသည် ဖြစ်၍လည်း ယခုကျွန်တော်က မြန်မာလို'လက်ရုံးဓာနည်'ဟု ပြန်ဆိုလိုက်ရခြင်း ဖြစ်ပါ၏။

ယခုဝတ္ထုကား ဤအရီနာတိုက်ပွဲဝင် သူရဲကောင်း(ဝါ) လက်ရုံးဓာနည်ကြီးတစ်ဦးဖြစ်သူ 'ဖော်လ်ဂျန်'၏အတ္ထုပ္ပတ္တိဖြစ်ပေ၏။ ဖော်လ်ဂျန်သည် သာမန်လယ်သမားကလေးဘဝမှနေ၍ ရောမမြို့သို့ ရောက်ရှိလာပြီး ဂလေဒီယိတ်တာလက်ရုံးဓာနည်ဘဝသို့ ကူးပြောင်းလာကာ ရောမမြို့သူမြို့သားများ၏ အသည်းစွဲဖြစ်လာရပုံ၊ ရောမနန်းတွင်းရေးကိစ္စများတွင် ဝင်ရောက်ပါဝင်စွက်ဖက်လာရပုံနှင့် နောက်ဆုံးတွင် ဖောက်ပြန်ဆုတ်ယုတ်လှသည့် ရောမယဉ်ကျေးမှုနှင့် လူနေမှုစနစ်ကြီးကို အော်ဂလီဆန်အောင်ရွံမုန်းသွားမိကာ၊ ခရစ်ယာန်အယူဝါဒသို့ ကူးပြောင်းသွားပြီး ငြိမ်းချမ်းရေးရသွားရသည်ကို ဖတ်ရှုရလိမ့်မည်ဖြစ်ပေ၏။

ဤဝတ္ထုကြီးကို ကျွန်တော် ဘာသာပြန်ရသည့် ရည်ရွယ်ချက်ကား ယဉ်ကျေးမှုနှင့် လူနေမှုစနစ်တစ်ခုသည် တိုးတက်မှုဟူ၍မရှိတော့

ဘဲ ဖောက်ပြန်ဆုတ်ယုတ်မှုများသာ လွှမ်းမိုးလာရပြီး၊ အိုမင်းဆွေးမြည့်လာရသည့်အခါတွင် လူများသည် ထိုစနစ်ဟောင်းကြီးအား စွန့်ပစ်ကျော်ခိုင်းကာ ယဉ်ကျေးမှုနှင့် လူနေမှုစနစ်သစ်တစ်ရပ်အား ရှာဖွေယူဆောင်လာကြရခြင်းကို တင်ပြလို၍ပင် ဖြစ်ပါသတည်း။

ခင်မောင်ကြီး

## အခန်းတစ်

( ၁ )

လယ်သမားကလေး ဖော်လ်ဂျန်သည် ယခုတစ်ခေါက် ရောမမြို့တော်ကြီးသို့ နွားရောင်းလာရပြန်ခြင်း၌ ဒုက္ခကြီးတစ်ခုက သူ့အားဖိစီးလာရန် စောင့်ဆိုင်းလျက်ရှိနေသည်ကို ဘယ်လိုမှ မသိမမြင်မိဘဲ ရှိနေရှာပေ၏။

နေရောင်ခြည်က ထွန်းလင်းတောက်ပနေကာ ရှုခင်းတွေက အင်မတန် သာယာလှပပြီး တိုင်ဘာမြစ်ကြီးက လှပစွာ စီးဆင်းသွားနေသော ခရစ်နှစ် ၆၂ ခု၏ တစ်နေ့သော နံနက်ခင်းတွင် ဖော်လ်ဂျန်သည် ရောမမြို့တော်သို့ သွားသည့်လမ်းအတိုင်း သူ့နွားတွေကို မောင်းနှင်သွားလျက် ရှိနေလေသည်။ အက်ပီယံလမ်းမကြီးခေါ် မြို့တော်သို့သွားသည့် လမ်းသို့ရောက်လာပြီဖြစ်သော ဖော်လ်ဂျန်မှာ ယခုရောမမြို့တော်ကြီးနှင့် တစ်မိုင်ခွဲသာရှိတော့သည့် အရပ်၌ ရောက်ရှိလာနေရပြီ ဖြစ်လေ၏။ လမ်းပေါ်တွင် အသွားအလာတွေက ရှုပ်ထွေးစပြုလာနေကာ လှည်းကြီးများ၊ ကုန်တင်မြည်းကလေးများနှင့် ထမ်းပိုး ဝန်ထုပ်ကြီး

များနှင့် လူတွေတစီတတန်းကြီးတို့သည် မြို့တော်ကြီးဆီသို့ရှေးရှုကာ တလှုပ်လှုပ် သွားနေကြလေ၏။ မြို့တော်သွား ဤခရီးသည် တသီတတန်းကြီးနောက်မှာမှ လယ်သမားကလေး ဖော်လ်ဂျန်က သူ့နွား ၉ ကောင်ကို မောင်းနှင်လိုက်ပါလာနေ၏။

အမှန်တော့ ဤနွား ၉ ကောင်မှာ သူပိုင်သည့် တိရစ္ဆာန်များကားမဟုတ်ကြပါပေ။ ဤ ဝဖြိုးသောနွားထီးကြီး ၉ ကောင်၏ ပိုင်ရှင်မှာ 'ကားတီ ယပ်စ်ခရီဘား'သာဖြစ်ပြီး ဖော်လ်ဂျန်ကတော့ လယ်ပိုင်ရှင်ကြီး၏ လူယုံတော် အခိုင်းအစေတစ်ဦးသာ ဖြစ်လေ၏။ ဖော်လ်ဂျန်၏အဖို့ကတော့ သူ့သခင်၏ ဤသို့ ယုံကြည်စိတ်ချမှုခံယူနေရခြင်းမှာ အခွင့်အရေးထူးကြီးတစ်ရပ်ပင် ဖြစ်နေရလေသည်။

လယ်ပိုင်ရှင်ကြီးသည် မိမိ၏လယ်ယာမှ ထွက်သည့် ကုန်ပစ္စည်းများတို့ကို မြို့တက်၍ ရောင်းချရန် အလုပ်ကိစ္စပေါ်လာတိုင်း သူ့လူယုံတော် ဖော်လ်ဂျန်ကိုသာ ပကတိယုံကြည်စွာနှင့် တာဝန်လွှဲပေးလေ့ရှိလေ၏။ ဖော်လ်ဂျန်မှာ ကလေးဘဝကတည်းကပင် ၎င်းထံ၌ အလုပ်လုပ်ပြီး ကြီးပြင်းလာရသူဖြစ်ရာ၊ လယ်သမားကြီးက သူ့အပေါ် လုံးဝစိတ်ချနေ၏။ ထို့ကြောင့်လည်း ဖော်လ်ဂျန်မှာ ရောမမြို့တော်မှ ဈေးကြီးသို့ လယ်ပိုင်ရှင်ကြီးကိုယ်စား နွားများ၊ ဆိတ်များ၊ ဝက်များကို အကြိမ်ကြိမ် လာရောက် ရောင်းချပေးခဲ့ရဖူးပြီဖြစ်ကာ၊ ယခုအကြိမ်မှာလည်း ခါတိုင်းကနှင့် ဘယ်လိုမှထူးခြားလိမ့်မည်မဟုတ်ဟု အောက်မေ့နေမိလေတော့သည်။

"ဟော့... ဟိုအကောင်ကြီး ဘာလုပ်နေတာလဲ သွားစမ်း..."

နောက်ကျန်နေရသော နွားတစ်ကောင်ကို ဖော်လ်ဂျန်က လက်ထဲမှ တုတ်ရှည်ကြီးနှင့် လှမ်းရိုက်မောင်းနှင်လိုက်ခြင်းဖြစ်လေ၏။ သူသည် ကျောက်ပြားကြီးတွေဖြင့် ဖြူနေအောင်ခင်းထားသော အက်ပီယံလမ်းမကြီးပေါ်သို့ ရောက်နေရခြင်းကို စိတ်ထဲက တထင့်ထင့်ဖြစ်နေမိကာ ရောမမြို့တွင်းသို့ အမြန်ရောက်သွားရဖို့ စိတ်စောနေမိ၏။ သွားရ



သောလမ်း လွယ်ကူချောမွတ်သော်လည်း ဖော်လ်ဂျန်ကဲ့သို့သော နင်းပြားလူတန်းစားတွေအတွက်ကား သိပ်ပြီးစိတ်ချရသည် မဟုတ်ပေ။

အရပ်တစ်ပါးသို့သွားရောက် စစ်တိုက်ကာ အောင်ပွဲခံ၍ပြန်လာနိုင်ကြသော ရောမဗိုလ်မှူးကြီးများသည် မိမိတို့တိုက်ခိုက် လုယက်ရရှိလာသော ပစ္စည်းများနှင့် ဖမ်းဆီးခေါ်ဆောင်လာသော သုံ့ပန်းများနှင့်အတူ ဤလမ်းမကြီးမှသာ ရောမမြို့တော်သို့ ပြန်လာလေ့ရှိကြလေသည်။ ခမ်းနားကြီးကျယ်စွာ ဆောက်လုပ်ထားသော အက်ပီယံလမ်းမကြီးပေါ်တွင် သေခြင်း၊ နာခြင်း ဝဋ်ဒုက္ခများ၏ အထိမ်းအမှတ်များကလည်း ခိုအောင်းကိန်းဝပ်လျက် ရှိနေရလေသည်။ ဤကမ္ဘာမြေကြီးပေါ်တွင် လူတို့၏ ရေပွက်ပမာ ဘဝသက်တာကို သင်ခန်းစာပေးသောအားဖြင့် လမ်းဘေးတစ်ဖက်တစ်ချက်တွင် သေဆုံးကွယ်လွန်ခဲ့ရပြီးသော လူများ၏သင်္ချိုင်းအုတ်ဂူကြီးများနှင့် ကျောက်တိုင်ကြီးများတို့ကို မကြာခဏတွေ့ရနိုင်လေ၏။ ယနေ့တွင်တော့ ထိုမျှသာမကသေး၊ ဖမ်းမိထားသော ခိုးသားတစ်ယောက်ကို လမ်းဘေးတွင် သစ်သား လက်ဝါးကပ်တိုင်ကြီးတစ်ခုပေါ်၌ သံချောင်းများနှင့်ရိုက်နှက်ပြီး ကားစင်တင်ထားသဖြင့် မချိမဆန့် ဝေဒနာခံစားရကာ သေလုမြောပါးဖြစ်နေသည့်ရှုခင်းကိုပါ တွေ့ရနိုင်ပြန်လေသည်။ အက်ပီယံလမ်းမကြီးဘေးတွင် ခိုးသားရာဇဝတ်ကောင်တွေအား ယင်းသို့လျှင် ကားစင်တင်၍ သတ်ဖြတ်အပြစ်ပေးခြင်းကား ခရီးသည်များအား ရောမဥပဒေများကို မဖောက်ဖျက် မကျူးလွန်မိစေဖို့ သတိပေးရာ၌ အင်မတန်မှ ထိရောက်လှပေသည်ဟု အာဏာပိုင်များက ယူဆကြလေကုန်၏။

ထို့ကြောင့်လည်း ဖော်လ်ဂျန်မှာ ဤလမ်းမကြီးပေါ်တွင် ကြာကြာမနေချင်ဘဲ နေမဝင်မီမြို့ထဲသို့ ရောက်ဖို့ကိုသာ စိတ်စောနေမိလျက် သူ့နွားတွေကို လောဆော်နေရခြင်းဖြစ်လေ၏။

သို့တစေလည်း 'ကာပေးနီးယင်း'တံခါးဝနှင့်မနီးမဝေးသို့ရောက်လာသည့်အခါ၌မှာပင် ဖော်လ်ဂျန်မှာ သူ့အား စောင့်စားနေသော ဒုက္ခ

ကြီးတစ်ခုကို ရင်ဆိုင်တိုးလိုက်ရလေတော့သည်။ လမ်းဘေးရှိ သရိုင်း အုတ်ဂူကြီး တစ်ခုဘေးမှနေ၍ လူတစ်ယောက်သည် ရုတ်တရက်ထွက် လာကာ၊ သူ့အား လှမ်းခေါ်လိုက်သည်ကို လှည့်ကြည့်မိလိုက်သော ဖော်လ်ဂျန်သည် သူ့နောက်က ရောက်လာကြသော လူနှစ်ယောက်၏ ရိုက်နှက်လိုက်ခြင်းဒဏ်ချက်အား အငိုက်တွင် ခံစားလိုက်ရပြီး မြေပေါ် သို့ လဲကျသွားရရှာလေ၏။ ဖော်လ်ဂျန်မှာ ငယ်ရွယ် သန်မာသူတစ် ယောက် ဖြစ်ရကား၊ မိမိ၏ တုတ်ကြီးကို အားပြုလျက် ပြန်ထဖို့ကြိုးစား လိုက်နိုင်သေးလေသည်။ သို့ရာတွင် ပြန်၍ မတ်တတ် ရပ်လိုက်မိစဉ်၌ ပင် နောက်ထပ်၍အရိုက်ခံလိုက်ရပြန်ကာ တုတ်ကြီးတွေ ကိုင်ထားကြ သော တုတ်တုတ်ခိုင်ခိုင် လူနှစ်ယောက်နှင့် ခုနက မိမိအားခေါ်လိုက် သော လူက အနားသို့ချဉ်းကပ်လာသည်ကို ရိပ်ခနဲသာ တွေ့လိုက်ရပြီး ပြန်၍လဲကျသွားပြန်လေသည်။ နောက်ထပ်၍ သုံးလေးချက် ဆင့်ကာ ဆင့်ကာ အရိုက်ခံလိုက်ရပြန်သည့်နောက်တွင်ကား သူသည် သတိ လစ်သွားလေတော့၏။

## ( ၂ )

နောက်ကျိသွားရသော ရေအိုင်ငယ်လေးသည် တဖြည်းဖြည်း ပြန်လည်ကြည်လင်လာရသည့်အလား ဖော်လ်ဂျန်၏မှောင်မိုက်သွားရ သော အသိဉာဏ်ကလည်း တစ်စချင်းပြန်လည်ကြည်လင်လာရသည့် အခါတွင်ကား၊ လူတစ်ယောက်က သူ့ဘေးတွင် ကုန်းကုန်းကြီးထိုင်နေ သည်ကို ဖော်လ်ဂျန်က တွေ့လိုက်ရလေသည်။ သူသည် ထိုလူ၏ လက်များကို ရုတ်တရက်ကိုင်ဆွဲပြီး သန်မာစွာဖြင့် ဖျစ်ညှစ်လိုက်ရာ ထိုလူက ကြောက်အားလန့်အားနှင့် အော်လေ၏။

"ကျုပ် မဟုတ်ပါဘူးဗျာ...ခင်ဗျားကိုလုပ်တာ ကျုပ် မဟုတ်ပါ ဘူး"



သို့အားဖြင့် ဖော်လ်ဂျန်သည် သူ့ဘဝကို တစ်မျိုးတစ်ဖုံပြောင်းလဲ လာစေရာ၌ ကံကြမ္မာ၏ ရုပ်သေးကောင်တစ်ကောင်ဖြစ်လာရသည့် 'အားရှူးတစ်ဖ်'ဆိုသူနှင့် စတင်ဆုံစည်းမိကြလေ၏။ ၎င်းမှာ လူလတ် ပိုင်းအရွယ်ကို ကျော်လွန်ခဲ့ပြီဖြစ်ကာ၊ အရိုးငေါငေါနှင့်ရှိပြီး ပါးနပ် ကောက်ကျစ်သော မျက်နှာနှင့် အငြိမ်မနေသော မျက်စိများပိုင်ရှင် ဖြစ်လေ၏။ ၎င်းကပင် ဖော်လ်ဂျန်နှင့် သူ့ကိုယ်သူ မိတ်ဆက်ပေးလိုက် လေသည်။

'ငါဟာ ဆီးရီးယန်းပြည်သား အားရှူးတစ်ဖ်ပါပဲ။ ငါဟာ အခြေ အနေအရ အီဂျစ်ပြည်သားလည်းဖြစ်ခဲ့ဖူးတယ်။ ခေါမပြည်သား ဖြစ်ခဲ့ ဖူးတယ်။ အခုတော့ ငါဟာ ဆီးရီးယန်းပြည်သားဘဝကို ခံယူထားနေ တယ်။ ငါဟာ မြို့တော်ကိုသွားကြတဲ့ ခရီးသည်တွေကို ဆေး အမျိုးမျိုး ရောင်းတဲ့သူပဲ။ ပီယဆေးယူမလား၊ စန်းပွင့်တဲ့ဆေးယူမလား၊ ထောင် မကျအောင် ကာကွယ်ပေးမယ့်ဆေးကိုလည်း ရနိုင်တယ်။ အဖျားမကပ် နိုင်တဲ့ဆေး၊ မပြုစားနိုင်တဲ့အခံဆေး၊ ကံကောင်းတဲ့ဆေးတွေလည်း ရှိသေးတယ်။ မင်းကိုတော့ ငါက ဘယ်လိုအကျိုးဆောင်ရမလဲ"

၎င်းထံမှပင် ဖော်လ်ဂျန်သည် မိမိနွားများကို မိမိအားရိုက်နှက်ခဲ့ သူများက လုယူသွားပြီဖြစ်ကြောင်းကို သိရလေသည်။ ၎င်းတို့နောက် သို့ လိုက်ပါသွားပါကလည်း မကြာခင်မှာ မှောင်တော့မည်ဖြစ်၍ အချည်းနှီးသာဖြစ်ကြောင်းကို အားရှူးတစ်ဖ်က မချင့်မရဲဖြစ်နေသော ဖော်လ်ဂျန်အား ဖျောင်းဖျလိုက်လေ၏။

"ကျုပ်တော့ ဒုက္ခပါပဲဗျာ..."ဟု ဖော်လ်ဂျန်က ညည်းညူလိုက်မိ ရာတွင် ဆေးရောင်းဆရာက လမ်းဘေးတွင်ထိုင်၍ ခေတ္တအနားယူရင်း နှင့် အခြေအနေကို ဝေဖန်သုံးသပ်ရန် အကြံပေးလိုက်လေ၏။

"ကျုပ်ရဲ့သခင်ကို ဘယ်လိုပြန်ပြောရမှာလဲ..."

"အဆန်ချောင်သွားတဲ့ ကြက်ဥအတွက်၊ ကြက်မက တာဝန်မယူ နိုင်ပါဘူး။ မင်းသခင်ကို မင်းက အကျိုးအကြောင်းရှင်းပြပေါ့"

"သူ့နွားတွေ လူများက ခိုးသွားတာကို ကျုပ်က သူကျေနပ်အောင် ဘယ်လိုရှင်းပြနိုင်မှာလဲ"

"အေး မင်းပြောတာလည်း မှန်တာပဲ၊ မင်းသခင်က မင်းကပဲ ဒီနွားတွေကိုရောင်းပြီး ရတဲ့ငွေကို အရက်နဲ့မိန်းမတွေအပေါ် ဖြုန်းပစ်လိုက်ပြီလို့ ထင်မှာပဲကွယ့်..."

ဖော်လ်ဂျန်မှာ စိတ်ပျက်လှသောအသံကိုသာ ပြုလိုက်နိုင်ရာ အားရှူးတစ်ဖ်က ထိုင်ရာမှ ထလိုက်လေသည်။

"ကဲ..ကဲ.. တို့မြို့ထဲကို သွားကြပါစို့။ အက်ပီယံလမ်းမကြီးဟာ နေဝင်သွားရင် ဘေးအန္တရာယ် များတတ်တယ်"

"မနက်ခင်းမှာလည်း ဘေးအန္တရာယ်များတာပါပဲဗျာ"ဟု ဖော်လ်ဂျန်က ပြန်ဖြေလိုက်ပြီးနောက်၊ အားရှူးတစ်ဖ်နှင့်အတူပင် မြို့ထဲသို့ဝင်လာခဲ့ရလေတော့၏။ သူ့အတွက် တွေ့ကြုံလိုက်ရသောအဖြစ်မှာ ဘယ်လိုမှမမျှော်လင့်သော ဒုက္ခကြီးတစ်ရပ်ဖြစ်နေရကား ဘာလုပ်ရမည်မသိဘဲ စိတ်ပျက်မှုကြီးသာ လွှမ်းမိုးနေလေသည်။

"မင်းတည်းခိုစရာနေရာများရှိသလားကွယ့်..."

မြို့တွင်းသို့ရောက်လာသည့်အခါ အားရှူးတစ်ဖ်က ဖော်လ်ဂျန်အား မေးလိုက်လေသည်။ အခါတိုင်းလိုသာဖြစ်ပါက ဖော်လ်ဂျန်သည် ရောင်းရန်ယူလာသော နွားတွေကို တိုင်ဘာမြစ်ကမ်းနံဘေးရှိ နွားဈေးကြီးသို့ ပို့ဆောင်လိုက်ပြီးနောက် ထိုနေရာတွင်ရှိနေသော အရက်ဆိုင်များနှင့် တည်းခိုအိမ်ထဲမှ တစ်ဆိုင်ဆိုင်တစ်အိမ်အိမ်ကို ရွေးချယ်လိုက်ဖို့သာ ရှိလေ၏။ ယခုတော့ ထိုနေရာများကို သူက ရှောင်ရှားရပေတော့မည်။

"ဟင့်အင်း... ကျုပ်မှာ တည်းခိုစရာမရှိပါဘူး..."

"တည်းခိုအိမ်ကောင်းတစ်ခုကိုတော့ ငါသိထားပါရဲ့"

"ဘယ်မှာလဲ..."

"ဆူးဘူးရားအရပ်ထဲမှာလေ..."



"ဒီအရပ်ကို ကျုပ်မကြိုက်ဘူးဗျ၊ လူဆိုးလူမိုက်တွေက ပေါပါဘိသနဲ့ မြွေတွင်းကြီးတစ်ခုလို ဖြစ်နေတာ..."

"မင်းကိုအကူအညီနဲ့ အကြံဉာဏ်ပေးမယ့် ငါပါတာပဲကွာ"

သူတို့နှစ်ယောက်သည် 'ပလာတိုင်း'လမ်းမကြီးအတိုင်း လျှောက်သွားနေကြလေသည်။ လူသွားလူလာတွေက ပြွတ်ခဲ၍လာနေ၏။ လက်ဝဲဘက်တွင် 'ဖိုရမ်'ခေါ် မြင့်မားသောပွတ်လုံးကျောက်တိုင်ကြီးများနှင့် ခံ့ညားစွာဆောက်လုပ်ထားသည့် ဘုရားကျောင်းများနှင့် အစိုးရအဆောက်အအုံကြီးများရှိသော ကွပ်လပ်ကြီးရှိနေသည်။ ယင်းဖိုရမ်ကွက်လပ်ကြီး၏ တစ်ဖက်အစွန်းသို့ ရောက်လာရလျှင်ကား၊ သူတို့နှစ်ယောက်သည် 'ဇော်ဆို'ဟုရောမမြို့သားတွေက ခေါ်ကြသည့်ကျယ်ဝန်းဖြောင့်ဖြူးသော လမ်းမကြီးတစ်ခုသို့ ရောက်လာကြပြန်၏။ ထိုလမ်းမကြီးပေါ်တွင်တော့ အင်မတန်ဈေးကြီး၍ခံ့ညားသော ဈေးဆိုင်ကြီးများက ရှိနေကြကာ၊ ကျောက်မျက်ရွဲရတနာများ၊ ရှားပါးသောဖိုနီးစီးယင်းနှင့် ကော်ရိသီယင်းဖန်ထည်ပစ္စည်းများ၊ အရှေ့တိုင်းမှ လှပထူးဆန်းသည့် ငှက်များမှစ၍၊ ဆင်းရဲသားကျောမွဲတို့က ဘယ်လိုမှ မြည်းစမ်းကြည့်နိုင်မည် မဟုတ်သော တစ်ပါးသော တိုင်းပြည်များမှတင် သွင်းလာသည့် သစ်သီးသစ်နှံများကို ရောင်းချနေကြ၏။

လမ်းသွားလမ်းလာများကလည်း ပိုမိုရှုပ်ထွေးများပြားလာနေသည်။ ရောမလူကုံထံများ၏ ချဲရီးယော့ဘ်ခေါ် မြင်းနှစ်ကောင်မှ ရှစ်ကောင်အထိ ကသော ပေါ့ပါးသည့်မြင်းရထားများသည် ကြာပွတ်သံတရွှမ်းရွှမ်းဖြင့် ဒလကြမ်းမောင်းနှင်သွားကြကာ၊ လူမွဲကျေးကျွန်များက ပခုံးထက်တွင် ထမ်းဆောင်သွားကြရသည့် ဝေါယာဉ်ကြီးများကလည်း တစ်နေရာတွင် လမ်းကို ပိတ်ဆို့ထားလျက် ရှိနေတတ်လေ၏။

တစ်ခဏတာမျှတော့ ဖော်လ်ဂျန်မှာ စိတ်ခတ်များတက်ကြွလာမိခဲ့လေသည်။ ဘယ်လောက်များ ကြီးကျယ်ခမ်းနား စည်ကားသိုက်မြိုက်လိုက်တဲ့မြို့တော်ကြီးပါလဲ.. ကမ္ဘာ့အစွန်အဖျားမှ လူမျိုးစုံတို့ကို ပျားအုံ

ကြီးက ပျားများကိုဆွဲဆောင်စုရုံးသည့်အလား ဤမြို့တော်ကြီးက ဆွဲဆောင်စုရုံးထားရှိနေပေသည်။ အသားမည်း အီသီယိုးပီးယင်းနှင့် မူးမီးဒ်ယင်း လူမျိုးများသည်လည်းကောင်း၊ ရွှေဝါရောင်ဆံပင်များနှင့် ဂေါလ်၊ ဆက္ကဆွန်နှင့် ဂျာမန် အစရှိသော မြောက်ပိုင်းသားများသည်လည်းကောင်း၊ အသားညို ပါးရှင်း၊ စကိုင်းသီယင်း၊ အီဂျစ်ရှင်းနှင့် အာရပ်လူမျိုးများတို့သည်လည်းကောင်း ဤမြို့တော်ကြီးသို့ ရောက်လာကြရပေသည်။

ကော်ဆိုလမ်းမကြီးအတိုင်း သူတို့ဆီသို့ ရှေးရှုရောက်လာနေသောယောဟိုက လူကြီးတစ်ယောက်ကို ကြည့်လိုက်ပါဦး။ ဤလူကြီးကားအနာဂတ်ကာလဆီတွင် ဖော်လ်ဂျန်၏ဘဝတစ်သက်တာ၌ အရေးပါအရာရောက်လာမည့် လူတစ်ယောက်ပေတည်း။ ဤလူကြီးသည် ဖော်လ်ဂျန်၏ကံကြမ္မာ၌ မဖျက်ပစ်နိုင်သော အမှတ်အသားကြီးတစ်ခုချန်ထားပေးခဲ့မည့်လူတစ်ယောက်ပင်ဖြစ်တော့သည်။ ဝံပုလွေအရေခွံကို ဝတ်ဆင်ထားသည့် ထွားကျိုင်းသန်မာလှသော ရွှေဝါရောင်ဆံပင်နှင့် လူဖြူကြီးတစ်ယောက် ဖြစ်လေတော့၏။

ဆီးရီးယားပြည်သား အားရှူးတစ်ဖ်က ဤလူထွားကြီးရှေ့က ဝင်ရပ်၍ပိတ်ဆို့ထားလိုက်ကာ မိမိ၏ခါးတွင်လွယ်ထားသော ဆေးအိတ်ကိုပုတ်ယင်းက မေးလိုက်လေသည်။

“ဘယ့်နှယ့်လဲ ကျွန်ုပ်ရဲ့မိတ်ဆွေ၊ ဆိုးဝါးတဲ့ ကုသိုလ်ကံကို ရှောင်ရှားနိုင်မယ့်ဆေးတစ်လက်လောက် ဝယ်သွားပါဦးလား...”

လူထွားကြီးသည် အားရှူးတစ်ဖ်အား ကြောက်ကြောက်ရွံ့ရွံ့တစ်ချက်ကြည့်လိုက်ပြီးနောက် ဘယ်လိုမှပြန်မဖြေဘဲ ခပ်သုတ်သုတ်ဆက်လျှောက်သွားလေတော့၏။

‘ထွက်ပြေးလာတဲ့ ကျွန်တစ်ယောက်ပါပဲ၊ ငါ လောင်းရဲပါတယ်’ ဟု အားရှူးတစ်ဖ်က ဖော်လ်ဂျန်၏နားတွင်းသို့ တီးတိုးပြောလိုက်လေသည်။ ‘ကျွန်အမှတ်တံဆိပ်ရာ ဖြစ်တဲ့ သူ့နားက ဖြတ်ရာကလေးကို



သမားတော် တစ်ယောက်ယောက်က ပြန်ဆက်ပေးထားတယ်လေ။ ဒါပေမဲ့ သူကပိုက်ဆံကောင်းကောင်း မပေးလို့လား၊ ဒါမှမဟုတ် သမားတော်ကောင်းတစ်ယောက်ဆီ မသွားလို့လားတော့မသိဘူး၊ သူ့နားကအနာက ကောင်းကောင်းမကျက်ခဲ့ဘူး၊ ဒီအကောင်ဟာ ပြန်အဖမ်းခံရမှာ သေချာတာပဲ...’

အားရှူးတစ်ဖ်သည် စကားအဆုံးတွင် သဘောကျစွာ ရယ်မောလိုက်လေသည်။ ဤဆီးရီးယန်းပြည်သားကား သိုးသေကောင်ကို စားနေကြသည့် လောက်ကောင်အလားပင်။ သူများတကာ၏ ဒုက္ခ၌ ဖွံ့ဖြိုးသူတစ်ဦးဖြစ်ဟန်တူသည်ဟု ဖော်လ်ဂျန်က တွေးလိုက်မိကာ၊ ဤလူသည် မိမိအားရောမမြို့တော်တွင်းသို့ ခေါ်ဆောင်လာပြီး၊ ကူညီစောင့်မမည်ဟုဆိုနေခြင်းသည် တကယ့်စေတနာထက် ၎င်းတွင်အကြံအစည်တစ်ခုခုများရှိနေ၍ ဖြစ်နေရော့သလားဟု သံသယဖြစ်မိပြီး၊ ဤလူအား သတိထား၍နေရန် ဆုံးဖြတ်ချက်ချလိုက်မိလေ၏။

၎င်းတို့နှစ်ယောက်သည်၊ ကော်ဆိုလမ်းမကြီးမှ လက်ယာဘက်သို့ ဖြာခွဲထွက်သွားသည့် လမ်းကြားမှောင်မှောင်မည်းမည်းကလေးတစ်ခုအတွင်းသို့ ချိုးဝင်တော့မည်ပြုလိုက်စဉ်၌ ရုတ်တရက် လမ်းပေါ်တွင် ဆူဆူညံညံဖြစ်လာရာ သူတို့သည် ဘာများဖြစ်သလဲဟု ရပ်ကြည့်နေလိုက်မိကြ၏။

ဆူဆူညံညံဖြစ်လာစေသည့် လက်သည်တရားခံကား မိန်းမတစ်ယောက်ပင် ဖြစ်နေ၏။

## ( ၃ )

သူမကား တခြားသော ပိုမိုတောက်ပခံ့ညားသည့်ဘုံမှ ဆင်းသက်လာသည့် သူဇာယမင်းကလေးတစ်ဦးနှင့်သာ တူနေပေတော့သည်။ ရွှေသားနှင့်ပြီးသော ဝေါယာဉ်ကြီးတစ်ခုပေါ်တွင် စီးနင်းလိုက်ပါလာ

ကာ၊ ဝေါယာဉ်ကြီးကိုတော့ ညကဲ့သို့မည်းမှောင်သော အသားမည်းကျွန်ရှစ်ယောက်က ထမ်းဆောင်လာကြ၏။ ဝေါယာဉ်ကြီး၏ရှေ့ဝယ်တော့လည်း၊ ရှေ့က ပိတ်ဆို့နေသော လမ်းသွားလမ်းလာများကို ဖယ်ရှား ရှင်းလင်းရန် လှံတံကိုင်ကျွန်များက ရှိနေကြလျက်၊ ၎င်းတို့သည် ဝေါယာဉ်သွားရာလမ်းမှ ဖယ်ပေးဖို့ နှောင့်နှေးမိကြသူများကို လှံဖျားနှင့်ထိုးဆွ၍ ဖယ်ရှားပစ်နေကြ၏။

ဝေါယာဉ်ပေါ်က သူဇာယမင်းကလေးကတော့ သူ၏ပတ်ဝန်းကျင်ကို ဘယ်လိုမှ အရေးမထား ဂရုမစိုက်ဘဲရှိနေ၏။ တစ်ခါတွင်သူမ၏ ပေါင်ပေါ်မှပါလာသော အင်မတန်မှ သေးငယ်သည့် ခွေးကလေးတစ်ကောင်က စူးရှသည့်အသံလေးနှင့်ဟောင်လိုက်ရာ အမျိုးသမီးသည် ထိုအခါမှ ပြုံးလာပြီး ခွေးငယ်ကလေးကို ယုယစွာ ပွေ့ချီလိုက်လေ၏။

ဖော်လ်ဂျန်ကတော့ လမ်းဘေးတွင်ရပ်ကာ အားရပါးရကြီးငေးစိုက်ကြည့်နေမိသည်။ ဤမျှလောက် လှပသိမ်မွေ့လှသော ဣတ္ထိလိင်တစ်ဦးကို ဖော်လ်ဂျန်သည်တစ်ခါမျှ မမြင်ဖူးမိသေးပေ။သူမမှာအသက်ငယ်ရွယ် နုပျိုလှပေတော့သည်။ မျက်နှာကိုတော့ ညိုသောအဆင်းရှိသည့် မျက်လုံးလေးများပေါ်အောင်သာ အောက်ပိုင်းတစ်ခုလုံးကိုပိုးပဝါနှင့်ရစ်ပတ် ဖုံးအုပ်ထားပြီး၊ ချောမွတ်ညီညာသော နဖူးပြင်အထက်တွင်ကား ပယင်းရောင်ဆံကေသာများက ခံ့ညားစွာ စုပုံနေကြ၏။

"သူ့မှာယှဉ်နိုင်စရာမရှိတဲ့ ဆံပင်တွေရှိပါကလား" ဟု ဖော်လ်ဂျန်က ရေရွတ်လိုက်မိလေသည်။

"ဆံပင်တွေဟာ အတုတွေပါကွယ့်... သူ့ရင်သား ထိပ်ဖျားလေးတွေဟာလည်း ရွှေအစစ်နဲ့ မွမ်းမံထားကြတယ်လို့ ဆိုကြတာပါပဲ"

"ဘာပြုလို့လဲ အားရှူးတစ်ဖ်"

"အခွင့်အခါပေါ်ပေါက်လာရရင် ရွှေနဲ့ရည်ပေးနိုင်အောင်လို့ပေါ့ကွယ်၊ သူဟာ ရောမတစ်မြို့လုံးမှာ ကြောက်စရာအကောင်းဆုံး မိန်းမဖြစ်တဲ့ ပေါ်ပေယာဆာဘီနာဆိုတာပဲ..."



"အလှဆုံးမိန်းမတစ်ယောက် ဖြစ်နေပါတယ်။ သူ့အသားတွေဟာနှင်းလိုပဲ ဖြူဆွတ်နေတာပဲ။ လူ့အသားအရေနဲ့တောင် မတူတော့ပါဘူးဗျာ..."

"မှန်တယ်လေ..ဒီအသားအရေရဲ့တစ်စိတ်တစ်ဒေသဟာ မြည်းမတွေရဲ့ အာနိသင်ပဲ။ ဝေါယာဉ်နောက်ကပါလာတဲ့ မြည်းအုပ်ကြီးကိုတွေ့ရဲ့လား။ မြည်းပေါင်း ၅၀၀၀ တိတိရှိပြီး အကောင်တိုင်းဟာသားမွေးထားတဲ့ အမတွေချည်းပဲ။ ပေါ်ပေယာက မြည်းမတွေရဲ့နို့နဲ့ ရေချိုးတယ်လေ..."

"မြည်းမတွေရဲ့ ခွာတွေမှာရွှေဖိနပ်တွေနဲ့ပါလား.." ဟု ဖော်လ်ဂျန်က မြည်းအုပ်ကြီးကို တအံ့တသြကြည့်လျက် ပြောလိုက်မိ၏။

"ဒါဟာ ဘာဆန်းသလဲ ငါ့မိတ်ဆွေရယ်။ သူ့ယောကျ်ားဟာ ရောမမြို့မှာ အချေးဆုံးလူ အော်သို မဟုတ်လားကွယ့်၊ ဒါပေမဲ့ ပေါ်ပေယာဟာ သူ့ချေးကတော်ဖြစ်နေရတာကို မကျေနပ်ဘဲ ရောမမြို့ရဲ့ ဧကရီဖြစ်ဖို့ ရည်မှန်းတယ်လေ.."

"ဟာ.. မဖြစ်နိုင်တာဘဲ၊ နီရိုဘုရင်မှာ မိဖုရားရှိပြီးသား မဟုတ်လား..."

"မှန်တယ်လေ.. ဒါပေမဲ့ ပေါ်ပေယာက တစ်စုံတစ်ခုကို လိုချင်ပြီဆိုရင်၊ အနေးနဲ့အမြန် ရတာပါပဲပေါ့"

"သူက အခု ဘယ်သွားမလို့လဲ..."

"မြို့ထဲက သူ့အိမ်ကိုသွားတာဖြစ်မှာပေါ့၊ သူဟာ မြို့ပြင်တောနယ်မှာရှိတဲ့ သူ့အိမ်ကြီးတစ်အိမ်မှာနေတာပဲ။ ဒီညနေတော့ နီရိုဘုရင်က ပွဲဇာတ်ရုံကြီးမှာ သီချင်းဆိုပြမှာမို့လို့ ပေါ်ပေယာက မြို့ကိုပြန်လာတာနဲ့တူတယ်။ နီရိုဟာ အင်မတန်အမြှောက်ကြိုက်ပြီး ပေါ်ပေယာကလည်း အင်မတန်မှ အမြှောက်ကျွမ်းကျင်တာကလား... ကဲပါလေ တို့သွားကြပါစို့.."

သူတို့သည် လမ်းကြားလေးထဲသို့ ဝင်ခဲ့ကြလေသည်။ ကျဉ်းမြောင်းသော လမ်းကြားကလေး၏ တစ်ဖက်တစ်ချက်တွင်ကား၊ လူတွေ ပွတ်သိပ်နေအောင် နေထိုင်ကြရသည့် မြင့်မားသော အဆောက်အအုံကြီးများက ရပ်တည်နေကြ၏။ လမ်းတစ်လျှောက်လုံးတွင်လည်း ဈေးဆိုင်တွေက ပြည့်ကျပ်နေသည်။

"ကျုပ်ဆာလှပြီဗျာ..."

လမ်းဘေးဈေးဆိုင်များမှ၊ အစားအသောက်နံ့တွေကို ရှူရှိုက်လိုက်ရသော ဖော်လ်ဂျန်က ပြောပြောဆိုဆို ရပ်လိုက်လေသည်။

"ဟာ ဒီဆိုင်တွေက အရက်မရှိတဲ့ ဓားပြတွေထိုင်တာ၊ တို့ အာခလိစ်ဖနောင့်ဆိုင်မှာ စားကြတာပေါ့"

"ခင်ဗျားပြောတဲ့ တည်းခိုအိမ်ဆိုတာလား"

"ဟုတ်တယ်လေ.. ခေါမလူမျိုးပိုင်တဲ့ ဆိုင်တစ်ဆိုင်ပဲ၊ မင်းဟာ ဒီဆိုင်ရှင်နဲ့ လက်ဆွဲနှုတ်ဆက်ပြီးတဲ့အခါကျရင်၊ မင်းလက်ချောင်းကလေးတွေကိုပြန်ရေကြည့်ဖို့ မမေ့နဲ့။ ဟားဟား.. သြော်..ငါမေ့သွားလို့ မင်းအတွက် စိုးရိမ်ဖို့မရှိပါဘူးလေ၊ မင်းဟာ ငါနဲ့လိုက်လာတာ မဟုတ်လား.."

လမ်းကလေးအတိုင်း တော်တော်ရှေ့ဆက်၍ လျှောက်မိကြသည့်အခါတွင် သူတို့သည် တံခါးဝတစ်ခုသို့ ရောက်လာကြရလေသည်။ တံခါးထိပ်တွင်ကား၊ ခေါမသူရဲကောင်းကြီး 'အာခလိစ်'၏ ရုပ်ပုံကို ခပ်ညံ့ညံ့ရေးခြယ်ထားသော ပန်းချီရုပ်ပုံတစ်ခုရှိပြီး အာခလိစ်၏ခြေဖနောင့်တွင်တော့၊ မြားတစ်ချောင်းက စိုက်ဝင်နေ၏။

'ဒီနေရာပဲပေါ့'ဟု အားရှူးတစ်ဖ်က ပြောလိုက်၏။

'အထဲမှာ မင်းဟာ စည်းစိမ်ခံစားပြီးပျော်နိုင်ပါစေကွာ...'

❄

## အခန်းနှစ်

( ၁ )

ဆိုင်ကလေး၏အတွင်းဘက်ကား၊ အပြင်ကနေ၍ ကြည့်ရသည်ထက် ပိုမိုကျယ်ဝန်းသော်လည်း အလင်းရောင်ကတော့ စိတ်ညစ်စရာ မှုန်ဝါးလှတော့သည်။ သံလွင်ဆီကို အသုံးပြု၍ ထွန်းညှိထားသော မီးတိုင်ကလေးများသည် အလင်းရောင်ထက် မီးခိုးမှိုင်းများကိုသာ ပိုမိုထုတ်လွှတ်နေကြ၏။ ဖော်လ်ဂျန်အဖို့ ဤဆိုင်လေးအတွင်းသို့ အားရှူးတစ်ဖ်အား အဖော်ပြု၍ ဝင်ရောက်လာမိသည်ကို ပြန်၍ဝမ်းသာမိရတော့သည်။ ဆိုင်ရှင်ခေါမလူမျိုးကား အင်မတန်မှ ဝဖြိုးလှစွာသော ဝက်ကြီးတစ်ကောင်လိုပင် ပါးစောင်သားကြီးများ ထွက်နေ၏။

"ဟေး..ခေါမကြီး"ဟု အားရှူးတစ်ဖ်က ၎င်းကို နှုတ်ဆက်လိုက်၏။ "ခင်ဗျားဆိုင်ကို ကျုပ်ရဲ့မိတ်ဆွေတစ်ယောက်ခေါ်လာပါတယ်။ နာမည်ကတော့..ဟာ...မင်းနာမည်ကို ငါမေ့သွားပြန်ပြီကွာ"

"ကျုပ်နာမည်က ဖော်လ်ဂျန်ပဲ၊ ပြီးတော့ ခင်ဗျားကို ကျုပ်နာမည်မှ ပြောမထားခဲ့တာ ခင်ဗျားက ဘယ်လိုမေ့နိုင်မှာလဲ.."

ခေါ်မကြီးသည် ဖော်လ်ဂျန်နှင့် လက်ဆွဲနှုတ်ဆက်ပြီးနောက် ကပျာကယာ လက်ကိုပြန်ရုပ်သိမ်းလိုက်၏။

"မင်းဟာ တော်တော်သန်ပါလား.."

"ဒီတောသားတွေဟာ ကိုယ်ခန္ဓာ သန်စွမ်းကြပါပေတယ်။ ဦးနှောက်က အားနည်းကြပေမယ့်... ဆီဇာဘုရင်ကတောင်မှ အရာရာတိုင်းကို ရနိုင်တာမှ မဟုတ်ဘဲလေ"ဟု အားရှုးတစ်ဖ်က ခပ်လှောင်လှောင် ဖြေလိုက်၏။

ဆိုင်ရှင်ခေါ်မကြီးက အားရပါးရ ရယ်ပြုံးလိုက်ရာ၊ ဖော်လ်ဂျန်သည် ဤလူကြီးနှင့်အားရှုးတစ်ဖ်တို့မှာ၊ လျှို့ဝှက်ထားသော နားလည်မှုတစ်ခု ရှိနေရှာသလားဟု သံသယရှိမိလာလေသည်။

"ခင်ဗျားတို့ဟာ ကျုပ်ဧည့်သည်တွေပါပဲ.."ဟု ခေါ်မကြီးက ဖော်လ်ဂျန်အားပြောလိုက်လေသည်။ "ကြိုက်ရာခုံတစ်ခုံမှာ သွားထိုင်ချေတော့"

"ကျေးဇူးပါပဲ.. ဒါနဲ့ လိုင်ဒီယာတစ်ယောက်ကော.."

အားရှုးတစ်ဖ်က တောက်ပြောင်လာသော မျက်လုံးများဖြင့် မေးလိုက်ရာ၊ ခေါ်မကြီးက သူ့ပခုံးကြီးများကို ကျုံ့တွဲပြီးပြန်ဖြေလိုက်၏။

"ဘယ်မှာပဲဖြစ်ဖြစ် ခင်ဗျားက ဘာဂရုစိုက်စရာရှိလို့လဲ.. သူကလေးအပေါ်မှာ ခင်ဗျားက မျက်လုံးကလွဲလို့ ဘာများအသုံးချလို့လဲ ကော်တရာကပ်စေးနဲ့ကြီးရဲ့"

အားရှုးတစ်ဖ်လည်း ရယ်လိုက်ပြီးနောက်၊ ဖော်လ်ဂျန်အား ဆိုင်၏အလယ်ကောင်ဆီသို့ ခေါ်ဆောင်သွားကာ၊ စားပွဲခုံတစ်ခုံတွင်ဝင်ထိုင်လိုက်ပြီး၊ စားပွဲပြင်ကိုလက်သီးနှင့်တဒုံးဒုံးထုလိုက်လေ၏။ ဤတွင် မီးဖိုချောင်ထဲက ကလေးမလေးတစ်ယောက်က ပျာယီးပျာယာ ပြေးထွက်လာသည်။ သူကလေးမှာ စုတ်ပြတ်နေသော အင်္ကျီရှည်ကြီး တစ်ထည်ကိုသာ ဝတ်ဆင်ထားကာ၊ အင်မတန်မှလည်း ပိန်သေးလှတော့သည်ကို ဖော်လ်ဂျန်က တွေ့ရလေသည်။ ကလေးမဟုသာ ဆိုရသော်



လည်း သူမ၏မျက်လုံးများမှာ သိမ်းငှက်ကဲ့သို့စူးရှပါးနပ်ကာ၊ ပါးစပ်လေးကတော့ မာကျောမှုနှင့် စိတ်နာကြည်းမှုတို့ကို သရုပ်ဆောင်နေ၏။ ဤကလေးမလေးအတွက် ဘဝသည် လျှို့ဝှက်မှုကြီးတစ်ခု ဟုတ်တော့ဟန်မတူချေ။ သူမမှာအသက် ၁၀ နှစ်ခန့်ရှိမည်ဟု ခန့်မှန်းရလေသည်။

အားရှုးတစ်ဖ်က သူမအား ဝိုင်အရက်ယူလာရန် မှာကြားလိုက်သဖြင့် ကလေးမက ပြန်ထွက်သွားသည့်အခါတွင် ဖော်လ်ဂျန်က... "လိုင်ဒီယာဆိုတာ သူပဲလား"ဟု မေးလိုက်၏။

"မဟုတ်ဘူး..."

ဖော်လ်ဂျန်သည် အခန်းဝနားက ထောင့်တစ်ထောင့်တွင် ရောမလူမျိုးများကိုးကွယ်ဆည်းကပ်သည့် နပီဘုရားရုပ်တုတစ်ခုကို မြင်လိုက်ရလေသည်။ တောသားဖော်လ်ဂျန်အတွက် မစားမသောက်မီ နတ်ဘုရားတို့အား ပူဇော်ပသရိုး ထုံးစံအကျင့်ကရှိနေရာ ပေါင်မုန့်စတစ်စကို ကောက်ယူလျက်၊ ထိုရုပ်တုအနားသို့ ချဉ်းကပ်ခဲ့လေသည်။ သို့ရာတွင် ထိုရုပ်ထုအား အနီးကပ်မြင်ရသည့် အခါတွင်ကား၊ ဤရုပ်တုမှာ ကိုးကွယ်ဆည်းကပ်ဖို့ ထုထားသည့် နတ်ဘုရားရုပ်တုတစ်ခု မဟုတ်မူဘဲ၊ ညစ်ညမ်းသော အရာဝတ္ထုတစ်ခုသာ ဖြစ်နေသည်ကို တွေ့ရလေတော့၏။ ဆိုင်ထဲမှလူတွေကား ဖော်လ်ဂျန်အား လှောင်ပြောင်ရယ်မောနေကြလေသည်။ တောနယ်တွင် ကိုးကွယ်ကိုင်းရှိုင်းအပ်သော အကြောင်းအရာတစ်ခုသည် ဤနေရာမှာတော့ ပြောင်လှောင်စရာတစ်ခုသာ ဖြစ်နေရပေပြီ။

ဖော်လ်ဂျန်သည်လည်း ပခုံးများကိုတွန့်လိုက်ကာ သူ့စားပွဲသို့ပြန်လာလေသည်။ ခုနက ကလေးမကလေးကလည်း ထိုစဉ်၌ စားပွဲသို့ပြန်လာကာ ဝိုင်အရက်ထည့်ထားသော ဝိုင်ခွက်ကြီးနှစ်ခုကို စားပွဲပေါ်သို့ တင်လိုက်လေ၏။

"ပိုက်ဆံ အခုပေး..."

"တို့လည်းမျိုးတွေ နည်းနည်းလောက် စိုစွတ်ရတဲ့အထိတော့စောင့်ပါဦးလားဟယ်"

အားရှူးတစ်ဖ်သည် ဝိုင်အရက်ဖိုး ဘယ်သူက ပေးရမည်ကို မျောက်ပန်းလှန်၍ ဆုံးဖြတ်ဖို့ ဖော်လ်ဂျန်အား ပြောလိုက်လေသည်။ ဖော်လ်ဂျန်က မိမိ၏ပိုက်ဆံတစ်ပြားနှင့် မျောက်ပန်းလှန်၍ဆုံးဖြတ်ရာ အနိုင်ရလိုက်လေသည်။ အားရှူးတစ်ဖ်သည် ဖော်လ်ဂျန်၏ ပိုက်ဆံပြားကို သေသေချာချာ စစ်ဆေးကြည့်ပြီးနောက်မှ၊ စောင့်နေသောကလေးမလေးအား အရက်ဖိုးထုတ်ပေးလိုက်လေသည်။ ကလေးမလေးက ဖော်လ်ဂျန်ကို မျက်နှာချိုသွေး၍ ပိုက်ဆံတောင်းသေးသော်လည်း၊ ဖော်လ်ဂျန်က ငြင်းပယ်လိုက်လေ၏။

ဝိုင်အရက်အနည်းငယ်ဝင်လာသည့်အခါတွင် ဖော်လ်ဂျန်မှာ မိမိ၏ဖြစ်အင်၌ စိတ်ပျက်အားငယ်နေမိခြင်းကို၊ အားတက်စရာတွေ တွေးလျက် ကိုယ့်ကိုယ်ကိုယ် ပြန်လည်နှစ်သိမ့်လာနိုင်ခဲ့ပြန်၏။ သူ့နွားကိုးကောင်ကို မနက်ဖြန်ကျတော့ ဈေးကြီးထဲတွင် ပြန်လည်တွေ့နိုင်စရာအကြောင်းက ရှိနေရာ ယင်းသို့ပြန်တွေ့ရပါလျှင် မိမိ၏အရှင် လယ်ပိုင်ကြီး ခရီးဘား၏ အမှတ်တံဆိပ်များက ရှိနေသည်ဖြစ်ရကား ပြန်လည်သိမ်းပိုက်လိုက်နိုင်မည်ဖြစ်လေ၏။

သို့ရာတွင် အားရှူးတစ်ဖ်က ဖော်လ်ဂျန်၏ အားရစရာအတွေးကို ပြန်လည်ဖျက်ဆီးပစ်ခဲ့လေသည်။

"မင်းရဲ့နွားတွေကိုပြန်ရဖို့တော့ စိတ်ကူးမနေနဲ့တော့ငါ့လူ။ အခုဆိုရင် တောင်ကုန်းတွေပေါ်မှာ သူခိုးတွေက မင်းနွားတွေကို သတ်ပြီးရောပေါ့ကွာ။ အရေခွံခွာထားတဲ့အသားတွေကိုသာ သူတို့ကမြို့ထဲကို ယူလာပြီး ရောင်းကြမှာကွ"

ဖော်လ်ဂျန်ခမျာမှာတော့ ပြန်လည်၍မှိုင်တွေချနေမိတော့၏။ စိတ်ညစ်ညစ်ရှိတိုင်း ဆာလောင်မွတ်သိပ်နေသော ဝမ်းဗိုက်ကို ဖြည့်ခြင်းဖြင့်သာ၊ သူက သက်သာရာရမှုကို ရှာဖွေရတော့သည်။ သူသည်



စားပွဲထိုးကလေး မင်ကရဲလာကို ခေါ်လိုက်ပြန်လျက် စားဖွယ်သောက်ဖွယ်များကို မှာကြားလိုက်ပြန်လေ၏။

ဖော်လ်ဂျန်သည် စိတ်ပျက်ပျက်နှင့် အစားအစာကိုသာ ကုန်းလွေးနေစဉ်၊ ဆိုင်ရှင်ခေါ်မကြီးက မင်ကရဲလာကို အော်ဟစ်၍အမိန့်ပေးလိုက်ရာ၊ ကလေးမသည် ဆိုင်ခန်းထဲမှ မီးခွက်တွေကို ထပ်၍ထွန်းညှိလိုက်ပြီး၊ စားသောက်နေကြသူများမှာလည်း လှုပ်လှုပ်ရှရှဖြစ်လာကြလေ၏။ လူတိုင်းကပင် ဆိုင်နောက်ဘက်ရှိ ကန့်လန့်ကာ ကာထားသော တံခါးပေါက်ဆီသို့သာ လှမ်းကြည့်နေကြရာက၊ တစ်ယောက်ကိုတစ်ယောက် စိတ်အားထက်သန်စွာနှင့် လှမ်းပြောနေကြလေတော့သည်။

"လိုင်ဒီယာလာပြီဟေ့... လိုင်ဒီယာလာပြီ.."

( ၂ )

သူမသည် ကန့်လန့်ကာနောက်မှ ခြေသံမကြားရဘဲ ညင်သာညက်ညောစွာ ကိုယ်ကလေးကို ယိမ်းနွဲ့ကရင်းက ထွက်လာလေသည်။ ပြီးလျှင် ကိုယ်ကလေးကို ပတ်ချာလှည့်လျက် ရှေ့သို့တိုးလာရာ သူမ၏ လက်ပြတ်ဂါဝန်အင်္ကျီရှည်ကြီးမှာ ဘေးသို့ဖွာတက်ပင့်ကြွ၍ လာပြီး ဂါဝန်အောက်၌ ဘာမှဝတ်ထားခြင်းမရှိသည်ကို လူတိုင်းက ထင်ရှားစွာတွေ့လိုက်ရလေ၏။

ကချေသည်မ လိုင်ဒီယာသည် ဆိုင်ခန်းတစ်လျှောက်တွင် သူမ၏ လက်ချောင်းလေးများဖြင့်ကိုင်ထားသော သစ်သားစည်းချပ်ကလေးများကို တချောက်ချောက်ရိုက်ခတ်စည်းလိုက်ရင်းကပင် သွက်လက်ပေါ့ပါးသည်နှင့်အမျှ ကြည့်လို့ကောင်းလှစွာ ကပြအသုံးတော်ခံနေသည့်အတွင်း၀ယ် ပရိသတ်ကတော့ စားပွဲကို တဒုံးဒုံး လက်နှင့်ထုလျက် သဘောကျလှစွာ ဩဘာပေးနေကြလေသည်။ သို့တစေ လိုင်

ဒီယာသည် လူတွေအား ဘယ်လိုမှ ဂရုမစိုက်ဘဲ သူမ၏အချိုးအဆက်ကျ၍ ပြေပြစ်လှသော ကိုယ်လုံးကလေး၏အလှကို ထင်ရှား စွဲမက်စရာကောင်းလှအောင် အမျိုးမျိုး လှုပ်ရှား၍သာနေလေ၏။

သူမမှာ အသက်အရွယ်နုပျိုပြီး၊ ကိုယ်လုံးကလေးက ကျစ်လျစ်တောင့်တင်းသည်နှင့်အမျှ စွဲမက်စရာကောင်းလှအောင် ညီညာပြေပြစ်လှသည်ကို ဖော်လ်ဂျန်က သတိပြုမိလေသည်။ သို့ရာတွင် သူမ၏ကိုယ်ဟန်အမူအရာတွေက မည်မျှပင်ထကြွလှုပ်ရှားလျက် ယောကျ်ားတွေ၏စိတ်ရမ္မက်များကို နှိုးဆွစေကာမူ မျက်လုံးတွေမှာတော့ အသက်ကင်းမဲ့ပြီး ကြောင်တောင်တောင်သာ ဖြစ်နေကြလေ၏။

ဆိုင်ထဲကလူတွေကား ဤကချေသည်မ၏ တွန့်လိမ်ကော့ယမ်းနေသော ကိုယ်ခန္ဓာ၏ နှိုးဆွမှုကိုခံစားလာကြရဟန်နှင့် အငြိမ်မနေနိုင်ကြဘဲ တလှုပ်လှုပ်တရွရွသာ ဖြစ်လာနေကြလေချေပြီ။ အားရှူးတစ်ဖ်ကလည်း ဖော်လ်ဂျန်၏နားဝသို့ ၎င်း၏ပါးစပ်ကြီးတေ့ကပ်ကာ တီးတိုးပြောလိုက်လေ၏။

"နောက် ဒီထက်ကောင်းတဲ့အကတွေ လာလိမ့်ဦးမယ်ကွယ့်။ ကဲ ငါ့နေရာမှာ လာထိုင်စမ်း။ ဒါမှ မင်းဇက်မတောင့်ဘဲ ကောင်းကောင်းမြင်နိုင်မှာ.."

ဖော်လ်ဂျန်ကလည်း အမှုမဲ့အမှတ်မဲ့နှင့်ပင် နေရာချင်းလဲလိုက်ကာ အားရှူးတစ်ဖ်နှင့် ဆိုင်ရှင်ခေါ်မကြီးတို့က တစ်ယောက်ကိုတစ်ယောက် ကျေနပ်စွာလှမ်းကြည့်လိုက်ပြီး၊ ခေါင်းညိတ်ပြလိုက်သည်ကိုလည်း သူက သတိမပြုမိလိုက်ဘဲ၊ ယခင်ကထက် ပိုမို၍သာ လှပတောင့်တင်းသောကိုယ်ကလေးကို ကော့ယမ်းဆေ့ဝိုက် ယိမ်းထိုးလှုပ်ရှား၍ ကနေသည့် လိုင်ဒီယာဆိုသော ကချေသည်ကလေးမလေးကိုသာ ငေးစိုက်ကြည့်နေလိုက်မိလေ၏။

လိုင်ဒီယာသည် မီးကုန်ယမ်းကုန်ကနေရာမှ ရုတ်တရက်ပင့်သက်ရှိုက်လိုက်ကာ ကိုယ်ခန္ဓာလေး ဒယိမ်းဒယိုင်ဖြစ်သွားပြီး အကကိုရပ်



ပစ်လိုက်လေသည်။ ပြီးလျှင် အင်အားကုန်ခန်းသွားသောမျက်နှာလေးနှင့် သူမ၏အခန်းဆီသို့ ကိုယ်ကလေးယိမ်းထိုးလျက် အကန်းတစ်ယောက်လိုပင် လျှောက်သွားလေတော့၏။

"ဘယ့်နှယ့်လဲ ကြည့်လို့ကောင်းရဲ့လား" ဟု အားရှူးတစ်ဖ်က စပ်ဖြဲဖြဲနှင့် ဖော်လ်ဂျန်အား မေးလိုက်လေသည်။

"ကောင်းတယ်.. ဒါနဲ့ သူ့ကိုရနိုင်တယ်ပေါ့"

"ဒါပေါ့ကွယ်။ ဟိုမှာ လူတွေတန်းစီနေပြီ၊ တစ်ယောက်တစ်လှည့်သွားဖို့စောင့်နေကြတာကို ကြည့်ပါလား"

ဆိုင်ထဲမှလူ လေးငါးဆယ်ယောက်ခန့်သည် ဆိုင်ရှင်ခေါ်မကြီးထံသို့ ကချေသည်မလေး လိုင်ဒီယာနှင့် တစ်လှည့်စီပျော်ပါးရန် ပိုက်ဆံသွားပေးနေကြသည်ကို ဖော်လ်ဂျန်တွေ့ရလေ၏။

"ဘယ်လောက်ပေးရသတုန်းဗျ"

"မင်းမှာရှိတာထက် ပိုပေးရတယ် ငါ့လူ။ ပြီးတော့လည်း ပိုက်ဆံဖြုန်းရကျိုးတာပါပဲ။ လိုင်ဒီယာက မီးကုန်ယမ်းကုန်ကထားတော့၊ ငုက်ပျောတုံးကြီးလိုသာ ဖြစ်နေမှာပဲ.."

ထိုစဉ်၌ ဆိုင်ရှင်ခေါ်မကြီးသည် ရုတ်တရက် အော်ဟစ်လိုက်ကာ ဖော်လ်ဂျန်က လူတစ်ယောက်အား လိုက်လံရိုက်နှက်၍ ဆိုင်ထဲမှမောင်းနှင်ထုတ်လိုက်သည်ကို လူတွေကကြည့်၍ တဝါးဝါး ပွဲကျနေလေ၏။ ထိုစဉ်တွင် အားရှူးတစ်ဖ်က ဖော်လ်ဂျန်အား ရှင်းလင်းပြလိုက်လေသည်။

"ဟိုလူက ခေါ်မကြီးကို ပိုက်ဆံမပေးဘဲ လိုင်ဒီယာ့ဆီ အချောင်ဝင် ပျော်ပါးမလို့လေ။ ဒါပေမဲ့ခေါ်မကြီးက ထိုင်းသလိုလိုနဲ့ သိပ်ပါးတဲ့လူတစ်ယောက်ပဲ၊ ဘယ်ရမလဲ..."

ထိုစဉ်၌ စားပွဲထိုးကလေးမလေးက သူတို့အနီးသို့ ရောက်လာပြန်ကာ လိုင်ဒီယာနှင့်ပျော်ပါးဖို့ တန်းစီစောင့်နေကြသည့် လူတွေထံသို့ နှုတ်ခမ်းလေးမဲ့လျက် မေးငေါ့ပြလိုက်လေသည်။

"ကျွန်မကိုတော့ သူတို့က ဂရုမစိုက်ကြဘူးရှင့်.."

"ဟာ..နင်က ကလေးပဲ ရှိသေးတာပဲ.."ဟု အားရှုးတစ်ဖ်က ကလေးမလေးအား ပြန်ပြောလိုက်လေသည်။ "နောက်သုံးနှစ်လောက် ဆိုရင် ဟုတ်သေးရဲ့.."

"ကျွန်မဟာ ကလေးမဟုတ်ပါဘူးတော်... မိန်းမဖြစ်ခါနီးနေပါပြီ.."

အားရှုးတစ်ဖ်ကတော့ သဘောကျစွာသာ ရယ်မောနေတော့ရာ မင်ကရဲလာသည့် စိတ်ကလေးဆိုးလာချေတော့သည်။

"ကြည့်နေပေါ့။ နောက် ၃ နှစ်လောက်ဆိုရင် ယောကျ်ားတွေက ကျွန်မနောက်ကို တမ်းတမ်းစွဲ လိုက်နေပြီ၊ ရှင့်လို လူဆိုးမျိုးကတော့ ကျွန်မနဲ့ ပျော်ပါးနိုင်ဖို့ ငွေအလုံအလောက်ရှိမှာ မဟုတ်ဘူး၊ သိလား"

အားရှုးတစ်ဖ်လည်း ကလေးမကလေးကို ထ၍ ခြေနှင့်ကန်ကျောက်ပစ်လိုက်ရာ၊ သူမသည် စားပွဲတွေကြားထဲသို့ လွင့်စဉ်သွားရှာလေ၏။

"သူ့အမေနဲ့ပျော်ပါးရဖို့ ပိုက်ဆံဘယ်လောက်ပေးရမှာလဲဗျ"

ဖော်လ်ဂျန်က အာရှုးတစ်ဖ်ကို ထပ်၍မေးပြန်၏။

"ဒီမိန်းမကို မင်းခေါင်းထဲက ဖျောက်ပစ်လိုက်စမ်းပါလေ၊ နောက်တစ်နေ့ညနေမှာလည်း ဒီမိန်းမက ဒီမှာပဲရှိနေမှာပဲဥစ္စာ။ ကဲ တို့ဟာ ဒီထက်အရေးကြီးတဲ့ စကားတွေကို ပြောကြပါစို့ကွယ်"

ဖော်လ်ဂျန်သည် ဆီးရီးယားပြည်သား လူလည်က မိမိအား ယခုလို ခင်မင်ရင်းနှီးစွာဆက်ဆံနေခြင်း၏အကြောင်းရင်းကို သိရတော့မည်ဟု ၎င်းကို စိုက်ကြည့်နေလိုက်လေ၏။



## ( ၃ )

"ကဲ၊ မင်းကိစ္စကို ဘယ်လိုစီမံရမလဲ..."အားရှုးတစ်ဖ်သည် ပြောနေရသော ပြဿနာမှာ ဖော်လ်ဂျန်အတွက်မဟုတ်ဘဲ မိမိအတွက် ဖြစ်သည့်အလား သက်မကြီးတစ်ချက်ချလျက် ပြောနေလေသည်။ "မင်းဟာ မင်းနွားတွေပြန်မရဘဲ မင်းအရပ်ကို ပြန်နိုင်မှာမဟုတ်ဘူး။ မင်းနွားတွေကိုပြန်ရဖို့ဆိုတာကလည်း ဘယ်လိုမှမျှော်လင့်ချက်ရှိမှာ မဟုတ်ဘူး"

ဤသို့ အစချီရာက အားရှုးတစ်ဖ်သည် ဖော်လ်ဂျန်အား လယ်ပိုင်ရှင်ထံ ပြန်မသွားဘဲ ရောမမြို့တော်အတွင်း၌သာ နေထိုင်လုပ်ကိုင်သွားဖို့ ဆွယ်တရားဟောနေလေတော့သည်။ ဖော်လ်ဂျန်က ရောမမြို့တော်အတွင်းဝယ် အစာမငတ်ရဘဲ နေထိုင်စားသောက်သွားနိုင်အောင် မိမိကအလုပ်ရှာပေးမည်ဖြစ်ကြောင်း အားရှုးတစ်ဖ်က စကားခေါ်လာ၏။ မိမိသည် ဖော်လ်ဂျန်နှင့် သင့်တော်သော အလုပ်အကိုင်တစ်ခုကို တွေ့ထားကြောင်း ဆက်ပြန်ကာ၊ ၎င်းအလုပ်မှာ ဤဆိုင်နှင့်မနီးမဝေးတွင် ရှိသော 'ဆင်နစ္စတာ' ဆိုသူ၏ ပြောင်းမှုန့်ကြိတ်စက်တွင် ကူညီလုပ်ကိုင်ပေးရန်ပင်ဖြစ်သည်ကို ဖော်လ်ဂျန်က သိလာရလေ၏။

"ဒီနာမည်ကိုမင်းကြားဖူးသလား..."

"ဟင့်အင်း။ ကျုပ် မှတ်မိသလောက်တော့ မကြားဖူးပါဘူး..." ဟု ဖော်လ်ဂျန်က အားရှုးတစ်ဖ်အား ပြန်ဖြေလိုက်လျှင် ၎င်းက စကားဆက်ပြန်လေသည်။

"အရေးမကြီးပါဘူးလေ... ဆင်နစ္စတာက အဲဒီပြောင်းမှုန့်ကြိတ်စက်ပိုင်ရှင်ပဲကွယ့်။ သူ့ဆီကို ရပ်ရွာအရာရှိတွေ၊ ထောက်ပံ့ရေးပြောင်းဆန်တွေဆီက ထုတ်လာကြတဲ့လူတွေက လာပြီးအမှုန့်ကြိတ်ခိုင်းကြတယ်။ ဒါပေမဲ့ နောက်ကျတော့ ဒီလူတွေဟာ ဆင်နစ္စတာဆီကပြောင်းမှုန့်ကို ပြန်မယူကြတော့ဘဲ သူတို့ရဲ့ပြောင်းဆန်တွေကိုသာ ရနိုင်သလောက်နဲ့ တစ်ခါတည်း အပြီးအပိုင်ရောင်းခဲ့ကြတော့တယ်ကွယ့်။

ဒါကြောင့် ဆင်နစ္စတာရဲ့စက်မှာ အမှုန့်ကြိတ်ပေးဖို့ ပြောင်းဆန်တွေက အများကြီး ရှိနေပြီး ကြိတ်ပေးမယ့်လူက နည်းနေရတော့တယ်လေ။ ဒီတော့ မင်းက သွားပြီး ကူညီလုပ်ကိုင်ပေးမယ်ဆိုရင်၊ ဆင်နစ္စတာက ဝမ်းသာအားရမှာပါပဲ..."

"ပြောင်းဆန်ကို ဘယ်လိုအမှုန့်ကြိတ်ရတာလဲ"

"ဒီလိုလေ... ကျောက်တုံးကြီးနှစ်ခုဟာ တစ်ခုပေါ်တစ်ခု ဆင့်လျက်သား လည်နေကြတာပေါ့ကွယ်။ အဲဒီကျောက်တုံးကြီးနှစ်ခု လည်အောင်လို့ ဆင်နစ္စတာရဲ့ အကူအညီလူက မောင်းတံကြီးကို တွန်းလှည့်ပေးရတာပဲ..."

"ဟာ ဒါက မြည်းအလုပ်ပဲ။ ကျုပ်တို့တောမှာဆိုရင် ဒီအလုပ်ကို မြည်းတွေကိုပဲခိုင်းခဲ့တဲ့ ဥစ္စာ..."

"အေး... ဒီမှာလည်း ဒီလိုပါပဲကွ.."

"ဟင်ဘာပြောတယ်..."

"မင်းဟာ တော်တော် ထွားကျိုင်းသန်မာတဲ့ကောင်တစ်ကောင်ပဲ၊ ဒီတော့ ပြောင်းကြိတ်ကျောက်တုံးကြီးကို လှည့်ပေးရတဲ့အလုပ်ဟာ မင်းနဲ့သင့်တော်နေတယ်လို့ ငါကဆိုလိုတာပါ..."

ဖော်လ်ဂျန်က ဆီးရီးယားပြည်သား လူလည်ကြီးကို တဖြည်းဖြည်း သက်ာမကင်းဖြစ်လာသောစိတ်ဖြင့် အရိပ်အကဲ ကြည့်နေလိုက်မိလေသည်။ ဆီးရီးယားပြည်သားကြီးကလည်း သူ့အား ခပ်ပြုံးပြုံးပြန်ကြည့်နေရာက ဖော်လ်ဂျန်ထိုင်နေသောနေရာမှ ကြမ်းပြင်သည် ရုတ်တရက်ပြိုကျသွားသည်ဟု ထင်မှတ်လိုက်ရကာ၊ လူကိုယ်တိုင်မှာလည်း ကြမ်းပြင်အောက်သို့တစ်ခါတည်းထိုးကျပျောက်ကွယ်သွားလေတော့၏။

( ၄ )

ဖော်လ်ဂျန်သည် ဒုတ်ခနဲနေအောင် မြေကြီးပေါ်သို့ ကျလာပြီးနောက် ချက်ချင်းပင် ပြန်လည်ခုန်ထလာလေသည်။ သို့ရာတွင် သူ့



ခေါင်းပေါ်သို့ ရောက်နေသော ကြမ်းပြင်မှအပေါက်ကြီးကလည်း ချက်ချင်းပင် ဂျိုင်းခနဲ ပြန်ပိတ်သွားရာ မှောင်မိုက်၍ကျန်ရစ်ခဲ့ရလေတော့သည်။

ဆီးရီးယားပြည်သား အားရှူးတစ်ဖ်သည် မိမိပေါ် လူလည်လုပ်၍ ချောက်ချခဲ့ပြီဖြစ်ကြောင်းကို ယခုမှပင် ဖော်လ်ဂျန်ကလည်း နားလည်လာမိလေ၏။ ၎င်းက မိမိအား ကြမ်းပြင်အံဖုံးတံခါးပေါ်သို့ ပို့ဆောင်လိုက်ခြင်းသာဖြစ်ပြီး၊ ယခု ၎င်းကအချက်ပြလိုက်သည့်အခါတွင် ၎င်း၏ကြံရာပါက အခြားတစ်နေရာမှ အံဖုံးတံခါးကိုဖွင့်ချလိုက်ခြင်း ဖြစ်ရမည်ဟု သူ သဘောပေါက်လာမိလေသည်။

ဖော်ဂျန်က ကြမ်းပြင်ဆီသို့ လက်လှမ်းကြည့်သော်လည်း မမီနိုင်သည်ကို တွေ့ရလေသည်။ ခုန်လိုက်သည့်အခါတွင်မှ လက်ဖျားနှင့်ထိရုံသာ ထိနိုင်၏။ သို့အညီ ဖော်လ်ဂျန်သည် သူ ရောက်နေရသော မြေအောက်ခန်းထဲတွင် စမ်းတဝါးဝါးနှင့် အခြားထွက်ပေါက်ကို ရှာဖွေရလေသည်။ ဤတွင် တစ်နေရာ၌ မြေကြီးကိုဖောက်ထွင်းထားသော စင်္ကြံအဝတစ်ခုဆီသို့ သူက ကျရောက်သွားရလေ၏။

စင်္ကြံလေးအဆုံးတွင်ကား အလင်းရောင်လှဲ့လှဲ့ကလေးကို တွေ့ရ၏။ ဖော်လ်ဂျန်သည် ဤစင်္ကြံကလေးအတွင်းသို့ဝင်လာခဲ့ရာ စင်္ကြံအဆုံးတွင်တံခါးကြီးတစ်ခုရှိနေပြီး နံရံ၌မီးတုတ်တစ်ခု ချိတ်ထားလျက် မီးတုတ်အောက်တွင် ထွားကျိုင်းသန်မာလှသော လူကြီးတစ်ယောက်က ရပ်နေ၏။ ထိုလူကြီး၏ အပါးမှာတော့ ကျွန်တွေနှင့်တူကြသော လူနှစ်ယောက်က ရှိနေကြပြန်ကာ၊ ကိုယ်စီတွင် တုတ်ကြီးတစ်ချောင်းစီ ဆွဲကိုင်ထားကြလေသည်။

လူသုံးယောက်သည် ဖော်လ်ဂျန်က သူတို့ဆီသို့ မမြင်မကန်း စမ်းတဝါးဝါးလျှောက်လာနေသံကို ကြားရသည်၌ လူထွားကြီးက အေးအေးဆေးဆေးပင် ပိတ်ထားသောတံခါးကြီးကို ဖွင့်လိုက်လေ

သည်။ ဤလူကြီးကား မိမိ၏ ပြောင်းကြိတ်စက်အတွက် အလုပ်သမားသစ်များကို ဤနည်းဖြင့် ညစဉ်တိုင်း ရရှိနေဟန်တူပေသည်။

ကျွန်နှစ်ယောက်ကလည်း ၎င်းတို့၏လက်ထဲမှ တုတ်ကြီးများကို အဆင်သင့် ပြင်ဆင်ထားနေလိုက်ကြလေသည်။ သို့ရာတွင် ဖော်လ်ဂျန်က ၎င်းတို့အား လှမ်းအော်လိုက်လေသည်။

"ကျုပ်တို့တစ်တွေ ငြိမ်းငြိမ်းချမ်းချမ်းပဲရှိကြပါစေဗျို့၊ ကျုပ်ကအားမတန်ရင် မာန်လျှော့တတ်ပါတယ်..."

"အင်း ဒီကောင်က ဉာဏ်ရှိသားပဲ..."

လူထွားကြီးက တံခါးကြီးကို ဆွဲဖွင့်လိုက်ရာက ရေရွတ်လိုက်လေသည်။ ကျွန်နှစ်ယောက်ကလည်း ၎င်းတို့၏တုတ်ကြီးများကို ပစ်ချလိုက်ကာ၊ ဖော်လ်ဂျန်အား လက်တစ်ဖက်စီ ချုပ်ကိုင်ထားလိုက်ကြလေသည်။ ပြီးလျှင်၎င်းတို့က ဖော်လ်ဂျန်အား စကြံ့ထဲမှ ခေါ်ထုတ်သွားကြရာ ဖော်လ်ဂျန်ကလည်း အေးအေးသက်သာပင် လိုက်ပါသွားလေသည်။ စက်ပိုင်ရှင်လူထွားကြီး ဆင်နစ္စတာက ဖော်လ်ဂျန်အား အကဲခတ်ကြည့်လိုက်ကာ ထွားထွားကျိုင်းကျိုင်းသန်သန်မာမာ ဖြစ်နေသည်ကို တွေ့ရလျှင် ကျေနပ်အားရသွားပုံရလေ၏။

ဆင်နစ္စတာသည် နံရံမှမီးတုတ်ကြီးကို ဖြုတ်ယူလိုက်ကာ၊ ရှေ့ကနေ၍ သူ၏ပြောင်းကြိတ်စက်ရုံဆီသို့ လျှောက်သွားလေတော့ရာ ကျွန်နှစ်ယောက်နှင့် ဖော်လ်ဂျန်တို့က နောက်ကလိုက်ခဲ့ကြရလေသည်။ ရုတ်တရက်ဆိုသလို ဖော်လ်ဂျန်သည် သူ့အားချုပ်ကိုင်ထားကြသော ကျွန်နှစ်ယောက်အား ဘေးသို့လွင့်ထွက်သွားအောင် ခါထုတ်ပစ်လိုက်ကာ၊ ရှေ့က ဆင်နစ္စတာဆီသို့ခုန်အုပ်လိုက်ပြီး၊ ကျောပြင်ကြီးအား လက်သီးနှင့် တအားကုန် ထိုးချလိုက်လေသည်။ ဆင်နစ္စတာသည် လက်ထဲမှ မီးတုတ်ကြီး လွတ်ကျသွားကာ၊ ရှေ့သို့ ဟပ်ထိုးကြီး လဲကျသွားသော်လည်း၊ ချက်ချင်းပင် ခုန်ထလျက် ဖော်လ်ဂျန်အား ပြန်သတ်



လေတော့သည်။ ကျွန်နှစ်ယောက်ကလည်း၊ ၎င်းတို့၏သခင်ဘက်မှ ဝင်ရောက်ကူညီကြသော်လည်း လူပိန်ကလေးတွေဖြစ်ကြရကား ဖော်လ်ဂျန်က ၎င်းတို့အား ဘယ်လိုမှမမှုတော့ပေ။

ကျွန်တစ်ယောက်သည် ဖော်လ်ဂျန်၏လက်ချက် မိသွားပြီး နာကျင်စွာအော်ဟစ်လိုက်ရာ ဆင်နစ္စတာက ၎င်းအား လှမ်းကြိမ်းလိုက်လေသည်။

"ဟေ့ကောင်..တိတ်တိတ်နေစမ်း လူတွေကြားသွားလိမ့်မယ်၊ မင်းတို့ နောက်ဆုတ်နေကြ။ ဆင်နစ္စတာကို ဒီကောင်က လာစမ်းတာ၊ အကြောင်းသိသွားရမှာပေါ့"

ဖော်လ်ဂျန်ကတော့ စကားတစ်ခွန်းမှမပြောဘဲ ဆင်နစ္စတာကိုသာ ပြင်းထန်လျင်မြန်သော လက်သီးချက်များနှင့် ဖိထိုးနေ၏။ ဆင်နစ္စတာကလည်း သူ့ခံရသလောက်ပင် ပြန်လည်ထိုးကြိတ်နိုင်လေသည်။ သူတို့နှစ်ယောက်စလုံးမှာ အင်မတန်ဘက်ညီနေကြရလေ၏။

"ကတ္တရာစေးပုံးတွေလာကြပြီ ဆင်နစ္စတာ၊ ကတ္တရာစေးပုံးတွေလာကြပြီ..."

ကတ္တရာစေးပုံးတွေကား ရဲသားတွေကို ဆိုလိုခြင်းပင် ဖြစ်လေ၏။ ရောမမြို့ကြီးအတွင်းဝယ်၊ ညဘက်၌ စည်းကမ်းသေဝပ်မှု စောင့်ကြပ်ပေးရဖို့ တာဝန်ရှိနေသော ရဲသားများမှာ၊ မီးဘေးကိုလည်းကာကွယ်ပေးရသည်ဖြစ်လေရကား ကတ္တရာစေးသုတ်ပုံးများကို သွားလေရာသို့ ယူဆောင်ကြရလေသည်။ သို့အညီ လူတွေက ၎င်းတို့အား ကတ္တရာစေးပုံးတွေဟု နာမည်ပေးထားခြင်း ဖြစ်လေ၏။

ဤရဲသားများက ဖော်လ်ဂျန်နှင့်ဆင်နစ္စတာတို့ သတ်ပုတ်ထိုးကြိတ်နေကြရာကို အပြေးအလွှားရောက်ရှိလာကြကာ၊ ရောမမြို့၏ အေးချမ်းမှုကို အဘယ်ကြောင့်ဖောက်ဖျက်နေရသလဲဟု မေးမြန်းစစ်ဆေးနေကြလေ၏။

"ငါဟာ ဆင်နစ္စတာပဲ"ဟုပြောင်းကြိတ်စက်ပိုင်ရှင်က ခပ်မာမာပင် ပြန်ဖြေလိုက်၏။ "သူခိုးကငါ့ပြောင်းဆန်ဂိုဒေါင်ထဲ ဝင်ဖောက်ပြီး၊ ပြောင်းဆန်ခိုးနေတာကို လက်ပူးလက်ကြပ်ဖမ်းမိတာပဲ..."

"သူ ညာပြောတာပါ..." ဟုဖော်လ်ဂျန်ကလည်း ပြန်အော်လိုက်လေသည်။

"သူ့စက်ထဲမှာ ကျုပ်ကိုအတင်းအကျပ် အလုပ်လုပ်ခိုင်းဖို့ ထောင်ဖမ်းကြတာပါ..."

"တိတ်ကြစမ်း"ဟု ရဲကြပ်နှင့်တူသောလူက ပြန်အော်လိုက်လေသည်။

"ဒီကိစ္စကို တရားသူကြီးက စီရင်ဆုံးဖြတ်လိမ့်မယ်။ မင်းတို့နှစ်ယောက်လုံး လိုက်ခဲ့ကြပေတော့..."

( ၅ )

ထိုကဲ့သို့သော ခိုက်ရန်ဖြစ်ပွားမှုများကို စစ်ဆေးစီရင်ရန် ဖွင့်လှစ်ထားသော ထိုရပ်ကွက်ရှိ ညရုံးသို့ သူတို့သုံးယောက် သွားကြရလေသည်။ ရဲသားများက သူတို့စစ်ဆေးသိရှိခဲ့ရသမျှကို တိုတိုတုတ်တုတ်အစီရင်ခံကြကာ ဆင်နစ္စတာကတော့ ဒေါသတကြီးနှင့် စွဲချက်များတင်နေ၏။ တရားသူကြီးက ဖော်လ်ဂျန်အား မေးခွန်းထုတ်ပြီးနောက်ဖော်လ်ဂျန်၏လက်သီးချက်ဖြင့် တစ်ဖက်နိမ့်ကျနေကာ မလှပ်မယှက်ဖြစ်နေသော ဆင်နစ္စတာ၏ပခုံးကို ဂရုတစိုက်ကြည့်နေ၏။

"အကျဉ်းသားက မောင်မင်းရဲ့ပခုံးရိုးကို ချိုးပစ်လိုက်တယ်ဟုတ်စ..."ဟုလည်း ဆင်နစ္စတာအား စဉ်းစားသော အမူအရာနှင့် မေးလိုက်ပြန်၏။

"မှန်ပါတယ်။ ဒါကြောင့် သူ့ကို အပြစ်ဒဏ်ပြီးဆုံးတဲ့အထိ ကျွန်တော်မျိုးလက်အောက်မှာထားပြီး အလုပ်လုပ်ပေးစေဖို့ကို လျှောက်ထားပါတယ်ဘုရား.."



တရားသူကြီးလည်း ဆိတ်ဆိတ်နေရန် ဆင်နစ္စတာအား လက်ရိပ်ပြလိုက်ပြီးနောက်၊ ဖော်လ်ဂျန်၏ထွားကျိုင်းသန်မာသော ကာယဗလကို သဘောကျဟန်နှင့် ကြည့်ရှုနေပြန်၏။ အရပ်မြင့် ကြီးထွားကာကြွက်သားများဖုထစ် ဖောင်းကြွနေသော လက်မောင်းအိုးကြီးများ၊ ကျောက်တိုင်များလိုပင် တုတ်ခိုင်ဖြောင့်စင်းသော ခြေတံများနှင့် ကားတက်ဆူကြွနေသော ရင်အုပ်ကြီးများရှိရုံသာမက အသိဉာဏ်နှင့်ပြည့်စုံနေပုံရသည့် မျက်နှာပေါက်ရှိနေသည်ကို တရားသူကြီးက အကဲခတ်လိုက်မိ၏။ ဤလူငယ်ကား ခေါမလူစွမ်းကောင်းကြီး ဟာကျူးလိစ်လိုပင် သန်မာထွားကျိုင်းသည်နှင့်အမျှ ချောမောခန့်ညားသည့် ရုပ်အင်္ဂါရပ်များနှင့်လည်း ပြည့်စုံနေပေသည်ဟု တရားသူကြီးက ဆုံးဖြတ်လိုက်မိလေသည်။

"ဆင်နစ္စတာ.. မောင်မင်းရဲ့ လျှောက်တင်ထားချက်ကို ငါခွင့်မပြုဘူး။ မင်းရဲ့ပြောင်းကြိတ်စက်မှာ ဒီအကျဉ်းသားကို ခါးကျိုးအောင်အလုပ်လုပ်စေတာထက် ပိုပြီးအသုံးဝင်မယ့် တခြားအလုပ်က ရှိနေပါတယ်"

တရားသူကြီးက ဤသို့စီရင်ဆုံးဖြတ်လိုက်သည့်နောက်တွင် ရဲသားများသည် ဖော်လ်ဂျန်အားရုံးပြင်သို့ ခေါ်ထုတ်သွားကြလျက်ဖော်လ်ဂျန် တစ်ခါမှမရောက်ဖူးသေးသော လမ်းတစ်ခုမှကျော်ဖြတ်ကြကာ၊ မှုန်ကုပ်ကုပ်ရှိနေသော သံတံခါးကြီးတစ်ခုရှေ့သို့ ရောက်သွားကြရလေသည်။ ရဲသားများသည် သံတံခါးကြီးအတွင်းသို့ ဖော်လ်ဂျန်အား သွင်းလိုက်ပြီးနောက်၊ အကျဉ်းသားလက်ခံရရှိကြောင်းလက်မှတ်တောင်းယူကာ ပြန်ထွက်သွားကြသည့်အခါတွင်ကား ဖော်လ်ဂျန်သည်ပကတိ မှောင်မိုက်နေသော အခန်းကျဉ်းကလေးတစ်ခုသို့ အသွင်းခံလိုက်ရပြန်၏။

ဖော်လ်ဂျန်သည် ဘာကိုမျှမမြင်ရသော်လည်း၊ လူပေါင်းများစွာတို့၏ ကိုယ်နံ့ချွေးနံ့များကိုတော့၊ ပေါင်နေအောင် ရှူရှိုက်နေရလေ

သည်။ စမ်းတဝါးဝါးနှင့်လျှောက်ကြည့်မိသည်တွင်၊ အိပ်နေသောလူများပေါ်သို့ တက်နင်းမိလျက် အကန်တစ်ချက်ခံလိုက်ရမိသည့်နောက်တွင်မှ၊ လွတ်နေသော ကြမ်းပြင်ကွက်လပ်ကလေးတစ်ခု ရှာတွေ့ကာ ဝင်အိပ်နေလိုက်ရလေသည်။

ကြမ်းပြင်အခင်းမှာ၊ သူ အိပ်နေကျဖြစ်သော ကောက်ရိုးများဖြစ်နေသည်ကို တွေ့ရသည့်တိုင် ဖော်လ်ဂျန်မှာ နှစ်သိမ့်ခြင်းမဖြစ်နိုင်။ သူ့အဖို့ တစ်ခါမှ အကျဉ်းထောင်ထဲသို့ရောက်ဖူးသေးသည် မဟုတ်ရကား၊ ယခု သူရောက်ရှိနေသောအခြေအနေကို မနှစ်မြို့နိုင်ဘဲ ရှိနေလေသည်။ သို့တစေလည်း သူသည်ငယ်ရွယ်နုပျိုလျက် မောပန်းနေပြီလည်း ဖြစ်လေရကား ကြာကြာစိတ်ညစ်၍မနေနိုင်ဘဲ အိပ်မောကျသွားရလေတော့၏။

❋

အခန်းသုံး

( ၁ )

နောက်တစ်နေ့နံနက် မျက်လုံးဖွင့်ကြည့်လိုက်သည့်အခါ၌ ဖော်လ်ဂျန်မှာ သူ့ကိုယ်သူဘယ်ရောက်နေမှန်းမသိ ဖြစ်နေမိပြီး၊ တစ်ဖန် အံ့ဩသွားရပြန်လေသည်။ သူသည်ငါးပိငါးချဉ်သိပ်သလို တစ်ယောက်နှင့် တစ်ယောက်ပူးကပ်အိပ်နေကြသည့် လူတွေကြားထဲသို့ ရောက်နေရကာ ထိုလူတွေအားလုံးမှာပင် သူစိမ်းတွေဖြစ်နေကြရသည်နှင့်အမျှ၊ သူတို့တစ်တွေ၏ပုံပန်းသဏ္ဌာန်တွေမှာလည်း၊ လောကကြီးတွင် အထုအထောင်း အနှိပ်အစက်များကို ထုသားပေသားရအောင် ခံစားခဲ့ရပြီးဖြစ်နေကြပုံရှိကာ ကြောက်စရာရုပ်အသွင်များ ရှိနေကြလေသည်။ သူတို့ကို ကြည့်ရသည်မှာ တိရစ္ဆာန်အရိုင်းကောင်များနှင့်သာ တူနေကြလေတော့၏။ ဖော်လ်ဂျန်သည်လည်း အိပ်နေရာမှထတော့မည်ဟု တစ်ဖက်သို့ လှိမ့်လိုက်ရာ အသံကြီးတစ်ခုက သူ့ဘေးမှ ထွက်ပေါ်လာ၏။

"ဟေ့ သတိကလေးများ ထားစမ်းပါဦးကွ..."

ပြောလိုက်သောလူက တုတ်ခိုင်သော ကိုယ်လုံးကြီးရှိကာ၊ နှာခေါင်းကြီး ကျိုးနေပြီး၊ ပခုံးနှင့် ခြေထောက်များတွင် ကြောက်စရာအမာရွတ်ရှိသူ လူကြီးတစ်ယောက်ပင် ဖြစ်နေသည့် အလယ်အလတ်ပိုင်းအရွယ်ရှိ လူကြီးတစ်ယောက်ပင် ဖြစ်နေသည်။ ပထမတော့ ထိုလူကြီးက ကြိမ်းဝါးလိုက်ခြင်းဖြစ်သော်လည်း၊ ဖော်လ်ဂျန်အား သေသေချာချာ တွေ့ရလျှင်မူ၊ ဖော်ဖော်ရွေရွေဖြစ်လာလေသည်။ သူက ဖော်လ်ဂျန်၏နာမည်ကိုမေးကာ သူ့နာမည်မှာ ဂျူးကူးလပ်စ်ဖြစ်ကြောင်းကို ပြောပြလိုက်၏။

စကြိုလေးဘက်မှနေ၍ သံချောင်းခေါက်သံတစ်ခုက ထွက်ပေါ်လာရာ အကျဉ်းခန်းထဲတွင်ရှိနေကြသူတိုင်းက မြေခွက်များကို အလုအယက် ရှာဖွေကောက်ယူနေကြလေတော့သည်။ သံတိုင်များ ကာရံထားသော တံခါးတစ်ဖက်တွင် သစ်သားနှင့်ပြုလုပ်ထားသော အိုးကြီးတစ်လုံးနှင့် ဇွန်းကြီးတစ်ခုကို ကိုင်ဆောင်သယ်ယူလာသော စစ်သားနှစ်ယောက်က ပေါ်လာကြ၏။ အိုးကြီးထဲမှ ထွက်ပေါ်လာသော အနံ့ကိုထောက်၍ ဘူးချစ်လာအောင် ကျိုထားသော ယာဂုများ ယူဆောင်လာခြင်းဖြစ်ကြောင်း သိသာနိုင်လေတော့သည်။ အကျဉ်းသားများက တစ်ယောက်နှင့်တစ်ယောက် အလုအယက်ပင် သံတိုင်များရှေ့သို့ တိုးဝှေ့သွားကြကာ မြေခွက်များခံပေးသည့်အထဲသို့ စစ်သားတစ်ယောက်က ယာဂုများကို ဇွန်းကြီးနှင့် ခပ်လောင်းထည့်ပေးနေလေ၏။

စစ်သားနှစ်ယောက်သည် ယင်းသို့လျှင် တစ်ဇွန်းပြီးတစ်ဇွန်းသော ယာဂုများကို အကျဉ်းသားများက အလုအယက် ထိုးပေးနေကြသောမြေခွက်များအထဲသို့ ဖြစ်ကတတ်ဆန်း လောင်းထည့်ပေးနေရာတွင် အချို့မှာ အကျဉ်းသားများ၏ ဦးခေါင်းများပေါ်သို့ ဖိတ်စဉ်သွားရသော်လည်း ဘယ်လိုမှဂရုမစိုက်ကြပေ။



ဖော်လ်ဂျန်ကလည်း အခြားသူများနည်းတူ မြေခွက်တစ်ခွက်နှင့် သူ့ဝေစုကို အရခံယူရရှိပြီးသည့်နောက်တွင် တိုးဝှေ့နေကြသောလူတွေအထဲမှထွက်ခဲ့ပြီး၊ ဘူးချစ်နေသော ယာဂုများကို မြိန်ရေရှက်ရေပင်စားသောက်လိုက်လေသည်။ သူ့အတွက် ဤသို့သော အစာများကိုစားရနေကျဖြစ်နေရကား ဘူးရှပ်နေသော်လည်း ဆာဆာနှင့် မြေခွက်ပြောင်အောင်ပင် စားပစ်လိုက်လေသည်။

ထိုစဉ်၌ တစ်စုံတစ်ယောက်က ဆွဲဆွဲငင်ငင်အသံနှင့် မြည်တမ်းနေသံကိုကြားရသဖြင့်.. "သီချင်းဆိုနေတာဘယ်သူလဲဗျ" ဟု သူ့အဖော်ဂျူးကူးလပ်စ်အား မေးလိုက်မိလေသည်။

"ဘယ်ကလာ သီချင်းဆိုရမှာလဲကွာ... ကြောင်အော်သံပါကွ။ ဟောဟိုက လူရူးက အော်နေတာပေါ့..."

ဂျူးကူးလပ်စ်က ယာဂုကျိုဝေစုကို မရသေးဘဲ သွားယူဖို့လည်း ဘယ်လိုမှကြိုးစားဟန်မတူသည့် လူပိန်သေးသေးတစ်ယောက်ကို ညွှန်ပြကာ ပြန်ဖြေလိုက်၏။ ထိုလူမှာ နံရံကိုမျက်နှာပြုကာ ဒူးထောက်လျက် လက်နှစ်ဖက်ကို ရင်ခွင်တွင်ယှက်ထားလေသည်။

"ဒီကောင်က ခရစ်ယာန်ဆိုတာပေါ့ကွ..."

"သူက ဘာတွေရွတ်နေတာလဲ..."

"သူ့ဘုရားသခင်ဆီမှာ ဆုတောင်းနေတာထင်ပါရဲ့.." ဟု ဂျူးကူးလပ်စ်က လှောင်ရယ်ရယ်ကာ ပြန်ဖြေလိုက်ပြီး လူပိန်ကလေးအား လှမ်းအော်လိုက်လေသည်။

"ဟေ့ဓိုးနော့စ်.. မင်းဘုရားသခင်ဆီမှာ ဒီအကျဉ်းထောင်က လွတ်ဖို့ ဆုတောင်းနေရင် မင်းဘုရားသခင်က အခုထက်ထိ ဘာပြုလို့ မင်းကို လာမကယ်သေးတာလဲ...'

"ကျွန်တော့်ကို ဒီကလာကယ်ဖို့ ဆုတောင်းနေတာမဟုတ်ဘူး"

"ဟာ ဒီလိုဆိုရင် မင်းဟာ လူအပဲကွ..."

"နေပါဦး။ မင်းဘုရားက ဘယ်လိုနေသလဲကွ၊ နီရိုနဲ့များ တူသလား"ဟု အခြားတစ်ယောက်က မေးလိုက်ပြန်၏။

"ဒီလူက ဆုတောင်းနေတာမဟုတ်ပါဘူးဗျာ.. သူ့ရှေ့မှာ ဘုရားရုပ်တုဆိုလို့ ဘာမှမ မရှိတာဘဲ.."ဟု ဖော်လ်ဂျန်က ပြောလိုက်မိ၏။

"ဒီဘုရားသခင်ရှိခိုးနည်းက အကုန်အကျ သက်သာတာပေါ့ကွာ.."ဟု ဂျူးကူးလပ်စ်က ပြန်ဖြေလိုက်လေသည်။ "ရုပ်တုကို ပိုက်ဆံအကုန်ခံပြီး ဝယ်ရတာပဲ မဟုတ်လား။ လူတစ်ယောက်ဟာ သူ့အိပ်ရာထဲမှာအိပ်ပြီး သူ့မယားကို မမြင်ရပေမယ့် အော်ခေါ်လိုက်ရင် မယားလုပ်သူက လာရတာပဲမဟုတ်လား.."

"အေး မယားလုပ်သူက လာရင်လာ၊ မလာရင်လည်း တစ်ဖက်အိမ်ကလူရဲ့ မယားကလာမှာပါပဲ"ဟု ဂျူးကူးလပ်စ်အားကလူက ပြန်ဝင်၍ ပြက်လုံးဖောက်လိုက်လေသည်။ "ဘယ်သူလာလာ မထူးပါဘူးလေ။ မိန်းမတွေဆိုတာသာ တော့တော့ဆိုင်ဆိုင်တွေ့ကြရတော့လည်း အတူတူချည်းပါပဲ.."

ထိုလူ၏ပြက်လုံးကြောင့် အကျဉ်းသားများကပွဲကျသွားပြီး ကျယ်လောင်စွာ ဝိုင်းရယ်လိုက်ကြသည်တွင် ခရစ်ယာန်ဗိုးနေ့စ်က မိမိဘုရားဝတ်ပြုနေခြင်းကို မနှောင့်ယှက်ကြရန် တောင်းပန်လိုက်ရှာလေ၏။ ခရစ်ယာန်ဗိုးနေ့စ်က ဆက်လက်ဘုရားဝတ်ပြုနေသည့်အခါတွင် အကျဉ်းသားများမှာလည်း ဗိုက်ပြည့်သွားကြရပြီဖြစ်ရကား ပြန်အိပ်သူက အိပ်၊ အချင်းချင်း စကားပြောသူကပြောနှင့် ငြိမ်ကျသွားခဲ့လေ၏။

"အင်း မင်းဟာ အရွေးခံရမယ်လို့ငါထင်တာပဲ.."ဟု ဂျူးကူးလပ်စ်က ပျင်းရိစွာ သမ်းဝေလိုက်ရင်းက ပြောလိုက်လေသည်။

"ဘာအတွက် အရွေးခံရမှာလဲဗျ.."

"အရီနာတိုက်ပွဲ ကစားကွင်းကြီးအတွက်ပေါ့ကွ.."

"အဲဒီမှာကျွန်တော်က ဘာသွားလုပ်ရမှာလဲ.."



"သတ်ရမှာပေါ့ကွ၊ မင်းက ကံမကောင်းရင်တော့ သေရမှာပဲ။ ဒီလိုသတ်ရမှာကလည်း သိပ်ပြီးကြာတော့မှာမဟုတ်ဘူး၊ ဘာပြုလို့လဲဆိုတော့ နီရိုက မနေ့ညကသီချင်းဆိုခဲ့တယ်ဆိုပဲ။ အရင်ခေတ်တွေဆီကဆိုရင်တော့ ဂလေဒီယိတ်တာလို့ခေါ်တဲ့ လက်ရုံးဓာနည်အတိုက်အခိုက်သမားတွေဟာ၊ နေ့ထူးနေ့မြတ်ကြီးတွေမှာမှ အရီနာတိုက်ပွဲကွင်းကြီးထဲမှာ သတ်ကြရတယ်။ ဒါပေမယ့်နီရိုလက်ထက်မှာတော့ ဒီလိုမဟုတ်တော့ဘူး။ သူ့ရဲ့ဘာမဟုတ်တဲ့ အမှုအခင်းကိစ္စတွေနဲ့လည်း သတ်ခိုင်းတာပဲကလား.. မနေ့ညကဆိုရင်၊ သူက သီချင်းဆိုပြခဲ့တာမှာ လူတွေက အသတ်ခံရမှာကြောက်လို့ သူဟာအသံအင်မတန်ကောင်းလှပါတယ်၊ နတ်ဘုရားရဲ့ အသံလိုပါပဲရယ်လို့ ဝိုင်းဝန်းမြှောက်ပင့်ခဲ့ကြရတယ်။ ဒီတော့ သူက စေတနာတရားထက်သန်လှစွာနဲ့ လူတွေအတွက် အရီနာတိုက်ပွဲကြီးတစ်ခု ကျင်းပခိုင်းပြီး၊ တို့တစ်တွေလိုလူတွေက တစ်ယောက်နဲ့တစ်ယောက် ခုတ်ထစ်သတ်ဖြတ်ကြပြီး အတုံးအရုံးသေကြတာကို ရှုစားတော်မူလိမ့်မှာ သေချာနေတာပေါ့။ တို့ရဲ့ ဆီဇာဘုရင်ကတော့ တော်တော့်ကို စဉ်းစားဉာဏ်ရှိပြီး၊ စေတနာထက်သန်တဲ့ လူတစ်ယောက်ပဲကွာ.."

ဖော်လ်ဂျန်မှာ ဖြစ်ပေါ်လာသော ထိတ်လန့်ကြောက်ရွံ့မှုများကို ဂျူးကူးလပ်စ်က အလကားခြောက်လှန့်နေခြင်းဖြစ်ပေသည်ဟူ၍ ချိုးနှိမ်ဖျောက်ဖျက်ပစ်လိုက်ရလေ၏။

( ၂ )

သို့ရာတွင်ဂျူးကူးလပ်စ်က မုသားပြောခဲ့ခြင်းမဟုတ်ပေ။ နောက်သုံးရက်အကြာ နေမွန်းတည့်တဲ့အချိန်တွင် အကျဉ်းခန်းထဲသို့ စစ်သားများ ရောက်ရှိလာကြကာ အကျဉ်းသားများထဲမှ လူများ စိစစ်ရွေးထုတ်ကြလေတော့သည်။ အရွေးခံရသော လူများကို နှစ်ယောက်တစ်တွဲ

ကြီးနှင့်တုပ်နှောင်ကြလေရာ၊ ဖော်လ်ဂျန်၏အတွဲမှာ ဂျူကူးလပ်စ်ပင် ဖြစ်နေ၏။

စစ်သားများသည် သူတို့လူစုကို အကျဉ်းခန်းထဲမှ ခေါ်ထုတ်ခဲ့ပြီးနောက် မှောင်မှောင်မည်းမည်းနှင့် ကွေ့ကောက်သွားသော လူသွားလမ်းတစ်ခုအတိုင်း ချီတက်စေနေသည့်တိုင်၊ ဖော်လ်ဂျန်မှာတော့ မယုံကြည်နိုင်သေးဘဲ ရှိနေရလေသည်။

"အရီနာတိုက်ပွဲတွေကို ကျုပ်လည်းကြည့်ဖူးပါတယ်ဗျာ၊ အပျော်တမ်းသမားတွေ မဟုတ်ကြပါဘူး၊ ကျုပ်တို့ အခုတခြားအကျဉ်းထောင်တစ်ခုကို ပြောင်းကြရတာ ဖြစ်ပါလိမ့်မယ်။ အရီနာတိုက်ပွဲကို သွားကြတာတော့မဟုတ်ပါဘူး..."

"ဒီမှာအခုဆိုရင် တို့ရဲ့မြင့်မြတ်တဲ့ဆီဇာဘုရင်ဟာ၊ တစ်ကမ္ဘာလုံးနဲ့ သင့်မြတ်ငြိမ်းချမ်းနေရတယ်။ ဘရစ်တွန်လူမျိုးတွေဟာ ငြိမ်ကျနေကြပြီး ရိုင်းမြစ်နဲ့ ဒင်းညု(တ်)မြစ်ကြီးနောက်ဘက်က အရိုင်းတွေဟာလည်း ရောမအင်ပိုင်ယာကြီးကို ဘယ်လိုမှ အန်မတုနိုင်တော့ဘူး။ ပါရှားပြည်ဟာလည်း ရောမနိုင်ငံဖြစ်နေရပြီ။ ပင်လယ်နက်ထဲမှာလည်း ပင်လယ် ဓားပြတွေရယ်လို့ မရှိတော့ဘူး။ လမ်းမတော်ကြီးတွေဆိုရင်လည်း သူခိုးဓားပြ လူဆိုးဂိုဏ်းတွေအားလုံးကို ရှင်းလင်းသုတ်သင်ပြီးပြီ.. ဒီတော့ မင်း စဉ်းစားကြည့်တော့လေကွာ..."

"ကျုပ် ခင်ဗျားပြောတာနားမလည်ပါဘူး.."

"ဒီလိုဆိုရင် မင်းဟာ တို့ရှေ့ကခရစ်ယာန်ကောင်လို ထိုင်းသေးတဲ့ကောင်ပဲ၊ ဒီလိုကွ.. ဒီလို၊ နီရိုမှာ အရီနာတိုက်ပွဲတွေမှာ အသတ်ခိုင်းဖို့ အရင်ကလို စစ်ပွဲတွေကဖမ်းမိခဲ့တဲ့ စစ်သုံ့ပန်းတွေမရှိတော့ဘူး။ ဒီတော့ အရီနာတိုက်ပွဲတွေမှာ အသတ်ခိုင်းအသေခိုင်းရဖို့လူတွေကို အကျဉ်းထောင်တွေထဲက ပိုက်စိပ်တိုက် ထုတ်ယူနေရတော့တာပေါ့.."

သူတို့လူစုသည် အကျဉ်းထောင်ကြီးထဲမှ ထွက်လာကြပြီးနောက် စစ်သားများက ဘေးတစ်ဖက်တစ်ချက်တွင်စောင့်ကြပ်ကာ လူတစ်ရာ



အုပ်ချုပ်ရသော စင်ကြူရီယန်းဗိုလ်တစ်ဦးကကွပ်ကဲပြီး၊ မားစ်ခေါ် စစ်နတ်ဘုရားကြီးကို အထိမ်းအမှတ်ပြုထားသည့် ကွင်းကြီးဆီသို့ ဆက်လက်ချီတက်ခဲ့ရလေ၏။

ဂျူးကူးလပ်စ်ကား ဘယ်လိုမှစိတ်ညစ်ပုံမရ။ မိမိနှင့် ဖော်လ်ဂျန်အား တွဲထားခြင်းကြောင့် အရီနာတိုက်ပွဲ၌ မိမိတို့နှစ်ယောက် ယှဉ်ပြိုင်တိုက်ခိုက်ရမည်ဖြစ်ရာ မိမိက အလွယ်တကူအနိုင်ရလိမ့်မည်သာ ဖြစ်သည်ဟု ကြွားဝါပြောဆိုနေလေ၏။ ဖော်လ်ဂျန်မှာ ခံပြင်းလာမိလျက် ဘာကြောင့်များ ဒီလောက်စိတ်ချနေရသလဲဟု မေးလိုက်မိရာ ဂျူးကူးလပ်စ်က ခပ်ပြုံးပြုံးရှင်းပြလိုက်လေသည်။

"ငါက လေ့ကျင့်ပြီးသားလူတစ်ယောက်ဖြစ်နေတာကိုးကွ.. ငါက တကယ်ဆိုတော့၊ ဂလေဒီယိတ်တာ လက်ရုံးဇာနည်တွေကို လေ့ကျင့်ပေးနေတဲ့ ကျောင်းတစ်ကျောင်းက ထွက်ပြေးလာခဲ့တာကလား၊ ငါက အိမ်တစ်အိမ်ထဲ ဝင်ခိုးနေတုန်း သူတို့က ဖမ်းမိသွားကြပြီး အကျဉ်းကျနေရတာပဲ"

"ကျုပ်ဟာ ဘယ်လိုရာဇဝတ်မှုကိုမှ ကျူးလွန်ခဲ့တာမဟုတ်ဘူး၊ ကျုပ်ကို အရီနာတိုက်ပွဲထဲမှာ သတ်ခိုင်းတာမတရားပါဘူး..."

"ဘာများထူးနေလို့လဲကွ..ဒီဒုက္ခများမြောင်လှတဲ့ လူ့ဘောင်ထဲက မြန်မြန်ထွက်သွားရရင် ဒုက္ခငြိမ်းတာပေါ့"

သူတို့ရှေ့က ခရစ်ယာန်အကျဉ်းသမားမှာ ပါးစပ်မှ တတွတ်တွတ်ရေရွတ်၍ဘုရားရှိခိုးနေပြန်ရာ စိတ်တိုလာသော ဖော်လ်ဂျန်ကတစ်ချက်ပိတ်ကန်လိုက်တော့မှ တိတ်ဆိတ်သွားရှာ၏။

ဖော်လ်ဂျန်ကား သူ့အဖြစ်ကိုတွေး၍ ရင်လေးနေမိလေသည်။ ယခင်ကဆိုလျှင် အရီနာတိုက်ပွဲများကို ပိုက်ဆံပေး၍ ကြည့်ခဲ့ရသောသူသည် ယခုတော့ သူကိုယ်တိုင် ပါဝင်ဆင်နွှဲရတော့မည်မှာ မဖြစ်နိုင်ဟု သူ့ကံကြမ္မာကို မယုံကြည်နိုင်ဘဲ ရှိနေမိလေသည်။ ဖော်လ်ဂျန်မှာ

ရန်ပွဲတွေ အကြိမ်တစ်ထောင်မက ကြုံခဲ့ဖူးပြီဖြစ်သော်လည်း ယခုပါဝင်ဆင်နွှဲရတော့မည့် အရီနာတိုက်ပွဲမှာတော့ သူကြုံခဲ့ရဖူးသော ရန်ပွဲတွေလိုအရိုးကျိုးရုံမကဘဲ သွေးတွေသွန်ထုတ်ပြီး သေပွဲဝင်ရမည့်လမ်းဆုံးကြီးက ရှိနေ၏။

သူတို့သည်မကြာခင်မှာပင်၊ အရီနာတိုက်ပွဲကွင်းကြီးသို့ ရောက်လာကြရတော့ကာ၊ အပေါက်ဝတစ်ခုမှနေ၍ မြေအောက်ရှိအခန်းကြီးတစ်ခုထဲသို့ ဆင်းသက်ခဲ့လေ၏။ စစ်သားများက သူတို့လူစုထဲမှအတွဲများကို တစ်တွဲပြီးတစ်တွဲဆွဲထုတ်သွားကြလေတော့ရာ နောက်ဆုံးတွင်ဖော်လ်ဂျန်နှင့် ဂျူးကူးလပ်စ်တို့အတွဲမှာ အခြားသောအတွဲ ၈ တွဲမျှနှင့်အတူ၊ အခန်းတစ်ခန်းတွင် ကျန်နေခဲ့ကြရပြီး သူတို့အား လိုအပ်လာမည့်အချိန်ကို စောင့်စားနေကြရလေတော့၏။

( ၃ )

လယ်ပိုင်ရှင်ကြီး ကားရုတ်စ်ခရစ်ဘား၏ နွားမောင်းသမားဖြစ်ခဲ့သူ ဖော်လ်ဂျန်သည် မိမိက ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ဝင်တိုးနေရပြီဖြစ်သော ကံကြမ္မာဆိုးကြီးကို တွေးလျက်၊ ရင်အလေးကြီး လေးနေမိတော့သည်။ သူသည် ယခုအခါ ဘဝလမ်းဆုံးသို့ ရောက်ရှိနေရလေသည်။ ဘဝဆိုသည်ကား အရသာကောင်းများကို ရှာဖွေခံစားရဖို့သာ ဖြစ်၏။ နာကျင်မှုဝေဒနာကို အလူးအလဲခံစားရပြီး ဆုံးရှုံးလက်လွှတ်ရဖို့ မဟုတ်ပါပေ။ အသက်အရွယ်အိုမင်းရင့်ရော်၍လာပြီဆိုပါက တော်ပါသေး၏။ ယခုတော့ ဖော်လ်ဂျန်မှာ ဘဝကို အရသာခံ၍ကောင်းဆဲ၊ ပျိုမြစ်သော အရွယ်၌သာ ရှိနေရသေး၏။

သူသည် ဂျူးကူးလပ်စ်၏ အသက်ကိုမခံရဘဲ၊ သူက ပြန်၍သတ်ချင်လည်း သတ်နိုင်ပေလိမ့်မည်။ သို့တစေ ထိုအတွေးသည်လည်းသူ့အား ဘယ်လိုမှ မနှစ်သိမ့်နိုင်ဘဲ ရှိနေပြန်၏။ ဖော်လ်ဂျန်မှာ သူ့လယ်



တွင် တိရစ္ဆာန်မြောက်မြားစွာကို သတ်ဖြတ်ဖူးခဲ့ပြီဖြစ်သော်လည်း လူ့အသက်ကိုသတ်ဖြတ်ရမည်မှာကား ခြားနားချက်ကြီးဖြစ်နေရ၏။ လူဆိုသည်မှာ ခြေလေးချောင်းသတ္တဝါမဟုတ်၊ နတ်ဘုရားနှင့် မခြင်ရသော နှောင်ကြိုးတွေအားဖြင့် နီးကပ်ဆက်စပ်နေသော သတ္တဝါသာဖြစ်ရာ၊ ထိုသတ္တဝါကို သတ်ဖြတ်ဖို့ဆိုသည်မှာ တွေးကြည့်ရဖို့ပင် ဝန်လေးစရာကြီး ဖြစ်နေရတော့သည်။

သတ္တုရောင်ပြောင်ပြောင်လက်လက်တစ်ခုကို ဖော်လ်ဂျန်က ရုတ်တရက် တွေ့မြင်လိုက်မိလေသည်။ သူ့အား ကြမ်းပြင်ပေါ်တွင် ရှိနေသော ကြေးခမောက်ကြီးတစ်လုံးပင်ဖြစ်သည်။ ပြီးတော့ ရင်အုပ်ကိုကာကွယ်သည့် ကြေးပြားကြီးတစ်ခု၊ အားလုံးမှာသူ့အတွက်ဖြစ်လေသည်။ မကြာမီ ရင်ဆိုင်ရတော့မည့် သတ်ပွဲကြီးအတွက် သူက ဤချပ်ဝတ်တန်ဆာတွေကို ဝတ်ဆင်ရမည်ဖြစ်၏။ ကြေးခမောက်နှင့်ရင်ကာကြေးချပ်အပြင်၊ ခါးတွင်ဝတ်ဆင်ရမည့် သံကြေးကွက်များ တပ်ဆင်ထားသော သရေခါးပတ်ကြီးတစ်ခုနှင့် ဓားတစ်လက်...

အရီနာကွင်းကြီးထဲမှနေ၍ အော်ဟစ်သံများသည် ခပ်သဲ့သဲ့ပင် သူ့ဆီသို့ ရောက်လာကြ၏။ ထိုကွင်းကြီးထဲတွင် လူတွေသည် တစ်ယောက်ကိုတစ်ယောက် တိုက်ခိုက်သတ်ဖြတ်လျက် သေပွဲဝင်နေကြရ၏။ မကြာမီမှာပင် သူနှင့်ဂျူးကူးလပ်စ်တို့အလှည့်သို့ ရောက်လာရပေတော့မည်။

"ဟေ့ကောင် မင်း ဓားနဲ့ ခုတ်ကြည့်ထားလေကွာ"ဟု အစောင့်တစ်ယောက်က ဖော်လ်ဂျန်အား သတိပေးလိုက်လေသည်။ "နို့မဟုတ်ရင် မင်းဟိုကျတော့ ဓားကို ဘယ်လိုကိုင်ရမှန်းမသိ ဖြစ်နေမယ်..."

"ကျုပ်ဓားအကြောင်းကို ဘယ်လိုမှ နားမလည်ဘူးဗျ.."

"ဒီလိုဆို မင်းကံဆိုးတာပေါ့၊ အေးလေ.. မင်းက ဓားခုတ်တတ်လို့လည်း ဘယ်လိုမှအကြောင်းထူးမယ်မဟုတ်ပါဘူး.."

"ခင်ဗျားဘာကို ဆိုလိုတာလဲ.."

"ဟိုမှာ ဂျူးကူးလပ်စ်ကိုကြည့်လေကွာ..."

ဂျူးကူးလပ်စ်မှာ အခန်းအလယ်တွင်ရပ်ကာ တံငါသည်ကြီးတစ်ယောက်အလား၊ ပိုက်ကွန်တစ်ခုကို အပစ်ကျင့်နေလေ၏။ သူ့ခါးတွင်တော့ ဓားမြှောင်တစ်လက်ရှိကာ၊ သုံးခွမိုန်းကြီးတစ်ချောင်းကို ကျန်လက်တစ်ဖက်တွင် ကိုင်ထားလေသည်။ ၎င်း၏လက်နက်တန်ဆာများကား ဒါပဲဖြစ်လေ၏။

"ငါက ကွန်ပစ်သမားပဲကွ"ဟု ဂျူးကူးလပ်စ်သည် ဖော်လ်ဂျန်က သူ့အားကြည့်နေမှန်းသိရလျှင် လှမ်းပြောလိုက်လေသည်။ "မင်းကတော့ ဂေါလ်လူမျိုးပေါ့"

"ကျုပ်ဟာ ဂေါလ်လူမျိုးမဟုတ်ပါဘူး"

"အေးလေ ဒါပေမဲ့ မင်းက ဒီအခန်းက နေရမှာပဲ၊ မင်းလည်း အရီနာတိုက်ပွဲတွေကို ကြည့်ခဲ့ဖူးတာပဲမဟုတ်လား၊ ကွန်ပစ်သမားနဲ့ဓားသမားတို့သတ်ကြတာလေ"

ဖော်လ်ဂျန်မှာ ထိုသို့သောတိုက်ပွဲတွေကို ကြည့်ခဲ့ဖူးပြီဖြစ်ကာ ကွန်သမား မည်မျှပင်ညှို့ဖျင်းသည်ဖြစ်စေကာမူ အများအားဖြင့် ဓားသမားအပေါ် အနိုင်ရသည်သာ ဖြစ်လေ၏။

ခရာသံတစ်ခုက မြည်ဟည်းလာကာ အခန်းတံခါးကြီးသည် ပွင့်လာပြီး လူတစ်ရာဗိုလ်တစ်ဦးက ဝင်လာလေ၏။

"ထကြစမ်းယော့၊ နှစ်ယောက်စီတွဲပြီးတန်းစီကြ၊ အချိန်မကုန်စေနဲ့၊ ဆီဇာက စောင့်နေရတာကို ကြိုက်တာမဟုတ်ဘူး..."

ဖော်လ်ဂျန်သည်လည်း ထိုင်ရာမှထကာ ကြေးခမောက်ကြီးကို ဆောင်းထားပြီး ဓားကို ဆွဲကိုင်လိုက်လေသည်။ ပြီးလျှင် ပိုက်ကွန်ပစ်လေ့ကျင့်နေသော ဂျူးကူးလပ်စ်နှင့်တွဲကာ အခန်းထဲမှ ထွက်ခဲ့ကြရလေသည်။ လေးယောက်စီတွဲ၍ စကြံအတိုင်းလျှောက်ခဲ့ရာတွင် ဖော်လ်ဂျန်တို့အတွဲရှေ့၌ ခရစ်ယာန်ဇီးနော့စ်နှင့် အတွဲတစ်ယောက်က ရှိနေ၏။



"ရော့်သေးတာပဲကွာ"ဟု ဂျူးကူးလပ်စ်က အတွဲများကိုလျှောက်ရေကြည့်ရင်းက ဖော်လ်ဂျန်အား ပြောလိုက်လေသည်။ "တို့အပြင်နောက် အတွဲ ၄ တွဲ ရှိနေတယ်။ ကွန်ပစ်သမားနဲ့ဓားသမားစုံတွဲတွေချည်းပဲ။ တို့ဆယ်ယောက်ဟာ တစ်ချိန်တည်းမှာတိုက်ကြရမှာဆိုတော့ လူတွေက မင်းနဲ့ငါ့ကို သိပ်ဂရုစိုက်ပြီး ကြည့်နိုင်ကြမှာမဟုတ်ဘူး။ ကြည့်စမ်းပါဦးကွာ၊ တို့တစ်တွေ သေပွဲဝင်ရမှာကို ဒီထက်ပိုပြီး ဂရုစိုက်ခံရဖို့ ကောင်းပါတယ်ကွာ၊ အေးလေ... မင်း သေရမှာကိုပြောတာပါ"

ဖော်လ်ဂျန်မှာတော့ ဒေါသသွေးများ ဆူကြွလာသော်လည်း ဘယ်လိုမှ ပြန်မဖြေတော့ပေ။ သူတို့ရှေ့တွင် နေရောင်ခြည်ကိုမြင်တွေ့လာကြရပြီဖြစ်ကာ အသံများကလည်း ပိုမိုဆူညံလာနေကြလေသည်။ နောက်တွင်တော့ သူတို့လူစုသည် အရီနာတိုက်ပွဲကွင်းကြီးထဲသို့ ရောက်လာကြလေ၏။ ထုံးစံအားဖြင့်ဆိုလျှင် တိုက်ပွဲဝင်ရမည့်သူများသည် ကွင်းကြီးထဲတွင် စီတန်းလမ်းလျှောက်လျက် နီရိုအားအလေးပြုကြရမည်ဖြစ်သော်လည်း သူတို့လူစုမှာအကျဉ်းသားတွေဖြစ်ရကား ထိုဂုဏ်ထူးကို ခံစားခွင့် မရှိကြပေ။

စစ်သားများက စုံတွဲ ၅ တွဲကို ကွင်းကြီးထဲတွင် နေရာချထားပေးနေသည့်အတွင်း၊ ပွဲကြည့်ပရိသတ်ကြီးက ၎င်းတို့အားကြည့်ကာ ပြောင်လှောင်ရယ်မောနေကြလေ၏။

"အချက်ပေးတာကိုစောင့်နေကြ..."

ဖော်လ်ဂျန်ကား စိတ်တွေမွန်ထူနေရာက ဂျူးကူးလပ်စ်ကို ကြည့်နေလေသည်။ ပွဲကြည့်ပရိသတ်ကြီးဆီမှ အသံဗလံတွေသည် ဆူညံပွက်လောရိုက်နေသော်လည်း၊ ဖော်လ်ဂျန်က ၎င်းတို့ကို မော်၍ပင်မကြည့်မိ။ သွေးထွက်သံယို သေပွဲဝင်ရခြင်းများကို အရသာခံ၍ကြည့်ရှုနိုင်ကြသည့် ဤရောမလူအုပ်ကြီးကို သူသည် အင်မတန်မှ စက်ဆုပ်မုန်းတီးနေမိလေတော့၏။

"အသင့်ဖြစ်စေ...တိုက်ကြတော့.."

## ( ၄ )

ဂျူးကူးလပ်စ်သည် အချိန်ယူ၍ ချောင်းနေ၏။ အကယ်စင်စစ် ဤသည်ကား ပိုက်ကွန်သမားတိုင်းက လိုက်နာသည့်တိုက်ခိုက်နည်း အခြေခံပင်ဖြစ်လေ၏။ သူသည် သုံးခွမှိန်းကြီးကို ဘယ်လက်တွင်ကိုင်ကာ၊ ညာလက်ဖြင့် ပိုက်ကွန်ကိုဝှေ့ကာဝိုက်ကာနှင့် အသင့်ပစ်လွှတ်နိုင်ဖို့ ယမ်းနေ၏။ ဖော်လ်ဂျန်ကတော့ လေးလံသောဓားကြီးကို ညာလက်တွင် ဆုပ်ကိုင်ကာ ၎င်းအား သတိကြီးစွာနှင့်ပတ်ချာဝိုက်၍ လှည့်ပတ်နေလေသည်။ ဂျူးကူးလပ်စ်၏လက်ထဲမှ မှိန်းကိုမကြည့်ဘဲ၊ ပိုက်ကွန်ကိုသာ ဂရုစိုက်နေ၏။ ပိုက်ကွန်ကသာ သူ့ကိုအုပ်မိလာပါက သူ့တွင် မျှော်လင့်ချက်ရှိတော့မည်မဟုတ်သည်ကို ဖော်လ်ဂျန်က ကောင်းစွာသိထားလေသည်။

“ငါက ငါးဖမ်းမလို့ပါကွာ.. မင်းကိုဖမ်းမှာမဟုတ်ပါဘူး။ ဒါကြောင့် ဘာလို့ထွက်ပြေးနေတာလဲ တောသားလူအရာ...”

ဂျူးကူးလပ်စ်သည် ဖော်လ်ဂျန်အား လှောင်ပြောင်နေ၏။ ရုတ်တရက်ဆိုသလို ပိုက်ကွန်သည် ၎င်း၏လက်ထဲမှဖြန့်ထွက်လာရာ ဖော်လ်ဂျန်က ရှောင်တိမ်းလိုက်နိုင်၏။ ပွဲကြည့်ပရိသတ်ကြီးထံမှ ဩဘာသံကြီးက ဆူညံလာ၏။ ဖော်လ်ဂျန့်ညာဘက်တွင် ဓားသံမားတစ်ယောက်သည် ပြိုင်ဘက်ပိုက်ကွန်သမား၏ ပိုက်ကွန်ထဲ၌မိသွားကာ ရုန်းမထွက်နိုင်ဘဲ လဲကျသွားရပြီဖြစ်လေသည်။ ပိုက်ကွန်သမားသည် လဲကျသွားသော ဓားသမား၏ရင်အုပ်ပေါ်တွင် ခြေနင်းကာ စင်မြင့်ပေါ်မှ ပရိသတ်ကြီး၏ ဆုံးဖြတ်စီရင်မှုကို တောင်းခံနေလေ၏။ လဲကျနေသော ဓားသမားကလည်း မိမိ၏လက်တစ်ဖက်ကိုမြှောက်ကာ မိမိ၏အသက်ကို ချမ်းသာပေးပါရန်အကြောင်း အသနားခံနေရှာ၏။ သို့ရာတွင် ပွဲကြည့်လူအုပ်ကြီးအဖို့ သနားကြင်နာမှု ပြရမည်ထက် သတ်စေအမိန့်က ပိုမို၍အားရစရာ ဖြစ်နေရသည်။ သို့ကြောင့်ပင် အားလုံးက တညီတညွတ်တည်း လက်မများကို အောက်သို့စိုက်ချလိုက်ကြ၏။



ပိုက်ကွန်သမားများလည်း ဓားသမားအပေါ်တွင် ဒူးတင်ကာ ခါးမှ ဓားမြှောင်ကိုထုတ်ယူ၍ လည်မျိုထဲသို့ စိုက်ချလိုက်လေ၏။

သည်အခြင်းအရာကို မကြည့်မိသော်လည်း ဂရုထားခဲ့မိသော ဖော်လ်ဂျန်ကား ခံပြင်းလှသဖြင့် တုန်ယင်၍ပင်လာမိလေသည်။ သေသေကြေကြေ မြန်မြန်ကြီးအဆုံးသတ်ပါရစေတော့ဟု သူသည် ဂျူးကူးလပ်စ်အား ဓားနှင့်အတင်းဝင်ခုတ်တော့သည်။ ဂျူးကူးလပ်စ်ကတော့ အလွယ်တကူပင် ဖော်လ်ဂျန်၏ ဓားချက်များကိုရှောင်ရှားကာ ဆက်လက်၍ ပြောင်လှောင်နေ၏။

၎င်း၏လက်ထဲမှ ပိုက်ကွန်က နောက်တစ်ကြိမ်ပျံ့ဝဲထွက်လာပြန်ရာ ဖော်လ်ဂျန်က ရှောင်ရှားလိုက်နိုင်ပြန်သည်။ တောသားမို့ ဖော်လ်ဂျန်သည် ပိုက်ကွန်အကြောင်းကို နည်းနည်းတော့ နားလည်ထားရပေသည်။ တောမှာဆိုလျှင် ပိုက်ကွန်ကို ကိုယ်တိုင်ရက်ကာ ငှက်နှင့်ယုန်တွေကို အမိဖမ်းခဲ့ဖူး၏။

ထို့ကြောင့်ပင် သူသည် ယခု ရန်သူ၏လက်ထဲမှ ပိုက်ကွန်က သူ့ဆီသို့ ဘယ်အချိန်တွင် ပျံ့ဝဲလွှမ်းအုပ်လာကြမည်ကို ကြိုတင်မှန်းဆတတ်ကာ ရှောင်ရှားနေနိုင်၏။

စုံတွဲ ၅ တွဲက တိုက်ခိုက်နေသည့်အနက် ခရစ်ယာန်ဗီးနော့စ်အပါအဝင် ၄ ယောက်သော ဓားသမားများသည် ပိုက်ကွန်အောက်တွင် ကျဆုံးခဲ့ကြရပြီဖြစ်လေ၏။ ဓားသမားဖော်လ်ဂျန်နှင့် ဂျူးကူးလပ်စ်တို့သာ ကျန်ရှိနေရတော့သည်။

“မင်းဆန္ဒပြည့်ပြီလေ..အခုဆိုရင်လူတိုင်းက တို့ကိုကြည့်နေကြပြီ၊ ဒီတော့ မင်း ငါ့ကို သတ်နိုင်ရင်သတ်တော့လေ”ဟု ဖော်လ်ဂျန်က ဂျူးကူးလပ်စ်ကို ဒေါသတကြီးနှင့် လှမ်းပြောမိလေ၏။

ဂျူးကူးလပ်စ်သည် ဖော်လ်ဂျန်အား ကျားချောင်းသလိုချောင်းစပြုလာသည်။ သူတို့နှစ်ဦးသား တိုက်ခိုက်ရင်း ကျန်ရစ်ခဲ့သည်ဖြစ်ရာ တိုက်ပွဲ၏ နိဂုံးချုပ်ကို အချိန်ဆွဲထား၍ မဖြစ်တော့ပေ။ ဖော်လ်ဂျန်ကား

ဂျူးကူးလပ်စ်၏ ပိုက်ကွန်ကိုရှောင်ဖယ်ရင်းကပင်၊ ဓားနှင့် သွက်သွက်ကြီး ပြန်ခုတ်နေ၏။ ၎င်းတို့အား အော်ဟစ်အားပေးသံသည် ကျယ်လောင်၍လာကြလေသည်။

"ဂေါလ်လူမျိုးက မညံ့ဘူးဟေ့..."

"မညံ့သလို တော်လည်းမတော်ပါဘူး..."

"ပိုက်ကွန်သမားက နိုင်ရမယ်.. ဘယ်သူလောင်းမလဲ.. ၅ လေး ၃ လေးပေးမယ်.."

ရုတ်တရက်ဆိုသလို ဂျူးကူးလပ်စ်သည် ကြောက်ရွံ့လာသည့်ဟန်နှင့် ထွက်ပြေးလေတော့သည်။ ဖော်လ်ဂျန်ကလည်း ဓားကိုဝင့်ကာ ၎င်းနောက်သို့ ခုန်လိုက်လေ၏။ တစ်ခါတည်း ပိုင်းချတော့မည်ပြုစဉ်၊ ဂျူးကူးလပ်စ်သည် ရုတ်တရက်သူ၏မှိန်းတံကို ဖော်လ်ဂျန်၏ခြေကြားထဲသို့ ထိုးသွင်းလိုက်လေသည်။ ဖော်လ်ဂျန်လည်း မှိန်းတံကိုခလုတ်တိုက်လျက် မြေကြီးပေါ်သို့ ဘိုင်းခနဲ လဲကျသွားစဉ်မှာပင် ဂျူးကူးလပ်စ်၏ ပိုက်ကွန်က ၎င်း၏ကိုယ်ပေါ်သို့လာ၍ အုပ်လွှမ်းပြီးသားဖြစ်နေလေတော့၏။

ပိုက်ကွန်ထဲမှ လွတ်ထွက်ရန် ဖော်လ်ဂျန်ကအားကုန်ရုန်းလေလေ ပိုက်ကွန်ကြီးက သူ့ကိုယ်ကြီးကို ပိုမို၍ခိုင်မြဲစွာ ရစ်ပတ်လာလေလေဖြစ်နေရာ ပွဲကြည့်ပရိသတ်ကြီးက တဆဲဆဲ ပွဲကျနေလေတော့သည်။ ဂျူးကူးလပ်စ်က ၎င်း၏ သုံးခွမှိန်းကြီးနှင့် ဖော်လ်ဂျန်၏လည်မျိုထဲသို့ စိုက်ချလိုက်ရာ ဖော်လ်ဂျန်သည်လဲနေရာမှပင် တစ်ဖက်သို့ စောင်းငှဲပေးလိုက်သဖြင့် လည်ပင်းဘေးသားကိုသာ ဖောက်ထွင်းသွားလေ၏။ ဖော်လ်ဂျန်က နောက်ထပ်၍ ရုန်းကန်ခြင်းမပြုတော့ပေ။ ဂျူးကူးလပ်စ်မှာ ၎င်း၏ရင်အုပ်ပေါ်သို့ ခြေတစ်ဖက်နင်းကာ၊ ပွဲကြည့်ပရိသတ်၏အဆုံးအဖြတ်ကို တောင်းယူနေပြီဖြစ်၏။ ဆုံးဖြတ်မှုကို စင်မြင့်ကြီးတွင် ပျင်းရိစွာထိုင်၍ရှုစားနေသော ဝဝဖိုင့်ဖိုင့်နီရိုဘုရင်ကသာ စတင်



ပေးလေ့ရှိရာ၊ ဂျူးကူးလပ်စ်က ၎င်းထံသို့ဦးခေါင်းကိုမော့လျက် ငံ့လင့်နေလေသည်။

"သတ်ပစ်..သတ်ပစ်..လည်မျိုကို မင်းဓားမြှောင်နဲ့ လှီးပစ်လိုက်စမ်းကွ.."ဟုလူအုပ်ကြီးက ဆူညံစွာဝိုင်းအော်နေကြလေသည်။အစောင့်စစ်သားတစ်ယောက်သည် သူတို့အနီးသို့ ပြေးလာကာ ဖော်လ်ဂျန်အားအော်ပြောလိုက်၏။

"ဟေ့..လူအ..မင်းအသက်ကို ချမ်းသာပေးဖို့အသနားခံလေ..."

မိမိ၏အသက်သွေးခဲတို့ကို လည်ချောင်းထဲမှ ဖောက်မထုတ်ခင် ပွဲကြည့်ပရိသတ်ကြီးက မိမိ၏အသနားခံချက်ကို လျှောင်ပြောင်ရယ်မောလျက် ငြင်းပယ်ရဖို့အခွင့်အရေးကို ရယူလိုနေကြသေးပေသည်ဟု ဖော်လ်ဂျန်ကတွေးမိကာ ခံပြင်းနာကြည်းမှုတွေက အုံကြွတက်လာလေသည်။

"မင်းလက်ကိုမြှောက်ပြီး အသနားခံလေ"ဟု အစောင့်စစ်သားက အော်ပြောပြန်၏။ ဖော်လ်ဂျန်၏ရင်ထဲတွင် မုန်းတီးခံပြင်းမှုကြီးကသာ လွှမ်းမိုး၍သာနေလေရာ သူသည် ပွဲကြည့်ပရိသတ်ဘက်သို့ လှည့်၍ အသံကုန်အော်ဟစ်လိုက်လေ၏။

"ငါကဘယ်တော့မှ အသနားမခံဘူးဟေ့..မင်းတို့ ငါ့ကိုသတ်ပစ်ချင်ပစ်ကြ.. ငါ့အသက်အတွက်တော့ ဘယ်တော့မှ ငါအသနားမခံဘူးဟေ့.."

လူအုပ်ကြီးဆီမှ အံ့အားသင့်မှုတစ်ဝက် ခံပြင်းမှုတစ်ဝက် ပါဝင်သော ကျွက်စီကျွက်စီဖြစ်သွားကြသံများက အုံကြွ၍လာကြလေ၏။ စင်မြင့်ကြီးပေါ်တွင်ကား နီရိုဘုရင်၏ပခုံးကို တစ်စုံတစ်ယောက်က တို့လိုက်သဖြင့် ၎င်းက ဖြည်းညင်းစွာလှည့်ကြည့်နေလေသည်။ အရွယ်အလတ်ပိုင်းထဲတွင် ရှိနေသော်လည်း ရုပ်ဆင်းရူပကာ ချောမောလှပလျက်ပင် ရှိနေသေးသော အမျိုးသမီးကြီးတစ်ဦးက နီရို၏နားဝတွင် ပါးစပ်တေ့ကပ်လျက် တစ်စုံတစ်ရာ ပြောဆိုနေသည်ကို ပရိသတ်ကြီး

က တွေ့မြင်ရလေသည်။ နီရိုဘုရင်သည် ဝဖြိုးသော ပခုံးများကို တွန့်လိုက်ရာက ပြန်လှည့်လာပြီး သူ၏ လက်မကို ရယ်ရယ်မောမောနှင့် အပေါ်သို့ ထောင်ပြလိုက်လေတော့၏။ ဤကား အသက် ချမ်းသာပေးသော အထိမ်းအမှတ်ပင်ဖြစ်ကာ နီရိုဘုရင်၏ စံနမူနာကို ယူလျက် ပရိသတ်ကြီးထံမှလည်း လက်မများ ထောင်လာကြပြန်လေ၏။

❋

## အခန်းလေး

### ( ၁ )

ဖော်လ်ဂျန်သည် တစ်ခုသောအကြောင်းအရာကိုသာ တိတိကျကျ သိထားရပြီး အရီနာကစားကွင်းကြီးထဲမှနေ၍ မြေအောက်ခန်းများဆီသို့ ပြန်ရောက်လာရလေသည်။ သူက အသေအချာသိထားရသော အကြောင်းအရာကား သူ့လည်ပင်းတွင် မိုန်းချက်မိထားရခြင်းသာဖြစ်လေ၏။ ထိုဒဏ်ရာမှ စီးကျလာသောသွေးများသည် သူ့ကိုယ်တစ်ဖက်လုံး တင်ပါးအထိ ချင်းချင်းနီအောင်ပင် ရွှဲစိုလျက် ရှိနေတော့သည်။

ဂျူးကူးလပ်စ်ကိုယ်တိုင်မှာလည်း ဘာဖြစ်လို့ ဖြစ်ခဲ့ရသည်ကို နားလည်ပုံမရဘဲ နဝေတိမ်တောင် ဖြစ်နေရလေသည်။ ဖော်လ်ဂျန်၏ ဘေးမှလျှောက်လိုက်လာရာက ၎င်းအား ရှုံ့ရှာစိတ်ပျက်စွာကြည့်နေ၏။

"တကယ်ဆိုရင် မင်းကို ငါကသတ်ပစ်ရမှာကွ၊ အခုတော့မင်းကို လက်မ အောက်ချပြီး အသေသတ်ရဖို့ ဆုံးဖြတ်ပြီးမှ နောက်တစ်ခါ ထပ်ထောင်ပြီး ချမ်းသာပေးလိုက်တာကို ငါတော့ နားမလည်နိုင်တော့ ပါဘူး..."

လူတစ်ရာဗိုလ်တစ်ဦးသည် သူတို့ရှေ့သို့ရောက်လာကာ ဂျူးကူးလပ်စ်အားဂရုမစိုက်ဘဲ ဖော်လ်ဂျန်ကိုသာ အရီနာကစားကွင်းကြီး၏ ဆေးကုခန်းထဲသို့ ဆောင်ကျဉ်းသွားလေသည်။

"ဒီလူဟာ အဂ္ဂရီပီနာက အသက်ချမ်းသာပေးလိုက်တဲ့လူပဲ၊ သူ့ကို ကောင်းကောင်းဂရုစိုက်ပြီး ကုပေးလိုက်ပါ.."

တပ်ဗိုလ်သည် သမားတော်အား မှာကြားလျက် ထွက်ခွာသွားပြီး နောက်တွင် ဖော်လ်ဂျန်က သူ့ဒဏ်ရာကို စစ်ဆေးကြည့်ရှုနေသော သမားတော်အား မေးခွန်းထုတ်ကြည့်လိုက်မိလေ၏။

"ဆံပင်နက်နဲ့ ကျုပ်ကိုချမ်းသာပေးလိုက်တဲ့ အမျိုးသမီးဟာ အဂ္ဂရီပီနာ မဟုတ်လား၊ နီရိုရဲ့မယ်တော် အဂ္ဂရီပီနာလား.."

"ဟုတ်ပါတယ်.. ကဲ.. ငြိမ်ငြိမ်နေ.."

သမားတော်သည် ဖော်လ်ဂျန်၏လည်ပင်းမှ ဒဏ်ရာကြီးပေါ်သို့ သစ်ခေါက်ဆေးရည်ကို လောင်းထည့်လိုက်လေသည်။ ဆေးရည်မှာ ပျားအကောင် ၄၀ အတုပ်ခံရသလို ပူစပ်လှသော်လည်း သွေးကိုတော့ ချက်ချင်းတိတ်သွားစေလေသည်။ ပြီးလျှင် သမားတော်ကြီးကလည်ပင်းမှ ဟပြဲနေသောဒဏ်ရာကြီးကို တိရစ္ဆာန်အရိုးလေးတစ်ချောင်းနှင့် ချုပ်ပေးလိုက်ပြန်၏။

ထိုစဉ်၌ သမားတော်၏ကျွန်ဖြစ်ဟန်ရှိသော လူတစ်ယောက်က ရောက်လာကာ ဖော်လ်ဂျန်က ချွတ်ထားခဲ့သောအကျီကို လူခိုးသွားပြီ ဖြစ်ကြောင်း ပြောလိုက်လေသည်။ အမှန်တော့ အကျီပိုင်ရှင်သည် တိုက်ပွဲတွင် မုချသေရမည်ဟုတွက်လျက် အကျီကို တစ်စုံတစ်ယောက်က အပိုင်စီးသွားခြင်းဖြစ်ကြောင်းကို ဖော်လ်ဂျန်ကနားလည်လိုက်မိလေသည်။ သမားတော်ကလည်း ကျွန်လုလင်အား 'ဘက်ဆီဒပ်စ်' ဆိုသူအားလွှတ်လိုက်ရန် အမိန့်ပေးလိုက်ရာ၊ ဖော်လ်ဂျန်က သမားတော်ငှံ့ပေးသော အားတိုးဆေးဝိုင်တစ်ခွက်ကို သောက်နေစဉ်၌ လူတစ်ယောက် ဝင်ရောက်လာပြန်လေသည်။ ၎င်းမှာ စစ်သားတစ်ယောက်၏ ကိုယ်ဟန်အမူအရာရှိသော်လည်း သာမန်အဝတ်အစားများကိုသာ ဝတ်ဆင်ထားကာ၊ ဓားမြှောင်တစ်လက်ကို ခါးတွင်ထိုးထားလျက်



လက်ထဲတွင်တော့ လုံတံကိုကိုင်ဆောင်လာ၏။ ၎င်း၏ အခြားလက်မှာတော့ အကျီတစ်ထည် ခေါက်တင်ထားလေသည်။

ထိုလူ ယူလာသောအကျီကို ဝတ်လိုက်ပြီးသည့်နောက် ထိုလူက မိမိ၏နောက်မှလိုက်ခဲ့ရန် လက်ရိပ်ပြကာ နှစ်ယောက်သား စကြံထဲသို့ ထွက်ခဲ့ကြလေသည်။

"မင်းကဘယ်သူလဲ"ဟု ဖော်လ်ဂျန်က ၎င်းအား မေးကြည့်လိုက်မိသည်။

"ကျုပ်ဟာ ဘုရင့်လက်ရုံးဇာနည်ကျောင်းက အမှုထမ်းတစ်ဦးပါ" ဘက်ဆီဒပ်စ်ဆိုသူက ပြန်ဖြေပြီးနောက်၊ ဖော်လ်ဂျန်အား ဘေးတံခါးပေါက်တစ်ခုမှနေ၍ အရီနာတိုက်ပွဲကွင်းကြီး၏ အပြင်ဘက်သို့ ခေါ်ဆောင်သွားပြန်၏။

"ခင်ဗျားက ဘုရင့်မယ်တော် အဂ္ဂရီပီနာထံမှာ အမှုထမ်းခဲ့ဖူးသလား"ဟု ဘက်ဆီဒပ်စ်သည် ဖော်လ်ဂျန်အား တိုက်ပွဲကွင်းကြီးထဲမှ စုပြုံအန်ထွက်လာသော လူတွေကြားထဲမှ ခေါ်သွားရင်းက မေးခွန်းထုတ်လိုက်လေသည်။

"မထမ်းခဲ့ဖူးပါဘူး၊ ဒါပေမယ့် အဂ္ဂရီပီနာက ကျုပ်အပေါ်မှာ ကရုဏာထားတာကိုတော့ ကျေးဇူးတင်မိပါတယ်ဗျာ.."

ဤတွင် ဘက်ဆီဒပ်စ်က လှောင်ရယ် ရယ်လိုက်လေသည်။

"ကရုဏာထားတယ်လို့မထင်လိုက်ပါနဲ့ဗျာ၊ အဂ္ဂရီပီနာက ခင်ဗျားကို နောက်လာမယ့် တိုက်ပွဲတွေမှာ အသုံးချရအောင် မွေးထားလိုက်တာဖြစ်မှာပါ၊ အခု ခင်ဗျားဟာ လက်ရုံးဇာနည်ဖြစ်အောင် လေ့ကျင့်ရတော့မှာ.."

"ဒါပေမယ့် ကျုပ်က ပိုက်ကွန်သမားကို အရှုံးပေးခဲ့ရတာပဲဗျာ"

ဘက်ဆီဒပ်စ်က ဘယ်လိုမှပြန်မဖြေဘဲ မျက်နှာသာ မဲ့ပြနေလျှင် ဖော်လ်ဂျန်က မေးခွန်းဆက်ထုတ်လိုက်ပြန်၏။

"ကျုပ်ကို ဒီကနေ့ရွေးချယ်သလို ခဏခဏ လူတွေကို ရွေးချယ်တတ်သလား.."

"ခဏခဏတော့ မရွေးဘူး။ ရောမအကျဉ်းထောင်ထဲ လူမျိုးစုံက ရောက်လာကြတာကလား။ ဒီလိုလူမျိုးတွေကို အရီနာတိုက်ပွဲတွေမှာ ဝင်အတိုက်ခိုင်းရာမှာ တစ်ခါတလေမှာတော့ လူချွန်တစ်ယောက်တလေ ထွက်လာတတ်တာပေါ့လေ။ အဲဒီလိုအခါမျိုးမှာ မဟာဆီမဟာသွေးထဲက ပုဂ္ဂိုလ်တစ်ယောက်ယောက်က ဒီလူကို ကျကျနန မွေးထားပြီး လက်ရုံးဓာနည်သူရဲကောင်းကြီးတစ်ဦးဖြစ်လာရအောင် လေ့ကျင့်ခိုင်းတော့တယ်။ ဒါပေမယ့် ခင်ဗျားကဘဝင်လည်း မြင့်မသွားနဲ့ဦးနော်၊ ခင်ဗျားမှာ အခုဆိုရင် ဘယ်လိုလေ့ကျင့်မှုမှ ရှိသေးတာမဟုတ်ဘူး လက်ရုံးဓာနည်အဖြစ်နဲ့ လေ့ကျင့်ရတဲ့လမ်းစဉ်ဟာ အင်မတန်မှ ခက်ခဲတာ..."

"ကျုပ်က ဘယ်လိုမှ ဘဝင်မမြင့်ပါဘူး.. အသက်ရှင်နေရတာကိုပဲ ကျေးဇူးတင်ပါတယ်.."

သူတို့သည် လက်ဝဲဘက်သို့ ချိုးလိုက်ပြီးနောက် မကြာခင်မှာပင် ကျောက်တုံးများနှင့် ခပ်နိမ့်နိမ့်ဆောက်ထားသော စစ်တန်းလျားတစ်ခုနှင့်တူသည့် အဆောက်အအုံတစ်ခု၏ တံခါးဝသို့ရောက်လာလေသည်တွင် ကျွန်တစ်ယောက်က တံခါးဖွင့်ပေးလိုက်ကာ ဘက်ဆီဒပ်စ်နှင့် ဖော်လ်ဂျန်တို့အား အုပ်ချုပ်ရေးမှူးထံသို့ခေါ်ဆောင်သွားလေ၏။ ဆံပင်ဖြူနေသော အုပ်ချုပ်ရေးမှူးအရာရှိအား ဘက်ဆီဒပ်စ်က ဖော်လ်ဂျန်အား လွှဲအပ်ပေးလိုက်လေသည်။

"အဂ္ဂရီပီနာမိဖုရားက ပို့ဆောင်လိုက်တဲ့ ဖော်လ်ဂျန်ဆိုတဲ့ လူသစ် တစ်ယောက်ပါခင်ဗျာ.."

အုပ်ချုပ်ရေးအရာရှိလည်း ဘက်ဆီဒပ်စ်အား အပြင်သို့စေလွှတ်လိုက်ပြီးနောက် နွားဝယ်မည့်လူတစ်ယောက်အလား ဖော်လ်ဂျန်ကို ရစ်ပတ်လျှောက်ကာ လက်မောင်းများ၊ ခြေတံများကို စမ်းကြည့်နေလေ



သည်။ အားရကျေနပ်သွားသည့်အခါတွင်မှ အုပ်ချုပ်ရေးအရာရှိသည် ဖော်လ်ဂျန်အား ခွေးခြေလေးတစ်လုံးနှင့် အိပ်ရာတစ်ခုရှိသောအခန်းလေးထဲသို့ ခေါ်ဆောင်သွားလေသည်။

## ( ၂ )

ဖော်လ်ဂျန်မှာလည်း လည်ပင်းကဒဏ်ရာက ကိုက်ခဲနာကျင်သော်လည်း ထိုညတွင်ကောင်းကောင်းကြီးပင် အိပ်ပျော်ခဲ့ကာ နံနက်မိုးသောက် နိုးလာသည့်အခါ၌ ဘက်ဆီဒပ်စ်က ၎င်းအား လာရောက်ခေါ်ဆောင်လေ၏။ သူသည် ဖော်လ်ဂျန်အား လက်ရုံးဓာနည်လောင်းများကို လေ့ကျင့်ပေးသော ဆရာများထံ ခေါ်သွားမည်ဖြစ်ကြောင်းနှင့် ၎င်းသည် အမိန့်ဖီဆန်ခြင်းများကို ဘယ်လိုမှသည်းမခံသူဖြစ်ကြောင်းသတိပေးလိုက်လေ၏။

လေ့ကျင့်ရေးဆရာ၏ မျက်နှာကိုမြင်ရသည်နှင့်ပင် ဖော်လ်ဂျန်ကလည်းထိုအချက်ကို နားလည်မိလေသည်။ ၎င်းမှာအသက်မငယ်တော့သော်လည်း ခွန်အားဗလနှင့်ပြည့်စုံကာ အမာရွတ်တွေက ကိုယ်ပေါ်တွင်ပြည့်နှက်နေ၏။ ၎င်းမှာ အငြိမ်းစားခွင့်ရပြီဖြစ်သော လက်ရုံးဓာနည်ကြီးတစ်ဦးပင် ဖြစ်ဟန်ရှိလေသည်။

ကွာတီလားသည် ဖော်လ်ဂျန်၏လည်ပင်းမှအနာ မကျက်မချင်းလေ့ကျင့်ဖို့မလိုသေးကြောင်းနှင့် ထိုအတွင်းဝယ် အမိန့်မရဘဲ အပြင်ထွက်ရမည်မဟုတ်ကြောင်း အမိန့်ချမှတ်လိုက်လေသည်။ နံနက်စာစားခန်းထဲတွင်ကား စားပွဲရှည်ကြီးတစ်လုံး၌ အခြားသော လက်ရုံးဓာနည်များမှာ မကျက်တကျက်အသားများကို အားရပါးရ ကိုက်ဝါးစားသောက် နေကြပြီဖြစ်လေသည်။ ၎င်းတို့အထဲတွင် ဂျူးကူးလပ်စ်ကိုပါ တွေ့ရလေရာ အခြားမည်သည့်သူကိုမျှမသိသည်နှင့်အညီ ဖော်လ်ဂျန်က ၎င်း၏ဘေးတွင်ဝင်ထိုင်လိုက်ရလေ၏။ ဂျူးကူးလပ်စ်က "မင်းဒီကိုရောက်လာပြန်ပလားကွ.."ဟု နှုတ်ဆက်လိုက်လေသည်ကို ဖော်လ်

ဂျွန်က ပြန်ဖြေပြီး ဆာဆာနှင့် သူ့ရှေ့မှအစားအစာတွေကိုသာ ကုန်းလွေးနေလိုက်လေ၏။

အားလုံးမှာပင် ခွေးတွေအလား စားပွဲပေါ်မှ အစားအစာတွေကို အလုအယက်စားသောက်နေကြသော်လည်း တစ်ယောက်သောသူက တော့ဘာအစာကိုမျှ မစားဘဲ ဝိုင်အရက်ကိုသာ တစ်ငုံပြီးတစ်ငုံသောက်နေ၏။ ထိုလူမှာ ယမန်နေ့က အရီနာတိုက်ပွဲတွင် အဆုတ်တစ်ဖက်၌ ဒဏ်ရာရလာခဲ့ရကား၊ အထဲတွင် သွေးသွန်နေခြင်းကို ရပ်စေရန် သမားတော်က ပူလောင်သော ကတ္တရာစေးများကို ပါးစပ်မှနေ၍ လောင်းချခဲ့၏။ ထိုဆေးစွမ်းကြောင့် အဆုတ်မှ အနာကျက်သွားသည်နှင့်အမျှ အစားအစာများကိုလည်း မစားနိုင်ဘဲဖြစ်နေရကား ဝိုင်အရက်နှင့်သာ အာဟာရဖြည့်နေရခြင်းဖြစ်လေ၏။❤

စားပွဲပေါ်မှ နောက်ဆုံးပိတ် အသားတုံးတစ်တုံးကို ဝါးမျိုစားသောက်ပြီးသည်နှင့်တစ်ပြိုင်နက် လေ့ကျင့်ရေးဆရာက လေ့ကျင့်ခန်းယူကြရန် အမိန့်ပေးလိုက်ရာ ဝိုင်အရက်သောက်နေသောသူပါ အပါအဝင် အခန်းထဲမှ ထွက်သွားကြရလေ၏။

၎င်းတို့သည် အရီနာတိုက်ပွဲကွင်းကြီးလိုပင် သဲခင်းထားသည့် လေးဘက်လေးတန် ကာရံထားသော ကွက်လပ်ကြီးထဲသို့ စုရုံးရောက်ရှိလာကြလေသည်။ ဤကွက်လပ်ကြီးထဲမှာပင် လက်ရုံးဓာနည်လောင်းများက အမျိုးမျိုးသော ကိရိယာတန်ဆာပလာများနှင့် လေ့ကျင့်ကြရလေသည်။ ကွက်လပ်ကြီး၏တစ်ဖက်တွင်မူကား ကျောင်း၏ဥပဒေကို ဖောက်ဖျက်သည့်လူများအား အပြစ်ပေးရာ ထိပ်တုံးကြီးများ ထားရှိကာ အပြစ်ကျူးလွန်သူများသည် ထိပ်တုံးကြီးတွင် တစ်နေကုန်ထိပ်တုံးအခတ်ခံနေကြရလေသည်။ ထို့ပြင်နှင့် မလုံလောက်သေးပါက အပြစ်ကျူးလွန်သူသည် ခဲလုံးကလေးတွေ အဖျားကွပ်ထားသောသားရေကြိုးမြောက်မြားစွာတပ်ဆင်ထားသည့်ကြာပွတ်နှင့် ကျောစုတ်အောင်အရိုက်ခံရပေ၏။



လေ့ကျင့်ရေးဆရာ၏အမိန့်ဖြင့် ဖော်လ်ဂျန်သည် လေ့ကျင့်ရေးအမျိုးမျိုးယူနေကြသော လူတွေကို ထိုင်ကြည့်မှတ်သားနေရလေသည်။ ပြီးလျှင်ကား သူ့ဆီသို့ ဧည့်သည်တစ်ယောက် ရောက်လာလေသည်။ ဧည့်သည်မှာ အခြားမဟုတ် ဆီးရီးယားပြည်သားလူလည်ကြီး အာရျူတစ်ဖ်ပင် ဖြစ်လေ၏။

( ၃ )

ဖော်လ်ဂျန်မှာ ဤလူဆိုးလူညစ်အား ဖမ်းချုပ်ပြီး ၎င်း၏ဦးခေါင်းကို အုတ်နံရံနှင့်ဆောင့်တိုက်ပစ်လိုက်ရကောင်းမည်လောဟု အာရျူတစ်ဖ်အား အတော်ကြာအောင်ပင် စိန်းစိန်းကြီးစိုက်ကြည့်လိုက်မိလေသည်။ အာရျူတစ်ဖ်ကတော့ ဖော်လ်ဂျန်အား မျက်နှာချိုသွေး၍ နှုတ်ဆက်လိုက်ပြီးနောက် မိမိသည် ၎င်းအား ချီးကျူးဂုဏ်ပြုရန် ရောက်လာရခြင်းဖြစ်ပါသည်ဟု ပြောလိုက်လေသည်။

"ဘာ့အတွက်ကြောင့် ခင်ဗျားက ကျုပ်ကို ချီးကျူးဂုဏ်ပြုရမှာလဲ"

"အကြောင်းတွေကတော့ အများကြီးပဲပေါ့ ဖော်လ်ဂျန်ရယ်၊ ဒါပေမဲ့ အဓိကအားဖြင့်တော့ မောင့်ရဲ့ထူးချွန်လှတဲ့ ကုသိုလ်ကံနဲ့ ပတ်သက်လို့ပေါ့.. ကျုပ်ဟာ ဒီကနေ့ မိုးသောက်မှာ ကွီရီနီတောင်ကုန်းပေါ်တပင်တပန်းကြီးတက်ပြီး ငှက်တွေပျံသန်းကြတာကိုကြည့်လို့ မောင့်ရဲ့အနာဂတ်အတွက် တစ်နာရီလောက်ကြာအောင်ပဲ နိမိတ်လက္ခဏာရှာဖွေမှတ်သားခဲ့ရတယ်ကွယ့်။ မောင်ဟာဖြင့် အရေးပါအရာရောက်တဲ့ အဖြစ်တွေကို အနာဂတ်မှာ ကြုံတွေ့ရဖို့ ကြမ္မာက ဖန်တီးလာဦးမှာပါပဲ။ ကံကြမ္မာ က မောင့်ကိုစောင့်ရှောက်ဖို့ အမြဲတစေရှိနေတော့တာကလား။ ဒီလိုဖြစ် ရအောင်ကံကြမ္မာကို အကူအညီပေးနေတဲ့လူကလည်း ရှိနေတာကိုး.. တခြားမဟုတ်ဘူး ကျုပ် အာရျူတစ်ဖ်ပဲပေါ့။ ဆင်နစ္စတာနဲ့ မောင် တွေ့ရအောင် စီစဉ်ပေးခဲ့သူဟာ ကျွန်ုပ်ပဲဆိုတာကို မောင်က မေ့မသွားပါနဲ့နော.."

"သွားစမ်းပါဗျာ.."

"ကျုပ်ပြောတာကို နားထောင်ပါလေ.. အာခလိစ်ဖနောင့်ဆိုင်ဟာ ဆင်နစ္စတာကထောင်ထားတဲ့ ထောင်ချောက်ကြီးဖြစ်တယ်ဆိုတာ အမှန်ပါပဲ။ ဒါပေမယ့် ကျုပ်ဖခင်ရဲ့သွားများအပေါ် တိုင်တည်ကျိန်ဆိုပြီး ကျုပ် ပြောပါတယ်။ မောင့်ကို ဒီထောင်ချောက်ထဲမှာ အဖမ်းခံရဖို့ ကျုပ်ကကူညီပေးခဲ့တာဟာ ဆင်နစ္စတာရဲ့အကျိုးကို လိုလားလို့မဟုတ်ဘဲ၊ မောင့်အကျိုးကို လိုလားလို့သာဖြစ်ပါတယ်။ မောင်ဟာဖြင့် ခွန်အားဗလနဲ့ပြည့်စုံပြီး လူချောတစ်ယောက်ဖြစ်နေတာကို ကျုပ်အကဲခတ်မိပြီး မောင်ဟာ နာမည်ကျော်ကြားတဲ့ လက်ရုံးဓာနည်ကြီးတစ်ယောက်ဖြစ်လာရမယ်ဆိုတာကို ကျုပ် မြင်ခဲ့ပါတယ်။ ဒီတော့ ဒီသူငယ်လေးအတွက်ကို သူနဲ့ထိုက်တန်တဲ့ မြင့်မားတဲ့ကံကြမ္မာ ဖန်တီးလာရအောင် ငါက ဘယ်လိုကူညီနိုင်ပါမလဲရယ်လို့ ကျုပ်ကိုယ်ကျုပ် ပြန်မေးမိခဲ့တယ်လေ။ ဒီတော့ ဘယ်လိုအဖြေပေါ်လာခဲ့ရသလဲဆိုတော့ ဒီသူငယ်လေးကို ဆင်နစ္စတာနဲ့ လက်သီးအစွမ်း ပြိုင်ခိုင်းရမယ်ဆိုတာပဲပေါ့"

ဤလူလည်း အားရှူးတစ်ဖ်ကား ဘယ်လိုပင်ပြောပြော နားလိမ့်မည်မဟုတ်။ သူ့မျက်လုံးထဲသို့ တံတွေးထွေးထည့်ဦးတော့ မိုးပေါက်ကျတာဟုသာ ပြောလိမ့်မည့်လူစားမျိုးဖြစ်သည်ဟု ဖော်လ်ဂျန်က ဘယ်လိုမှ စိတ်မဆိုးနိုင်တော့ဘဲ ရှိလာရလေ၏။ ထို့ကြောင့်လည်း ဆင်နစ္စတာဆိုသောလူသည် ပြောင်းကြိတ်စက်ပိုင်ရှင်ဖြစ်သည်နှင့်အမျှ အခြားမည်ကဲ့သို့ ထူးခြားသောလူဖြစ်နေရသည်ကို မေးကြည့်လိုက်ရလေ၏။

"ဆင်နစ္စတာဟာ အရင်တုန်းကဆိုရင်တော့ ရောမမြို့တော်ကြီးရဲ့ အစွမ်းအထက်ဆုံး လက်ရုံးဓာနည် သူရဲကောင်းကြီးတစ်ယောက် ဖြစ်ခဲ့တာပေါ့ မောင်ရယ်။ ပြိုင်ဘက်တွေအားလုံးကို အနိုင်ယူခဲ့တာချည်းမို့ နောက်ဆုံးတော့ အာဏာပိုင်တွေက သူ့ကို လွတ်လပ်ခွင့်ပေးလိုက်ရုံတင်မကဘူး၊ လုပ်ကိုင်စားသောက်နိုင်ဖို့ ဆုတော်ငွေအမြောက်အမြားလည်း ချီးမြှင့်လိုက်တော့တာပေါ့။ ဒါပေမယ့် ဆင်နစ္စတာဟာ အခု



ထက်ထိ အိုမင်းခြင်းမရှိသေးဘဲ ခွန်အားဗလ အတောင့်တင်းအသန်မာဆုံးလူတစ်ယောက် ဖြစ်နေရသေးတာကလား။ ဒီတော့ မောင်က သူ့ပခုံးရိုး ကျိုးအောင် ထိုးနိုင်ခဲ့တာဟာ၊ ဆင်နစ္စတာနဲ့မောင် တွေ့ကြတဲ့အခါမှာ မောင်က သူ့အပေါ် အနိုင်ယူနိုင်လိမ့်မယ်လို့ ကျုပ်ကတွက်မိခဲ့တာဟာ မှန်နေတော့တာပေါ့။ ပြီးတော့တရားသူကြီးက ဒီအကြောင်းကိုသိရတဲ့အခါမှာ မောင့်ကိုအရီနာတိုက်ပွဲမှာ ဝင်ပြီးဆင်နွှဲဖို့ အမိန့်ချမှတ်မှာပဲဆိုတာကိုပါ ကျုပ်က သိထားခဲ့တယ်လေ။ နောက်ကျတော့ ဘုရင့်မယ်တော် အဂ္ဂရိပီနာ မဖုရားလေးကိုယ်တော်တိုင်က ကောက်ယူမြှောက်စားခဲ့ပြီမဟုတ်လား။ ဒါနဲ့စကားမစပ် အဂ္ဂရိပီနာက မောင့်ကို ဆုတော်ငွေတွေချီးမြှင့်တဲ့အခါကျတော့ မောင့်ကို ကျုပ်အကျိုးဆောင်ခဲ့ရတာတွေအတွက် အဖိုးအခ ပေးရလိမ့်မယ်နော်.."

"ကျုပ်က အရီနာတိုက်ပွဲကြီးထဲမှာ အသတ်ခံရတဲ့အခါကျရင်လည်း ခင်ဗျားကြီးကို ပေးရဦးမှာလား.."

"အင်းလေ မောင်သေရမှာကတော့ အမှန်ပေါ့..ဒါပေမယ့် မောင်ဟာ မသေခင်မှာတော့ နာမည်ကျော်စောရဦးမှာပါပဲ။ ဒီလိုနာမည်ကျော်စောရတဲ့ဂုဏ်ထူးကို လူတိုင်းက ရနိုင်တာမှမဟုတ်တာမောင်ရယ်"

"အင်း ကျုပ်ကြားဖူးတာကတော့၊ ခေါမလူမျိုးတစ်ယောက်ဟာ ပါးရှင်းလူမျိုးတစ်ယောက်ကို စကားအနိုင်ပြောနိုင်ပြီး၊ ဆီးရီးယန်းလူမျိုးတစ်ယောက်က ခေါမလူမျိုးသုံးယောက်ကို စကားနိုင်လုပြောနိုင်ပြန်သတဲ့။ အခုခင်ဗျားနဲ့တွေ့ရတော့မှပဲ၊ ဒီစကားကို ကျုပ်ကောင်းကောင်းကြီး ယုံမိတော့သဗျာ.."

"ကျေးဇူးတင်ပါတယ်မောင်ရယ်.. ကဲ မောင့်အနာဂတ်လမ်းစဉ်အတွက် ကျုပ်တို့ စီမံကိန်းဆွဲကြရအောင်..."

"တော်စမ်းပါတော့ဗျာ.."

"ကျုပ် အကောင်းပြောနေတာပါမောင်ရင်၊ မောင်ရင်ဟာ အခုနာမည်ကျော်စော ထင်ပေါ်ရမယ့် လှေကားကြီးကို စတက်နေရပြီ။

ဒါပေမဲ့ မောင်ဟာ နင်းရမယ့် လှေကားထစ်တွေထဲက ဘယ်ဟာက ဆွေးမြည့်နေပြီး ဘယ်ဟာက ခိုင်ခန့်တယ်ဆိုတာကို သိထားရလိမ့်မယ် ကွယ့်.. အထူးသဖြင့် အဂ္ဂရိပီနာ မဖုရားက မောင့်ကို ချီးမြှောက်ထားပြီဆိုတော့ ဒီလိုသိထားဖို့ ပိုပြီးလိုအပ်လာတော့တာပေါ့.."

"ဘာဖြစ်လို့လဲ၊ အဂ္ဂရိပီနာဟာ ဘုရင့်မယ်တော်ကြီးမဟုတ်လား"

"ဘုရင့်မယ်တော်မှန်ပေတဲ့၊ သူဟာ နီရိုရဲ့အရေးပေးမှုကို ခံနေရတော့တာမဟုတ်ဘူး မောင်ရဲ့။ အဂ္ဂရိပီနာ ပယောဂကြောင့်စီးဆင်းခဲ့ရတဲ့ သွေးတွေဟာ စက်လှေကြီးတစ်စီးမျောနိုင်အောင် များပြားခဲ့ပြီဆိုတော့ နီရိုဟာ သူ့မယ်တော်ကို တော်တော်ပဲ ကြောက်ရွံ့စိုးရိမ်နေရတာကလား။ နောက်ပြီးတော့ ပေါပေယာနဲ့ တီ(ဂျဲ)လီနပ်စ်တို့ နှစ်ယောက်နဲ့တကွ၊ နိမိတ်လက္ခဏာတွေလည်း အဂ္ဂရိပီနာကို အတိုက်အခံပြုနေကြပြန်တယ်မောင်ရဲ့.."

"တီ(ဂျဲ)လီနပ်စ်ဆိုတာ ဘယ်သူလဲဗျ.."

"ဟာ တီ(ဂျဲ)လီနပ်စ်ကို လူတိုင်းသိနေကြတာပဲ။ သူဟာ မြင်းရောင်းသမားတစ်ယောက်ဘ၀နဲ့ ရောမမြို့တော်ကို ရောက်လာခဲ့ပြီးတဲ့အချိန်ကစပြီး အခုအထိ သူ့ရဲ့ဆိုးညစ်လှတဲ့စံချိန်ကို ဘယ်သူကမှမမီသေးဘူး မောင်ရင်။ သူဟာ မြေခွေးလိုကောက်ကျစ်ပြီး နံ့ကောင်လိုပဲလောဘကြီးတဲ့လူပဲ။ သူဟာ မြင်းပြိုင်ပွဲတွေကျင်းပပြီး၊ ၀င်ပြိုင်ရင်နီရိုဘုရင်ကချည်းပဲ သူ့ကို အနိုင်ရအောင်စီမံပေးတော့ နီရိုဟာ သူ့ကိုသဘောကျလာပြီး မြှောက်စားခဲ့တာပေါ့။ အခုဆိုရင် သူဟာ နီရိုရဲ့အချစ်တော်ကြီးဖြစ်နေပြီလေ။ သူနဲ့ပေါပေယာ နှစ်ယောက်ပေါင်းလိုက်တော့ ကြောက်စရာအကောင်းဆုံးအတွဲ ဖြစ်လာရတာပဲ။ အခုဆိုရင် ပေါပေယာရဲ့လင် သူဌေးအော်သိုကို နီရိုကပြည်နှင်ဒဏ်ခတ်လိုက်ရပြီ"

ဖော်လ်ဂျန်ကလည်း ဆီးရီးယားပြည်သား လူလည်ကြီး၏ စိတ်အနှောင့်အယှက်ဖြစ်စရာ စကားတွေကို ဆက်နားမထောင်လိုတော့ဘဲ ထိုင်ရာမှ ထသွားတော့ရာ အားရှူးတစ်ဖ်ကလည်း နောက်ကျတော့မှ မိမိ



၏အကူအညီကို လာတောင်းလျှင် မိမိတောင်းသမျှငွေကိုပေးရလိမ့်မည်ဟု ကြိမ်း၀ါးလျက် ထွက်သွားရလေ၏။ ဖော်လ်ဂျန်လည်း ၀မ်းတွင်းသို့ ကတ္တရာစေးပူ လောင်းချလျက် ဆေးကုခံခဲ့သော ဟားလ်ဆိုသည့်လူကြီးကို အားရှူးတစ်ဖ်ကဲ့သို့သော လူရှုပ်လူပွေတစ်ယောက်ကို ကျောင်းထဲသို့မည်သူက၀င်ခွင့်ပြုခဲ့သနည်းဟု မေးမြန်းကြည့်လိုက်မိလေသည်။

"သူက အုပ်ချုပ်ရေးအရာရှိဆီက ဆုငွေလာထုတ်တာလေ၊ ဟောဟိုက ဘာဘေးရီးယန်းအရိုင်းကောင်ကြီး ပြန်ဖမ်းမိအောင် သူပဲသတင်းပေးခဲ့တာပဲပေါ့"

## ( ၄ )

ဟားလ်ကညွှန်ပြသောလူကား အားရှူးတစ်ဖ်နှင့် မိမိတို့ ရောမမြို့ထဲသို့ ၀င်လာစဥ်က နားရွက်က အမာရွတ်ကိုကြည့်ပြီး ထွက်ပြေးလာသော ကျွန်တစ်ယောက်ဖြစ်ရမည်ဟု အားရှူးတစ်ဖ်က အတတ်ပြောခဲ့သည့် ၀ံပုလွေအရေခွံ၀တ် လူထွားကြီးပင်ဖြစ်နေသည်ကို ဖော်လ်ဂျန်က ပြန်လည်မှတ်မိလိုက်၏။ ၎င်း၏နာမည်မှာကား ဖော်တီနက်စ်ဖြစ်ကြောင်းကိုပါ ဖော်လ်ဂျန်က သိလိုက်ရလေသည်။

ဖော်တီနက်စ်မှာ လှေကျင့်ရေးဆရာ၏ ခြေနင်းကြိုးဖိနပ်ကို ပြင်ဆင်ရန် သားရေပြားတစ်ခု ပေးထားခဲ့သည်ကို လက်တွင်ကိုင်လျက် ဘာမှမလုပ်ဘဲ ခပ်ငိုင်ငိုင်ကြီးသာ ထိုင်နေသည်။ ၎င်းအနီးသို့ကပ်လာသော ဖော်လ်ဂျန်မှာ ၎င်း၏ဆံပင်သည် ရွှေလို၀င်း၀ါလျက် အသားအရေကလည်း ဖြူ၀င်းနုညက်လှသည်ကို သတိပြုလိုက်မိလေ၏။

"ခင်ဗျား ဒီကိုဘယ်လိုရောက်လာတာလဲ" ဟု သူက မေးလိုက်မိသည်။

"ကျုပ်ကို စစ်ပွဲမှာ သုံ့ပန်းအဖြစ်နဲ့ဖမ်းမိပြီး၊ ရောမမြို့တော်ကို ကျွန်အဖြစ်နဲ့ ခေါ်လာကြတာပဲ။ ကျုပ်က ကျုပ်သခင်ကို သတ်ပစ်ပြီး သူ့ဆီမှာ ရှာဖွေရသမျှငွေတွေကို ယူလို့ ထွက်ပြေးခဲ့တယ်၊ ကျုပ်နေရပ်

ဇာတိကိုပြန်သွားဖို့ ကျုပ် ရည်မှန်းခဲ့တယ်။ ဒါပေမဲ့ ကျုပ်မှာရှိသမျှငွေ တွေဟာ အစားအစာနဲ့ပဲ ကုန်ရပြီး နောက်တော့စစ်သားတွေက ကျုပ် ကို ပြန်ဖမ်းမိသွားကြတယ်"

စစ်သားတွေနှင့်အတူ ဆီးရီးယားပြည်သား အားရှူးတစ်ဖ်က ပါလာခဲ့ကာ ၎င်းက လက်တို့သတင်းပေးခဲ့ခြင်း ဖြစ်သည်ကိုလည်း ဖော်တိနက်စ်က သိထားသည့်တိုင် ဘယ်လိုမှ အငြိုးမထားဘဲရှိနေ၏။ အကယ်စင်စစ်တော့ ၎င်းမှာ မျှော်လင့်ချက်ကုန်ဆုံးလျက် စိတ်အား လျှော့ထားသူတစ်ဦးသာ ဖြစ်နေရှာ၏။

ဖော်လ်ဂျန်နှင့် ၎င်းက စကားပြောနေသည်ကို တွေ့သွားသောလေ့ ကျင့်ရေးမှူးသည် စိတ်ဆိုးစွာနှင့် အနားသို့ရောက်လာကာ ကြာပွတ်နှင့် တစ်ချက်လွှဲရိုက်လိုက်ပြီး ခြေနင်းဖိနပ်ကို ဆက်လက်ပြင်ဆင်ရန် အမိန့်ပေးလိုက်လေ၏။ ပြီးလျှင် လေ့ကျင့်ရေးမှူး ကွာတီလားက ဖော်လ် ဂျန်ဘက်သို့ လှည့်လာလေသည်။

"မင်း ဒီကနေ့ ၁၁ နာရီမှာ ရေချိုးဌာနဆီကို အရောက်သွားရ မယ်.. ပထမမင်းဒဏ်ရာကို ဆေးထည့်ဦး.."

( ၅ )

ကျောင်းမှူသမားတော်က ဖော်လ်ဂျန်၏လည်ပင်းကို ဆေးကြော ဆေးထည့်ပေးပြီးသည့်နောက် ကျောင်းအမှုထမ်း ဘက်ဆီဒပ်စ်က ရောက်လာကာ သူ့အား ငွေစအနည်းငယ် ပေးလိုက်လေသည်။ ယခုမှာ တော့ ၎င်းက ဖော်လ်ဂျန်အား ဆက်ဆံပုံမှာ ယမန်နေ့ကထက် ပို၍ ရှိသေကိုင်းရှိုင်းလာလေသည်။

"ကျွန်တော်က ခင်ဗျားကို ရေချိုးဌာနဆီ ခေါ်ဆောင်သွားရပါ မယ်၊ စောသေးပေမယ့် လုပ်စရာတွေရှိသေးတော့ အခုပဲသွားကြပါစို့"

သူတို့သည် ကျောင်းထဲမှထွက်ခဲ့ကြစဉ် ဂျူးကူးလပ်စ်က ဖော်လ် ဂျန်အား လှမ်း၍လှောင်ပြောင်လိုက်လေသည်။ ဖော်လ်ဂျန်က ဘက်ဆီ



ဒပ်စ်ထံတွင် ၎င်းအကြောင်းကို မေးကြည့်မိရာ၊ ၎င်းသည် လေ့ကျင့်ရေး ကျောင်းမှထွက်ပြေးသွားခဲ့ပြီး၊ ယမန်နေ့က အရီနာတိုက်ပွဲတွင် ပါဝင် ဆင်နွှဲအနိုင်ရခဲ့ခြင်းကြောင့် ကျောင်းတွင်ခေါ်ထားခြင်းဖြစ်ကြောင်းကို သိရလေသည်။ ဂျူးကူးလပ်စ်မှာ အမှန်တော့ ဖော်လ်ဂျန်အား မနာလို အားကျနေခြင်းသာဖြစ်ကြောင်းဟု ဘက်ဆီဒပ်စ်က ပြောပြခဲ့၏။

ဘက်ဆီဒပ်စ်သည် ပထမဦးစွာ ဖော်လ်ဂျန်အား ဆတ္တာသည် တစ်ဦးထံသို့ ခေါ်ဆောင်သွားကာ အမွေးအမှင်များကို သပ်ရပ်စွာပြုပြင်စေသည်။ ပြီးလျှင် အစားအသောက်ဆိုင်တွေသို့ ရောက်လာပြန် သည့်အခါ၌ နှစ်ယောက်သား စားသောက်ဖွယ်ရာများမှာကာ ဝမ်းဖြည့် ကြပြန်သည်။ သို့ရာတွင် တစ်ချိန်လုံး၌ ဘက်ဆီဒပ်စ်သည် မိမိအား မျက်ခြည်မပြတ်ကြည့်နေရာ "ဘာလဲ ကျုပ်ထွက်ပြေးသွားမှာကို စိုးရိမ် နေသလား"ဟု ဖော်လ်ဂျန်က မေးလိုက်မိသည်။

"မဟုတ်ပါဘူး.. တကယ်တော့ ကျုပ်ဟာ ခင်ဗျားကို ရေချိုးဌာန ရဲ့ တံခါးပေါက်မှာ ထားခဲ့ပြီး ပြန်ထွက်လာမှာကိုတောင် စောင့်မနေရ ဘူးလို့ အမိန့်နာခံရပါတယ်..."

"ဘယ်သူ့အမိန့်လဲ.."

"အုပ်ချုပ်ရေးမှူးရဲ့ အမိန့်ပဲပေါ့.. ဒီမှာဖော်လ်ဂျန် ကျွန်တော် ခင်ဗျားကို ပွင့်ပွင့်လင်းလင်း ပြောပါရစေ။ ခင်ဗျားဟာ ကောင်းကင်ကို ပျံတက်နေတဲ့ စွန်လိုဖြစ်နေရပြီ။ ကျွန်တော်လည်း ခင်ဗျားရဲ့အမြီးကို တွယ်ကပ်ပြီး လိုက်ပါရဖို့အခွင့်အရေးကို အရယူတော့မယ်.."

"ခင်ဗျားက ဘာကိုဆိုလိုတာလဲ..."

"ခင်ဗျားဟာ ရှုပ်ပွေလှတဲ့ အသိုက်အအုံ၊ ဒီ ရောမမြို့တော်ကြီးမှာ ချမ်းသာလာရတဲ့အခါမှာ ကျွန်တော့်နာမည်ကို မမေ့ဖို့ပါပဲ..."

❄

## အခန်း ငါး

( ၁ )

ရေချိုးဌာနကြီးကား ကျယ်ဝန်း၍မြင့်မားသော အဆောက်အအုံကြီးတစ်ခုဖြစ်ကာ ရှေ့ဘက်တွင် တောက်ပသော ကျောက်ဖြူသားများနှင့် မွမ်းမံတန်ဆာဆင်ထားလေသည်။ ဝင်ပေါက် ကြေး တောင်းခံနေကြသော အမှုထမ်းများက တစ်ဖက်တစ်ချက်တွင် ရပ်စောင့်နေသော မြင့်မားသည့် ပေါင်းကူးတံခါးကြီးကား အတွင်းသို့ဝင်ပေါက် ဖြစ်လေ၏။

ထိုတံခါးကြီးမှနေ၍ ဖော်လ်ဂျန်ကဝင်ခဲ့သည့်အခါတွင် ကြီးကျယ်ခမ်းနားလှစွာ ခြယ်လှယ်ပြင်ဆင်ထားလျက် မြင့်မားသော ကျောက်ဖြူတိုင်ကြီးများနှင့် ခန်းမကြီးတစ်ခုထဲသို့ ရောက်ရှိသွားရလေသည်။ ဖော်လ်ဂျန်မှာ တောသားပီပီ ကြီးကျယ်ခမ်းနားမှုကို ယောင်ချာချာလိုက်ကြည့်နေမိရာကပင် ရှေ့သို့ဆက်လျှောက်ခဲ့ရာ အမွှေးနံ့သာရေပန်းကြီးတစ်ခုသို့ရောက်လာရလျက် ရေပန်းကြီး၏ တစ်ဖက်မှာတော့ ရေးဟောင်းခေါမလူ့စွမ်းကောင်းကြီး သီးဆီဒပ်စ်က ဝင်္ကပါကြီးတစ်ခုထဲမှ ထွက်



ပေါက်ရှာနေပုံကို တောက်ပသောကျောက်သားများနှင့် ရုပ်လုံးဖော်ထားသော ကွက်လပ်ကြီးဆီသို့ ရောက်သွားရလေ၏။ ထိုရုပ်လုံးဖော်ချက်အတိုင်းပင် တောသားဖော်လ်ဂျန်မှာလည်း ရှေ့သို့ ဘယ်လိုဆက်သွားရမည်မသိဘဲ ယောင်ချာချာ ဖြစ်နေရလေ၏။

"ရေချိုးပြီးတော့ ခေါမသူငယ်လေးတစ်ယောက်ကို အလိုရှိပါသလားခင်ဗျာ"ဟု သူ့ဘေးမှ အဓိပ္ပာယ်ပြည့်ဝသည့် အသံတစ်ခုကပေါ်လာ၏။ "ငယ်ရွယ်ပျိုမြစ်တဲ့ လူငယ်လေးပါပဲ.."

"ကျုပ်ဟာ တောသားတစ်ယောက်ပါဗျာ.. ဒီလိုမြို့တော်ရဲ့စည်းစိမ်ခံစားမှုမျိုးကို နားမလည်သေးပါဘူး.."

"ဒီလိုဆို လေ့လာဖို့အချိန်တော်ပြီပေါ့၊ ခင်ဗျားဟာ ဒီလောက်ရှေးဆန်ရင်လည်း မိန်းမတစ်ယောက်ယူမလား"

"ကိုယ်လက်လှုပ်ရှားကစားခန်းက ဘယ်မှာလဲ..."

"မင်းခြေထောက်ကို အသုံးပြုပြီးရှာပေတော့...တောသား.."

ဘေးမှကပ်၍ ဆွယ်နေသူက အထင်သေးစွာပြောပြီး ထွက်သွားတော့ရာ ၎င်း၏အကြံပေးချက်အတိုင်း ဖော်လ်ဂျန်သည် ကိုယ့်ခြေထောက်ကိုသာ အသုံးပြုကာ ခြေဦးတည့်ရာသို့ ဆက်လျှောက်ခဲ့ရလေသည်။ ရောမလူမျိုးတွေ၏ စည်းစိမ်ခံရာ နေရာတစ်ခုဖြစ်သော ရေချိုးဌာနကြီးကား ဆွဲဆောင်မှုအမျိုးမျိုးတွေနှင့် ပြည့်စုံနေ၏။ အနုပညာခန်းမကြီးတစ်ခုသို့လည်းကောင်း၊ ဝိုင်အရက်အရောင်းဌာနတစ်ခုသို့လည်းကောင်း၊ အသီးအနံ့ရေမွှေးနံ့သာများနှင့် စာအုပ်များရောင်းသောဆိုင်တန်းကြီးတစ်ခုသို့လည်းကောင်း ဖော်လ်ဂျန်က ရောက်ရှိသွားရလေ၏။ သူသည် အေးအေးဆေးဆေးပင် လျှောက်ခဲ့ရာတွင် နောက်ဆုံးတော့ သူ ရှာဖွေနေသော ကိုယ်လက်လှုပ်ရှား ကစားခန်းသို့ ရောက်လာရလေသည်။

ထိုအခန်းထဲတွင် လူငယ်လူကြီး အမြောက်အမြားပင် ခုန်ပေါက်ပြေးလွှား ကစားနေကြလေသည်။ ဖော်လ်ဂျန်မှာတော့ ကစားဖော်မရှိ

ရကား သားရေခွေတစ်ခုကိုယူပြီး လိုမ့်နေလိုက်၏။ ချေးသံထွက်ကာ သွေးပူလာသည့်အခါတွင် သူသည် အင်္ကျီကိုချွတ်ပြီး ခါးဝတ်ကိုဖယ်ရှားလိုက်သည်၌ သူ့အနားတွင်ရှိသော အသားပျော့ဖပ်ဖပ်နှင့် လူကြီးတစ်ဦးက ၎င်း၏မိတ်ဆွေအား လက်တို့၍ နောက်ပြောင်လိုက်လေသည်။

"ဒီမှာပေါလပ်စ်၊ ခင်ဗျားမှာ ဒီသူငယ်ရဲ့ ကိုယ်ခန္ဓာမျိုးရှိရင်တော့ ခင်ဗျားမိန်းမဟာ အိမ်ကပ်နေမှာပဲ.. ဟားဟား.."

ထိုလူ၏ ပြက်လုံးကြောင့်ရယ်သံတွေ ဆူညံသွားသော်လည်း၊ ဖော်လ်ဂျန်သည် ၎င်းတို့အား ဂရုမစိုက်ဘဲ ခွေကိုသာ ဆက်လိုမ့်နေ၏။ ချေးတွေက တဒီးဒီးကျနေပြီဖြစ်ရာ မကြာမီမှာပင် သူသည်ရေချိုးကန်ထဲသို့ဆင်း၍ အားရပါးရကြီး ရေစိမ်နေလိုက်တော့မည်ဟု စိတ်ကူးလိုက်မိစဉ်၌ ရုတ်တရက်လူတစ်ယောက်က သူလိမ့်လာသောခွေကို ခြေတစ်ဖက်နှင့်ထိုးခံလိုက်ရကား၊ အခန်းဘေးသို့ထွက်သွားသော စင်္ကြံတစ်ခုထဲသို့ လိမ့်ဝင်သွားလေ၏။ ထိုလူကား အဆင့်အတန်းမြင့်သော အမှုထမ်းတစ်ဦး ဖြစ်ဟန်တူလေသည်။

"ခင်ဗျား ဘာလို့ဒီလိုလုပ်ရတာလဲ"ဟု ဖော်လ်ဂျန်က မေးလိုက်လျှင် ထိုလူကခွေကို မိမိကူညီရှာပေးမည်ဟုပြောပြောဆိုဆို ခွေလိမ့်ဝင်သွားသော စင်္ကြံထဲသို့ နှစ်ယောက်သား အတူတကွ ဝင်ခဲ့လေသည်။ ဖော်လ်ဂျန်လည်း မတော်တဆဖြစ်ရသော ကိစ္စတစ်ခုမဟုတ်မှန်းကို ရိပ်စားမိကာ၊ ၎င်းနောက်သို့ လိုက်ခဲ့သည်တွင် ထိုလူက ကြမ်းပေါ်သို့ ကျနေသော ခွေကို ဂရုမစိုက်ဘဲ ဖော်လ်ဂျန်အား အခန်းတံခါးတစ်ခုရှေ့သို့ ခေါ်ဆောင်သွားကာ တံခါးကိုတခေါက်ခေါက်ခေါက်လိုက်လေသည်။ တံခါးကို မိန်းမတစ်ယောက်က ဖွင့်ပေးလိုက်ပြီးနောက် ထိုလူက ဖော်လ်ဂျန်ကို ခေါ်လာပြီဟု ပြောပြောဆိုဆို တံခါးဝထဲသို့ တွန်းပို့လိုက်လေ၏။ ဖော်လ်ဂျန်က အခန်းထဲသို့ဝင်ခဲ့ရာတွင် ထိုလူသည် ပြန်၍ လှည့်ထွက်သွားလေတော့သည်။



မိမိသည် စည်းစိမ်ရှိရှိ ပြင်ဆင်ခင်းကျင်းထားသော အဝတ်လဲခန်းမကြီးတစ်ခု၏ အပြင်ခန်းတွင် ရောက်ရှိနေရကြောင်းကို ဖော်လ်ဂျန်က တွေ့ရလေသည်။ ရေမွှေးနံ့သာနံ့များနှင့် သံလွင်ဆီနံ့တို့သည် ရောထွေးပျံ့နှံ့လျက်ရှိကာ ရေသံကို ကြားနေရခြင်းဖြင့် ရေချိုးကန်တစ်ခုသည် မနီးမဝေး၌ရှိနေကြောင်းကို ရိပ်မိလိုက်လေသည်။ သူ့ရှေ့က လျှောက်သွားသော ကျွန်မနောက်မှ ဖော်လ်ဂျန်က လိုက်ခဲ့ရာတွင် အခြားသော ခန်းဆောင်တစ်ခုအတွင်းသို့ ရောက်သွားကြရလေသည်။ ထိုခန်းဆောင်မှနေ၍ လှေကားထစ်အနည်းငယ်ကို ဆင်းခဲ့ကြရပြန်ပြီးနောက် တံခါးပေါက်တစ်ခုထဲသို့ ဝင်ခဲ့ကြရပြန်လျှင် ရေချိုးကန်ကြီးရှိရာ အဆောင်ထဲသို့ ရောက်သွားရလေတော့သည်။

ကျွန်မတစ်စုတို့သည် ကိုယ်သုတ်ပဝါကြီးများနှင့် အခြားသော အသုံးအဆောင်များကို အဝတ်လဲခန်းထဲသို့ ယူဆောင်သွားနေလေကြသည်။ ဖော်လ်ဂျန်အား ခေါ်ဆောင်လာသူ ကျွန်မကမူတစ်ဆင့် ဖော်လ်ဂျန် ၏နာမည်ကို တစ်ယောက်ပြီးတစ်ယောက် သယ်ဆောင်သွားကြရာ အဝတ်လဲခန်းတံခါးတွင် စောင့်နေသော ကျွန်မထံ ရောက်ရှိသွားရပြီးနောက် မကြာခင်မှာပင် အခန်းထဲမှ အမျိုးသမီးတစ်ဦး ထွက်လာလေတော့သည်။

( ၂ )

သူမကိုတွေ့ရလျှင် ဖော်လ်ဂျန်မှာ အံ့သြသွားမိလေတော့သည်။ အကြောင်းမူ အမျိုးသမီးမှာ ဘုရင့်မယ်တော် အဂ္ဂရိပီနာမိဖုရားကိုယ်တိုင် ဖြစ်နေသောကြောင့်တည်း။ သူမမှာ အသက် ၄၀ ကျော်ခဲ့ပြီဖြစ်သည့်တိုင် ကိုယ်လုံးကိုယ်ပေါက်ကတော့ တောင့်ခိုင်ပြေပြစ်ဆဲသာရှိနေသေးသည်။ အဂ္ဂရိပီနာသည် ဖော်လ်ဂျန်အား ခေတ္တမျှ ရှုစားနေလိုက်ပြီးမှ မေးခွန်းတစ်ခု ထုတ်လိုက်လေသည်။

"မောင်မင်း ရေချိုးပြီးပြီလား..."

"မချိုးရသေးဘူး..."

"ဒီလိုဆိုရင် ငါနဲ့လိုက်ခဲ့.."

သူတို့နှစ်ယောက်သည် နံ့သာရေချိုးကန်ကြီးရှိရာ အဆောင်ထဲသို့ အတူတကွ ဝင်ခဲ့ကြလေသည်။ ရောမမြို့တော်အဖို့ ရေချိုးကန်အတွင်း ဝယ် ယောကျ်ားနှင့် မိန်းမ ရေချိုးကြခြင်းမှာ ထုံးစံဖြစ်နေသော်လည်း တောမှာကတော့ ထိုသို့မဟုတ်ချေ။ ထို့ကြောင့်လည်း တောသားဖြစ်သော ဖော်လ်ဂျန်မှာ အဂ္ဂရီပီနာ မိဖုရားကြီးကို ကိုယ်လုံးအတိုင်းပင် တွေ့လိုက်ရသည့်အခါ၌ သွေးက ဆူပွက်လာရလေတော့သည်။

ပြီးလျှင်ကား အဂ္ဂရီပီနာသည် ချိုးရေကန်ထဲသို့ လှေကားထစ်များအတိုင်း ဆင်းလာလေတော့ရာ ဖော်လ်ဂျန်သည် သူမ၏ဝမ်းဗိုက်သားတွင် မီးဖွားရခြင်း၏ ဒဏ်ချက်ဖြစ်သော အကြောပြတ်နေသည့် ကန့်လန့်ဖြတ်အဖြူစင်းကြီးများကို ရုတ်တရက်တွေ့လိုက်ရလေသည်။ ဤအဖြူစင်းကြီးကား လူတိုင်းက စက်ဆုပ်ကြောက်ရွံ့နေကြရသော နီရိုဘုရင် မင်းဆိုးမင်းညစ်ကိုမွေးဖွားပေးခဲ့ရစဉ်က ခံစားခဲ့ရသော ဒဏ်ချက်များပင် ဖြစ်ကြပေသည်ဟု တွေးလိုက်မိသော ဖော်လ်ဂျန်မှာ ဤမိန်းမအပေါ်တွင် တပ်မက်နေမိသော စိတ်ဆန္ဒတွေက တစ်ခါတည်း ပျောက်ကွယ်သွားရလေတော့၏။

"မင်းအဝတ်တွေကို ချွတ်လိုက်လေ၊ တို့ ရေချိုးကြမယ်"

ဖော်ဂျန်လည်း အဂ္ဂရီပီနာ၏ အမိန့်ကိုနာခံကာ သူ၏ ခါးတောင်းကျိုက်ကိုဖြေလျက် ဖယ်ရှားပစ်လိုက်ရလေသည်။ ရေချိုးကန်ထဲတွင် ရောက်နှင့်နေပြီဖြစ်သော အဂ္ဂရီပီနာကတော့ ဖော်ဂျန်အား မော့ကြည့်နေမိ၏။ သူမကား အသက် ၄၀ ကျော်ပြီဖြစ်သည့်တိုင် ရမ္မက်ဆန္ဒ ပြင်းပြတုန်းပါကလားဟု ဖော်ဂျန်က တွေးလိုက်မိလေသည်။

"မောင်မင်းကိုယ်ကာယက တောင့်တင်းလှပပါပေတယ်။ ဒါပေမယ့် ကိစ္စတွေက ရှုပ်လာလိမ့်မယ်ကွယ့်" အဂ္ဂရီပီနာက တစ်လုံးချင်း



ပြောပြလိုက်လေသည်တွင် ဖော်ဂျန်မှာ မျက်နှာမထားတတ်ဘဲ ရေချိုးကန်ထဲသို့ ဆင်းလာခဲ့ရလေ၏။

"ဒီလိုစုံတွဲ ရေချိုးရတာဟာ အကျိုးရှိသကွယ့်။ ရေချိုးရင်းနဲ့ အောလူ မကြားနိုင်မယ့် စကားတွေကိုပြောနိုင်တယ်၊ နားထောင်နိုင်တယ်။ နံရံတွေမှာ မျက်လုံးတွေရှိနေသကွယ့်။ ရောမမြို့တော်မှာဆိုရင်တော့ ကြားနိုင်တဲ့ နားတွေတောင်ရှိကြပါကလား။ ဖော်လ်ဂျန်... မောင်မင်းကို အရီနာတိုက်ပွဲမှာတုန်းက မဖုရားက ဘာပြုလို့ကယ်တင်ခဲ့တယ်ဆိုတာကို သိသလား"

"ကျွန်တော်မျိုးကို လက်ရုံးဇာနည်တစ်ယောက်အနေနဲ့ လေ့ကျင့်ပေးစေဖို့လို့ သိရထားပါတယ်"

"အေး...လူတွေကတော့ ဒီလိုပဲထင်ကြပါစေပေါ့။ တကယ်မှာတော့ မောင်မင်းကို ငါ ကယ်တင်ခဲ့တာဟာ မောင်မင်းဟာ အသတ်ခံရခါနီးမှာတောင် အသနားမခံခဲ့တဲ့ စိတ်ဓာတ်ကြောင့်ပဲ။ အသက်ချမ်းသာရာပေးဖို့ အသနားခံတာဟာ ထုံးတမ်းစဉ်လာကြီး တစ်ရပ်ပဲကွယ့်။ ဒါကို မောင်မင်းက ငြင်းပယ်လိုက်တာဟာ အဖိုးတန်တဲ့ အရည်အချင်းကြီးပဲ။ မောင်မင်းဟာ အားမတန်တောင် မာန်မလျှော့ခဲ့ဘူး။ ဒီတော့ မောင်မင်းဟာ မဖုရားအတွက် အမှုထမ်းဖို့ မဖုရား လိုလားတော်မူတယ်"

"ဘယ်လိုအမှုထမ်းရမှာလဲ ဘုရား..."

"သူလျှိုတစ်ယောက်အနေနဲ့ပေါ့ကွယ်...တကယ့်သူလျှိုကြီး တစ်ယောက်အနေနဲ့တော့ မဟုတ်ပါဘူး။ ငါ့မှာ ဒီလိုလူတွေက အများကြီးရှိနေပြီ။ အခုအချိန်မှာဆိုရင် ပိုလို့သာ ဒီလူတွေကို လိုအပ်နေရတယ်ကွယ့်။ သူလျှိုတွေဆိုတာဟာ ငါ့လိုဘဝမျိုးမှာ မရှိမဖြစ်တာတွေပေါ့ကွယ်။ ငါ့ရန်သူတွေဟာ အမြဲမပြတ်ဘဲ ငါ့ကိုအဆိပ်ခတ်ဖို့ ကြံစည်ကြိုးစားနေကြတာကလား...ဒီတော့ ငါ့မှာ အဆိပ်ဖြေဆေးတွေကို အမျိုးမျိုး လိုက်လံစုံစမ်းခိုင်းထားရတော့တာပဲ"

"မဖုရားကို ဘယ်သူကများ အဆိပ်ခတ်ဝံ့မှာလဲ..."ဟု ဖော်လ်ဂျန်က မယုံကြည်နိုင်ဘဲ မေးလိုက်မိရာတွင် အဂ္ဂရိပီနာက ခပ်သဲ့သဲ့ပြုံးလိုက်လေသည်။

"သြော်.. ဖော်လ်ဂျန် မောင်မင်းဟာ တော်တော် ရိုးအတာပါပဲကလား၊ အေး ဒီလို ရိုးအမှုနဲ့အတူ မောင်မင်းမှာ ဖြောင့်မှန်မှုရှိနေလိမ့်မယ်လို့လည်း ငါ မျှော်လင့်မိပါရဲ့ကွယ်..ကိုယ်ကျင့်တရားဆိုတာဟာ အခုခေတ်မှာတော့ အင်မတန်ရှားပါးလှတဲ့ ပစ္စည်းတစ်ရပ် ဖြစ်နေရတော့တာပဲ။ ကိုယ်ကျင့်တရားဆိုတဲ့ ပစ္စည်းဟာ ရှားပါးလှသည်နှင့်အမျှ ပပ်ကြားအက်ကလေး တစ်ခုလောက်ပေါ်လာရင် တခါတည်း ပြန်မရနိုင်အောင် စီးထွက်သွားတော့တာကလား.. ငါ့မှာ ကိုယ်ကျင့်တရားဆိုတာ ဘယ်တုန်းကမှ မရှိခဲ့တော့ ကိုယ်ကျင့်တရားအကြောင်းကို ကောင်းကောင်း သိထားနေတာပေါ့..."

အဂ္ဂရိပီနာသည် ထိုသို့ပြောဆိုပြီး နောက်ကွယ်နားတွင် ရပ်နေသော ကျွန်မတစ်ယောက်အား လက်ယပ်ခေါ်လိုက်ရာ သူမသည်ဝတ်ရုံကြီးကို ယူဆောင်လာလေသည်။ ရေချိုးကန်ထဲမှ တက်သွားပြီးနောက် အဂ္ဂရိပီနာသည် ဖော်လ်ဂျန်အား အခြားရေအေးကန်တစ်ခု၌ ဆက်လက်ရေချိုးရန် ခွင့်ပေးလိုက်ကာ ရေချိုးပြီးသည့်အခါတွင် မိမိ၏အဝတ်လဲတော်အခန်းဆောင်သို့ လိုက်လာရန် မှာကြားခဲ့လေသည်။

အဂ္ဂရိပီနာနှင့် အတူချိုးခဲ့ရသောရေမှာ ပူနွေးလှသည့်အတွက် မနေတတ်မထိုင်တတ် ဖြစ်နေခဲ့သော ဖော်လ်ဂျန်မှာ ရေအေးချိုးရေကန်ထဲသို့ ကူးပြောင်းလျက် ပြန်လည်လန်းဆန်းလာသည်အထိ ရေစိမ်နေမိရာကပင် မိဖုရားအမိန့်ရှိသွားသည့် စကားတွေကို ပြန်လည်စဉ်းစားနေမိလေသည်။ ခေတ္တကြာလျှင် ကိုယ်ရံတော်လုလင်တစ်ဦးက ပေါ်ပေါက်လာသဖြင့် ဖော်လ်ဂျန်လည်း ရေချိုးကန်ထဲမှ တက်ခဲ့ရလေသည်။ ၎င်း ယူဆောင်လာသော အဝတ်သစ်များကို ဝတ်ဆင်ပြီးသည့်



နောက် ထိုလုလင်ကပင် အဂ္ဂရိပီနာ၏ ဝတ်လဲတော်အခန်းသို့ လမ်းပြခေါ်ဆောင်သွားခဲ့လေ၏။

အဂ္ဂရိပီနာမှာ ညောင်စောင်းတစ်ခုပေါ်တွင် မှောက်လျက်သားလဲလျောင်းနေရာမှ မောင်းမတစ်ဦးက သူမ၏ကျောပြင်ကို နှိပ်နယ်ပေးနေသည်။

"ထိုင် ဖော်လ်ဂျန်၊ အခစားလုလင်ကိုတော့ ပြန်လွှတ်လိုက်တော့။ ပီလျှာ ငါနဲ့ ဖော်လ်ဂျန်အနားမှာ ငါ့ရဲ့အယုံကြည်ရဆုံး မောင်းမကိုသာ အလိုရှိတယ်"ဟု အဂ္ဂရိပီနာက သူမ၏ မောင်းမမိန်းမပျိုကို ညွှန်ကြားလိုက်ရာ မောင်းမ၏မျက်နှာကို အသေအချာစိုက်ကြည့်လိုက်ပြန်၏။

"မင်းဟာ ငါ့ရဲ့အယုံကြည်ရဆုံး မောင်းမ ဟုတ်ရဲ့လားကွယ့်.."

ပီလျှာခမျာကား ချက်ချင်းပင်မျက်နှာ၌ သွေးဆုတ်သွားရှာ၏။

"ကျွန်တော်မက မဖုရားရဲ့ သစ္စာတော်ကိုအမြဲပဲ ကျိုးနွံစောင့်သိခဲ့ပါတယ်ဗျ"

အဂ္ဂရိပီနာလည်း ဖော်လ်ဂျန်ဘက်သို့ လှည့်ကြည့်လိုက်ပြန်၏။

"မောင်မင်းကို နီရိုအကြောင်းနဲ့ ပတ်သက်လို့ ပြောချင်တယ်ကွယ့်"

( ၃ )

နီရို၏အမည်ကို ပြောလိုက်ရလေသည်၌ အဂ္ဂရိပီနာမှာ အခြားသောမိန်းမတစ်ယောက်အဖြစ်သို့ ပြောင်းလဲသွားရလေသည်။ မိမိကိုယ်မိမိ လောကကြီးအကြောင်း အရည်လည် စိတ်ချထားမှုသည် ချက်ချင်းပင် ပျောက်ကွယ်သွားကာ သူမသည် ချစ်မြတ်နိုးသော သားအတွက် စိတ်မချမ်းသာ ဖြစ်နေရသော မိခင်တစ်ယောက်သာ ဖြစ်လာရလေတော့သည်။

"နီရိုနဲ့ပတ်သက်လို့ မကောင်းသတင်းတွေကို မောင်မင်း ကြားထားရပြီးမှာ ယုံမှားစရာမရှိပါဘူး။ ဒါပေမဲ့ ဒါတွေကို မောင်မင်းခေါင်း

ထဲက နှုတ်ပယ်ပစ်လိုက်ပါ။ ဒါမှ မဖုရားက ကြိုးပမ်းအားထုတ်နေရတာတွေကို မောင်မင်းက နားလည်နိုင်ပြီး မဖုရားရဲ့ ရည်မှန်းဆန္ဒများကို မောင်မင်း ကရုဏာသက်လာနိုင်လိမ့်မယ်ကွယ့်”

မောင်းမ ပီလျှာသည် အဂ္ဂရိပီနာ၏ ရင်အုံများကို အမွှေးနံ့သာများလိမ်းခြယ်ပေးနေရာ ရေချိုးကန်ထဲတွင် ပျောက်ကွယ်သွားခဲ့ရသော ဖော်လ်ဂျန်၏ ရမ္မက်ဆန္ဒများသည် ရုတ်တရက် ပြန်လည်နိုးကြားထကြွလာရလေ၏။ ဒါကိုရိပ်မိဟန်တူသော အဂ္ဂရိပီနာက ခပ်ဆတ်ဆတ်ကလေး အမိန့်ပေးလိုက်ပြန်၏။

“ကာမဂုဏ်ခံစားစိတ်တွေကိုလည်း မောင်မင်းရဲ့ ခေါင်းထဲက ဖျောက်ပစ်ပေးလိုက်စမ်း ဖော်လ်ဂျန်၊ နို့မဟုတ်ရင် ကိစ္စက ပိုရှုပ်လာရလိမ့်မယ်။ မောင်မင်းကို မဖုရားပြောထားပြီးပြီ မဟုတ်လား။ ပြီးတော့လည်း ငါဟာ မျိုးရိုးနိမ့်ကျတဲ့ ယောကျ်ားတွေနဲ့လည်း ကာမဂုဏ်မခံစားချင်တဲ့စိတ်ကလည်း ရှိနေသေးလေရဲ့”

ဖော်လ်ဂျန်ကလည်း တောင်းပန်သည့် အမူအရာနှင့် ဦးခေါင်းကို ညွှတ်ပြလိုက်ရလေသည်။

“မဖုရားရဲ့ သားတော်ဟာ ကလေးဘဝတည်းကပဲ မဖုရားဆီက အတင်းခွဲခွာယူဆောင်သွားပြီး ပစ်ပယ်ထားခြင်းကို ခံခဲ့ရရှာတယ်။သားတော်ကိုပြန်ရဖို့ ငါဟာ အတင်းအဓမ္မကြိုးစားခဲ့ရပြီး နောက်ကျတော့ ပြန်ရခဲ့တယ်။ သူ့ကို ငါဟာ ကြီးကျယ်မြင့်မြတ်တဲ့ အဖြစ်တွေအတွက် ကြိုတင်သွန်သင်ပြင်ဆင်ပေးခဲ့တယ်။ သူ့ကို ရောမအင်ပိုင်ယာကြီးရဲ့ ဧကရာဇ်ဘုရင်ကြီး ဖြစ်လာရအောင် ငါကပဲ ဖန်တီးပေးခဲ့ရတယ်။ ငါသာမရှိရင် နီရိုဟာ တိမ်မြုပ်ခဲ့ရမှာပဲ။ လုပ်ကြံသူလက်ချက်နဲ့ သေရင်တောင် သေခဲ့ရမှာပဲ။ သူ့အခုလို အထွတ်အထိပ် ရောက်ခဲ့ရတာဟာ သူ့မယ်တော် ငါ့ရဲ့ကျေးဇူးကြောင့်ပဲ”

အဂ္ဂရိပီနာသည်လှုပ်ရှားထကြွလာသောစိတ်ဓာတွေကိုပြန်လည်ထိန်းသိမ်း တည်ငြိမ်လာစေပြီး နောက်မှဆက်လက်၍ မိန့်မြွက်ပြန်၏။



“နီရိုဟာ သူငယ်ကလေးဘဝတုန်းကဆိုရင် အတွင်းရေးအပြင်ပါ သန့်စင်ခဲ့ပါတယ်။ ဒီလိုဖြစ်ရအောင် ငါကဂရုစိုက် အုပ်ထိန်းခဲ့တယ်။ သူ ငယ်စဉ်ကစပြီး သူ့ကို သွန်သင်ဆုံးမမယ့် ဆရာနှစ်ဦးကို ငါကိုယ်တိုင် ရွေးချယ်ပေးခဲ့တယ်။ နန်းတွင်းကိုယ်ရံတော်တပ်မှူးကြီး ဘားရပ်စ်ဟာ နီရိုရဲ့ စည်းကမ်းသေဝပ်မှုနဲ့ လက်တွေ့အတတ်ပညာ ဆည်းပူးရေး သင်ဆရာ ဖြစ်ခဲ့ရတယ်။ အဘိဓမ္မာဆရာ ဆီနီကာကတော့ အသိပညာ ညွှန်ပြတဲ့ဆရာ ဖြစ်ခဲ့ရတယ်။ အဲဒီတုန်းကဆိုရင် နီရိုဟာ တေးဂီတနဲ့ အနုပညာကို အင်မတန်မှ ခုံမင်မြတ်နိုးခဲ့တယ်။ သူဟာ နာကျင်မှုဝေဒနာကို အင်မတန်စက်ဆုပ်လှလေတော့ အဆိုးဝါးဆုံး ရာဇဝတ်ကောင်တွေကို အပြစ်ပေးရဖို့ကိုတောင် အင်မတန်မှ ဝန်လေးခဲ့တယ်။ ရက်စက်ကြမ်းကြုတ်တဲ့ ဥပဒေဟောင်းတွေကို သူက ပြင်ပေးခဲ့တယ်။ သူဟာ ကောင်းမြတ်မှုကို ခုံမင်ပြီး ပြည်သူလူထုကို ချမ်းသာပျော်ရွှင်စေခဲ့တယ်။ နောက်ကျတော့မှသာ..”

အဂ္ဂရိပီနာ၏အသံသည် ဤနေရာတွင်မာကျော၍ လာလေကော့သည်။

“နောက်ကျတော့မှသာ နီရိုဟာ ငါနဲ့ တစ်စတစ်စ ကင်းကွာလာလေတော့တယ်။ သူဟာ ရောမအင်ပိုင်ယာကြီးရဲ့ အရှင်သခင် ဖြစ်လာရတာမှာ ယစ်မူးလာပြီး သူ့ရဲ့သင်ဆရာဟောင်းကြီးတွေကို ပစ်ပယ်လိုက်တော့တယ်။ ဘားရပ်စ်ကို သူက လုံးဝလျစ်လျူရှုထားပြီး ဆီနီကာကို သူက ယောတဲ့အတိုင်း မကျင့်နိုင်တဲ့စကားအိုးတစ်ယောက်လို့ ခေါ်ပြီး ပြောင်လှောင်ရှုတ်ချခဲ့တော့တယ်။ နီရိုအတွက် ငါက ဆောက်တည်ကာရံပေးခဲ့တဲ့ အကျင့်သိက္ခာနံရံကြီးဟာ သူရလာတဲ့ မိတ်ဆွေသစ်တွေ၊ မြှောက်ပင့်သမားတွေရဲ့ တိုက်ခိုက်မှုနဲ့ ပြိုကျလာရတော့တာပဲ။ ကိုယ်ကျင့်တရား ပျက်ပြားနေတဲ့ အောက်သိုးရွံ့စရာကောင်းတဲ့ ဖက်ခွက်စားလူပြက်လူရွှင် ဒါရင်တို့လို လူတွေနဲ့သာပေါင်းပြီး ငါ့ရဲ့ ချစ်မြတ်နိုးဖွယ်ရာ သားတော်ဟာ ဒုစရိုက်မှုတွေကိုသာ လိုက်လံရှာဖွေ ကျင့်သုံးလာခဲ့

တယ်။ ဒီအပေါင်းအသင်းတွေနဲ့အတူ သူဟာ ရုပ်ဖျက်ပြီး လူဆိုးလူပေလိုပဲ မြို့ထဲကလမ်းတွေမှာ ရှောက်ရမ်းတတ်တဲ့အကျင့်ဆိုးကြီးကို ရလာတယ်။ ဒါတင်မကဘူး။ သူ့ရဲ့မိခင်အရင်းခေါက်ခေါက်ဖြစ်တဲ့ ငါ့ကိုတောင် သူ့နန်းကိုလုဖို့ ကြံစည်နေတယ်လို့ စွပ်စွဲလာရက်တော့တာပဲ..."

"မှန်ပါ၊ သားတစ်ယောက်နဲ့တောင် မတူပါဘုရား"ဟု ဖော်လ်ဂျန်က ဝင်၍ ထောက်လိုက်လေသည်။

"အေး၊ နို့ပေမယ့် မကောင်းဆိုးဝါး အပေါင်းအဖော်တွေဟာ မိဘ နောင်ကြိုးကို အမြန်ဆုံးဆွေးပြတ်စေတတ်ကြတာကလားကွယ့်။ အခုလက်ရှိအခြေအနေရဲ့ အဓိကဟာတော့ နီရိုဟာ ပေါ်ပေယာဆိုတဲ့ မိန်းမဆိုးကို တပ်မက်နေပြီး ပေါ်ပေယာဟာ နီရိုရဲ့ စွဲမက်မှုကို အသုံးပြုလို့ ငါ့အပေါ်မှာ နီရိုက မုန်းလာရအောင် ပင့်ကော်ရန်တိုက်ပေးနေတာပါပဲ။ ဒီမိန်းမယုတ်က ရောမနိုင်ငံကြီးရဲ့ ဧကရီဖြစ်လာရမှာ ငါ့အတွက် ဘယ်နည်းနဲ့မှ ခွင့်မပြုနိုင်မယ့် အကြောင်းကြီးတစ်ခုပဲ ဖော်လ်ဂျန်။ ဒီမိန်းမဟာ နီရိုရဲ့ ဆိုးသွမ်းစိတ်ဓာတ်တွေကို မြှောက်ပင့်နှိုးဆွပေးနိုင်တာမို့ နောက်ဆုံးမှာ နီရိုဟာ ရှုံ့ရှာစက်ဆုပ်ခြင်း ခံရပြီး ပျက်စီးရမှာပဲကွယ့်။ ဒီတော့ ငါ့သားတော်အပေါ်မှာ သက်ရောက်နေတဲ့ ပေါ်ပေယာရဲ့ သြဇာစက်ကွင်းကို အချိန်မီ ဖျက်ဆီးပေးရလိမ့်မယ်ကွယ့်..."

"ဘယ်လိုဖျက်ဆီးပစ်နိုင်မှာလဲ မဖုရား.."

"ဧကရီ အော့တေဗီယာ့က တစ်ဆင့်ပေါ့ကွယ်။ နီရိုဟာအော်တေဗီယာ·ရှိနေသရွေ့ ပေါ်ပေယာကို ဧကရီမြှောက်နိုင်မှာ မဟုတ်ဘူး။ ကုသိုလ်ကံကောင်းတာက အော်တေဗီယာဟာမိန်းမကောင်းမိန်းမမြတ်တစ်ဦးဖြစ်ရုံသာမကဘူး၊ ပြည်သူလူထုရဲ့ ချစ်မြတ်နိုးမှုကိုလည်း ခံယူနေရတာကလား။ ပေါ်ပေယာနဲ့ သူ့ရဲ့စက်ဆုပ်စရာ မြင်းမွေးသမားကြီးရာပါ တိဂျဲလိနပ်စ်တို့က ဘယ်လိုပဲကြံကြံ အော်တေဗီယာဟာ ဧကရီအဖြစ်နဲ့ တည်မြဲနေရအောင် တို့ကကြံဆောင်အားထုတ်ပေးရလိမ့်



မယ်ကွယ့်။ ဟဲ့ပီလျှာ ငါ့ဝတ်ရုံတော်ပေးစမ်းလေ။ နင်ဟာ ဒီကနေ့တယ်ပြီး နေးနေးကွေးကွေးနိုင်လှပါလား။ ဘာလဲနင်က ငါပြောတဲ့စကားတွေကို သိပ်စိတ်ဝင်စားနေတယ်ထင်ပ.. ဟုတ်စ..."

အဂ္ဂရိပီနာသည် သူမ၏ ဗလာကိုယ်ပေါ်၌ အဝတ်တန်ဆာများကို တစ်ခုချင်းပြန်ဆင်မြန်းပေးနေသော မောင်းမပီလျှာကို ရုတ်တရက် ငေါက်ငမ်းလိုက်ခြင်းဖြစ်သည်။

"ကျွန်တော်မ နားမထောင်ရပေါင် မဖုရား..."ဟု ပီလျှာက ကြောက်ကြောက်ရွံ့ရွံ့ပြန်ဖြေကာ·အဂ္ဂရိပီနာ၏ကိုယ်တွင် ဝတ်ရုံတော် ခြုံပေးလိုက်လေ၏။

"ဒီတော့ မောင်မင်းဟာ အော်တေဗီယာဆီမှာ ခစားပြီး အိမ်စောင့်ခွေးသဖွယ် စောင့်ရှောက်ကာကွယ်ပေးဖို့ မဖုရားက လိုလားတော်မူတယ်ကွယ့်။ အော်တေဗီယာရှေ့မှာ ဖြစ်ပျက်သမျှနဲ့ သူ့ဆီကိုဘယ်သူတွေ လာတယ်ဆိုတာကို မောင်မင်းရဲ့ မှတ်ဉာဏ်ထဲမှာ မှတ်သားထားရမယ်။ ခင်းကိုယ်မင်းတော့ လူအ လူထိုင်းကြီးတစ်ယောက်လို နေထိုင်ရမယ်။ အော်တေဗီယာကလွဲလို့ ဘယ်သူ့ကိုမှလည်း မယုံကြည်နဲ့။ ပြီးတော့ ငါ့ဆီကို မကြာခဏလာပြီး အစီရင်ခံရမယ်....'

"မှန်လှပါ ဒါပေမဲ့ အော်တေဗီယာမဖုရားက ကျွန်တော်မျိုးကို လက်ခံပါ့မလား မဖုရား.."

"ဒါကို ကိုယ်ရံတော်တပ်မှူးကြီး ဘားရပ်စ်က စီစဉ်ထားပါပြီကွယ့်"

မောင်းမလေးပီလျှာသည် အဂ္ဂရိပီနာ၏ခါးတွင် ခါးပတ်ပတ်ဆင်ပေးလိုက်ပြီးနောက် နားတောင်းတပ်ဆင်ပေးမည်ပြုစဉ် အရှင်သခင်မက ခတ်ပြတ်ပြတ် အမိန့်ပေးလိုက်လေ၏။

"တော်ပြီ ငါ့ရဲ့အခစားလုလင်ကို ခေါ်လိုက်စမ်း.."

ပီလျှာက တံခါးဆီလျှောက်သွားကာ အပြင်ထွက်တော့မည်ပြုစဉ် အဂ္ဂရိပီနာက ခပ်ဆတ်ဆတ်လှမ်း၍ အမိန့်ပေးလိုက်ပြန်၏။

"သူ့ကို ခေါ်ရုံသာခေါ်ပါ။ နင် အခန်းထဲက ထွက်မသွားနဲ့.."

မင်းခစားလုလင်ရောက်လာပြီး သူမအား ကိုင်ဆောင်လာသော လုံတံနှင့် အလေးပြုလိုက်ပြီးသည့်နောက်တွင် အဂ္ဂရိပီနာသည် တဆတ်ဆတ်တုန်ယင်နေသော ပီလျှာအား ညွှန်ပြလိုက်လေသည်။

"ငါ့မောင်းမဟာ အရေးကြီးတဲ့ စကားတွေကိုကြားခဲ့ရပြီ။ သူဟာ သူလျှိုတစ်ယောက်ဆိုတာကိုလည်း ငါ သိထားရပြီးလေတော့ သူ့ကို ဒီအတိုင်းလွှတ်ထားလို့ စိတ်မချရတော့ဘူး။ သူ့ကို ရေပုကန်ထဲမှာ နှစ်ပြီးသုတ်သင်လိုက်ပေတော့..."

"အမယ်လေး မဖုရား၊ ကျွန်တော်မကို ချမ်းသာပေးတော်မူပါ"

ပီလျှာက အဂ္ဂရိပီနာ၏ ခြေဖျားကိုဖက်တွယ်လျက် ကြောက်ရွံ့တုန်လှုပ်စွာ တောင်းပန်နေရှာ၏။ အခစားလုလင်သည် သူမ၏ပါးစပ်ကို အတင်းပိတ်ထားလိုက်ကာ အဂ္ဂရိပီနာကတော့ ကရုဏာကင်းမဲ့စွာနှင့် သူမအား ငုံ့ကြည့်လိုက်လေသည်။

"နင်ဟာ တိ(ဂျ)လိနုပ်စ်ဆီကို ငါ့ဆီကသတင်းတွေ သွားပို့နေတာကြောင့် ရွှေစငွေစလေးတွေရခဲ့တာက ဟုတ်ပါရဲ့။ အခု နင်ဒါတွေကို ဘယ်မှာ သွားသုံးဦးမှာလဲ.."

ကြောက်အားလန့်အား ရုန်းကန်နေရှာသော ပီလျှာကို အခစားလုလင်က ဆွဲခေါ်သွားသည့်နောက် အဂ္ဂရိပီနာသည် ဖော်လ်ဂျန်အား ခပ်ပြုံးပြုံး ကြည့်လိုက်လေသည်။

"မဖုရားက သစ္စာဖောက်သူတွေကို ဒီလိုပဲ ဆုချတတ်တယ်ကွယ့်..."

ဖော်လ်ဂျန်မှာ စကားပြောဖို့ ကြိုးစားသေးသော်လည်း အသံက လည်မျိုတွင်သာ တစ်ဆို့နေလေသည်။ အဂ္ဂရိပီနာက စကားဆက်ပြန်လေ၏။

"ဒါပေမယ့် ဒီကိစ္စကြောင့် မောင်မင်း စိတ်အနှောင့်အယှက် ဖြစ်မနေပါနဲ့ကွယ်။ မောင်မင်းက သစ္စာစောင့်သိရိုသေပြီး မဖုရားကလည်း



ကောင်းကောင်းကြီး ချီးမြှောက်ရမှာပေါ့။ မဖုရားကိုယ်တိုင်က မောင်မင်းကို အရေးပေးမြှောက်စားထားတဲ့နောက်မှာ မောင်မင်းဟာ ကျော်ကြားတဲ့ လက်ရုံးဓာနည်ကြီးတစ်ယောက် ဖြစ်လာရတော့မှာပေါ့။ ဒီလိုဘဝမျိုးကို မောင်မင်းကလည်း လိုချင်မှာပေါ့ ဟုတ်စ.."

"မှန်လှပါ မဖုရား..."

အဂ္ဂရိပီနာသည် လက်ခုပ်တီးလျက် ကျွန်မတစ်ယောက်ကို ခေါ်လိုက်ကာ ဖော်လ်ဂျန်အား တပ်မှူးကြီးဘားရပ်စ်၏ ရေချိုးခန်းဆောင်သို့ လိုက်ပို့ရန် ညွှန်ကြားလိုက်လေ၏။

## ( ၄ )

ကျွန်မသည် ဖော်လ်ဂျန်အား အဂ္ဂရိပီနာ၏ အဆောင်မှ အခြားတံခါးပေါက်တစ်ခုကနေ၍ ခေါ်ထုတ်ခဲ့ကာ ရေချိုးဌာနကြီး၏ ချောင်ကျသောအပိုင်းတစ်ခုသို့ ရောက်လာလျှင် ယောကျ်ားအမှုထမ်း တစ်ယောက်ထံ၌ ဖော်လ်ဂျန်အား လွှဲအပ်လိုက်လေသည်။ ပြီးလျှင် ထိုမင်းမှုထမ်းလုလင်က ချွေးအောင်းခန်းတစ်ခုထဲသို့ ဖော်လ်ဂျန်အား ခေါ်ဆောင်ခဲ့ပြန်ကာ တပ်မှူးကြီးဘားရပ်စ်၏ ရှေ့မှောက်သို့ သွင်းလိုက်လေသည်။

တပ်မှူးကြီးသည် ထောင်းထောင်းထနေသော ရေနွေးငွေ့တွေကြားမှ ထလာလေသည်။ ၎င်း၏အရေခွံတွေ ရှုံ့တွနေသော ကိုယ်ခန္ဓာသည် ဒဏ်ရာဒဏ်ချက်တွေ ပွနေ၏။ သို့ရာတွင် ၎င်းမှာ သွက်လက်ပေါ့ပါးဆဲသာ ဖြစ်နေလေသည်။

သူသည် ဖော်လ်ဂျန်အား ဖော်ရွေစွာပင် နှုတ်ဆက်လိုက်ကာ အအေးခံအခန်းထဲသို့ ခေါ်ဆောင်သွားပြန်သည်။ ဘားရပ်စ်၏ရုပ်သွင်မှာ ကြမ်းကြမ်းတမ်းတမ်း ရှိသလောက် တည်ကြည်ဖြောင့်မှန်ပုံရနေသဖြင့် ဖော်လ်ဂျန်မှာ ၎င်းအား အလိုလိုနေရင်းကပင် ယုံကြည်စိတ်ချလာမိလေ၏။

ပထမဦးစွာ ဘားရပ်စ်သည် ဖော်လ်ဂျန်၏အတိတ်ဘဝနှင့် ရောမမြို့သို့ အဘယ်ကြောင့် ရောက်လာရသည်ကို စစ်ဆေးမေးမြန်းကာ နွားတွေအခိုးခံရပြီးနောက် သောင်တင်နေရသည့်အကြောင်းကို သိသွားရလေသည်။ လယ်ပိုင်ရှင် ကားတီယပ်စ်ခရီဘားအား နွားဖိုးငွေကို မိမိက စိုက်လျော်ပေးလိုက်မည် ဖြစ်ကြောင်းကို ဘားရပ်စ်က ကတိပေးလိုက်လေ၏။ ပြီးလျှင် ဖော်လ်ဂျန်အတွက် အသေးသုံးအဖြစ် ရွှေစ အနည်းငယ်ကို ထုတ်ပေးလိုက်လေသည်။

"ပြီးတော့ ဟောဒါကို မင်းက လုံလုံခြုံခြုံသိမ်းထားပေတော့"ဟု ဘားရပ်စ်သည် သူ့လက်မှ လက်စွပ်တစ်ကွင်း ချွတ်ပေးလိုက်ပြန်၏။

"ဒါကို မင်းဆီမှာ တခြားလူတွေ့ရရင် မင်းသာမက ငါပါ ဒုက္ခရောက်ရလိမ့်မယ်ကွယ့်.."

ဖော်လ်ဂျန်က လက်စွပ်ကို သိမ်းဆည်းထားလိုက်ပြီးသည့်နောက် ဘားရပ်စ်က ၎င်းအားလက်ရုံးဇာနည်ကျောင်းသို့ ပြန်ကာ မနက်ဖြန် မနက် နေမြင့်ချိန်တွင်မှ ရွှေနန်းတော်သို့သွားရောက်ကာ ဇကေရီ အော်တေဗီယာထံ အခစားဝင်ဖို့ရန် မှာကြားလိုက်ပြန်လေသည်။ အော်တေဗီယာမှာ ဖော်လ်ဂျန် အခစားဝင်လိမ့်မည်ဖြစ်သည်ကိုသိထားပြီး ယခု မိမိကပေးလိုက်သော လက်စွပ်ကို သူမအား ပြရမည်ဖြစ်သည်ကို ဆက်လက်ပြောပြပြန်၏။

ယင်းသို့ မှာကြားပြီးနောက်မှ ဘားရပ်စ်သည် ရေချိုးဌာန၏ သီးသန့်ဝင်းကလေးထဲသို့ ဖော်လ်ဂျန်နှင့်အတူ ဆင်းခဲ့ကာ အမှုထမ်းလုလင်တစ်ဦးအား လမ်းရှင်းမရှင်းကို ကြည့်ခိုင်းပြီးမှ ဝင်းတံခါးပေါက်ကလေးမှ ဖော်လ်ဂျန်အား ထွက်သွားစေလေ၏။

❈

## အခန်းခြောက်

( ၁ )

နောက်တစ်နေ့နံနက်တွင် ဖော်လ်ဂျန်သည် ရွှေနန်းတော်ကြီးတည်ရှိရာ တောင်ကုန်းကလေးဆီသို့ ဖြည်းညင်းစွာ လျှောက်လာခဲ့လေသည်။ သူသည် တစ်ခါမှ မသွားဖူးသောလမ်းအား မျက်လုံးပိတ်လျက် သွားနေရသော လူတစ်ဦးကဲ့သို့ပင် ဖြစ်နေရကြောင်းကို တွေးမိနေလေသည်။ ကြီးကျယ်သောအဖြစ်များတွင် သူ့အား ဆွဲသွင်းခြင်းခံနေရသည်မှာ ဘဝင်မြင့်စရာဖြစ်နေရသည့်နည်းတူ စိုးရိမ်ပူပန်စရာလည်း ဖြစ်နေရ၏။

သို့ရာတွင် သူသည် ကျရောက်လာသော တာဝန်ကို အဆုံးစွန်ထိ ထမ်းဆောင်ရမည်သာ ဖြစ်နေ၏။ သူ့မျက်စိထဲတွင် ဒ[illegible]ရီပီနာ၏ တစ်ချက်လွှတ်အမိန့်တော်နှင့် အမှုထမ်းလုလင်က ကွပ်[illegible]သုတ်သင်ရန် တရွတ်တိုက်ဆွဲခေါ်သွားသော ပီလျှာကိုသာ ပြန်၍မြင်ယောင်နေမိလေတော့သည်။

မကြာမီမှာပင် ရောမနိုင်ငံတော်ကြီးကို အုပ်ချုပ်စိုးစံခဲ့ရသော မင်းအဆက်ဆက် စံမြန်းခဲ့ရာ ပါလာတိုင်းတောင်ကုန်းကို သူ့ရှေ့တွင်မြင်တွေ့လာရပြီ။ ဤတောင်ကုန်းပေါ်တွင် ရောမဆီဇာဘုရင်အဆက်ဆက်တို့သည် မိမိတို့စိတ်ကြိုက်နန်းတော်အဆောင်ဆောင်ကို ဆောက်လုပ် စံမြန်းခဲ့သည် ဖြစ်လေရကား ယခုဆိုလျှင် အဆောင်နန်းတွေ မြောက်မြားလှသဖြင့် မြို့တော်ကလေးတစ်ခုလိုပင် ဖြစ်နေရလေ၏။

ဖော်လ်ဂျန်သည် မင်းမဟော်လမ်းမကြီးအတိုင်း တောင်ကုန်းကလေးပေါ်သို့တက်လာခဲ့ရာတွင် သူ့ပတ်ဝန်းကျင်ရှိ ကျောက်သားများနှင့် တည်ဆောက်ထားသည့် ခန့်ညားလှသောနံရံကြီးများကို တအံ့တသြ ငေးမောကြည့်ရှုနေမိလေသည်။ ကျောက်သားများမှာ အရောင်အဆင်းအမျိုးမျိုးတို့နှင့် ရှုမငြီးနိုင်အောင်ရှိနေတော့ကာ လမ်းမ၏ တစ်ဖက်တစ်ချက်တွင်မူကား နာမည်ကျော်ဇောခဲ့ကြသည့် ရောမပုဂ္ဂိုလ်ကြီးများ၏ ကျောက်သားရုပ်တုများက အစီအရီရှိနေကြပြန်၏။ ဤလမ်းမကြီးတွင် ဤရုပ်တုကြီးများနှင့် ဖော်လ်ဂျန်တစ်ယောက်သာ ရှိနေရသည်ကားမဟုတ်၊ အခြားအခြားသော ရောမမြို့သူမြို့သားများနှင့်တကွ နန်းတွင်းသားများနှင့် အမှုထမ်းများလည်း တလှုပ်လှုပ်တရွရွနှင့် ဥဒဟိုသွားလာလျက် ရှိနေကြလေ၏။

နန်းတော်ကြီး၏ အဝင်ပေါက်သို့ ရောက်လာရလျှင်ကား ဖော်လ်ဂျန်အား အစောင့်စစ်သားတစ်ယောက်က ရှေ့က ကာဆီးထားလိုက်လေတော့သည်။

"ကျုပ်မှာ ဧကရီအော်တေဗီယာနဲ့ တွေ့ရဖို့ကိစ္စရှိနေပါတယ်"ဟု ဖော်လ်ဂျန်က ၎င်း၏စစ်မေးချက်ကိုပြန်ဖြေလိုက်သည့်နောက် အစောင့်စစ်သားအနားမှနေ၍ လူတစ်ယောက်က ရှေ့သို့ထွက်လာလေ၏။

"ကိစ္စမရှိပါဘူး။ သူ့ကိုငါခေါ်သွားပေးလိုက်ပါ့မယ်.."ဟု ထိုလူက ပြောလိုက်ရာ.. "ကောင်းပြီလေ အားစတိုင်း ခင်ဗျားသဘောပေါ့"ဟု အစောင့်စစ်သားက ပြန်ဖြေလိုက်သည်တွင် အားစတိုင်းခေါ် ထိုလူ



သည် ရုတ်ချည်း ဒေါ်မာန်ကြွလာလျက် ၎င်း၏ခါးမှ ဓားမြှောင်လက်ကိုင်ကို ဆတ်ခနဲ ဆုပ်ကိုင်လိုက်လေ၏။

"ငါ့နာမည်ကို ငါပိုင်တယ်။ ငါ့လူ ငါ့နာမည်ကို ထုတ်ပြောဖို့မလိုခဲ့ပါဘူး..."

အားစတိုင်းသည် အစောင့်စစ်သားကို စိတ်ဆိုးစွာကြိမ်းဝါးလိုက်ပြီးနောက်မှ ဖော်လ်ဂျန်အား ကြည့်ကာပြုံးလိုက်လေသည်။"ဧကရီအော်တေဗီယာဆီ အခစားဝင်မယ့် ဧည့်သည်ဟာ ကျုပ်နာမည်ကို ဘယ်လိုမှ မသိဘူးမဟုတ်လား..."

"ကျုပ် ခင်ဗျားနာမည်ကို တစ်ခါမှ မကြားခဲ့ဖူးပါဘူး"ဟု ဖော်လ်ဂျန်က ပြန်ဖြေလိုက်လျှင် အားစတိုင်းဆိုသူသည် သဘောတွေ့သွားသည့်အလား ရယ်လိုက်လေ၏။

"ဟုတ်ပြီ..ကဲ..ခင်ဗျား အော်တေဗီယာနဲ့ တွေ့ချင်တယ်ဆိုရင် ကျုပ်နောက်က လိုက်ခဲ့ပေတော့..."

( ၂ )

ဖော်လ်ဂျန်မှာ အားစတိုင်းနောက်သို့ စိတ်မချတချနှင့်ပင် လိုက်သွားရလေသည်။ ၎င်းမှာ အရုပ်မြင့်မြင့်နှင့် အသားပွယောင်းယောင်းရှိကာ မျက်နှာမှာရင့်ရော်ပြီး အခိုးအငွေ့တွေထွက်နေသည်ဟု ထင်ရသော မျက်လုံးများနှင့် မသတီစရာ ရုပ်အသွင်ရှိသူတစ်ဦး ဖြစ်နေ၏။

ဖော်လ်ဂျန်သည် စိတ်ထဲက သံသယမကင်းရှိလာမိသည်အတွက် ၎င်းအား တီးခေါက်ကြည့်လိုက်ရာ အားစတိုင်းက မိမိသည် ဧကရီအော်တေဗီယာ၏ လျှို့ဝှက်သောလူယုံတော်တစ်ဦး ဖြစ်ပါသည်ဟု ပြန်ဖြေလိုက်လေသည်။ ဖော်လ်ဂျန်မှာကား စိတ်ထဲက သံသယမကင်းနိုင်သေးဘဲ ၎င်းကိုသာ မကြာခဏ ကြည့်နေမိလေရာ အားစတိုင်းက သတိပြုမိလာ၏။

"မဟုတ်ပါဘူး.. မင်းက ငါ့ကို ဘာပြုလို့များ ဒါလောက်ကြည့်နေရတာလဲ..."

"အကြောင်းမရှိပါဘူး.."

"ငါဟာ သင်းကွပ်တစ်ယောက်ပဲ.. ဒါကြောင့် မင်းငါ့ကို ကြည့်နေတာပေါ့.."

သည်တော့မှပင် ဖော်လ်ဂျန်သည် သဘောပေါက်လာရတော့သည်။ အားစတိုင်းကား ယောကျ်ားဖြစ်လျက်က ယောကျ်ားပီသရသူမဟုတ်တော့။ ထို့ကြောင့်ပင် ၎င်းသည် မိမိ၏အဖြစ်ကို မခံချင်ခြင်း၊ ရှက်ခြင်း၊ စိတ်ပျက်ခြင်းအစရှိသည့် စိတ်ဒဏ်ချက်တွေခံစားနေရသောလူတစ်ယောက် ဖြစ်နေရလေသည်။ အားစတိုင်းကတော့ စူးရှစွာ ရယ်လိုက်ကာ စကားဆက်ပြန်၏။

"ဒါ့ကြောင့်လည်း ငါဟာ ဧကရီအော်တေဗီယာရဲ့ လူယုံတော်တစ်ယောက်ဖြစ်နေနိုင်တာပေါ့..နီရိုဟာ ငါ့အတွက်ဘယ်လိုမှ မစိုးရိမ်ရတော့ဘူးပေါ့..."

"သြ..သြ..ပြောင်းဆံနှင်းခြေပေးရတဲ့ နွားပါးစပ်မှာ ခြင်းတပ်ထားသလိုပေါ့ဗျာ..."

"မင်းက တော်တော်လာပါကလား ငါ့မိတ်ဆွေကလေး။ ဒီလိုသင့်တော်တဲ့ သာဓကနှိုင်းပြနိုင်တဲ့ တောသားက ခပ်ရှားရှားပဲကိုး.."

သူတို့နှစ်ယောက်သည် စင်္ကြံတစ်ခုအတွင်းသို့ဝင်ခဲ့ကြပြီးနောက် မကြာမီမှာပင် တံခါးတစ်ခုရှေ့သို့ရောက်လာကြရလေသည်။ သင်းကွပ်အားစတိုင်းသည် တံခါးကိုမခေါက်ဘဲ တွန်းဖွင့်ဝင်သွားရာ ၎င်းနောက်မှ ဝင်လိုက်လာလျက် ဖော်လ်ဂျန်သည် အခန်းငယ်တစ်ခုသို့ ရောက်လာရလေသည်။ ထိုအခန်း၏ နံရံများတွင်ကား ရှေးဟောင်း ခေါမပုံပြင်ထဲမှ ညစ်ညမ်းသော ပန်းချီရုပ်ပုံများကို ရေးခြယ်ထားလေ၏။ ဤအခန်းသည် ဧကရီ အော်တေဗီယာ၏ အိမ်တော်ဝန်အခန်းဖြစ်ကြောင်းကို အံ့သြနေသော ဖော်လ်ဂျန်အား အားစတိုင်းက ရှင်းပြလိုက်လေသည်။



ပြီးလျှင် ထိုအခန်းထက် ပိုမိုကြီးမားသော အခြားအခန်းတစ်ခုသို့ ခေါ်ဆောင်သွားပြန်ရာ ထိုအခန်း၏ တစ်ဖက်စွန်းတွင်ကား ညောင်စောင်းတစ်ခုပေါ်၌ လူတစ်ယောက်က ထိုင်ပြီး လောင်းကစားရာတွင် အသုံးပြုသော အန်စာကလေးများအတွင်းသို့ ပြဒါးရည်သွင်းခြင်းအားဖြင့် မိမိ အလိုရှိသလို ကျလာနိုင်စေရန် ပြုပြင်စီမံနေသည်ကို ဖော်လ်ဂျန်က တွေ့ရလေ၏။

အားစတိုင်းက ထိုလူအား အိမ်တော်ဝန်ဟုခေါ်လျက် ဖော်လ်ဂျန်၏ကိစ္စကို ပြောပြနေစဉ်၌ ဖော်လ်ဂျန်မှာတော့ စိတ်ထဲတွင် ပိုလို့သာ သက်သမကင်းဘဲ ရှိလာနေမိလေသည်။ အန်စာများကို မရိုးဖြောင့်မှုနှင့် စိတ်ကြိုက်ဖြစ်ရအောင် ပြုပြင်ဖန်တီးနေသော ဤလူသည် ဧကရီ၏ အိမ်တော်ဝန်ဖြစ်သည်ဟု ယုံကြည်နိုင်ဖို့ ခဲယဉ်းလှအောင်ပင် အင်္ဂါရုပ်က ညံ့ဖျင်းနိမ့်ကျပေ၏။ ၎င်း၏အသားအရေမှာ အာဖရိကမြောက်ပိုင်းသားတစ်ဦးလိုပင် ညိုမှောင်နေကာ မျက်လုံးများက ဝါထိန်လျက် ထူထပ်၍ရက်စက်ပုံရသော နှုတ်ခမ်းကြီးများရှိနေ၏။

"လာ..လာ မင်းကိုငါတို့က မျှော်လင့်နေပါတယ်"ဟု အဆိုပါလူက ဖော်လ်ဂျန်အား နှုတ်ဆက်လိုက်လေသည်။

တံခါးကြီးကို ပြန်ပိတ်ထားလိုက်ပြီး အပြင်ဘက်တွင် ကျွန်များက စောင့်ကြပ်ပြီး ဖြစ်နေလိမ့်မည်ဟူသော အတွေးက တစ်ခါတည်း လှည့်ထွက်ပြေးချင်လာသော ဖော်လ်ဂျန်အား တားမြစ်ထားနေသည်။

"ကဲ..ကဲ..တို့တစ်တွေ ဧကရီရဲ့ရှေ့တော်မှောက်ကို ဝင်ကြပါစို့ရဲ့ မင်းလည်းငါနဲ့ လိုက်ခဲ့တာပေါ့ အားစတိုင်း.."

သူတို့သည် အခန်းထဲမှ ဘေးတံခါးပေါက်တစ်ခုကနေ၍ ထွက်ခဲ့ကြရပြန်ကာ အသွားအလာ တစ်ယောက်တလေမျှမရှိသော စင်္ကြံတစ်ခုအတိုင်း လျှောက်လာကြရလေသည်။ လေ့ကားထစ် နှစ်ဆင့်ကိုဆင်းခဲ့မိကြသည့်နောက်တွင် ကျောက်သားနံရံများနှင့် မဟုတ်တော့

သည့် အခြားခန်းမကျယ်ကြီး တစ်ဆောင်အတွင်းသို့ ရောက်လာကြရပြန်၏။ ထိုခန်းမကြီးမှာ အင်္ဂတေနံရံများရှိကာ ရေငွေ့တွေနှင့် စိုစွတ်နေသည်။ အနံ့အသက်ကလည်း ဟောင်နံ့ဆိုးရွားလှပေရာ ဖော်လ်ဂျန်မှာ လည်မျိုတွင် တစ်ဆို့ဆို့ကြီး ဖြစ်လာရလေတော့၏။ သူ့ခြေလှမ်းများက တုံ့နေးလာသော်လည်း သူ့နောက်တွင် သင်းကွပ်အားစတိုင်းက ရောက်နေသည်။ ဧကရီအော်တေဗီယာသည် ဤမှုန်ချာလှသော နန်းဆောင်ထဲတွင် မည်သည့်နည်းနှင့်မျှ စံမြန်းနေမည် မဟုတ်ဟု သူက တွေးလာမိလေသည်။

တတိယမြောက် တံခါးတစ်ခုသို့ ရောက်လာရပြန်လျှင်ကား အိမ်တော်ဝန်သည် တံခါးမှသော့တစ်ချောင်းကို ဖြုတ်ယူကာ ထိုသော့ဖြင့် ဖွင့်လိုက်လေတော့သည်။ အတွင်းသို့ဝင်လာမိကြလျှင်ကား ထိုတံခါးကို ပြန်လည်သော့ခတ်ထားလိုက်ပြန်သည်။ ဤအခါတွင်ကား သူတို့သည်နန်းတော်ကြီးတည်ရှိရာ တောင်ကုန်းအောက်သို့ ရောက်နေရပြီဖြစ်ကြောင်းကို ဖော်လ်ဂျန်က သိလာရလေသည်။ အကြောင်းမူ နံရံများတွင်ရှိနေသော အပေါက်ကျဉ်းကလေးများမှနေ၍ နေရောင်ခြည်က ဝင်မလာဘဲ ရှိနေရလေပြီ။

“မင်းကို ဘားရပ်စ်က ဒီလောက်အဝေးကြီး လျှောက်ရလိမ့်မယ်လို့ မပြောလိုက်ဘူးထင်ပါရဲ့...”

“မပြောလိုက်ပါဘူး...”

အိမ်တော်ဝန်ဆိုသူ၏ ခပ်ပြုံးပြုံးအမေးကို ဖော်လ်ဂျန်က ခပ်တိုတိုပင် ပြန်ဖြေလိုက်လေသည်။

“ရွှေနန်းတော်ကြီးက သိပ်ပြီးကြီးကျယ်တာကလား၊ ရာဇဝင် မော်ကွန်းတင်ရမယ့် အဆောက်အအုံကြီးတစ်ခုဖြစ်ပြီး ဒီအထဲမှာ ရမ္မက်ဆန္ဒနဲ့ သေခြင်းအစရှိတဲ့ ဇာတ်လမ်းတွေဟာ အမျိုးမျိုးဖြစ်ပျက်ခဲ့ရပြီ။ တကယ်လို့အချိန်ရရင် ရူးသွပ်သွားတဲ့ ဧကရာဇ်ကာလီဂျူလာကို သူ့ရဲ့ရန်သူတွေက ဝိုင်းဝန်းလုပ်ကြံသတ်ဖြတ်ခဲ့တဲ့ နေရာကိုတောင် လိုက်ပြ



ချင်ပါရဲ့။ ဒီဘုရင်ရဲ့ သွေးတွေဟာ အခုထက်တိုင် နံရံတွေမှာ စွန်းထင်းနေကြပြီး ဘယ်လိုဖျက်ဖျက်မပျက်ဘဲ ရှိနေတယ်ကွယ့်။ မင်းက ကာလီဂျူလာအကြောင်းကို သိထားပြီးရောပေါ့...”

“ဟုတ်ကဲ့...”

“သူဟာဖြင့် အင်မတန် ဆိုးညစ်လှတဲ့ မင်းတစ်ပါးမို့ သူ့ကံကြမ္မာဖန်တီးလာခဲ့တာဟာ ထိုက်တန်သင့်လျော်ခဲ့တာပဲ။ သူဟာ အဂ္ဂရိပီနာရဲ့နောင်တော်ပဲကွယ့်...”

ဖော်လ်ဂျန်ကား တစ်ကိုယ်လုံးကြက်သီးများ တုန်ယင်လာလေသည်။ သူကား ထောင်ချောက်ထဲသို့ ဝင်ရောက်နေမိပြီဟူသော အသိဉာဏ်ကိုလည်း ရရှိလာရလေသည်။

“ကာလီဂျူလာမှာ နှမတော်တွေ တော်တော်များများရှိခဲ့ပေမယ့် အဂ္ဂရိပီနာနဲ့ ဒရူဆီလာတို့ကသာ အရေးပါ အရာရောက်ခဲ့ကြပါတယ်။ သူတို့ဟာ လူလားမြောက်လာခါစအရွယ်က စပြီးတော့ ကာလီဂျူလာက ကျူးကျူးလွန်လွန် ဆက်ဆံလာခဲ့တာကလား။ နောက်ကျတော့ သူဟာ ဒရူဆီလာအပေါ်မှာ ခင်တွယ်လာပြီး မိဖုရားမြှောက်ခဲ့တာပဲ။ ဒရူဆီလာ ဆုံးပါးသွားရတော့ ကာလီဂျူလာဟာ ကြက်သွန်လှီးရတဲ့ ဇားဖိုခန်းက ကျွန်မလေးတစ်ယောက်လိုပဲ မျက်ရည်ဖြိုင်ဖြိုင်ကျလို့ ငိုကြွေးခဲ့သလေ။ အမှန်တော့ အင်မတန်ဆိုးတဲ့ သွေးပေါ့ကွယ်။ မင်းက ဘယ်လိုသဘောရသလဲ...”

ဖော်လ်ဂျန့်စိတ်ထဲ၌ အတွေးတွေ များပြားနေရသော်လည်း ဘယ်လိုမှတော့ ထုတ်ဖော်မပြောဘဲ မြဲနေလိုက်လေသည်။ သူတို့သည် နောက်တံခါးတစ်ခုသို့ ရောက်လာပြန်ကာ အိမ်တော်ဝန်ဆိုသူက သော့တစ်ချောင်းကို ထုတ်ယူလျက် ဖွင့်မည်ပြုနေစဉ် ဖော်လ်ဂျန်က လှည့်ထွက်ပြေးရန် ကြံစည်လိုက်လေသည်။ သို့ရာတွင် သူ့နောက်က အားစတိုင်းက ဓားမြှောင်တစ်ချောင်းနှင့် သူ့ဝမ်းဗိုက်ကို တေ့ထားလိုက်လေ၏။ အိမ်တော်ဝန်လည်း တံခါးကိုဖွင့်လျက် ရှေ့က ဝင်သွားပြီးနောက်

ဖော့လ်ဂျန်နှင့် အားစတိုင်းတို့ဝင်လာကြလျှင် တံခါးကို ပြန်ပိတ်လိုက်လေသည်။

သူတို့ရောက်နေသောအခန်းကား မြေအောက်အကျဉ်းခန်းတစ်ခု ဖြစ်နေကာ အလင်းရောင်ဆို၍ ဖယောင်းတိုင်မီးတောက်ကလေးသာ ရှိနေ၏။ အခန်းထောင့်တွင်တော့ သေတ္တာကြီးတစ်လုံးရှိနေကာ ပ‌ေ ဆေးနံ့များကို ရှူရှိုက်နိုင်လေ၏။

"အား.. လိုကတ်စတာ၊ ကျုပ်ကခင်ဗျားကြီးဖို့ ဖောက်သည်တစ် ယောက်ခေါ်လာတယ်"ဟူ၍ အိမ်တော်ဝန်ဆိုသူက အခန်းထဲတွင်ရှိ နေနှင့်သူကို နှုတ်ဆက်လိုက်လေသည်။

လိုကတ်စတာကား ရောမ မဟာဆီမဟာသွေးများ၏ လက်သုံး တော် အဆိပ်ဝိဇ္ဇာမိန်းမယုတ်ကြီး တစ်ဦးပင် ဖြစ်လေသည်။ သူမသည် ယုတ်မာမှု၌ ကမ်းကုန်ကာ အဆိုးညစ်ဆုံး မိန်းမကြီးတစ်ဦးဖြစ်သည့် တိုင် သူမ၏ပညာကို အားထားပြုစရာရှိနေရကား ယခုထက်တိုင် အသတ်မခံရသေးဘဲ ရှိနေရလေသည်။ သူမအားနန်းတော်ကြီးအောက် မှ မြေတိုက်အကျဉ်းခန်းတွင် အကျဉ်းချထားကာ အသုံးလိုသည့်အခါ တွင် အာဏာရှိသူများက သူမ၏ပညာကို လာရောက်တောင်းခံအသုံး ချနေကြလေ၏။

ယခု၌ အဆိပ်ဝိဇ္ဇာ အဘွားအိုကြီးသည် ထိုင်နေသော ခွေးခြေ ကလေးပေါ်မှနေ၍ တုန်တုန်ယင်ယင်နှင့် ထလာလေ၏။ သူမမှာဖြူ နေသော ဆံပင်ကျိုးတိုးကျဲတဲများက မျက်နှာပေါ်သို့ တွဲလောင်းကျနေ ကာ အရိုးငေါငေါထွက်အောင် ပိန်ချုံးကျနေလျက် ငှက်ဆိုး၏လက် သည်းများကဲ့သို့ ကောက်ကွေးနေသောလက်နှစ်ဖက်နှင့် စက်ဆုပ်ရွံရှာ ဖွယ်သော ရုပ်အသွင်ကို ဆောင်ယူထားနေလေတော့၏။

"ခင်ဗျားတို့က ကျုပ်ကိုလှည့်စားပြီး ဒီကိုခေါ်လာကြတာပေါ့"ဟု ဖော့လ်ဂျန်သည် အိမ်တော်ဝန်ဆိုသူအား လှမ်းပြောလိုက်မိလေသည်။



"ဒီသင်းကွပ်ဟာ ဧကရီအော်တေဗီယာရဲ့ လူယုံတော် မဟုတ်သလို င်ဗျားကြီးဟာလည်း အိမ်တော်ဝန်မဟုတ်ပါဘူး.."

"အေး ငါဟာ အိမ်တော်ဝန်မဟုတ်ပါဘူး။ ဒါပေမဲ့ မင်းဟာ ဘီဂျဲလီနပ်စ်ဆိုတဲ့ နာမည်ကိုတော့ ကြားထားဖူးရောပေါ့ကွာ.."

( ၃ )

ဖော့လ်ဂျန်ကား စိုးရိမ်ထိတ်လန့်စွာနှင့်ပင် နီရိုဘုရင်၏ အချစ် တော် လူဆိုးလူသွမ်းကြီးဟု နာမည်ကျော်ဇောနေရသည့် တီဂျဲလီနပ်စ် အား ငေးစိုက်ကြည့်နေလိုက်မိလေ၏။ တီဂျဲလီနပ်စ်မှာကား ဖော့လ်ဂျန် အား ပြုံးဖြဲဖြဲကြည့်နေရာကပင် နောက်တစ်နှစ်အတွင်း၌ မိမိ၏နာမည် သည် ရောမမြို့တော်တွင် အရေးပါ အရာအရောက်ဆုံး ဖြစ်လာရမည် ဟု၍ ထုတ်ဖော်ကြွားဝါနေလေသည်။

ဤအတွင်း အဘွားကြီး လိုကတ်စတာက စိတ်တိုစွာနှင့် စကား င်ဖြတ်လိုက်လေ၏။

"ကဲ..ကဲ.. မင်းတို့ ဒီကိုလာတာ ငါ့ဆီကအဆိပ် လိုချင်လို့လား။ ဒါမှမဟုတ် အဘွားကြီးကို နားငြီးရအောင် အချောက်တိုက် လာကြွား နေတာလားဟေ့.."

"အဆိပ်ယူခဲ့လေ၊ ကျုပ်တို့ ဒါယူချင်လို့သာ ခင်ဗျားကြီးဆီကို ာရတာမသိဘူးလား အဘွားကြီး..."

"အဆိပ်ကို ဖော်စပ်ရဦးမှာဟဲ့.."

အဘွားကြီးသည် သူ့နေရာသို့ ပြန်သွားလျက် အဆိပ်ဖော်စပ်ရန် ာဖျစ်ဖျစ်တတောက်တောက် ရေရွတ်ရင်းက ပြင်ဆင်နေစဉ် တီဂျဲလီ နပ်စ်နှင့် အားစတိုင်းတို့မှာတော့ ခွေးခြေတစ်လုံးစီတွင် အငြိမ့်သား ထိုင်စောင့်နေလိုက်ကြလေ၏။ ဖော့လ်ဂျန်မှာ သူ့အခြေအနေ တော် သော်ဆိုးရွားနေရပြီ ဖြစ်ကြောင်းကို သိထားမိသည့်တိုင် ဣန္ဒြေဆည် ကာ တီဂျဲလီနပ်စ်အား လှမ်း၍မေးခွန်းထုတ်နေလိုက်သည်။

"ကျုပ် ဒီကနေ့ နန်းတော်ကို လာလိမ့်မယ်ဆိုတာ ခင်ဗျားဘယ်လို လုပ် သိရတာလဲ..."

"မင်းကို အရိန္ဒာတိုက်ပွဲမှာတုန်းက အင္ဂရီပီနာက ကယ်တင်ခဲ့ကတည်းကစပြီး မင်းဘယ်သွားလို့ ဘယ်လာခဲ့တယ် ဆိုတာတွေကို တို့ အားလုံးသိထားရတယ်ကွယ့်။ မင်း သွားသမျှ ရောက်သမျှနေရာတွေကို လိုက်ကြည့်မှတ်သားထားတယ်။ မင်းက ရေချိုးဌာနကို သွားပြီး အင္ဂရီပီနာနဲ့ တွေ့ခဲ့တာကအစ ငါက အားလုံးကို သိထားပြီးနေပြီလေ..."

အားစတိုင်းကတော့ ထိုင်နေရာမှ မရိုးမရွဖြစ်နေပုံရလေ၏။

"အဆိပ်ကိုစောင့်နေလို့ ဘာအကျိုးထူးမှာလဲဗျာ အဆိပ်က ထိရောက်ချင်မှ ထိရောက်တာ။ လိုကတ်စတာက သူ့အဆိပ်တွေကို အမျိုးမျိုးစမ်းသပ်နေတာဗျ..."

တီဂျဲလိနပ်စ်ကတော့ သဘောကျစွာရယ်လိုက်ရာကပင် ဖော်လ်ဂျန်အား သူနှင့်အတူလိုက်ရယ်ပါဟူသော အမူအရာနှင့် လက်ယမ်းပြလေသည်။

"အားစတိုင်းကတော့ စမ်းသပ်မှုတွေကို သဘောမကျနိုင်ဘူးလေ၊ ဘာပြုလို့လဲဆိုတော့ သူကိုယ်တိုင်ကိုက စမ်းသပ်မှုကြီးတစ်ခု ဖြစ်နေရတာကိုး...ဟား...ဟား...ဟား.."

တီဂျဲလိနပ်စ်က ၎င်း၏သင်းကွပ်ခံထားရသော အဖြစ်ကိုရည်ရွယ်ပြောင်လှောင်လိုက်သည်ကို အားစတိုင်းက မကြားချင်ဟန်ဆောင်ကာ အဘွားကြီးကိုသာ မဲ၍လှမ်းအော်လိုက်လေသည်။

"ဘယ်မှာလဲဗျ ခင်ဗျားအဆိပ်က မပြီးသေးဘူးလား..."

"ငါယူလာတော့ ရမှာပေါ့ဟဲ့..."ဟု အဘွားကြီးကလည်း ပြန်၍ရန်တွေ့လိုက်လေသည်။ "ကဲ..တီဂျဲလိနပ်စ် မင်းရဲ့ရွှေကို အဆင့်သင့်ထုတ်ထားပေတော့.."



အဘွားကြီးက ဆေးခေါက်အမျိုးမျိုးတို့ကို ထုခြေခြင်တွယ်ပြီး ရောစပ်နေပုံကို ဖော်လ်ဂျန်က ငေးစိုက်ကြည့်နေမိရင်းကပင် မျက်နှာ၌ သွေးဆုတ်လာမိသည့်အထိ ကြောက်ရွံ့လာမိလေတော့သည်။

"မင်းက တပ်မှူးကြီးဘားရပ်စ်ကို ဘယ်လိုသဘောရသလဲ။ တော်တော် သဘောကျခဲ့သလား.."ဟု တီဂျဲလိနပ်စ်က ၎င်းကို ခပ်လှောင်လှောင် မေးနေပြန်၏။

"ခင်ဗျားထက်တော့ အပုံကြီးသဘောကျမိပါသဗျား.."

တီဂျဲလိနပ်စ်ခွေးခြေပေါ်က ခုန်ထလိုက်သော်လည်း အားစတိုင်းက ၎င်းထက်အရင်ဦးနေကာ လက်ထဲတွင်ဓားမြှောင်ပါ အသင့်ရောက်ရှိနေလေတော့သည်။

"ဒီကောင့်အရေခွံကိုခွာပြီး ခြေသုတ်အခင်းအဖြစ်နဲ့ ခင်ဗျားကို လက်ဆောင်ပေးစမ်းပါရစေဗျာ.."

သို့ရာတွင် တီဂျဲလိနပ်စ်က သူ့ဒေါသကိုကြိုးစား၍ ထိန်းချုပ်ထားလိုက်လေသည်။

"နေပါစေ၊ အဆိပ်ခတ်တာက ပိုကောင်းပါတယ်လေ။ ငါက ဒီအတိုင်း ကြံစည်ခဲ့လေတော့ ငါ့အကြံအစည်အတိုင်း လုပ်ကြတာကောင်းပါတယ်..."

"ခင်ဗျားက သိပ်အယူသီးတာပဲကိုး..."

တီဂျဲလိနပ်စ်ကတော့ ဖော်လ်ဂျန်အား ၎င်း၏မျက်လုံးဝါကြီးများနှင့် စိန်းစိန်းကြီး စိုက်ကြည့်လိုက်လေ၏။

"မင်းက ဘားရပ်စ်ကို သဘောကျတယ် ဟုတ်စ။ မင်းဟာတော သားတစ်ယောက် ဖြစ်တာထက်ကို တော်တော်ထိုင်းသေးတာပါကလား။ ဘားရပ်စ်ဟာဆိုရင် တိမ်မြုပ်လုနီးနေတဲ့ လူတစ်ယောက်ပဲ။ ငါကတော့ သူ့ရာထူး ဆက်ခံရပြီးတဲ့နောက် ဒီထက်တောင် ပိုပြီးကြီးမြင့်လာရဖို့ ဖန်တီးလာရဦးမှာကွယ့် နားလည်ရဲ့လား.."

အဘွားကြီး လိုကတ်စတာသည် ပြောင်းဖူးဖက်တစ်ရွက်တွင် ဖော်စပ်ပြီးစီးသွားသော အဆိပ်ဆေးမှုန့်များကို လောင်းထည့်လိုက်ပြီးနောက် သေချာစွာ ထုပ်ဖို့ပြင်ဆင်နေလေသည်။ သို့ရာတွင် တီဂျဲလိနပ်စ်က အဆိပ်ထုပ်ကို ဇတ်ခနဲ ဆွဲယူလိုက်လေသည်။

"ထုပ်ဖို့ မလိုပါဘူး။ ဒီအဆိပ်ဟာ ထိရောက်ပါမယ်ရယ်လို့ အဘွားကြီးက အာမခံနိုင်သလား...'

"အာမတော့ မခံနိုင်ပါ ပေါင်တော်၊ ဒါပေမဲ့ ထိရောက်လိမ့်မယ် ထင်ပါရဲ့....."

"ထင်ပါရဲ့တင်ပဲလား အဘွားကြီး၊ ဒီအဆိပ်မထိရောက်ရင်တော့ ခင်ဗျားကြီးကို ရင်ခွဲအူထုတ်လို့ ခင်ဗျားကြီးရဲ့မျက်နှာကို ခင်ဗျားကြီးရဲ့ အသည်းကလီစာတွေနဲ့ အပေါက်ခံရလိမ့်မယ် သိရဲ့လား..."

"အဆိပ်ဖော်စပ်တယ်ဆိုတာ ပညာတစ်ရပ်ကွယ့်။ ဆေးအဖုံတိုင်း အဖုံတိုင်းဟာ တစ်ဖုံနဲ့ တစ်ဖုံမတူညီကြဘူး။ ခြားနားကြတာချည်းပါပဲ။ ဒီသူငယ်က ကျန်းမာသန်စွမ်းပုံရလေတော့ ကျုပ်ဟာ အဆိပ်ဓာတ်တွေကို ပိုထည့်ပါသတော်..."

"ဒီလိုဆိုရင်..."

"ကျုပ်စကားကို ဝင်မဖြတ်စမ်းပါနဲ့တော်။ ကျုပ်က အဆိပ်ဓာတ်တွေ ပိုထည့်ထားပေမယ့် တစ်ခါတစ်ခါတော့ အဲဒီလိုအဆိပ်က ထက်မြက်လွန်းအားကြီးနေတာနဲ့ပဲ ဘယ်လိုမှ ဉပါဒ်မပေးနိုင်တော့တဲ့ ရှိချင်ရှိနေတယ်။ ဒီတော့ ဒီအဆိပ်ကို ပထမဦးဆုံး တိရစ္ဆာန်တစ်ကောင်ကို စမ်းကျွေးကြည့်ရင် ကောင်းလိမ့်မယ်..."

"ဟာ ဒီအရူးမကြီးကလည်း ဒီမှာတင် ဒီကောင့်ကို ကျွေးရမှာ၊ ဘယ်က တိရစ္ဆာန်တစ်ကောင်ကောင်ကို စမ်းကျွေးကြည့်နေရဦးရမှာလဲ.."

"ဘာ..ဘာ...ဒီမှာတင် အဆိပ်ကျွေးမလို့ ဟုတ်လား"ဟု အဘွားကြီးက မျက်လုံးပြူးမျက်ဆန်ပြူးနှင့် အော်ဟစ်လိုက်လေသည်။ "ဘယ်



နည်းနဲ့မှ မဖြစ်နိုင်တာတဲတော်၊ ကျုပ်အတွက် နိမိတ်မကောင်းရအောင် မလုပ်ကြပါနဲ့။ ဒီလိုလုပ်လိုက်ရင် နောက် ကျုပ်ဖော်စပ်ပေးရမယ့် ဆေးတွေဟာ ဆေးတန်ခိုးဘယ်လိုမှ ထိရောက်ကြရမှာ မဟုတ်တော့ဘူး။ မင်းအကြောင်း ငါ သိရသလောက်ဆိုရင် မင်းဟာ နောက်ကိုလည်း ငါ့ပညာကို အသုံးချဖို့ လိုအပ်လာဦးမှာပဲ။ စီစလီပြည်သား ဒီတောသားကို ဒီအထဲက ခေါ်ထုတ်သွားကြပေတော့။ အဆိပ်ကိုလည်း ဆိတ်တစ်ကောင်ကောင်ကို အရင်စမ်းကျွေးကြည့်ကြဦး။ ကဲ...ကဲ.. မင်းတို့သွားတော့.."

တီဂျဲလိနပ်စ်ကလည်း အဘွားကြီး၏အလိုကို လိုက်လျောလိုက်ရလေသည်။ သူက သင်းကွပ်အားစတိုင်းအား အချက်ပြလိုက်ရာ သင်းကွပ်ကြီးက ၎င်း၏အင်္ကျီအိတ်ထဲမှ ကြိုးတစ်ချောင်းကို ထုတ်ယူပြီး ဖော်လ်ဂျန်၏ လက်မောင်းနှစ်ဖက်ကို တုပ်နှောင်လိုက်လေ၏။ ပြီးလျှင် တီဂျဲလိနပ်စ်က အဘွားကြီးအား ပိုက်ဆံမပေးဘဲ အတင်းထွက်သွားတော့မည်ပြုရာ အဘွားကြီးက ငွေမရပါက နီရိုဘုရင်ရွှေနားတော်ပေါက်ကြားသွားစေရမည်ဟု ခြိမ်းခြောက်လိုက်သည့်အခါတွင်မှ မြင်းမွေးသူ စီစလီပြည်သားအကြံသမားက ရွှေစနှစ်စကို ထုတ်ယူပစ်ပေးလိုက်လေသည်။

"ကဲ..ဖော်လ်ဂျန် ရှေ့ကနေ လျှောက်စမ်း။ ထွက်ပြေးမယ်လည်း မလုပ်နဲ့။ နို့မဟုတ်ရင်တော့ မင်းဟာ အားစတိုင်းရဲ့ ဓားဖျားမှာ အသက်ပါသွားရလိမ့်မယ်..ကဲ..သွားစမ်း"

## ( ၄ )

ဖော်လ်ဂျန်မှာ မျှော်လင့်ချက်ကုန်ဆုံးမှုဖြင့် မေ့မြောလုမတတ်ဖြစ်နေမိရာကပင် တီဂျဲလိနပ်စ်၏ အမိန့်ကိုနာခံလျက် စကြိုကလေးအတိုင်း လျှောက်လာခဲ့ရပြန်ပါသည်။ ခပ်စောစောကဆိုလျှင် လွတ်မြောက်နိုင်စရာ လမ်းအခွင့်က ရှိနိုင်သေးသော်လည်း ယခုလို လက်

နှစ်ဖက်ကို အတုပ်အနှောင်ခံထားရသည့်အခါတွင်မူကား လွတ်မြောက်နိုင်ဖို့ မျှော်လင့်ချက်ရောင်ခြည်ကို လဲ့လဲ့ကလေးမျှပင် ရှာမတွေ့နိုင်တော့ပေ။ နောက်ဆုံးတံခါးတစ်ခုကို ကျော်လွန်လာခဲ့ရပြန်သည့်နောက် တီဂျဲလိနပ်စ်က ထိုတံခါးကို သော့ခတ်ပိတ်ထားလိုက်ပြန်လေ၏။ သူတို့သုံးယောက်သားမှာ အကျဉ်းတိုက်ကြီး၏ ဝင်းခြံတစ်နေရာသို့ရောက်လာခဲ့ကြရပြီဖြစ်ရာ ကျဉ်းကျပ်သော ထိုနေရာတွင် သူတို့သုံးယောက်နှင့် အစာစားနေကြသော ဆိတ်သုံးလေးကောင်တို့သာ ရှိကြရလေသည်။

သင်းကွပ်အားစတိုင်းက ဆိတ်များထံ ချဉ်းကပ်သွားသည်တွင် ဆိတ်များကလည်း ၎င်းက အလှမ်းမမီနိုင်သောနေရာသို့ ဆုတ်သွားလေသည်။ သင်းကွပ်ကြီးက ဆိတ်များကို ချော့ခေါ်၍ မရသည့်အဆုံး နောက်က ပြေးလိုက်၍ ဖမ်းနေတော့သည်တွင် တီဂျဲလိနပ်စ်က သူ့တပည့်ကျော် ပြုမူပုံကိုကြည့်ကာ သဘောကျလှစွာနှင့် အားရပါးရကြီး ရယ်မောနေလေ၏။

နောက်ဆုံးတွင် အားစတိုင်းက အုတ်ကျိုးပိုင်းတစ်ခုနှင့် ဆိတ်တစ်ကောင်ကို ခြေကျိုးအောင် ပေါက်လိုက်ပြီးနောက် အမိဖမ်းလိုက်နိုင်လေသည်။

“ကဲ.. ကျုပ်ကို အဆိပ်ဆေးမှုန့် တစ်ဝက်ပေးစမ်း..”

တီဂျဲလိနပ်စ်ကလည်း ပြောင်းဖူးဖက်ရွက်ကိုဖြေကာ အဆိပ်ဆေးမှုန့်တစ်ဝက်ကို ကျနစွာခွဲပေးလိုက်၏။ အားစတိုင်းက ထိုဆေးမှုန့်များကို ဖမ်းထားသောဆိတ်၏ ပါးစပ်ထဲသို့ ခွံ့ထည့်ပေးလိုက်လေသည်။ ဤသည်ကို တီဂျဲလိနပ်စ်ကလည်း စိတ်ဝင်စားစွာနှင့်ပင် ကြည့်ရှုနေလေ၏။

ရုတ်တရက်ဆိုသလို ဖော်လ်ဂျန်က ၎င်းအား လှမ်းကန်လိုက်ရာ ကျောက်ကပ်ရှိရာ ခါးဆောင်းတွင် တည့်တည့်ကြီးကန်မိပြီး တီဂျဲလိနပ်စ်မှာ ခွေလဲကျသွားရလေသည်။ အားစတိုင်းကမူ ၎င်း၏ဓားမြှောင်သွား



ကို ဝင်းခနဲနေအောင်ဝင့်လျက် ခုန်ထလာလေသည်။ သို့ရာတွင် နောက်ကျခဲ့ရလေပြီ။

ဖော်လ်ဂျန်သည် သူ့နေရပ်ဇာတိ ကယ်ပါဂနားအရပ်မှ ရန်ပွဲများကို အကြိမ်ကြိမ်တိုးခဲ့ရစဉ်က ကျင့်သားရထားသည့်အတိုင်း သူ့ရှေ့သို့ ကျွမ်းတစ်ပတ်ပစ်လိုက်ကာ သူ့ခြေထောက်များက ကိုယ်တစ်ပတ်လည်လာသောအရှိန်နှင့် သင်းကွပ်ကြီး၏ ဝမ်းဗိုက်တည့်တည့်သို့ ကန်မိသွားပြန်တော့သည်။ သင်းကွပ်ကြီးမှာ မြေကြီးပေါ်တွင် တွန့်လိမ်ခံစားနေရစဉ်၌ တီဂျဲလိနပ်စ်မှာ သူ့ဓားကိုထုတ်လျက် ပြန်ထလာပြန်လေ၏။

“ကျိန်စာသင့်မယ့် တောသားငနွား..အကြောင်းသိရစေ့မယ်..”

ဖော်လ်ဂျန်သည် ခုန်ထလိုက်ရင်းကပင် သူ့လက်ကို ချည်ထားသောကြိုးကို အားနှင့် ဆွဲဖြတ်ဖို့ ကြိုးစားနေ၏။ သို့ရာတွင် အချည်းနှီးသာလျှင် ဖြစ်ရလေကာ လက်များက ဘယ်လိုမှလွတ်မလာရဘဲ ရှိနေလေသည်။ ထိုစဉ် တီဂျဲလ်နပ်စ်က ဓားကိုဝင့်လျက် ဖော်လ်ဂျန်ဆီသို့ ခုန်ဝင်လာရာ ၎င်း၏ဓားသွားက ဖော်လ်ဂျန်၏ အင်္ကျီစတစ်ဖက်ကို ရှိခနဲ ဖောက်ထွင်းဝင်ရောက်သွားလေတော့သည်။ ဖော်လ်ဂျန်က အချိန်မီ သွက်လက်ပေါ့ပါးစွာ အရှောင်ကောင်းလိုက်၍သာ ဓားသွားက သူ့အသားကို သီသီကလေး ရှောင်ကွင်းသွားရခြင်းဖြစ်လေသည်။

သူတို့နှစ်ယောက်သည် နပန်းသမားနှစ်ဦးအလား တစ်ဦးကိုတစ်ဦး ရင်ဆိုင်လှည့်ပတ်ကာ အပေါက်ကောင်း ချောင်းနေကြလေသည်။ တီဂျဲလ်နပ်စ်က ဓားနှင့်လှမ်း၍လှမ်း၍ ထိုးနေသည်ကို ဖော်လ်ဂျန်က သတိထား၍ ကျင်လည်ဖျတ်လတ်စွာ ရှောင်တိမ်းနေရင်းကပင် သူ့လက်မကြိုးများကို ဆောင့်ဖြတ်ဖို့ ကြိုးစားနေရသော်လည်း ကြိုးစကတော့ လျော့၍ပင် မလာခဲ့ချေ။

ဤတွင် ဖော်လ်ဂျန်က တမင်သက်သက်ပင် ငြိမ်သက်စွာရပ်နေလိုက်ရာ တီဂျဲလ်နပ်စ်က ဓားနှင့် တစ်ဟုန်ထိုးပြေးဝင်ထိုးပြန်လေသည်။

ဝင်လာသောဓားချက်ကို သည်တစ်ခါတော့ ဖော်လ်ဂျန်က မရှောင်တော့ဘဲ သူ့လက်နှစ်ဖက်ကို ဓားချက်ဝင်လာသောနေရာသို့ ထားပေးလိုက်ရာ ဓားသွားသည် ၎င်း၏လက်တစ်ဖက်ကို ရှသွားရသည့်နည်းတူ လက်ကောက်ဝတ်များ၌ ချည်ထားသော ကြိုးစကိုလည်း တစ်ခါတည်း ဖြတ်တောက်ပစ်လိုက်လေတော့၏။ လက်များ လွတ်လပ်စွာ လှုပ်ရှားလာနိုင်ပြန်သော ဖော်လ်ဂျန်က ၎င်း၏ နားထင်ကို တအားကုန်ထိုးချလိုက်ရာ တီဂျဲလ်နပ်စ်ခမျာမှာ တုံးကြီးတစ်တုံးလိုပင် ဘုန်းခနဲလဲကျ ငြိမ်သက်နေလေ၏။

ဖော်လ်ဂျန်သည် ၎င်း၏ခါးမှသော့တွဲကို ဖြုတ်ယူလိုက်ပြီးနောက် သင်းကွပ်အားစတိုင်း တစ်ခါထမလာနိုင်အောင် ၎င်း၏မျက်နှာအား ဖနောင့်စာ ကျွေးပစ်ခဲ့ပြန်၏။ ပြီးမှ လာလမ်းအတိုင်းပြန်ဝင်ခဲ့ရာ အဘွားကြီး လိုကတ်စတာအခန်းကို ပြန်လည်ကျော်လွှန်လာမိသည့်နောက် လူတွေ ဥဒဟို လျှောက်နေကြသော စင်္ကြံကြီးသို့ ပြန်ရောက်လာလျက် နန်းတော်ကြီးထဲမှ ပြန်ထွက်လာနိုင်ခဲ့လေ၏။

❋

## အခန်းခုနစ်

( ၁ )

တီဂျဲလိနပ်စ်၏ ဓားချက်မိခဲ့ရသော လက်တစ်ဖက်မှ သွေးအနည်းငယ် ထွက်နေကာ ဖော်လ်ဂျန်သည် လမ်းတွင်တွေ့ရသော ပရဆေးဆိုင်တစ်ဆိုင်ဝင်၍ ပင့်ကူအိမ်မြွေးလက်တစ်ဆုပ်စာ ဝယ်ယူကာ အနာတွင်ထည့်သိပ်လိုက်ခြင်းဖြင့် သွေးရပ်သွားစေလေ၏။ ပြီးလျှင် မိမိအား အကောက်ကြံသော စီစလီပြည်သားနှင့် ၎င်း၏တပည့်ကျော် သင်းကွပ်ကြီးတို့အပေါ် မိမိက ပြုလုပ်နိုင်ခဲ့သည်ကို သဘောကျစွာ ပြန်တွေးရင်းက လျှောက်လာခဲ့ပြန်၏။ သူတွေ့ကြုံခဲ့ရသော ဆားအန္တရာယ်ကား အင်မတန် နီးကပ်ခဲ့သော်လည်း သူက အောင်မြင်စွာ ကျော်လွှန်နိုင်ခဲ့ပြီ ဖြစ်လေရကား ယခုတော့ သူက ရယ်နိုင်ပြီဖြစ်လေသည်။

သို့ရာတွင် ရှေ့လာမည့်နေ့ရက်များကို တွေးမျှော်စဉ်းစားလိုက်ပြန်သည့်အခါတွင်ကား ဖော်လ်ဂျန်က မရယ်နိုင်တော့ပေ။ ဘုရင့်မယ်တော် အဂ္ဂရီပီနာ၏ အကြံအစည်ကြီးမှာ ယခုဆိုလျှင် ချွတ်ချော်သွားရပြီဖြစ်ရာ မိမိမှာ ရောမနန်းတွင်းရေးအရှုပ်တော်ပုံထဲတွင် ဘုမသိ

ဘာမသိနှင့် အခြောက်တိုက်ဝင်၍ စားစာခံရတော့မည် ဖြစ်သည်ကို သူက တွေးမိလေ၏။ ယခုဆိုလျှင် သူ ဘာလုပ်ရမည်နည်း။ ရောမမြို့တော်မှ တစ်ခါတည်း ထွက်ပြေးကာ မိမိ၏သခင် လယ်ပိုင်ရှင်ခရီဘားထံသို့ ပြန်သွားရလေမလား။ ဘားရပ်စ်က အခိုးခံခဲ့ရသော နွားများ၏ ကိစ္စကို ရှင်းလင်းပေးပါမည်ဟု သူ့အားကတိပေးထားပြီးဖြစ်ရာ ဖော်လ်ဂျန်အတွက် သူ့နေရပ်ဇာတိသို့ ပြန်လိုက ပြန်နိုင်ပြီဖြစ်သည်။

ကယ်ပါဂနားအရပ်တွင် နေထိုင်ခဲ့ရသောသူ၏ဘဝကား ကျေနပ်ဖွယ်ရာ ကောင်းခဲ့ရ၏။ လယ်ပိုင်ရှင်ခရီးဘားက သူ့အား တရားမျှတစွာ ဆက်ဆံခဲ့သည်သာ ဖြစ်လေသည်။ တောအရပ်တွင် ကြီးပြင်းခဲ့ရသော သူ့အဖို့ နေရပ်ဇာတိ၌ ပြန်၍ လွတ်လပ်ပျော်ရွှင်စွာ နေခြင်းသည်သာ အကောင်းဆုံးဖြစ်လေမလားဟု ဖော်လ်ဂျန်က တွေးမိလေသည်။

သို့ရာတွင် ဤကိစ္စကို ဆင်ခြင်စဉ်းစားဖို့ လိုသေးပေသည်။ ဖော်လ်ဂျန်သည် ခေါင်းထဲကဤကိစ္စကို တွေးတောသုံးသပ်နေရင်းက လက်ရုံးဇာနည်ကျောင်းသို့ မပြန်သေးဘဲ 'မားစ်ကွင်းပြင်' ခေါ် မြေကွက်လပ်ကြီးဘက်သို့ လျှောက်လာမိလေသည်။ ရောမမြို့တော်ကြီးသို့ သူ ရောက်လာရသည့် နေ့မှစ၍ သူတွေ့ကြုံခဲ့ရသော အဖြစ်အပျက်တွေမှာ ထွေထူးဆန်းပြားခဲ့ရပေရာ ဖော်လ်ဂျန်အတွက် သူ့စိတ်ကို ဆုံးဖြတ်ရခြင်းမှာ အင်မတန်မှ ခဲယဉ်းနေရပေတော့သည်။ သူ့ဘဝသည် ဘေးအန္တရာယ်နှင့် မကင်းရအောင်ဖန်တီးလာခဲ့သည်မှာ မှန်သော်လည်း ယင်းကဲ့သို့ ဘေးအန္တရာယ်ကိုရင်ဆိုင်လာရခြင်းမှာပင် ဘဝကိုပိုမို၍ အဓိပ္ပာယ်ထက်မြက်နေစေတော့သလိုလည်း ဖြစ်နေရလေသည်။ ရောမမြို့တော်ကြီးသည် လွန်ခဲ့သော တိုတောင်းလှသည့် ရက်အနည်းငယ်အတွင်း၌ သူ့အား တစ်စုံတစ်ခုပြုလုပ်ဖမ်းစားပြီးဖြစ်သည်မှာတော့ ယုံမှားသံသယရှိစရာ မလိုတော့ပါပေ။ သို့နှင့်တိုင်လည်း သူ့အတွက် အကောင်းဆုံးနည်းကတော့ နေရပ်ဇာတိသို့ ပြန်နိုင်ခွင့်ရှိနေတုန်း ပြန်သွားဖို့သာ ဖြစ်လေ၏။ အင်း... ဆုံးဖြတ်နိုင်ဖို့ ခက်လှတော့သည်။



တစ်ကိုယ်တည်း တွေးလာရာမှ မော့ကြည့်လိုက်သော ဖော်လ်ဂျန်သည် အရီနာတိုက်ပွဲကွင်းကြီးကို သူ့ရှေ့တွင် တွေ့လိုက်ရလေသည်။ ကွင်းကြီး၏ အဝင်ဝတွင် လူတွေက တိုးဝှေ့နေကြရာက အသံဗလံတွေ တသည်း ကျက်စီဆူညံနေလေတော့ရာ ဖော်လ်ဂျန်လည်း ရပ်ကြည့်နေလိုက်မိလေသည်။

နီရိုဘုရင်သည် အရီနာတိုက်ပွဲကွင်းကြီးသို့ ကြွချီလာနေခြင်း ဖြစ်သည်။ ယခုအချိန်ရာသီမျိုးတွင် ကျင်းပသော တိုက်ခိုက်သတ်ဖြတ်မှုပြိုင်ပွဲကြီးများမှာ သိပ်ပြီး အရေးပါအရာရောက်လှခြင်းမရှိသော်လည်း နီရိုဘုရင်ကတော့ တိုက်ပွဲများ ကျင်းပတိုင်း ဆိုက်ဆိုက်မြိုက်မြိုက်သာ ရောက်လာလေ့ရှိလေ၏။

ဖော်လ်ဂျန်အတွက်တော့ နီရိုဘုရင်အား အနီးကပ်၍ မြင်တွေ့ရသောအခြင်းအရာသည် သူ့ကိုအံ့ဩစေလေ၏။ မယ်တော်မိဘုရားကြီး အဂ္ဂရိပိနာက သူမ၏သားတော်အား ချီးမွမ်းပြောဆိုခဲ့သော်လည်း ယခု ဖော်လ်ဂျန် မြင်တွေ့နေရသော လူကတော့ အသက်ငယ်ရွယ်သေးသည့်တိုင် ဘယ်လိုမှ ကြည်ညိုခင်မင်ဖွယ်ရာ မရှိဘဲ ဖြစ်နေရလေသည်။ စည်ပိုင်းကြီးတစ်လုံးလိုပင် ဝဝဖိုင့်ဖိုင့် ပုပုတိုတိုရှိနေကာ ဦးခေါင်းက ကိုယ်ခန္ဓာနှင့်မလိုက်အောင် အဆမတန်ကြီးမားနေရလေသည်။ ဆံပင်အရောင်ကတော့ နီဖျော့ဖျော့ရှိကာ ထို့အတူအဆင်းရှိသော မုတ်ဆိတ်မွေးကလေး တိုနံ့နံ့ထားရှိပြီး နှစ်ရပ်စလုံးသော အမွေးများကို မိန်းမအလား ကောက်ကွေးပြုပြင်ထားလေသည်။

လူတွေက များလွန်းလှရကား ဖော်လ်ဂျန်က ထိုမျှသာ တွေ့လိုက်ရလေ၏။ နီရိုဘုရင်သည် ဝေါယာဉ်ပေါ်မှ မြေပြင်ထက်ကို သက်ဆင်းပြီးသည့်နောက်တွင် လူတစ်ရာတပ်ဖိုလ်တစ်ယောက်က ကျယ်လောင်သောအသံကြီးနှင့် ဆီဇာဘုရင်မင်းဘုရားကြီးသည် တိုက်ပွဲများ ရှုစားတော်မူရန် ကြွရောက်လာလေပြီဟု ဟစ်ကြွေးကြေညာလိုက်လေ၏။

အနီးအနားရှိ လူတွေကလည်း နီရိုဘုရင်အား ကျိုးနွံစွာနှင့် ဩဘာပေးလိုက်ကြလေသည်။

"မြင့်မြတ်သော ဆီဇာနတ်ဘုရားအနွယ် နီရိုကို နတ်အပေါင်းတို့က ကောင်းချီးပေးပါစေ"

ဝိုင်းဝန်းဩဘာပေးနေကြခြင်းကို နီရိုက ကျေနပ်အားရသောအပြုံးနှင့် ဦးညွတ်ခံယူနေသည်ကိုကြည့်ပြီး ဖော်လ်ဂျန်မှာ ဤဘုရင်အပေါ် ကြည်ညိုစိတ်ပျောက်ကာ အထင်သေးစိတ်များက ဝင်လာမိလေတော့သည်။ ဤဘုရင်ကား မာနဂုဏ်မောက်ကာ ဘဝင်မြင့်နေသောလူပေါကြီးတစ်ဦးသာ ဖြစ်သည်ဟု သူက ဆုံးဖြတ်လိုက်မိလေ၏။

ခရာတွက်သံ ဆူဆူညံညံနှင့် ဆောလူတွေ၏ အော်ဟစ်ချီးမြှောက်ချက်များကြားထဲကပင် နီရိုဘုရင်သည် အရီနာတိုက်ပွဲကွင်းကြီးထဲသို့ဝင်ရောက်သွားလေတော့သည်။ သူ ပျောက်ကွယ်သွားသည်နှင့် တစ်ပြိုင်နက် လူအုပ်ကြီးကလည်း သူ့အား မေ့ပျောက်သွားကြတော့ကာနောက်ရောက်လာသော ဝေါယာဉ်များကို ဂရုစိုက်နေကြပြန်တော့သည်။

ဖော်လ်ဂျန်သည် အရီနာတိုက်ပွဲကွင်းကြီး၏ ဆူညံသောအသံဗလံများကို နားထောင်နေရင်းကပင် စိတ်များလည်းအလိုလို တက်ကြွလာမိလေတော့သည်။ ဤတိုက်ပွဲကွင်းကြီးကားတကယ်တော့ကြောက်မက်ဖွယ်ရာသော ရက်စက်ကြမ်းကြုတ်မှုများ ပြုလုပ်ကျူးလွန်ရာ ဌာနကြီးတစ်ခုသာ ဖြစ်နေရပေသည်။

သို့တစေလည်း အင်မတန်မှ စိတ်အာရုံ ဆွဲလမ်းစရာလည်းကောင်းနေရပေ၏။ ပိုက်ကွန်သမား ဂျူးကူးလပ်စ်နှင့် ဤတိုက်ပွဲ ကွင်းကြီးထဲတွင် ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ရကာ သေမင်းကို ရင်ဆိုင်ခဲ့ရစဉ် ထိုအခါကမူ ဖော်လ်ဂျန်အတွက် ကြီးမားနက်ရှိုင်းလှသော ကြောက်ရွံ့မှုကြီးကို ခံစားခဲ့ရ၏။ သို့ရာတွင် ထိုအခါကား ကုန်လွန်ခဲ့ရပြီမဟုတ်လော။



ကြောက်ရွံ့တုန်လှုပ်ခြင်းအချိန်က ကုန်ခန်းခဲ့ရပြီဖြစ်လေ၏။ ပြီးတော့လည်း ဤလောကကြီးတွင် လူတွေအားလုံးမှာ ဘဝကုန်ဆုံးရမည့် အချိန်ကိုသာ မျှော်လင့်စောင့်စား နေရသည်ဖြစ်ရကား ဤအချက်ကို ဘာပြုလို့ ရင်မဆိုင်ဘဲနေရမည်နည်း။ သူကိုယ်တိုင်ကမူ နှစ်ကြိမ်တိုင်တိုင် ဤအချက်ကို ရင်ဆိုင်ခဲ့ရလေပြီ။ တစ်ကြိမ်ကတိုက်ပွဲကွင်းကြီးအတွင်း ပိုက်ကွန်သမား ဂျူးကူးလပ်စ်ကို ရင်ဆိုင်ခဲ့ရစဉ်ကဖြစ်ကာ နောက်တစ်ကြိမ်ကတော့ တီဂျဲလီနပ်စ်နှင့် သူ၏သင်းကွပ်တပည့်ကျော်ကြီးတို့နှင့် တွေ့ဆုံခဲ့ရစဉ်က ဖြစ်၏။ ၎င်းတို့နှစ်ယောက်နှင့် ရင်ဆိုင်ခဲ့ရစဉ်အခါကမူ သူသည် တန်ပြန်ခံစားရမည့်အပြစ်ဒဏ်ကို ကြောက်ရွံ့စိုးရိမ်စရာမရှိခဲ့ရပါက ဤလူနှစ်ယောက်အား ဝမ်းမြောက်ဝမ်းသာနှင့် အသေသတ်ဖြတ်မိခဲ့မည်သာ ဖြစ်လေ၏။

တကယ်ဆိုတော့ အရီနာတိုက်ပွဲများကား ဆိုးရွားလှသည်မဟုတ်ပါပေ။ တိုက်ပွဲတွင် သင်နှင့်ယှဉ်ပြိုင်ရသူသည် သင်၏ တရားဝင်သောရန်သူဖြစ်ကာ ၎င်းကသင့်အား သတ်ဖြတ်ဖို့ ကြိုးစားသကဲ့သို့ သင်ကလည်း၎င်း၏ ဇီဝိန်ကိုခြွေပစ်ရန် အားထုတ်ရခြင်းမှာ သဘာဝကျသောလုပ်ငန်းတစ်ခုဖြစ်နေရ၏။ မသတ်လျှင် သေရမည်မို့ သတ်ရပေမည်။ ထိုအရီနာတိုက်ပွဲများကို ဤသို့သော အမြင်မျိုးနှင့်သာ ကြည့်ရမည်ဖြစ်၏။

ဖော်လ်ဂျန်သည် သူ့ရှေ့တွင်ရှိနေသော အရီနာတိုက်ပွဲကွင်းကြီး၏ မြင့်မားသောနံရံကြီးတွင် ရေးခြယ်ထားသည့် အမျိုးမျိုးသောကြေညာချက်များကို လျှောက်ဖတ်ကြည့်နေမိပြန်၏။ ကြေညာချက်များမှာ အများအားဖြင့် တိုက်ပွဲကိစ္စများနှင့်သာ ပတ်သက်ကာ ပြီးခဲ့သောတိုက်ပွဲများအကြောင်း၊ ယခုကျင်းပမည့် တိုက်ပွဲများအကြောင်းနှင့် နောင်အနာဂတ်တိုက်ပွဲများအကြောင်းကို သူက ဖတ်ရှုရလေသည်။ ထိုကြေညာချက်များတွင် ဂလေဒီယိတ်တာ သူရဲကောင်းကြီး ဟားလ်၏နာမည်က ပါဝင်နေကာ ဟားလ်သည် ယခုထက်တိုင်ပင် အသက်

ရှင်နေလျက်ရှိနေပေ၏။ မယ်တော်မိဘုရားကြီး အဂ္ဂရိပီနာက မိန့်မြွက်ခဲ့သလိုပင် လူတစ်ယောက်သည် အရီနာတိုက်ပွဲများတွင် ပါဝင်ဆင်နွှဲခြင်းအားဖြင့် နာမည်ကျော်ကြားကာ ကြွယ်ဝချမ်းသာလာနိုင်ပေ၏။ ဆီးရီးယန်းပြည်သား အားရှုးတစ်ဖ်က သူ့အား နိမိတ်ဖတ်ကြားချက်သည် မှန်ကန်လာနိုင်ပေ၏။ ပြောင်းကြိတ်စက်ပိုင်ရှင် ဆင်နစ္စတာမှာ တစ်ခါက ကျော်ကြားခဲ့သော လက်ရုံးဓာနည်ကြီး တစ်ယောက်ဖြစ်ခဲ့ပြီး ယခုဆိုလျှင် လူချမ်းသာတစ်ဦးအနေနှင့် အသက်ရှင်နေရသည် မဟုတ်လော။ ဆင်နစ္စတာ ကုသိုလ်ကံကောင်းခဲ့သည့်နည်းတူ မိမိသည်လည်း အဘယ်ကြောင့် မကောင်းနိုင်ရမည်နည်း။

ဖော်လ်ဂျန်သည် ထိုနေရာတွင်ပင် ဆုံးဖြတ်ချက် ချလိုက်ကာ ဂလေဒီယိတ်တာ လက်ရုံးဓာနည်ကျောင်းဘက်သို့ ဦးပြန်လှည့်၍ လျှောက်ခဲ့လေတော့သည်။

( ၂ )

နောက်တစ်နေ့ နံနက်တွင် ရွှေနန်းတော်မှ ကိုယ်ရံတော်တပ်မှူးကြီး ဘားရပ်စ်သည် လက်ရုံးဓာနည်ကျောင်းအား စစ်ဆေးကြည့်ရှုရန်ဟူသော အကြောင်းပြချက်နှင့် ရောက်ရှိလာခဲ့လေသည်။ သူသည် ကျောင်းကို ကျကျနနစစ်ဆေးပြီးသည့် အခါတွင် ဖော်လ်ဂျန်နှင့် လွတ်လွတ်လပ်လပ် စကားပြောနိုင်ခွင့်ကိုလည်း ရှာဖွေရရှိခဲ့လေ၏။

"အခုအတောအတွင်းမှာ ဘာမှမလုပ်နဲ့ဦး"ဟု တပ်မှူးကြီး ဘားရပ်စ်က ဖော်လ်ဂျန်အား နှစ်ကိုယ်ကြားပြောဆိုခဲ့လေသည်။ "ဒါပေမဲ့ စိုးရိမ်ခြင်းလည်း မဖြစ်ပါနဲ့။ တီဂျဲလိနပ်စ်ဟာ ငါ့ကိုလည်းကောင်း၊ မင်းကိုလည်းကောင်း ပွင့်ပွင့်လင်းလင်း အတိုက်အခံပြုရဲတဲ့ အခြေအနေ မရှိသေးပါဘူး။ ငါက နောက်ထပ်ပြီး အကြံအစည်သစ်တစ်ခုကို စီစဉ်ရဦးမယ်။ မင်းကို ငါပေးထားတဲ့ လက်စွပ်ရှိရဲ့ မဟုတ်လား။ အေး ကောင်းကောင်းသိမ်းထားပေတော့.."



ဘားရပ်စ်က ကျောင်းက ပြန်ထွက်သွားသောအခါတွင် ဖော်လ်ဂျန်မှာ မိမိအဖော်များ၏ ဝိုင်းလှောင်ပြောင်မှုကို အတော်ပင် ခံစားနေရလေတော့သည်။ တောသားကလေး ဖော်လ်ဂျန်သည် အရီနာတိုက်ပွဲသူရဲကောင်းကြီးတစ်ယောက် ဖြစ်မလာရမီကပင် မယ်တော်မိဖုရားကြီး အဂ္ဂရိပီနာ၏ မွေးစားမှုကို ခံယူရကာ တပ်မှူးကြီးဘားရပ်စ်၏ အချစ်တော်လည်း ဖြစ်နေရခြင်းက ထူးခြားလှသော ကုသိုလ်ကံကောင်းမှု ဖြစ်ချေတော့သည်။ ဤသို့ တောသားကလေးက စွံနေခြင်းသည် သူ၏ ချောမောခန့်ညားသော ရုပ်အင်္ဂါရပ်များကြောင့်သာ ဖြစ်ရပေမည်ဟု လက်ရုံးဓာနည်ကျောင်းသားများက ဖော်လ်ဂျန်အား မနာလိုဝန်တိုစိတ်ဖြင့် အမျိုးမျိုး ထေ့ငေါ့လှောင်ပြောင်နေကြလေ၏။

"သူ့ရုပ်ရည်ကြောင့်သာ မဟုတ်ပါဘူး။ သူ့ရဲ့အင်မတန်မှ ရည်တဲ့လျှာကြောင့်လည်း ဖြစ်ပါလိမ့်မယ်"ဟု ဂျူးကူးလပ်စ်ကလည်း ဝင်ရောက် လှောင်ပြောင်လိုက်ပြန်လျှင်မူကား ဖော်လ်ဂျန်က စိတ်ဆိုးစွာနှင့် ၎င်းဘက်သို့ လှည့်လာလေ၏။ သို့ရာတွင် သူတို့၏ လေ့ကျင့်ရေးဆရာက အချိန်မီ ဝင်ရောက်တားဆီးလိုက်လေသည်။

"ဖော်လ်ဂျန် မင်း ဒီနေ့ကစပြီး အလေးမလေ့ကျင့်ခန်းနဲ့ ကင်းမြီးကောက်ထောင် လေ့ကျင့်ခန်းကို လေ့ကျင့်ရမယ်..."

လေ့ကျင့်ရေးဆရာ၏ အမိန့်ကိုနာခံကာ သဲခင်းထားသောလေ့ကျင့်ရေးကွက်လပ်ကြီးတွင် ဘာဘေးရီးယန်းကျွန်ပြေးမှအပ ကျောင်းသားတွေအားလုံးက လေ့ကျင့်နေကြရလေ၏။ ကျွန်ပြေးကြီး ဗော်တိနက်ခမျာမှာမူ နေ့စဉ်ခံနေကျအတိုင်း လေ့ကျင့်ရေးဆရာ ကွာတီလာ၏ ကြာပွတ်ဒဏ်ကို တရှမ်းရှမ်းခံစားနေရပြန်လေသည်။

"ဒီအကောင်ဟာ တယ်လည်းအရိုက်ခံချင်တဲ့ အကောင်ပါပဲ"ဟု ဖော်လ်ဂျန်၏ဘေးမှ တုတ်တုတ်ခိုင်ခိုင် လူတစ်ယောက်က ပြောလိုက်လေသည်။

"သူဟာ ငါက ဝိုင်အရက်ကို ကြိုက်သလို ကြာပွတ်ကိုကြိုက်တဲ့ အကောင်ပါပဲ။ ဒါနဲ့ မင်းဆီမှာ ဝိုင်အရက်များ ဝှက်ထားတာမရှိဘူး လား‌ကွ.."

ဖော်လ်ဂျန်က မရှိကြောင်းကို ပြန်ဖြေလိုက်ရလေသည်။ ဤလူမှာ အစားပုပ်ရကား ကျောင်းသားတွေက ၎င်းအား အာကျယ်ကြီးဟု နာမည်ပေးထားကြလေသည်။

ကြာပွတ်ဒဏ်ကြောင့် ဇော်တိနက်ခမျာမှာ မတ်တတ်မနေနိုင်တော့ဘဲ မြေပြင်ပေါ်သို့ လဲကျသွားရပြီဖြစ်သည့်တိုင် ၎င်းထံမှ ဘာအသံမှ ထွက်မလာသေးဘဲ ကြိတ်မှိတ်၍ ဇွဲကြီးလှစွာဖြင့် ခံယူနေလေသည်။ ဒါကိုကြည့်ကာ ဖော်လ်ဂျန်မှာ စိတ်ထဲက မရိုးမရွဖြစ်လာရလေသည်။

"ယောက်ျားပီသတဲ့ ယောက်ျားတစ်ယောက်ဟာ ဒီလိုငှံခံယူမနေဘဲ ပြန်ချမိမှာပဲ.."ဟု သူက ရေရွတ်လိုက်သည်တွင် ဂျူးကူးလပ်စ်က သူ့အား စပ်ဖြဲဖြဲကြီး ကြည့်လိုက်လေ၏။

"ဒီလိုဆိုရင် မင်းလိုင်ကဘာလဲကွ.. မင်းကို ငါအမျိုးမျိုးဆော်ကားနေတာတောင် မင်းက ငှံခံနေတာပဲမဟုတ်လား ကိုလျှာရှည်ကြီးရဲ့.."

ဖော်လ်ဂျန်သည် လေ့ကျင့်ရေးဆရာ ကွာတီလာအား လှမ်းကြည့်လိုက်ကာ ၎င်းသည်ခေါင်းမာလှသော ဘာဘေးရီးယန်းကြီးနှင့် အလုပ်များနေသည်ကို တွေ့ရလျှင် လက်နက်တန်ဆာပလာများ ချိတ်ထားရာ နံရံဆီသို့ သွက်လက်စွာ လျှောက်သွားလေသည်။ နံရံမှလက်ဖွေ့ထိုးသည့် လက်အိတ်ကြီးနှစ်စုံကို ဖြုတ်ယူလိုက်ပြီးသည့်နောက်တွင် တစ်စုံကို ဂျူးကူးလပ်စ်ဆီသို့ ပစ်ပေးလိုက်လေသည်။

"ကဲ ခင်ဗျားနဲ့ကျုပ် တစ်ပွဲတစ်လမ်း စမ်းရအောင်လား..ခင်ဗျားပါးစပ်ကို ကျုပ်ခဏတော့ ပိတ်ပေးနိုင်ပါလိမ့်မယ်.."

လေ့ကျင့်ခန်း ကွက်လပ်ကြီးတွင် ရှိနေကြသော လူများကလည်း ထိုးသတ်ကြမည့်သူ နှစ်ယောက်ကို လေ့ကျင့်ရေးဆရာက မမြင်တွေ



နိုင်အောင် ဝိုင်းရံကာထားပေးလိုက်ကြလေသည်။ အာကျယ်ကြီးက ဖော်လ်ဂျန်ကို လက်အိတ်များ တပ်ဆင်ပေးလိုက်ကာ ဂျူးကူးလပ်စ်ကိုတော့ ဟားလ်က ကူညီပေးနေ၏။ လက်အိတ်များကား ခဲပြားတစ်ချပ်စီကို လက်သီးတစ်ဖက်စီတွင် မြဲမြဲနေစေရန် သားရေကြိုးများနှင့် လက်ဖျံရိုးတစ်လျှောက် ရစ်ပတ်ချည်နှောင်ရခြင်း ဖြစ်လေရကား တကယ်တော့ ကြောက်စရာ လက်နက်တန်ဆာများပင် ဖြစ်နေရလေ၏။

တစ်စုံတစ်ယောက်က ခပ်အုပ်အုပ်အသံပြု၍ အချက်ပေးလိုက်သည့်နောက်တွင် သူတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် အငြိုးကြီးများနှင့် စတင်ထိုးသတ်ကြလေတော့သည်။ ဂျူးကူးလပ်စ်က ဖိ၍ထိုးသတ်လေသည်ကို ဖော်လ်ဂျန်က ရှောင်တိမ်းရင်းက လက်သီးတစ်ချက် ပြန်သွင်းလိုက်ရာ သူ့ရန်သူ၏ ပခုံးတစ်ဖက်မှ သွေးတွေစီးကျလာလေသည်။ ဖော်လ်ဂျန်အဖို့ကတော့ ဂျူးကူးလပ်စ်မှာ အဓိကရန်သူကြီး တစ်ဦးဖြစ်နေရကာ ၎င်းအား အစိမ်းလိုက်ဝါးစားချင်အောင်ပင် မုန်းတီးစက်ဆုပ်နေမိပြီ ဖြစ်လေသည်။

ဂျူးကူးလပ်စ်ထက် ဖော်လ်ဂျန်က လက်ဖွေ့စွမ်းရည်သာနေသည်ဖြစ်ရာ သူ၏လက်သီးတစ်ချက်က ဂျူးကူးလပ်စ်၏ ပြားနေသောနှာခေါင်းကို ပိုမိုပြားဝင်သွားစေပြန်လျက် နီရဲသောသွေးများကို ဖြာခနဲကျဆင်းလာစေပြန်လေ၏။ ဘေးမှကြည့်နေကြသူများဆီမှ ချီးကျူးသြဘာပေးသံများက ပိုမို၍သာ ဆူညံလာကြလေသည်။

ဂျူးကူးလပ်စ်မှာ ခံရလေလေ ဒေါသပိုကြီးလာရလေလေဖြစ်နေရကား ဖော်လ်ဂျန်အား အသေသတ်ပစ်မည်ဟု ဒေါသတကြီးကြိမ်းဝါးလျက် ရှေ့သို့ အတင်းတိုးဝင်၍ ထိုးသတ်ပြန်လေတော့သည်။ သို့ရာတွင် ထိုအချိန်၌ လေ့ကျင့်ရေးဆရာ ကွာတီလာက ရောက်လာပြီး ထိုးသတ်နေကြသူ နှစ်ယောက်ကို ကလေးတွေအလား သူ၏ဗလကြီးနှင့် ဆွဲလွှင့်ပစ်လိုက်လေ၏။

"လက်ဖွေ့အိတ်တွေကို အခွင့်မရှိဘဲ မသုံးရဘူး။ အခုချက်ချင်း ချွတ်ပစ်လိုက်ကြ.."

"ကျွန်တော်တို့က ရှောင်တိမ်းရာမှာ ပိုပြီးဖျတ်လတ်သွက်လက်လာမလားလို့ စမ်းထိုးကြည့်နေကြတာပါ။ မဟုတ်ဘူးလား ဂျူးကူးလပ်စ်"ဟု ဖော်လ်ဂျန်က ဆောဒကတက်ကြည့်လိုက်လေသည်။ "တိတ်တိတ်နေစမ်း။ ဒီကျောင်းမှာ ရန်ငြိုးထားပြီး ထိုးသတ်ကြတာကို ခွင့်မပြုနိုင်ဘူး။ အရီနာတိုက်ပွဲမှာသာ မင်းတို့သတ်ကြရမယ်.."

"အရီနာတိုက်ပွဲမှာ ဒီကျောင်းသားနဲ့ ကျွန်တော် ဘယ်တော့သတ်ကြရဦးမှာလဲ"ဟု ဂျူးကူးလပ်စ်ကတော့ မျက်နှာအောက်သိုးသိုးကြီးနှင့် မေးလိုက်လေသည်။

"နှစ်သစ်ကူးပြီးတော့မှ အရီနာတိုက်ပွဲမှာ မင်းတို့သတ်ကြရမှာပဲ။ ကဲ မင်းတို့အားလုံး ကြာပွတ်အရိုက်မခံချင်ရင် ကိုယ့်အလုပ်ကိုယ်ပြန်လုပ်ကြချေတော့"

## ( ၃ )

နှစ်သစ်ကူးနေ့ကား လူတိုင်းအတွက် အားလပ်သည့် နေ့ထူးနေ့မြတ်ကြီး ဖြစ်နေလေသည်။ မလေ့ထုံးစံသည်လည်းကောင်း၊ မနုဿတို့၏ ဖွတ်မိုတ်ရည်မျှော်တောင့်တချက်သည်လည်းကောင်း၊ နှစ်ဦးနေ့တွင် မင်္ဂလာရှိသောအမှုကိစ္စတို့နှင့် စတင်ပါမှ တစ်နှစ်လုံးတွင် မင်္ဂလာရှိရမည်ဟူသော အစွဲကို ဖြစ်ပေါ်စေရာ ထိုနေ့တွင် လူတိုင်းလူတိုင်းမှာ နိမိတ်ကောင်းစေမည့် အမှုများကိုသာ ရှာဖွေပြုလုပ်ကြစမြဲ ဖြစ်လေတော့သည်။

လက်ရုံးဇာနည် ကျောင်းသားများသည်လည်း ညမိုးချုပ်အထိ အပြင်ထွက်လည်ခွင့် ရရှိကြလေသည်။ သို့ရာတွင် ဇော်တိနက် တစ်ယောက်တော့ ထုံးစံအတိုင်း အပြစ်ဒဏ်ခံနေရှာရကား သူတစ်ယောက်



မှအပ ကျန်ကျောင်းသားတွေအားလုံးပင် အပြင်ထွက်လည်ကြဖို့ ပြင်ဆင်နေကြလေ၏။

ဖော်လ်ဂျန်မှာ နှစ်သစ်ကူးနေ့တွင် စိတ်ကောင်းဝင်နေသဖြင့် ရန်သူတော်ကြီး ဂျူးကူးလပ်စ်နှင့် ပြန်လည်သင့်မြတ်ဖို့ ကြိုးစားကြည့်သော်လည်း ၎င်းမှာ အငြိုးမကြေဘဲ ဖြစ်နေသည်ကိုတွေ့ရလေသည်။ သို့နှင့် ဖော်လ်ဂျန်မှာ အာကျယ်ကြီးကို အဖော်ပြု၍ မြို့ထဲသို့ ထွက်ခဲ့လေ၏။

အာကျယ်ကြီးမှာ ထုံးစံအတိုင်း ပထမဦးဆုံး တွေ့ရသည့် အရက်ဆိုင်တစ်ဆိုင်တွင် သောင်တင်ကျန်နေရစ်ခဲ့ရာ ဖော်လ်ဂျန်တစ်ယောက်တည်းသာ အာခလိစ်ဖနောင့် အရက်ဆိုင်သို့ ခရီးဆက်လာခဲ့လေ၏။

ဆိုင်ရှင်ခေါမကြီးအား ဖော်လ်ဂျန်က သူ လမ်းကဝယ်လာခဲ့သော မုန့်ချပ်များကို လက်ဆောင်ပေးလိုက်ပြီးနောက် စားပွဲတစ်ခုတွင် ရှိနေသော အားရှူးတစ်ဖ်က သူ့အား လှမ်းခေါ်လိုက်လေသည်။ အားရှူးတစ်ဖ်မှာ မုတ်ဆိတ်မွေးနှစ်မြွှာခွဲ၍ မွေးထားပြီး အသွင်ပြောင်းနေသည်ကို ဖော်လ်ဂျန်က တွေ့လိုက်ရလေသည်။

"ခင်ဗျား ရုပ်ဖျက်ထားတာဟာ ခင်ဗျားနောက်ကို ကတ္တရာဆေးပုံး (ရဲသား)တွေက လိုက်နေလို့လား"ဟု ဖော်လ်ဂျန်က ရယ်မောလျက်မေးလိုက်လေ၏။

"မဟုတ်ပါဘူးကွယ်။ ဆင်းဆင်းရဲရဲနေရတာကို ငြီးငွေ့လာမိတာကြောင့်ပါပဲ။ ဒါကြောင့်ငါဟာ ငါ့အလုပ်အကိုင်ကို ပြောင်းလိုက်ပြီကွယ့်။ နှစ်သစ်ကူးစက ငါဟာ ဆေးအရောင်းသမား မဟုတ်တော့ဘဲ နက္ခတ်ဆရာဗေဒင်ဆရာ ဖြစ်လာပြီလေ။ ဒီတော့ငါဟာ ဆီးရီးယားပြည်သား အားရှူးတစ်ဖ် မဟုတ်တော့ဘူး။ ဘောဘီလုံပြည်သား အားရှူးတစ်ဖ် ဖြစ်ရပြီ.."

နက္ခတ်ဗေဒင်ဆရာကြီး ဖြစ်ရသော ဘောဘီလုံပြည်သား အသစ်စက်စက်ကြီးနှင့် ဖော်လ်ဂျန်စကားပြောနေစဉ်မှာပင် ဆိုင်၏ နောက်ဖေး

ခန်းထဲမှနေ၍ ကချေသည် လိုင်ဒီယာက ထွက်လာလေသည်။ သူမအား တွေ့လိုက်ရသည်နှင့် တစ်ပြိုင်နက် ဖော်လ်ဂျန်မှာ အားရှူးတစ်ဖ်အား မေ့ပျောက်သွားမိတော့ကာ လိုင်ဒီယာအား လှမ်း၍ နှုတ်ဆက်လိုက်လေသည်။

"ဒီနှစ်သစ်ကူးနေ့မှာ မင်းကျန်းကျန်းမာမာရှိမယ်လို့ ငါမျှော်လင့်ပါတယ်။ ငါနဲ့အတူ ဝိုင်အရက်သောက်ပါဦးလား.."

လိုင်ဒီယာကတော့ ခေါင်းကိုသာခါပြလိုက်ကာ ထိုတံခါးဝဆီသို့ လျှောက်သွားပြီး သူမ၏သမီး မစ်ခရဲလာ၏ နာမည်ကို တကြော်ကြော် အော်ခေါ်နေလိုက်သည်။ ဖော်လ်ဂျန်က ထိုင်ရာမှထပြီး သူမအနားသို့ ချဉ်းကပ်လာလျှင်ကား "ရှင် မစ်ခရဲလာကိုများ လမ်းမှာတွေ့မိသလား" ဟု မေးလိုက်လေသည်။

"မတွေ့ခဲ့ပါဘူး။ ဒါပေမဲ့ ကိစ္စမရှိပါဘူး။ သူဟာ သူ့ကိုယ်သူ ကောင်းကောင်းပြန်ကြည့်နိုင်ပါတယ်ကွယ့်။ မင်းနဲ့ငါသာ တိုင်ဘာ တံတားတွေရဲ့ ဟိုဘက်ကို သွားလည်ကြရအောင်လားကွယ်.."

လိုင်ဒီယာကတော့ အင်းအလှုပ် အဲမလှုပ်ဖြစ်နေရာ ဖော်လ်ဂျန်က ထပ်မံ၍ တိုက်တွန်းနေပြန်လေသည်။ ထိုအခါမှ သူမက "ရှင့်သဘောပဲလေ"ဟု ပြောလိုက်လေ၏။

သူတို့နှစ်ယောက်သည် လူတွေစည်ကားနေသော လမ်းတွေကို ကျော်ဖြတ်လျှောက်လာသည့်အတွင်း ဖော်လ်ဂျန်က ဂရုတစိုက် စကား ပြောဆိုသည်ကို လိုင်ဒီယာက ဘယ်လိုမှပြန်၍ ဂရုမစိုက်ဘဲ တုံးအို ဘာဝေသော လုပ်နေလေသည်။ ဖော်လ်ဂျန်မှာတော့ သူမ၏ မထီမဲ့မြင် ပြုမှုကို ခံပြင်းလှသဖြင့် အရိုးတွေကျိုးအောင်ရိုက်ပစ်လိုက်ချင်သော စိတ်ကို မနည်းကြီးကြိုးစား၍ ထိန်းသိမ်းချုပ်တည်းထားလိုက်ရလေသည်။

ဖော်လ်ဂျန်သည် လမ်းတွင်တွေ့ရသော ဆိုင်တစ်ဆိုင်တွင် ဝိုင်အရက် တစ်အိုးနှင့် စားဖွယ်ရာများကို ဝင်ဝယ်ကာ တိုင်ဘာမြစ်



တစ်ဖက်ကမ်းသို့ ခရီးဆက်ခဲ့ကြလေ၏။ တံတားတစ်ခုကို ဖြတ်ကျော်ခဲ့ကြပြီးနောက် သူတို့သည် ဂျာနီကူလမ်တောင်ကုန်းကြီးပေါ်သို့တက်ခဲ့ကြလေသည်။ လိုင်ဒီယာသည် စိတ်မပါဟန်နှင့် တောင်ပေါ်သို့ ဖြည်းညင်းစွာသာ တက်ခဲ့လေသည်။ သို့ရာတွင် ဖော်လ်ဂျန်ကတော့ မြို့ကြီးထဲမှထွက်ခဲ့ရကာ လွတ်လပ်သော တောပိုင်းသို့ ပြန်ရောက်လာရခြင်းအတွက် ဝမ်းမြောက်ဝမ်းသာကြီး ဖြစ်နေမိလေတော့၏။ သူသည် တောင်ကုန်းပေါ်တွင်တွေ့ရသော သစ်ပင်များကို လိုင်ဒီယာအား ညွှန်ပြကာ သဘာဝအလှများကို နှုတ်မှအားရပါးရကြီး ချီးကျူးပြောပြသည့်တိုင် လိုင်ဒီယာကတော့ မတုန်မလှုပ်သာ ရှိနေလေသည်။ ဖော်လ်ဂျန်မှာ သူမအား စိတ်ဆိုးဆိုးနှင့် အရိုးကျိုးအောင် ရိုက်နက်ပစ်လိုက်ချင်သော စိတ်တွေကို ချုပ်တည်းထားလိုက်ရလေ၏။

နောက်ဆုံးတော့ လိုင်ဒီယာက "ကျွန်မ မောပြီရှင်"ဟု ပြောလိုက်ကာ တောင်စောင်းပေါ်တွင် ထိုင်ချလိုက်လေတော့သည်။

ခြေနှစ်ချောင်းရှေ့သို့ ဆန့်ထုတ်လျက် ခြေပစ်လက်ပစ်ထိုင်နေသော လိုင်ဒီယာ၏ဘေးတွင် ဖော်လ်ဂျန်ကလည်း ဝင်ထိုင်လိုက်လေသည်။ သူသည် လိုင်ဒီယာ၏ ရှည်လျားလုံးကျစ်သည့် ပေါင်တံများကိုလည်းကောင်း၊ မသေးငယ်လွန်းသည်နှင့်အညီ ပျော့အိခြင်းလည်း မရှိသည့် ရင်သားအစုံကိုလည်းကောင်း၊ မျက်စိအရသာ ခံနေလိုက်မိလေ၏။ အကယ်စင်စစ်ကား သူမသည် အရာရာ၌ တပ်မက်စရာကောင်းလှသော မိန်းမတစ်ယောက်ပင်ဖြစ်နေရလေသည်။ ခက်သည်က သူမ၏ ကိုယ်အတွင်းဝယ် နိုးကြားထကြွမှု အသက်က ကင်းမဲ့နေရခြင်းသာ ဖြစ်လေ၏။ သူမ၏ဟိုတယ်ဆိုင်ပိုင်ရှင်က ပြောလိုက်သလိုပင် လိုင်ဒီယာမှာ ပြင်းထန်ကြမ်းကြုတ်လှစွာ အချိုးအနှိမ်ခံခဲ့ရသော မြင်းရိုင်းတစ်ကောင်နှင့်သာ တူနေရလေတော့၏။

"မင်း.. ဝိုင်အရက်သောက်တော့မလား"ဟု ဖော်လ်ဂျန်က ဆောင့်ဆောင့်အောင့်အောင့်ကြီး မေးလိုက်လေ၏။

## ( ၄ )

သို့ရာတွင် ပိုင်အရက်ကလည်း လိုင်ဒီယာအား ဘယ်လိုမှနိုးကြား ထကြွ၍ မလာခဲ့စေတော့ပေ။ ဖော်လ်ဂျန်မှာ စိတ်ပျက်လက်ပျက်နှင့် သူမအား လုံးဝဂရုမစိုက်တော့ဘဲ တောင်စောင်းတစ်လျှောက်မှ ရှုခင်းကိုသာ ငေးကြည့်နေလိုက်လေတော့သည်။

သူသည် လူတွေက မိခင်တိုင်းဘာဟုခေါ်ကြသော ရောမမြို့တော်ကြီးကို စောင့်ရှောက်နေသည့် နဂါးကြီးတစ်ကောင်အလား ရစ်ခွေစီးဆင်းနေသည့် မြစ်ကြီးကို အတိုင်းသားတွေ့မြင်ရလေသည်။ စိမ်းစိုသော ခြံဥယျာဉ်များနှင့် အရောင်တောက်ပစိုလွင်သော အိမ်ဂေဟာကြီးများ တည်ရှိနေကြသော ရောမတောင်ပူစာ ခုနစ်လုံးတို့ကလည်း ရောမမြို့တော်ကြီးကို မိုးကာထားသလိုရှိနေကာ အရှေ့ဘက်ဆီတွင်တော့ 'ဆာဘင်း'တောင်တန်းများကို မှိုင်းပြာ မှုန်ဝေစွာ တွေ့မြင်ရနိုင်လေ၏။

"လူတွေဟာ တစ်နေရာတည်းမှာ စုနေတတ်ကြတာဟာ တော်တော်ဆန်းတာပဲနော်။ ကမ္ဘာလောကကြီးထဲမှာ နေရာတွေ အကျယ်ကြီးရှိနေရပေမယ့် ရွာကလေးတစ်ရွာ စတည်လိုက်ရင်ပဲ လူတွေဟာ နောက်ချေးပုံကြီးထဲက ပိုးလောက်လမ်းတွေလို တကြိတ်ကြိတ် စုရုံးလာကြတော့တာပဲ.."

ဖော်လ်ဂျန်၏ ရေရွတ်ပြောဆိုနေမှုကို လိုင်ဒီယာက ဘယ်လိုမှ နားမထောင်ဘဲ ငေး၍သာ နေလေ၏။ ထိုစဉ်၌ သူမအား လှုပ်ရှားလာစေသော အသံဗလံများက ကျွက်စီကျွက်စီ ဖြစ်လာကြလေသည်။ ထိုအသံများ၏ အဓိပ္ပာယ်ကို လိုင်ဒီယာကဘယ်လိုမှ လျစ်လျူရှုနိုင်ပုံမရချေ။ တောင်စောင်း၏ အောက်ဘက်နားတွင် လယ်သူမိန်းမကြီးတစ်စုတို့သည် ကိုယ်ဝန်ဆောင်မိန်းမအရွယ် တစ်ယောက်ကိုဝိုင်းရံထားပြီး ပါးစပ်မှဂါထာ မန္တရားများကို ရွတ်ဖတ်သရဇ္ဈာယ်လျက် ရှိကြလေသည်။ ယင်းသို့ ရွတ်ဖတ်သရဇ္ဈာယ်နေကြရင်းကလည်း သူတို့သည်



ကိုယ်ဝန်ဆောင်၏ ဝမ်းဗိုက်ကို သစ်ခက်သစ်လက်ကလေးများတို့နှင့် အသာအယာဝိုင်းဝန်း ရိုက်နှက်နေကြလေ၏။

"ဘာဖြစ်နေကြတာလဲ"ဟု ဖော်လ်ဂျန်က မေးလိုက်လေသည်။

"ဟိုမိန်းမကို ကလေးမြန်မြန်မွေးရအောင် လုပ်ပေးနေကြတာလေ။ ဒါမှနစ်သစ်ကူး မင်္ဂလာနေ့ကိုမှီပြီး နိမိတ်ကောင်းတယ်လို့ အယူရှိကြတယ်.."

လိုင်ဒီယာက ပြန်ဖြေလိုက်ပြီး ခပ်လျှောင်လျှောင်ရယ်လိုက်ရာ "အဲဒါဘာဖြစ်လို့လဲ"ဟု ဖော်လ်ဂျန်ကမေးလိုက်မိပြန်၏။

"လူ့လောကထဲမှာ လူစောစောလာဖြစ်ချင်တာဟာ မှားတာပဲရှင်။ တကယ်တော့ လူဖြစ်ချင်တာကပဲ မှားလှပါပြီရှင်။ ဒီမိန်းမကြီးတွေ လုပ်သင့်တာက ကိုယ်ဝန်ဆောင်ကို သူ့အချိန်စေ့မှမွေးခိုင်းပြီး မွေးလာတဲ့ကလေးကို နောက်ချေးပုံထဲ ပစ်ချလိုက်တာ အကောင်းဆုံးပဲ"

လယ်သူမိန်းမကြီးတွေကား သစ်ပင်တစ်ပင်ကို လှည့်ပတ်ပြေးနေသော ကိုယ်ဝန်ဆောင်နောက်မှ တကောက်ကောက်လိုက်ကာ ဂါထာမန္တရားများကိုသာ တွင်တွင်ကြီး ရွတ်ဖတ်နေကြလေ၏။

"နောက်ချေးပုံထဲ ပစ်ချရမယ်ဟုတ်လား"ဟု ဖော်လ်ဂျန်က ခပ်ပြင်းစွာ ပြောလိုက်လေသည်။ "ဒီလိုဆိုရင် မင်းကလေးကို သွားပစ်ချပါလား၊ ဘာလို့မွေးထားသေးလဲ.."

"ဟုတ်တယ်၊ ကျွန်မ အဲဒီအတိုင်း လုပ်ခဲ့ဖို့ကောင်းတာပဲ။ ကောင်မလေးဟာ မကောင်းဆိုးဝါး ဝင်ပူးနေသလိုပဲ ဆိုးညစ်လာခဲ့တယ်.."

ဖော်လ်ဂျန်က မစ်ခရဲလာ၏ ဖခင်သည် မည်သူဖြစ်ကြောင်းကို မေးကြည့်လိုက်ပြန်သည်။

"ကျွန်မ မသိပါဘူး"

"မင်းယောကျာ်းတွေကို မင်းက စာရင်းမှတ်မထားခဲ့ဘူးပေါ့ ဟုတ်စ.."

"ကျွန်မဟာ ပထမဆုံး ကျွန်မနဲ့တွေ့ရတဲ့ ယောကျ်ားကိုသာ မှတ်ထားပါတယ်.."

"အဲဒါဘယ်သူလဲ"

"တီဂျဲလိနပ်စ်ပဲပေါ့"

ဖော်လ်ဂျန်မှာ ထိုင်ရာမှ ထခုန်လိုက်မိလေသည်။

"မင်း ဘာပြောလိုက်တယ်"

"ရှင်နဲ့ ဘာဆိုင်လို့လဲရှင်.. ကျွန်မ ရောမကို ရောက်လာတော့ သူနဲ့တွေ့ခဲ့ရတယ်လေ..သူက ကျွန်မကို သူနဲ့အတူ ခေါ်အိပ်ခဲ့တယ်.. တကယ်တော့ မိန်းကလေးတွေဟာ ဒီအတွက်ပဲမဟုတ်လားရှင့်.."

ဖော်လ်ဂျန်မှာတော့ သူ၏ရန်သူတော်ကြီး တီဂျဲလိနပ်စ်က လိုင်ဒီယာ၏ ပန်းဦးပန်ယောကျ်ားဖြစ်နေရခြင်းကို စိတ်ထဲက ရိုးတိုးရွတနှင့် ခံပြင်း၍မဆုံးနိုင်အောင် ရှိနေမိလေတော့သည်။

"ကဲပါလေ ကျွန်မတို့ စားစရာတွေရှိတာစားပြီး ပြန်ကြပါစို့.. ဒီညမှာ ကျွန်မ အရင်ညတွေထက် အလုပ်နှစ်ဆပိုလုပ်မှာရှင့်.."

ဖော်လ်ဂျန်ကတော့ ဒေါသတကြီးနှင့် ယူဆောင်လာသော စားစရာများကို တောင်အောက်သို့ လွှင့်ပစ်လိုက်လေသည်။ လိုင်ဒီယာနှင့် ပတ်သက်၍ သူ့စိတ်ထဲက ဤမျှ မခံချိမခံသာဖြစ်နေခြင်းကိုလည်း ကိုယ့်ကိုယ်ကို နားမလည်နိုင်ဘဲရှိနေရလေသည်။ လိုင်ဒီယာအား သူက ဂရုစိုက်မိခြင်းမဟုတ်ဘဲ တီဂျဲလိနပ်စ်နှင့် ပတ်သက်မှုတို့ကိုသာ ရွံ့မုန်းနေမိခြင်းဖြစ်သည်ဟုလည်း ကိုယ့်ကိုယ်ကိုယ် ပြန်ပြောနေမိလေ၏ ။

"လောကကြီးထဲမှာ လူပိုတွေများလွန်းနေတာကတော့ အမှန်ပါပဲ" ဟု သူကဒေါသတကြီးနှင့်ပင် ရေရွတ်လိုက်မိလေသည်။ "အထူးသဖြင့် မင်းနဲ့ မင်းရဲ့သမီးယုတ် မစ်ခရဲလာတို့လို လူမျိုးတွေပဲပေါ့.."

"ကျွန်မသမီး ယုတ်မာတာလည်း ဟုတ်ပါတယ်.. ပြီးတော့လည်း သူဟာ ပျော်ရွှင်မှု ရှိမနေရပါဘူးရှင်.."



"သူဟာ တီဂျဲလိနပ်စ်ရဲ့ ရင်သွေးဖြစ်တယ်ဆိုတာကို သိထားရလို့သာ ဖြစ်မှာပေါ့"

"မစ်ခရဲလာက ကျွန်မကို ဒီဘဝရောက်အောင် စပေးလိုက်တဲ့အတွက် တီဂျဲလိနပ်စ်ကို အမုန်းကြီး မုန်းနေတာရှင့်။ ဒီအမုန်းစိတ်ဟာ သူ့မှာစွဲကပ်နေတဲ့ ရောဂါကြီးတစ်ခုလို ဖြစ်နေရတော့တာပဲ"

ဖော်လ်ဂျန်မှာတော့ ထူးခြားဆန်းပြားလှသော ဒေါသကြီးကို ခံစားနေရသဖြင့် တစ်ကိုယ်လုံး တုန်ယင်နေမိလေသည်။ သူသည်သူ့ဘေးမှ လိုင်ဒီယာအား ခေတ္တမျှမျက်လုံးကြီးများပြူးလျက် စိုက်ကြည့်နေလိုက်ပြီး နောက်မှ ဇတ်ခနဲ ပွေ့ယူလိုက်လေ၏။

"တီဂျဲလိနပ်စ်က မင်းကို ထိကိုင်ဖို့ ခွင့်ပြုခဲ့တဲ့အတွက် ၎င်းအသည်းကို ငရဲသားတွေက ထုတ်စားကြပါစေ.."

လိုင်ဒီယာသည် ဖော်လ်ဂျန်၏လက်မောင်းကြီးများကြားမှ ရုန်းထွက်ဖို့ဘယ်လိုမှ မကြိုးစား။ သူမသည် ဖော်လ်ဂျန်၏ရင်ခွင်ထဲ၌ ပျော့ခွေခွေလေး လုပ်နေကာ ၎င်း၏မျက်နှာမှာ ဘာကိုမျှမမြင်မတွေ့ရသည့် အလားစိတ်ဝင်စားမှုအလျဉ်းမရှိဘဲခပ်ကြောင်ကြောင်ကြီးသာဖြစ်နေ၏။

ဖော်လ်ဂျန်ကတော့ သူမ၏ မတုန်မလှုပ်အမူအရာကို ခံပြင်းမိပြီး သူမအားသာ အငြိုးကြီးနှင့် ကျိန်ဆဲနေမိလေတော့၏။

"ရှင်ကျွန်မကို ကျိန်ဆဲနေတာဟာ မြစ်ထဲကိုရေလောင်းချသလိုဖြစ်နေမှာပဲ"ဟု လိုင်ဒီယာက အေးအေးဆေးဆေးသာ ပြောလိုက်လေ၏။ သူမ၏ကိုယ်မှ အနွေးဓာတ်ကလေးသည် ဖော်လ်ဂျန်၏ ကိုယ်သို့ ကူးစက်လာကာ သွေးများကိုလှုပ်ရှား ထကြွလာစေ၏။

"ရှင် ကျွန်မနဲ့အိပ်ချင်ရင်အိပ်ပါ။ ဒါပေမဲ့ ငွေအရင်ပေးရမယ်။ငွေစတစ်စ ဒါမှမဟုတ် ကြေးပြားလက်တစ်ဆုပ်စာ ပေးချင်တာပေးပေါ့"

"ဟဲ့ အရက်ဆိုင်ကခွေးမ၊ နင်က ငါ့ဆီက ပိုက်ဆံတောင်းနေရသလား။ နင်ဟာ နင့်ရဲ့နှစ်မြိုက်မှုအတွက် ဘာတစ်ခုမှမလုပ်တော့ဘူးလား..."

"ဖော်လ်ဂျန်ရယ်၊ ကျွန်မဟာ ယောကျ်ားတွေဆီက ဘယ်လိုနှစ်ခြိုက်မှုမှ မရတော့ပါဘူး"

"ဘာပဲဖြစ်ဖြစ် နင့်ကို ငါယူမယ်။ ပိုက်ဆံလည်း တပြားမှမပေးဘူး..."ဟု ဖော်လ်ဂျန်က ဒေါသတကြီးနှင့် ပြောပြောဆိုဆို သူမအား မြေပြင်ပေါ်သို့ ပက်လက်ကလေး ပစ်ချလိုက်လေ၏။

'ပိုက်ဆံတစ်ပြားမှ မပေးဘူးကြားရဲ့လား။ နင်ကပြန်ခုခံရင် နင့်မျက်နှာချိုင့်ဝင်သွားအောင် ငါရိုက်ပစ်လိုက်မယ်'

လိုင်ဒီယာက ဖော်လ်ဂျန်၏ ရမ္မက်အောမွန်စွာ ပြုမူကျင့်ကြံချက်ကို ဘယ်လိုမှ ခုခံခြင်းမရှိသည်သာမက ဘာမှမလုပ်ဘဲ အသေကောင်လိုသာ ငြိမ်သက်နေလေ၏။ ထို့ကြောင့် ဖော်လ်ဂျန်အဖို့ သူမနှင့် ရမ္မက်ဆန္ဒဖြည့်ရခြင်းမှာ ဘယ်လိုမှ နှစ်ခြိုက်စရာမရှိဘဲ ဖြစ်နေရတော့သည်။

ဖော်လ်ဂျန်မှာ သူမအား နားမလည်နိုင်သော ခံပြင်းမှုနှင့်သာ စိုက်ကြည့်နေမိလေသည်။ ဤမိန်းမကို သူက ချစ်နေမိပြီဖြစ်ကြောင်းကိုလည်း ကိုယ့်ဘာသာကိုယ် ပြန်၍နားလည်လာမိလေ၏။

"ငါ့ဆီက သွားစမ်းကွာ"

အလိုပြည့်သွားသည့်အခါတွင် ဖော်လ်ဂျန်က စိတ်ပျက်ပျက်နှင့် သူမအား ကြိမ်းဝါးလိုက်မိလေသည်။ လိုင်ဒီယာကတော့ ဘာမှမပြောဘဲ ထထိုင်လိုက်၏။ ဖော်လ်ဂျန်သည် သူမအား စိတ်ရှုပ်ထွေးပန်းလျသော မျက်လုံးအစုံဖြင့် အကြာကြီး ကြည့်နေလိုက်ပြီးနောက်မှ ထိုင်ရာမှ ထလိုက်လေ၏။

"ကဲ ငါတို့ မြို့ထဲကို ပြန်ကြပါစို့။ မင်းနဲ့ငါ မြန်မြန်ဝေးရလေ ကောင်းလေပဲ"

သူတို့နှစ်ယောက်သည် တိတ်ဆိတ်စွာပင် တောင်ပေါ်မှပြန်ဆင်းခဲ့ကြလေ၏။

❋

## အခန်းရှစ်

### ( ၁ )

ထိုညတွင် ဂျာနီကူလမ်တောင်ပေါ်၌ လိုင်ဒီယာကသူ့အပေါ် ဆက်ဆံခဲ့ပုံကို ပြန်တွေးမိတိုင်း ဖော်လ်ဂျန်မှာ မချင့်မရဲ ဒေါသကိုထက်မြက်လှစွာ ခံစားနေရလေ၏။ သို့ရာတွင် နောက်တစ်နေ့နံနက်၌တော့ လိုင်ဒီယာကို သူ့စိတ်မှ ဖယ်ထုတ်လိုက်သော အကြောင်းအရာက ပေါ်ပေါက်လာခဲ့ရလေသည်။

နှစ်သစ်ကူးခဲ့ပြီ ဖြစ်ရကား လေ့ကျင့်ရေးဆရာ ကွာတီလာက လက်ရုံးဇာနည်လောင်းတွေအား အပြင်းအထန် လေ့ကျင့်ပေးနေပြီဖြစ်လေ၏။ ထို့ကြောင့်လည်း လက်ရုံးဇာနည် ကျောင်းသားတိုင်းအတွက် မိန်းမအကြောင်းစဉ်းစားဖို့ အချိန်မရနိုင်တော့ပေ။

ကွာတီလာက ၎င်းတို့အား နေ့စဉ်ပင်သဲခင်းထဲ၌ ကိုယ်ကိုလူးလှိမ့်ခြင်း၊ တန်းခုန်ပြေးလွှားခြင်း၊ တင်းဘုတ်လွှဲခြင်း၊ ကျောက်ခဲကြီးများ အဝေးပစ်ခြင်း အစရှိသည့်လေ့ကျင့်ခန်းတွေကို ပြုလုပ်နိုင်းခဲ့သည်။

ဤအတိုင်း နောက်အပတ်တိုင်း အပတ်တိုင်းဆက်၍ လေ့ကျင့်ခန်းများကိုသာ အမျိုးမျိုးပြောင်းလွဲကာ အပြင်းအထန်လေ့ကျင့်ကြရကာ၊ လေ့ကျင့်ခန်းများတွင် အောင်မြင်ခြင်းမရှိသူတွေမှာ ကျိန်ဆဲကြိမ်းမောင်းခြင်းနှင့်အတူ ကြာပွတ်ဒဏ်ချက်များကို အလူးအလဲ ခံစားကြရလေသည်။ တစ်လပြည့်သွားလျှင်ကား လက်ရုံးဓာနည်ကျောင်းသားတိုင်း၏ ကျောပြင်တွင် ကြာပွတ်ဒဏ်ရာ အမာရွတ်ကြီးများ ရှိနေကြတော့သည်။

လေ့ကျင့်ခန်းအစီအစဉ်တွေက ပိုလို့သာ တင်းကျပ်ပြင်းထန်လာခဲ့၏။ ယခင်က ကောက်ရိုးများခင်း၍ အိပ်စက်ခဲ့ရသည့်အစား၊ ယခုတွင်မူ မာကျောသည့် သစ်သားပျဉ်ချပ်များခင်း၍ အိပ်ကြရတော့သည်။ အရုဏ်မတက်မီကပင် အိပ်ရာမှထကြရကာ ရေအဝသောက်ပြီးနောက် အဝတ်မပါသော ကိုယ်လုံးတီးသက်သက်ဖြင့်သာ လေ့ကျင့်ရေးကွက်လပ်ကို အကြိမ်တစ်ရာပတ်ပြေးကြရလေ၏။ ပြီးလျှင် မကျက်တကျက်အသားများနှင့် ဝမ်းဖြည့်ကြရကာ နောက်ထပ်၍ လေ့ကျင့်ခန်းများဆက်တိုက်လုပ်ကြရပြန်တော့သည်။

ဖော်လ်ဂျန်ကတော့ အသားပိုများ လျှော့ကျကုန်ရသော်လည်း ထိုသို့ကုန်ခန်းရသည့် နေရာတွင် သန်မာကြံ့ခိုင်သည့် ကြွက်သားများကအစားထိုး၍ တိုးတက်လာခဲ့၏။ အမောလည်းခံနိုင်လာခဲ့၏။ လျင်မြန်ပေါ့ပါးစွာ ခုန်လွှား၊ ရှေ့တက်နောက်ဆုတ်ခြင်းတို့တွင် ကျင်လည်လာခဲ့ရသည်။

မတ်လကုန်တွင်မူကား ဖော်လ်ဂျန်မှာ သူ့တစ်သက်တွင် ကာယဗလအကြံ့ခိုင်ဆုံးနှင့် သန်စွမ်းသောအခြေအနေသို့ ရောက်နေရလေ၏။ အစားအသောက်ကိုလည်း ယခင်ကထက် ပို၍ စားလာနိုင်၏။

သို့တစေလည်း ပြင်းထန်ကြမ်းတမ်းလှသော လေ့ကျင့်ခန်းများကို နေ့စဉ်ရက်ဆက် ပြုလုပ်ခဲ့ရသည့် ဒဏ်ချက်က လက်ရုံးဓာနည်လောင်းအားလုံးတို့ အချင်းချင်း ဆက်ဆံမှုကို တင်းမာလာစေခဲ့လေ



သည်။ နေ့စဉ်ဆိုသလိုပင် စိတ်တိုနေမှုကို ကျောင်းသားတွေက အချင်းချင်းသတ်ပုတ်ခြင်းဖြင့် ဖြေဖျောက်နေကြရလေ၏။ အထူးသဖြင့် ဂျူးကူးလပ်စ်နှင့် ဖော်လ်ဂျန်တို့၏ဆက်ဆံမှုက ပြတ်လုမတတ် တင်းမာလာခဲ့ရလေသည်။

ထမင်းစားပွဲတွင် ကျောင်းသားတွေက စုရုံးရင်ဆိုင်ရသည် ဖြစ်ရာ ထိုနေရာမှာ သူတို့၏ ရန်ပွဲကျင်းပရာစားကျက်ကြီး ဖြစ်နေရလေ၏။ တစ်နေ့တွင် ထုံးစံအတိုင်း ထမင်းစားပွဲကြီးတွင် လာချပေးသော အသားတုံးများကို အလုအယက် အားရပါးရ စားသောက်နေကြစဉ် ဖော်လ်ဂျန်က အသားတုံးရှိရာ ပန်းကန်သို့ လက်လှမ်းလိုက်လေသည်။

"တော်တော်ကို စားကောင်းတဲ့ အသားတွေပဲဗျာ"

သို့ရာတွင် ထမင်းစားပွဲ၌ သူများတွေလို မြိန်ရှက်စွာစားသောက်ခြင်းမရှိသူ တစ်ယောက်တော့ ရှိနေသည်။ ၎င်းကား ကျွန်ပြေးကြီးဆော်တိနက်ပင် ဖြစ်၏။ ဖော်လ်ဂျန်က ၎င်းဆီသို့ အသားတုံးကြီးများကို ပစ်ပေးသော်လည်း ဆော်တိနက်က ဂရုမစိုက်ဘဲနေ၏။ ဖော်လ်ဂျန်လည်း စိတ်တိုလာမိပြီး ပေါင်မုန့်တစ်လုံးကို လှမ်းပေးလိုက်မိသည့်တိုင် ဆော်တိနက်မှာ မတုန်မလှုပ်ကြီးသာ လုပ်နေလေသည်။

အာကျယ်ကြီးနှင့် ဟားလ်တို့က ပေါင်မုန့်များကို ပါးစပ်ထဲသို့ ပလုတ်ပလောင်းထိုးထည့်ရင်းက ဤမုန့်ကို လက်ရုံးဓာနည်ဟောင်းကြီးဆင်နစ္စတာ၏ ပေါင်မုန့်ဖိုမှ ထုတ်လုပ်ခြင်းဖြစ်ရကား အကောင်းဆုံးမုန့်ဖြစ်နေရသည်နှင့်အညီ လက်ရုံးဓာနည်ကြီးတစ်ယောက်ကိုယ်တိုင် ဖုတ်လုပ်သော မုန့်ကိုစားရခြင်းဖြင့် စားရသူသည်လည်း ၎င်းကဲ့သို့ပင် စွမ်းပကားနှင့် ပြည့်စုံသော လက်ရုံးဓာနည်ကြီးဖြစ်လာနိုင်ပေသည်ဟု ပြောဆိုနေကြလေသည်။ ဆော်တိနက်ကတော့ ၎င်းတို့ပြောနေသောစကားများတွင် ဘယ်လိုမှ စိတ်ဝင်စားခြင်းမရှိဘဲ စားပွဲမှ ထသွားလေတော့သည်။

စားသောက်ပြီးစီးသွားသည့်အခါတွင် ဖော်လ်ဂျန်က ၎င်းဆီသို့

လျှောက်သွားမိလေသည်။ အမြဲတမ်းမှုန်တေတေနှင့် ငေးငိုင်တွေဝေကာ ဘာသိဘာသာဘာသာ နေတတ်သော ဤအဘအေးရီးယန်း လူရိုင်းကြီးကား ဖော်လ်ဂျန်အတွက် လူထူးလူဆန်းတစ်ယောက်ဖြစ်နေရလေ၏။ ယခု သူသည် ဖော်တီနက်၏ ဘေးတွင် ဝင်ထိုင်လိုက်လေသည်။

"ခင်ဗျားဟာ လှေကျင့်ရေးဆရာကို ထော်လော်ကန့်လန့် လုပ်မနေပါနဲ့တော့လားဗျာ.. ဒါကြောင့်သာ သူက ခင်ဗျားကိုမဲပြီး အပြစ်ပေးနေတာပဲ"

"ဘာများအကြောင်းထူးမှာ မို့လို့လဲ"ဟု ဖော်တီနက်က လေးလေးကြီး ပြန်ဖြေလိုက်လေ၏။

"ခင်ဗျားဟာ လှေကျင့်ရေးဆရာနဲ့ သင့်မြတ်သွားရမှာပေါ့ဗျ"

"ကျုပ်က ဘယ်လိုမှမသင့်မြတ်ချင်ဘူး။ ကျုပ်ဟာ ရောမမြို့တော်ကြီးနဲ့တကွ ရောမမှာ နေတဲ့လူတွေအားလုံးကို ရွံရှာစက်ဆုပ်မိပါတယ်။ ဒီမြို့တော်ကြီးဟာ မစင်တွင်းကြီးတစ်ခုပဲ၊ ကျုပ်က ကျုပ်ဇာတိနေရပ်ကိုပဲ ပြန်ချင်ပါတယ်.."

"ခင်ဗျားရဲ့ ဇာတိနေရပ်က ဘယ်မှာလဲ.."

"အဲ့(လ်ပ်)စ်တောင်တန်းတွေရဲ့ ဟိုဘက်က သစ်တောကြီးဆီမှာပဲ"

ဖော်လ်ဂျန်မှာတော့ အဲ့(လ်ပ်)စ်ဟူသော နာမည်ကို ယခုမှပင်ကြားဖူးကာ ဘယ်နေရာတွင် ရှိနေသည်ကိုပင် စိတ်မကူးကြည့်တတ်ပေ။

"အဲဒီနေရာ ဘယ်မှာရှိသလဲ"ဟု ဖော်လ်ဂျန်က ထပ်၍မေးလိုက်မိလျှင် ဖော်တီနက်က အံ့သြလှစွာ မော့ကြည့်လိုက်လေ၏။ ပြီးမှ အဲ့(လ်ပ်)စ်တောင်တန်းကြီးများရှိရာ မြောက်ဘက်သို့ လက်ညှိုးညွှန်ပြလိုက်လေသည်။ သို့ရာတွင် ဖော်လ်ဂျန်ကတော့ ၎င်းညွှန်ပြရာကို မကြည့်မိဘဲ ၎င်း၏မျက်လုံးကြီးများထဲသို့သာ စိုက်ကြည့်နေလိုက်မိလေသည်။ ဤလူရိုင်းကြီး၏ မျက်လုံးများကား နှေဥတု၏မိုးကောင်းကင်ကဲ့သို့ပင် ပြာလွင်လျက်ရှိပြီး တမြည့်မြည့်နေသော ဝမ်းနည်းမှုကြီးကို အထင်းသား ထုတ်ဖော်ပြလျက်ရှိနေလေ၏။



"အဲဟိုတောင်တန်းတွေရဲ့ ဟိုဘက်မှာ ခင်ဗျားတို့က ဘာတွေလုပ်ကြသလဲ"

"ကျုပ်တို့ဘာသာဘာသာ နေထိုင်ကြတာပေါ့။ အဲဟိုမှာ ကျုပ်ရဲ့ မိဘနှစ်ပါးက ရှိနေတယ်လေ။ ပြီးတော့သစ်တောကြီး... ကျုပ်တို့ဟာ သစ်တောကြီးထဲမှာ အမဲလိုက်ကြတယ်။ ငါးမျှားကြတယ်။ ပြီးတော့ ကျုပ်တို့ဆီကို ရောမတွေရောက်လာကြပြီး သူတို့ရဲ့ သံ့ပန်းအကျဉ်းသမားဘဝနဲ့ ကျုပ်ကို ဖမ်းလာကြရာက ကျုပ်ဟာ အခုလိုဘဝ ရောက်ခဲ့ရတာပဲ"

လှေကျင့်ရေးဆရာ ကွာတီလာက ကျောင်းသားအားလုံး လှေကျင့်ရေးပြန်ဆင်းကြရန် အမိန့်ပေးလျက်ရှိနေပြီဖြစ်လေသည်။ သို့ကြောင့် ဖော်လ်ဂျန်က ဖော်တီနက်အား လှေကျင့်ရေးဆရာနှင့် သင့်မြတ်အောင် ကြိုးစားနေဖို့ ကပျာကယာကြီး ထပ်မံတိုက်တွန်းလိုက်ရပြန်လေသည်။ သို့ရာတွင် ဖော်တီနက်ကတော့ ဘယ်လိုမှ ပြန်မဖြေဘဲနေရာ ဖော်လ် ဂျန်မှာ စိတ်တိုလာပြီး ၎င်းဆီမှ ပြန်ထွက်ခဲ့လေသည်။

ဤလူရိုင်းကြီးက ကိုယ့်အတွက်မပူဘဲ နေနိုင်လျှင် မိမိကလည်း အနေသာကြီးပါဟု ဖော်လ်ဂျန်သည် ကိုယ့်ကိုယ်ကိုယ် ပြန်ပြောမိသော်လည်း နောက်တစ်ခဏအကြာ၌ လှေကျင့်ရေးဆရာက ဖော်တီနက်အား ကြာပွတ်နှင့်တရွှမ်းရွှမ်းရိုက်နေပြန်သည့်အခါတွင်ကား ဖော်လ်ဂျန်မှာ သူကိုယ်တိုင် အရိုက်ခံနေရသလိုပင် စိတ်ထဲကခံစားလာမိလေ၏။

( ၂ )

လက်ရုံးဇာနည်များ၏ ပဏာမပွဲဦးထွက် တိုက်ပွဲတွေကို ရောမမြို့တော် စတည်သောနှစ်၏ အထိမ်းအမှတ်ပွဲ ပြုလုပ်ကျင့်ပလေ့ရှိသော

ဧပြီလတွင် စတင်ဆင်နွှဲကြဖို့ စီစဉ်ထားလေ၏။ သို့တစေ ဧပြီလ ရောက်သည့်တိုင် လေ့ကျင့်ရေးဆရာ ကွာတီလာက သူ၏စည်းကမ်းချက်များကို နည်းနည်းလေးမှ အလျှော့မပေးသေးဘဲ တပည့် ကျောင်းသားများကို အပြင်းအထန် ဆက်လက်လေ့ကျင့်ခိုင်းဆဲသာ ရှိနေသည်။ အမှန်ကတော့ ကွာတီလာမှာ လက်ရုံးဓာနည်လောင်းများအား အပြီးသတ် လေ့ကျင့်ခန်းများနှင့် အဓာကျော အသန်စွမ်းဆုံးသော လူများ ဖြစ်လာရဖို့ ကြိုးပမ်းအားထုတ်နေခြင်းဖြစ်လေ၏။ သို့တစေလည်း လေ့ကျင့်ခန်းများကတော့ တော်တော်ကြီး ပြောင်းလဲ မှုကွဲလာခဲ့ရပြီ ဖြစ်လေသည်။ အခြေခံလေ့ကျင့်ခန်းများကို ယခုတော့ ဆေးချိတ်ထား လိုက်ခဲ့ပြီဖြစ်ကာ ကျောင်းသားတိုင်းကပင် ဓားမြှောင်၊ ဓားလွတ်၊ လှံတံများနှင့် တိုက်ပွဲဝင်လေ့ကျင့်ခန်းများနှင့် အဆုတ်အတက်အခုန်အလွှား အရှောင်အတိမ်းတွေကိုပါ စနစ်တကျ လေ့လာကြရလေသည်။ ဓားမြှောင်၊ ဓားရှည်နှင့် လှံတံများ ကိုင်ဆောင်တိုက်ခိုက်နည်းများကိုလည်း လက်တွေ့ဆည်းပူးကြရလေ၏။ကွာတီလာကိုယ်တိုင်က ထိုလက်နက်များကို ကိုင်စွဲပြီး လက်တွေ့သတ်ပြရာ ၎င်း၏စွမ်းရည်မှာ ထင်ရှားလွန်းရကား ကျောင်းသားများ၏ မကျေနပ်မှုများမှာ ကွယ်ပျောက်ကုန်ကြရလေသည်။ တကယ်တော့ ကွာတီလာက ပညာပြည့်ဝလှသည့် ဆရာ တစ်ယောက် ဖြစ်ပါသည်။

ကွာတီလာ သင်ပြသည့်အတိုင်း ကျောင်းသားများက လက်နက်များကို ကိုင်စွဲလေ့ကျင့်နေစဉ်ဝယ် ဂျူးကူးလပ်စ်က ကွာတီလာထံ ချဉ်းကပ်လျက် တစ်စုံတစ်ရာ ပြောနေသည်ကို ဖော်လ်ဂျန်က တွေ့လိုက်ရလေသည်။ သို့အညီ မယောင်မလည်နှင့် ၎င်းတို့နှစ်ယောက်အနားသို့ ကပ်သွားသည်တွင် ဂျူးကူးလပ်စ်က ကွာတီလာအား ပြောနေသည့် စကားများကို ကြားလိုက်ရလေ၏။

"ဒီမှာဆရာ.. ကျွန်တော်နဲ့ ဟိုအကောင်ဖော်လ်ဂျန် ဓားချင်း စမ်းခုတ်ကြည့်ချင်ပါတယ်..ခွင့်ပြုမလား ဆရာ."



"မပြုနိုင်ဘူး"

"ဒီလို ဓားချင်းစမ်းခုတ်ကြည့်ရရင် အရီနာတိုက်ပွဲကျတော့ ကျွန်တော်တို့ ပိုပြီးကျင့်သားရနိုင်မှာပေါ့ဆရာရဲ့..ဒါမှ ဆီဇာကိုယ်တော်မြတ်ဟာ ကျွန်တော်တို့အတွက် အရှက်ရတော်မူရမှာ မဟုတ်တော့ဘူး"

"မင်းဉာဏ်က ဒါပဲလား ဂျူးကူးလပ်စ်.. ပထာမတိုက်ပွဲတွေမှာ လူလူချင်းတိုက်ရမှာ မဟုတ်ဘူးကွ.."

"ဟင်..ဒီလိုဆိုရင် ဘယ်လိုတိုက်ရမှာလဲ.."

"လူတွေနဲ့ သားရဲတိရစ္ဆာန်တွေကို အသတ်ခိုင်းမှာကွ.."

ဂျူးကူးလပ်စ်မှာ ကွာတီလာ၏ မျက်နှာထားကြောင့် နောက်ဆက်၍မပြောဝံ့တော့ဘဲ ကွာတီလာအပါးမှ ရှောင်ရှားသွားရလေတော့၏။ သို့ရာတွင် ဖော်လ်ဂျန်ကိုတော့ မလိုမုန်းထားလှစွာ လှမ်း၍လှမ်း၍ ကြည့်နေလေရာ ဖော်လ်ဂျန်ကလည်း ၎င်းကို မခံချင်အောင် ပြန်၍ရယ်ပြနေလိုက်၏။ ဂျူးကူးလပ်စ်မှာ သူ့ဒေါသကို ချုပ်တီး၍မရတိုင်း ဓားခုတ်ကျင့်ရန် ပေးထားသည့် သစ်တုံးကြီးကို တရကြမ်း မဲ၍ ခုတ်နေလေ၏။

"မင်းဖြစ်ဖြစ် သူဖြစ်ဖြစ်သေကြရမှာပဲ မင်းတို့ရန်ငြိုးဟာ အေးကြရမှာပဲဖောလ်ဂျန်"ဟု အာကျယ်ကြီးက ပြောလိုက်လေသည်။

ဖော်လ်ဂျန်ကတော့ မြုံ၍သာနေလိုက်လေသည်။ သူ့မှာ ဂျူးကူးလပ်စ်၏ရန်ငြိုးကို ဘယ်လိုမျှစိုးရိမ်ခြင်းမရှိ။ မကြာမီ ဆင်နွှဲရတော့မည့် တိုက်ပွဲများကား လူလူချင်းသတ်ရမည်မဟုတ်ဘဲ သားရဲတိရစ္ဆာန်များနှင့်သာ သတ်ဖြတ်ရမည်ဖြစ်ရကား ဖော်လ်ဂျန်က ရှေ့သို့ တွေးပူမနေမိတော့ပေ။

"ဂျူးကူးလပ်စ်ကို ကျုပ် မမှုပါဘူးဗျာ"

သို့တစေလည်း သူသည် ဂျူးကူးလပ်စ်ကိုတော့ သတိထား၍ စောင့်ကြည့်နေခဲ့လေသည်။ အကယ်၍ ဂျူးကူးလပ်စ်က လက်နက်

တစ်စုံတစ်ရာ ဆွဲကိုင်ကာ သူ့အနီးတွင် ရှိနေရပါက ဖော်လ်ဂျန်သည် ၎င်းကို ကျော်ပေး၍ မထားမိဖို့ အထူးသတိထားနေရတော့၏။

သားရဲတိရစ္ဆာန်များနှင့် ယှဉ်ပြိုင်သတ်ရတော့မည့် နံနက်တွင် ဖော်လ်ဂျန်က သူ့အား ဘားရပ်စ်ကပေးလိုက်သည့် လက်စွပ်ကို သူ့အခန်းထဲတွင် ဖွက်ထားခဲ့လေ၏။ လက်စွပ်ကို ထားနေကျဖြစ်သည့် သူ့လက်ဖွဲ့ကိုလည်း ခါတိုင်းကလို လက်မောင်းတွင် ပတ်မထားဘဲ လည်ပင်းတွင် ကြိုးသိုင်းဆွဲထားလိုက်လေ၏။

"လက်ဖွဲ့နဲ့ဘာနဲ့ပါလားကွ" ဟု ဂျူးကူးလပ်စ်ကတော့ ထုံးစံအတိုင်း ဖော်လ်ဂျန်အား ရန်စခဲ့လေ၏။

"အဂ္ဂရီပီနာက မင်းကိုစွန့်ပစ်ထားပြီမို့ မင်းကလက်ဖွဲ့တွေဘာတွေကို အားကိုးနေရပြီပေါ့..မင်းကိုမွေးစားထားတဲ့ မိဖုရားက မင်းကို စွန့်ပစ်လိုက်ပြီလားကွ"

"ဖြစ်ချင်လည်း ဖြစ်မှာပေါ့လေ" ဟု ဖော်လ်ဂျန်ကတော့ ခပ်အေးအေးသာ ပြန်ဖြေလိုက်လေသည်။ "မိန်းမနဲ့ ဖရဲသီးဆိုတာ အတူတူပဲ သူတို့ကိုဖွင့်ခွဲကြည့်မှ ဘယ်လိုဆိုတာ သိနိုင်တာကလား.."

"ဒီလိုဆိုမင်းက အဂ္ဂရီပီနာကို ဖွင့်မကြည့်နိုင်ခဲ့ဘူးပေါ့ ဟုတ်စ"

အနားတွင်ရပ်နေသော လက်ရုံးဓာနည်ကျောင်းသားများက သူတို့နှစ်ယောက်စလုံးစကားကို သဘောကျသွားပြီး အားရပါးရရယ်လိုက်ကြလေသည်။

"ဟေ့..တိတ်တိတ်နေကြစမ်း" ဟု ကွာတီလာက ၎င်းတို့အားလှမ်းအော်လိုက်လေသည်။ "ဟောဟိုက သဲနာရီကုန်သွားရင် မင်းတို့ကို စစ်သားအစောင့်တွေက လာခေါ်ကြတော့မယ်..အဲဒီကျရင် တို့တစ်တွေ ချက်ချင်းပဲ အရီနာတိုက်ပွဲကို သွားကြရမယ်"

အာကျယ်ကြီးသည် ဝိုင်အရက်သောက်ချင်လှကြောင်းကို ဖော်လ်ဂျန်အား တီးတိုးပြောလိုက်ရာ ဖော်လ်ဂျန်က စောစောကသိရလျှင် သူ၏အစေခံ ဘက်ဆီဒပ်စ်ဖြင့် စစ်တပ်များမှ ဝိုင်အရက် ခိုးမှာလိုက်လျှင်



ရမည်ဖြစ်ကြောင်းနှင့် ပြန်ဖြေလိုက်လေသည်။ ဤတွင် အာကျယ်ကြီးမှာ ဆုံးရှုံးခဲ့ရသော အခွင့်အရေးကြီးအတွက် ညည်းညူနေလိုက်ပြီးနောက်မှ "ဒီအတွက်မင်းကို ငါကျေးဇူးတင်တယ် ဖော်လ်ဂျန်။ ကျေးဇူးဆပ်တဲ့အနေနဲ့ မင်းကို ငါ တစ်ခုပြောမယ်၊ မင်းအခန်းထဲမြန်မြန်သွားပြီး ငွေစတစ်စကို သွားယူချေ။ ဒီငွေစဟာ မင်းအတွက် အသုံးဝင်လာလိမ့်မယ်ဆိုတာကို ငါကတိပေးပါတယ်ကွာ" ဟု ပြောလိုက်ပြန်၏။

ဖော်လ်ဂျန်လည်း ကပျာကယာ သူ့အခန်းသို့ ပြန်သွားကာ တန်းစီအချိန်မီ ပြန်ရောက်လာလေသည်။ အစောင့်စစ်သားတွေက ရောက်လာကြပြီဖြစ်ကာ ကွာတီလာက နောက်ဆုံးပိတ် မှာကြားချက်များကို ပြောဆိုနေ၏။

"မင်းတို့လက်နက်တွေ အစုံအစေ့ပါကြပြီလား။ အခုကတည်းက ယူမသွားရင် ဟိုကျတော့သားရဲကောင်တွေကို မင်းတို့လက်ချည်းသက်သက် ရင်ဆိုင်ကြရလိမ့်မယ်။ ကဲ..တပ်မှူး သူတို့ကို ခေါ်သွားကြပေတော့..."

တပ်မှူးသည် သူ၏တပ်သားများကို နှစ်ယောက်စီတန်းစီစေကာ လက်ရုံးဓာနည်များနဲ့အတူ ကျောင်းဝင်းအတွင်းမှထွက်ခဲ့ကြလေသည်။ သူတို့လူစုက မြို့ထဲကလမ်းတွေကို ဖြတ်သန်းလျက် အရီနာတိုက်ပွဲကွင်းဆီသို့ ချီတက်သွားကြစဉ် ဘေးက အရပ်သူအရပ်သားတွေက ဝိုင်းကြည့်နေကြလေ၏။ သို့ရာတွင် သူတို့မှာ လက်ရုံးဓာနည် ကျောင်းသားများသာ ဖြစ်ကြရကား ဘယ်သူတစ်ဦးတစ်ယောက်မှ သူတို့အား သြဘာမပေးကြပေ။ အချို့ကမူ အော်ဟစ်၍ပင် လှောင်ပြောင်လိုက်ကြသေး၏။

"အခုတော့ သူတို့က တို့ကိုလှောင်ကြသေးတာပေါ့ကွာ..." ဟု အာကျယ်ကြီးက ဖော်လ်ဂျန်အား ပြောလိုက်လေသည်။ "ဒါပေမဲ့ လက်ရုံးဓာနည် တစ်ယောက်က ပထမတိုက်ပွဲတွေကို ကျော်နင်းနိုင်ပြီး သားရဲတိရစ္ဆာန်တွေအစား လူလူချင်းသတ်ကြတာနဲ့ တစ်ပြိုင်နက်

သူတို့တစ်တွေက လူစွမ်းကောင်းကြီးအနေနဲ့ ပါစားပေးလာကြတော့တာပဲကွာ…မိန်းမတွေဆိုရင် လက်ရုံးဓားနည်ဆို အားကြီးကျတာပေါ့”

“ကျုပ်က သားရဲကောင်တွေရဲ့ အနံ့ကိုရလာပြီ”ဟု ဖော်လ်ဂျန်က နှာဝကိုတွန့်ကာ ပြောလိုက်လေသည်။

အရီနာတိုက်ပွဲကွင်းကြီးသို့ နီးလာလေလေ သားရဲကောင်တွေ၏ အနံ့မှာ ပို၍ပြင်းထန်လာလေလေ ဖြစ်လေသည်။ သူတို့က တိုက်ပွဲကွင်းကြီး တံခါးဝမှနေ၍ မြေအောက်ခန်းများသို့ ဝင်ခဲ့ကြသည့်အခါတွင်မူကား သားရဲနံ့များက လုံးဝလွှမ်းမိုးလာကြလေတော့၏။ အနံ့သာမက သားရဲတိရစ္ဆာန်များ၏ဟိန်းဟောက်သံများကပါဆူညံလျက်ရှိနေလေ၏။

“နီရိုဟာ ကမ္ဘာပေါ်မှာ ရှိရှိသမျှတိရစ္ဆာန်မျိုးတွေကို ရအောင်ရှာထားတာပဲ”ဟု အာကျယ်ကြီးက ဂုဏ်ယူဝင့်ကြွားစွာ ပြောလိုက်လေသည်။ “တိုးနယားကောင်သာ မရှိတာကွ …မင်းတိုးနယားကောင်ကို တွေ့ဖူးသလား…”

“ဟင့်အင်း…”

“အေး…ငါလည်း မတွေ့ဖူးသေးဘူး။ ဟော့…ဖြည်းဖြည်းသွားစမ်း… ဟုတ်ပြီ…တန်းထဲကထွက်ပြီး ဘေးအခန်းလေးထဲကို ဝင်လိုက်စမ်း… မကြောက်ပါနဲ့လေ…ဘာမှမဖြစ်ပါဘူးကွ…”

သူတို့နှစ်ယောက်သည် တန်းထဲမှလစ်ထွက်ခဲ့ကြကာ အခန်းငယ်လေးထဲသို့ ဝင်ခဲ့ကြသည်တွင် လက်ရုံးဓားနည်များအား ပိုင်အရက်ရောင်းသည့် အဝတ်အစားစုတ်ချာချာနှင့် လူကြီးတစ်ယောက်ကို အခန်းထဲ၌ တွေ့လိုက်ကြရလေ၏။ အာကျယ်ကြီးက ထိုလူကြီးအား ကျောကိုပုတ်၍ အားပါးတရကြီး နှုတ်ဆက်လိုက်လေ၏။

“သူ့နာမည်က ခွန်ကာတဲ့…ငါ့ယောက်ဖပေါ့…ငါ့နမကို ကိုယ်ဝန်လေးလရှိပြီးမှ လက်ထပ်ခဲ့တဲ့ ကောင်ပေါ့…”

“ဘယ်က လေးလရမှာလဲကွ၊ ခြောက်လရှိမှ ငါယူခဲ့တာပါကွာ”



သူတို့နှစ်ယောက်သည် အားရပါးရကြီး ရယ်မောလိုက်ပြီးနောက်မှ အာကျယ်ကြီးက ဖော်လ်ဂျန်အား လှမ်းပြောလိုက်လေသည်။

“ကဲ..မင်းယူလာတဲ့ ငွေစကို သူ့ကိုပေးလိုက်ပါကွာ..”

ဖော်လ်ဂျန်က ငွေစကို လှမ်းပေးလိုက်ပြီးသည့်နောက်တွင် ခွန်ကာက သူတို့နှစ်ယောက်အား ကျဉ်းမြောင်းသော စင်္ကြံကွေ့တစ်လျှောက် လှည့်ပတ်ခေါ်သွားပြီး နောက်ဆုံး၌ သံတိုင်တွေကာထားသော ပြတင်းပေါက်တစ်ခုသို့ ရောက်သွားကြရလေ၏။

ခွန်ကာက ၎င်းတို့အား အသံမပြုရန်သတိပေးလိုက်ပြီး ပြန်ထွက်သွားသည့်အခါတွင် အာကျယ်ကြီးနှင့် ဖော်လ်ဂျန်တို့က ပြတင်းပေါက်မှနေ၍ အပြင်ဘက်သို့ လှမ်းကြည့်လိုက်ကြလေ၏။ ဤတွင် သူတို့သည် အရီနာတိုက်ပွဲ ကွင်းကြီးထဲသို့ ကြည့်နေမိခြင်းဖြစ်သည်ကို တွေ့ရကာ ဖော်လ်ဂျန်က အံ့အားသင့်မှုနှင့် အာမေဋိတ်မပြုလိုက်မိစေရန် ချုပ်တီးထားလိုက်ရလေ၏။

ပိုက်ကွန်သမား ဂျူးကူးလပ်စ်အား ရင်ဆိုင်ခဲ့ရစဉ်ကဆိုလျှင် တိုက်ပွဲကွင်းကြီးထဲ၌ သဲများခင်းထားကာ ချောချောမွတ်မွတ် ပြေပြေပြစ်ပြစ် ရှိနေခဲ့ရသော်လည်း ယခုတွင်မူ ကျောက်တုံးကြီးများ၊ ချုံပုတ်များဖြင့် တောတွင်းသဏ္ဌာန် ပြင်ဆင်မွမ်းမံထားနေသည်ကို တွေ့ရလေသည်။ ကွင်းကြီး၏ ပတ်ပတ်လည်တွင်ကား နက်ရှိုင်းသော ကျုံးကြီးတစ်ခုကို တူးထားလျက် ပွဲကြည့်ပရိသတ်ရှိရာ အုတ်တံတိုင်းကြီးများ ထိပ်တွင် သံချွန်ကြီးများ စိုက်ထူထားခြင်းဖြင့် တိုက်ပွဲကွင်းထဲမှ သားရဲတိရစ္ဆာန်များက ကျော်ထွက်မလာနိုင်ရန် ကာကွယ်ထားပေ၏။

အုတ်တံတိုင်းနောက်ဘက် အပေါ်ဆုံးကျနေသော နေရာများမှာ လူဆင်းရဲအညတြ ပွဲကြည့်ပရိသတ်များနှင့် ပြည့်လျှံနေပြီဖြစ်လေသည်။ အလယ်တန်းများတွင်တော့ ၎င်းတို့ထက် ငွေကြေးချောင်လည်သော လူတွေကရှိနေကြကာ အုတ်တံတိုင်းနှင့် ကပ်လျက်သား နေရာကောင်းများကိုကား နီရိုဘုရင်နှင့် မိတ်ဆွေသင်္ဂဟများအတွက် သီးသန့်ဖယ်

ထားကြပြီး ကိုယ်ရံတော်လုလင်များက ၎င်းတို့၏သခင်များ စည်းစိမ်ရှိရှိ ကြည့်နိုင်ရန် မွမ်းမံပြင်ဆင်ပေးနေကြ၏။

ထိုစဉ်၌ အတွင်းဘက်မှ ခရာတွတ်သံတစ်ခုက ထွက်ပေါ်လာရာ အာကျယ်ကြီးက ကပျာကယာ ခုန်ထလိုက်လေသည်။

"လာဟေ့..မြန်မြန် သူတို့မဲနှိုက်နေကြပြီ.."

လက်ရုံးဇာနည်များက တန်းစီရပ်နေကြပြီဖြစ်သော စကြံရှည်ကြီးဆီသို့ သူတို့နှစ်ယောက်သည် ခပ်သုတ်သုတ်သွားကြလေသည်။ လူတစ်ရာတပ်မှူးတစ်ယောက်သည် နံပါတ်များ ရေးမှတ်ထားသည့် သစ်သားပြားကလေးများကို ၎င်းတို့အား လိုက်ဝေပေးနေလေသည်။ သစ်သားပြားကလေးများ၏ နံပါတ်များနှင့် အနီးရှိကျောက်သင်ပုန်းပြားကြီးတစ်ခုတွင် မြေဖြူနှင့်ရေးခြစ်ထားသော နံပါတ်များကို တိုက်ကြည့်ကာ သူတို့က အဘယ်သော သားရဲကောင်နှင့် တိုက်ခိုက်သတ်ဖြတ်ရမည်ကို ရှာကြည့်ကြရမည် ဖြစ်လေသည်။

"ဟား..ငါက ဝက်ဝံကိုသတ်ရမှာကိုး"ဟု ဂျူးကူးလပ်စ်က အားရဝမ်းသာပြောလိုက်လေသည်။ အာကျယ်ကြီးကတော့ ခြင်္သေ့တစ်ကောင်နှင့် သတ်ရဖို့ မဲကျသော်လည်း ၎င်းမှာ သိပ်ပြီးထိတ်လန့်စိုးရိမ်ပုံမရချေ။

"အကြွားသန်တဲ့ အကောင်ကို နတ်ဘုရားတွေက ဆုံးမတတ်တာမို့ ငါကဂျူးကူးလပ်စ်လို ကြွားမနေတော့ဘူး ဖော်လ်ဂျန်"ဟု ၎င်းက ရှင်းပြလိုက်၏။ "ဒါပေမဲ့ ငါ့ခြင်္သေ့ဟာ ငယ်ငယ်ကလေးသာ ရှိဦးမှာကွ၊ ဘာပြုလို့လဲဆိုတော့ ခြင်္သေ့တွေကို သွားဖမ်းကြရာမှာ အကောင်ကြီးကြီးတွေထက် အကောင်ငယ်ငယ်တွေကိုသာ အလွယ်တကူဖမ်းလို့ရတတ်တာကိုး..မင်းကကော ဘယ်အကောင်ကျသလဲ.. ဝက်ရိုင်းတစ်ကောင်ဟုတ်လား၊ အေး ဒီဝက်ရိုင်းတွေကတော့ တော်တော်ဉာဏ်များတဲ့အကောင်တွေပဲ.."

"ကိစ္စမရှိပါဘူး..ဝက်ရိုင်းတွေကို ကျုပ်တို့တောမှာ မကြာခဏအမဲလိုက်သတ်ခဲ့ဖူးပါတယ်"ဟုဖော်လ်ဂျန်က ပြန်ပြောလိုက်လေ၏။



"ဒီလိုဆိုတော့ မင်းကဒီအကောင်တွေရဲ့ ဓာတ်ကိုသိနေရောပေါ့၊ ဟုတ်လား..အေး..မင်းကုသိုလ်ကထောက်မပါစေ ငါ့မိတ်ဆွေရာ.."

"ခင်ဗျားလည်း ကုသိုလ်ကံကောင်းပါစေ"

ဖော်တိနက်ကား သူ၏နံပါတ်ပြားကို တုန်ယင်သောလက်များနှင့်ဆုပ်ကိုင်ကာ ကျောက်သင်ပုန်းကြီးရှေ့တွင် ရပ်နေရာ ဖော်လ်ဂျန်က ၎င်းဆီသို့ လျှောက်သွားမိလေသည်။

"ခင်ဗျား တိုက်ရမယ့် တိရစ္ဆာန်ကဘာလဲ"

"ကျုပ်တို့ဇာတိ သစ်တောကြီးတွေမှာ ကျက်စားတဲ့နွားသိုးကြီးတစ်ကောင်ပဲ..ရောမတွေဟာ သူတို့ရဲ့ပျော်ရွှင်မှုတွေအတွက် ကျုပ်ရဲ့ဇာတိဌာနက တိရစ္ဆာန်တွေကိုတောင် အသုံးချနေတော့တာပဲကလား"

"ခင်ဗျားက ဒီနွားသိုးကြီးကို သတ်နိုင်ပါ့မလား.."

"ကျုပ်ရဲ့ သစ်တောကြီးမှာ နွားသိုးပေါင်း မြောက်မြားစွာကို ကျုပ်သတ်ခဲ့ဖူးပါပြီ။ ဒါပေမယ့် ဒီမှာတော့ နွားသိုးကြီးကပဲ ကျုပ်ကို သတ်လိုက်ရင် ခပ်ကောင်းကောင်းပဲ..ဒါမှဒီဘဝက ဝဋ်ကျွတ်ရမှာပဲ"

"အသက်သေရတာထက်တော့ ဘယ်လိုဘဝမျိုးမဆို ပိုကောင်းပါသေးတယ်ဗျာ.."

ဖော်တိနက်က ထွက်သွားတော့သည်တွင် အားရှူးတစ်ဖ်သည် ဖော်လ်ဂျန့်အပါးသို့ ခပ်ပြုံးပြုံး ကပ်လာလေ၏။

"ခင်ဗျားကြီး ဒီအထဲကို ဘယ်လိုဝင်လာနိုင်တာလဲ.."

"ကျုပ်မှာ ဩဇာကလေး ဘာလေးရှိသပေါ့..အခုကျုပ်က ကျုပ်ဆီမှာကျန်နေတဲ့ လက်ဖွဲ့တွေကို ရောင်းပစ်နေတယ်။ ဒါပေမယ့် မင်းဆီမှာ လက်ဖွဲ့တစ်ခုက ရှိနေပြီးကိုး ဘာလက်ဖွဲ့လဲကွယ့်.."

"ဉာဏ်များပြီး လျင်မြန်ဖျတ်လတ်မှု ပေးဆောင်နိုင်တဲ့ မြေခွေးတစ်ကောင်ရဲ့ ဘယ်လက်ကြီးပဲ.."

"ဒီလိုဆိုရင် မင်းမစွမ်းတော့ဘူး။ မြေခွေးရဲ့ ညာဘက်လက်က

သာ မင်းကို မ နိုင်တာပဲ။ မင်းကိုဒီထက်စွမ်းတဲ့ လက်ဖွဲ့တစ်ခု ရှောင်းပါရစေ။ ဈေးလည်း အင်မတန်ပေါပါတယ်.."

ဖော်လ်ဂျန်ကတော့ သူ့အားထားသောလက်ဖွဲ့ကို နှိမ်ပြောခြင်းအတွက် စိတ်ဆိုးမိကာ လူလည်ကြီး အားရှူးတစ်ဖ်အား သူ့အပါးမှ နှင်ထုတ်လိုက်လေသည်။ သို့တစေ အားရှူးတစ်သည် အနားတွင်ပင်ကပ်နေကာ ဖော်လ်ဂျန်အား ကူညီစောင့်ရှောက်ပေးမည့်သူ မယ်တော်မိဖုရား အဂ္ဂရီပီနာသည် တိုက်ပွဲသို့ ကြွရောက်လာမည် မဟုတ်ရကား ဖော်လ်ဂျန်သည် လက်ဖွဲ့ကောင်းဝယ်သင့်ကြောင်းနှင့် ထပ်မံ၍ဆွယ်နေပြန်လေ၏။

( ၃ )

အဂ္ဂရီပီနာ ကြွရောက်မလာခြင်းကို ဖော်လ်ဂျန်က သိပ်အမှုမထားမိ။ သူ့စိတ်ထဲတွင် အခြားမိန်းမတစ်ယောက်က ဝင်ရောက်လျက်ရှိနေ၏။ အားရှူးတစ်ဖ်သည် 'အာခလိစ်ဖနောင့်' အရက်ဆိုင်သို့ မကြာခဏသွားရောက်လေ့ရှိသည်ဖြစ်ရာ ကချေသည်မ လိုင်ဒီယာအား နေ့တိုင်းတွေ့နေရမှာပဲဟု ဖော်လ်ဂျန်က တွေးမိလေသည်။ သို့အညီ သိပ်အမှုမထားသည့် အမှုအရာနှင့်ပင် မေးခွန်းထုတ်ကြည့် လိုက်မိသည်။

"ဒါနဲ့ ခင်ဗျားကြီး သွားလေ့ရှိတဲ့ အရက်ဆိုင်လည်း ဘယ့်နှယ်လဲ အရင်ကလိုပဲလား.."

"ဒါပေါ့ကွယ့် မစ်ခရဲလာလေးက တစ်နေ့တခြား ကြီးပြင်းလာနေတယ်။ ကောင်မလေးက မှောင်ထဲကနေပြီး ယောကျ်ားတွေကို ခေါ်စပြုနေပြီ.."

"နို့..သူ့အမေကော..."

"သူ့အလုပ်ပဲ လုပ်နေတာပေါ့ကွယ့်။ ဒါက အရေးမကြီးပါဘူးလေ။ အဂ္ဂရီပီနာ အကြောင်းပြောစမ်းပါရစေ။ နီရိုဟာ သူ့မယ်တော်နှင့် အကြီးအကျယ်စကားများ ရန်ပွားခဲ့ရသတဲ့။ သူတို့နှစ်ယောက်ဟာ



ဆာဘင်းတောင်ထိပ်ပေါ်ကတောင် ကြားနိုင်တဲ့အထိ အော်ကြီးဟစ်ကျယ်နဲ့ တစ်ယောက်ကိုတစ်ယောက် စွပ်စွဲ ပုတ်ခတ်ခဲ့ကြတယ်လို့ နားကြားသက်သေတစ်ယောက်က ကျုပ်ကိုပြောခဲ့တယ်လေ။ အဂ္ဂရီပီနာက သူ့သားတော်ဟာ မိဖုရားခေါင် အော်တေဗီယာအပေါ်မှာသစ္စာတော် ခိုင်မြဲစွာနေဖို့ ပြောခဲ့တာကို နီရိုက သူ့အချစ်တော် ပေါ်ပေယာနဲ့ ခါတိုင်းလို ရင်းရင်းနှီးနှီးဆက်ဆံနေတဲ့ သူ့အခွင့်အရေးကိုမစွန့်လွှတ်နိုင်ဘူးလို့ ပြန်ပြောခဲ့ရာကအစ ရန်မီးပွားခဲ့ကြတာပဲတဲ့။ သူတို့နှစ်ယောက်ရဲ့ ရန်ပွဲဟာ နောက်ဆုံးတော့ သရေပွဲဖြစ်ခဲ့ရတာပဲ။ နီရိုက သူ့မယ်တော်ကို ဆက်အန်တုနေပြီး မယ်တော်က နီရိုဟာ ခြေထောက်ဘက်ကစပြီး အမိဝမ်းထဲက ကျွတ်ရတဲ့လူဟာ ဒုက္ခတွေ့တတ်တယ်လို့ ပြန်ပြီးသတိပေးခဲ့သတဲ့.."

"အဂ္ဂရီပီနာက နီရိုဟာ ဒုက္ခတွေ့ရလိမ့်မယ်လို့ ရည်ရွယ်ပြီး ပြောခဲ့တာပေါ့.."

"ဒါပေါ့ကွယ့်..လူတစ်ယောက်ကို သတိပေးဖို့ မကောင်းတဲ့ကိစ္စတစ်ခုပဲမဟုတ်လားကွယ့်..ဟင်..မိမိရဲ့ ဘဝလမ်းဆုံးကို ကြိုတင်သိမထားရတာက ပိုကောင်းလိမ့်မယ် မဟုတ်လား.."

အားရှူးတစ်ဖ်သည် သူ့ပြက်လုံးကို သူ့ဘာသာသူ ပြန်သဘောကျစွာဖြင့် တဟဲဟဲရယ်ကာ ထွက်သွားသည့်နောက် ဖော်လ်ဂျန်မှာ ၎င်းအား လုံးဝမေ့သွားမိလေသည်။ ထိုစဉ်မှာပင် လက်ရုံးဓာနည်များ၏ နာမည်များကို တစ်ယောက်ပြီးတစ်ယောက် ခေါ်လာရာ ၎င်းတို့အားလုံးမှာ တိုက်ပွဲအတွက် အသင့်ပြင်ဆင်ရန် အဝတ်လဲအခန်းထဲသို့ ဝင်ခဲ့ကြရလေသည်။ ပြီးလျှင်ကား အချက်ပေးခရာသံက ထွက်ပေါ်လာကာ တိုက်ပွဲကွင်းထဲသို့ ချီတက်ရန် အမိန့်ကျလာလေတော့၏။

သူတို့က အရီနာတိုက်ပွဲကွင်းအထဲသို့ ဝင်ရောက်လာမိလျှင်ကား လက်ခုပ်တီးသံများက ခပ်သဲ့သဲ့ကလေးသာ ထွက်ပေါ်လာလေ၏။ လူတစ်ရာတပ်မှူးတစ်ယောက်က သူတို့လူတစ်စုအား တောတွင်း

သဏ္ဍာန်တူအောင် ပြုလုပ်ထားသော ကျောက်ဆောင်သစ်ပင် ချုံပုတ်တွေကြားထဲမှနေ၍ ဗိုလ်ရှုခံနေရာသို့ရှေ့ဆောင်ချီတက်သွားလေသည်။ ဗိုလ်ရှုခံစင်မြင့်ကြီး၏ ရှေ့ဆုံးနေရာတွင် နီရိုဘုရင်ကထိုင်နေကာ ၎င်း၏ခြွေရံသင်းပင်းများက ရာထူးအခြေအနေအလိုက်နှင့် ဘုရင်၏အရေးပေးမှု ခံယူနေရသော လောလောဆယ် အခြေအနေအရလည်းကောင်း နေရာထိုင်ခင်းများကို ယူထားကြလေ၏။ မယ်တော်မိဖုရားကြီး အဂ္ဂရီပီနာကတော့ အားရှုံးတစ်ဖံ ပြောလိုက်သည့်အတိုင်းပင် ကြွရောက်ရှုစားခြင်း မရှိဘဲ မျက်နှာဖြူဖပ်ဖြူရော် ဖြစ်နေသော မိဖုရားကြီး အော်တေဗီယာနှင့် နီရို၏အချစ်တော် ပေါ်ပေယာကလည်း မလှမ်းမကမ်းအနားတွင်ပင် ရှိနေလေ၏။

ကိုယ်ရံတော် တပ်မှူးကြီး ဘားရပ်စ်ကား ခေါင်းပြောင်ပြောင်လူပုပုတစ်ယောက်နှင့် စကားပြောနေလေသည်။

"ခေါင်းပြောင်ကြီးက ဘယ်သူလဲ.." ဟုဖော်လ်ဂျန်က အာကျယ်ကြီးကို တီးတိုးလေသံနှင့် မေးလိုက်လေသည်။

"အဘိဓမ္မာဆရာကြီး ဆီနီကာပဲပေါ့.. အခုဆိုရင် သူ့ကိုဘယ်သူကမှ အရေးမလုပ်တော့ပါဘူး..."

ဆီနီကာထက်ပင် နောက်ဘက်ကျသော နေရာတွင်ကား ရွှေသွားတဝင်းဝင်းနှင့် တီဂျဲလိနပ်စ်က ထိုင်နေလေသည်။ ထိုအခြင်းအရာကို တွေ့လိုက်ရသော ဖော်လ်ဂျန်က အားရစွာပြုံးလိုက်မိလေသည်။ မြင်းမွေးဆရာ တီဂျဲလိနပ်စ်ကား သူအလိုရှိသလို အရေးပါအရာရောက်လှခြင်းမရှိသေးသည်မှာ ထင်ရှားနေရလေသည်။ ကိုယ်ရံတော် တပ်မှူးကြီးဘားရပ်စ်မှာ ၎င်းထက်အဆင့်အတန်းမြင့်၍ အရေးပါအရာရောက်နေသူ ပုဂ္ဂိုလ်ကြီးသာ ဖြစ်နေရသေးပေ၏။

ထိုစဉ်၌ တပ်မှူးက နီရိုဘုရင်အား အလေးပြုရန် အမိန့်ပေးလိုက်ရာ လက်ရုံးဇာနည်များက စီတန်းရပ်နေလိုက်ရာက ညာလက်ဖြင့်



ဆုပ်ကိုင်ထားကြသော လက်နက်များကို အပေါ်သို့မြှောက်ကာ အော်ဟစ်ကြွေးကြော်လိုက်ကြလေ၏။

"ဟေးလ်ဆီဇာ.. သေပွဲဝင်ကြရတော့မယ့် အကျွန်ုပ်တို့က ဆီဇာဘုရင်အား အလေးပြုကြပါတယ်.."

နီရိုက ပျင်းပျင်းရိရိနှင့် လက်တစ်ဖက်မြှောက်ကာ အလေးပြုခြင်းကို အသိအမှတ်ပြုလိုက်ပြီးသည့်နောက်တွင် လက်ရုံးဇာနည်များက တန်းစီလျက်ပင် အဝတ်လဲခန်းဆီသို့ ပြန်လျှောက်လာခဲ့ကြရပြန်၏။ ထိုအခန်းထဲတွင် ၎င်းတို့က မိမိ၏အလှည့်သို့ ကျရောက်လာသည်အထိ စောင့်စားနေကြရမည် ဖြစ်လေသည်။ အာကျယ်ကြီးကတော့ တံခါးစောင့်အား မျက်စိတစ်ဖက်မှိတ်ပြလျက် ဖော်လ်ဂျန်အား ခပ်စောစောက သူတို့ကြည့်နေခဲ့ကြသော ပြတင်းပေါက်သို့ ခေါ်ဆောင်သွားပြန်လေသည်။

သူတို့နှစ်ယောက်သည် ပြတင်းပေါက်မှနေ၍ တိုက်ပွဲကွင်းကြီးထဲသို့ ဝင်လာကြပြီဖြစ်သော သားရဲကောင်များအား ကြည့်ရှုဝေဖန်ကာ သူတို့အလှည့်သို့ရောက်လျှင် ဆင်းရမည့်တိုက်ပွဲကွင်း၏ အနေအထားတို့ကို ယခုကတည်းကပင် လေ့လာထားနေကြလေ၏။ သားရဲကောင်များနှင့် လက်ရုံးဇာနည်များကား စတင်သတ်ဖြတ် တိုက်ခိုက်နေကြပြီဖြစ်ရာ သားရဲ၏လက်ချက်ဖြင့် လက်ရုံးဇာနည်က သွေးသံရဲရဲနှင့် ကျဆုံးသွားရသည့် အလှည့်များကိုတွေ့ရလျှင် ဖော်လ်ဂျန်မှာ မပျို့အန်မိစေရန် တံတွေးကိုသာ တွင်တွင်ကြီး မျိုချနေရလေတော့၏။

ကြံ့ကြီးများကား ကြည့်၍အံ့သြဖို့အကောင်းဆုံး တိရစ္ဆာန်များဖြစ်ကြလေသည်။ တောခွေးများမှာတော့ ရွံရှာစက်ဆုပ်ဖွယ် အကောင်းဆုံး ဖြစ်နေတော့သည်။ တောခွေးများ၏ သဏ္ဍာန်ကိုကပင် ဖော်လ်ဂျန်အတွက် အူထဲအသည်းထဲကပင် ရွံရှာမုန်းတီးဖွယ်ရာဖြစ်နေရလေ၏။ တောခွေးအုပ်ကြီး၏ တိုက်ခိုက်မှုဝယ် လက်ရုံးဇာနည်နှစ်ယောက် လဲကျသွားလေရာ ပွဲကြည့်ပရိသတ်က သဘောကျစွာ ဝိုင်းဝန်း၍ သြဘာ

ပေးလိုက်ကြလေသည်။ တိုက်ပွဲကွင်းအစောင့်များက ကြွင်းကျန်ရစ်သော ရုပ်ကလာပ်များကို ကွင်းထဲမှ တရွတ်တိုက်၍ ဆွဲထုတ်သွားကြလေတော့၏။

အာကျယ်ကြီးကမူ မိမိတို့ကျောင်းမှ လက်ရုံးဇာနည်များသည် အခြားကျောင်းများမှထက် တိုက်ခိုက်ရသော သားရဲကောင်များအပေါ်တွင် အနိုင်ယူနေနိုင်ပေသည်ဟု အားရပါးရ ပြောဆိုနေလေ၏။ ထိုစဉ်၌ ဖော်လ်ဂျန်၏ နာမည်ကို ခေါ်နေသံအား သူတို့ကြားလိုက်ရလေသည်။

ဖော်လ်ဂျန်ကလည်း သူ့လက်ဖွဲ့ကလေးအား ဟန်ပါပါ ထိကိုင်လိုက်ရာက "ကဲ..ကျွန်တော့်ဝက်ရိုင်းကတော့ စောင့်နေပြီ"ဟု ပြောလိုက်လေ၏။

## ( ၄ )

သူသည် အရီနာတိုက်ပွဲကွင်းထဲသို့ ခြေလှမ်းခပ်မှန်မှန်ဖြင့် ဝင်လာခဲ့လေသည်။ ပွဲကြည့် ပရိသတ်များကား ဝက်ရိုင်းနှင့်သတ်ဖြတ်ရမည့်ပွဲဖြစ်၍ ပို၍ကြည့်ကောင်းမည်ဟု တလှုပ်လှုပ်တရွရွနှင့် ကျွက်စီကျွက်စီ ဖြစ်နေကြလေသည်။

သားရဲကောင်များ လှောင်ထားရာ တံခါးဝကြီးကို ဖွင့်ပေးလိုက်သည့်နောက် ဝက်ရိုင်းကြီးတစ်ကောင်က ကွင်းထဲသို့ ပြေးဝင်လာလေသည်။ သို့ရာတွင် ဖော်ဂျန်နှင့်တော့ တော်တော်အလှမ်းကွာနေပြီး သူတို့ကြားတွင် ကျောက်တုံးကြီးများနှင့် ချုံပုတ်များက ကာဆီးထားလျက်ရှိနေပေသေး၏။

ဝက်ရိုင်းကြီးမှာ သာမန်ထက်ကြီးထွားပြီး အစွယ်ကောက်ကြီးများကလည်း ဓားမြှောင်နှစ်ချောင်းလိုပင် ရှည်လျားချွန်ထက်လှပေတော့၏။ ပွဲကြည့် ပရိသတ်ကြီးကမူ သဘောကျစွာ အော်ဟစ်ဩဘာပေးလိုက်ကြလေသည်။



ဖော်လ်ဂျန်ကတော့ နေရာတွင်ပင် ပကတိငြိမ်သက်စွာရပ်ကာ ဝက်ရိုင်းကြီးအား စောင့်ကြည့်နေလိုက်လေသည်။ ဝက်ရိုင်းကြီးသည် ခုန်ခံနေသည့်အလား နှုတ်သီးတမော့မော့နှင့် နှာဝတရှုံ့ရှုံ့နှင့် ရှိနေလေ၏။ လူနံ့ရလာသည့်အခါ၌ ချာခနဲလှည့်ကာ ၎င်း၏ ရန်သူကို တွေ့သွားရလေသည်။ သို့ရာတွင် ကောက်ကျစ်စွာနှင့် မမြင်ဟန်ဆောင်ကာ တခြားဖက်သို့ ပြေးသွားပြန်၏။

ပြီးလျှင်ကား ဝက်ရိုင်းကြီးသည် ကျောက်ပြားချပ်ကြီးတစ်ခုပေါ်သို့တက်ကာ ရုတ်တရက်ခုန်ချလိုက်ပြီးနောက် ဖော်လ်ဂျန်၏ရှေ့ လုံးခပ်အကွာခန့်တွင် မျက်နှာချင်းဆိုင်ရပ်နေလိုက်ပြန်၏။ တိရစ္ဆာန်ကြီးသည် ရှူးခနဲရှူးခနဲ နှာဝမှလေကို မှုတ်ထုတ်လိုက်ရာက နှုတ်သီးဖြင့် မြေကြီးကို ကော်ဆွနေလေသည်။ ၎င်းမှာ ရန်သူကိုကြောက်ရွံ့နေသည့်အလား နောက်သို့အနည်းငယ် ဆုတ်သွားပြန်၏။ ပြီးမှအံ့ဩဖွယ်ရာကောင်းလှသော လျင်မြန်သွက်လက်မှုဖြင့် ဖော်လ်ဂျန်ဆီသို့ ဦးတိုက်၍ တစ်ဟုန်ထိုး ပြေးလာလေတော့၏။

ဝက်ရိုင်းကြီးသည် ၎င်းအစွယ်ကြီးများနှင့် ဖော်လ်ဂျန်၏ ခြေထောက်များကို ပထမဦးစွာတိုက်ခိုက်မည်ဖြစ်ကာ ဖော်လ်ဂျန်ကမြေကြီးပေါ်သို့လဲကျသွားသည့် အခါတွင်မှ ကိစ္စတုံးသတ်ပစ်မည်ဖြစ်သည်ကို ပွဲကြည့်ပရိသတ်ကြီးက ရိပ်မိပြီး ရင်တမမနှင့်ကြည့်နေကြလေ၏။

ဖော်လ်ဂျန်ကတော့ နေရာမှမရွေ့မရှား ငြိမ်သက်စွာရပ်၍သာ စောင့်စားနေလိုက်သည်။ ပရိသတ်ကြီးကမူ ရင်တဖိုဖိုနှင့် ဖော်လ်ဂျန်အား လှမ်းအော်နေကြလေ၏။

"ဟေ့..အချိန်ရတုန်း လုံနဲ့ပစ်လေ.."

"ဟင်..နောက်ကျသွားပြီ..သွားတော့မှာပါပဲ.."

ဖော်လ်ဂျန်ကတော့ ဝက်ရိုင်းကြီးကို လုံနှင့်လှမ်းပစ်ဖို့ ဘယ်လိုမှ ကြံရွယ်ဘဲ တစ်စထက်တစ်စနီးကပ်လာနေသော ဝက်ရိုင်းကြီးကိုသာ သတိနှင့် စောင့်စားနေလိုက်လေသည်။

ပြီးမှသူသည် ရုတ်တရက် မြေပြင်သို့ မှောက်ချလိုက်ကာ တစ်ဟုန်ထိုးပြေးဝင်လာနေသော ဝက်ရိုင်းကြီး၏ လည်မျိုတည့်တည့်ဆီသို့ လှံသွားကို သူ့တွင်ရှိသမျှခွန်အားနှင့် ထိုးသွင်းလိုက်လေ၏။ ဝက်ရိုင်းကြီး၏အားသွန်ပြေးလာသော အရှိန်နှင့်ပင် လှံသွားသည် တစ်တောင်ခန့်ပင် လည်မျိုထဲသို့ ဖောက်ထွင်းဝင်ရောက်သွားလေတော့၏။ သွေးများက ပန်းထွက်လာကြကာ ဝက်ရိုင်းကြီးသည် သွေးများဖြင့်လျက် မြေကြီးပေါ်တွင် တစ်ချက်နှစ်ချက် လူးလွန့်လိုက်ပြီး ငြိမ်သက်သွားလေတော့၏။

## (၅)

ထိုနေ့ညနေတွင် ကွာတီလာ၏တပည့် တော်တော်များများကပင် ကျောင်းသို့ ချောမောစွာ ပြန်လာနိုင်ခဲ့ကြလေသည်။ ဖော်တိနက်မှာပင်လျှင် နောက်ဆုံးပိတ်အချိန်၌ အသက်ကို အချည်းနှီးမစွန့်လွှတ်တော့ဘဲ ၎င်း၏နွားရိုင်းကြီးကို အသေသတ်နိုင်ခဲ့လေ၏။ ဂျူးကူးလပ်မှာလည်း ၎င်း၏ရင်ဘတ်နှင့် လက်မောင်းများတွင် အကုတ်ခံရသော ဒဏ်ရာများ အနည်းအကျဉ်းရခဲ့သည်ကလွဲ၍ ဝက်ဝံကြီးကို သတ်ဖြတ်အနိုင်ယူနိုင်ခဲ့လေသည်။

အာကျယ်ကြီးကတော့ အသက်ထွက်လုဆဲဆဲ မြော့မြော့ကလေးသာရှိနေလေသည်။ ၎င်းက ဖော်လ်ဂျန်အား ဝိုင်အရက်သောက်ပါရစေဟု တောင်းပန်ခဲ့ရာ ဖော်လ်ဂျန်၏တပည့်ဘက်ဆီဒပ်စ်က ဝိုင်တစ်ချိုင့်ကို အရရှာဖွေပေးသဖြင့် ဖော်လ်ဂျန်က အာကျယ်ကြီးဆီသို့ ယူသွားပေးလေ၏။ အာကျယ်ကြီးမှာ ခြသေ့် အကုတ်အခြစ်ခံထားရသဖြင့် မှတ်မိနိုင်စရာ မရှိလောက်အောင်ပင် ရုပ်ပျက်ဆင်းပျက် ဖြစ်နေတော့သည်။

အာကျယ်ကြီးက သူ့အာခေါင်ထဲသို့ ဝိုင်အရက်လောင်းထည့်ရန် ကတော့ခွက်ကို ယူခိုင်းလိုက်ပြီးနောက် သူကြုံခဲ့ရသော အဖြစ်ကို မကျေမချမ်း တတွတ်တွတ်ရေရွတ်နေလေ၏။



"ငါထင်တဲ့အတိုင်းပဲ ငါသတ်ရတဲ့ ခြသေ့်က ငယ်ငယ်ကလေးပဲ ရှိပါသေးတယ်ကွ၊ ငါထင်တာထက်တောင် အကောင်ငယ်ပါသေးတယ်လေ။ ဒီလောက်အကောင်ကလေးကို ငါက လွယ်လွယ်လေးနဲ့ အနိုင်ယူနိုင်ပါတယ်လေ။ ဒါပေမဲ့ ငါက ဓားနဲ့လှမ်းအခုတ်လိုက်မှာ နေကာရှက်ဖျင်ကြီးက လေတိုးပြီးလှုပ်သွားတော့ ခြသေ့်က လန့်ပြီး ဘေးကိုခုန်လိုက်တာ ငါ့ဓားချက်က လွဲသွားရတော့တာပေါ့။ ဒါနဲ့ ခြသေ့်က ငါ့ကိုခုန်အုပ်နိုင်ပြီး ငါကဓားမြှောင်နဲ့သာ အသေထိုးသတ်ရတော့တာပဲ။ တော်တော်ဆိုးတာပဲကွာ..."

"ဟုတ်ကဲ့၊ ကျွန်တော် သိပါတယ်..ကဲ..ကဲ..ခင်ဗျား ပါးစပ်ကို ဟလိုက်စမ်း.."

အာကျယ်ကြီးက ပါးစပ်ကို ဟပေးလိုက်သည်တွင် ဖော်လ်ဂျန်က ပထမဦးစွာ ခွက်ကြီးကို ပါးစပ်ထဲသို့ ထိုးသွင်းပေးလိုက်ပြီး ဝိုင်အရက်ကို လောင်းထည့်ပေးလိုက်လေသည်။ အာကျယ်ကြီးသည် သူ့ဘဝတွင် အစုံမက်ဆုံးဖြစ်သော ဝိုင်အရက်ကို ပါးစပ်တွင် ကတော့နှင့်ခံ၍ အားရပါးရ ကြီးသောက်ရင်းကပင် ကိုယ်ခန္ဓာကြီး ဆတ်ခနဲ တစ်ချက်နှစ်ချက် တွန့်လိုက်ရာက အသက်ပျောက်သွားရှာလေတော့၏။

"မင်းသွားတော့လေ.."ဟု အပေါက်ဝမှ လှမ်းပြုကြည့်နေသော ကွာတီလာက ဖော်လ်ဂျန်အား လှမ်းပြောလိုက်လေသည်။

"လက်ရုံးဇာနည်အသေကောင်နဲ့အတူနေတာဟာ နိမိတ်မကောင်းဘူးကွ.."

ဖော်လ်ဂျန်သည် ထိုနေရာမှ ထွက်ခဲ့ကာ သူ့ကိုယ်တွင် ပေကျံနေသော သွေးတွေကို စင်ကြယ်အောင် ဆေးကြောပစ်လိုက်ရလေသည်။ အဝတ်အစားများ လဲလှယ်ပြီးနောက် ကွက်လပ်ကြီးသို့ ပြန်ထွက်လာရာတွင် လက်ရုံးဇာနည်ဟောင်း ပြောင်းကြိတ်စက်ပိုင်ရှင် ဆင်နစ္စတာ ရောက်နေသည်ကို တွေ့ရလေသည်။ ဆင်နစ္စတာမှာ ဖော်လ်ဂျန်အား ပြောင်ပြောင်ကြီးပင် သူ၏ရန်လိုမှုကို ထုတ်ဖော်ပြနေ၏။

"ခင်ဗျားက ကျုပ်ကို ချီးကျူးရဖို့လာတာလား"ဟု ဖော်လ်ဂျန်က လည်း ၎င်းအား လှမ်းထေ့လိုက်၏။ "ကျုပ် ဒီကနေ့တိုက်ပွဲမှာ ဝက်ရိုင်းဘေးက လွတ်မြောက်ခဲ့ရတယ်လေ။ ခင်ဗျားက ကျုပ်မိတ်ဆွေဆိုတော့ ဝမ်းသာမှာပဲ မဟုတ်လား.."

"မျိုးမစစ်သား၊ မင်းဟာ ဒါလောက်လုံ့ပစ်တော်ရင် အခုငါနဲ့ တစ်ပွဲတစ်လမ်း စမ်းရအောင်လား.."ဟု ဆင်နစ္စတာက ဒေါသတကြီးနှင့် ပြန်၍ ဟိန်းဟောက်လိုက်လေ၏။

"ဒါပေမဲ့ ခင်ဗျားက ပန်းရိုးတစ်ဖက်ကျိုးနေတာပဲ၊ ခင်ဗျားအပေါ် ကျုပ် အသာမယူချင်ပါဘူး..."

"ဒီဒဏ်ရာက ပျောက်သွားပြီပေါ့..စကားမများနဲ့ လှံတစ်ချောင်းကို ယူပေတော့.."

ဖော်လ်ဂျန်သည်လည်း နံရံတွင်ချိတ်ထားသော လှံတံတစ်ချောင်းကို ဖြုတ်ယူလိုက်ရာ ဆင်နစ္စတာကလည်း အခြားလှံတံတစ်ချောင်းကို ဖြုတ်ယူလိုက်လေသည်။ သို့ရာတွင် လေ့ကျင့်ရေးဆရာ ကွာတီလာက ၎င်းတို့ဆီသို့ အပြေးကလေး ရောက်လာလေ၏။

"လှံတွေကို လွှတ်ချလိုက်ကြစမ်း..ဒီလိုရန်ဖြစ်တာမျိုးကို ခွင့်မပြုဘူး။ ဒါကိုခင်ဗျား သိဖို့ကောင်းတယ် ဆင်နစ္စတာ.."

"ဒီအကောင် ကျုပ်ကိုစော်ကားခဲ့တယ်။ ကျုပ်ဟာဘယ်သူ့အစော်ကားမှခံတတ်တာ မဟုတ်ဘူး။ ပြီးတော့ စတွေ့ရကတည်းက ကျုပ်အကျီထဲက ကြမ်းပိုးကလေးတစ်ကောင်လို ကျုပ်ကိုနှောင့်ယှက်နေတဲ့ ဒီကောင်စုတ်က စော်ကားတာကို ကြည့်မနေနိုင်ဘူး။ ဒီတော့ ခင်ဗျား ဘေးဖယ်နေလိုက်စမ်းပါ ကွာတီလာ..."

"မဖယ်နိုင်ဘူး။ ကျုပ်သူ့ကို ကာကွယ်ရလိမ့်မယ်"ဟု ကွာတီလာကခိုင်မြဲစွာနှင့် ငြင်းပယ်လိုက်လေသည်။ "သူဟာ ဘုရင့်ပစ္စည်းတစ်ခုဆိုတာ ခင်ဗျားသတိပြုပါဆင်နစ္စတာ၊ ဒီအကြောင်းကို နီရိုဘုရင့်ရှေ့နားတော်ကို ပေါက်ကြားသွားရင် ခင်ဗျား နောင်တရနေလိမ့်မယ်နော်.."



"ကျုပ်ဟာ နီရိုဘုရင်ရဲ့ အချစ်တော်ပါလေ.."

"နီရိုဘုရင်ရဲ့ အရေးပေးမှုဟာ တည်မြဲခြင်းမရှိဘဲ အပြောင်းအလဲမြန်လှတယ်ဆိုတာကို တစ်လောကလုံးက သိနေပါတယ်။ ကဲ..ခင်ဗျား လှံကိုပေးပါ.."

ဆင်နစ္စတာသည် ခံပြင်းမှုဒေါသနှင့် တဆတ်ဆတ် တုန်ယင်နေလေသည်။ ပြီးမှ သူ့လက်ထဲမှလှံကို ကွာတီလာအား ပေးအပ်လိုက်လေသည်။ ဤတွင် ဂျူးကူးလပ်စ်က ဖော်လ်ဂျန်အားလှမ်း၍ လှောင်ပြောင်လိုက်လေသည်။

"ဖော်လ်ဂျန်က ကုသိုလ်ကံကောင်းပြီး လွတ်သွားရပြန်ပြီပေါ့"

"အေး ငါလွတ်ပေမယ့် မင်းတော့လွတ်မှာ မဟုတ်ဘူး၊ ဒုက္ခပေးတဲ့အကောင်"

ဖော်လ်ဂျန်သည် ဒေါသတကြီးနှင့် ကြိမ်းဝါးလိုက်ရာက ကွာတီလာ၏ လက်ထဲမှလှံတံကို ဇတ်ခနဲလုယူလိုက်ကာ ဂျူးကူးလပ်စ်ဆီသို့ လွှဲပစ်လိုက်ရာ လည်မြိုတည့်တည့်သို့ စိုက်ဝင်သွားရလေတော့၏။

ကွာတီလာက အစောင့်စစ်သားများကို အော်ခေါ်လိုက်ကာ ဖော်လ်ဂျန်အား ကြာပွတ်ဒဏ်ပေးဖို့ အသင့်ပြင်ဆင်ရန်အမိန့်ပေးလိုက်လေ၏။

ဂျူးကူးလပ်စ်ကတော့ သေလေပြီဖြစ်၏။

*

# အခန်းကိုး

## ( ၁ )

ဖော်လ်ဂျန်မှာ ယခင်ကလည်း ကြာပွတ်နှင့် ရိုက်နှက်အပြစ်ပေးခြင်းကို ခံခဲ့ရဖူးပြီဖြစ်လေသည်။ တောနယ်တစ်ပိုက်တွင် ကျရောက်လာသော ကပ်ရောဂါဘေးကြောင့် မိဘများ သေဆုံးသွားရပြီးနောက် မြေပိုင်ရှင် ကားယပ်စ်ခရီဘားထံတွင် သူက အလုပ်ဝင်လုပ်ခဲ့ရာမှ ရောမဥပဒေအရ မြေပိုင်ရှင်ကြီး၏ ခြေလေးချောင်းတိရစ္ဆာန်များနှင့် မခြားတော့အောင် ကျွန်ခံဘဝ ရောက်ရှိခဲ့ရသည်။ မြေပိုင်ရှင်ကြီး ခရီဘားက ဖော်လ်ဂျန်အား အပြစ်များကျူးလွန်မိသည့်အခါတွင် ကြိမ်ဒဏ် မကြာခဏပေးခဲ့သည်သာ ဖြစ်လေသည်။ သို့ရာတွင် ထိုသို့ခံစားခဲ့ရသော ကြိမ်ဒဏ်များကား ကြိမ်လုံးနှင့် ရိုးရိုးတမ်းတမ်း လွှဲရိုက်ခြင်းမျိုးသာ ဖြစ်ခဲ့သည်။

သို့ရာတွင် ယခုတွင်မူ ကွာတီလာက ထိပ်ဖျားတွင် ခဲတပ်ထားသော အမျှင်အမြောက်အမြား ပါရှိသည့် ကြာပွတ်ကြီးကို အသုံးပြုခဲ့



လေသည်။ ဂျူးကူးလပ်စ်အား သတ်ပစ်သည့် ပြစ်ဒဏ်အနေနှင့် ကွာတီလာသည် ဖော်လ်ဂျန်အား လည်ကုပ်မှနေ၍ တင်ပဆုံများတစ်လျှောက် အသားဖတ်တွေ ကွာကျကာ သွေးခြင်းခြင်းဖြစ်လာသည်အထိ ရိုက်နှက်ဆုံးမခဲ့လေ၏။ ပြီးလျှင်ကြမ်းပြင်ပေါ်၌ မျက်နှာအပ်ကာ ငြိမ်သက်နေသော ဖော်လ်ဂျန်၏ သွေးသံရဲရဲဒဏ်ရာများတွင် ဆားရည်လောင်းထည့်ဖို့ ဖော်လ်ဂျန်၏တပည့်ကျော် ဘက်ဆီဒပ်စ်အား အမိန့်ပေးလိုက်ပြန်လေတော့၏။

ဖော်လ်ဂျန်သည် တစ်ရက်ကြာမှ လုံးလုံးလျားလျား ပြန်လည်သတိရလာကာ နောက်နှစ်ရက်ကြာသွားမှ မတ်တတ်ထ၍ လမ်းလျှောက်နိုင်လေတော့သည်။

သို့ရာတွင် သူက ခရီးဝေးဝေး လျှောက်ခဲ့ရသည်တော့မဟုတ်။ ကွာတီလာက သူ့အား ထိပ်တုံးများရှိရာသို့ခေါ်ဆောင်သွားခြင်းသာဖြစ်ကာ ဖော်တိနက်ဘေးတွင် ထိပ်တုံးခတ်ထားလိုက်ပြန်သည်။ ဘာဘေးရီးယန်း လူရိုင်းကြီး ဖော်တိနက်ကား ထိပ်တုံးကြီးမှာ သူတစ်ယောက်နှင့်သာဆိုင်သည်ဟု ယူဆနေသည့်အလား ဖော်လ်ဂျန်ရောက်လာသည်ကို ထုံပေပေအံ့အားသင့်မှုနှင့် မော့ကြည့်ခဲ့လေ၏။

ကွာတီလာသည် ဖော်လ်ဂျန်အား ထိပ်တုံးခတ်ထားခဲ့ပြီးနောက် ကျန်လူများကို လေ့ကျင့်ရေးကွက်လပ်ကြီးထဲ၌ တန်းစီရပ်ကြဖို့ အမိန့်ပေးလိုက်လေသည်။ ဖော်လ်ဂျန်ကမူ ဤအမိန့်ကိုတော့ မိမိတို့နာခံဖို့ မလိုပါဟု ဖော်တိနက်အား ခပ်သဲ့သဲ့ပြုံးလိုက်ပြီး ပြောလိုက်လေ၏။

ကွာတီလာကမူ လက်ရုံးဓာနည်တွေအား တည့်မတ်စွာ တန်းစီရပ်ကြဖို့ အမိန့်ထပ်ပေးနေပြန်လေသည်။ တစ်စုံတစ်ခု အရေးပါသောကိစ္စကား ပေါ်ပေါက်လာနေပြီဖြစ်ဟန်ရှိလေသည်။ ကျောင်းအုပ်ညွှန်ကြားရေးမှူး ကိုယ်တိုင်ထွက်လာကာ ကွာတီလာအား ခေါင်းညိတ်အချက်ပေးလိုက်သည့်အခါတွင် လေ့ကျင့်ရေးဆရာက လက်ရုံးဓာနည်တွေကို စတင်၍ မိန့်ခွန်းပေးလိုက်လေသည်။

သားရဲတိရစ္ဆာန်များနှင့် တိုက်ခိုက်ခဲ့ခြင်းသည် ပဏာမတိုက်ပွဲဖြစ်သည်နှင့်အမျှ လက်ရုံးဓာနည်တို့အား ရွေးထုတ်ခြင်းဖြစ်သည်ကို ကွာတီလာက ရှင်းပြလိုက်လေသည်။ သူတို့ကျောင်းမှ ကျောင်းသားတချို့ ဆုံးရှုံးခဲ့ရခြင်းမှာလည်း ၎င်းတို့၏ ညံ့ဖျင်းမှုကြောင့်သာဖြစ်ရကား ဤလူညံ့လူဖျင်းများ ရှင်းလင်းသွားရခြင်းမှာ ကောင်းပင်ကောင်းသေးကြောင်း၊ ယခုကျန်ရစ်ခဲ့သော သူများမှာသာ လက်ရုံးဓာနည်အမည်ခံထိုက်သူတွေဖြစ်ကြောင်း၊ ၎င်းတို့သာလျှင် သားရဲတိရစ္ဆာန်များနှင့်မဟုတ်ဘဲ လူလူချင်းလက်ရုံးရည် ယှဉ်ပြိုင်တိုက်ခိုက်နိုင်မည့် တကယ့်လက်ရုံးဓာနည်ကြီးများ ဖြစ်လာနိုင်သော အလားအလာရှိနေကြောင်းဟု ပြောဆိုကာ

"ဒီကနေ့ကစပြီး မင်းတို့ဟာ အောင်နိုင်မှုကို အရယူကြပေတော့၊ မင်းတို့အတွက် ဆုလာဘ်တွေက အဆင်သင့်ရှိနေကြရပြီ"ဟု စကားဆက်လိုက်လေ၏။

ဤတွင် တန်းစီနေကြသော လက်ရုံးဓာနည်တွေက ကျေနပ်စွာအချင်းချင်း ရေရွတ်ပြောဆိုလိုက်ကြလေသည်။

ကွာတီလာကမူ ဖော်တိနက်ဆီသို့ လှမ်းကြည့်ကာ မကျေမနပ်မျက်မှောင်တစ်ချက်ကုတ်လိုက်ပြီး စကားဆက်ပြန်လေ၏။

"အခုဒီမှာ ရှိနေတဲ့ လူတိုင်းဟာ သားရဲကောင်တွေနဲ့ တိုက်ခိုက်ရာမှာ အစွမ်းပြနိုင်ခဲ့တာချည်းပဲ..ဝက်ထီးကိုယ်မှာရှိနေတဲ့ နို့သီးတွေလိုပဲ.. ဘယ်လိုမှ အသုံးမကျတဲ့ ဖော်တိနက်တောင်မှ အစွမ်းပြနိုင်ခဲ့တယ်.."

ကွာတီလာ၏ ထေ့ငေါ့ချက်နှင့် တန်းစီနေကြသော လက်ရုံးဓာနည်များဆီမှ ပြောင်လှောင်ရယ်မောသံများကို ဖော်တိနက်ကတော့ ကြားပုံမပြချေ။ လေ့ကျင့်ရေးဆရာက မျက်မှောင်ကြီး ပိုနက်လာအောင်ကုတ်ကာ ဖော်တိနက်အား တိုက်ရိုက်လှမ်းပြောလိုက်လေသည်။



"ဖော်တိနက် မင်းဟာ ထူးချွန်တဲ့ လက်ရုံးဓာနည်တစ်ယောက်ဖြစ်လာနိုင်တဲ့သူပဲ။ မင်းဟာ နွားရိုင်းကြီးနဲ့ သတ်ကြရာမှာ လျင်မြန်သွက်လက်ပြီး လုံ့လစိုက်တဲ့ အားဟာလည်း ဒီမှာရှိတဲ့ အခြားလက်ရုံးဓာနည်တွေထက် ပိုပြီးသန်စွမ်းတာကို ငါနဲ့တကွ ကျောင်းအုပ်ညွှန်ကြားရေးမှူးကိုယ်တိုင်က သတိထားမိခဲ့ကြတယ်။ ဒီတော့မင်းဟာ အခုလိုဆက်ပြီး စိတ်ကောက်မနေတော့ဘဲ ကျကျနနကြီး လေ့ကျင့်စမ်းပါလား။ ဒါမှမဟုတ် မင်းဟာ ကလေးဆိုးကြီးလိုပဲ ဆက်လုပ်နေဦးမှာလား.."

"ကျွန်တော်ဟာ အသင်တို့ရဲ့အကျဉ်းသားပါ"ဟု ဖော်တိနက်ကတော့ ပခုံးကြီးများကို တွန့်ပြကာ ပြန်ဖြေလိုက်၏။

"နတ်ဘုရား ဂျေးနပ်လိုပဲ မျက်နှာ၂နှစ်ခုရှိတဲ့ အကောင်ပဲ"ဟု ကွာတီလာက မကျေမချမ်း ကြိမ်းဝါးလိုက်လေသည်။

မိမိ၏ မယားငယ်ထံသို့ သွားရဖို့စိတ်စောနေသော ညွှန်ကြားရေးမှူးက ကွာတီလာအား ရှေ့ဆက်ဖို့အမိန့်ရှိလိုက်လေ၏။ ကွာတီလာကလည်း ဟားလ်နှင့် တပ်စ်ကပ်စ်တို့ နှစ်ယောက်မှလွဲ၍ လက်ရုံးဓာနည်လောင်းများသာ ဖြစ်ခဲ့ကြလေသည့် ကျန်လူတွေအားလုံးကို ယနေ့မှစ၍ လက်ရုံးဓာနည်များ ဖြစ်လာကြရပြီဟု ကြေညာလိုက်လေသည်။

ပြီးလျှင် ညွှန်ကြားရေးမှူး ကိုယ်တိုင်က တိုင်ပေးသည့်အတိုင်း လက်ရုံးဓာနည်များက ကြောက်ခမန်းလိလိ သစ္စာဆိုချက်များကို လိုက်ဆိုကြရလေသည်။ သူတို့သည် ဆီဇာဘုရင်၏ သစ္စာတော်ကို စောင့်စည်းပါမည်ဟူ၍လည်းကောင်း၊ လက်ရုံးဓာနည်ပီသစေဖို့ ကြိုးစားအားထုတ်ပါမည်ဟူ၍လည်းကောင်း၊ အာဏာပိုင်များကို ကိစ္စအဝဝတွင် ဦးညွှတ်နာခံပါမည်ဟူ၍လည်းကောင်း၊ မိမိတို့၏ ကိုယ်ခန္ဓာနှင့် စိတ်နှလုံးကို အာဏာပိုင်များထံတွင် လုံးဝပုံအပ်ပါသည်ဟူ၍လည်းကောင်း လက်ရုံးဓာနည်များက သစ္စာပြုကြရလေ၏။

သစ္စာဆိုပြီးသည့်နောက်တွင် ကွာတီလာက ရွှင်ရွှင်ပျပျအမူအရာနှင့် စကားဆက်ပြောပြန်လေ၏။

"ကဲ..မင်းတို့ဟာ တကယ့်လက်ရုံးဇာနည်တွေ ဖြစ်လာကြရပြီဆိုတော့ အခွင့်အရေးတွေကို ရလာကြပါပြီ။ မင်းတို့အတွက် အဖိုးအတန်ဆုံးအခွင့်အရေးကတော့ အားလပ်ချိန်ပါပဲ။ မင်းတို့လူတိုင်းဟာ မင်းတို့အသီးသီးအတွက် သတ်မှတ်ထားတဲ့ အားလပ်ချိန်တွေကို တံခါးမကြီးနားက သင်ပုန်းကြီးမှာ သွားကြည့်နိုင်တယ်။ ဒါပေမယ့် ဖော်တီနက်တစ်ယောက်ကတော့ အခုအတောအတွင်းမှာ ဒီလိုလွတ်လပ်ခွင့်ရမှာမဟုတ်ဘူး.."

တန်းဖြုတ်လိုက်ပြီး လက်ရုံးဇာနည်များက အစုကွဲသွားကြသည့်အခါတွင် ဖော်လ်ဂျန်နှင့် ဖော်တီနက်တို့ကသာ ထိပ်တုံးကြီးတွင် ကျန်ခဲ့ကြလေ၏။

"ခင်ဗျားဟာ သစ္စာဆိုလိုက်တာ အတော်ဟန်ကျတာပဲ။ နောက်တစ်ခါ ကြိမ်ဒဏ်ခံရတော့မှာ မဟုတ်ဘူး.."

"ကြိမ်ဒဏ်ခံရတာကို ကျုပ်မမှုပါဘူး။ ကွာတီလာက သူ့ကြာပွတ်ကြီးနဲ့ ကျုပ်ကို ဘယ်လိုမှ မထိနိုင်ပါဘူး.."

ဖော်လ်ဂျန်က ပြောလိုက်သည်ကို ဖော်တီနက်က ပြန်ဖြေလိုက်ခြင်းဖြစ်လေ၏။

"ဘာပြုလို့ မထိရမှာလဲ.."

"ကျုပ်ကို သူရိုက်နေချိန်မှာ ကျုပ်က တခြားမှာ ရောက်နေရတာပါပဲ.."

"အဲ့(လ်ပ်)စ်တောင်တန်းတွေက သစ်တောကြီးဆီမှာလား..."

"ဟုတ်တယ်..."

"အဲဒီသစ်တောကြီးထဲမှာ မြို့တွေဘာတွေရှိသလား"

"မြို့ရယ်လို့ မရှိပါဘူး.. ဟိုမှာသည်မှာတော့ ရွာကလေးတွေရှိတတ်တယ်.. ဒါပေမဲ့ အများအားဖြင့်တော့ ကိုယ့်အိမ်ထောင်စုနဲ့



ကိုယ် သတ်သတ်စီ နေကြတာပါပဲ။ အင်မတန် သန့်ရှင်းလတ်ဆတ်တဲ့လေထဲမှာ ကိုယ့်အိမ်ကလေးနဲ့ကိုယ် သစ်သားတွေနဲ့ဆောက်ပြီး လွတ်လွတ်လပ်လပ် နေခဲ့ကြရတယ်..."

"အိမ်တွေ သစ်သားတွေနဲ့ ဆောက်တယ်ဟုတ်လား.. ဒီမှာလိုကျောက်တုံးတွေနဲ့ ဆောက်တာမဟုတ်ဘူးလား"

"အိမ်နံရံတွေကို သစ်တုံးကြီးတွေနဲ့ကာပြီး အိမ်ခေါင်မိုးကိုတော့ ပျဉ်ချပ်တွေနဲ့ကာထားတယ်။ ဆောင်းဒဏ်ကို ကာကွယ်နိုင်မယ့် မီးဖိုကြီးတွေကိုလည်း အိမ်ခေါင်ထုပ်တွေဆီက ချိတ်ဆွဲထားတယ်။ ကျုပ်အမေက သိုးမွေးချည်ခင်ထုတ်တယ်။ ကျုပ်တို့ရွေ့မှာက တောရှင်းထားတဲ့ မြေကွက်လပ်ကိုတော့ ကျုပ်တို့က သီးနှံစိုက်ပျိုးကြတယ်။ ဒါပေမဲ့ အမဲလိုက်ရတာကတော့ အကောင်းဆုံးပါပဲ။ အရင်တုန်းက ကျုပ် ဟိုတလောက ဝတ်ထားတဲ့ ဝံပုလွေအရေခွံဟာ သစ်တောထဲက ကျုပ်ကိုယ်တိုင်သတ်ဖြတ်ခဲ့ရတဲ့ ဝံပုလွေကောင်ဆီက ယူခဲ့တာပေါ့.."

ဖော်တီနက်က ယခုလို စကားကြွယ်နေသည်ကို ဖော်လ်ဂျန်က တစ်ခါမှ မကြုံဖူးရကား ကျေနပ်အားရမိလေသည်။ ဤ ဘာဘေးရီးယန်း လူရိုင်းကြီးသည် ဖော်လ်ဂျန်က ကြာမြင့်လှစွာ လိုလားထားခဲ့သည့်အတိုင်း ယခုတော့ မိတ်ဆွေဖြစ်လာချင်ဟန်ရှိ၏။

"ကျုပ်ဆိုရင်တော့ တကယ့်သစ်တောကြီးကို မတွေ့မမြင်ဖူးသေးဘူးဗျာ.."

"သစ်တောကြီးဟာ အင်မတန်အံ့သြစရာကောင်းတဲ့ အရာတစ်ခုပဲဗျာ.."ဟု ဖော်တီနက်က ချုပ်တည်းထားရသည့် လိုက်လှဲလှစွာသောစိတ်ခံစားမှုကြီးနှင့် ပြောလိုက်လေသည်။ "အများအားဖြင့် ဆိုရင်တော့ သစ်တောကြီးဟာ သိပ်ထူထပ်လှပြီး မှောင်မှောင်မည်းမည်း ဖြစ်နေလေတော့ ကြောက်စရာကောင်းသလိုလို ဖြစ်ရတတ်တယ်။ ဒါပေမဲ့ ဖုံးကွယ်နေတဲ့ ကောင်းကင်ဆီကနေရောင်ခြည်တန်းလေးတစ်ခုကဖောက်ထွင်းဝင်ရောက်လာတဲ့ အခါမျိုးကျတော့ ခင်ဗျားဟာ လူတွေနဲ့ ဝေးနေ

ရတာတောင် နတ်ဘုရားတွေနဲ့တော့ နီးကပ်နေရပါကလားလို့ စိတ်ထဲက သိမြင်ခံစားနေရမှာပဲ။ နေရောင်ခြည်တန်းကလေးက ခင်ဗျားအတွက် လွှတ်လပ်ရေးနဲ့ လုံခြုံမှုကိုပေးဆောင်နေမယ့် ဘုံဗိမာန်ကြီးဆီကို တက်သွားနိုင်တဲ့ နတ်လှေကားကြီးတစ်ခုလို ဖြစ်လာရတော့တယ်။ ဒီရောမမြို့တော်ကြီးဆီမှာဆိုရင်တော့ အဲဒီလိုလင်းရောင်ခြည် နတ်လှေကားမျိုးကို ရှာမတွေ့နိုင်ဘူး.."

ဗော်တိနက်သည် ပြောရင်းက ပြင်းထန်စွာ စိတ်ထိခိုက်လာသည့်အလား မျက်နှာကြီး တစ်ချက်မဲ့သွားလေသည်။

"ကျုပ်ဟာကျုပ်တော့ သစ်တောကြီးကို ဘယ်တော့မှ ပြန်တွေ့ရတော့မှာ မဟုတ်ပါဘူး..ပြီးတော့ ကျုပ်မိန်းမကိုလည်း ပြန်တွေ့ရတော့မှာမဟုတ်ပါဘူး.."

"မိန်းမ ဟုတ်လား.."

"ဟုတ်တယ်လေ၊ ရွှေဝါရောင်ဆံပင်တွေကိုခင်ဗျားရဲ့လက်မောင်းတွေလောက် အထူကြီး ကျစ်ဆံမြီးကျစ်ထားပြီး ကလေးတွေအများကြီးကို နို့တိုက်နိုင်တဲ့ ဖွံ့ထွားလှတဲ့ ရင်သားတွေရှိတဲ့ မိန်းမပါပဲ..."

ဗော်တိနက်၏ အသံကြီးကား ဆွေးမြည့်ကြေကွဲလှရာ ဖော်လ်ဂျန်မှာပင်လျှင် စိတ်ထိခိုက်မိရာက နှစ်သိမ့်စကားများကို ပြောလိုက်ရလေသည်။

"ဒီမိန်းမကို သိပ်လည်းလွမ်းမနေပါနဲ့လေ။ မိန်းမဟာ မိန်းမပါပဲကိုယ့်လူရဲ့.. ရောမမြို့တော်ကြီးမှာလည်း မိန်းမဆိုတာ ရှိနေတာပဲဗျာ။ ဆံပင်ဝါနဲ့ ရင်သားကြီးတဲ့ မိန်းမတွေတောင် ရှိပါတယ်လေ..."

"ရောမမြို့တော်ကြီးဟာ ဖောက်ပြန်ပျက်စီးနေတော့ ရောမမိန်းမတွေဟာလည်း ဒီလိုပဲ ဖောက်ပြန်ပျက်စီးနေကြမှာပါပဲ"

"အဲ..ခင်ဗျား ပြောတာလည်း ဟုတ်သလိုလိုပါပဲ..."

လိုင်ဒီယာကို သတိရလိုက်မိသော ဖော်လ်ဂျန်လည်း မျက်မှောင်ကုတ်ကာ လေးလေးကြီး ပြောလိုက်မိလေသည်။



"ဒါပေမဲ့ ခင်ဗျား မျှော်လင့်ချက်ကို လက်မလျှော့ပါနဲ့ဦးလေ။ ကျကျနနလေ့ကျင့်ပြီး တိုက်ပွဲတွေမှာ အနိုင်ရအောင်လုပ်၊ ဒီလိုဆိုရင် နောက်ဆုံးကျတော့ ခင်ဗျားဟာ ရောမမြို့က နှောင်ကြိုးလွတ်ပြီး ခင်ဗျားရဲ့ သစ်တောကြီးဆီကို ပြန်သွားနိုင်မှာပဲ.."

ထိုစဉ် ကွာတီလာ ရောက်လာကာ ဖော်လ်ဂျန်အား ထိပ်တုံးဖြုတ်ပေးလိုက်လေသည်။

"ညွှန်ကြားရေးမှူးက မင်းဒီနေ့ ဝက်ရိုင်းကြီးကို အနိုင်တိုက်ခဲ့ပုံကို သဘောကျလို့ ဒီည အားလပ်ခွင့်ပေးပြီ"

( ၂ )

ထိုညတွင် ဖော်လ်ဂျန်သည် မိန်းမများနှင့် ရှုပ်ရှုပ်ယှက်ယှက်မလုပ်ရန် ရဲဘော်များ၏ပြောင်လှောင်သတိပေးချက်ကိုနာခံလျက် မြို့ထဲသို့ ထွက်လာခဲ့လေသည်။ ရောမမြို့တော်ကြီးကား ထိုညတွင် ဖော်လ်ဂျန်အတွက် အင်မတန်မှ ပျော်ရွှင်အားရဖွယ် ဖြစ်နေရတော့သည်။

"ဟော့ လူချောကြီး.. ရှင်ဟာ လက်ရုံးဇာနည်တစ်ယောက်များလားရှင့်..."ဟု ဖော်လ်ဂျန် လုံးဝမသိသော မိန်းမရွယ်တစ်ယောက်က သူ့အား လှမ်း၍နှုတ်ဆက်လိုက်လေသည်။ သူမမှာ ချောမော ပြေပြစ်သည့် မိန်းမတစ်ယောက်ဖြစ်သော်လည်း ဖော်လ်ဂျန်က ရှေ့သို့သာ ဆက်လျှောက်ခဲ့လေသည်။ အာခလိစ်ဖနောင့် အရက်ဆိုင်သို့မရောက်မီ လမ်းတစ်ဝက် မှောင်မည်းနေသော ဆူဘူးရားလမ်းကြားထဲသို့ ရောက်လာလျှင်ကား အော်ဟစ်ရယ်မောသံများကို ဖော်လ်ဂျန် ရုတ်တရက်ကြားလိုက်ရလေသည်။ သူ့ရှေ့တွင် မျက်နှာကိုအိုးမည်းသုတ်၍ ရုပ်ဖျက်ထားကြကာ မြို့ထဲတွင်လျှောက်၍ ပွေရမ်းနေကြသော လူတစ်စုကိုတွေ့လိုက်ရလေသည်။

၎င်းတို့ကား လူစုစုပေါင်း သုံးယောက်သာဖြစ်ကာ ခေါမကြီး၏ အာဖလိစ်ဖနောင့် အရက်ဆိုင်ဆီသို့ ဆူညံသောင်းကျန်းစွာ လျှောက်

သွားကြပြီး၊ ၎င်းတို့နှစ်ယောက်နောက်ကတော့ ရဲသားနှစ်ယောက်က ခပ်လှမ်းလှမ်းမှ လိုက်သွားနေကြလေသည်။

ရုတ်တရက်ဆိုသလို ထိုလူသုံးယောက်သည် ကုန်စိမ်းဆိုင်တစ်ဆိုင်ရှေ့တွင် ရပ်လိုက်ကြကာ လူတစ်ယောက်က နံရံတွင် ချိတ်ထားသည့် မီးတုတ်တစ်ခုကို ဆွဲယူဖြုတ်လိုက်လေသည်။ ဆိုင်ရှင်က ၎င်းတို့အားခုခံရန် တုတ်ကြီးတစ်ခုကို ကောက်ယူလိုက်သော်လည်း ၎င်းမှာ မီးတုတ်ကြီးနှင့် လှမ်းပေါက်ခြင်းကိုသာ ခံလိုက်ရလေသည်။ သို့ရာတွင် ၎င်းအားမထိမှန်ဘဲ ဆိုင်ထဲသို့သာ ကျသွားလေရာ ဆိုင်ရှင့်မိန်းမက ကပျာကယာ နင်းခြေသတ်လိုက်ရလေသည်။ သို့ရာတွင် လူသောင်းကျန်းသုံးယောက်က သူမ၏ယောကျ်ားအား လမ်းထဲသို့ ဆွဲထုတ်ပြီး ထိုးကြိတ်ကန်ကျောက်နေကြသည်ကို တွေ့ရလျှင်ကား သူမက ပြေးလိုက်သွားကာ အော်ဟစ်ရန်တွေ့နေပြန်လေ၏။

လူသောင်းကျန်းသုံးယောက်သည် သူမအား လမ်းပေါ်သို့ ရိုက်ချလိုက်ကာ ကလေးသိပ်ထားသော ပုခက်ထဲမှ စောင်တစ်ထည်ကို ဆွဲယူလိုက်ကြလေသည်။ ဆိုင်ရှင်မိန်းမက သတိပြန်လည်လာသည့်အခါတွင်ကား လူသောင်းကျန်းသုံးယောက်က သူမ၏ယောကျ်ားအားစောင်ထဲတွင်ထည့်ကာ လေထဲသို့ခြေကားရားလက်ကားရားနှင့် မြှောက်တင်နေကြသည်ကို တွေ့ရပြန်လေ၏။ ဆိုင်ရှင်ယောကျ်ားမှာ လေထဲသို့တစ်ကြိမ်ထက် တစ်ကြိမ်မြှောက်တက်သွားရသည့်နောက် နောက်ဆုံးတွင် လူသောင်းကျန်း ၃ ယောက်က စောင်ကိုဖယ်လိုက်ကြရာ ဆိုင်ရှင်ယောကျ်ားမှာ မြေကြီးပေါ်သို့ ဘုတ်ခနဲကျသွားရလေ၏။ ပြီးလျှင် ထိုလူစုသည် ကျယ်လောင်စွာ အော်ဟစ်ရယ်မောကာ ထွက်ပြေးသွားကြလေတော့သည်။

ရဲသားတွေမှာကား လမ်းပေါ်တွင်လဲနေသော ဆိုင်ရှင်ယောကျ်ားကိုလည်းကောင်း၊ ဆိုင်ရှင်မိန်းမ၏ အော်ဟစ်အကူအညီတောင်းဆို



ချက်ကိုလည်းကောင်း၊ ဘယ်လိုမှ အရေးမစိုက်ကြဘဲ လူသောင်းကျန်းသုံးဦးနောက်သို့သာ အေးအေးသက်သာ လိုက်သွားကြလေ၏။

ဖော်လ်ဂျန်ကလည်း သူ့ခရီးကို ဆက်လျှောက်ခဲ့လေသည်။ လူသောင်းကျန်း ၃ ဦးနှင့် ရဲသားများကား ပျောက်ကွယ်သွားကြပြီဖြစ်ရာ သူ သွားချင်ရာ ဟိုတယ်ဆိုင်မှာလည်း ရှေ့တွင်သိပ်မဝေးလှတော့ချေ။ ဆိုင်ကား မှောင်အတိကျနေသော်လည်း ဤကား ဆိုင်ရှင်ခေါမကြီး၏ ထုံးနည်းတစ်နည်းဖြစ်သည်ကို ဖော်လ်ဂျန်ကသိထားပြီး ဖြစ်နေတော့သည်။ ခေါမကြီးသည် ညညတွင်ဤသို့လျှင် သူ့ဆိုင်တံခါး အလုံပိတ်ပြီး အရောင်းအဝယ်ပြုလုပ်တတ်ကာ တစ်ခါတစ်ခါတွင်မူ ဆိုင်းဘုတ်ကိုပင် ဖြုတ်ထားတတ်လေသည်။ ဆိုင်ထဲမှ စပျစ်ရည်ဝိုင် အရက်နံ့ကို ဖော်လ်ဂျန်က ရလာကာ ခြေသံတရုပ်ရုပ်များကိုလည်း ကြားလိုက်ရလေသည်။

"အင်း... ငါထင်တဲ့အတိုင်းပါပဲ"ဟု ဖော်လ်ဂျန်က ခံပြင်းစွာ တွေးလိုက်မိလေသည်။

( ၃ )

လိုင်ဒီယာက သူမ၏ ပြည့်တင်းသောတင်ကြီးများနှင့် ရင်သားများကို လှုပ်၍ကနေလေသည်။ သူမမှာ သူ ပထမတွေ့စဉ်ကလိုပင် အင်မတန်မှ မက်မောဖွယ်ရာကောင်းနေရသော်လည်း ဖော်လ်ဂျန်မှာ သူမ၏ကာမဂုဏ်ကို လက်ထိလက်ရောက်ခံစားပြီးဖြစ်ရကား ယခုကျတော့ မကျေမနပ်ကြီးသာ ကြည့်နေလိုက်မိလေသည်။ လူပြည့်ကျပ်နေသော ခန်းမကြီးတွင် လိုင်ဒီယာက ဖိနပ်မပါသော ခြေထောက်များနှင့် ပြေးလွှားလှည့်ပတ် ကခုန်နေသည်ကို တပ်မက်သောမျက်လုံးပေါင်းတစ်ရာ ခန့်က စူးစိုက်ကြည့်ရှုနေကြပြီး ထိုမျက်လုံးပိုင်ရှင်တွေအထဲတွင် အားရှူးတစ်ဖိတစ်ယောက်မှာလည်း အပါအဝင်ဖြစ်နေရလေသည်။

ဖော်လ်ဂျန်က အားရှူးတစ်ဖ်ဘောတွင် ဝင်ထိုင်လိုက်ရာ လိုင်ဒီယာ၏သမီး မစ်ခရဲလာက သူ့အပါးသို့ရောက်လာပြီး 'စပျစ်ရည်လား' ဟု မေးလိုက်လေ၏။

"ဟင့်အင်း.."

"ဒီလိုဆိုရင် တော်ကြီးက ဒီလာပြီး သက်သက် ဖင်အညောင်းဖြေလာတာလားရှင့်.."

"သွားစမ်းပါကွာ.."

ကလေးမလေးက ပြုံးလိုက်ကာ ဖော်လ်ဂျန်၏ လက်ကြီးတစ်ဖက်ကို သူမ၏ လက်ကလေးများနှင့် ဆွဲယူလိုက်လေသည်။

"ကျွန်မအပေါ်မှာ ကောင်းကောင်းဆက်ဆံပါ ဖော်လ်ဂျန်ရယ်... ရှင် နောင်တမရစေရပါဘူး။ ကျွန်မရှင့်ကို ပျော်ရွှင်မှုသုခ ပေးနိုင်ပါတယ်ရှင်"

ဖော်လ်ဂျန်ကတော့ သူ့လက်ကို ဇက်ခနဲ ဆွဲကန်နုတ်လိုက်လေသည်။

"မင်းဒီလိုစကားပြောတာ သိပ်ဆိုးတာဘဲ.."

"ကျွန်မက ဒီလိုစကားတွေ ဘာဖြစ်လို့ မပြောရမှာလဲ။ ရောမမြို့တော်ကြီးကိုက ဆိုးနေလေတော့ ရောမမှာ ခိုအောင်းနေသူတွေဟာလည်း ဒီလိုပဲဆိုးကြမှာပေါ့။ အောက်စော်နံနေတဲ့ ပုံးထဲမှာထည့်ထားတဲ့ ဂျုံမှုန့်တွေလိုပဲပေါ့ရှင်၊ ကဲ လာစမ်းပါ ဖော်လ်ဂျန်ရယ်၊ ကျွန်မဟာ ကလေးမဟုတ်တော့ပါဘူး။ မှည့်နေပါပြီရှင်.."

"အေး မြန်မြန်မှည့်သလို..မြန်မြန်ပုပ်သွားမှာပဲ.."

ဖော်လ်ဂျန်က ပြန်ဖြေလိုက်ရာမှ ရုတ်တရက်ထလိုက်ကာ မစ်ခရဲလာကို ဘေးသို့တွန်းဖယ်ပစ်လိုက်လေသည်။ လိုင်ဒီယာ၏အကမှာ ပြီးဆုံးသွားပြီဖြစ်ကာ၊ မောပန်းနွမ်းလျစွာနှင့် သူမ၏အခန်းဆီသို့ တစ်လှမ်းချင်းလျှောက်သွားနေလေ၏။ ဆိုင်ရှင်ခေါ်မကြီး၏ စင်မြင့်ဆီတွင်ကား သူမနှင့် ပျော်ပါးလိုကြကုန်သည့် ဖောက်သည်တစ်စု



တန်းစီနေကြပြီး ပိုက်ဆံကို လက်များတွင် တချင်ချင်နှင့် ကိုယ်စီ ဆုပ်ကိုင်လျက်သား ရှိကြလေသည်။ သို့ရာတွင်သူတို့က လိုင်ဒီယာ သို့ သွားမည်အပြု သူတို့ရှေ့တွင် ဖော်လ်ဂျန်က မားမားကြီးရပ်လျက် မ်းပိတ်ထားနေသည်ကို တွေ့လိုက်ကြရလေတော့၏။

"နောက်ဆုတ်ကြစမ်း.. ဒီကောင်မဟာ မိန်းမရှင်ဖြစ်ပေမယ့် မင်း ကို့ သူ့ကိုမထိရဘူး.."

ဆိုင်ခန်းထဲတွင် အံ့အားသင့်မှုနှင့် ရယ်မောသံများက ထွက်ပေါ်ကြကာ ဆိုင်ရှင်ခေါ်မကြီးကလည်း ဖော်လ်ဂျန်အား ခပ်အေးအေး င် လှမ်းပြောလိုက်လေသည်။

"ဖယ်လိုက်စမ်းပါ ဖော်လ်ဂျန်ရယ်၊ နောက်မနေစမ်းပါနဲ့.."

"ငါနောက်နေတာ မဟုတ်ဘူး..သူတို့နောက်ဆုတ်ကြပါစေ..နို့ ဟုတ်ရင်ဒီကြမ်းပြင်ပေါ်မှာ ခေါင်းကွဲတွေ ပြည့်သွားရလိမ့်မယ်.."

"သူတို့က ပိုက်ဆံပေးပြီးကြပြီလေ.."ဟု ခေါ်မကြီးကတော့ ခပ်အေးအေးပင် ပြန်ပြောလိုက်ပြန်သည်။ "ဒီဟာက တရားဥပဒေဝင် ုပ်ငန်းတစ်ခုပါကွယ်..ငါ့မှာ အမိန့်စာလည်းရှိနေပါတယ်.. ကဲ ဖယ် ေးလိုက်စမ်းပါကွယ်.."

လိုင်ဒီယာကလည်း အခန်းဝသို့ထွက်လာကာ ဖော်လ်ဂျန်အား ွန်းဖယ်ပစ်လိုက်ရာက ဒေါသတကြီး ရန်တွေ့လိုက်လေ၏။

"ခေါ်မကြီးဆီမှာ ဒီအလုပ်လုပ်ဖို့ အမိန့်စာရှိသလို ကျုပ်ဆီမှာ ည်းရှိတာပဲ။ ရှင်က ကျွန်မကို ထမင်းအိုးခွဲမလို့လား.."

ဖော်လ်ဂျန်မှာတော့ သူမက သူ့စေတနာအား မသိနိုင်သည်ကို ်တ်ထိခိုက်သွားမိကာ သူ့နေရာသို့ ပြန်လာခဲ့ရလေ၏။

"ခင်ဗျားကြီးရယ်ရင် ခင်ဗျားကြီးရဲ့ မျက်လုံးတွေပေါက်ထွက် ာအောင် လည်မျိုညှစ်သတ်လိုက်မယ်"

ဖော်လ်ဂျန်က သူ့ဘေးတွင်ရှိနေသော အားရှူးတစ်ဖ်ကိုသာ မဲ၍ ကြိမ်းလိုက်လေသည်။

"ကျုပ်က မရယ်ပါဘူးဗျာ.. ဒါပေမဲ့ တစ်ခုတော့ပြောချင်တယ်၊ သစ်ပင်ပေါ်မှာ လတ်ဆတ်တဲ့သစ်သီးတွေ ရှိနေရက်သားနဲ့ ပိုးထိုးတဲ့ သစ်သီးကိုမှ ခူးချင်တာဟာ မိုက်မဲရာကျပါတယ်.."

"ဟော့..ဆီးရီးယန်းပြည်သား တိတ်တိတ်နေစမ်း"

"ကျုပ်ဟာ ဘေဘီလုံပြည်သား ဖြစ်ပါတယ်"ဟု အားရှူးတစ်ဖ က ဣန္ဒြေကြီးနှင့် ပြန်ဖြေလိုက်လေသည်။

"ပြီးတော့ မောင်ရင်ဟာ စော်ကားမော်ကားစကားတွေကို သတိထားပြီး ပြောစမ်းပါ။ ကျုပ်ဆီမှာ ကျုပ်အလိုရှိသလို ချက်ချင်းသက်ရောက်နိုင်တဲ့ တန်ခိုးနဲ့ပြည့်စုံနေတဲ့ ကျိန်စာအမျိုးမျိုးရှိနေပါတယ်.."

ဖော်လ်ဂျန်က ၎င်းလည်မျိုကိုလှမ်း၍ ဆုပ်ကိုင်လိုက်သော်လည်း ဘယ်လိုမှ ဆက်မလုပ်တော့ပေ။ အကြောင်းမူ ထိုစဉ်၌ ဆိုင်တံခါးဆီတွင် ရုတ်တရက် ဆူဆူညံညံဖြစ်လာရသောကြောင့်ပေတည်း။ အပြင်ဘက်မှနေ၍ တံခါးဖွင့်ပေးရန် ဆူညံတောင်းဆိုသံများ ထွက်ပေါ်လာပြီးသည့်နောက် ဆိုင်ထဲသို့ ဖော်လ်ဂျန် ခပ်စောစောကတွေ့ခဲ့သော လူသောင်းကျန်းသုံးယောက်က ဝင်ရောက်လာကြလေသည်။

၎င်းတို့၏ အိုးမည်းသုတ်ထားသော မျက်နှာများနှင့် ဟန်အမူအရာတွေကို တွေ့မြင်ရလျှင်ပင် ဆိုင်ရှင်ခေါမကြီးက ပျာပျာသလဲနှင့် ဆီးကြိုလိုက်လေသည်။

"ကြွပါခင်ဗျား.. ကြွတော်မူကြပါ.. ကျွန်တော်မျိုးရဲ့ အရက်ဆိုင်ဟာ စုတ်ချာချာရှိပေမယ့် အရှင်တို့ကျေနပ်တော်မူတဲ့ အကောင်းဆုံးအရက်တွေကို ထုတ်ပေးပါ့မယ်"

"မင်းရဲ့ အဆိုးဆုံးအရက်ကိုသာ ယူခဲ့စမ်းပါလေ"ဟု လူသုံးယောက်၏ ခေါင်းဆောင်လူကပြောလိုက်ကာ သူ့လက်ထဲတွင် ကိုင်ထားသော ဝက်စည်ဖောင်းကြီးနှင့် ဆိုင်ရှင်ခေါမကြီး၏ ဦးခေါင်းကို ဖတ်ခနဲ ရိုက်လိုက်လေသည်။ "တို့ ဒီညမှာ အဆိုးအယုတ်တွေရဲ့ အရသာကို ခံစားနေကြတာကွ.."



ခေါမကြီးက ဝိုင်အရက်သွားယူနေသည့်အတွင်း ဆိုင်ခန်းထဲတွင်တော့ တုတ်တုတ်မျှ မလှုပ်ရဲကြသော တိတ်ဆိတ်မှုက လွှမ်းမိုးကျန်နေရစ်ခဲ့လေ၏။ ဖော်လ်ဂျန်ကတော့ ထူးခြားသည့် ဧည့်သည်သုံးယောက်အားအမှုမထားဘဲ ခပ်ချဉ်ချဉ်သာ ကြည့်နေလိုက်သည်။ ၎င်းတို့၏ ခေါင်းဆောင်မှာ မျက်နှာပေါက်အရုပ်ဆိုး အကျည်းတန်လှသူ တစ်ယောက်ဖြစ်ကာ ဒုတိယလူကတော့ ခပ်ဝဝခပ်ဖိုင့်ဖိုင့်နှင့် မုတ်ဆိတ်မွေးတစ်ဖုတ်ရှိကာ ခေါင်းတွင်တော့ ဝတ်ရုံကြီးကို ခြုံထားလေသည်။ တတိယလူကတော့ ပိန်ပိန်သေးသေးဖြစ်ကာ သွက်လက်ဖျတ်လတ်မှုနှင့် ယဉ်ယဉ်ကြော့ကြော့လှုပ်ရှားတတ်ပြီး အိုးမည်းသုတ်ထားသော မျက်နှာပေါက်ကလည်း ကြည့်ပျော်ရှုပျော်ရှိနေ၏။ ခေါမကြီး ဝိုင်အရက် ယူလာလျှင်ကား လူဝကြီးက ခွက်ထဲသို့ ငှဲ့ထည့်ကာ ခွက်ကို အပေါ်သို့ မြှောက်လိုက်လေ၏။

"ကဲ..တို့တစ်တွေဟာ ဆူဘူးရားရပ်ကွက်ရဲ့ နံစော်လှတဲ့ အနံ့အသက်နဲ့ညစ်ပတ်မှုအားလုံး အထိမ်းအမှတ်အားဖြင့် အရက်ခွက်များကိုအပေါ်သို့ မြှောက်လိုက်ပြီးမှ သောက်ကြပါစို့.."

သုံးယောက်သားက ဤတိုင်တည်မှုကို ဂုဏ်ပြုသောအားဖြင့် သောက်ချလိုက်ကြလေသည်။ ပြီးလျှင် ၎င်းတို့က အခြားစိတ်ဖြေဖျော်မှုကိုရှာဖွေသောအားဖြင့် ဆိုင်ထဲ၌ လှည့်ပတ်ကြည့်ရှုရှာဖွေနေကြစဉ် ကန့်မီးခြစ်များကို လိုက်ရောင်းသူ ရဟူဒီတစ်ယောက်က ဆိုင်ထဲသို့ ဝင်လာလေ၏။

"ဟော့..ရဟူဒီ ဒီကိုလာစမ်း.."

ရဟူဒီမှာလည်း သူ့အားခေါ်လိုက်သူ လူသုံးယောက်အနားသို့ မျှော်လင့်ချက်ဖြင့် ချဉ်းကပ်လာလေသည်။

"မီးခြစ်တွေရှိပါတယ် ခင်ဗျာ..ဝယ်မလို့မဟုတ်လား ခင်ဗျာ.."

"မီးခြစ်တွေက ကောင်းရဲ့လားကွ"

"အကောင်းဆုံးမီးခြစ်တွေပါပဲ ခင်ဗျာ။ တစ်ထုပ်မှ ကြေးနီပြားတစ်ပြားပါခင်ဗျာ.."

"နေပါဦး မင်းက ရဟူဒီမဟုတ်လားကွ.."

"ဟုတ်ပါတယ် ခင်ဗျာ.."

"တို့ အခုတလောကြားကြားနေရတဲ့ ရွှံ့စရာကောင်းတဲ့ ခရစ်ယာန်တစ်ယောက်တော့ မဟုတ်ပါဘူးနော်..'

"မဟုတ်ပါဘူး ခင်ဗျာ..ခရစ်ယာန်တွေက ကျွန်တော်တို့နဲ့ တခြားစီပါ။ သူတို့ကလူဆိုးတွေပါ.. ရဟူဒီတွေကတော့.."

"ရဟူဒီတွေကတော့ သန့်ရှင်းစင်ကြယ်တဲ့ လူကောင်းတွေ်ဆိုပါတော့.. ဟုတ်ရဲ့လားကွ.."

"ဆရာတို့ဝယ်ချင်တာ ဝယ်ကြပါခင်ဗျာ.."ဟု ရဟူဒီကြီးက စိတ်ထဲက စနိုးစနောင့်ဖြစ်လာကာ ခပ်ရွံ့ရွံ့ပြောလိုက်လေသည်။

အရုပ်ဆိုးသောလူကြီးက ရဟူဒီထံမှ မီးခြစ်တစ်ထုပ်ကို လက်ခံလိုက်ကာ ဖွင့်ကြည့်လိုက်လေသည်။

"ပထမ မီးခြစ်ဆံတစ်ဆံကို ငါစမ်းကြည့်မယ်..မင်းမီးခြစ်တွေက မီးမတောက်တဲ့ အတုတွေဖြစ်ချင်ဖြစ်နေမှာ.."

ရဟူဒီက သူ့မီးခြစ်များသည် အကောင်းများဖြစ်ကြပါသည်ဟု ပြောနေစဉ်ပင် အရုပ်ဆိုးသူ လူသောင်းကျန်းက မီးဖြစ်ဆံတစ်ဆံကို ခြစ်လိုက်ကာ ရဟူဒီကြီး၏ အင်္ကျီကို မီးတင်ရှို့လိုက်လေတော့၏။ ရဟူဒီကြီးခမျာလည်း ကြောက်အားလန့်အားနှင့် သူ့အင်္ကျီကို မီးသတ်ရင်းကပင် တံခါးဝသို့ထွက်ပြေးသွားရှာလေတော့သည်။

"ဒီလိုလုပ်တာ မတော်ပါဘူးဗျာ.."

ဆိုင်ရှင်ခေါမကြီးသည် လွှတ်ခနဲပြောလိုက်မိပြီးနောက်မှ သူ့ပါးစပ်ကို လက်နှင့် ပိတ်ထားလိုက်လေ၏။

"ရဟူဒီတစ်ယောက်တည်းပဲလေ ဂရုစိုက်စရာမလိုပါဘူး"ဟု လူဝကြီးက ပြောပြီး အာဏာရှင်ဆန်သောအမူအရာနှင့် အန်စာများယူခဲ့ရန် အမိန့်ပေးလိုက်ပြန်၏

"အရက်ဆိုင်မှာ အန်စာပစ်ကစားတာကို တားမြစ်ထားပါတယ် ခင်ဗျာ.."

"အန်စာတွေသာ ယူခဲ့ပါလေ..နို့မဟုတ်ရင် မင်းဆိုင်ကို တို့ဖျက်ဆီးပစ်လိုက်ရမလား.."

ခေါမကြီးကလည်း မတတ်သာဘဲ အန်စာတစ်ခုကို ယူလာပေးရာ လူသောင်းကျန်းသုံးယောက်က အန်စာပစ်လောင်းကစားခြင်းကို စတင်ပြုလုပ်နေကြပြန်လေတော့သည်။ ရဲသားတစ်ယောက်က ဆိုင်တံခါးဝသို့ရောက်လာကာ ဆိုင်ထဲသို့လှည့်ပတ်ကြည့်ရှုပြီး ဆိုင်ရှင် ခေါမကြီး၏ အကူညီပေးရန်လက်ရိပ်ပြချက်ကို ဘယ်လိုမှ အရေးမစိုက်ဘဲ ပြန်ထွက်သွားလေတော့၏။

"ငါတော့ နားမလည်တော့ဘူး.."

အားရှူးတစ်ဖ်က ဖော်လ်ဂျန်အားလှမ်းကြည့်ကာ ပခုံးများကို တွန့်၍ပြောလိုက်လေသည်။

လူသောင်းကျန်းသုံးယောက်သည် တစ်ယောက်ကိုတစ်ယောက် ပြောင်ပြောင်ကြီးပင် ညာလျက် ဆူညံစွာ အန်စာပစ်လောင်းကစားနေကြလေ၏။ အရုပ်ဆိုးသောလူကြီးကပင် အမြဲတမ်းနိုင်နေရာ ၎င်းသည် ခေါင်းမော့လျက် ပါးစပ်ကြီးဖြဲကာ အားရပါးရကြီးပင် ရယ်မောလိုက်လေသည်။ သူ့အားဖော်လ်ဂျန်က စိုက်ကြည့်နေရာက မျက်လုံးများပြူးကျယ်လာလေတော့၏။ ထိုလူကြီး ရယ်မောလိုက်စဉ်တွင် ရွှေသွားက လက်ခနဲ ဝင်းလက်သွားလေသည်။ လက်စသတ်တော့ သည်လူသောင်းကျန်းမှာ ရန်သူတော်ကြီး တီဂျဲလီနပ်စ်ပင် ဖြစ်နေပါတကား။

"ကဲ..တို့ နောက်တစ်ခါထပ်ပြီး ကစားဦးမယ်။ ဒီတစ်ခါတော့ ခေါမကြီးရဲ့ အန်စာကို ပစ်ကြပါစို့။ ကဲ ဒါရင်..အဲဒီအန်စာတွေကိုပေးစမ်းကွာ.."ဟု လူဝကြီးက မကျေမနပ်နှင့် ပြောလိုက်လေသည်။

တီဂျဲလိနပ်စ်နှင့် ဒါရင်ဆိုသူတို့နှင့် တွဲလာသူကား တစ်ဦးတည်းပင် ဖြစ်နိုင်ပေ၏။ မြင်းမွေးသမား တီဂျဲလိနပ်စ်နှင့် လူရွှင်တော်ဒါရင်ဆိုသူတို့ကား ဆီဇာဘုရင်၏အချစ်တော်ကြီးတွေ ဖြစ်နေရကား ယခုငင်းတို့နှင့် တွဲလာသူကား ဆီဇာဘုရင် နီရိုပင် ဖြစ်ရမည်မဟုတ်လား။ နီရိုဘုရင်သည် တစ်ခါတစ်ခါတွင် မြို့ထဲသို့ ယခုလိုထွက်၍ ရုပ်ဖျက်သောင်းကျန်းတတ်သည်ဟု ပါးစပ်သတင်းဖြစ်ပေါ်နေသည်ကို ဖော်လ်ဂျန်က မယုံကြည်ခဲ့သော်လည်း ယခုတော့ သူကိုယ်တိုင် မျက်မြင်ဒိဋ္ဌတွေ့မြင်နေရပြီ ဖြစ်လေသည်။

ဖော်လ်ဂျန်သည် တီဂျဲလိနပ်စ်ကို စိုက်ကြည့်နေရာက ခေါင်းထဲသို့ ကျေနပ်ဖွယ်ရာသော စိတ်ကူးတစ်ရပ်က ပေါ်ပေါက်လာရလေသည်။ တီဂျဲလိနပ်စ်ကား ပြောင်းကြိတ်စက်ပိုင်ရှင် ဆင်နစ္စတာနှင့် ဆိုင်ရှင်ခေါ်မကြီးတို့က ဆင်ထားသော အံဖုံးတံခါးရှိသည့် နေရာတည့်တည့်ပေါ်တွင် ထိုင်လျက်သားရှိနေရသည်။ သို့ရာတွင် ဤလူသည် တီဂျဲလိနပ်စ် ဟုတ်မဟုတ်ကိုတော့ သေချာဖို့လိုသေး၏။

ထို့ကြောင့် သူက မစ်ခရဲလာကို လက်ရိပ်ပြ၍ ခေါ်လိုက်လေ၏။

"မင်းအမေကို ပထမဦးဆုံး ပြစ်မှားခဲ့တဲ့ လူကို မင်းဘယ်တုန်းက တွေ့လိုက်ရတာလဲ.."

"ဒါရှင်နဲ့ ဘာဆိုင်လို့လဲ၊ ရှင်က ဒီအကြောင်းကို ဘာသိထားရလို့လဲ.."

ဖော်လ်ဂျန်က သူမအား တီဂျဲလိနပ်စ်ဆီသို့ မေးငေါ့ပြလိုက်ရာ မစ်ခရဲလာမှာ ၎င်းအား တွေ့မြင်ရသည်၌ မုန်းတီးစက်ဆုပ်မှုနှင့် မျက်နှာလေးပင် ဖြူရော်လာတော့သည်။

"သူ့အုပ်တွေကို စုန်းမကြီးတွေက နတ်စားပါစေရှင်"

"ခဏနေဦး.."

ဖော်လ်ဂျန်က အားရှူးတစ်ဖ်ဘက်သို့ လှည့်လိုက်လေသည်။

"ဒီမှာ အားရှူးတစ်ဖ်.. ဟိုအံဖုံးတံခါးပေါ်မှာ ထိုင်နေတဲ့လူကို



တွေ့သလား။ ဒီလူဟာ ဆင်နစ္စတာရဲ့ ပြောင်းကြိတ်ဆုံမှာ ခိုင်းလို့ကောင်းမယ့် လူတစ်ယောက်ပဲဗျ.."

အားရှူးတစ်ဖ်လည်း ယခုမှ သဘောပေါက်လာကာ ပြုံးဖြဲဖြဲကြီးဖြစ်လာပြီး ခေါင်းညိတ်ပြလိုက်လေသည်။

"ကဲ..မင်းက ဆင်နစ္စတာဆီကို သူ့အတွက် မြည်းတစ်ကောင်ရဖို့ အသင့်ပြင်ထားပေတော့လို့ ပြေးပြောချေ.."ဟု ဖော်လ်ဂျန်က မစ်ခရဲလာကို တွန်းလွှတ်လိုက်လေသည်။ မစ်ခရဲလာက ပြေးထွက်သွားလျှင် အားရှူးတစ်ဖ်က အင်းအဲလုပ်လာပြန်၏။

"ဒီလူ့အတွက် ဆင်နစ္စတာဆီက ရမယ့်ငွေကို မင်းနဲ့ဝေစုခွဲမပေးနိုင်ဘူးကွယ့်။ ခေါ်မကြီးကိုလည်း ဝေစုခွဲပေးရဦးမှာဆိုတော့ ဘာမှကျန်မှာမဟုတ်ဘူး.."

"ခင်ဗျားဆီက ဝေစု ကျုပ်မလိုချင်ပါဘူး။ ဒီကိစ္စက အပျော်သက်သက်အတွက်ပါ..."

နီရိုနှင့်အချစ်တော်နှစ်ယောက်ကား အန်စာဆက်ကစားနေကြလေသည်။ သို့ရာတွင် တီဂျဲလိနပ်စ်ကသာ ဆက်၍ နိုင်မြဲနိုင်နေလေသည်။ သူ့ထံတွင် ညစ်ပတ်ထားသော အန်စာတွေက မကုန်မခန်းနိုင်အောင် ရှိနေဟန်တူပေသည်။ ဒါရင်နှင့် ဧကရာဇ်မင်းတို့မှာ တီဂျဲလိနပ်စ်က သူတို့အားညစ်ပတ်၍ အပိုင်လိုးနေခြင်းကို ငြီးငွေ့လာနေကြလေသည်။ ဖော်လ်ဂျန်ကိုယ်တိုင်ကလည်း စိတ်ထဲက ယားကျိကျိဖြစ်နေလေသည်။

"သူတို့ အခုအတောအတွင်းပဲ ပြန်သွားကြတော့မှာ၊ ဒီကောင်မလေး ဘယ်ရောက်နေပါလိမ့်"

"ကောင်မလေးလား ဆင်နစ္စတာကို သူနဲ့အတူအိပ်ဖို့ မြှူနေမှာပေါ့။ ကောင်မလေးက လိုင်ဒီယာ့သမီး မဟုတ်လား.."

"ကဲ..နောက်တစ်လှည့်ပဲ ကစားတော့မယ်ဟေ့"ဟု နီရိုက စိတ်တိုစွာ ပြောနေလေသည်။ သူသည် တီဂျဲလိနပ်စ်အား မကျေမနပ်ကြီး

ကြည့်လျက် "ငါ့မိတ်ဆွေက ဒီညမှာ သိပ်ကံကောင်းနေပါကလား" ဟု ရေရွတ်လိုက်လေသည်။

တီဂျဲလိနပ်စ်ကတော့ ရယ်လိုက်ရာက စားပွဲပေါ်မှအန်စာတွေက ကောက်ယူလိုက်ကာ လက်ခုပ်ထဲတွင် သဘောကျစွာ လှုပ်နေသည်။ ထိုစဉ်၌ မစ်ခရဲလာက ဆိုင်ထဲသို့ပြန်ဝင်လာ၏။

"အဆင်သင့်ပဲ.."

အားရျုးတစ်ဖ်က ထိုင်ရာမှထကာ စိတ်လှုပ်ရှားစွာဖြင့် ဖော်လ ဂျန်အား ဆုပ်ကိုင်ထားလိုက်လေသည်။

"ကျွန်မက ဆင်နစ္စတာကို ပြောခဲ့တယ်။ အခုသူ့ဆီကိုရောက်လာ မယ့်လူက မိုက်ကန်းကန်းမို့ ခပ်ကြမ်းကြမ်းနှိမ်မှရမယ်လို့" ဟု မစ်ခ လာကလည်း သဘောကျလှစွာပြောလိုက်လေ၏။ "ဒီတော့ ဒီအကောင် ဟာ အရိုးတစ်ချောင်းနှစ်ချောင်းလောက်တော့ ကျိုးရဖို့သေချာနေတာ ပဲ။ ဒါပေမဲ့ သူ့ကိုဆင်နစ္စတာက ခိုင်းထားလို့ရမှာမဟုတ်ပါဘူး ဖော်လ ဂျန်.."

"အေး၊ ဘယ်ခိုင်းလို့ရနိုင်မှာလဲကွယ့်.. ဒါပေမဲ့ သူဟာ ဆင်နစ္စ တာနဲ့ တပည့်တွေရဲ့ အထုအထောင်း အရိုက်အနှက်တွေကိုတော့ ခပ် မြက်မြက်ကလေး ခံသွားရမှာပေါ့"

ဖော်လ်ဂျန်က သူ့မထံမှ ခွာခဲ့ကာ ဆိုင်တံခါးဝဆီသို့ အသာ လျှောက်ခဲ့လေသည်။ ဆိုင်အပြင်သို့ ရောက်သွားပြီး၍ ခဏအကြာ တွင် ဆိုင်ထဲမှဝုန်းဝုန်းဒိုင်းဒိုင်း ဆူညံသံများနှင့် ဒေါသတကြီးအော်ဟစ် သံများက ပေါ်ထွက်လာလေတော့သည်။ ဆိုင်ရှင်ခေါ်မကြီး၏ စူးစူး ဝါးဝါးအော်သံများနှင့် စားပွဲတစ်လုံးပြိုလဲကျသွားသံကို ကြားရပြန်ပြီး နောက် ဖော်လ်ဂျန်က နောက်ထပ် ဘာသံမှမကြားရတော့ချေ။

ဖော်လ်ဂျန်သည် ပတ်ဝန်းကျင်တွင် ရှိနေသော ရဲသားများက ရှာဖွေကြည့်ကာ ၎င်းတို့က ဝင်မစွက်ကြပါစေနှင့်ဟု ဆုတောင်းနေ လိုက်လေသည်။ ရဲသားများမှာ ဆိုင်နှင့်မျက်နှာချင်းဆိုင် လမ်းတစ်ဖက်



မှ မှောင်ရိပ်များထဲတွင် ငြိမ်သက်စွာရပ်နေကြကာ ဆိုင်တွင်းမှဆူညံနေသံများကို ဘယ်လိုမှ သွားရောက်ကြည့်ရှုခြင်းမပြုကြပေ။

ဖော်လ်ဂျန်လည်း ဆိုင်ထောင့်ဆီသို့ လျှောက်သွားလိုက်လေသည်။ ထိုစဉ်၌ ဆိုင်တံခါးက ရုတ်တရက်ပွင့်လာကာ အထဲမှ နီရိုနှင့် ဒါရင်တို့က ထွက်လာကြပြီး ဆင်နစ္စတာ၏ ပြောင်းကြိတ်စက်ဘက်သို့ သုတ်ခြေတင်သွားကြလေသည်။ သူတို့သည် ဆိုင်ရှင်ခေါ်မကြီးအား ရိုက်နှက်စစ်ဆေးပြီး အကျိုးအကြောင်းသိခဲ့ကြပြီး ဖြစ်နေဟန်ရှိလေသည်။ ဖော်လ်ဂျန်လည်း သူတို့နှစ်ယောက်နောက်ကနေ၍ ခပ်လှမ်းလှမ်းမှ လိုက်သွားလေ၏။ ဆိုင်ရှင်ခေါ်မကြီးကလည်း နောက်ကလိုက်လာသည်ကို ဖော်လ်ဂျန်က တွေ့လိုက်ရလေသည်။

ပြောင်းကြိတ်စက်၏ လိုဏ်ခေါင်းဝတွင်ကား မီးရောင်လင်းနေလေသည်။ ဆင်နစ္စတာက မီးတုတ်ကြီးကိုင်ကာ ဂူဝရပ်နေရာမှ လိုဏ်ခေါင်းထဲတွင် သူ့တပည့်တွေနှင့် တီဂျဲလိနပ်စ်တို့ လုံးထွေးသတ်ပုတ်နေခြင်းကို ကြည့်နေလေသည်။

နီရိုက လှမ်း၍အော်ဟစ်လိုက်ရာ ဆင်နစ္စတာက ပြန်၍ ဟိန်းဟောက်လိုက်လေသည်။

"နောက်ဆုတ်နေကြယော့..နို့မဟုတ်ရင် မင်းတို့နှစ်ယောက်လုံး ခေါင်းကွဲကြရလိမ့်မယ်.."

နီရိုနှင့် ဒါရင်တို့ကမူ သဘောကျစွာနှင့်အော်လိုက်ရာက ဆင်နစ္စတာအား တစ်ဟုန်ထိုးဝင်လုံးလိုက်ကြလေတော့သည်။ ဖော်လ်ဂျန်က ဤအခြင်းအရာကို သစ်ပင်ရိပ်တစ်ခုအောက်မှဝင်၍ ကြည့်နေလိုက်လေ၏။

ဆိုင်ရှင် ခေါ်မကြီးကလည်း ထိုအချိန်တွင် ကြောက်ရွံ့တုန်လှုပ်စွာနှင့် အမီလိုက်လာ၏။

"ဆင်နစ္စတာ ရပ်ပါ..ရပ်ပါ..ဘာမှပြန်မလုပ်ပါနဲ့၊ ဆီဇာကိုယ်တော်မြတ်ကြီး ကိုယ်တိုင်ပါ.. တော်ပါတော့.."

နီရိုနှင့်ဆင်နစ္စတာတို့ကား နပန်းလုံးနေသောဝက်ဝံကြီးနှစ်ကောင် လိုပင် မြေကြီးပေါ်၌ လုံးထွေးနေကြပြီဖြစ်လေသည်။ လူရှင်တော်ဒါရင်ကမူ ဆင်နစ္စတာအား လှမ်း၍လှမ်း၍ ခြေနှင့်ကန်နေလေသည်။ ခေါမကြီးကား ဆင်နစ္စတာအား ၎င်းနှင့်နပန်းလုံးနေသူသည် ဆီဇာဘုရင်ကြီးကိုယ်တိုင်ဖြစ်နေပါသည်ဟု ထပ်မံအော်လိုက်ပြန်၏။

ဆင်နစ္စတာသည် ချက်ချင်းပင်သတ်ပုတ်ခြင်းကို ရပ်ပစ်လိုက်ကာ ခုန်ထလိုက်ပြီး နီရို၏အိုးမည်းသုတ်ထားသော မျက်နှာကြီးအား သေချာစွာစိုက်ကြည့်နေလိုက်လေ၏။

"ဆီဇာကိုယ်တော်မြတ်ပါကလား.. ကျွန်တော်မျိုး မသိမိပါဘူး.."

"အေး..ပိုကောင်းတာပေါ့ကွာ"ဟု နီရိုက အားရစွာရယ်ရင်းက ပြန်ဖြေလိုက်လေ၏။ "မင်းနဲ့ငါဟာ မညှာတမ်း နပန်းလုံးခဲ့ရတာပေါ့။ ဘာပြုလို့လဲဆိုတော့ မင်းက ငါ့ကိုဘယ်သူမှန်းမသိဘဲ တကယ်တမ်းလုံးခဲ့တာကလား..ဒါတောင် ငါက မင်းကို အနိုင်ယူခဲ့တာပဲ မဟုတ်လားကွယ့်.."

"မှန်ပါတယ်၊ ကိုယ်တော်မြတ်ကို ကျွန်တော်မျိုးက အစွမ်းကုန်လုံးခဲ့ပေမယ့် အချည်းနှီးပါပဲ..ကျွန်တော်မျိုးဟာ အရီနာတိုက်ပွဲတွေမှာ ဗိုလ်စွဲနိုင်ခဲ့သူဖြစ်ပေမယ့် အရှင့်ကိုတော့ အရှုံးပေးရတာပါပဲ.."

ဆင်နစ္စတာက ကပျာကယာကြီးပင် နီရို၏စကားကို ဝင်ထောက်ခံ လိုက်လေသည်။

ဆင်နစ္စတာ၏ စကားများသည် မုသားသက်သက်ဖြစ်နေသည်မှာ ထင်ရှားနေသော်လည်း နီရိုကတော့ ဝမ်းမြောက်အားရစွာနှင့် လက်ခံလိုက်လေသည်။ ဆင်နစ္စတာအား မိမိနှင့်ဖက်၍ ရန်လုပ်ခဲ့ခြင်းကို ခွင့်လွှတ်သည့်အနေနှင့် ကြည်ကြည်ဖြူဖြူနှစ်လိုအားရစွာ ပြုံးနေတော်မူ၏။ တီဂျဲလိနပ်စ်တစ်ယောက်မှာသာ ဖြစ်ရသောကိစ္စကို အင်မတန် ခံပြင်းနေရတော့သည်။



သူသည် သူနှင့်လုံးနေသော ဆင်နစ္စတာ၏ ကျွန်နှစ်ယောက် လက်တွင်းမှ လွတ်လာခဲ့ရသော်လည်း ဦးခေါင်းဖူးရောင်နေသော ဒဏ်ရာကြီးကိုတော့ ရလာခဲ့သည်။ သူသည် ခေါကြီးမောကြီးနှင့် ဆင်နစ္စတာထံသို့ ရောက်လာကာ အဘယ်သူ၏ တာဝန်ဖြစ်ကြောင်းကို မေးနေလေသည်။

"လက်ရုံးဓာနည် လုပ်တာပါ..လက်ရုံးဓာနည်လုပ်တာပါ.."ဟု ဆိုင်ရှင်ခေါမကြီးက သစ်ပင်ရိပ်အောက်မှ ဖော်လ်ဂျန်အား ညွှန်ပြရင်း ဝင်ပြောလိုက်လေသည်။ "သူက အရှင့်ကို ဒီလိုလုပ်ဖို့အကြံဉာဏ်ပေးခဲ့တာပါ..အကျွန်ကျိန်ပြောပါတယ်.."

ဖော်လ်ဂျန်က အသာလေး ထွက်သွားရန် နောက်သို့ဆုတ်စပြုနေသော်လည်း နီရို၏အသံက သူ့အား ဟန့်တားလိုက်လေသည်။

"ဟော့..ရှေ့ကိုတိုးလာစမ်း.."

ဖော်လ်ဂျန်က သူတို့ဆီ လျှောက်လာလျှင် တီဂျဲလိနပ်စ်က ၎င်းအား ချက်ချင်းမှတ်မိသွားလေသည်။

"လက်စသပ်တော့ ဖော်လ်ဂျန်ကိုး..အဂ္ဂရိပီနာရဲ့ အချစ်တော် လက်ရုံးဓာနည်ကြီးပေကိုး.."

"တော်တော်ဉာဏ်သွားတဲ့အကောင်ပဲဟေ့.."ဟု နီရိုက ရယ်ရယ်မောမောနှင့် ဝင်ပြောလိုက်လေသည်။

"မောင်မင်းအပေါ်မှာ အဲသလိုလှည့်စားနိုင်ခဲ့တာဟာ ဉာဏ်သွားပေလို့သာပေါ့..ငါကိုယ်တော်မြတ်ပဲ သူ့လိုစိတ်ကူးရခဲ့ပါစေတော့ကွာ"

နီရိုသည်အားရပါးရကြီးနှင့် အူတက်လုမတတ် ရယ်မောနေတော့ရာ တီဂျဲလိနပ်စ်ကိုယ်တိုင်ကလည်း အောင့်သက်သက်နှင့်ပင် ဘုရင်အလိုကို လိုက်လျောသောအားဖြင့် ရောယောင်ရယ်လိုက်ရလေသည်။ နီရိုဘုရင်မင်းမြတ်က ရွှေသဘောတော်ကျနေချိန်တွင် အနီးအနားရှိလူတွေကလည်း ထို့အတူသဘောကျရဖို့မှာ လျော်ကန်သော ကိစ္စတစ်ရပ်ဖြစ်ရပေ၏။

"ဟုတ်ကဲ့..ဒီအကောင်က တော်တော်ညာဏ်သွားပါပေတယ်.."ဟု တီဂျဲလိနပ်စ်က အမိပွာယ်ပါပါနှင့် ဖြည်းလေးစွာပြောလိုက်သည်။ "ညကလည်း စောသေးတော့ သူဟာ ဒီလိုပဲ တောက်ပတဲ့စွမ်းဆောင်ချက်တွေကို ပြနိုင်ဦးမှာပဲဆိုတာ ယုံမှားစရာမရှိပါဘူး။ ဒီတော့ ဆီဇာကိုယ်တော်မြတ်ကြီးကို အကျွန်အကြံပေးလိုတာက သူ့ကို အကျွန်တို့နဲ့အတူ ယခုတစ်ပါတည်း ခေါ်ဆောင်သွားပြီး အကျွန်တို့အတွက် မမေ့နိုင်တဲ့ ညတစ်ညဖြစ်သွားရအောင် ပျော်ကြပါစို့လား..."

ကောက်ကျစ်စဉ်းလဲစွာနှင့် တီဂျဲလိနပ်စ်က အကြံပေးလိုက်သည်ကို နီရိုကလည်း ချက်ချင်းပင် သဘောတူညီလိုက်လေသည်။ ပြီးလျှင် ဖော်လ်ဂျန်အား မိမိတို့နှင့်အတူ လိုက်ခဲ့ရန်အမိန့်ပေးလျက် ဆင်နစ္စတာအား ခပ်ကြွားကြွားနှုတ်ဆက်ကာ ထိုနေရာမှ ထွက်ခွာခဲ့လေရာ ဖော်လ်ဂျန်မှာလည်း ဘာမှမတာတ်နိုင်တော့ဘဲ နောက်က လိုက်ခဲ့ရလေတော့၏ ။

❋

အခန်းတစ်ဆယ်

( ၁ )

သူတို့လေးယောက်သားသည် လူတွေရှုပ်ပွနေသော လမ်းတွေတစ်လျှောက် ဆူညံအော်ဟစ်လျက် လျှောက်လာခဲ့ကြလေသည်။ လမ်းပေါ်တွင် ၎င်းတို့နှင့်တွေ့ရသော လူတွေမှာလည်း မသက်သာလှ။ နောက်ဆုံး၌ သူတို့သည် စပျစ်ရည်ဆိုင်တစ်ဆိုင်တွင် ဝင်ရောက်စားသောက်ရန်... ခတည်းချကြပြန်တော့သည်။ ဆိုင်ထဲသို့မဝင်ခင် ဆိုင်ပြင်တွင် တွေ့ရသော မီးသေနေသော မီးတုတ်ကြီးတစ်ခုမှမှိုင်းတွေကို ဖော်လ်ဂျန်က သူ့မျက်နှာတွင် သုတ်လူးလိုက်လေသည်။ ဤသည်ကို နီရိုက သဘောကျစွာနှင့် မိန့်ဆိုလိုက်လေသည်။

"မှန်လှပါအရှင်ဘုရား..ဒါပေမဲ့ အကျွန့်ပါးစပ်မှာ ရွှေသွားတစ်ချောင်းရှိရင်တော့ အခုထက်ပိုကြည့်လို့ကောင်းနေမှပါပဲ"ဟု ဖော်လ်ဂျန်က တီဂျဲလိနပ်စ်ကို စောင်းချိတ်၍ပြန်ဖြေလိုက်လေသည်။ တီဂျဲလိနပ်စ်မှာ ချုပ်တီးထားရသော ဒေါသဖြင့် ထွီခနဲ တံတွေးထွေးလိုက်သော်

လည်း ဒါရင်ကတော့ သဘောကျစွာ ရယ်မောလိုက်လေသည်။ နီရိုက ၎င်းတို့ကို ဂရုမစိုက်နိုင်ဘဲ သူ့စွမ်းရည်များကိုသာ ထုတ်ဖော်ကြွားဝါနေ၏။

"ဆင်နစ္စတာလို လူတစ်ယောက်နဲ့ ခွန်အားစွမ်းရည်ချင်း ပြိုင်ရာမှာ အနိုင်ရတဲ့ညမို့ မမေ့အပ်တဲ့ ညတစ်ညပဲပေါ့။ ဆင်နစ္စတာဟာဖြင့် ရောမနိုင်ငံတော်မှာ အတော်ဆုံးလက်ရုံးဗာနည်ကြီး တစ်ယောက်ပေပဲ။ ဒါပေမဲ့ ငါ့ထက်တော့ စွမ်းရည်ညံ့နေရတာပဲ.."

နီရိုက ကြွားမဆုံးနိုင်အောင် ဖြစ်နေတော့သည်ကို စိတ်တိုလာဟန်တူသော တီဂျဲလိနပ်စ်က "အလကားပါ ဘာစွမ်းရည်လဲ"ဟု မကြားတကြား ရေရွတ်လိုက်လေသည်။

"ဘာပြောတယ်ကွယ့်.."

"ဆင်နစ္စတာကို ကိုယ်တော်ကြီးက အနိုင်ရခဲ့တာမဆန်းပါဘူးလို့ သူကဆိုလိုတာပါ"ဟု ဒါရင်က ကပျာကယာ ဝင်ထောက်လိုက်လေသည်။ "ဘာပြုလို့လဲဆိုတော့ ကမ္ဘာလောကကြီးတစ်ခုလုံးဟာ ဆီဇာကိုယ်တော်မြတ်ကြီးထက် ညံ့ဖျင်းနေရတော့တယ် မဟုတ်လား။ ဘယ်သူက ဆီဇာကိုယ်တော်မြတ်ကြီးကို အန်တုယှဉ်ပြိုင်နိုင်မှာတဲ့လဲ.."

"မှန်ပါတယ် အကျွန်ုပ်ဗာ ဒါကိုရည်ရွယ်ပြီး ပြောတာပါပဲ"ဟု တီဂျဲလိနပ်စ်ကပါ ဝင်ပြောလိုက်လေသည်။ ပြီးလျှင် နောက်သို့လှည့်ကြည့်လိုက်ကာ "ရဲသားတွေက အကျွန်ုပ်တို့နောက်က လိုက်လာနေတုန်းပါလား။ အကျွန်ုပ်တို့ဟာ ကိုယ့်ဘာသာကိုယ် မကာကွယ်မစောင့်ရှောက်နိုင်သလိုဖြစ်နေရပါတယ်.."ဟု ပြောလိုက်ပြန်တယ်။

"အဲဒါဟာ ပေါပေယာရဲ့ စီမံချက်ပေါ့ကွာ..သူက ငါကိုယ်တော်မြတ်အခုလို ညဘက်မှာ လျှောက်ပွေတဲ့အခါ ဒုက္ခတစ်ခုခုဖြစ်မှာကို စိုးရိမ်ရှာသတဲ့.."

သူတို့သည် ရှေ့သို့ဆက်လျှောက်လာခဲ့ရာတွင် ပြည်တန်ဆာမတစ်ယောက်က ဒါရင်အား လာဆွဲရာ တီဂျဲလိနပ်စ်က ရက်စက်ကြမ်း



ကြုတ်စွာနှင့် ရိုက်လွှတ်လိုက်လေသည်။ ပြီးလျှင် ခပ်စောစောဆီက သူတို့သုံးယောက်သား အနိုင်ကျင့်ခဲ့သော ကုန်စိမ်းဆိုင်ရှေ့သို့ ရောက်လာပြန်လျှင် တီဂျဲလိနပ်စ်က ယုတ်မာစွာနှင့် ဆိုင်ထဲသို့ ဖောက်ထွင်းဝင်ရောက်ပြီး ကုန်တွေအားလုံး ခိုးယူကြရန် အကြံပေးလိုက်ပြန်သည်။

နီရိုကလည်း ထိုပက်စက်သောအကြံကို သဘောတော်တွေ့လေရကား၊ သူတို့လူစုသည် ပိတ်ထားသော ဆိုင်တံခါးကို အတင်းရိုက်ဖွင့်ကြကာ ဆိုင်အပေါ်ထပ်မှ ဆိုင်ရှင်မိန်းမက အော်ဟစ်အကူအညီတောင်းနေသံများကို ဘယ်လိုမှဂရုမစိုက်ဘဲ ဟင်းသီးဟင်းရွက်တောင်းကြီးတစ်တောင်းစီကို ဆိုင်ပြင်သို့ သယ်ထွက်ခဲ့ကြလေသည်။ နီရိုကမူ ဆိုင်တံခါးဝမှ ဆိုင်းဘုတ်ကလေးများကိုပင် ဆွဲဖြုတ်ယူလာခဲ့လေ၏။

နီရိုသည် မိမိတို့ ခိုးယူလာသော ဟင်းသီးဟင်းရွက်များကို နန်းတော်သို့ ယူသွားပြီး ဆိုင်ဖွင့်ရောင်းချကြမည်ဟု မိန့်ဆိုတော်မူလိုက်သည်။

"နန်းတော်မှာ ဆိုင်ဖွင့်ရင်ဘယ်သူ့ကို အရှင်ကိုယ်တော်မြတ်ရဲ့ ပထမဦးဆုံးဖောက်သည်အဖြစ်နဲ့ ချီးမြှောက်တော်မူမှာလဲ.."ဟု တီဂျဲလိနပ်စ်က မြှောက်ထိုးပင့်ကော် မေးလိုက်ပြန်၏။

"မိဖုရားအော်တေဗီယာကိုပေါ့..."ဟု နီရိုက မျက်မှောင်ကြီးကုတ်ကာ ပြန်ဖြေလိုက်လေသည်။ "ဒါမှသူ့မာနကို ထိခိုက်စေမှာပဲ၊ အော်တေဗီယာကတော့ တော်တော်မာနများလှတဲ့ မိန်းမတစ်ယောက်ပါပဲ"

"နို့... ပေါပေယာဆီ သွားရင်ကောဗျာ"ဟု ဒါရင်က ဝင်မေးလိုက်သည်။

"ဟာ...ဘယ်ဖြစ်မလဲ၊ ဒီလိုအချိန်မှာ သူ့ကိုသွားနှိုးရင် ငါ့အချစ်တော်ကလေးကို သွားနှောင့်ယှက်ရာကျမှာပေါ့"ဟု နီရိုက ချစ်စနိုးအသံကြီးနှင့် ပြန်ဖြေဆိုလိုက်လေသည်။

"ဒါပေမဲ့ ငါအော်တေဗီယာဆီ သွားပြန်ရင်လည်း ငါ့အချစ်လေးပေါပေယာက မနာလိုဝန်တိုဖြစ်ဦးမှာပဲ"

"ဒီလိုဆိုရင် ကျွန်ုပ်တို့က အဂ္ဂရီပီနာကို အဲဒီဆုထူးကြီးနဲ့ သွားပြီး ချီးမြှင့်ရအောင်လား"

နီရိုသည် ခပ်စောစောကလောက် မသွက်လက် မရဲတင်းတော့ဘဲ ခပ်အင်အင်ဖြစ်သွားလေသည်။ မယ်တော်အဂ္ဂရီပီနာကိုတော့ သူကြောက်ရွံ့စိတ် ကုန်သေးသည်မဟုတ်ပေ။

"ဘယ့်နှယ့်လဲ အရှင်မင်းမြတ်ရဲ့"ဟု တီဂျဲလီနပ်စ်ကတော့ နီရိုမခံချင်အောင် ဆွပေးလိုက်ပြန်သည်။

နီရိုက ထိုအခါတွင် တွန့်ဆုတ်မနေရဲတော့ပေ။ သူ့အားမယ်တော်ကို ကြောက်ရွံ့သူတစ်ယောက်အဖြစ်နှင့် လှောင်ပြောင်ကြမည်ကို နီရိုက ခံချင်သူမဟုတ်ပေ။ ထို့ကြောင့် သူက အဂ္ဂရီပီနာ၏ စံအိမ်တော်သို့ သွားကာ ဟင်းသီးဟင်းရွက်များ ရောင်းချမည်ဟု ကြွေးကြော်လိုက်လေတော့သည်။

ဖော်လ်ဂျန်ကတော့ အံကြိတ်လိုက်မိလေသည်။

"ဒီစစ်စလီပြည်သား မြင်းမွေးသမားက ငါ့ကို ဒယ်အိုးထဲကနေ မီးပုံထဲကို ပစ်ချဖို့ကြံရွယ်တာပဲ"ဟု ကိုယ့်ကိုယ်ကိုယ် ကျိတ်ပြောလိုက်မိလေ၏။

( ၂ )

မယ်တော်မိဖုရားကြီး အဂ္ဂရီပီနာကား ဝင်ပေါက်တစ်ခုရှိသော အုတ်တံတိုင်း အခိုင်အမာကာရံထားကာ ကျယ်ဝန်း၍ ပန်းမျိုးစုံဖူးပွင့်နေလေသော ခြံကြီးထဲမှ စံဂေဟာအိမ်ကြီးတွင် စံပယ်လျက်ရှိပေ၏။ ခြံတံခါးကို သံနှင့်ပြုလုပ်ထားကာ ခိုင်ခန့်စွာသော့ခတ်ထားလေသည်။ တီဂျဲလီနပ်စ်သည် ထိုသံတံခါးကို ဂျိုင်းခနဲ မြည်အောင်ဆွဲလှုပ်ရာက တံခါးမှူးကို ကျယ်လောင်စွာ အော်ခေါ်လိုက်လေသည်။

"သိပ်မဆူပါနဲ့"ဟု နီရိုက ခပ်ရွံ့ရွံ့အမူအရာနှင့် ဘေးကနေ သတိပေးလိုက်၏။ ၎င်းသည် မယ်တော်ထံသို့ ရောက်လာရတော့လည်း



ကြုံရမည့်အဖြစ်ကို တွေးရွံ့နေပုံရသည်ကို ဖော်လ်ဂျန်က အကဲခတ်မိလေသည်။

တံခါးမှူးသည် တံခါးဝသို့ ကပျာကယာ ရောက်လာလျှင်ကား တီဂျဲလီနပ်စ်က တံခါးဖွင့်ပေးဖို့ အမိန့်ပေးလိုက်ပြန်လေ၏။ တံခါးမှူးသည် နီရိုကိုတွေ့ရလျှင် တအံ့တဩနှင့်ပင် တံခါးဖွင့်ပေးလိုက်လေသည်။

တံခါးပွင့်သွားသည့်အခါ၌ တီဂျဲလီနပ်စ်ကပင် ဟင်းသီးဟင်းရွက်ခြင်းတောင်းကြီးကို ပခုံးပေါ်တွင်ထမ်းကာ ရှေ့ဆုံးမှနေ၍ ဝင်ခဲ့လေသည်။ တံခါးမှူးက ကြောက်ကြောက်ရွံ့ရွံ့နှင့်ပင် ရှေ့ကပြေးသွားကာ အိမ်တော်တံခါးကို ဖွင့်ပေးလိုက်ပြန်၏။ အခန်းငယ်လေးတစ်ခုအတွင်းသို့ သူတို့ ရောက်သွားကြလျှင် တံခါးမှူးက မီးအိမ်တစ်ခုကိုထွန်းညှိလိုက်ကာ ဘာလုပ်ရမည်မသိဘဲ၊ ဧည့်သည်တော်များကို ပြူးကြောင်ကြောင်ကြီး ကြည့်နေရှာလေ၏။

တီဂျဲလီနပ်စ်ကပင် ၎င်းတို့အား အဂ္ဂရီပီနာ၏ရှေ့တော်မှောက်သို့ ခေါ်ဆောင်သွားရန် တံခါးမှူးအား အမိန့်ပေးလိုက်ပြန်လေသည်။

"အရှင်မက စက်တော်ခေါ်နေပါပြီဘုရား"

"အဲဒါဘာဖြစ်သလဲကွ.. တို့ကို သူ့အိပ်ခန်းဆောင်ဆီ ခေါ်သွားပေးပေါ့"ဟု တီဂျဲလီနပ်စ်က ရိုင်းစိုင်းမောက်မာစွာ ထပ်၍ အမိန့်ပေးလိုက်ပြန်၏။

"ဟော့..ဟော့..နေပါစေ"ဟု နီရိုက ကပျာကယာ ဝင်၍ပြောလိုက်၏။ "တို့ကို ဧည့်ခန်းဆောင်ထဲခေါ်သွားပြီး မယ်တော်ကို ငါရောက်နေကြောင်း သွားလျှောက်ချေ"

နီရိုက တီဂျဲလီနပ်စ်အား မျက်မှောက်ကြုတ်၍ ကြည့်လိုက်ပြန်၏။

"မောင်မင်းဟာ တော်တော်ရိုင်းပါကလား။ မောင်မင်းနဲ့ ရိုင်းစိုင်းမှုဟာတော့ လိုက်ပါတယ်။ ဒါပေမဲ့ ငါကိုယ်တော်မြတ်ကိုတော့ အမြဲ

တာဆေ သင်္ဘောမတွေ့စေဘူး။ မောင်မင်းရဲ့လျှာကို နည်းနည်းထိန်းထားစမ်းပါဦး.."

သူတို့လူစုသည် စံအိမ်တော်ကြီး၏ ဧည့်ဆောင်ထဲသို့ဝင်ရောက်ခဲ့ကြကာ တံခါးမှူးက မီးအိမ်များ ထွန်းညှိပေးပြီးသည့်နောက်တွင် အဂ္ဂရီပီနာကို အကြောင်းကြားရန် ထွက်ခွာသွားလေ၏။ ဖော်လ်ဂျန်လည်း သူထမ်းထားသော ခြင်းတောင်းကြီးကို ချလိုက်ကာ ပတ်ဝန်းကျင်ကို စိတ်ဝင်စားမှုနှင့် လှည့်ပတ်ကြည့်ရှုနေမိလေ၏။

ချမ်းသာကြွယ်ဝသော ရောမအိမ်ဂေဟာများအတွင်းသို့ သူတစ်ခါမှ ရောက်ဖူးသေးသည်မဟုတ်ရကား မြင်တွေ့ရသမျှမှာ သူ့အတွက် ဆန်းကြယ်ခမ်းနားနေလှပေတော့သည်။

ဒါရင်ကား ခြင်းတောင်းများထဲမှ ဟင်းသီးဟင်းရွက်တွေကိုထုတ်ယူကာ ခန်းဆောင်အလယ်ရှိ ရေပန်းကြီးပတ်လည်တွင် ကျကျနန စီခင်းနေလေသည်။ တီဂဲလိနပ်စ်ကတော့ နီရိုက ပစ်ချထားသော ဆိုင်ဆိုင်းဘုတ်ကိုကောက်ယူကာ မယ်တော်မိဖုရားကြီး နှစ်သက်တော်မူသည့် ခြသေ့တစ်ပိုင်း လင်ယုန်ငှက်တစ်ပိုင်းသတ္တဝါကြီး၏ ရုပ်တုတစ်ခုတွင် ချိတ်ဆွဲထားလိုက်လေ၏။ နီရိုမှာကား စောစောကလိုပင် ရွှင်ရွှင်ပျပျ မရှိနိုင်တော့ဘဲ မှုန်ကုပ်ကုပ်နှင့်သာ ကျောက်ဖြူသလွန်တစ်ခုပေါ်တွင် ဝင်ထိုင်နေလေသည်။

ထိုစဉ်၌ ပိုးသားအဝတ်အစားများ၏ တရှဲရှဲမြည်သံက ထွက်ပေါ်လာရာ နီရိုက ကပျာကယာ ထလိုက်လေသည်။ သူသည် ရောမနိုင်ငံတော်ကြီး၏ သက်ဦးဆံပိုင်ဘုရင်ဧကရာဇ်ကြီးတစ်ဆူ ဖြစ်နေရသည်မှာ မှန်သော်လည်းတံခါးဝတွင်ရောက်လာသောမိန်းမကား သူ၏မွေးသမိခင်ဖြစ်နေလေရာ နီရိုအတွက် မယ်တော်အား ကြောက်ရွံ့စိတ်မှာ လုံးလုံးလျားလျား ပျောက်ကွယ်မသွားနိုင်ဘဲ ရှိနေရလေ၏။

ဖော်လ်ဂျန်ကတော့ မယ်တော်မိဖုရားကြီးထံသို့ တိတ်တိတ်ကလေး ခိုးကြည့်လိုက်မိလေသည်။ သူမသည် ရွှေပန်းချည် ထိုးထား



သော ဝတ်ရုံရှည်ကြီးကို ဆင်မြန်းထားကာ ကြီးမားသော ပတ္တမြားလုံးကြီးများ စီထားသည့် လက်ကောက်တစ်ဖက်ကိုသာ လက်မောင်းတွင် ဝတ်ဆင်ထားလေသည်။ သူမ၏ ဆံပင်များကိုလည်း ကျကျနနကျွေးကောက်လျက် ပေါင်ဒါမှုန့်များနှင့် ခြယ်မှုန်းပြီး သေသေသပ်သပ်ရစ်နှောင်ထားသည် ဖြစ်လေရကား သူမမှာ ဖော်လ်ဂျန်အတွက် ရေချိုးဌာနတွင် တွေ့ခဲ့ရစဉ်ကထက် ပိုမိုနုပျိုမက်မောဖွယ်ရာ ဖြစ်နေရလေတော့၏။

သို့ရာတွင် အဂ္ဂရီပီနာ၏ ရုပ်သဏ္ဍာန်၌ မိန်းမပီသသောအသွင်အပြင်များက ကင်းစင်နေကာ သူမရှေ့တွင်ရောက်နေကြသော မျက်နှာတွင် အိုးမည်းများသုတ်ထားသည့် လူလေးယောက်အားသာ ပြင်းစွာသော ဒေါသမီး တောက်လောင်နေသည့် မျက်လုံးကြီးများနှင့် စူးစိုက်ကြည့်ရှုနေလေသည်။

"မယ့်မယ့်ကို ကျွန်ုပ်နှုတ်ဆက်ပါတယ်"ဟု နီရိုက တုန်လှုပ်နေသော ကျောင်းသားကလေးတစ်ယောက်အလား မျက်နှာချိုသွေးလိုက်လေသည်။ "မယ့်မယ့်ဆီကို ကျွန်ုပ် လာလည်ဖို့ စိတ်ကူးရတာနဲ့ လာခဲ့တာပါ။ မယ်မယ် ကျန်းမာတော်မူရဲ့မဟုတ်လား.."

"ဒီဟင်းသီးဟင်းရွက်တွေက ဘာကြောင့် ဒီမှာ ရောက်နေရတာလဲ"

"ဟင်းသီးဟင်းရွက်တွေဟာ အင်မတန်ကောင်းမွန်ကြပါတယ်" ဟု တီဂဲလိနပ်စ်က မသိမသာစော်ကားသောအသံနှင့် ပြန်ဖြေလိုက်လေသည်။ "အင်မတန်ကောင်းပြီး အင်မတန် လတ်ဆတ်လှပါတယ်။ အခုအချိန်မှာ အစစအရာရာ ရှားပါးနေလေတော့ မိဖုရားကြီးအတွက် ဟင်းသီးဟင်းရွက်တွေ ဈေးပေါပေါနဲ့ ရပါစေဆိုပြီး ယူလာခဲ့တာပါပဲ.."

အဂ္ဂရီပီနာက ၎င်းအား စက်ဆုပ်စွာ တစ်ချက်လှမ်းကြည့်လိုက်ပြီးနောက် အဖက်လုပ်စရာ လူတစ်ယောက် မဟုတ်သည့်အလား ပြန်လှည့်သွားလေသည်။ အိုးမည်းတွေ သုတ်ထားသည့်အောက်တွင်

မျက်နှာ မသိမသာသွေးဆုတ်နေသော နီရိုအားသာ သူမက မေးခွန်းထုတ်လိုက်ပြန်သည်။

"ဒီအရူးလိုက်တဲ့အမှုမျိုးပြုလုပ်ဖို့ကို ဘယ်သူက အကြံပေးခဲ့တာလဲ.."

"ကျွန်ုပ်ကိုယ်တိုင်ပါပဲ မယ်မယ်..ကျွန်ုပ်တို့လူစုထဲမှာ ကျွန်ုပ်က ခေါင်းဆောင်ဖြစ်နေလေတော့ လူစုကို ကျွန်ုပ်ကသာ လမ်းပြရှေ့ဆောင်နေရတာပဲပေါ့.."

"သူတောင်းစားရဲ့ကိုယ်မှာ တွယ်ကပ်နေတဲ့ ကြမ်းပိုးတစ်ကောင်လိုပဲ ဆီဇာကို တွယ်ကပ်နေတဲ့ စက်ဆုပ်ရွံ့ရှာစရာ စစ်စလီပြည်သား မြင်းမွေးသမားရဲ့အကြံဉာဏ်သာ ဖြစ်ရမှာပဲလေ.."

အဂ္ဂရိပီနာ၏ စော်ကားချက်ကို တီဂျဲလိနပ်စ်က ကျိတ်၍သာ ခံပြင်းနေရကာ နီရိုကမူ ဒေါသနှင့် အော်လိုက်လေသည်။

"သတိထားပါမယ်တော်.. ကျွန်ုပ်ဟာ ဆီဇာဘုရင်မင်းမြတ်ဖြစ်ပါတယ်.."

"အေး...ဆီဇာဘုရင်ဟာ ငါ့ရဲ့ သားအိမ်ထဲမှာ ငါ့ရဲ့သွေးသားတွေကို ပေးလို့ လူဖြစ်လာစေခဲ့ရတဲ့ သူငယ်.. ငါ့ရဲ့နို့ချိုကိုတိုက်ကျွေးပြုစုခဲ့ရတဲ့သူငယ်..ထောင်ပေါင်းများစွာသော ဘေးအန္တရာယ် ခြိမ်းခြောက်မှုအသွယ်သွယ်ကြားထဲက လူဖြစ်အောင် စောင့်ရှောက်မွေးမြူခဲ့ရတဲ့ သူငယ်လေးပါပဲ။ ငယ်စဉ်တုန်းက နုနယ်သန့်စင်ပြီး ကြင်နာထောက်ထားတတ်တဲ့ သူငယ်လေးဖြစ်ခဲ့သလောက် အခုတော့ အောက်တန်းစား အရက်ဆိုင်တွေမှာ ကျက်စားလေ့ရှိတဲ့ ယစ်ထုပ်ကြီးတစ်ယောက်ဖြစ်နေရပြီပဲ..အို နီရိုရယ်..မင်းဟာ ဒီလောက်တောင် နိမ့်ကျယုတ်ညံ့လာခဲ့ရပြီလားကွယ်..."

"နိမ့်ကျယုတ်ညံ့တယ်လို့ မယ်တော်က ဆိုသလား၊ ဘာပဲဖြစ်ဖြစ် ကျွန်ုပ်ဟာ ပျော်ရွှင်မှုကိုတော့ ရှာရဦးမယ်မဟုတ်လား..ရောမနိုင်ငံတော်



ကြီးကို အုပ်ချုပ်ရတာ တစ်ခါတလေတော့ ငြီးငွေ့စရာကောင်းလာတော့ စိတ်ဖြေဖျော်မှုကို ရှာရသေးတာပဲ.."

"မောင်မင်းဟာ ကိုယ့်ကိုယ်ကိုယ် စိတ်ဖြေဖျော်ရအောင်လို့ လူရှုပ်လူပွေလူပျက် လူနောက်တစ်ယောက်ဖြစ်လာရသလား၊ ယုတ်ညံ့ရိုင်းစိုင်းလှတဲ့ အပေါင်းအသင်းတွေကိုသာ ရှာဖွေနေရသလား.. ဒီအပေါင်းအဖော်တွေကပဲ မောင်မင်းကို ပြပွဲကမျောက်တစ်ကောင်လိုပဲ လူတကာ ရယ်စရာကောင်းအောင် လုပ်နေကြတာပဲ နီရို။ သူတို့က မောင်မင်းကို ဘုရားတစ်ဆူဖြစ်နေတာမို့ ထင်တာလုပ်နိုင်တယ်ရယ်လို့ မြှောက်ထိုးပင့်ကော်လုပ်ပြီး အရူးလုပ်နေကြတာပဲ။ မောင်မင်းဟာ ငြီးငွေ့မှုကို ရှုံးသွပ်ခြင်းနဲ့ ဖလှယ်နေတော့တာကလား။ မောင်မင်းဟာ ဘဝကို ငြီးငွေ့နေတယ်ဆိုရင် မောင်မင်းရဲ့ ကာမဂုဏ်ခံစားခြင်း လွန်ကျူးလို့သာမှတ်လိုက်ပါ.."

"ကျွန်ုပ်ကို ဆုံးမသွန်သင်ဖို့ မလိုပါဘူး"ဟု နီရိုက နှုတ်ခမ်းကြီးထော်ကာ ပြန်ပြောလိုက်လေသည်။ "အဘိဓမ္မာဆရာ ဆီနီကာက ကျွန်ုပ်ကို လုံလောက်အောင် တရားဟောပြောပြီးပါပြီ။ ကျွန်ုပ် ဒီညဒီကို လာတာဟာ မယ်တော်က ကျွန်ုပ်တို့ရဲ့ပျော်ရွှင်မှုကို ရယ်မောသဘောတွေ့လိမ့်မယ်လို့ ထင်ခဲ့မိလို့ပဲ။ ဒါပေမဲ့ မယ်တော်က အခုလို ရန်တွေ့နေမယ်ဆိုရင်တော့ ကျွန်ုပ်တို့ပြန်သွားဖို့သာ ရှိတော့တာပေါ့.. ကဲ တီဂျဲလိနပ်စ်..ဒါရင်..လာကြဟေ့ ငါတို့သွားကြပါစို့.."

"ဖော်လ်ဂျန်ကိုတော့ ဒီမှာချန်ထားခဲ့မလို့လား"ဟု တီဂျဲလိနပ်စ်က ဝင်ပြောလိုက်လေသည်။ "သူဟာ အဂ္ဂရိပီနာရဲ့ လက်ရွေးစင်လက်ရုံးတနည်ဖြစ်နေတယ်ဆိုတာတော့ ကျွန်ုပ် သိပါတယ်..ဒါပေမဲ့လည်း"

အဂ္ဂရိပီနာက ဖော်လ်ဂျန်အား လှမ်းကြည့်လိုက်သော်လည်း ၎င်းအား မှတ်မိသည့်လက္ခဏာကို ဘယ်လိုမှ မပြဘဲရှိနေလေသည်။

"မယ်တော်မိဖုရားကြီးက သူ့ကို သိတော်မမူဘူး ထင်ပါရဲ့.."ဟု တီဂျဲလိနပ်စ်ကတော့ ခပ်ပြုံးပြုံး ထေ့မေးမေးလိုက်ပြန်သည်။

"အခုသေသေချာချာကြည့်ရတော့ ငါသိပါပြီ။ ယခုလိုယုတ်ညံ့တဲ့ နောက်ပြောင်မှုမျိုးမှာ သူပါဝင်နေရတာကို ငါသိရလို့ ဝမ်းနည်းမိပါရဲ့"

"ဒီလက်ရုံးဓာနည်ဟာဖြင့် နောက်ပြောင်ကျီစယ်မှုတွေထက် ဆိုးဝါးလှတဲ့ အမှုတွေကိုပြုလုပ်နေသူပါ.."ဟု တီဂျဲလိနပ်စ်က နီရိအား လှည့်ပြောလိုက်လေသည်။ "လွန်ခဲ့တဲ့လအနည်းငယ်ခန့်ဆီက သူဟာ ရွှေနန်းတော်ကြီးထဲက မိဖုရားခေါင်ကြီး အော်တောဗီယာရဲ့အဆောင်ထဲ ဝင်ဖို့ကြိုးစားနေတာကို ကျွန်ုပ်တို့က တွေ့ရှိခဲ့ပါတယ်.."

"မောင်မင်းရဲ့စကားကို ကျွန်ုပ်မယုံပါဘူး"ဟု အဂ္ဂရီပီနာက အေးစက်စက်ပြုံး၍ ပြောလိုက်လေသည်။ နီရိမှာမူ ကောင်းစွာသဘောမပေါက်သေးသောအမှုအရာနှင့် မယ်တော်ကိုတစ်လှည့်၊ တီဂျဲလ်နပ်စ်ကိုတစ်လှည့် ကြည့်ရာက မေးခွန်းထုတ်လိုက်လေသည်။

"ဘာပြောနေကြတာလဲ..အော်တောဗီယာရဲ့ အဆောင်ဆိုတာက ဘာလဲ..ဘာပြုလို့လဲ.."

"ဒီအကြောင်းကို ဧကရာဇ်မင်းမြတ်ရဲ့မယ်တော်က ရှင်းလင်းပြနိုင်လိမ့်မယ်ထင်ပါရဲ့"ဟု တီဂျဲလိနပ်စ်က ကောက်ကျစ်စွာ တွန်းလိုက်ပြန်သည်။

"ဒီအကြောင်းကို ငါဘာမှမသိဘူး"ဟု အဂ္ဂရီပီနာက ပြန်ဖြေလိုက်လေသည်။ "ငါဟာ ဒီဖော်လ်ဂျန်ကို အရီနာတိုက်ပွဲကွင်းမှာ သေရမယ့်ဘေးက ကယ်တင်ခဲ့တာတော့ မှန်တယ်လေ။ သူ့ကိုငါက တကယ့်လက်ရုံးဓာနည်ကြီးဘဝကို မြှင့်တင်ပေးဖို့ ရည်ရွယ်ခဲ့တယ်။ ဒါပေမဲ့ သူဟာ ရေချိုးဌာနမှာ ငါရှိနေတုန်း ငါ့ဆီက ရွှေလာတောင်းခဲ့တော့ ငါက ငြင်းပယ်လိုက်တယ်။ ဒါကိုသူက ဧကရာဇ်မင်းမြတ်ရဲ့ မိဖုရားခေါင်ကြီးကဖြင့် ချီးမြှင့်တော်မူမှာပဲရယ်လို့ ပြောခဲ့တယ်။ ဒီလိုရည်ရွယ်ချက်နဲ့ပဲ သူဟာ အော်တောဗီယာဆီကို သွားခဲ့ဟန်တူပါရဲ့။ ဒါပေမဲ့ မြင်းမွေးသမားရဲ့ သတိဝီရိယကြောင့် သူဟာ အော်တောဗီယာနဲ့ မတွေ့ဆုံရဘူးနဲ့တူတယ်.."



တီဂျဲလိနပ်စ်ကား မျက်နှာခပ်ပုပ်ပုပ်နှင့်သာ အဂ္ဂရီပီနာကို စိုက်ကြည့်နေလေတော့သည်။ နီရိရှေ့တွင် နီရိ၏မယ်တော်သည်မိန်းမညာကြီးတစ်ဦး ဖြစ်ပါသည်ဟု ပြောရဖို့ ခဲယဉ်းနေရပေသည်။

ဧကရာဇ်မင်းကတော့ ဖော်လ်ဂျန်အား မျက်မှောင်ကုတ်၍ ကြည့်လိုက်လေသည်။

"မယ်တော်မိန့်တော်မူတာ မှန်ရဲ့လားကွယ့်"

"မှန်ကြောင်းပါ.."

"ဆိုစမ်းပါဦးလေ.."

"ကျွန်တော်မျိုးဟာ အမြဲပဲ ဆင်းရဲခဲ့ရပါတယ်။ ဒါကြောင့် မယ်တော်မိဖုရားကြီး အဂ္ဂရီပီနာက ကျွန်တော်မျိုးကို ရွှေငွေများ ပေးသနားတော်မူလိမ့်မယ်လို့ မျှော်လင့်ခဲ့မိပါတယ်။ ကျွန်တော်မျိုး ပြုလုပ်မိတာ မှားယွင်းတယ်ဆိုရင်လည်း မသိလို့မှားယွင်းမိတာပါ.."

"သူပြောတာထက် နောက်ကွယ်မှာ အများကြီးရှိပါသေးတယ် ဆီဇာ.."ဟု တီဂျဲလိနပ်စ်က ကျယ်လောင်စွာ ဝင်၍ပြောလိုက်ပြန်သည်။ "သူက ကျွန်ုပ်ရဲ့ ဆီဇာမင်းမြတ်ကို လှည့်စားနေတာပါ"

"ငါကိုယ်တော်မြတ်ကို လှည့်စားဖို့ဆိုတာဟာ ခဲယဉ်းတဲ့အလုပ်ပါကွယ့်..မောင်မင်းက လက်ရုံးဓာနည်အပေါ်မှာ အတိအကျစွပ်စွဲနေတာလား"

"အတိအကျတော့ မဟုတ်ပါဘူး ကျွန်ုပ်ရဲ့ဆီဇာ၊ ဒါပေမဲ့ ဒီကိစ္စကို စစ်ဆေးတော်မူမယ်ဆိုရင်..."

"မောင်မင်းဟာ အရက်မူးနေပါတယ်လေ။ ငါကိုယ်တော်တိုင်ကလည်း သောက်လာရတဲ့ အပေါစားအရက်တွေကြောင့် ရီတီတီတော့ ဖြစ်နေရသကွယ့်။ ဒီလက်ရုံးဓာနည်ရဲ့ ကိစ္စဟာ လျှို့ဝှက်တဲ့အကြံအစည်ကြီးတစ်ခုဖြစ်နေတယ်ဆိုရင် မောင်မင်းက တစ်ခါတည်း ဖော်ထုတ်လိုက်ပြီးသား ဖြစ်နေမှာပါပဲ။ တကယ်လို့သူဟာ အော်တောဗီယာရဲ့ ခန်းဆောင်ထဲဝင်ဖို့ ကြိုးစားခဲ့တယ်ဆိုရင်လည်း သူဟာ အရူး

တစ်ယောက်သာဖြစ်မှာပဲ။ အရှုံးဆိုတာ အန္တရာယ်မပေးနိုင်ပါဘူးလေ။ ဘုရားရေ.. ငါတော့ အန်ချင်သလိုလိုကြီးတောင် ဖြစ်လာပြီဟေ့.."

အင်္ဂရီပီနာက ဤတွင် လက်ခုပ်တီးလိုက်ကာ ကျွန်တစ်ယောက်ကို ခေါ်ဆောင်ပြီး ဧည့်သည်တော်များ ပြန်တော့မည်ဖြစ်ကြောင်းဟု အမိန့်ရှိလိုက်လေသည်။ တီဂျဲလိနပ်စ်က ဖော်လ်ဂျန်နှင့် အင်္ဂရီပီနာတို့အား နီရိုဘုရင်ကို အထင်အမြင် လွဲမှားစေရဖို့ သူ၏ ကြံစည်ချက်ကို လက်လျှော့လိုက်ရသော်လည်း နောက်ဆုံးပိတ်အနေနှင့် အင်္ဂရီပီနာကို ခနဲ့လိုက်ပြန်၏။

"မိဖုရားကြီး အင်္ဂရီပီနာက ဒီဟင်းသီးဟင်းရွက်တွေကိုတော့ လက်ခံထားလိုက်ပါနော်..ကျွန်ုပ်ရဲ့ မေတ္တာလက်ဆောင်အနေနဲ့ပေါ့"

အင်္ဂရီပီနာကား သည်းခံနိုင်ခြင်းမရှိတော့ဘဲ ဒေါသပေါက်ကွဲကာ ဟင်းသီးဟင်းရွက်တွေကို ကောက်ယူလျက် ၎င်းတို့ဆီသို့ လွှဲပေါက်နေလေတော့သည်။

"ငါ့အိမ်က ထွက်သွားကြစမ်း..မင်းတို့တစ်တွေအားလုံးကို ငါ့ခွေးတွေနဲ့ တိုက်မလွှတ်ခင် မြန်မြန်ထွက်သွားကြ..."

နီရိုလည်း သူ့မယ်တော်၏ ဒေါသကို ရယ်ရယ်မောမောနှင့် ခံယူရာက သူ့အဖော်တွေကိုခေါ်ကာ အင်္ဂရီပီနာ၏ စံအိမ်ကြီးထဲမှ ကပျာကယာ ထွက်ခွာခဲ့ရတော့၏။

၎င်းတို့နောက်က လိုက်သွားဖို့ဟန်ပြင်နေသော ဖော်လ်ဂျန်ကိုမူ အင်္ဂရီပီနာက တီးတိုးမှာကြားလိုက်လေသည်။

"သူတို့နဲ့လိုက်သွား.. ဒါပေမဲ့ နောက်တစ်ခေါက် ဒီကို ပြန်လာခဲ့ဦး.."

ဖော်လ်ဂျန်က ခေါင်းညိတ်ကာ အဖော်တွေနောက်ကို ကပျာကယာကြီး လိုက်ခဲ့လေ၏။

သူတို့လူစုက ဝင်းခြံထဲသို့ရောက်လာလျှင် အခဲမကျေသေးသော တီဂျဲလိနပ်စ်က ဖော်လ်ဂျန်အား ရန်ရှာလာပြန်လေတော့သည်။



"ဒီလက်ရုံးဇာနည်ကို စီရင်မှပဲ ဆီဇာ.."

"ဘယ်လိုစီရင်မှာလဲကွယ့်.."

"ကျွန်ုပ်လက်ထဲကိုသာ လွှဲအပ်ပေးလိုက်ပါ ဆီဇာ..ကျွန်ုပ် ကြည့်စီစဉ်ပါ့မယ်.."

နီရိုကမူ ဝါးခနဲ တစ်ချက်သမ်းဝေလိုက်ရာက တီဂျဲလိနပ်စ်အား စိတ်တိုစွာ ပြန်ဖြေလိုက်လေသည်။

"တီဂျဲလိနပ်စ်..ငါဟာ နောက်ထပ်သောက်ရရင်သောက်ရ.. ဒါမှမဟုတ်ရင် အိပ်ရဖို့ပဲ ရှိတော့တယ်..မင်းဆီက ငြူစူမှုတွေကို နောက်ထပ် မကြားရပါစေနဲ့တော့။ မင်းဟာ ငြူစူ ရန်လိုတတ်တဲ့ လူတစ်ယောက်ပါပဲ။ မင်းရဲ့ ဒီအရည်အချင်းက ငါ့အတွက် သဘောကျစရာဖြစ်နေတာမှန်ပေမယ့် မင်းဟာ ဒီအရည်အချင်းကို လိုတာထက် ပိုပြီးအသုံးချနေတော့တာကလား။ တစ်နာရီနှစ်နာရီမက မိုးသောက် ကြက်တွန်တဲ့အထိ သီချင်းတကြော်ကြော်ဆိုနေတဲ့ အဆိုတော်ကြီးလို ဖြစ်နေတော့တာကလား.."

"ဒါပေမဲ့ ဆီဇာကိုယ်တော်မြတ်ကြီးကတော့ တစ်ညလုံးသီဆိုစေကာမူ မညည်းနိုင်စရာ နားဝင်ချိုမှာပဲ"ဟု နီရို၏အကြိုက်ကိုသိသော ဒါရင်က ဝင်၍မြှောက်လိုက်ရာ နီရိုက သဘောကျစွာပြုံးလျက် "မင်းကို ငါကိုယ်တော်မြတ် ကျေးဇူးတင်ပါတယ်ကွာ"ဟု အမိန့်ရှိလိုက်လေ၏။

ထိုအခါ၌ သူတို့မှာ လမ်းပေါ်သို့ ပြန်ရောက်လာကြပြီဖြစ်ရာ နီရို၏ ကျေးဇူးစကားကို နာခံလိုက်ရသော ဒါရင်က သဘောခွေ့အူမြူးစွာနှင့် လမ်းတစ်လျှောက် ကခုန်နေလေတော့သည်။ သေးသွယ်သော ကိုယ်ခန္ဓာကလေးနှင့် ၎င်း ကခုန်နေပုံကို ဖော်လ်ဂျန်က သဘောကျစွာ ကြည့်နေလိုက်မိလေသည်။ ထိုစဉ်မှာပင် ဒါရင်က ရုတ်တရက် အကာရုပ်ပစ်လိုက်ကာ နှုတ်ခမ်းစူလိုက်လေ၏။

"လမ်းခင်းကျောက်ခဲတွေက သိပ်မာတာပဲကိုး.. ကျွန်တော် ခြေထောက်နာသွားပြီ.."

"အဲဒါမာရီယို ပေါလစ်ရဲ့အပြစ်ပေါ့"ဟု တီဂျဲလိနပ်စ်က ကြားဝင်တွန်းလိုက်ပြန်သည်။ "လမ်းခင်းဖို့ ကန်ထရိုက်ကို သူရထားခဲ့တာပဲ။ ဒါပေမဲ့ အညံ့စားပစ္စည်းတွေနဲ့သာလုပ်ပြီး ပိုနေတဲ့ငွေတွေကို သူ့အိတ်ထဲထည့်လိုက်တာပဲပေါ့။ ဒီလိုလူမျိုးဟာ သေဒဏ်နဲ့ထိုက်တန်ပါတယ်"

"ဟုတ်တယ်။ ဖြည်းဖြည်းချင်း ဝေဒနာခံစားရပြီးမှ သေခြင်းမျိုးနဲ့ ထိုက်တန်ပါတယ်"ဟု ဒါရင်ကလည်း သူ့ခြေဖဝါးကို လက်နှင့်ပွတ်ကာ ဝင်ပြောလိုက်ပြန်သည်။

"မဟုတ်တာတွေပဲကွယ်.. ငါက မင်း ကနေတာကို ကြည့်ပြီး ချီးကျူးနေမိလို့ကွယ့်.."

နီရိုက ပြုံးပြုံးကြီး အမိန့်ရှိလိုက်ပြန်လျှင်ကား ဒါရင်သည် ခြေအနာကိုချက်ချင်းမေ့သွားလေတော့သည်။ သို့ရာတွင် တီဂျဲလိနပ်စ်ကတော့ နောက်ထပ်၍ ပူဆာလိုက်ပြန်သည်။ .

"စကြဝဠာတစ်ခုလုံးရဲ့ အရှင်သခင်ဖြစ်တဲ့ အို..ဆီဇာမင်းမြတ်.. ကျွန်ုပ်ကို လိုလားချက်တစ်ရပ်ကိုပေးသနားဖို့ တောင်းပန်ပါတယ်"

"စကြဝဠာရဲ့ အရှင်သခင် ဟုတ်လား..အေး ဒီဘွဲ့ကို ငါနှစ်ခြိုက်တော်မူတယ်ကွယ့်.."

"ကျွန်ုပ်ရဲ့ လိုလားချက်ကို ဖြည့်စွမ်းတော်မူပါ"

"ဘာများလဲကွယ့်..ဆိုစမ်းပါဦး.."

"လက်ရုံးဓာနည် ဖော်လ်ဂျန်ဟာ ဒီကနေ့ညမှာ ကျွန်ုပ်ကို အရှက်ရအောင် ဆော်ကားလှောင်ပြောင်ခဲ့ပါတယ်။ သူ့ကို ကျွန်ုပ်လက်ထဲအပ်ဖို့ အရှင်မင်းမြတ်က မလိုလားလေတော့ ကျွန်ုပ် မတောင်းဆိုတော့ပါဘူး။ ဒါပေမဲ့ သူက ကျွန်ုပ်ကို အမှတ်ရခြင်းရှိစေရန် သူ့ရင်ဘတ်ပေါ်မှာ ကျွန်ုပ်ရဲ့ နာမည်အတိုကောက်ကို ရေးထွင်းပေးဖို့ကိုတော့ အရှင်မင်းမြတ်က ခွင့်ပြုတော်မူပါတော့ အရှင်မင်းမြတ်...."

"မောင်မင်းက ဒီလိုလုပ်နိုင်ပါ့မလားကွယ့်"ဟု နီရိုက ပွဲကောင်းတစ်ခုကြည့်ရတော့မည်ဟုကျေနပ်သဘောကျမှုဖြင့်မေးလိုက်လေသည်။



"လုပ်နိုင်ကြောင်းပါ ကိုယ်တော်ကြီး..."

"ကဲ ဒီလိုဆိုရင် စမ်းကြည့်ပေါ့လကွာ.."

တီဂျဲလိနပ်စ်က သူ့ဓားမြှောင်ကို ဆွဲထုတ်ကာ ခုန်ဝင်လိုက်လေသည်။ သို့ရာတွင် ဖော်လ်ဂျန်က အချိန်မီ ဘေးသို့ ခုန်ရှောင်လိုက်နိုင်လေ၏။ မြင်းမွေးသမားသည် နောက်တစ်ကြိမ် ခုန်ဝင်လာပြန်သည်၌ ဖော်လ်ဂျန်က ၎င်းအား ဦးခေါင်းနှင့်ပြေးတိုက်လိုက်ရာ ဝမ်းဗိုက်တွင် ဆောင့်မိပြီး လဲကျသွားလေတော့၏။

နီရိုက သဘောကျစွာရယ်မောလိုက်ရာ တီဂျဲလိနပ်စ်သည် ရှက်ဒေါသနှင့်ထလာပြီး ဖော်လ်ဂျန်အား အသေသတ်တော့မည့် အမူအရာနှင့် ဓားမြှောင်ကို ဝင့်လိုက်ပြန်လေသည်။ ဖော်လ်ဂျန်က ၎င်း၏ဆီးစပ်သို့ ခြေနှင့်ကန်လိုက်ရာ မြင်းမွေးသမားမှာ လိမ့်နေပြန်တော့သည်။ သည်တစ်ခါတွင်တော့ ဒါရင်ကပါ ဝင်၍ သြဘာပေးလိုက်လေသည်။

"လက်ရုံးဓာနည်က မောင်မင်းကို အားစတိုင်းဖြစ်အောင် လုပ်ပစ်လိုက်ပြီလား"နီရိုက သဘောကျစွာ ပေါင်ကိုပုတ်၍ရယ်မောရင်း ပြောလိုက်လေသည်။ "အားစတိုင်းလိုတော့ ဖြစ်မသွားနဲ့ငါ့လူရယ်၊ သင်းကွပ်ဆိုတာဟာ တကယ်တော့ ငြီးငွေ့စရာကောင်းလှတဲ့ သဏ္ဌာဝါပါပဲ"

တီဂျဲလိနပ်စ်က ထိခိုက်နာကျင်သွားရသော်လည်း အရှုံးမပေးသေးဘဲ၊ ဖြည်းညင်းစွာ ပြန်ထလာနေလေသည်။ ဖော်လ်ဂျန်က သူ့အား တစ်ချက်လှည့်ကြည့်လိုက်ပြီးနောက် နီရိုထံတွင် လျှောက်ထားလိုက်လေသည်။

"ဒီအတိုင်းဆိုရင် ကျွန်တော်မျိုးတို့ တစ်ယောက်ယောက် သေရပါလိမ့်မယ် အရှင်မင်းမြတ်။ ကျွန်တော်မျိုးကို သွားခွင့်ပြုပါတော့.."

"မင်းသွားချင်သပဆိုရင် သွားပေတော့..မင်းဟာ ငါကိုယ်တော်မြတ် ရယ်ရွှင်ရအောင် စွမ်းဆောင်နိုင်ခဲ့ပါပေတယ် လက်ရုံးဓာနည်.. ဒီကမ္ဘာလောကမှာ ရယ်ရွှင်ရခြင်းဟာဖြင့် အတော်ရှားပါးပြီး အဖိုးထိုက်တန်လှတာကလား..."

ဖော်လ်ဂျန်က ဦးညွှတ် အရိုအသေပြုလိုက်ပြီးနောက် ကပျာကယာ ထွက်လာခဲ့လေတော့သည်။ အင်္ဂရီပီနာထံသို့ နောက်တစ်ကြိမ် အခစားဝင်ရဖို့ကို သူက အလိုမရှိပေ။ မိစ္ဆာနတ်ဆိုးများနှင့် ထမင်းလက်ဆုံ စားသူသည် ရှည်လျားသောဇွန်းကြီးရှိဖို့ လိုအပ်သည်ဟူသော စကားပုံရှိနေရာ၊ ဖော်လ်ဂျန်ဆီတွင်တော့ ဇွန်းရှည်ကြီးက ရှိရသည် မဟုတ်ပေ။

( ၃ )

နောက်တစ်နေ့တွင်တော့ အင်္ဂရီပီနာထံမှ စာတစ်စောင် သူ့ထံ ရောက်ရှိလာလေသည်။ ဖော်လ်ဂျန်အတွက်ကား သူများထံမှ ယခုလို စာရခြင်းမှာ ထူးခြားသော အတွေ့အကြုံတစ်ရပ် ဖြစ်နေရသည်။ ထိုစာကို စေတမန်တစ်ယောက်က ယူဆောင်လာပြီး ဖော်လ်ဂျန်၏ လက်တွင်းသို့ ဆိုက်ဆိုက်မြိုက်မြိုက် ထည့်သွားခဲ့ခြင်းဖြစ်လေသည်။

ထိုစာတွင်ပါသော အက္ခရာများအနက် မိမိ၏နာမည်နှင့် နေ့စွဲကိုသာ ဖော်လ်ဂျန်က ဖတ်ကြည့်နိုင်လေသည်။ ကျန်သည့်အက္ခရာများကိုတော့ ဖော်လ်ဂျန်က ဘယ်လိုမှ အဓိပ္ပာယ်မဖေါက်နိုင်ဘဲရှိနေရာ သူ၏တပည့်အဖြစ်ကို ခံယူထားသော ဘက်ဆီဒပ်စ်ကို သူ့အခန်းထဲသို့ ခေါ်ယူလျက် တံခါးကိုအလုံပိတ်ကာ ဖတ်ပြခိုင်းရလေသည်။

ဘက်ဆီဒပ်စ်က စာကိုကြည့်ပြီးနောက် ဘယ်လိုမှ လက်မှတ်ရေးထိုးထားခြင်းမရှိကြောင်းဟု ပြောပြလိုက်လေသည်။

"ဒီစာက မေတ္တာစာနဲ့ တူပါရဲ့ခင်ဗျာ.."

"စာကိုဖတ်စမ်းပါလေ.."

"သူ မှာတဲ့အတိုင်း ခင်ဗျားက ပြန်မလာခဲ့ဘူးတဲ့..ခင်ဗျားတတ်နိုင်သလောက် အထဲမှာပဲနေပါတဲ့။ စစ်စလီပြည်သားကြီးကို သတိထားနေပါတဲ့။ အကြံအစည်နဲ့ ပတ်သက်ပြီးတော့ ခင်ဗျားရေချိုးဌာနမှာ တွေ့ခဲ့ရတဲ့ လူကတစ်ဆင့် အသိပေးပါဦးမယ်တဲ့။ ဒီလူကို လုံးဝယုံ



ကြည်စိတ်ချပါတဲ့။ ရှေ့မှာဖြစ်လာရမယ့် အဖြစ်တွေအတွက် အံ့သြခြင်းလည်း မဖြစ်နဲ့၊ သံသယလည်း မရှိပါနဲ့တဲ့"

ဘက်ဆီဒပ်စ်က စာကိုဖတ်ပြလိုက်ပြီးသည့် နောက်တွင် ပြုံးဖြဲဖြဲကြီး လုပ်လိုက်လေသည်။

"ခင်ဗျားဟာ တော်တော်ကံကောင်းတဲ့ လူတစ်ယောက်ပါပဲ"

"ဘာပြုလို့လဲကွာ.."

"ဒီစာဟာ အမျိုးသမီးတစ်ယောက်ဆီက လာတာဖြစ်ပြီး ဒီအမျိုးသမီးဟာ ခင်ဗျားအတွက် ပူပင်ကြောင့်ကြနေရှာတယ်မဟုတ်လား"

"ကျွန်တော်ကတော့ ခင်ဗျားနဲ့ နေရာချင်းသာ လဲလိုက်ချင်ပါရဲ့ဗျာ"

"ငါ့ကို သိပ်လည်း အားကျမနေနဲ့ဦး"ဟု ဖော်လ်ဂျန်က စာကို အစိတ်စိတ်အမွှာမွှာ ဆုတ်ဖြဲပစ်လိုက်ရာက ပြန်ဖြေလိုက်လေသည်။

"တကယ်တော့ မင်းဟာ ညညမှာ ငါ့ထက်ပိုအိပ်ပျော်ရတယ် မဟုတ်လား..."

"ခင်ဗျားက ဘာပြုလို့အိပ်မပျော်ရမှာလဲ..ပြီးတော့ ဗော်တီနက်လည်း ဒီလိုပါပဲလေ.."

"ဗော်တီနက်က ဘာပြုလို့လဲ..."

"သူ တစ်ခုခုတော့ ဖြစ်နေတာပဲ။ ဒီကောင်က ကျွန်တော်နဲ့အခန်းချင်း ကပ်နေလေတော့ ညကဆိုရင် သူ လူးလိမ့်နေတာနဲ့ ကျွန်တော်တောင် အိပ်လို့မရတော့ဘူး။ ဒီမနက်ကျတော့ သူဟာ ဖြူဖပ်ဖြူရော်ကြီးဖြစ်နေပြီး ဘယ်သူ့ကိုမှလည်း စကားမပြောဘူးဗျ။ ဒီလူ မကောင်းဆိုးဝါးတွေ ပူးနေပြီလို့ ကျွန်တော်တော့ ထင်မိတာပဲ..."

❋

## အခန်းတစ်ဆယ့်တစ်

( ၁ )

သည်နေ့တွင်ကား ဖော်တိနက်မှာ ခါတိုင်းတုန်းကလို ထိပ်တုံးခတ် ဒဏ်ပေးခြင်းမခံရတော့ဘဲ အခြားလက်ရုံးဓာနည်များနည်းတူပင် လေ့ကျင့်ခန်းတွေကို စိတ်ပါလက်ပါကြီး ပြုလုပ်နေလေ၏။ ဖော်လ်ဂျန်မှာတော့ ၎င်း အသွင်ထူးခြားလာချက်ကို အံ့ဩမိသည်နှင့်အမျှ ၎င်းအတွက်လည်း ဝမ်းသာအားရ ဖြစ်မိလေသည်။

သူသည် ဖော်တိနက်က လေးလံသော သံလုံးကြီးများကို လွယ်လွယ်ကူကူ မ,နေသည့် နေရာသို့ အားရစွာပြုံးရင်း လျှောက်သွားမိလေသည်။

"ခင်ဗျားကို တစ်စုံတစ်ရာက ဝင်ပူးနေပြီလို့ အခုပဲ ကျွန်တော်တို့ ပြောလိုက်ကြတယ်.."

ဖော်လ်ဂျန်က အားရစွာပြောလိုက်သည်တွင် ဖော်တိနက်မှာ အလေးများကို မနေရာမှ ဇတ်ခနဲ ပြန်ချလိုက်ပြီး မျက်လုံးများဝေ့လျက် ကြည့်လိုက်လေသည်။



"ဒါပေမဲ့ ခင်ဗျား ဝင်ပူးနေတဲ့ တစ်စုံတစ်ရာဟာ မကောင်းဆိုးဝါးတော့ ဘယ်နည်းနဲ့မှ မဟုတ်နိုင်ပါဘူး။ ခင်ဗျားဟာ အခု လမ်းမှန်ကို ရောက်နေပါပြီ။ စိတ်ကောက်မနေနဲ့တော့။ ကွာတီလာကို အာခံမနေနဲ့တော့။ ခင်ဗျားတာဝန်တွေကို ကျေကျေပွန်ပွန်လုပ်ပြီး ခင်ဗျားရဲ့ ခွန်အားဗလကို အရီနာတိုက်ပွဲထဲမှာ ရန်သူကို အနိုင်ယူရဖို့ဆိုတဲ့ စိတ်ဓာတ်တစ်ခုတည်းနဲ့သာ အသုံးချပေတော့"

"တိတ်တိတ်နေစမ်းဗျာ"

ဖော်တိနပ်စ်သည် ထူးခြားစွာ တုန်ယင်လာရာက ဖော်လ်ဂျန်ကို ခပ်ဆတ်ဆတ် ပြန်ပြောလိုက်လေသည်။

"ခင်ဗျားကို ကျုပ်က အကြံကောင်းပေးနေတာပါလေ။ ဒါကို ခင်ဗျားလည်း သိပါတယ်။ ခင်ဗျားဟာ အဲ့(လ်ပ်)စ်တောင်တန်းတွေရဲ့ ဟိုဘက်က ခင်ဗျားရဲ့ နေရပ်ဇာတိ သစ်တောကြီးဆီကို ပြန်သွားချင်တယ်မဟုတ်လား။ အေး..အဲသလိုဖြစ်နိုင်တဲ့နည်းက တစ်ခုပဲရှိတယ်။ လက်ရုံးဓာနည်တွေကို ချုပ်ကိုင်ထားတဲ့ စည်းကမ်းဥပဒေတွေနဲ့ ညီညွတ်အောင်နေပြီး အရီနာတိုက်ပွဲတွေမှာ များများကြီးအနိုင်ရအောင် ကြိုးစားပေတော့။ ဒီလိုဆိုရင် ခင်ဗျားဟာ ခင်ဗျားရဲ့ လွတ်မြောက်ရေးကို ဝယ်ယူနိုင်မှာပဲ။ ဒီလိုလုပ်ခဲ့ကြတာလည်း ရှိနေတာပဲ"

ဖော်တိနက်ကတော့ ဖော်လ်ဂျန်နှင့် မျက်နှာချင်းဆိုင်၍ မကြည့်ခဲ့။ ရှေ့တည့်တည့်ကိုသာ စူးစိုက်ကြည့်ရှုနေလေ၏။

"ကျုပ် အမှန်အတိုင်းပြောနေတာပါ..."ဟု ဖော်လ်ဂျန်ကတော့ ဆက်လိုက်ပြန်၏။ "လက်ရုံးဓာနည်တစ်ယောက်ဟာ အရီနာတိုက်ပွဲကွင်းထဲမှာ အောင်မြင်မှုတွေကိုရပြီး သတ်မှတ်ထားတဲ့ အကြိမ်အခါအတိုင်း အနိုင်ရလာတဲ့အခါမှာ ကျောင်းအုပ်ကြီးက သူ့ရဲ့ လွတ်မြောက်မှုအတွက် တန်ဖိုးငွေ ဆုံးဖြတ်ပေးရတယ်။ ဒီတန်ဖိုးငွေအတိုင်း လက်ရုံးဓာနည်က လျော်ပေးနိုင်ရင် သူဟာ လွတ်လပ်တဲ့ လူတစ်ယောက်အနေနဲ့ ထွက်သွားနိုင်တော့တာပဲ။ ခင်ဗျားဟာ ဒီတန်ဖိုးငွေ

လောက်ကို ရှာနိုင်ပါတယ်။ အောင်မြင်မှုရရှိတဲ့ လက်ရုံးဇာနည်တွေဟာ သူ့ကိုသဘောကျတဲ့ လူတွေဆီက လက်ဆောင်ပဏ္ဏာတွေ ရတတ်ပါတယ်။ အထူးသဖြင့် ကျော်ကြားနေတဲ့ ပြိုင်ဘက်တွေကို အနိုင်ယူလာနိုင်ရင် ပိုရလာတတ်တာပါပဲ။ ကျုပ်လောင်းရဲပါတယ်လေ.."

ဖော်လ်ဂျန်က အံ့သြစွာနှင့် စကားကို ရပ်ထားလိုက်ရလေသည်။ အကြောင်းမှု ဇော်တိနက်မှာ ကလေးငယ်တစ်ယောက်လိုပင် အသံထွက်အောင် ငိုချလိုက်ခြင်းကြောင့် ဖြစ်လေသည်။

ဖော်လ်ဂျန်က "ဘာဖြစ်တာလဲ"ဟု မေးသည်ကို ဇော်တိနက်က ပြန်မဖြေတော့ဘဲ ကပျာကယာသာ ရောင်ထွက်သွားလေတော့သည်။

အံ့အားသင့်၍ ကျန်နေရစ်ခဲ့သော ဖော်လ်ဂျန်အား ဟားလ်နှင့် တပ်စ်ဆိုသော လက်ရုံးဇာနည်နှစ်ယောက်က ပြုံးစိစိမျက်နှာထားနှင့် လာရောက်လျောင်နေကြပြန်လေသည်။ နောက်ဆုံးတွင် ၎င်းတို့ထံမှ ဇော်တိနက်အမူအရာ ထူးခြားနေခြင်းနှင့်ပတ်သက်၍ ဖော်လ်ဂျန်က အရိပ်အမြွက် သိရှိခဲ့ရလေသည်။ မနေ့ညက ဖော်လ်ဂျန် အပြင်ထွက်လည်နေချိန်တွင် သူ၏ရန်သူတော် ဆင်နစ္စတာက ကျောင်းသို့ရောက်လာကာ လေ့ကျင့်ရေးဆရာ ကွာတီလာနှင့်အတော်ကြာအောင် ဆွေးနွေးတိုင်ပင်ခဲ့ပြီး ဇော်တိနက်ကိုခေါ်ကာ သုံးယောက်သား တတွတ်တွတ်ပြောဆိုခဲ့ကြပြန်ကြောင်းကို ဟားလ်က ပြောပြလိုက်လေသည်။ ဆင်နစ္စတာက ကျောင်းမှထွက်ခွာသွားသည်တွင် ကွာတီလာကိုသာမက ဇော်တိနက်ကိုပါ လက်ဆွဲနှုတ်ဆက်သွားကြောင်း၊ သည်နေ့မနက်တွင်တော့ ဇော်တိနပ်စ်မှာ ဖော်လ်ဂျန် မြင်တွေ့ရသည့်အတိုင်း လေ့ကျင့်ခန်းတွေကို စိတ်အားထက်သန်စွာ ပြုလုပ်နေကြောင်းစသည်တို့ကို ဖော်လ်ဂျန်က သိခဲ့ရလေသည်။

"ဒါကိုကြည့်ခြင်းအားဖြင့် ဆင်နစ္စတာတစ်ယောက်က ဘာအောရီးယန်း အရိုင်းကောင်ကို သူ့တပည့်လုပ်ပြီး မင်းနဲ့တိုက်ပေးဖို့ကြံစည်နေတာပဲဆိုတာ ထင်ရှားနေတယ် မဟုတ်လား.."ဟု တပ်စ်ကပ်စ်ကလည်း



ဝင်ပြောလိုက်လေသည်။ ဖော်လ်ဂျန်ကမူ ၎င်းတို့စကားများကို လက်မခံနိုင်ဘဲရှိလေသည်။

"ဇော်တိနက်ဟာ လူဖြောင့်တစ်ယောက်ပါဗျာ။ ခင်ဗျားတို့ပြောသလို ဆင်နစ္စတာလို လူဆိုးကြီးမျိုးနဲ့ ဘယ်လိုမှစပ်ယှက်မှာ မဟုတ်ပါဘူး"

"မင်းက အတတ်ပြောနိုင်သလား။ မြေခွေးတိုင်းဟာ သူ့အမြီးကိုတော့ ပြန်ကြည့်တတ်ပါတယ်ကွာ..."

"ဒီလိုဆိုရင် ခင်ဗျားတို့အမြီးတွေကိုသာ ပြန်ကြည့်ကြပါလေ၊ ခင်ဗျားတို့က ကျုပ်ကို ရေမြှုပ်ကို နွားနို့လုပ်ရောင်းလို့ရမလား။ ဆင်နစ္စတာနဲ့ကျုပ်ဟာ ရန်သူတွေဖြစ်နေကြတာကို ကျုပ်ဝန်ခံပါတယ်။ဒါပေမဲ့ သူ ဒီကိုလာပြီး ဇော်တိနက်နဲ့ စကားပြောခဲ့တာဘာဖြစ်သလဲ။ အဂ္ဂဒီပီနှာက ကျုပ်ကို မြှောက်စားအားပေးသလို သူကလည်းဇော်တိနက်ကို ဒီလိုပဲ မြှောက်စားအားပေးဖို့ လာခဲ့တာသာ ဖြစ်မှာပဲ။ ဆင်နစ္စတာက ဇော်တိနက်ကို ယခုလိုလာအားပေးတာကိုပဲ ကျုပ်ဝမ်းသာမိပါတယ်။ အခုဆိုရင် ဇော်တိနက်အတွက် ရည်မှန်းချက်တစ်ခုထားပြီး ကြိုးစားရဖို့ အကြောင်းရှိလာရတော့တာပေါ့.."

"အေး..ဇော်တိနက်မှာ ကြိုးစားရဖို့အကြောင်းရှိနေတာကတော့ အမှန်ပါပဲ"ဟု ဟားလ်က ခပ်လျှောင်လျှောင်စကား ထေ့ပြောလိုက်ရာ တပ်စ်ကပ်စ်ကလည်း ဝင်၍စွက်လိုက်လေသည်။

"မင်းပြောတာ တကယ့်ကိုမှန်တာပဲဟေ့.."

ဖော်လ်ဂျန်မှာ ၎င်းတို့နှစ်ယောက်အား ဘယ်လိုပင် ပြန်လှန်ချေပခဲ့စေကာမူ သူ့စိတ်ထဲတွင်တော့ သံသယများက ဝင်ရောက် ခိုကပ်လာနေကြပြီဖြစ်လေသည်။ ဇော်တိနပ်စ်အမူအရာတွေက တစ်မျိုးထူးခြားနေသည်မှာလည်း အမှန်ပင်ဖြစ်လေတော့သည်။ ၎င်းသည် ကွာတီလာက အင်မတန်မှ သဘောခွေ့နေအောင်ပင် ကြိုးစားပန်းစားကြီး လေ့ကျင့်လျက် ရှိနေလေသည်။ သို့ရာတွင် ဖော်လ်ဂျန်ကတော့လည်း

ထူးထူးခြားခြား ရှောင်ရှားနေလေ၏။ ဖော်လ်ဂျန့်စိတ်ထဲက မသိုးမသန့်ကြီး ဖြစ်နေတော့ရာ တစ်နေ့တွင်တော့ ထိုကိစ္စကို အတိအကျ သိလာရလေတော့သည်။

( ၂ )

ကျောင်း၏လေ့ကျင့်ရေးကွက်လပ်၌ လက်ရုံးဓာနည်းများကိုအတွဲလိုက် နပန်းသတ်စေသည့် အခါ၌ဖြစ်လေသည်။ ခါးတောင်းကျိုက်တစ်ခုကိုသာ ဝတ်ဆင်ပြီး လက်နက်မပါ ခွန်အားဗလသက်သက်နှင့် ပါးနပ်လျင်မြန်မှုကိုသာ အားထားရသည့် အစွမ်းပြိုင်ပွဲကြီးတစ်ရပ်ဖြစ်လေရာ ခွန်အားဗလအကြီးမားဆုံး ဗော်တီနက်က သူနှင့် ယှဉ်ပြိုင်ရသူတိုင်းအား အနိုင်ယူခဲ့လေတော့၏။

နောက်ဆုံးတော့ ဖော်လ်ဂျန်နှင့် နပန်းလုံးကြရန် ကွာတီလာက အမိန့်ပေးလိုက်လေတော့၏။ ဗော်တီနက်မှာ ဤအခါတော့ စိတ်ပါခြင်းမရှိတော့ဘဲ ကွာတီလာကို ကြောက်ရွံ့သောအမူအရာနှင့်သာ လှမ်းကြည့်လိုက်လေသည်။ သို့ရာတွင် ကွာတီလာက ထပ်မံအမိန့်ပေးလိုက်ပြန်သည့်အခါတွင်ကား သူတို့နှစ်ယောက်က စတင်၍ လုံးကြပြန်တော့သည်။ သူတို့နှစ်ယောက်၏ ခွန်အားဗလပြိုင်ပွဲကို ကွက်လပ်ထဲတွင် ရှိနေသော လူတိုင်းက စုပြုံလာရောက်ကြည့်ရှုကြသည်ကို ဖော်လ်ဂျန်က သတိထားမိလိုက်လေသည်။ ဗော်တီနက်ကလည်း သူ့အား မထင်မှတ်မိသော ရန်မူချက်ဖြင့် အားစိုက်လုံးသတ်နေသည်ကို သတိထားမိပြန်ကာ ဖော်လ်ဂျန်မှာ အလိုလိုနေရင်းက စိတ်လေးလာမိလေတော့သည်။

သူတို့နှစ်ယောက်သည် ခွန်အားဗလကို အစွမ်းကုန် ထုတ်ပြ၍ သတ်ပုတ်လုံးထွေးကြပါသော်လည်း ဘယ်သူကမှ အနိုင်မယူနိုင်ဘဲရှိနေရလေသည်။



"မင်းတို့နှစ်ယောက်ကတော့ ဘက်ညီနေတော့တာပဲကိုး" ဟု နောက်ဆုံးတွင် ကွာတီလာက သဘောကျစွာ ပြောလိုက်လေ၏။ "ကဲ.. ကဲ..တော်ပါပြီ၊ မင်းတို့ ချွေးတွေသံတွေကို ကျကျနန သုတ်ပစ်ချေကြတော့"

ဖော်လ်ဂျန်သည် ဗော်တီနက်နှင့်အတူ ကိုယ်လက်သုတ်သင်နေကြစဉ်၌ မနေနိုင်တော့ဘဲ သူ့စိတ်ထဲ သံသယဖြစ်နေသည်ကို ထုတ်ဖော်မေးလိုက်ရလေတော့သည်။

"ခင်ဗျားအကြောင်း ကျုပ်ကြားနေတာက ဘယ်လိုလဲဗျ.."

"ခင်ဗျားက ဘာကြားထားရတယ်ဆိုတာ ကျုပ်မသိပါဘူး.."

ဗော်တီနက်က ဇဝေဇဝါ ပြောကြောင်ပတ်လုပ်နေရာ ဖော်လ်ဂျန်က အတိအကျ ထုတ်ဖော်စွပ်စွဲလိုက်လေတော့သည်။

"ဆင်နစ္စတာက ခင်ဗျားကို သွေးဆောင်ခဲ့တာ အမှန်ပဲပေါ့။ ခင်ဗျားဟာ ဒီလူရဲ့အမိပ္ပာယ်မရှိတဲ့ အကြံအစည်ထဲမှာ ညွှတ်ကွင်း အမိခံနေရပါပြီ.."

"ဘာလို့ အဓိပ္ပာယ်မရှိရမှာလဲ..အဓိပ္ပာယ်ရှိပါတယ်..."

"ကဲပါလေ၊ ဘယ်လိုဆိုတာ အကုန်ဖွင့်ပြောစမ်းပါ။ နို့မဟုတ်ရင် ကျုပ် ခင်ဗျားကို ဒီထက်ဆိုးတာတွေ ထင်နေမိရတော့မယ်"

ဖော်လ်ဂျန်က မချင့်မရဲပြောလိုက်တော့မှ ဗော်တီနက်သည် သူ့အားမကြည့်ဘဲ ဖြည်းလေးစွာ ထုတ်ဖော်ပြောလိုက်လေတော့သည်။

"ကျုပ်ဟာ ဆင်နစ္စတာနဲ့ စကားပြောခဲ့ရပါတယ်။ ကျုပ်အကြောင်းနဲ့ ကျုပ်နေရပ်ဇာတိကို အင်မတန်ပြန်ချင်တဲ့ ကျုပ်ဆန္ဒနဲ့ ပတ်သက်လို့ ကျုပ်နဲ့သူပြောခဲ့ကြပါတယ်။ ဒီတော့သူက ကျုပ်ဟာ တခြားလက်ရုံးဓာနည်တွေကို အရီနာတိုက်ပွဲတွေမှာ အနိုင်ရခဲ့လို့ရှိရင် ကျုပ်လွတ်မြောက်မှုကို ဝယ်ယူပေးမယ်လို့ ကတိပြုခဲ့ပါတော့တယ်.."

"ကျုပ် နားလည်ပါတယ်။ သူက ခင်ဗျားကို လက်သပ်မွေးမှာပေါ့လေ။ ပြီးတော့ အရီနာတိုက်ပွဲတွေမှာ ခင်ဗျားဘက်ကနေ လောင်းကစား

ပြီး နိုင်တဲ့ငွေတွေထဲက ခင်ဗျားရဲ့ လွတ်မြောက်မှုကို ဝယ်ယူပေးမှာပါ.. ဒီလိုလုပ်နေကျပဲ..ဒါက ဘာဆန်းလို့လဲ..”

“ဆင်နစ္စတာနဲ့ကျုပ် သဘောတူညီချက်လုပ်ထားတာမှာ ကျုပ်က ပြိုင်ဘက် လက်ရုံးဇာနည်တွေအပေါ်မှာ အနိုင်ယူ သုတ်သင်ရပြီး အထူးသဖြင့် ခင်ဗျားကို သုတ်သင်နိုင်ဖို့ ကြိုးစားရမယ်ဆိုတာက ပါနေတယ်”

ဖော်လ်ဂျန်ကား ရုတ်တရက်စကားမပြောနိုင်အောင်ပင် စိတ်ထိခိုက်သွားမိလေသည်။ ပြီးမှ..

“ခင်ဗျားက ဘာပြုလို့ ဒီစည်းကမ်းမျိုးကို သဘောတူညီခဲ့ရတာလဲ.. ခင်ဗျားနဲ့ကျုပ်ဟာ မိတ်ဆွေတွေပဲမဟုတ်လား..”

“မိတ်ဆွေတွေထက် ကျုပ်နေရပ်ဇာတိကိုပြန်သွားနိုင်တဲ့ ကျုပ်ရဲ့ လွတ်မြောက်ရေးက ကျုပ်အတွက်ပိုပြီး အချိန်စီးနေရပါတယ်..”

“သြ..ဒီလိုလား..”

“ပြီးတော့လည်း ခင်ဗျားနဲ့ကျုပ်ဟာ မိတ်ဆွေစစ်တွေမဟုတ်ဘူးလေ..အသိလို့သာ ခေါ်နိုင်တာပဲ..”

“ကောင်းပြီလေ..ခင်ဗျားကဒီလိုသဘောထားရင်လည်း ဒီအတိုင်းပဲ ရှိဆေတော့ပေါ့”ဟု ဖော်လ်ဂျန်က ခံပြင်းလှစွာပြောကာ အခန်းတံခါးကို ဆွဲဖွင့်လိုက်လေသည်။ သည်လိုစကားမျိုး ပြောရက်သော လူထံပါးမှ သူက အမြန်ဆုံးထွက်ခွာသွားလိုပေ၏။

“ကျုပ်ဟာ တခြားဘယ်သူ့ကိုမှ မိတ်ဆွေဖြစ်ဖို့ကိုမပြောဖူးပါဘူး။ နောင်ကိုလည်း ကျုပ်ပြောမိရင်ဖြင့် ကျုပ်ကို ဘီလူးသရဲတွေ စားကြပါစေတော့..”

ဖော်လ်ဂျန်မှာ ဖြစ်ချင်သည့်အတိုင်း ဖြစ်လာပါစေတော့ရယ်ဟု ကြိုးစား၍ စိတ်ကိုဖြေသော်လည်း မရဘဲရှိနေရလေသည်။ သူ့အပေါ် ဤကဲ့သို့ ဆင်နစ္စတာက တစ်ပတ်ရိုက်လှည့်စားခြင်းမျိုးကို သူ့စိတ်ဓာတ်က အင်မတန်မှ ခံပြင်းနေမိလေသည်။



ထို့ကြောင့် သူသည် လေ့ကျင့်ရေးဆရာ ကွာတီလာထံသွားကာ ...ရေးဆိုပြန်၏။

“မင်းနဲ့ဖော်တိနက်ဟာ အရီနာတိုက်ပွဲထဲမှာ ယှဉ်ပြိုင်ကစားရလိမ့်...ယ်။ တကယ်လို့ ဖော်တိနက်ကနိုင်ခဲ့ရင် သူ့ကို ဆင်နစ္စတာက အခု...ဝကလွတ်မြောက်ဖို့ ဆောင်ရွက်ပေးလိမ့်မယ်။ မင်းတို့နှစ်ယောက်...ာ တကယ်တော့ အင်မတန် ဘက်ညီနေတော့ မင်းတို့နှစ်ယောက်...ိုက်ကြရင် အင်မတန်ကြည့်ကောင်းမယ့် ပွဲတစ်ခုပဲကွ..”

“ကျွန်တော် ဖော်တိနက်နဲ့ မတိုက်ချင်ပါဘူး..”

“ဘာလဲ ကြောက်လို့လားကွ..”

“မဟုတ်ပါဘူး။ သူ့ကို ကျွန်တော်ခင်လို့ပါ..”

ဤတွင် ကွာတီလာက ရယ်မောလိုက်သည်။

“အခုဟာက အလုပ်ပါကွ..ကိုယ်သဘောကျသလို နေရတာမ...ဟုတ်တာ..ကိုယ်ရေးကိုယ်တာကိစ္စတွေကို ဘယ်ခွင့်ပြုနိုင်ပါ့မလဲ”

“သူဟာ ကျွန်တော့်မိတ်ဆွေဖြစ်ပါတယ်။ သူနဲ့ကျွန်တော်ယှဉ်ပြိုင်...း မတိုက်နိုင်ဘူး..”

“မင်းကိုညွှန်ကြားတဲ့အတိုင်း ဘယ်အချိန် ဘယ်နေရာ ဘယ်သူ့...ိုဖြစ်ဖြစ် တိုက်ပါ့မယ်လို့ မင်းကျမ်းကျိန်သစ္စာဆိုထားရတာကိုလည်း ...မေ့နဲ့ဦးလေ..”

“ဒါကို ကျွန်တော် နားလည်ပါတယ်လေ၊ ဒါပေမဲ့ ဒီကိစ္စကိုငွေ...ပြင်ယူလို့ကော မရနိုင်ဘူးလား..”

“ငွေဆိုတာအင်မတန် စိတ်ဝင်စားစရာကောင်းတဲ့အရာပဲ”

“ကျွန်တော့်မှာ ရွှေစတွေ ရှိပါတယ်။ ဒီအစီစဉ်ကို ဖျက်ပေးဖို့ ...င်ဗျားကို ကျွန်တော် လာဘ်ထိုးလို့မရဘူးလား..”

“မဖြစ်နိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီအစီစဉ်ကိုဖျက်ရတာ...က် ဖြစ်အောင်လုပ်တာက ငါ့အတွက် ပိုအကျိုးရှိနေရလို့ပဲ”

"ဩ..လက်စသတ်တော့ ရန်သူတော်ကြီးဆင်နစ္စတာက ခင်ဗျား ကို ငွေပေးထားတာကိုး"

"ငါ့မှာလည်း ကုန်ကျစရိတ်တွေရဖို့ အရေးတွေက ရှိနေရတာပေါ့ ကွာ"

နောက်ထပ်ပြောလို့လည်း ထူးတော့မည်မဟုတ်သည်ကို သိ ကား၊ ဖော်လ်ဂျန်က အရေးကြီးသည့် မေးခွန်းတစ်ခုကိုသာ မေးလိုက် လေတော့သည်။

"ကျွန်တော်နဲ့သူ ဘယ်တော့တိုက်ရမှာလဲ"

"နွေကျတော့ တစ်ခါခါမှာ ကျင်းပမှာပေါ့ကွာ..အရီနာတိုက်ပွဲ တွေဟာ လှို့ဝှက်ကြံစည်နေကြတဲ့လူတွေအဖို့သာ သက်သက်ရှိနေတာ မှမဟုတ်ဘဲ။ အရီနာတိုက်ပွဲကြီးကျင်းပရဖို့ အစဉ်အလာ ထုံးတမ်း ဥပဒေတွေက ရှိနေရတာကလား။ မင်းရော ဖော်တိနက်ပါ အလားအ လာ ရှိတဲ့ လက်ရုံးဇာနည်တွေ ဖြစ်ကြပေမယ့် မင်းတို့နှစ်ယောက်စလုံး ဟာ တကယ်တော့ လူသစ်တွေသာဖြစ်ကြသေးတာပဲ။ မင်းတို့နှ ယောက်လုံး ဝါရင့်နာမည်ရလာအောင် တခြားလူတွေနဲ့ အရင်တိုက်ခိုက် ရဦးမှာပဲ။ တခြား သီးသန့်လက်ရုံးဇာနည်ကျောင်းက လူတွေနဲ့ပေါ့ ကွာ၊ ကဲ..ကဲ..မင်း သွားပေတော့.."

( ၃ )

ဖော်လ်ဂျန်အား သူ့အရှင်သခင် အဂ္ဂရီပီနာနှင့်ပတ်သက်၍ မြို့ထဲ တွင်ဖြစ်ပေါ်နေသမျှ သတင်းတို့ကို အခြားလက်ရုံးဇာနည်များက တဖွ ပြန်လည်ဖောက်သည်ချနေကြပုံမှာ တစ်မျိုးတော့ဆန်းနေရလေသည်။

နီရို၏အချစ်တော် ပေါ်ပေယာနှင့် တီဂျဲလီနပ်စ်တို့၏ တိုက်တွန်း ပေးမှုနှင့် နီရိုဘုရင်မှာ သူ့မယ်တော်အား ခါတိုင်းလို အရေးမပေးတော့ ဘဲ အတိအလင်း အာခံလျက်ရှိနေလေတော့သည်။ အဂ္ဂရီပီနာကလည်း သားတော်၏ အာခံမှုကို ပြန်လည်တုံ့ပြန်မှုများပြုခဲ့လေရာ နောက်ဆုံး



တွင် နီရိုဘုရင်က မယ်တော်အား ရောမမြို့တော်မှနှင်ထုတ်၍ တောနယ် ဂေဟာတောင်တစ်ခုတွင်သာ သွားရောက်စံပယ်နေရမည်ဟု အမိန့်တော် ထုတ်ဆင့်ခဲ့လေသည်။ နီရို၏အခွင့်မရဘဲ မယ်တော်သည် ရောမမြို့ တော်သို့ ပြန်လာရမည်မဟုတ်တော့ပေ။

နီရိုက မယ်တော်အား ပြန်လာခွင့်ကို ဘယ်လိုမှထုတ်မပေးခဲ့ပေ။ ထိုအတွင်း အဂ္ဂရီပီနာအပေါ် သူ့ပြည်သားတွေ အကြည်ညိုပျက်လာ စေရန် သတင်းဝါဒအမျိုးမျိုး ဖြန့်လွှင့်ခဲ့သည်။ နီရို၏အားပေးချက်ဖြင့် ၎င်း၏ အပေါင်းအဖော်များကလည်း အဂ္ဂရီပီနာအပေါ်တွင် အတိ အလင်း ရန်ပြုစော်ကားမှုများ ပြုလာကြလေ၏။'

"နွားမကြီးလဲသွားတဲ့အခါမှာ လူတိုင်းကဓားသွေးနေကြတော့တာ ပဲကွ..မဟုတ်လားဟင်"ဟု ဟားလ်ကဖော်ဂျန်အား ကလိခဲ့လေသည်။

လူတိုင်းက အာဏာညှိုးမှိန်နေရသော အဂ္ဂရီပီနာနှင့် ပတ်သက်၍ ဖော်လ်ဂျန်အား မထိတထိ ကလိနေကြသော်လည်း ဖော်လ်ဂျန်အတွက် တော့ အနေသာကြီးသာ ဖြစ်နေရလေသည်။ ဖော်လ်ဂျန်အတွက် ည တိုင်း အိပ်မပျော်ဘဲ စိတ်ညစ်နေရသည့် အကြောင်းအရာကား ဘာသား ရီးယန်း လူရိုင်းကြီးဖော်တိနက်နှင့် ပတ်သက်၍သာ ဖြစ်ခဲ့လေသည်။ သူတို့နှစ်ယောက်၏ စပ်ကြားတွင် မမြင်ရသော တံတိုင်းနံရံကြီးတစ်ခု က တားဆီးထားသလိုပင် ရှိနေရလေသည်။

တစ်နေ့တွင်ကား ဖော်တိနက်မှာ အစောင့်အရှောက်မပါဘဲ တစ် ကိုယ်တည်း မြို့ထဲသို့ ထွက်လည်ပတ်ခွင့်ရခဲ့လေသည်။ ဖော်တိနက် က ကျောင်းဝင်းတံခါးမှမထွက်ခင် ဖော်လ်ဂျန်က ၎င်းအားအတင်းတား ဆီးထားကာ စကားအတင်းပြောဆိုခဲ့လေသည်။

ဖော်တိနက် မိမိ၏နေရပ်ဇာတိသို့ ပြန်လိုသည့်ဆန္ဒကို မိမိက လည်းနားလည်ကြောင်း၊ သို့ရာတွင် ထိုဆန္ဒပြည့်စုံစေရန်အတွက် ဖော် တိနက် ပြုလုပ်နေပုံကတော့ လမ်းမှားနေကြောင်းနှင့် ဖော်လ်ဂျန်က နားချဖို့ကြိုးစားလေသည်။

"တခြားနည်းလမ်းကလည်းရှိမှ မရှိတာဘဲ"

"ဟာ...ရှိနေပါတယ်.."

"ဘယ်လိုရှိတာလဲ..ဘယ်လိုလုပ်ရမှာလဲ.."

"ထွက်ပြေးပါလား"

ဖော်လ်ဂျန်က ဖော်တီနက် ထွက်ပြေးလွတ်မြောက်ရန်ကို မိမိက ကူညီစီစဉ်ပေးနိုင်ကြောင်း၊ မိမိတွင်ရှိသမျှရွှေတွေအပြင် အခြားမှလည်း ချေးငှားပေးလိုက်မည်ဖြစ်ကာ ဖော်တီနက်သည် ကျောင်းမှ တိတ်တဆိတ် ထွက်ကာ ရုပ်ဖျက်ပြေးနိုင်ကြောင်းနှင့် စိတ်အားထက်သန်စွာ တိုက်တွန်းလိုက်ပြန်လေသည်။ သို့ရာတွင် ဖော်တီနက်က ခေါင်းခါလျက် မဖြစ်နိုင်ကြောင်းဟု ပြန်ပြောလိုက်လေသည်။သူ၏နေရပ်ဇာတိသို့မရောက်နိုင်မီ ရောမပိုင်နက်ဒေသကြီးကို ဖြတ်ကျော်သွားရမည်ဖြစ်လေရကား၊ မကြာမီပင် ပြန်အဖမ်းခံရလိမ့်မည်ဖြစ်ကာ ထိုသို့ထွက်ပြေးခါမှ တစ်ခါပြန်၍အဖမ်းခံရလျှင် မိမိ၏အခြေအနေမှာ ယခုထက်ပိုမိုဆိုးရွားသွားရလိမ့်မည်ဖြစ်ကြောင်းကို ရှင်းပြလိုက်လေ၏။

"ဒီတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး။ အခုအခြေအနေဟာ ကျုပ် လွတ်မြောက်ရေးအတွက် တစ်ခုတည်းသော အခွင့်အရေးကြီးပဲဗျ။ ဒီအခွင့်အရေးကြီးကိုသာ ကျုပ်အသုံးချရတော့မှာပဲ"

ဤသည်၌ ဖော်လ်ဂျန်က ဒေါသထွက်လာမိတော့သည်။

"ဒါကခင်ဗျားနဲ့ကျုပ် အရီနာတိုက်ပွဲမှာတွေ့ကြရရင် ခင်ဗျားကျုပ်အပေါ်မှာ အနိုင်ရရှိင်ဦးမှကိုး..ခင်ဗျားက ကျုပ်ကိုမသတ်နိုင်ဘဲ ကျုပ်က ခင်ဗျားကို သတ်ချင်သတ်နိုင်မယ် ဆိုတာကိုလည်း တစ်လှည့်စဉ်းစားဦးမှပေါ့.."

ဖော်တီနက်က ဘာမှမပြောတော့ဘဲ ဆင်နစ္စတာထံသွားရောက်တွေ့ဆုံဖို့သာ ထွက်သွားလေတော့၏။



# ( ၄ )

မေလကုန်ခါနီးသို့ ရောက်လာရလေပြီ။ လက်ရုံးဇာနည်ကျောင်းတွင်ကား လှုပ်လှုပ်ရွရွ ဖြစ်နေကြလေသည်။ အရည်အချင်းရှိသော လက်ရုံးဇာနည်တိုင်းတို့က အရီနာတိုက်ပွဲကွင်းကြီးထဲတွင် ဆက်၍ ထွက်တိုက်ခိုက်ရမည့်နေ့သို့ ဆိုက်ရောက်လာခဲ့ရပြီဖြစ်လေ၏။

ဖော်လ်ဂျန်တို့ လက်ရုံးဇာနည်တစ်သိုက်မှာ မိမိတို့အချင်းချင်း မဟုတ်ဘဲ အခြားသီးသန့်ကျောင်းများမှ လက်ရုံးဇာနည်များကို ရင်ဆိုင်ကြရမည် ဖြစ်လေသည်။ ယင်းသို့ တိုက်ခိုက်ကြရမည့် သူများကား ဟားလ်၊ တပ်စ်ကပ်စ်၊ နိုင်ဂျာ၊ ဖော်တီနက်နှင့် ဖော်လ်ဂျန်တို့ပင် ဖြစ်ကြလေသည်။

ဖော်လ်ဂျန်သည် တိုက်ပွဲကွင်းကြီးဆီသို့ ချီတက်ခဲ့ရာတွင် ခြေလှမ်းများ ပေါ့ပါးမြူးကြွနေမိသည်။ ဖော်တီနက်နှင့် ယနေ့တွင် မိမိက ရင်ဆိုင်ရဦးမည်မဟုတ်ခြင်းကြောင့်ပင် ဖြစ်လေသည်။

အခြားမည်သည့် လက်ရုံးဇာနည်တွေနှင့်ပင် တိုက်ခိုက်ရစေကာမူ သူမမှုမိတော့ပေ။ သေခြင်းကို ရင်ဆိုင်ရခြင်းမှာလည်း ယခုဆိုလျှင် သူ့အတွက် ဆန်းမနေရတော့။ ယခင်ကလို သူ့အသက်ကိုသတ်ရမည်ကိုလည်းကောင်း၊ သူများ၏အသက်ကို ခံရမည်ကိုလည်းကောင်း ဘယ်လိုမှ စိုးရွံ့ကြောက်လန့်မှု ရှိမနေတော့ပေ။

ဂျူးကူးလပ်စ်အား သတ်ဖြတ်နိုင်ခဲ့ခြင်းက ဖော်လ်ဂျန်၏ စိတ်နှလုံးကို မာကျောစေခဲ့ပြီဖြစ်လေ၏။ ဂျူးကူးလပ်စ်မှာ သေဖို့ထိုက်သူတစ်ဦး ဖြစ်သည်ဟု သူ့စိတ်ထဲတွင်ယူဆထားမိကာ သူ့ဓိဝိန်ကိုခြွေပစ်လိုက်ခြင်းအတွက် ဖော်လ်ဂျန်မှာ ဘယ်လိုနောင်တတရားကိုမှ မရခဲ့ဘဲ ကျေနပ်အားရမှုကိုသာ ခံစားခဲ့ရသည်ဖြစ်လေ၏။

ယခုလည်း သူသည် လူလူချင်း အသေအကြေ တိုက်ခိုက်သတ်ဖြတ်ရတော့မည်ဖြစ်နေသည့်တိုင် စိတ်မချမ်းသာခြင်းကို ဘယ်လိုမှ

ခံစား၍မနေရတော့ပေ။ တိုက်ပွဲကွင်းထဲသို့ ဝင်ရောက်ကာ အစွမ်းပြလို စိတ်ကပင် ထက်သန်လျက်ရှိနေရလေ၏။

တိုက်ခိုက်သတ်ဖြတ်ရေးအတွက် နေ့ရှိသရွေ့ စနစ်တကျလေ့ကျင့်လာခဲ့ရသော လူတစ်ယောက်မှာ တကယ်တမ်း တိုက်ပွဲဝင်ရတော့မည့် အချိန်တွင် ယင်းသို့သာလျှင် စိတ်အားထက်သန်နေတတ်သည် ဖြစ်လေ၏။ မိန်းမနှင့် ကြာမြင့်စွာဝေးနေရသော ယောကျ်ားတစ်ယောက်သည် ပထမဦးဆုံးတွေ့ရသော မိန်းမနှင့်မိမိလိုအင်ဆန္ဒအား ပြည့်ဝစေသကဲ့သို့သော သဘောပင်ဖြစ်လေ၏။

တိုက်ပွဲကွင်းကြီးထဲသို့မဝင်မီ အဆောက်အအုံကြီးထဲမှ လက်ရုံးဇာနည်များ၏ အခန်းထဲတွင် လူတိုင်းလူတိုင်းကိုစစ်ဆေးကာ လက်နက်တန်ဆာများ ပေးအပ်လိုက်ပြီးနောက်တွင် အားလုံးတန်းစီလျက် တိုက်ပွဲကွင်းကြီးထဲသို့ထွက်ကာ မင်းပရိသတ်ကြီးကို အလေးပြုကြရလေသည်။ ပြီးလျှင် တစုတရုံးတည်း ပြန်ဝင်ခဲ့ကြပြန်လျက် တိုက်ခိုက်ရမည့်လူ အချင်းချင်းကို တွဲပေးကာ တစ်တွဲစီ ကွင်းထဲသို့ ပြန်လွှတ်လိုက်သည်။

ဇော်တိနက်မှာ ဖော်လ်ဂျန်ထက် အရင်တိုက်ခိုက်ခဲ့ရကာ သူ့တွင် ဓားခုတ်ချက်တစ်ခု ခံစားခဲ့ရလေသည်။ ယှဉ်ပြိုင်တိုက်ခိုက်ရသူကိုတော့ အသေသတ်နိုင်ခဲ့လေသည်။ ဇော်တိနက်သည် လက်ရုံးဇာနည်များ၏ အခန်းသို့ အောင်နိုင်သူတစ်ယောက်အနေနှင့် ပြန်ဝင်လာကာ ဖော်လ်ဂျန်အား ခပ်တည်တည်ကြီးပင် တစ်ချက် လှမ်းကြည့်လိုက်လေ၏။ ဖော်လ်ဂျန်အတွက်ကား..

"ငါ့အစွမ်းကို မင်းသိသလား"ဟု ဇော်တိနက်က သူ့အား လှမ်းကြွားလိုက်သလိုပင် ဖြစ်နေလေသည်။

သူ့အလှည့်ရောက်လာရသည့်အခါတွင် ဖော်လ်ဂျန်သည် ဓားလွှတ်ကိုအသင့်ဆုပ်ကိုင်ကာ တည်ငြိမ်သောစိတ်နှင့်ပင် တိုက်ပွဲကွင်းကြီးထဲသို့ ဝင်ခဲ့လေသည်။ သူနှင့်ယှဉ်ပြိုင်တိုက်ခိုက်သော သူကား



သူတစ်ခါမှမတွေ့ဖူးသေးသော သူစိမ်းတစ်ယောက်ဖြစ်နေကာ ထိုလူကို အလွယ်တကူပင် အနိုင်ယူသတ်ဖြတ်နိုင်ခဲ့သည်။ ဖော်လ်ဂျန်မှာ ဇော်တိနက်က သူ့အစွမ်းကို အလေးပြုမိစေရန်ဟူသော ရည်ရွယ်ချက်နှင့် ထိုလူအား အလျင်မြန်ဆုံး တိုက်ခိုက်အနိုင်ယူခဲ့ခြင်း ဖြစ်လေ၏။

"ငါဟာ ငါ့လူကိုအမြန်ဆုံးသတ်ပစ်နိုင်မှပဲ"ဟု သူကတွေးခဲ့မိ၏။ "ဒါမှ ဇော်တိနက်ဟာ ငါ့အစွမ်းကိုကြောက်ပြီး ငါနဲ့ယှဉ်ပြိုင်တိုက်ခိုက်ဖို့ သူ့အကြံအစည်ကို လက်လျှော့လိုက်မှာပဲ.."

သူ့ရည်ရွယ်ချက်အတိုင်းပင် သူ့အစွမ်းကို ထက်ထက်မြက်မြက်ပြနိုင်သော အဖြစ်တွေကလည်း ဖန်တီးလာရလေသည်။ ဖော်လ်ဂျန်နှင့် ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ရသူမှာ စွမ်းရည်မညံ့လှသူ တစ်ဦးပင်ဖြစ်ရာ ယခု ၎င်းအပေါ်တွင် ဖော်လ်ဂျန်က အလွယ်တကူအနိုင်ယူလိုက်နိုင်ခြင်းကို ပွဲကြည့်ပရိသတ်ကြီးက အထူးပင် ကျေနပ်အားရခဲ့ကြလေသည်။ ထို့ကြောင့်လည်း ဤမျှ စွမ်းရည်ထက်လှသော လက်ရုံးဇာနည်ကြီးတစ်ဦးကို နောင်တစ်ကြိမ်တိုက်ခိုက်ခိုင်းပါဟု ပွဲကြည့်ပရိသတ်ကြီးက ပွဲတောင်းလာခဲ့ကြလေသည်။ ဖော်လ်ဂျန်အား ယင်းသို့ ပွဲတောင်းလာကြခြင်းကြောင့် ၎င်းအား နောက်တစ်ကြိမ် တိုက်ခိုက်ပါဦးမည်လောဟု မေးလာရာ ဖော်လ်ဂျန်ကလည်း သဘောတူညီလိုက်လေ၏။

သို့ဖြင့် ဖော်လ်ဂျန်သည် အခြားလက်ရုံးဇာနည်တစ်ယောက်နှင့် ယှဉ်ပြိုင်တိုက်ခိုက်ရပြန်ကာ ထိုလူကိုလည်းအနိုင်ယူသတ်ဖြတ်လိုက်ပြန်လေသည်။ ပရိသတ်ကြီးမှာ ပို၍အားရကျေနပ်လာကြတော့ပြီး ဖော်လ်ဂျန်ကို ချီးမွမ်းသြဘာပေးကြသံများကပို၍သာ သောင်းသောင်းဖြဖြဆူညံလာကြပြန်တော့သည်။ ပြီးလျှင်ဖော်လ်ဂျန်အား နောက်တစ်ယောက် ထပ်မံတိုက်ခိုက်ပါဦးဟု ဝိုင်းဝန်းတောင်းပန်လာကြပြန်လေတော့၏။

သည်တစ်ခါတော့ အာဏာပိုင်တွေက ဖော်လ်ဂျန်ထပ်မံတိုက်ခိုက်ဖို့အတွက်ကို ခွင့်မပြုတော့ပေ။ တစ်ခါကနွားကျောင်းသား ကျေးတော

သား တစ်ယောက်သာဖြစ်သူ ဖော်လ်ဂျန်မှာ ယခုတော့ ရောမမြို့တော်ကြီး၏ အစွမ်းထက်မြက် တောက်ပြောင်လှသော လက်ရုံးဓာနည်ကြီး တစ်ဦးဖြစ်နေလေရကား၊ အာဏာပိုင်တွေမှာ ဤလူအဖို့ စွမ်းအားကို အရမ်းမဲ့အသုံးချခြင်းမှ ကာကွယ်ထားလိုဟန် တူပေသည်။

"ဖော်လ်ဂျန် မင်း နောက်ထပ်မတိုက်ရတော့ဘူး.."

ဖော်လ်ဂျန်က အမိန့်ကိုနာခံကာ လှည့်ထွက်သွားတော့မည်ပြုစဉ် ခရာဆင့်သံများက ဆူညံစွာထွက်ပေါ်လာကာ စစ်ဗိုလ်မှူးတစ်ဦးက သူ့အား ဆွဲထားလိုက်လေသည်။

"ခရာဆင့်သံကိုနာခံစမ်း.. ဗိုလ်ရှုခံစင်မြင့်ကို သွားလိုက်ဦး.."

ဖော်လ်ဂျန်မှာ ဘာမသိဘာမသိနှင့်ပင် စင်မြင့်ကြီးအောက်သို့ သွားကာ ရပ်နေလိုက်ရလေသည်။ ဤတွင် နန်းတွင်းကိုယ်ရံတော်တစ်ဦးကို နီရိုဘုရင်နှင့် မိဖုရားခေါင် အော်တေဗီယာတို့က တစ်ဖက်တစ်ချက်စီမှ ခြံရံလျက် စင်မြင့်ရှေ့သို့ ထွက်ကြွလာကြလေသည်။

ကိုယ်ရံတော်က ဘုရင့်အမိန့်တော်ကို ဖော်လ်ဂျန်နာခံရန် ဆင့်ဆိုဟစ်ကြွေးလိုက်လေ၏။

"အရီနာတိုက်ပွဲကွင်းကြီးတွင် စွမ်းရည်ထူးချွန်သော လက်ရုံးဓာနည်များအား ကိုယ်ပိုင်မွေးမြူချီးမြှင့်နိုင်လေသည့် မဟာဆီမဟာသွေးတို့၏ အခွင့်အာဏာအရ ယခုမိဖုရားခေါင်ကြီး အော်တေဗီယာက လက်ရုံးဓာနည်ဖော်လ်ဂျန်အား ထိုကဲ့သို့ မွေးမြူချီးမြှင့်ရန် ရွေးကောက်တော်မူလိုက်ပြီဖြစ်ကြောင်း..."

ဤတွင် တိုက်ပွဲကွင်းကြီးထဲ၌ ဩဘာပေးလိုက်သံကြီးက ဟိန်းထွက်လာလေတော့၏။ ဘေးတွင်ရပ်နေသော စစ်ဗိုလ်က တံတောင်နှင့်တွတ်၍ သတိပေးလိုက်သဖြင့် ဖော်လ်ဂျန်သည် သံခမောက်ကြီးကို ချွတ်ကာ စင်မြင့်ဆီသို့ မော်ဖူးလိုက်ရလေသည်။

ဧကရီအော်တေဗီယာကား စင်မြင့်ကြီး၏ အုတ်တံတိုင်းပေါ်မှ ကိုယ်ကလေးကို အနည်းငယ် ကိုင်းညွှတ်ကာ လက်ထဲမှ ပိုးပဝါနီ



ကလေးတစ်ထည်ကို လှမ်းပေးလိုက်လေသည်။ ဖော်လ်ဂျန်က ထိုပိုးပဝါကလေးကို လှမ်းယူလိုက်စဉ် ဧကရီ၏ မျက်လုံးများနှင့် ရင်ဆိုင်ရသည်ဖြစ်ရာ၊ ထိုမျက်လုံးအစုံတွင် ဝမ်းနည်းပူဆွေးရသော အရိပ်အရောင်တွေ လွှမ်းမိုးနေရကာ မဝံ့တဝံ့မျှော်လင့်ချက်ရောင်ခြည်ကလေး ယှက်သန်းလာသည်ကို ဖော်လ်ဂျန်က ရိပ်ခနဲ တွေ့လိုက်ရလေ၏။ အော်တေဗီယာသည် ဖော်လ်ဂျန်၏ မျက်လုံးများထဲသို့ စိုက်ကြည့်နေလိုက်ရာမှပင် လက်ထဲမှ ပဝါကလေးကို ဖြေးညင်းစွာ လွှတ်ချလိုက်ရာ ဖော်လ်ဂျန်က ပျံ့ဝဲကျလာသော ပဝါကလေးကို လှမ်းယူလိုက်ပြီး ဦးညွှတ်အလေးပြုလိုက်လေသည်။ ပြီးလျှင် မိဖုရားခေါင်ကြီး ကိုယ်တော်တိုင်က ချီးမြှင့်မြှောက်စားတော်မူခြင်း အထိမ်းအမှတ်ဖြစ်သည့် ပဝါကလေးကို ဖော်လ်ဂျန်က သူ့သံချပ်အင်္ကျီ၏ ရင်အုံကြားထဲသို့ ထိုးသွင်းလိုက်ရာက ပြန်လှည့်ထွက်ခဲ့ရလေ၏။

နောက်ဆုံးတွင်တော့ နွားကျောင်းသားကျေးတောသားလေး ဖြစ်ခဲ့သော ဖော်လ်ဂျန်သည် ရောမအင်ပိုင်ယာနိုင်ငံတော်ကြီး၌ မိဖုရားခေါင်ဧကရီအော်တေဗီယာကိုယ်တိုင်က ပရိသတ်ဗိုလ်ပုံအလယ်တွင် မြှောက်စား ရွေးကောက်ခြင်းခံရလေသော စွမ်းပကားထက်မြက်လှသည့် လက်ရုံးဓာနည်ရင့်မကြီးတစ်ဦး ဖြစ်လာခဲ့ရလေပြီတကား။

❊

## အခန်းတစ်ဆယ့်နှစ်

### ( ၁ )

အရီနာတိုက်ပွဲကြီးထဲတွင် အောင်ပွဲ အဆင့်ဆင့်ရရှိကာ ဆီဇာဘုရင်၏ မိဖုရားခေါင်ကြီး အော်တေဗီယာကိုယ်တိုင်၏ ချီးကောက်မြှောက်စားခြင်းဂုဏ်ထူးကို ခံယူခဲ့ရသော ဖော်လ်ဂျန်သည် လက်ရုံးဓာနည်ကျောင်းသို့ပြန်ရောက်လာသည်၌ မိမိရဲဘော်များ၏ ဝိုင်းဝန်းချီးကျူးမှုတွေကို နားငြီးလောက်အောင် ခံစားနေရလေသည်။ အချို့သောသူတွေကား တကယ့်စေတနာနှင့် ချီးကျူးခြင်းဖြစ်သော်လည်း၊ အများအားဖြင့်တော့ ဖော်လ်ဂျန်အား မနာလိုဝန်တိုမှုနှင့် ထေ့ငေါ့ချက်များသာ ဖြစ်နေကြရ၏။

“ကြည့်စမ်း ဖော်လ်ဂျန် တစ်ယောက်ဟာဖြင့် ဘဝမှာ မတ်မတ်ကြီး ထင်ပေါ်ရပ်တည်လာနိုင်ပြီဟေ့”ဟု ဟားလ်ဆိုသူက ပြောလိုက်၏။ “သူဟာ အကောင်းဆုံးအမှည့်ဆုံး၊ သစ်သီးတွေသာပေါတဲ့ သစ်ပင်ထိပ်ဖျားဆီ ခုန်တက်လိုက်နိုင်ပြီ..”



“ဟုတ်တော့ ဟုတ်ပါရဲ့ကွာ..ဒါပေမဲ့ ဒီလိုအမြင့်တက်လေ အကျနာလေဖြစ်တတ်သေးသကွ..”ဟု တပ်စ်ကစ်ပ်ကလည်း ဝင်ထေ့လိုက်၏။

“ဖော်လ်ဂျန် တစ်ယောက်ဟာ မိဖုရားဧကရာဇ်ကြီးတွေဆီမှာပဲ ထပ်ခါထပ်ခါစန်းပွင့်နေတာ တော်တော်တော့ ဆန်းတာပဲကွာ.. စစချင်း အဂ္ဂရိပီနာက သူ့ကို အရေးယူမြှောက်စားတော်မူခဲ့တယ်။ ဟောအခုတော့လည်း နီရို့မိဖုရား အော်တေဗီယာရဲ့အချစ်တော် လက်ရုံးဓာနည်ကြီး ဖြစ်လာရပြန်ပြီ။ သူ ဒီလောက် ကုသိုလ်ကောင်းလာတာကို ငါတော့ နားမလည်နိုင်တော့ပါဘူး”

“တကယ်တော့ မိဖုရားကြီးတွေက သူ့ကိုကျတာဟာ သူ့လက်ရုံးရည်ကြောင့် ဟုတ်ဟန်မတူပါဘူး..သူ့ရဲ့ချောမောခန့်ညားတဲ့ ရုပ်ရည်နဲ့ ဗလကောင်းတဲ့ ကိုယ်ခန္ဓာကြီးကိုသာ မိဖုရားကြီးတွေက ရွေးသဘောတော်ကျတော်မူကြတာပါကွ..”

“ဟော့ကောင် သောက်ရူး၊ မင်းပါးစပ်ကိုပိတ်ထားလိုက်စမ်း။ မင်းပြောတာကို ကျောင်းအုပ်ချုပ်ရေးမှူးကြားသွားရရင် မင်းကို တိုင်လိုက်လိမ့်မှာသိလား။ သူများကို ပုတ်ခတ်ပြောတဲ့သတင်းဟာ အပေါက်အရောက်မြန်တတ်သနော်..”

ဖော်လ်ဂျန်ကား ဝိုင်းဝန်းဆူညံနေကြသော ရဲဘော်တွေဆီမှ နောက်ဆုံးတွင် ခွာလာနိုင်ခဲ့ကာ လေ့ကျင့်ရေးကွက်လပ်ကြီးအတွင်းရှိ ခုံတန်းလျားတစ်ခုပေါ်တွင် ထိုင်မိသည့်အခါ၌ တိုက်ပွဲကွင်းကြီးတွင် အောင်ဆုအဖြစ်နှင့် ဧကရီအော်တေဗီယာ မိဖုရားကချီးမြှင့်လိုက်တော်မူသော ပိုးပဝါနီကလေးကို လက်တွင်ဆုပ်ကိုင်လျက် ငေးစိုက်ကြည့်လိုက်မိသည်။ ကျေးတောသား နွားကျောင်းသားတစ်ယောက်သာဖြစ်ခဲ့ရသော မိမိသည်၊ အပေါင်းအဖော်မရှိသော တစ်ကောင်ကြွက်တစ်ယောက်အနေနှင့် ဤရောမမြို့တော်ကြီးသို့ ရောက်လာခဲ့ရပြီးနောက် ယခုလို တန်ခိုးအာဏာ ထင်ရှားနေရသည့် မိဖုရားခေါင်ကြီးကိုယ်တော်

တိုင်၏ ရွေးချယ်မြှောက်စားခြင်း ခံစားလာရသည် အထိ လက်ရုံးစွမ်းရည်နှင့် အမြင့်သို့တက်လာနိုင်ခြင်းကား မယုံကြည်နိုင်လောက်အောင်ပင် အံ့သြဖွယ်ကောင်းနေရတော့သည် မဟုတ်ပါလား။

သို့တစေလည်း ဤအဖြစ်သည် အိပ်မက်မဟုတ်ဘဲ အဟုတ်တကယ်ဖြစ်လာခြင်းကို ယခုသူ့လက်တွင်းရှိ ပိုးပဝါနီကလေးက သက်သေပြနေချေတော့၏။

ထိုစဉ်၌ လေ့ကျင့်ရေးဆရာ ကွာတီလာသည် သူ့ထံသို့ လျှောက်လာလေ၏။

"မင်းဟာ အရင်တုန်းကနဲ့မတူအောင် စွမ်းရည်ပြလိုက်ပါကလားကွ..ဘာပြုလို့လဲဟင်.."

"ကျွန်တော့်မှာ ရည်ရွယ်ချက်ရှိလို့ပေါ့ဗျာ.."

ဖော်လ်ဂျန်သည် ပြန်ဖြေရင်းက လေ့ကျင့်ရေးကွက်လပ်ထဲ၌ ရှိနေသော ဘာဘေးရီးယန်း လူရိုင်းဆိုး ဖော်တီနက်ထံသို့ လှမ်းကြည့်လိုက်မိလေသည်။ ဖော်တီနက်ကား ယခင်ကထက် ပို၍ ဖွဲ့ကောင်းလှစွာနှင့် လေ့ကျင့်စရာတွေကို အားကြိုးမာန်တက်ပြုလုပ်နေလေသည်။ ဤကား ဖော်လ်ဂျန်က အရီနာတိုက်ပွဲကွင်းကြီးထဲ၌ အံ့မခန်းစွမ်းရည်ပြခဲ့သည်ကို ၎င်းအနေနှင့်တော့ ဘယ်လိုမှ မှုစရာမဟုတ်ပါဟု ပြသနေခြင်းသာ ဖြစ်လေသည်။

ဖော်လ်ဂျန်အဖို့ကား သူကထူးထူးခြားခြားခင်မင်နေမိသော ဤလူရိုင်းကြီးနှင့် ဘယ်လိုမှယှဉ်ပြိုင်တိုက်ခိုက်လိုခြင်းမရှိပေ။ ဖော်တီနက်က ကျွန်ဘဝမှလွတ်မြောက်ရပြီး သူ၏နေရပ်ဇာတိကို ပြန်သွားလိုသောဆန္ဒဖြင့် သူ၏မိတ်ဆွေဖြစ်သော မိမိအား ယှဉ်ပြိုင်တိုက်ခိုက်ဖို့ကို အဘယ်မျှကြိုးစားနေသည့်တိုင် ဖော်လ်ဂျန်ကတော့ ထိုအရေးကို တတ်နိုင်သမျှ ရှောင်ရှားမည်သာ ဖြစ်လေသည်။

ထို့ကြောင့်သာလည်း ယနေ့အရီနာတိုက်ပွဲကြီး၌ ဖော်လ်ဂျန်သည် ဖော်တီနက်က မိမိနှင့်ယှဉ်ပြိုင်ဖို့ကို ရှုံ့ဆုတ်သွားစေတော့ ဟူသော



ရည်ရွယ်ချက်နှင့် ယှဉ်ပြိုင်ဘက်လူနှစ်ယောက်ကို တစ်ယောက်ပြီးတစ်ယောက် အနိုင်ယူ သုတ်သင်ပြခဲ့ခြင်းဖြစ်လေ၏။

ယခု သူက ကွာတီလာကို တောက်ပြောင်သော မျက်လုံးအစုံနှင့် မော့ကြည့်လိုက်မိလေ၏။

"ကျွန်တော့် အခြေအနေက အခုပြောင်းလဲနေပြီဆိုတော့ ကျွန်တော်ဟာ ယောဟိုက ဘာဘေးရီးယန်းလူရိုင်းကြီး ဖော်တီနက်နဲ့ တိုက်ခိုက်ရဖို့ စီမံထားချက်ကို ရှောင်ရှားလို့ရနိုင်ပြီမဟုတ်လား.."

"မင်းဟာ ဒီကောင်နဲ့ယှဉ်ပြိုင်တိုက်ခိုက်ရဖို့ကို အရင်ကထက်တောင် ရှောင်ရှားဖို့ ခက်လာနေပါပြီကွယ်.."ဟု ကွာတီလာက သူ့ကို ပြန်ဖြေလိုက်လေသည်။ "နိုင်ဂါက ဒီကနေ့ ကျဆုံးခဲ့ရတော့ မင်းကလွဲရင် ဖော်တီနက်တစ်ယောက်သာ တို့ရဲ့ အကောင်းဆုံးလက်ရုံးဇာနည်ကြီး ဖြစ်နေရတာကလား။ မင်းဟာလည်း ဒီကနေ့ကစပြီး လက်ရွေးစင်ပြိုင်ဘက်တွေကိုသာ ရင်ဆိုင်ရမယ့် အခြေအနေမျိုးရောက်နေရပြီ၊ ဒါကို လူထုကလည်း တောင်းဆိုလာပါလိမ့်မယ်..."

"ခင်ဗျားပြောသလိုဖြစ်လာမယ်လို့ ကျွန်တော် မထင်ပါဘူးလေ"

ကွာတီလာကလည်း မည်သို့မျှဆက်မပြောတော့ဘဲ ဖော်လ်ဂျန်အား ကိုယ်တွင်ရရှိလာသော ဒဏ်ရာတွေကို ဆေးထည့်ရန် သမားတော်ဆီသို့သွားရန်သာ ညွှန်ကြားလိုက်လေ၏။

ဖော်လ်ဂျန်သည် ထိုညတွင် ကောင်းကောင်းအိပ်မပျော်ခဲ့ရပေ။ မိုးလင်း၍ အိပ်ရာမှထလာပြီးနောက် သူသည် မျက်စိကန်းနေသော ခွေးတစ်ကောင်အလား နံနက်လေ့ကျင့်ခန်းဆင်းခဲ့ရလေသည်။ နံနက်စာစားရာ၌ သူသည်ဖော်တီနက်ထံသို့ လှမ်း၍လှမ်း၍ကြည့်နေမိသော်လည်း၊ ၎င်းကတော့ သူနှင့်မျက်လုံးချင်းမဆိုင်ဘဲ ရှိနေလေ၏။

နံနက်စာစားပြီးလျှင် ဖော်လ်ဂျန်အား သူ၏အစေခံ ဘက်ဆီဒပ်စ်က သူ့အားအုပ်ချုပ်ရေးမှူးက အမြန်လာတွေ့ဖို့ ခေါ်နေကြောင်းပြောလာ၏။

အုပ်ချုပ်ရေးမှူးကား ဖော်လ်ဂျန်အား ပြုံးစေ့စေ့မျက်နှာထားနှင့် ဆီးကြိုလျက် အခန်းတံခါးပိတ်ခိုင်းလိုက်ပြီးနောက် ရွှေနန်းတော်ကြီးမှ ဖြစ်ဟန်ရှိသည့် အမိန့်သဝဏ်လွှာလိပ်တစ်ခုကို ကောက်ယူလိုက်လေသည်။

"မင်းဟာ မြင်းအကြောင်းကို နားလည်သလား ဖော်လ်ဂျန်.."

"ကျွန်တော်ဟာ မြင်းပေါ်မှာ မွေးလာရတဲ့ကောင်ပါ.."

"အေး..အခုငါ့ဆီကို မိဖုရားခေါင်ကြီးဆီက အမိန့်စာတစ်စောင် ရောက်လာခဲ့ပြီကွယ့်..တခြားမဟုတ်ပါဘူး၊ မင်းသုံးဖို့အတွက် ငွေငါးသောင်းတိတိ ထုတ်ပေးလိုက်ပါတဲ့..ဒီငွေငါးသောင်းကို ငါက မင်းအတွက်ဘဏ်တိုက်မှာ အပ်ထားပေးရမလား..အတိုးရတယ်ကွယ့်.."

ဖော်လ်ဂျန်သည် စကားမပြောနိုင်ဘဲ ခေါင်းကိုသာ ညိတ်ပြလိုက်ရလေသည်။ အုပ်ချုပ်ရေးမှူးက စကားဆက်လိုက်ပြန်၏။

"နောက်ပြီးတော့လည်း အော်တေဗီယာမိဖုရားက မင်းအတွက် မြင်းလေးကောင်နဲ့ ရထားတစ်စီးကို ဆုအဖြစ်နဲ့ ပေးသနားတော်မူလိုက်ပြန်တယ်ကွယ့်၊ ဒါနဲ့ ဘက်ဆီဒပ်စ်ဆိုတဲ့အကောင်က မင်းဆီမှာ အစေခံ လုပ်ဖို့ရာ ပြောပြီးနေပြီဆို..ဟုတ်လား.."

"ဟုတ်ကဲ့..ဆိုပါတော့..ကျွန်တော့်ကိုယ်ပိုင်ရထားတစ်စီးနဲ့ မြင်းလေးကောင် ဟုတ်ရဲ့လား.."

"အေးလေ..ဒီဟာတွေကို နောက်တစ်ရက်နှစ်ရက်အတွင်း မင်းရတော့မှာပဲ။ မြင်းတွေကို အလှမ်းနီးနေတဲ့ မြင်းဇောင်းတစ်ခုခုမှာ ထားရမှာပေါ့။ ဒီကိစ္စအတွက် ဘက်ဆီဒပ်စ်က ကြည့်စီစဉ်ပေးပါလိမ့်မယ်။ ဘက်ဆီဒပ်စ်ရဲ့ လခကို တို့ကျောင်းကပဲ ဆက်ပေးသွားမယ်။ ဒါပေမဲ့ တခြားကုန်ကျစရိတ်တွေကိုတော့ မင်းကိုယ်တိုင်ခံရမှာပဲ"

ဖော်လ်ဂျန်ကား မမျှော်လင့်သော ဆုလာဘ်များ ရရှိရသည့် အံ့သြမှုကြီးမှာ ကောင်းကောင်းမပြေပျောက်နိုင်ဘဲ ရှိနေရလေသည်။

"ကျွန်တော်..ကျွန်တော်..မိဖုရားကို ကျေးဇူးတင်ကြောင်း.."



"မိဖုရားကမင်းကို ရှေ့တော်မှောက်ဝင်ရောက်ခစားဖို့ အလိုဆန္ဒရှိတော်မူတဲ့ အခါကျတော့ မင်း ပြောခွင့်ရပါလိမ့်မယ်။ ကဲ..ဒီကနေ့တော့ မင်းကို ငါက တစ်ရက် အားလပ်ခွင့်ပေးလိုက်ပါပြီ.."

( ၂ )

အုပ်ချုပ်ရေးမှူး၏ ရုံးခန်းထဲမှထွက်လာသည်တွင် ဖော်လ်ဂျန်သည် ဘက်ဆီဒပ်စ်နှင့် တိုးနေရပြန်ကာ ၎င်းက ကပ်လိုက်လာပြီး မြှောက်ပင့်ပြောဆိုနေသည်ကို မနည်းကြီး ခွာထုတ်ပစ်ခဲ့ရလေသည်။ သို့ရာတွင် ကျောင်းထဲမှထွက်အလာ အားရှူးတစ်ဖ်နှင့် တိုးနေရပြန်လေသည်။ အားရှူးတစ်ဖ်ကား ဖော်လ်ဂျန်၏ကုသိုလ်ကံကောင်းမှု သတင်းကို ကြားလာရပြီး အပြေးကလေး လာတွေ့ပုံရလေသည်။ ယခုသူသည် ဖော်လ်ဂျန်၏ လက်ကိုဆုပ်ကိုင်ဖျစ်ညှစ်၍ ထားနေတော့ကာ ချီးကျူးမြှောက်ပင့်သည့်စကားတွေကို ခရားရေလွှတ်တတွတ်တွတ် ပြောဆိုနေလေတော့၏။

"မိဖုရား အော်တေဗီယာကိုယ်တော်တိုင်ရဲ့ မြှောက်စားချက်ကို ခံယူနေရတော့မှ မင်းဟာ အောင်မြင်ခြင်းလမ်းကို ရောက်နေရပါပြီကွယ့် မင်းအတွက် ငါအင်မတန်မှ ဝမ်းသာမိခဲ့ရပါတယ်ကွယ်.."

"အောင်မြင်ခြင်းလမ်းပေါ်မှာတင် ဘယ်ကမလဲ ကျုပ်ကအောင်မြင်ခြင်းကို ရရှိနေပါပြီ။ ပြီးတော့ ခင်ဗျားက ကျုပ်အတွက် စိတ်ကူးထားနေတဲ့ အကျိုးမျှော်လင့်ချက်ကိုလည်း ကျုပ်ဟာ ဘယ်လိုမှ မလိုအပ်ပါဘူး..."

ဖော်လ်ဂျန်က သူ့အားအရေးမလုပ်ဘဲ ထွက်သွားတော့သည့်အခါတွင် အားရှူးတစ်ဖ်က စိတ်ဆိုးမာန်ဆိုးနှင့် သူ့အား လှမ်းကြိမ်းလိုက်လေ၏။

"မင်းက ငါ့ကို ဒီလိုမဆော်ကားပါနဲ့ကွယ့်.. ငါက မင်းကို ကျိန်ဆဲလိုက်ရမလား.."

ထိုအခါမှ ဖော်လ်ဂျန်လည်း ၎င်းကို ပြန်ချော့လိုက်ရလေ၏။ "ခင်ဗျားဆီက ကျုပ် ကျိန်ဆဲတာကိုလည်း မလိုချင်ပါဘူး။ မြှောက်ပင့်တာကိုလည်း မလိုချင်ပါဘူး။ ကျုပ်မှာ အလောသုံးဆယ်ဖြစ်နေတာ တစ်ခုပါပဲ။ ဒီတော့ ခင်ဗျားနဲ့ကျုပ် လက်ဖက်ရည် တစ်ခွက်လောက်စီ အတူသောက်လိုက်ကြပြီး ကျုပ်ကိစ္စကို သွားခွင့်ပြုပါခင်ဗျာ.. ဟုတ်လား.."

အားရှူးတစ်ဖ်နှင့် အရက်ဆိုင်တစ်ခုတွင် စပျစ်ရည် ဝင်သောက်ကြပြီးသည့်နောက် ဖော်လ်ဂျန်တစ်ယောက်တည်း မြို့ထဲသို့ထွက်လာခဲ့လေသည်။

## ( ၃ )

ဖော်လ်ဂျန်သည် အာခလိစ်ဖနောင့် ဟိုတယ်ဆိုင်သို့ မွေးကြိုင်သော သစ်သီးတစ်တွဲကို လက်တွင်ကိုင်လျက် ရောက်ရှိလာလေသည်။ သစ်သီးတွေကား သူ၏အချစ် ကချေသည်မလေး လိုင်ဒီယာအတွက် လက်ဆောင်ဖြစ်ကာ နှစ်ယောက်သား အတူတကွ မြိန်ရေရှက်ရေကြီး စားပစ်လိုက်ကြမည်ဟု ဖော်လ်ဂျန်က ရည်မှန်းထားမိလေသည်။

အချိန်ကား စောသေးသည်ဖြစ်ရာ ဟိုတယ်ဆိုင်တွင် လူပါးလျက်ရှိနေလေ၏။ ဧည့်သည်ဆို၍ တစ်ယောက်မှရှိမနေဘဲ ဆိုင်ရှင်ခေါမကြီးနှင့် လိုင်ဒီယာ၏သမီး စားပွဲထိုးမကလေး မစ်ခရဲလာ တစ်ယောက်သာ ရှိနေလေသည်။

"ဟော ကျွန်မရဲ့လက်ရုံးဇာနည် လူချောကြီးပါကလား"ဟု မစ်ခရဲလာကလေးက သူမ၏ ထုံးစံအတိုင်းပြောင်ချော်ချော်နှင့် ဖော်လ်ဂျန်အား နှုတ်ဆက်လိုက်လေသည်။ "ကျွန်မဖို့ လက်ဆောင်ယူလာတဲ့ အသီးတွေလားဟင်"

"မကိုင်စမ်းပါနဲ့လေ.. မင်းဖို့မဟုတ်ပါဘူး။ မင်းအမေ ဘယ်မှာလဲကွ"



"သူက အိပ်နေတာပေါ့တော်။ သူမက ညတစ်ဝက်လုံး အလုပ်လုပ်ရတော့ နေ့ဘက်မှာ အိပ်ရတယ်ရှင့်။ ဒါကို ရှင်နားမလည်သေးရင် ကျွန်မက ရှင့်ကိုမြေကြီးပေါ်မှာ ပုံစံဆွဲပြရဦးမှာလား။ ရှင့်ကို ကျွန်မ မုန်းလာပြီ ဖော်လ်ဂျန်.."

"ဟုတ်လား.. သနားစရာကောင်းလိုက်ပါဘိတော့ကွာ.."

"ဟို ခွေးတိရစ္ဆာန်ကြီး တီဂျဲလိနပ်စ်ဟာ တကယ်တော့ ဆင်နစ္စတာရဲ့ ဂျုံကြိတ်စက်မှာ ခါးကျိုးအောင် အလုပ်လုပ်ရဖို့ကောင်းတာ၊ သူ လွတ်သွားရတာဟာ ရှင်ကြီးကြောင့်ပေါ့"

ဖော်လ်ဂျန်ကား လိုင်ဒီယာကို ထိုင်စောင့်နေရမလား၊ နှိုးခိုင်းလိုက်ရကောင်းမလားဟု တွေးတောကာ ခုံတစ်ခုတွင် ဝင်ထိုင်လိုက်လေသည်။ ဤတွင် မစ်ခရဲလာက သူ့ပေါင်ပေါ်သို့ ဝင်ထိုင်လိုက်ကာ လက်ကလေးတစ်ဖက်ကလည်း သူ၏လည်ပင်းကို ရစ်သိုင်း၍ဖက်လိုက်လေသည်။ ဖော်လ်ဂျန်ကတော့ စိတ်မရှည်နိုင်ဘဲ သူမကို မြေကြီးပေါ်သို့တွန်းချလျက် ထိုင်ရာမှပြန်ထလိုက်လေသည်။

"မင်းအမေနဲ့ ငါစကားပြောရမယ်"

"ကျုပ်အမေနဲ့ ရှင်ဝေးဝေးနေစမ်းပါ။ ရှင်နဲ့ တီဂျဲလိနပ်စ် နှစ်ယောက် ဘယ်သူ့ကို ပိုမုန်းမိမယ်လို့ ကျွန်မ မပြောတတ်တော့ပါဘူး"

ဖော်လ်ဂျန်လည်း လိုင်ဒီယာ၏ ကန့်လန့်ကာ ကာထားသော အခန်းတံခါးအတွင်းသို့ ဝင်လာလေ၏။ ကျဉ်းမြောင်းလှသော အခန်းကလေးထဲမှ အိပ်ရာပေါ်တွင်ကား လိုင်ဒီယာသည် ခပ်ကုန်းကုန်းကလေး တစ်ကိုယ်တည်းထိုင်နေ၏။ သူမ၏ ကချေသည် အကျီရှည်ကြီးကို ဖာထေးချုပ်လုပ်နေခြင်းဖြစ်လေသည်။ သူမက ဖော်လ်ဂျန်အား တစ်ချက်သာ မော့ကြည့်ကာ မျက်လုံးများက အချုပ်ဆီသို့ ပြန်ရောက်သွားကြလေသည်။

"အင်း.. မင်းက တော်တော်ကို ဖော်ရွေပျူငှာပါပေတယ်"ဟု ဖော်လ်ဂျန်က မဲ့ပြုံးပြုံးကာ သူမအား နှုတ်ဆက်လိုက်ရလေသည်။

"ရှင့်ကို ကျွန်မ ကြိုဆိုပါတယ်"

လိုင်ဒီယာကတော့ ဘယ်လိုမှ လှုပ်ရှားမှုမရှိသော လေးတွဲ့တွဲ့ အသံကလေးနှင့် ပြန်ဖြေလိုက်လေ၏။

ဖော်လ်ဂျန်သည် သူမ၏ ဖားလျားကျနေသော ဆံပင်နှင့်ငုံ့နေသော ဦးခေါင်းတို့ကို ကြည့်မိကာ ဝတ်ထားသော အင်္ကျီ၏ဟနေသော ရင်ဆီတွင် ပြူတစ်ပေါ်လွင်နေသည့် ရင်သားလုံးလုံးကျစ်ကျစ်လေးဆီသို့ သူ့မျက်လုံးများက စူးစိုက်ရောက်ရှိသွားပြန်လေသည်။ သူမ၏ ရင်သားကလေးတွေကား သူမထက်ပင် ငယ်ရွယ်နုပျိုလျက် လုံးလုံးကျစ်ကျစ်ကလေးတွေ ရှိနေကြကာ စိုလန်းစွာပွင့်လျက် ရှိနေကြပါကလားဟု သူက မချင့်မရဲကြီး တွေးလိုက်မိလေသည်။ ယင်းသို့တွေးလိုက်မိရာကလည်း သူ့ရင်တွင်းဝယ် မဖြစ်စဖူးသော တောင့်တမှုကြီး တစ်ခုကို ထူးခြားစွာ ခံစားလာရနေသည်။ ထို့ကြောင့်သူသည် မှုမမှန်သော အသံကြီးနှင့် လွတ်ခနဲ ပြောချလိုက်မိ၏။

"လိုင်ဒီယာ မင်းအခုကျင်လည်နေရတဲ့ဘဝက ဆိုးရွားလှပါတယ်ကွယ်..မင်းအတွက် ရှုံ့ရှာစက်ဆုပ်ဖွယ်ကောင်းသလိုပဲ၊ ငါ့အတွက်လည်း ရင်မချိစရာကောင်းနေတော့တာပဲ။ ဒီတော့ ဒီဘဝကို မင်းစွန့်ပစ်လိုက်စမ်းပါလို့ ငါပြောချင်တယ်ကွယ်"

"စွန့်ပစ်ရမယ် ဟုတ်လား.."

"ငါ့ကို အခု မိဖုရားခေါင်ကြီးအော်တေဗီယာက ရွှေးကောက်မြှောက်စားတော်မူပြီကွယ့်။ ငါ့မှာ အခုရွှေနဲ့ငွေနဲ့ ဖြစ်နေပါပြီ။ ရွှေတွေကို မင်းအလိုရှိသလို အသုံးချနိုင်ပါတယ်ကွယ်..."

"ဒီရွှေတွေအတွက် ရှင်က ကျွန်မဆီက ဘာပြန်လိုချင်သလဲ.."

"မင်းငါနဲ့အတူ လိုက်နေပေါ့ကွယ့်"

လိုင်ဒီယာကတော့ ခေါင်းကိုသာ ခါယမ်းပြလိုက်လေသည်။

"ကျွန်မဟာ ကျွန်မနဲ့ မစ်ခရဲလာအတွက် ထမင်းဖိုးရအောင် အလုပ်လုပ်နိုင်ပါတယ်။ အဝတ်အစားဝတ်ဖိုးလည်း ရပါတယ်။ ကျွန်မ



ရဲ့အလုပ်က အားကိုးအားထားပြုနိုင်ပါတယ်။ ရှင်ဟာတော့ အားကိုးအားထားပြုနိုင်စရာ လူတစ်ယောက်မဟုတ်ပါဘူး"

"မင်းဘာပြောတယ်"ဟု ဖော်လ်ဂျန်က အံ့သြစွာပင် ပြန်မေးလိုက်မိလေသည်။

"ရှင်က လက်ရုံးဇာနည်တစ်ယောက် မဟုတ်လား။ ရှင့်လိုလူမျိုးတွေဟာ အရီနာတိုက်ပွဲတွေမှာ တစ်ခါခါတော့ သေကြရမှာပဲ"

"ဒါကို မစိုးရိမ်ပါနဲ့ကွာ..ငါဟာ ကံကောင်းတဲ့လူတစ်ယောက်ပါကွယ့်..အရီနာတိုက်ပွဲမှာ ငါသေးတွေ့ရမှာကိုတော့ မင်း မစိုးရိမ်စမ်းပါနဲ့.."

"စိုးရိမ်တာ မဟုတ်ပါဘူး၊ ကျွန်မက စဉ်းစားဆင်ခြင်တတ်တဲ့ ဉာဏ်နဲ့ပြောတာပါ..ကြွက်ဟာကြောင်ကို ခဏတော့လွတ်အောင်ရှောင်နိုင်ပေမယ့် နောက်ဆုံးမှာတော့ ကြောင်ခုတ်လို့သေရတာပါပဲ။ တကယ်လို့ကျွန်မက ဒီနေရာကို စွန့်ခွာပြီး ရှင်နဲ့လိုက်နေရင် ဒီနေရာကို ကျွန်မပြန်ရနိုင်တော့မှာ မဟုတ်ဘူး။ ရှင်ဟာလည်း တစ်နေ့နေ့ကျတော့ ဓားချက်မိပြီး အသက်ပျောက်ရမှာဆိုတော့ အဲဒီအခါကျရင် ကျွန်မဟာ ခိုကိုးရာမဲ့နဲ့ လမ်းပေါ်ကို ရောက်သွားရတော့မှာပဲ။ ဖော်လ်ဂျန် ရှင်ပြောတာဟာ မဖြစ်နိုင်ပါဘူး..."

လိုင်ဒီယာမှာ သူ့ကို တစ်ခါမှ နာမည်တပ်မခေါ်ဖူးရကား ဖော်လ်ဂျန်သည် တအားတက်လာမိကာ သူမနှင့်မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်ပြီး သူမ၏ မျက်လုံးများထဲတွင် ဘာတွေများ ဖုံးကွယ်ထားသနည်းဟု ရှာဖွေကြည့်ရှုလိုက်မိလေသည်။

"မင်းဟာ အေးစက်စက်နိုင်လှချေကလား မိန်းကလေးရယ်.. မင်းကို ငါက ချစ်သူအဖြစ်နဲ့ လိုလားနေမိပါတယ်ဆိုတာကို မင်းအသည်းနှလုံးထဲမှာ နည်းနည်းလေးမှ လာပြီးမရိုက်ခတ်ဘူးလားကွယ့်..."

လိုင်ဒီယာက ရုတ်တရက်ပြန်မဖြေဘဲ၊ မျက်နှာကလေးတွင် သွေးရောင်များ မသိမသာ လျှမ်းတက်လာလေ၏။ ပြီးမှ..

"ဘယ်လိုမှ မရိုက်ခတ်မိပါဘူးရှင်"

"ဩ..ဒီလိုဆိုရင် မင်းက ငါ့ကို နည်းနည်းကလေးမှ ပြန်ပြီး မတွယ်တာမိဘူးပေါ့။ ဟုတ်စ.."

"ကျွန်မဟာ ဘယ်ယောကျ်ားကိုမှ မတွယ်တာမိပါဘူး"

"ဒါပေမဲ့ တီဂျဲလိနပ်စ်ဟာတော့ မင်းအတွက် တစ်ခါတုန်းက တွယ်တာစရာလူ ဖြစ်ခဲ့ရတယ်မဟုတ်လား..."

လိုင်ဒီယာသည် ခေါင်းကိုမော့ကာ သူ့အား စူးစူးဝါးဝါးတစ်ချက် ကြည့်လိုက်လေသည်။ ပြီးမှ ဖော်လ်ဂျန်အား စိတ်ထိခိုက်သွားစေဖို့ ရည်ရွယ်ဟန်နှင့် တစ်လုံးချင်း ဖြည်းညင်းစွာ ပြောလိုက်လေသည်။

"ရှင်နဲ့ကျွန်မဟာ တစ်ခါတုန်းက လာနီကူလမ်တောင်ကုန်းပေါ်မှာတွေ့ခဲ့ကြရပေမယ့် ကျွန်မအတွက် ဘယ်လိုမှ မထူးခြားခဲ့ရသလို တီဂျဲလိနပ်စ်ဟာလည်း ကျွန်မအတွက် ဘယ်လိုမှထူးခြားခဲ့ရတဲ့ လူတစ်ယောက် မဟုတ်ခဲ့ရပါဘူး။ ကဲ..ရှင့်စကားတွေကို တော်ပါတော့ ကျွန်မမှာ အလုပ်ရှိတယ်..."

ဖော်ဂျန်ကား ဒေါသဖြင့် တစ်ကိုယ်လုံးတုန်ယင်လျက် ရှိနေရလေသည်။ သူသည် ဂရုတစိုက် ယူဆောင်လာသော.သစ်သီးတွဲကို အခန်းနံရံတွင် ပေါက်ခြေပစ်လိုက်လေ၏။

"ကောင်းပြီလေ..မင်းကို ငါနှုတ်ဆက်ခဲ့ပါတယ်။ ရွာမမှာ မိန်းမတွေက အများကြီးရှိနေပါတယ်ကွ။ မင်းလိုမိန်းမစားမျိုးနောက် ငါက လိုက်နေစရာမလိုပါဘူး"

ဖော်လ်ဂျန်သည် သူမအား ဒီထက်ပို၍ ထိခိုက်နာကြည်းစေမည့် စကားတွေကို တွေးလျက် ဟိုတယ်ဆိုင်ထဲမှ ဆောင့်ကြီးအောင့်ကြီး ထွက်လာခဲ့လေတော့၏။ မည်မျှလောက်ကြာအောင် တစ်ကိုယ်တည်း ဒေါသထွက်နေမိသည်မသိ။ ဖော်လ်ဂျန်သည် အာခြောက်လာသည့် အတွက် ရေငတ်ပြေသစ်သီး တစ်စုံတစ်ရာစားဦးမှပဲဟု အနီးရှိသစ်သီး



ဆိုင်ထဲသို့ ဝင်ခဲ့ပြီး စပျစ်သီးဝယ်ရာ၌ အနီးတွင်ရှိနေသော လူကြီးတစ်ယောက်က သူ့အား လာ၍မိတ်ဖွဲ့လိုက်လေသည်။

"မောင် အခုနက စပျစ်သီးရွေးရာမှာ မောင်ဟာ စပျစ်သီးအကြောင်း ကောင်းကောင်းနားလည်ပုံရပါတယ်..."

"ဟုတ်ကဲ့..ကျွန်တော်ဟာ တောမှာမွေးခဲ့တာပဲ၊ သီးနှံအကြောင်းတော့ ကောင်းကောင်းနားလည်မပေါ့ဗျာ.."

"အင်း...မောင့်ကို ကြည့်ရတာ လက်ရုံးဇာနည်တစ်ယောက်နဲ့ တူပါတယ်။ ဒါပေမဲ့ မောင်ဟာ တောမှာမွေးခဲ့တယ်ဆိုတာက မောင့်လက်ရုံးဇာနည် ဖြစ်နေရတဲ့အချက်ထက် ပိုပြီးအရေးပါလှသကွယ့်"

"ခင်ဗျားက ဘယ်သူလဲ..."

"ကျုပ်ကတော့ မားကပ်စ်ဗိုင်ဒေးလီယပ်စ်ပါပဲမောင်၊ သစ်သီးကုန်သည်နဲ့ စမ်းသပ်တီထွင်ရေးဆရာဆိုပါတော့။ မောင်ဟာ ကျေးလက်တောရွာက ပေါက်ဖွားလာရသူဖြစ်ပြီး သစ်သီးသစ်နှံ စိုက်ပျိုးရေးကို နားလည်ထားတဲ့ လူတစ်ယောက်ဆိုတော့ စိတ်ဝင်စားစရာကောင်းတဲ့ အခြင်းအရာတွေကိုများ မတွေ့ချင်ဘူးလားကွယ့်..."

"ခင်ဗျား ဘာပြောနေတာလဲ.."

"မောင်..ကျုပ်နဲ့သာ လိုက်ခဲ့ပါလေ။ မောင့်ကို ဘာဆိုတာ ကျုပ်ပြပါ့မယ်"

ဖော်လ်ဂျန်သည် ကျောင်းသို့ မပြန်လိုရသေးကား၊ မားကပ်စ်ဆိုသူနှင့် အချိန်ကုန်စေတော့ဟု လိုက်သွားခဲ့ရာတွင် ၎င်းကပြောသည့်အတိုင်းပင် စိတ်ဝင်စားဖွယ်ရာကောင်းသော အကြောင်းအရာတစ်ခုကို တွေ့မြင်လေ့လာခဲ့ရလေသည်။ မားကပ်စ်သည် ဖော်လ်ဂျန်အားမြို့လယ်ဆူဘူးရားရပ်ကွက်မှ ခေါ်ထုတ်လျက် မြောက်ဘက်ရှိ တောင်ကုန်းတစ်ခုပေါ်သို့ တက်ရောက်ကာ ၎င်း၏နေအိမ်နှင့် စပျစ်ခြံကြီးဆီသို့ ရောက်ရှိလာကြရလေသည်။ မားကပ်စ်ဗိုင်ဒေးလီယပ်စ်မှာ သူ့စပျစ်ခြံထဲမှ အကိုင်းချင်းဆက်ထားသော စပျစ်ပင်ပေါက်ကလေးများ

ကို ဖော်လ်ဂျန်အား ပြချင်နေခြင်းပင်ဖြစ်လေသည်။ အကိုင်းချင်းဆက်ကာ အဝတ်စနှင့် ကျပ်စည်းပေးထားသော ထိုအပင်ကလေးတွေကို ၎င်းက ဖော်လ်ဂျန်အား ညွှန်ပြလျက် ပိုးမွှားကိုက်ဖျက်လွယ်သော စပျစ်ပင်များတွင် ပိုးမွှားတွန်းလှန်နိုင်စွမ်းရှိသည့် အခြားအပင်များတွင် အကိုင်းဆက်၍ ဖောက်ယူသည့် စိုက်ပျိုးနည်းဖြစ်သည်ဟု ရှင်းလင်းပြောပြခဲ့လေသည်။

"အမျိုးမတူတဲ့ အပင်နှစ်ပင်ကို တစ်ကိုင်းချင်းဆက်ပြီး ကိုယ်လိုချင်သလိုမျိုး မွေးယူလို့ရသလားဗျ"ဟု ဖော်လ်ဂျန်က တအံ့တသြမေးလိုက်မိသည်။

"တဖြည်းဖြည်းတော့ အောင်မြင်လာပါပြီကွယ့်။ ပထမတော့ ကျုပ်ကစိတ်ကူးရတဲ့အခါမှာ ဒီလိုအကိုင်းချင်းဆက်ပြီး မျိုးဖောက်ယူတဲ့နည်းကို အစမ်းလုပ်ကြည့်ခဲ့တာကလား။ အခုတော့ ဒါကို ညဘက်မှာလုပ်ရပြီး လဆန်းအချိန်မှာ လုပ်ရင် ပိုအောင်မြင်တယ်ဆိုတာ သိလာရပါပြီ။ အင်း..မောင်က ဒီလို အကိုင်းချင်းဆက်ပြီး ကိုယ်လိုချင်တဲ့အပင်ကို ဖောက်ယူတဲ့နည်းကို မကြားဖူးဘူးပေါ့။ အေးလေ.. မောင်ဟာ ကနေ့မှပဲ မားကပ်စ်ဗိုင်ဒေးလီယပ်စ်ရဲ့ နာမည်ကို ကြားခဲ့ဖူးတာကပဲ"

မားကပ်စ်သည် ပြောရင်းက သူ့စကားကို သဘောကျလှစွာနှင့် အားပါးတရကြီးရယ်လိုက်ရာ ဖော်လ်ဂျန်မှာလည်း ၎င်း၏ခတ်ကူးလာပြီးရောယောင်၍ ရယ်လိုက်မိရာက စိတ်များ အနည်းငယ် ပြန်လည်လန်းဆန်းလာရလေတော့၏။

သို့ရာတွင် လက်ရုံးဓာနည်ကျောင်းသို့ ပြန်လာရပြန်လျှင်မူကား ဖောလ်ဂျန်၏ စိတ်တွေမှာ တစ်ဖန်ပြန်လည်ညစ်ညူးလာခဲ့ရပြန်လေသည်။ လိုင်ဒီယာက သူ၏ခေါင်းထဲသို့ တစ်ဖန်ပြန်၍ ဝင်ရောက်လာပြန်သောကြောင့်ဖြစ်လေသည်။ သူ့အတွက် လိုင်ဒီယာက သူ့အားမုန်းတီးရွံရှာလှသော တီဂျဲလိနပ်စ်နှင့် တစ်စားတည်းဖြစ်ရအောင် နှိုင်း



ယှဉ် ပြောလိုက်သည်ကို ဖော်လ်ဂျန်မှာ နာကြည်း၍ မဆုံးနိုင်အောင်ဖြစ်နေရလေ၏။

ဘက်ဆီဒပ်စ်က သူ့အား ကေရီ အော်တေဗီယာ၏ လက်ဆောင်များဖြစ်သော မြင်းလေးစီးနှင့် ရထားရောက်ရှိလာပြီဖြစ်ကြောင်းကို ပြောသည့်အခါတွင်ပင် ဖော်လ်ဂျန်မှာ ဘယ်လိုမှ ရွှင်လန်းအားရခြင်းမဖြစ်မိတော့။ ဘက်ဆီဒပ်စ်ကိုသာ အော်ငေါက်နှင်ထုတ်ပစ်လိုက်မိလေ၏။

❋

## အခန်းတစ်ဆယ့်သုံး

### ( ၁ )

နောက် ရက်အနည်းငယ်ကြာလျှင် ဖော်လ်ဂျန်သည် စပျစ်ခြံပိုင်ရှင် မားကပ်စ်ထံသို့ နောက်တစ်ခေါက် သွားရောက်မိပြန်လေသည်။ သူသည် သီးနှံများ အစီအရီ စိုက်ပျိုးထားသည့် မြေကြီးကိုမြင်တွေ့ရခြင်းဖြင့် စိတ်များက တစ်မျိုးပင်လန်းဆန်းလာရကာ မြေကြီးများကို လက်နှင့်ဆုပ်ဖွလျက် မြေဩဇာဘယ်လောက်ကောင်းသည်ကို မှန်းဆကြည့်နေလိုက်မိ၏။

"ဒီပင်ညှောက်ကလေးတွေ တက်လာတာဟာ ဘယ်လောက်အံ့ဩစရာကောင်းလိုက်သလဲ"ဟု မားကပ်စ်ကတော့ ဂုဏ်ယူဝင့်ကြွားစွာနှင့် ပြောလိုက်လေသည်။

"ဇကေရာဗ်မင်းကတောင် ကျုပ်ရဲ့ စပျစ်နွယ်ပင်တွေကို တစ်နေ့တခြား သန်စွမ်းကြီးထွားလာစေတဲ့ လျှို့ဝှက်တဲ့သဘာဝအင်အားကြီးမျိုးကို မဖန်တီးနိုင်ပါဘူးကွယ်"



"ခင်ဗျား အကိုင်းချင်းဆက်ဖောက်ထားတဲ့ အပင်တွေကတော့ သန်မလာကြပါဘူးဗျာ"ဟု ဖော်လ်ဂျန်က ပြန်ဖြေလိုက်လေသည်။ "ဒီအပင်တွေက အဖူးကလေးတွေ ထောင်တက်မလာကြသေးပါကလား။ သေများသေသွားကြပြီလား မဆိုနိုင်ပါဘူး"

"ကဲ..မောင် သံသယရှိနေတော့ အပင်တွေ ဘယ်လိုနေတယ်ဆိုတာကို ကြည့်လိုက်ကြဦးစို့လား မောင်ရဲ့"

သူတို့နှစ်ယောက်သည် မြေကြီးပေါ်တွင် လေးဖက်ထောက်ကာ အကိုင်းချင်းဆက်၍ ဖောက်ထားသော စပျစ်ပင်ကလေးတွေကို သေချာစွာကြည့်ရှုစစ်ဆေးနေလိုက်ကြလေသည်။ ၎င်းတို့လုပ်နေပုံမှာ ရယ်စရာကြီးဖြစ်နေရာ ခပ်လှမ်းလှမ်းတွင်ရှိနေသော မားကပ်စ်၏ ကျွန်များထံမှ တခွိခွိ လှောင်ရယ်ရယ်သံများက ထွက်ပေါ်လာလေတော့၏။ မားကပ်စ်က မိမိ၏ကျေးကျွန်များက လှောင်ရယ်နေသည်ကို သတိပြုမိသည်၌ စိတ်ဆိုးဟန်မတူ၊ ခေါင်းကိုယမ်းလျက် ဖော်လ်ဂျန်အား ပြောလိုက်လေ၏။

"အရူးတွေဟာ အလွယ်တကူ ရယ်တတ်ကြတာပဲကွ။ လှည်းဘီးကို စတွင်ခါစကလည်း လူတွေဟာ ဒီလိုပဲ ရယ်ခဲ့ကြမှာပါပဲ"

ဤသို့ပြောပြီးမှ မားကပ်စ်က သူ့ကျွန်တွေဘက်သို့ လှည့်၍အော်လိုက်လေသည်။

"ဟေ့ကောင်တွေ အလုပ်လုပ်ကြလေ။ နို့မဟုတ်ရင် မင်းတို့အားလုံးကို ငါ အလုပ်ဖြုတ်ပစ်လိုက်မယ်"

"သူတို့ကို အလုပ်ဖြုတ်ပစ်မယ် ဟုတ်လား"ဟု ဖော်လ်ဂျန်ကတော့ အံ့ဩစွာပြောလိုက်မိလေသည်။ "သူတို့ကို ခင်ဗျားက ဘယ်လိုလုပ်အလုပ်ဖြုတ်ပစ်နိုင်မှာလဲ၊ သူတို့ဟာ ခင်ဗျားရဲ့ ကျွန်တွေမဟုတ်လား"

"သူတို့ဟာ ကျုပ်ဆီမှာ ကျွန်ခံနေကြရတဲ့ လူတွေမဟုတ်ပါဘူး မောင်ရဲ့"ဟု မားကပ်စ်က ရှင်းပြလိုက်လေသည်။

“ကျုပ်ဆီမှာ ကျွန်အလုပ်သမားရယ်လို့ တစ်ယောက်မှ မထားပါဘူး။ ကျုပ်အိမ်တွင်းမှာ ခိုင်းဖို့ ကျွန်အနည်းငယ်ထားရတာတောင်မှ ကျုပ်ဟာ မိတ်ဆွေသင်္ဂဟတွေ အလယ်မှာ ဂုဏ်မနိမ့်ရဖို့အတွက်သာပါပဲ။ တကယ်တော့ ကျွန်အလုပ်သမားဟာ ခြေကျိုးနေတဲ့ နွားတစ်ကောင်နဲ့သာ တူပါတယ်မောင်ရင်ရယ်။ တကယ်တော့ လူတစ်ယောက်ဟာ အနှောင်အတည်းခံရပြီး အလုပ်လုပ်နေရရင် အလုပ်မှာ ဘယ်လိုများ စိတ်ဝင်စားနိုင်တော့မှာလဲ။ ဒါကြောင့် ကျုပ်ရဲ့ စပျစ်ခြံမှာ အလုပ်လုပ်နိုင်တဲ့ လူတိုင်းဟာ ကိုယ်လုပ်ရတဲ့အလုပ်အတွက် အခကြေးငွေရရှိကြတဲ့ ငှားထားတဲ့ လူလွတ်သက်သက်ချည်းဖြစ်ပါတယ်။ သူတို့ဟာ အလုပ်ကို ခိုကတ်လုပ်ရင် သူတို့ကို ကျုပ်က အလုပ်က ထုတ်ပစ်လိုက်ရုံရှိတာပေါ့။ ကျုပ်မှာ စမ်းသပ်ပြုလုပ်နေသမျှဟာ အရေးပါအရာရောက်တာချည်းပဲဆိုတာလို မောင်ရင် သတိပြုထားပါတော့ကွယ်”

အလုပ်သမားတွေထဲတွင် မိန်းမများပင် ပါဝင်ကြသည်ကို ဖော်လ်ဂျန်က သတိပြုမိပြန်၏။

“ဒါကလည်း ကျုပ်ရဲ့အလုပ် တွင်ကျယ်တဲ့နည်းတစ်နည်းပေါ့” ဟု မားကပ်စ်က သဘောကျစွာ ရယ်လျက် ရှင်းပြလိုက်ပြန်၏။ “ယောကျ်ားတွေဟာ ကိုယ့်ကိုယ်ကိုယ် မိန်းမတွေထက်သာတယ်လို့ ယူဆထားကြတယ်။ ဒီတော့ မိန်းမတွေထက် သာကြောင်းကို ပြရအောင် အလုပ်ပိုလုပ်ပြကြတယ်။ မိန်းမတွေကလည်း အနှိမ်ခံနေရသူတွေဆိုတော့ မခံချင်တဲ့စောနဲ့ ယောကျ်ားတွေနဲ့ ရင်ဘောင်တန်းပြီး အလုပ်လုပ်ပြကြပြန်တာပေါ့။ ဒီအတိုင်း ကျုပ်က မူတစ်ခုထားပြီး အကျိုးရှိအောင် လုပ်နေတာကလား”

“ဟုတ်လား”

“အေးလေ..မူဆိုတာ ဘာလဲဆိုတာ မောင်နားမလည်ရင်တော့ မောင့်ကို ရှင်းပြနေလို့လည်း အပိုဖြစ်မှာပါပဲ။ ဒါပေမဲ့ မူဆိုတာမျိုးက ရှိနေပါတယ်ကွယ့်။ မောင်ဟာ သင့်တော်မှန်ကန်တဲ့ မူတစ်ခုကိုအခြေခံ



ပြီး လုပ်နိုင်တာနက် တစ်ပြိုင်နက် အောင်မြင်မှုဆိုတာကို ရရှိလာရမှာပါပဲ။ ကဲ..မောင်တွေ့ပြီလား..ကျုပ်ဟာ သစ်သီးကုန်သည်နဲ့ စမ်းသပ်တီထွင်သူတစ်ယောက် မဟုတ်သေးဘူး။ အဘိဓမ္မာသမားတစ်ယောက်လည်း ဖြစ်ပါသေးတယ်ကွယ့်”

ဖော်လ်ဂျန်က ၎င်းထံမှ ထွက်လာသောအခါတွင် မားကပ်စ်၏ စကားများနှင့်ပတ်သက်၍ ဘယ်လိုမှ လေးလေးနက်နက် အဓိပ္ပာယ် မယူဆမိဘဲ ရှိနေသည်။ ၎င်းသည် တမင်သက်သက် အထင်ကြီးခံရအောင် ဤစကားတွေကို ပြောပြခဲ့ခြင်းဖြစ်သည်ဟု သူက ယူဆလိုက်မိ၏။

“နောက်တစ်ခါ ငါသူ့ဆီသွားလည်ရင် အကိုင်းဆက်ဖောက်ထားတဲ့ အပင်တွေဟာ ရှင်မှာမဟုတ်ဘူးလို့ သူ့ကို ငါ လောင်းဦးမှပဲ”ဟု တွေးလိုက်မိလေ၏။ “မနက်ဖြန်ပဲ သွားပြီး ငါသူ့ကို ဒါနဲ့ ပတ်သက်လို့ လောင်းလိုက်ဦးမယ်လေ”

သို့ရာတွင် ဖော်လ်ဂျန်၏ အကြံအစည်ကို ကံကြမ္မာက ခွင့်မပြုခဲ့ပေ။ အကြောင်းမှာ လက်ရုံးဇာနည်ကျောင်းသို့ ပြန်ရောက်လာသည်နှင့် တစ်ပြိုင်နက်မှာပင် သူ့အား အုပ်ချုပ်ရေးမှူးကခေါ်ကာ ဧကရီအော်တေဗီယာက သူ့အားအခစားဝင်ရန် ဆင့်ခေါ်လိုက်တော်မူကြောင်း ပြောလိုက်လေ၏။

“မနက် ၈ နာရီမှာ မင်းဟာ မိဖုရားခေါင်ကြီးဆီကို အခစားဝင်ရလိမ့်မယ်။ ဒါပေမဲ့ မင်းကို မိဖုရားခေါင်ကြီးက အရှုစားခံနိုင်အောင်လို့ ပြုပြင်မွမ်းမံဦးကွယ့်။ မင်းကိုရှုပြီး မိဖုရားခေါင်ကြီးခမျာ ကြောက်အားလန့်အားနဲ့ မေ့သွားလို့ မဖြစ်သေးဘူး”

သူ့အား တမင်သက်သက် နှိမ်ပြောနေသော အုပ်ချုပ်ရေးမှူးကို ဖော်လ်ဂျန်က အမြင်ကတ်မိသော်လည်း “ဟုတ်ကဲ့ ကျွန်တော် လုပ်ပါ့မယ်”ဟုသာ ပြန်ဖြေလိုက်လေ၏။

( ၂ )

နောက်တစ်နေ့တွင် ဖော်လ်ဂျန်က မြို့ထဲသို့ထွက်ကာ သူ့ကိုယ်သူသန့်ရှင်းအောင် အစွမ်းကုန် ပြင်ဆင်မွမ်းမံလိုက်လေသည်။

ဧကရီအော်တေဗီယာ၏ ရှေ့တော်မှောက်သို့ ဝင်ရောက်ခစားရမည့် အရေးကိုကား သူသည်ဘယ်လိုမှ တွေး၍မပူမိ။ သူသည် ဘုရင့်မယ်တော် အဂ္ဂရီပီနာ၏ ရှေ့တော်မှောက်သို့ ဝင်ရောက်ခစားခဲ့ဖူးပြီ မဟုတ်ပါလား။

သူသည် ရွှေနန်းတော်ကြီးဆီသို့ လျှောက်လာစဉ် လမ်းတွင် သတင်းပြန့်ကြားရေးအရာရှိတစ်ယောက်က အုတ်နံရံပေါ်တွင် ကြော်ငြာစာရေးနေသည်ကို လူတစ်စုက ဝိုင်းကြည့်နေရာသို့ ရောက်လာရလေသည်။ ကြော်ငြာရေးသူသည် ဖော်လ်ဂျန်ကို တွေ့ရသည်၌ သူ့အား တဂျီဂျီမေးနေသည့် မိန်းမအား "ဟော.. ဟိုမှာ ကိုယ်တိုင်ရောက်နေပါပြီ၊ သူချောသလား မချောသလားဆိုတာကို ကိုယ်တိုင်ကြည့်ကြပေတော့"ဟု ပြောလိုက်လေသည်။

"လက်ရုံးဓာနည်တစ်ယောက်ကို ဒီလိုမေးတာဟာ တော်တော်ဆန်းပါကလားဗျ.." ဖော်လ်ဂျန်က ပြန်မေးလိုက်လေသည်။ "တကယ်ဆိုရင် အတိုက်အခိုက်ကောင်းသလား ဆိုတာကိုသာ မေးရမယ် မဟုတ်ဘူးလား.."

"ဒါကိုတော့ လူတိုင်းကသိပြီးသားပဲ။ ဒါပေမဲ့ ရုပ်ချောတာတို့ ချစ်တတ်တာတို့ဆိုတာတို့ကတော့ တခြားပဲရှင့်ရယ်"

ဝိုင်းအုံနေသော လူတွေကလည်း ဖော်လ်ဂျန်အနားသို့ တိုးကပ်လာကြကာ တအံ့တသြ ကြည့်ရှုနေကြလေတော့၏။

"ဘယ်နှယ့်လဲ လက်ရုံးဓာနည်ကြီး၊ ရှင့်မှာ တည်းခိုဖို့နေရာများ ရှိပါသလားရှင်။ ကျွန်မအိမ်ကိုလိုက်ပြီး စားသောက်ပါဦးလားရှင်"



"စားဖို့သောက်ဖို့ တင်ပဲလား"ဟု လူတစ်ယောက်က အော်မေးလိုက်ရာ လူအုပ်ကြီးက အုံးခနဲရယ်မောလိုက်လေသည်။

"အခု ကျွန်တော်က ဧကရီအော်တေဗီယာဆီမှာ အခစားဝင်ရဦးမယ်ဗျ"

"ဒီလိုဆိုလည်း နောက်တစ်ခေါက်ပေါ့ရှင်"

ဖော်လ်ဂျန်လည်း လူတွေက သူ့အား ဤသို့အရေးတယူ အသိအမှတ်ပြုကြသည်ကို သဘောကျမိရင်းက ရှေ့သို့ ဆက်လက်လျှောက်လာခဲ့လေသည်။ သူသည် အောင်မြင်သော လက်ရုံးဓာနည်ကြီး တစ်ယောက်ဖြစ်လာရသည့်နောက် ဤသို့ပင်ဖြစ်လာရမည်ဟု သူ့အားပြောခဲ့ကြသည်ကို ဖော်လ်ဂျန်က အစက မယုံကြည်မိခဲ့ပေ။ တကယ်တော့လည်း ဖော်လ်ဂျန်မှာ မိန်းမကိစ္စဘက်တွင် သူ၏အလိုဆန္ဒရှိပါက ဘယ်လိုမှ အခက်အခဲတွေ့ရတတ်သည်လည်း မဟုတ်ရ။ သို့ရာတွင် ယခုတော့ သူသည် ကချေသည် ပြည့်တန်ဆာမလေးလိုင်ဒီယာနှင့်ဆက်ဆံရကတည်းက မိန်းမဆိုလျှင် စိတ်ကုန်ခန်းသလို ဖြစ်နေရလေ၏။

ယခုလည်း သူသည် ရွှေနန်းတော်ကြီးတည်ရာ ပါလာတိုင်းတောင်ကုန်းကြီးကို တက်လာရာက လိုင်ဒီယာအကြောင်းကို တွေးမိပြန်ကာ စိတ်မချမ်းမသာ ဖြစ်လာနေရပြန်တော့သည်။ မိန်းမကား တကယ်တော့ စောင်နှင့်တူလှသည်။ စောင်ခြုံလျှင် သင့်ကိုယ်က ယားယံလာရ၏။ စောင်ကိုခွာလိုက်ပြန်တော့လည်း သင်သည် ချမ်းလာရတော့သည်။

ရွှေနန်းတော်ကြီးထဲသို့ ဝင်ရောက်လာရပြီးနောက် မေးမြန်းစုံစမ်းကာ သူသည် နောက်ဆုံးတွင် အော်တေဗီယာ၏ ရွှေနန်းတော်ထဲသို့ ရောက်လာရလေသည်။ သူ့အား ကျွန်တစ်ယောက်က အဆောင်ထဲ ခေါ်သွင်းလိုက်ကာ အပြင်ခန်းကလေး တစ်ခုအတွင်းဝယ် စောင့်ခိုင်းထားလိုက်၏။ ကျွန်က အဆောင်မှူးကြီးကို ခေါ်ဆောင်လာရာ တစ်ခါက သူ့အား အဆောင်မှူးအဖြစ်နှင့် လှည့်စား၍ ထောင်ချောက်ထဲ

သို့ ခေါ်ဆောင်သွားသူ တီဂျဲလီနပ်စ်နှင့် အပုံကြီး ကွာခြားလှသော သက်ကြားအို အဘိုးကြီးတစ်ယောက် ဖြစ်နေသည်ကို တွေ့လိုက်ရလေ၏။

အဘိုးကြီးကား ဖော်လ်ဂျန်အား ခန်းမဆောင်ကိုဖြတ်၍ ခေါ်ဆောင်သွားကာ နောက်ဆုံးတော့ လှပစွာ စိုက်ပျိုးထားသည့် ရှားပါးသောပန်းပင် သစ်ပင်များနှင့် တင့်ဆန်းဝေဆာနေသည့် ဥယျာဉ်တစ်ခုထဲသို့ ရောက်ရှိသွားရလေသည်။

သစ်ပင်ရိပ်အောက်မှ သလွန်လေးတစ်ခုပေါ်တွင်ကား နီရိုဘုရင်၏ မိဖုရားကြီး အော်တေဗီယာက ထိုင်၍စောင့်စားလျက်ရှိနေလေ၏။

"လက်ရုံးဓာနည်ဖော်လ်ဂျန်ပါ မဖုရား"ဟု အဘိုးကြီးက ဦးညွှတ်သံတော်ဦးတင်လိုက်သည်တွင် အော်တေဗီယာသည် ထိုင်ရာမှထကာ လက်တစ်ဖက် ယမ်းပြလိုက်ရာ အဘိုးကြီးလည်း နောက်တစ်ကြိမ် ဦးညွှတ်အလေးပြုလိုက်ရာမှ ပြန်ထွက်သွားလေ၏။

## ( ၃ )

ဖော်လ်ဂျန်သည် အရီနာတိုက်ပွဲကွင်းကြီးထဲ၌ သူ့အားငံ့၍ ရှုစားတော်မူခဲ့သော ဝမ်းနည်းကြေကွဲမှု အရိပ်အယောင်များ ဖော်ပြနေသည့် ပြာလဲ့သော မျက်လုံးအစုံကိုသာ မှတ်မိလိုက်လေသည်။ ထိုမှအပ မိဖုရားခေါင်ကြီး အော်တေဗီယာကား ဖော်လ်ဂျန်အတွက် သူစိမ်းပြင်ပြင် ဖြစ်နေရလေ၏။ အရပ်အမောင်းက အတော်ပင်မြင့်မားသော မိန်းမတစ်ယောက်ဖြစ်ကာ ဆံပင်ကတော့ အရောင်ဖျော့လျက် အဝတ်တန်ဆာများကိုလည်း ရိုးရိုးကလေးသာ ဝတ်ဆင်ထားလေသည်။ သူမ၏ မျက်နှာကတော့ တစ်စုံတစ်ခုသော စိုးရိမ်ချက်ကို အမြဲတစေ ခံစားနေရသောအရိပ်အယောင်များကြောင့် အရွယ်နှင့်မလိုက်အောင် ရင့်ရော်နေစေသည်။ တကယ်တော့ သူမကား အသက်အရွယ် ပျိုမျစ်ရှာသေးသည်



ကို ဖော်လ်ဂျန်က သိထားရပြီးဖြစ်နေ၏။ သူမသည် အသက်ဆယ့်လေးငါးနှစ်အရွယ်က နီရိုနှင့်စုလျားရစ်ပတ်ခဲ့ရတာ ဆိုသည်မှာလည်း များစွာကြာမြင့်လှသေးသည် မဟုတ်ပေ။

"မဖုရားနဲ့ အတူထိုင်ပါလားကွယ်"

သူမ၏ အမိန့်ကိုနာခံကာ ဖော်လ်ဂျန်သည် သူမခြေရင်းတွင် ဝင်ထိုင်လိုက်လေသည်။

"မဖုရားက ကျွန်တော်မျိုးကို ချီးမြှောက်တော်မူတဲ့ ငွေတွေနဲ့ မြင်းရထား..."

ဖော်လ်ဂျန်သည် ကျေးဇူးတင်စကားကို စပြောလိုက်ရာ၌ အော်တေဗီယာက လက်တစ်ဖက်ကာပြလိုက်လေ၏။

"ငွေနဲ့ရနိုင်တဲ့ အရာမှန်သမျှကို အလွယ်တကူ ပေးသနားတော်မူနိုင်ပါတယ် ဖော်လ်ဂျန်ရယ်။ ဒီဆုတွေအတွက် မောင်မင်းက ကျေနပ်ခြင်းရှိတယ် ဆိုတာကိုပဲ မဖုရား နှစ်သိမ့်မိပါတယ်"

"မှန်လှပါ ကျွန်တော်မျိုးကြီး ကျေနပ်မိပါတယ် မဖုရား"

"မောင်မင်းကို အဆောင်မှူးကြီးက ခေါ်ဆောင်တုန်းက မောင်မင်းဟာ သစ်ပင်တွေကို ကြည့်နေတာ မဖုရားတွေ့လိုက်ရတယ်။ မောင်မင်းက သစ်ပင်တွေကို ကြိုက်သလား"

"မှန်ပါ့ မဖုရား"

"ဘယ်သစ်ပင်ဟာ မောင်မင်းအကြိုက်ဆုံးလဲကွယ့်"

"သစ်တော်သီး အရိုင်းပင်ပါပဲ မဖုရား၊ ဒါပေမယ့် တခြားအပင်တွေကိုလည်း ကျွန်တော်မျိုးက ကြိုက်ပါတယ်"

"ဒီမှာတော့ သစ်တော်သီးအရိုင်းပင်က မရှိဘူးကွယ့်။ ဒီအပင်မျိုးက သဘာဝအတိုင်း အလေ့ကျပေါက်တတ်တာမျိုး မဟုတ်လား။ ဘုရင့်ရွှေနန်းတော်ထဲက ဥယျာဉ်တော်မှာတော့ အင်မတန် ခံ့ညားလှပပြီး သဘာဝအတိုင်း မပေါက်ဘဲ မွမ်းမံစိုက်ပျိုးယူရတဲ့ အပင်မျိုးတွေ

သာ ရှိရမှာကလားကွယ်။ ဒါနဲ့မောင်မင်း မဖုရားဆီ အခစားဝင်ရာမှာ အခက်အခဲများ တွေ့ရသေးသလားကွယ့်"

"မတွေ့ရပါဘူး မဖုရား"

"အဲ မလိုလားသူတွေနဲ့ကော တွေ့ရသေးသလား"

"ကျွန်တော်မျိုးဟာ ရွှေနန်းတော်အတွင်းမှာ မရှိသင့်တာ တစ်ခုသာ တွေ့မြင်ခဲ့ရကြောင်းပါ"

"ဒါက ဘာများလဲကွယ့်"

ဤတွင် ဖော်လ်ဂျန်က သူနန်းတော်တွင်းသို့ ဝင်လာစဉ် နီရိုဘုရင်၏ ပျော်တော်ဆက် အချစ်တော် ပေါပီယာဆာဘီနာ၏ ကိုယ်ပိုင် အိမ်ထောင်ပရိဘောဂများကို ခန်းဆောင်တစ်ခု၌ တွေ့ရပုံကို ပြန်လည် သံတော်ဦးတင်လိုက်မိလေသည်။ ဤသည်၌ အော်တေဗီယာ၏ ရွှေမျက်နှာလေးမှာ ဖြူရော်သွားရှာ၏။

"ပေါပီယာဟာ ရွှေနန်းတော်ကြီးရဲ့ တောင်ဘက်အဆောင်ထဲမှာ လာနေဖို့ ပြင်ဆင်နေပြီကွယ့်။ သူကိုယ်တိုင်ကတော့ ဒီရွှေနန်းတော်ကြီးမှာ အခုထက်ထိတော့ လာနေဖို့ မဝံ့စားသေးပါဘူးလေ။ ဒါပေမဲ့ သူရဲ့ အိမ်ထောင်ပရိဘောဂတွေကိုတော့ ပို့ထားနေတယ်လေ။ ဒါပေမဲ့ ဒီကိစ္စက အရေးမပါပါဘူးလေ။ နီရိုရဲ့ မောင်းမငယ်လေး ကျွန်မ အက်တီဟာလည်း ရွှေနန်းတော်ကြီးထဲမှာ နေခဲ့တာဟာ နှစ်ပေါင်းတောင် အတော်ကြာခဲ့ရပါပြီ"

သို့တိုင်အောင်လည်း ထိုကိစ္စနှင့် ပတ်သက်၍ သူမခမျာ စိတ်မချမ်းမသာဖြစ်နေရခြင်းကတော့ ထင်ရှားနေရလေသည်။

"မဖုရားကို ကျွန်တော်မျိုးက ကူညီနိုင်တယ်ဆိုရင် အမိန့်သာရှိတော်မူပါ"

"ဘာမှ မရှိပါဘူးကွယ်"

"ကျွန်တော်မျိုးကတော့ ဘယ်လိုနည်းနဲ့မဆို မဖုရားကို ကူညီရဖို့ အဆင်သင့်ပါ ဘုရား"



"ဘယ်လိုနည်းနဲ့မဆို ဟုတ်လား ဖော်လ်ဂျန်"

"မှန်ပါ၊ ဘယ်လိုနည်းနဲ့မဆိုပါ ဘုရား"

အော်တေဗီယာသည် ခေတ္တကြာအောင်ပင် တိတ်ဆိတ်သွားလေသည်။ ပြီးမှ မပွင့်တပွင့် ဆိုလိုက်ရှာ၏။

"အင်း..မောင်မင်း ကူညီနိုင်တာတော့ တစ်ခုရှိပါတယ်၊ မဖုရား.."

သူမသည် စကားမဆက်ဘဲ ရုတ်တရက် ထပြေးတော့ မည့်အလား ထိုင်ရာမှ ထရပ်လိုက်လေသည်။ ဖော်လ်ဂျန်ကလည်း သူမ၏ အမူအရာကို နားမလည်ဘဲ ထရပ်လိုက်ရလေ၏။ အခန်းဆောင်မှူးကြီးက ဥယျာဉ်အဝင်ဝတွင် ရပ်စောင့်နေရာက အော်တေဗီယာ ထရပ်လိုက်သည်ကို တွေ့ရသည်၌ အပြေးကလေး ချဉ်းကပ်လာ၏။

"မဖုရားရဲ့ အဆောင်ခန်းထဲကို ဆာရင်တန်ဆေးစပျစ်ရည် ယူဆောင်လာစမ်းပါ အဆောင်မှူးကြီး။ မဖုရားရဲ့အစာမကြေရောဂါက ပြန်ထလာပြန်ပြီ"

"ချက်ချင်းယူဆောင်လာပါ့မယ် မဖုရား"

အော်တေဗီယာနှင့် ဖော်လ်ဂျန်တို့ကား အတွင်းဆောင်ခန်းထဲသို့ ဝင်ခဲ့ကြလေသည်။ ထိုအဆောင်ခန်းကား ခပ်ကျဉ်းကျဉ်းပင်ဖြစ်ကာ အပြင်အဆင် အမွှမ်းအမံဆို၍လည်း ပန်းအိုးတစ်လုံးနှစ်လုံးသာ ရှိနေလေသည်။ အိမ်ထောင် ပရိဘောဂဆို၍လည်း ညောင်စောင်းတစ်လုံးနှင့် ခုံအနည်းငယ်သာရှိနေ၏။ အခန်းဆောင်မှူးကြီးက ကျွန်မတစ်ယောက်နှင့်အတူ အော်တေဗီယာ အလိုရှိသော ဆေးစပျစ်ရည်ကို ယူဆောင်လာရာ အော်တေဗီယာက စပျစ်ရည်ကိုထားလျက် ပြန်ထွက်သွားကြရန် အမိန့်ပေးလိုက်လေ၏။

မိမိတို့နှစ်ယောက် စကားဆိုနေစဉ်အတွင်း ဘယ်သူကမှလာ၍ အနှောင့်အယှက်မပေးရန်ကိုလည်း အော်တေဗီယာက မှာကြားလိုက်လေ၏။

( ၄ )

အခန်းထဲတွင် သူတို့နှစ်ယောက်သာ ကျန်နေခဲ့ရသောအခါတွင်ကား အော်တေဗီယာက စိတ်လှုပ်ရှားနေသော အသံကလေးနှင့် စတင်မိန့်မြွက်တော်မူလေသည်။

"မဖုရားဟာ အခက်အခဲကြီးတစ်ခုကို အကျဉ်းအကျပ်ရင်ဆိုင်နေရပါတယ် ဖော်လ်ဂျန်။ အခုဆိုရင် မဖုရားရဲ့ ယောက္ခမအဂ္ဂရီပီနာဟာ အသက်ဆုံးရှုံးရတော့မှာ သေချာသလောက်ရှိနေရပါပြီ။ အဂ္ဂရီပီနာဟာ မဖုရားရဲ့ မိတ်ဆွေတစ်ဦးတော့ မဟုတ်ခဲ့ရပေမယ့် မဖုရားတို့ရဲ့ ရန်သူတော်ကြီးတွေက မောင်တော်နီရိုနဲ့ မဖုရားတို့ ခွာပြဲရအောင် ကြံစည်အားထုတ်နေကြတာတွေကိုတော့ မဖုရားဘက်ကနေ ကာကွယ်ပေးခဲ့ရှာပါတယ်။ အခု သူသာ သေသွားရမယ်ဆိုရင်တော့ မဖုရားမှာ မဟာမိတ် ကင်းမဲ့ရပြီး နီရိုကို မြှောက်ပင့်အားပေးနေတဲ့ တီဂျဲလီနပ်စ်နဲ့ ပေါပီယာတို့ အကောက်ကြံစည်တာတွေကို ဘယ်လိုမှကာကွယ်နိုင်တော့မှာ မဟုတ်ပါဘူး။ ပေါပီယာကတော့ မိဖုရားရဲ့နေရာမှာဝင်ပြီး ကေရီမိဖုရားခေါင်ကြီးလုပ်ဖို့ အားခဲထားနေတော့တာကလား"

"သူက မိဖုရားခေါင်ကြီး ဖြစ်လာနိုင်မှာတဲ့လား မဖုရားရယ်"

"ပေါပီယာဟာ သူ့ခန္ဓာကိုယ်ကို တန်ဖိုးကြီးကြီးထားနေတယ် ဖော်လ်ဂျန်ရဲ့၊ သူ့ကိုစုလျားရစ်ပတ် မိဖုရားမြှောက်ပါမှ နှင်းအပ်ရမယ့် ရတနာကြီးတစ်ခုအနေနဲ့ မောင်တော်နီရိုကို အကျပ်ကိုင်နေတော့တယ်လေ။ တကယ်တော့ သူဟာ နီရိုကို ဘယ်လိုမှ မြတ်နိုးတွယ်တာခြင်းရှိတာမဟုတ်ပါဘူး။ ဒါပေမဲ့ သူက မဖုရားရဲ့နေရာကိုတော့ အရလုယူဖို့ အားခဲထားနေတော့တာပါပဲ။ ဒီအတိုင်းဖြစ်ရအောင်လည်း သူဟာ ဘာမဆိုကြံစည်ရဲမယ့် မိန်းမတစ်ယောက်ပါပဲ"

အော်တေဗီယာသည် စကားကို ရပ်နားထားလိုက်ကာ ယခုမှ တီထွင်ခါစဖြစ်သော ပြတင်းပေါက်မှန်ချပ်ကလေးကို လက်တစ်ဖက်



နှင့် ပွတ်သပ်နေလိုက်လေသည်။ ပြီးမှ သူမသည် ဖော်လ်ဂျန်အား မေးခွန်းတစ်ခုထုတ်လိုက်လေသည်။

"ဖော်လ်ဂျန်၊ မောင်မင်းဟာ ခရစ်ယာန်တွေဟာ ဘာဆိုတာ သိသလား"

"ကျွန်တော်မျိုး ကောင်းကောင်းတော့ မသိပါဘူး။ ဒါပေမဲ့ သူတို့ဟာ အရှေ့ဒေသက ဘာသာအယူဝါဒ ယူသူတွေဖြစ်ကြတယ်ဆိုတာကိုတော့ ကြားထားရပါတယ်"

"သူတို့ဟာ နိုင်ငံရေးပြစ်မှုတစ်ခုအရ အကွပ်မျက်ခံရတဲ့ လူတစ်ယောက်ကို ဘုရားအဖြစ်နဲ့ ကိုးကွယ်ယုံကြည်နေကြတဲ့ လူတွေပါပဲ။ ဒီလူဟာ ပါလက်စတိုင်းပြည်ကပဲကွယ့်။ ဒါပေမဲ့ အခုရွှေရောမမြို့တော်ကြီးမှာ ဒီလူကို ကိုးကွယ်ယုံကြည်ကြတဲ့ လူတွေက အများကြီးရှိနေတယ်။ သူတို့ရဲ့အယူဝါဒအရ တိတ်တဆိတ်ကျင့်သုံးနေကြတယ်။ ဒီအကြောင်းတွေကို မဖုရားကို ပြန်ပြောပြတဲ့ ကျွန်မလေးတစ်ယောက်ရှိသကွယ့်။ ခရစ်ယာန်တွေက လူတွေဟာ တကယ်သေကြရတာ မဟုတ်ဘူးတဲ့။ ဒီဘဝမှာ သေသွားကြရပေမယ့် သူတို့ဟာ ပြန်လည်ရှင်သန်ထမြောက်ပြီး ထာဝရအသက်ရှင်နေကြတယ်လို့ အယူရှိကြသတဲ့။ လောကတစ်ခုခုမှာပေါ့ကွယ်"

"ကျွန်တော်မျိုး ဒါကိုတော့ မကြားမိသေးပါဘူး ဘုရား"

"မောင်မင်းက ဒါကိုမယုံကြည်နိုင်ဘူးလား ဟင်"

"ဒါတွေက မော်ဝိဇ္ဇာအတတ်နဲ့သာ ဆိုင်တာပါမဖုရားရယ်။ ဒီတော့ ခရစ်ယာန်တွေဟာ မော်ဝိဇ္ဇာဆရာတွေဖြစ်နေမှသာ.."

အော်တေဗီယာသည် စိတ်အားလျော့သွားရသည့်အလား သလွန်ညောင်စောင်းပေါ်တွင် ခွေလှဲချလိုက်ရှာ၏။

"ခရစ်ယာန်တွေ ယုံကြည်သလို နောင်တမလွန်မှာ ထာဝရတည်မြဲနေရမယ့် ဘဝမှာနေရရင်တော့ ပစ္စုပ္ပန်ဘဝဟာ ဘာအရေးကြီးမှာတဲ့လဲကွယ်။ ဒါလည်းပဲ ဒီလို တမလွန်ဘဝက မဖြစ်နိုင်လေတော့ ကမ္ဘာ

လောကမှာ နေထိုင်ရတဲ့ အသက်ဟာသာ အရေးပါအရာရောက်ဆုံးဖြစ်လာရတာပါပဲ။ ဒီတော့ တို့တစ်တွေ အသက်ရှိနေသရွေ့ တာဝန်ဝတ္တရားဆိုတာကိုလည်း နောင်တမလွန်ဘဝမှာ ပြုလုပ်မဟဲ့ရယ်လို့ ရွှေ့ဆိုင်းထားလို့ဖြစ်တာ မဟုတ်တော့ဘူး။ လက်ရှိဘဝမှာပဲ ရင်ဆိုင်ကြရတော့မှာကလား"

ဖော်လ်ဂျန်ကတော့ ဤသို့ထူးဆန်းသော စကားတွေ မိန့်မြွက်နေသော မိဖုရားကြီးကို ဂရုစိုက်၍ အကဲခတ်နေလိုက်မိသည်။ သူမကား တစ်စုံတစ်ခုပြုလုပ်ရန် အကြံရှိနေကာ ထိုအကြံသည် အကျိုးရှိပါသည်ဟု သူမဘာသာသူမ ယုံကြည်စိတ်ချလာရဖို့ကို ကြိုးစားနေဟန်တူပေ၏။

အော်တေဗီယာက ဆက်လက်၍ မိန့်မြွက်တော် မူလိုက်ပြန်လေသည်။

"ရောမမြို့တော်ကြီးဟာဖြင့် ဆိုးညစ်လှတဲ့အရာတစ်ခု ဖြစ်လာရပြီကွယ့်။ ငါတို့ရဲ့ယဉ်ကျေးမှုဆိုတာ ခေါမတွေဆီက ဆင်းသက်လာတာပဲ။ ငါတို့ရောမတွေဟာ ခေါမတွေရဲ့ အနုပညာရတနာကို လုယူရုံသာမကဘူး၊ သူတို့ရဲ့ ဘုရားတွေကိုပါ လွှဲပြောင်းယူခဲ့ကြပြန်တယ်။ ဒါတင်မဟုတ်သေးဘူး၊ ခေါမတွေရဲ့ အကျင့်ဆိုး အကျင့်ယုတ်တွေကိုလည်း အရေးယူခဲ့ကြပြန်တယ်လေ။ အခုဆိုရင်တော့ တို့ရောမတွေဟာကြွယ်ဝချမ်းသာသော်လည်း အဆုံအနစ်မရှိတော့တဲ့ လူမျိုးကြီးဖြစ်နေရပြီး အကျင့်သိက္ခာဆိုတာဟာ လှောင်ပြောင်စရာ အကြောင်းတစ်ခုသာဖြစ်နေရတယ်။ လင်မယားဆိုတာဟာလည်း ကိုယ့်လမ်းကိုယ်သွားနေကြတဲ့ လူနှစ်ယောက်သာ ဖြစ်နေရတယ်။ ဒီလိုကျင့်ကြံနေထိုင်ကြလေတော့ ဖောက်ပြန်မှုတွေဟာဖြစ်ပေါ်လာရတယ်။ရင်နှစ်သည်းချာဆိုတဲ့ ရတနာကိုလည်း ခံစားရရှိမလာရတော့ဘူး။ မိဖုရားပြောတာတွေကို သဘောပေါက်ရဲ့လား ဖော်လ်ဂျန်"



ဖော်လ်ဂျန်က ခေါင်းညိတ်ပြလိုက်လေလျှင် အော်တေဗီယာသည် ပို၍စိတ်လှုပ်ရှားလာရဟန်ဖြင့် ဆက်လက်၍မြွက်ကြားပြန်လေသည်။

"တို့တစ်တွေရဲ့ ရောမမျိုးရိုးဟာ တစ်ဖန်ပြန်လည်ပြီး ခိုင်ခံ့သန့်စွမ်းလာရဖို့ဟာက တို့တွေရဲ့ရင်သွေး ကလေးသူငယ်လေးတွေ အပေါ်မှာသာ တည်နေရတော့တာပဲကွယ့်။ ဒါပေမဲ့ ရောမနိုင်ငံကို အုပ်စိုးနေရတဲ့ မိဖုရားတို့ရဲ့ အမျိုးအနွယ်ထဲမှာ သန့်ရှင်းတဲ့ ကလေးသူငယ်တွေကိုတော့ ဘယ်မှာမျှော်လင့်ရနိုင်တော့မလဲ။ နီရိုရဲ့ မျိုးရိုးကတော့ မှတ်မိနိုင်သရွေ့အချိန်ကာလကစပြီး ပျက်စီးယိုယွင်းလာခဲ့ရပြီ။ နီရိုရဲ့ မယ်တော် အဂ္ဂရီပီနာကိုပဲ ကြည့်ပါတော့လေ။ ကလေးသူငယ်အရွယ်ကစပြီး ဖောက်ပြန်ပျက်စီးခဲ့ရတယ်။ ကာလီဂူလာနဲ့ ဖောက်ပြန်မှားယွင်းခဲ့ပြီး မဖုရားရဲ့ ခမည်းတော်နဲ့ စုလျားရစ်ပတ်ခဲ့တဲ့နောက်မှာ တခြားကြင်ရာခင်ပွန်းနဲ့ရတဲ့ သူ့သားနီရို နန်းစံရဖို့ကို ကြံစည်ပြီး ကလော်ဒီယပ်စ်ကို အဆိပ်ခတ် လုပ်ကြံခဲ့တယ်။ ပြီးတော့ မဖုရားရဲ့ အပြစ်ကင်းမဲ့တဲ့မောင်တော်ကိုလည်း လုပ်ကြံသတ်ဖြတ်ခဲ့ပြန်တယ်။ နီရိုမျိုးရိုးရဲ့ ဖောက်ပြန်ယုတ်မာပုံတွေကတော့ အဲဒီအတိုင်းပါပဲ"

အော်တေဗီယာသည် မချိသွားဖြဲအမူအရာနှင့် ရယ်လိုက်ပြန်ပြီးနောက်မှ စကားဆက်လိုက်ပြန်သည်။

"မဖုရားကိုယ်တိုင်ရဲ့မျိုးရိုးကလည်း သန့်ရှင်းစင်ကြယ်လှတယ်တော့ မဆိုနိုင်ပါဘူး။ မဖုရားရဲ့ဖခင် ခမည်းတော်ဟာဆိုရင် လူပျော့လူညံ့တစ်ယောက်ဖြစ်ခဲ့ပါတယ်။ မဖုရားရဲ့ မယ်တော်ဟာ ဆိုရင်လည်း ကာမဂုဏ်ကျူးပြီး ဖောက်ပြန်လှတဲ့ မိန်းမတစ်ယောက်ပါပဲ။ ဒါပေမဲ့ မက်ဆီလီနာဟာ ယုတ်မာတဲ့ စိတ်ထားတော့ မရှိခဲ့ရှာပါဘူး။ ဒါကြောင့်လည်း မဖုရားရဲ့သွေးဟာ နီရိုရဲ့သွေးထက်တော့ နည်းနည်းပါးပါး ပိုကောင်းသေးတယ်ရယ်လို့ ယူဆထားမိခဲ့တာကလား။ ဒီတော့ တခြား ကောင်းမွန်သန့်ရှင်းတဲ့ သွေးနဲ့ရောစပ်မိမယ်ဆိုရင် မဖုရားမှာ ဘယ်လိုမှ ဖောက်ပြန်ချို့ယွင်းချက်မပါမယ့် ရင်သွေးငယ်လေး တစ်

ယောက်ကိုတော့ ရနိုင်သေးတယ်လို့ မျှော်လင့်မိတာပါပဲ။ ဒီရင်သွေးလေးဟာ အကယ်၍ သားယောကျ်ားလေး ဖြစ်လာရင်လည်း ငယ်ငယ်ကတည်းက အကျင့်စာရိတ္တ မဖောက်ပြားရအောင် ဂရုစိုက်သွန်သင် ပဲ့ပြင်ပေးမယ်ဆိုရင် သူဟာ မဖုရားတို့ရဲ့ မျိုးရိုးမင်းဆက်ကို တစ်ဖန် သန့်စွမ်းလာနိုင်စေမယ့် မင်းကောင်းတစ်ပါးဖြစ်လာရမယ်လို့ မဖုရားဟာ ရည်သန်မျှော်မှန်းထားမိတော့တာပဲ။ အဲဒီအတိုင်းသာ ဖြစ်နိုင်ရင် တစ်နေ့ကျတော့ မဖုရားတို့ရဲ့ ရောမလူမျိုးတွေဟာ သူတို့ရဲ့ အဆက်အနွယ် အစဉ်အလာတွေကို ရိုသေလေးမြတ်ခြင်း ရှိလာလိမ့်မယ်လို့လည်း ဆုတောင်းရတော့တာပဲ။ နောင်လာနောက်သားတွေရဲ့ ရိုသေလေးမြတ်မှုကို ခံယူထိုက်ရအောင်လည်း တို့တစ်တွေဟာ ပြုမူကျင့်ကြံရမှာပဲ ဖော်လ်ဂျန်"

အော်တောဗီယာသည် ပြောပြောဆိုဆို ထိုင်ရာမှထကာ ဖော်လ်ဂျန် အနီးသို့ တိုးကပ်လာလေရာ ဖော်လ်ဂျန်သည်လည်း ထရပ်လိုက်ရလေသည်။ အော်တောဗီယာ၏ မွေမျက်နှာတော်လေးကား သွေးမရှိသကဲ့သို့ ဖြူရော်နေကာ တစ်နေရာသို့ စူးစူးစိုက်စိုက်ကြည့်နေ၏။

"တကယ်လို့ မဖုရားမှာ ရင်သွေးလေးတစ်ယောက်သာရရင် ဒီရင်သွေးတော်အားဖြင့် လက်ရှိရောမနဲ့ အနာဂတ်ရောမ နိုင်ငံတော်ကြီးကို ကယ်တင်နိုင်မှာပဲ။ နီရိုဟာဆိုရင် ဒီကလေးကို သိပ်ချစ်မှာပဲ။ မဖုရားရဲ့ရင်သွေးအနေနဲ့ မဟုတ်ဘဲ သူနဲ့ရတဲ့ ရင်သွေးအနေနဲ့ ချစ်မြတ်နိုးမှာကို ဆိုလိုတာပါ ဖော်လ်ဂျန်။ အဲဒီလို ကြံစည်ယူရတော့မှာပါပဲ"

ဖော်လ်ဂျန်မှာကား ဤတွင်မှ ဧကရီအော်တောဗီယာက ဘယ်လို အဓိပ္ပာယ်နှင့် ဤစကားတွေ မိန့်မြွက်နေသည်ကို သဘောပေါက်နားလည်လာမိလေတော့၏။

"မောင်မင်းဟာ တောနယ်က ကျေးတောသားတစ်ယောက်ပဲ ဖော်လ်ဂျန်။ ခွန်အားဗလ တောင့်တင်းပြီး ကျန်းမာသန်စွမ်းတဲ့ လူတစ်



ယောက်ပါပဲ။ ဒါကြောင့်လည်း ဘားရပ်စ်က မောင်မင်းကို ရွေးချယ်ပြီး မဖုရားကိုယ်တော်တိုင်ကလည်း သဘောတူညီခဲ့တာပဲပေါ့"

ဖော်လ်ဂျန်ကား ရင်ထဲတွင် နှလုံးတထိတ်ထိတ် ခုန်နေရာက အော်တောဗီယာအား စူးစိုက်ကြည့်ရှုလိုက်မိလေသည်။ သူသည် ဤနေရာမှ ထွက်ပြေးချင်စိတ် ပေါ်လာ၏။ ကျယ်လောင်စွာနှင့် ဟစ်အော်မိချင်၏။ သို့ရာတွင် ဘာကိုမှ မလုပ်နိုင်ဘဲ နေရာတွင်ပင် အမြစ်တွယ်နေရသည့် လူအလား ရပ်နေမိလေသည်။

နီရိုဘုရင်၏မယ်တော် အဂ္ဂရိပီနာနှင့် တွေ့ရစဉ်ကမူကား ဖော်လ်ဂျန်မှာ သူမအား ဘယ်လိုမှ ရိုသေလေးမြတ်မှု မထားမိခဲ့။ ယောကျ်ားများကို ဒိုးလိုမွေ့ ရေလိုနှောက်နေလေသော မိန်းမလည်ကြီးတစ်ဦးအနေနှင့်သာ မှတ်ယူခဲ့ကာ သူမအား ဝဇီကံ မနှောက်ရော ပြစ်မှားမိခဲ့သည်ကိုလည်း ဘယ်လိုမှ လေးနက်စွာ မမှတ်ယူမိခဲ့ပေ။

သို့ရာတွင် ယခုသူ့ရှေ့၌ ရောက်ရှိနေသော အမျိုးသမီးမှာကား ခြားနားနေရ၏။ ဧကရီအော်တောဗီယာမှာ သူ့အတွက်ဆိုလျှင် ရိုသေလေးစားထိုက်ဖွယ်ရာ နတ်ဘုရားမကြီးတစ်ပါးလို ဖြစ်နေရ၏။ နတ်ဘုရားမတစ်ပါးနှင့် အုံးစက်ရာတွင် မွေလက်တွဲအိပ်စက်လျက် ကာမဂုဏ်ခံစားရမည်ကား တွေးမကြည့်ဝံ့သော ကိစ္စကြီးသာ ဖြစ်နေရတော့သည် မဟုတ်လား။

ဖော်လ်ဂျန်သည် ဤသို့တွေးလျက် ငိုင်နေမိရာက ရုတ်တရက် ဆိုသလို အော်တောဗီယာ၏ မွေမျက်နှာတော်ကလေးတွင် မျက်ရည်တွေက ယိုစီးကျလာသည်ကို တွေ့လိုက်ရလေ၏။

"ဘာလဲ ဖော်လ်ဂျန်၊ မောင်မင်းက မဖုရားကို ရွံ့ရှာစက်ဆုပ်ဖွယ်ရာ မိန်းမတစ်ယောက်အဖြစ်နဲ့ မြင်နေသလား။ မဖုရားဟာ မောင်မင်းအတွက် မိန်းမတစ်ယောက်အနေနဲ့ တပ်မက်စရာ မရှိတော့ဘူးလား ကွယ်"

မိန်းမတစ်ယောက်သာပါ။ နတ်ဘုရားမတော့ မဟုတ်။

ဧကရီ မိဖုရားခေါင်ကြီး တစ်ပါးဖြစ်နေရသော်လည်း တကယ်တော့ သူမကား မိန်းမတစ်ယောက်သာ ဖြစ်နေသည်ကား အမှန်ပင်ဖြစ်တော့သည်။

ဖော်လ်ဂျန်၏ ဦးနှောက်သည် ကြည်လင်လာကာ ထူးခြားသော အပူဓာတ်ကလည်း သူ့တစ်ကိုယ်လုံးတွင် ပျံ့နှံ့လာရလေသည်။ သူက လက်တစ်ဖက်ကို ဆန့်တန်းလိုက်မိရာတွင် နောက်တစ်ခဏအတွင်း၌ မိဖုရားခေါင်ကြီး အော်တေဗီယာမှာ သူ့ရင်ခွင်တွင်းသို့ အမြဲ့သား ရောက်ရှိလာရလေတော့၏။

❄

## အခန်းတစ်ဆယ့်လေး

### ( ၁ )

နွေဥတုကုန်ဆုံးခါနီး အချိန်တိုင်အောင် ဖော်လ်ဂျန်သည် သူမအား နောက်ထပ်၍ မတွေ့ရတော့ပေ။

နီရိုမှာ နွေရာသီအတွက် ၎င်း၏ စိတ်ကြိုက်အရပ်ဖြစ်သော နေပဲလ်ပင်လယ်အော် ဒေသတွင်းရှိ ဘေအိမြို့သို့ ယာယီထီးနန်းရွှေ့သွားသည်ဖြစ်ရာ အော်တေဗီယာမှာလည်း လိုက်ပါသွားရလေသည်။ သူမနှင့်အတူ ဖော်လ်ဂျန်က ချပေးခဲ့သော သားမျိုးစေ့ကလေးသည် သန္ဓေတည်လာရလိမ့်မည် ဟူသော မျှော်လင့်ချက်ကြီးကိုပါ အော်တေဗီယာက ယူဆောင်သွားခဲ့ရာ၏။

ဖော်လ်ဂျန်ကတော့ သူ၏သားမျိုးစေ့သည် အောင်မြင်လိမ့်မည်ဟု မထင်မှတ်မိဘဲ ရှိနေခဲ့၏။ သူတို့နှစ်ယောက်၏ ဆက်ဆံမှုဝယ် ရမ္မက်အဟုန်က ဘယ်လိုမှ မပါဝင်ခဲ့။ ထိုကိစ္စမှာ ကြိုတင်တွက်ချက် စီမံထားသော လုပ်ငန်းတစ်ရပ်လိုသာ ပြီးစီးခဲ့ရ၏။ အော်တေဗီယာကိုယ်တိုင်မှာလည်း ထိုကိစ္စအတွင်းဝယ် အင်မတန်မှ ရှက်အားပိုနေခဲ့

ရကား ဖော်လ်ဂျန်မှာလည်း ထိုကိစ္စတွင် စိတ်လုံးလုံးလျားလျား မစူးစိုက်နိုင်ဘဲရှိခဲ့ရ၏။ နောက်ထပ်၍ တစ်ကြိမ်နှစ်ကြိမ် တွေ့ဆုံရဦးမည်ဆိုပါမှ သားမျိုးစေ့အောင်မြင်ရေးကို စိတ်ချရပေမည်ဟု ဖော်လ်ဂျန်က ထင်မိလေသည်။ သူ၏လယ်တောတွင် တိရစ္ဆာန်တွေကို သားဖောက်ပေးရာတွင်ပင် တစ်ကြိမ်တစ်ခါတည်းနှင့် အောင်မြင်တတ်သည်မဟုတ်ပေ။

သို့ရာတွင် အော်တေဗီယာကိုယ်တိုင်ကတော့ မျှော်လင့်ချက် ကြီးစွာထားလျက် ယာယီထီးနန်းစိုက်ရာ တောင်ပိုင်းအရပ်သို့ လိုက်ပါသွားခဲ့ရှာ၏။

"မိဖုရားဟာ ဘေအီအရပ်မှာရှိနေစဉ်အတွင်း နေ့စဉ်နေ့တိုင်း နတ်ဘုရားတွေကို ယဇ်ပူဇော်ပသပြီးသာ ဆုတောင်းနေတော့မှာပါပဲ"ဟု အော်တေဗီယာက ဖော်လ်ဂျန်နှင့် ခွဲခွာခါနီးတွင် မိန့်တော်မူခဲ့သေးသည်။ "မဖုရားဟာဆိုရင် နတ်ဘုရားအပေါင်းအပေါ်မှာ ဘယ်တုံးအခါမှာမှ တာဝန်မပျက်ကွက်ခဲ့ဖူးပါဘူး။ အခုနတ်ဘုရားကြီးတွေကလည်း မဖုရားအပေါ်မှာ တာဝန်ပျက်ကွက်လိမ့်မယ် မဟုတ်ပါဘူးကွယ်"

အကယ်၍ သူမ၏မျှော်လင့်ချက်သည် ပြည့်စုံလာရပါမူ နီရိုကိုယ်တိုင်က သူမနှင့်အတူ ဘေအီအရပ်တွင်ရှိနေရခြင်းက သူတို့နှစ်ဦး၏ လျှို့ဝှက်မှုကြီးကို ကာကွယ်ထားနိုင်လိမ့်မည် ဖြစ်လေသည်။ နီရိုနှင့်အတူ မြောက်မြားစွာသော မျှော်ရုံသင်းပင်းတို့က လိုက်သွားခဲ့ကြကာ ၎င်းတို့အထဲတွင် ပေါ်ပီယာမှာ နီရိုအရေးပေးဆုံးသော အချစ်တော်ကြီးအနေနှင့် ပါဝင်ခဲ့ပေသည်။ သူမအား ယခုလို ခေါ်ဆောင်လာခြင်းကို နီရိုသည် အာပတ်ဖြေသောအားဖြင့် ၎င်း၏မိဖုရားကြီး အော်တေဗီယာကိုလည်း ခါတိုင်းထက်ပို၍ အရေးပေးမည်ဖြစ်ကာ မိဖုရားခေါင်ကြီးထံ အဆောင်တော်ကူး၍ အိပ်စက်ခြင်းကိုပါ ပြုမူလိမ့်မည်မှာလည်းသေချာနေရပေ၏။ ထို့ကြောင့် အကယ်၍ အော်တေဗီယာတွင် ပဋိသန္ဓေတည်



လာပါက နီရိုဘုရင်က သူ့ရင်သွေးပင်ဖြစ်ပေသည်ဟု ယုံကြည်မည်သာဖြစ်သည်။

ဤသို့ ဆင်ခြင်တွေးတောမိခြင်းအတွက် ဖော်လ်ဂျန်မှာ အနည်းငယ်တော့ စိတ်သက်သာရာ ရခဲ့လေသည်။ သို့ရာတွင် ထိုတစ်နွေလုံးဝယ် ဖောလ်ဂျန်မှာ စိတ်အေးအေးနေခဲ့ရသည်ဟူ၍ မရှိခဲ့ရချေ။ အော်တေဗီယာအား သူက သားဆုပေးခဲ့ရသော အဖြစ်သည် သူ့စိတ်ကို ဖရိုဖရဲဖြစ်စေခဲ့၏။

အကယ်၍ အော်တေဗီယာအား သူပေးခဲ့ရသော သားမျိုးစေ့သည် အောင်မြင်မှုရပြီး သူ့သားက ရောမနိုင်ငံတော်ကြီးကို အုပ်စိုးဖို့ဖန်တီးလာရပါမူ သူ့အတွက် လျှို့ဝှက်စွာပင်ဖြစ်စေကာမူ အင်မတန်မှ ဂုဏ်ယူစရာကြီး ဖြစ်နေရတော့၏။ သို့တစေလည်း ထိုအတွေးမှာပင် သူ့အတွက် တစ်မျိုးထူးခြားစွာနှင့် စိတ်အနှောင့်အယှက်ကြီးတစ်ခု ဖြစ်နေရလေသည်။ ဧကရီအော်တေဗီယာနှင့် ရှေ့လည်တွဲ၍ အိပ်စက်ကာကာမဂုဏ်ကျူးလွန်ခဲ့ရသော်လည်း သူမအပေါ်ထားရှိမိသော သူ၏လေးစားရိုသေမှုက ယုတ်လျော့မသွားရသည်သာမက ပို၍သာ တိုးတက်ကြီးမားလာရသည်ဟု ဆိုနိုင်ပေတော့၏။

ထို့ကြောင့်လည်း သူက ကြည်ညိုလေးစားမိသော မိဖုရားခေါင်ကြီးနှင့် ကာမဂုဏ်ကျူးလွန်ခံစားခဲ့ကြသော သူ့အဖြစ်ကိုပြန်လည်တွေးမိရင်း စိတ်ထဲတွင်မသိုးမသန့် ဖြစ်နေရမိတော့ပြီး ထိုတစ်နွေလုံးမှာပင် သူသည် တခြားမိန်းမများနှင့် ဆက်ဆံခြင်းမပြုတော့ဘဲ ဆင်ခြင်နေထိုင်ခဲ့လေသည်။ ထို့ကြောင့်လည်း ထိုနွေဥတုမှာ သူ့အတွက် ပျင်းရိစရာအကောင်းဆုံး အချိန်ကာလဖြစ်နေလေတော့သည်။ အော်တေဗီယာထံမှ ရထားသော လှပသော သူ၏မြင်းလေးကောင်နှင့် ရထားကြီးကို မောင်းနှင်စီးနင်းရသည်မှာပင် သူ့အတွက်ဘယ်လိုမှ အရသာမတွေ့နိုင်ဘဲ ရှိနေရလေတော့သည်။ နောက်ဆုံးတွင် မြင်းရထားနှင့် မြင်းတွေကို ဘက်ဆီဒပ်စ်နှင့်သာ လုံးဝလွှဲထားလိုက်လေတော့၏။

တစ်ဖန် သူနှင့် အသိမိတ်ဆွေဖြစ်နေရသော စပျစ်ခြံပိုင်ရှင် မားကပ်စ်ဒေးလိယပ်စ်ထံသို့ သွားလည်ပါသော်လည်း ယခင်ကလို စိတ်ပျော်ရွှင်ခြင်းမတွေ့ရဘဲ ရှိနေရပြန်၏။ ၎င်း၏ စပျစ်ခြံသို့ သူတစ်ခေါက်နှစ်ခေါက်သွားလည်ခဲ့ကာ အကိုင်းချင်းဆက်၍ဖောက်ထားသော စပျစ်ပင်ကလေးများမှာ အခက်အလက်ဝေဝေဆာဆာ တက်နေသည်ကို အံ့သြစွာတွေ့ခဲ့ရလေသည်။ မားကပ်စ်မှာ ထိုအဖြစ်ကို ဂုဏ်ယူမဆုံး အောင်ရှိကာ ထိုသို့အောင်မြင်ရအောင် သူကြိုးစားခဲ့ရသည့် စိုက်ပျိုးမှုအဆင့်ဆင့်ကို အကျယ်တဝင့် ရှင်းပြရှာသေး၏။ သို့ရာတွင် ဖော်လ်ဂျန်မှာ ဘယ်လိုမှ စိတ်မဝင်စားနိုင်ဘဲ ရှိနေရပြီး နောက်တွင်တော့ ၎င်း၏ စပျစ်ခြံသို့ မသွားဘဲနေလိုက်လေတော့သည်။

ထိုတစ်နွေလုံးတွင် သူ့အတွက်ကျေနပ်စရာ၊ သဘောကျစရာဆို၍ တစ်ခုသော အကြောင်းအရာကသာ ရှိခဲ့လေသည်။ အခြားမဟုတ်။ အရီနာတိုက်ပွဲတွေကို ဆောင်းဦးရာသီသို့ ရွှေ့ထားလိုက်ခြင်းသာ ဖြစ်ခဲ့၏။ သို့အားဖြင့် ဗော်တီနက်နှင့် တိုက်ပွဲတွင် ရင်ဆိုင်သတ်ဖြတ်ရမည့် ပြဿနာကြီးကို ယခုလောလောဆယ် ဖြေရှင်းဖို့မလိုတော့ဘဲ ရှိနေရလေသည်။ သူနှင့် ဗော်တီနက်ကား တစ်ဦးကိုတစ်ဦး လုံးဝစကားမပြောကြပေ။ ဖော်လ်ဂျန်က ၎င်းကိုလျစ်လျူရှုထားသည့်နည်းတူ ဗော်တီနက်ကလည်း သူ့အားရှောင်ရှားနေခဲ့လေသည်။ လေ့ကျင့်ရေးဆရာကွာတီလာကား လက်ရုံးဇာနည်တွေ၏ လေ့ကျင့်ခန်းတွေကို နွေရာသီအတွင်း လျှော့ပေးခဲ့သော်လည်း ဗော်တီနက်တစ်ယောက်ကတော့ သူတစ်ယောက်တည်းသာ သဲကြီးမဲကြီး လေ့ကျင့်လျက် ရှိနေခဲ့၏။

"ဒီကောင်က ဆင်နစ္စတာဆီကို တစ်ပတ်တစ်ခါ သွားလည်တဲ့အခါမှာ ဆင်နစ္စတာနဲ့ ဓားခုတ်လေ့ကျင့်ခန်းတွေ ယူနေသတဲ့ကွ"ဟု ဟားလ်က သူ ကြားထားသမျှကို ဖောလ်ဂျန်အား ပြောပြခဲ့လေသည်။

"ဆင်နစ္စတာက ဓားသိုင်းတွေကို သူ့ကို လက်ထပ်သင်ပြပေးသတဲ့လေ"



သို့ရာတွင် ဖော်လ်ဂျန်ကတော့ ဗော်တီနက်ကို ဘယ်လိုမှ အရေးမစိုက်ဘဲ လျစ်လျူရှု၍သာ နေခဲ့လေ၏။ သူ့စိတ်ထဲမှာတော့ သူ့ကိုခင်မင်ခြင်းမရှိတော့သည့်တိုင် သူကတော့ လေးနက်စွာခင်မင်နေခဲ့သူ ဤဘာဘေးရီးယန်း လူရိုင်းကြီး ဗော်တီနက်နှင့် အရီနာတိုက်ပွဲတွင် ယှဉ်ပြိုင်တိုက်ခိုက်ရမည့် အရေးကို ရှောင်ရှားနိုင်မည့် အကြံအစည်တစ်ခုကိုသာ ကြံဆရှာဖွေနေခဲ့မိလေသည်။

( ၂ )

ရောမမြို့တော်ကြီးတွင် ပျင်းရိခြောက်ကပ်နေရသလောက် နီရိုဘုရင်နှင့် အခြွေအရံများ ယာယီနန်းစိုက်နေရသည့် တောင်ပိုင်းဆီကမူကား သတင်းတွေ အဆက်မပြတ် ရောက်ရှိလာနေခဲ့ရလေသည်။

မယ်တော်မိဖုရားကြီး အဂ္ဂရီပီနာမှာ နွေရာသီအမ်တီယမ်သို့ သွားရောက်စံမြန်းနေခဲ့ရာ နီရိုဘုရင်က ရတ်တရက်ဆိုသလို ၎င်းစံမြန်းနေထိုင်ရာ ဘေအိမြို့သို့ကြွရောက်ရန် ဖိတ်ခေါ်လိုက်လေသည်။ သားတော်ဖြစ်သူက ဤသို့ပြန်လည်သင့်မြတ်ချင်သည့် အရိပ်လက္ခဏာပြလာသည်ကို ဝမ်းသာအားရဖြစ်မိသည့် မယ်တော်မိဖုရားကြီးမှာလည်း ချက်ချင်းပင် သူမ၏အခမ်းနားဆုံးသော လှေတော်ကြီးတစ်စီးနှင့် ဘေအိမြို့သို့ ရောက်ရှိလာခဲ့ရာ နီရိုဘုရင်ကလည်း မိမိ၏မယ်တော်အား ခင်မင်စွာနှင့် ကြိုဆိုလက်ခံကာ ကောင်းစွာပင်ပြုစုထားခဲ့လေသည်။ သို့တစေလည်း အဂ္ဂရီပီနာပြန်ကြွရန် အချိန်ကျရောက်လာသည့် အခါတွင်ကား သူမ၏လှေတော်ကြီးမှာ ထူးဆန်းစွာနှင့် ပျက်စီးချို့ယွင်းနေရလေတော့၏။ နီရိုသည် မယ်တော်ပြန်နိုင်ရန်အတွက် သူ၏ကိုယ်ပိုင်အကောင်းဆုံးသော အက်ဘော်နီသားနှင့် ဆောက်လုပ်ထားကာ လှေလှော်သားများ တစ်ဖက်တစ်ချက်တွင် နှစ်ဆင်ပါရှိသော လှေကြီးတစ်စီးကို ထုတ်ပေးခဲ့လေသည်။

မည်သို့မျှ သံသယမကင်းမဖြစ်မိသော အဂ္ဂရီပီနာကလည်း ထိုလှေတော်ကြီးနှင့်ပင် မိမိစံမြန်းရာ အရပ်သို့ပြန်ကြွလာခဲ့လေသည်။ နေဝင်ရီတရောအချိန်ဖြစ်ရာ ပင်လယ်ပြင်ကြီးမှာ ခိုသွေးဆိုးထားသည့်အလား နီရဲလျက်ရှိနေရလေသည်။ ကမ်းခြေတွင် လိုက်၍ပို့ကြသော နီရို၏လူတွေက ဆူညံပျော်ရွှင်စွာနှင့် လက်ယမ်း နှုတ်ဆက်လျက်နေသည့်အတွင်း လှေလှော်သားတွေက တက်ချက်ညီညီနှင့် လှော်ခတ်လာခဲ့ကြကာ လှေတော်ကြီးသည် ည၏အမှောင်ထုထဲသို့ တဖြည်းဖြည်းနှင့် တိုးဝင် ပျောက်ကွယ်သွားလေတော့သည်။

ထိုအတော အတွင်းမှာပင် လှေတော်ကြီးသည် ရုတ်တရက်ဆိုသလို နှစ်ခြမ်းကွဲအက်သွားလေတော့၏။

ဤသို့ ရေပေါ်တွင်လှေနှစ်ခြမ်းကွဲ၍ နစ်မြုပ်ရသော အဖြစ်မျိုးကား နီရိုဘုရင်က အထူးနှစ်ခြိုက်စွာ အသုံးချခဲ့လေသည့် စီမံဖန်တီးချက်တစ်ရပ်ပင် ဖြစ်နေရလေသည်။ အရီနာတိုက်ပွဲကွင်းကြီးထဲတွင် ရေကန်ကြီးဆောက်လုပ်လျက် လှေချင်းတိုက်ပွဲများ ကျင်းပခဲ့သည့်အခါများတွင် လှေများသည် ဤသို့လျှင် ရေပေါ်၌ ရုတ်တရက် နှစ်ခြမ်းကွဲအက်ထွက်ကာ လှေပေါ်တွင်ပါလာသမျှသော လူတွေရေထဲသို့ကျကုန်ရသော အဖြစ်မျိုးကို နီရိုဘုရင်က အကြိမ်ကြိမ်အခါခါဖန်တီးစီမံခဲ့လျက် နှစ်ခြိုက်အားရစွာ ရှုစားတော်မူခဲ့ပြီဖြစ်လေတော့၏။

ထိုနေ့ညနေခင်းတွင် အလွန်တရာ မြင့်မြတ်တော်မူသော နီရိုဘုရင်သည် ဘေအိမြို့၌ သူ၏ခြွေရံသင်းပင်းများအတွက် ဧည့်ခံပျော်ပွဲကြီးတစ်ရပ် ကျင်းပတော်မူခဲ့လေသည်။ ဧည့်သည်တော်များသည် မီးတောင်ဟောင်းကြီးတစ်ခုဖြစ်လျက် ကမ္ဘာမြေအောက်မှ ဘီလူးနီကြီးဟု သမိုင်းအစဉ်ရှိနေသော ဗီဆုဗီယပ်စ်မီးတောင်ကြီးကို ကျောပေးလျက်ထိုင်နေကြရကာ နီရိုဘုရင်ကတော့ ထိုမီးတောင်ဟောင်းကြီးကိုရှေးရှုလျက် မြေအောက်ဘီလူးနီ ဗီဆုဗီယပ်စ်သည် တစ်ဖန်ပြန်လည်၍ အသက်ရှင်လာကာ မီးတောက်မီးလျှံ မီးကျီမီးခဲများကို အန်ထုတ်ပ



က မိမိသည် ထိုအဖြစ်ကို သီချင်းတစ်ပုဒ်ဖြစ်အောင် တင်စားကျူးရင့်ပါမည်ဟု တိုင်တည်ပြောဆိုလျက် ရှိနေလေ၏။ သို့ရာတွင် ဧည့်သည်တော်တော်များများကား နီရိုဘုရင်၏ တိုင်တည်ချက်စကားများကို ကောင်းမွန်စွာ အာရုံစိုက်နိုင်သည် မဟုတ်ကြပါပေ။ သူတို့ကား မယ်တော် မိဖုရားကြီး အဂ္ဂရီပီနာ ကံတော်ကုန်ခြင်းသတင်း ရောက်လာရတော့မည့် အချိန်ကို စောင့်စားနေကြခြင်းဖြစ်လေ၏။

သို့တစေ အဂ္ဂရီပီနာကား သူတို့မျှော်လင့်သလိုမဟုတ်ဘဲ အသက်ရှင်လျက်သာ ရှိနေရသေးလေသည်။ သူမ၏ လှေတော်ကြီးက ကွဲအက်သွားရသည့် အခါတွင် သူမမှာ သူများတွေနည်းတူပင် ပင်လယ်ထဲသို့ လွင့်ကျသွားခဲ့ရာ၌ မနစ်မြုပ်ရစေရန် ကြိုးစား၍ကူးခတ်နေခဲ့၏။ သူမအား တံငါသည်တစ်ယောက်က တွေ့ရှိသွားလျက် ပင်လယ်ထဲမှ ဆယ်တင်ခဲ့ကာ ယခုတော့ သူမသည် ဘေးကင်းရင်းစွာနှင့် အမ်တီယံရှိ သူမ၏ စံအိမ်တော်ကြီးသို့ ရောက်ရှိနေရပြီ ဖြစ်လေ၏။ နောက်တွင် ရရှိလာသော သတင်းများအရ ဆိုလျှင်ကား အဂ္ဂရီပီနာသည် သူမ၏ လှေတော်ကြီးကွဲအက်နစ်မြုပ်ရခြင်းမှာ လုပ်ကြံချက်ဟူ၍ မထင်မှတ်ဘဲ ရှိခဲ့သည်ဟု ဆိုလေသည်။ သို့ရာတွင် နီရိုမှာ ထိုအကြောင်းကိုမသိဘဲ မယ်တော်က သူ ဘေးကင်းစွာရှိနေကြောင်းကို စေတမန်လွှတ်၍ သတင်းပို့လိုက်သည့်အခါ၌ မယ်တော်သည် မိမိ၏ လုပ်ကြံချက်ကို ရိပ်စားမိသွားကာ မိမိအပေါ်တွင် မုချလက်စားချေတော့မည်ဟု အထင်ရောက်ခဲ့လေသည်။

သို့အညီ ပျော်ပွဲကြီးကျင်းပနေခဲ့သော ဘေအိအရပ်တွင် ချက်ချင်းလက်ငင်းဆိုသလို အကြံအိုက်စိတ်ပူပန်ခြင်းများက လွှမ်းမိုးလာခဲ့ရ၏။ နီရိုအား သူ၏အချစ်တော် ပေါပီယာနှင့် တီဂျဲလီနပ်စ်တို့က မယ်တော်၏ရန်ကို အမျိုးမျိုးတွေးကာ စိုးရွံ့လာရအောင် ဘေးကနေ၍ တတွတ်တွတ် ကုန်းချောနေခဲ့ကြသည်ကို မိဖုရားခေါင်ကြီး အော်တေဗီယာမှာ မည်သို့မျှ မတတ်နိုင်ဘဲ ကြည့်၍သာနေခဲ့ရလေသည်။ နောက်ဆုံးတော့

ထုံးစံအတိုင်းပင် နီရိုသည် ပေါ်ပီယာနှင့် တီဂျဲလိနုပ်စ်တို့၏ စကားတွေကိုသာ နားဝင်ခဲ့လေတော့သည်။

အမ်တီယံအရပ်သို့ စစ်သားများကို ခေါင်းဆောင်လာသော စစ်ဗိုလ်ကလေးတစ်ယောက်က ရုတ်တရက်ရောက်ရှိလာခဲ့ကာ အဂ္ဂရီပီနာ၏ ရေ့တော်မှောက်ကို ရောက်လာရသည်အထိ အတင်းအဓမ္မ ဝင်ရောက်ခဲ့ကြလေသည်။ အဂ္ဂရီပီနာမှာလည်း အခြေအနေကို ချက်ချင်းပင် ရိပ်စားသိရှိတော်မူကာ သူမအား လုပ်ကြံရန်လာသော စစ်ဗိုလ်လေးကို ရာဇက္ကန္ဒြေမပျက်ယွင်းဘဲ ရင်ဆိုင်ခဲ့လေသည်။

စစ်ဗိုလ်ကလေးက သူသည် ဘုရင့်အမိန့်အတိုင်း နာခံရတော့မည်ဖြစ်ကြောင်းကို လျှောက်တင်ကာ သူ့စစ်သားတွေကို အချက်ပြလိုက်သည့်အခါ၌ စစ်သားတွေက ဓားကိုဆွဲချွတ်လိုက်ကြလေသည်။ ဤတွင် အဂ္ဂရီပီနာကလည်း သူမ၏ကိုယ်ခန္ဓာ တစ်နေရာသို့ ညွှန်ပြပြီး အမိန့်ရှိလိုက်လေသည်။

"ကဲ မောင်မင်းတို့၊ ငါ့ကို ထိုးခုတ်ကြမယ်ဆိုရင်လည်း ဟောဒီနေရာကိုသာ ထိုးခုတ်ကြပါတော့၊ ဘာဖြစ်လို့လဲဆိုတော့ ငါ့သားအိမ်က ငါ့ကို အခုလိုသစ္စာဖောက်တဲ့ သတ္တဝါဆိုးကြီးကို သန္ဓေပေးခဲ့လို့ပဲကိုး"

အဂ္ဂရီပီနာ၏ဤအမိန့်ကို စစ်သားများက နာခံရဖို့ ရှက်ကြောက်မိကြရကာ သူမအား ဦးခေါင်းနှင့်လည်ပင်းကိုသာ ဓားတွေနှင့်ခုတ်ပိုင်းချလိုက်ကြလေသည်။ သို့ရာတွင် အဂ္ဂရီပီနာမှာ သွေးစိမ်းရှင်ရှင်ထွက်လာသည့်တိုင်အောင်ပင် သားဆိုးသားညစ်အတွက် ကျေနပ်နှစ်သိမ့်မှု ပေးဆောင်မည့် အော်ဟစ်ညည်းတွားခြင်းကို တစ်ခွန်းတစ်ပါဒမျှ ပြုတော်မမူဘဲ တိတ်ဆိတ်စွာသာ အသက်ကို စွန့်လွှတ်သွားခဲ့ရှာလေတော့၏။

အဂ္ဂရီပီနာကား ရောမနိုင်ငံတော်ကြီးအတွင်းဝယ် ပြည်သူလူထု၏ ကြည်ညိုလေးစားမှုနှင့် နှစ်ပေါင်းများစွာပင် ကင်းကွာနေရပြီဖြစ်လေရကား နီရိုဘုရင်က ရောမမြို့တော်ကြီးသို့ ပြန်လည်ကြွချီလာသည့်အခါတွင် မြို့တော်သူမြို့တော်သားတွေက သောင်းသောင်းဖြဖြပင်



ဝိုင်းဝန်းကြိုဆိုခဲ့ကြလေ၏။ နီရိုဘုရင်သည် သူ့အတွက် ပြည်သူပြည်သားတွေက ကြိုဆိုပွဲသဘင်ကြီးကို ကြီးကျယ်ခမ်းနားစွာ ဆင်ယင်ခင်းကျင်းထားသည်ကို တွေ့ရှိခဲ့ရလေသည်။ ရွှေသားနှင့်ပြီးသော စစ်မြင်းရထားပေါ်တွင် လိုက်ပါလာသော အမိသတ်သား နီရိုမင်းသည် သူ၏ ကောက်ကွေးသော ဆံပင်များကို တခါခါနှင့် ကလေးငယ်တစ်ယောက်အလား သဘောကျနှစ်ခြိုက်လှစွာနှင့် ရယ်မောကြည်ရွှင်လျက်ရှိနေလေ၏။

ဖော်လ်ဂျန်ကား ထိုအခြင်းအရာကို လူတွေကြားထဲကနေ၍ ရပ်ကြည့်နေရာက အော်တေဗီယာ မိဖုရားကြီးအား ဖူးတွေ့ရနိုင်ရန် စောင့်စားနေခဲ့လေသည်။ သို့ရာတွင် အော်တေဗီယာကို ဘယ်သူကမှ ဖူးတွေ့နိုင်ခြင်းမရှိခဲ့ရပေ။ နီရိုဘုရင်သည် မိမိ၏ ပြည်သူပြည်သားတွေ၏ ဝမ်းသာအားရ ကြိုဆိုခြင်းကို တစ်ဦးတစ်ယောက်တည်းသာ ခံစားလိုသည်ဖြစ်ရကား မိဖုရားအော်တေဗီယာကိုသာမက ပေါ်ပီယာနှင့် တီဂျဲလိနုပ်စ်တို့ကိုပါ အခြားလမ်းတစ်ခုမှ လွှဲပြောင်း၍ မြို့တော်ထဲသို့ ဝင်စေခဲ့ပေ၏။

နီရိုသည် ဂျူပီတာနတ်ဘုရားကျောင်းသို့ တစ်ခါတည်း သွားရောက်ကာ မယ်တော်အဂ္ဂရီပီနာ၏ ကောက်ကျစ်သောလုပ်ကြံချက်မှ လွတ်မြောက်ခဲ့ရခြင်းအတွက် ကျေးဇူးတင်ကြောင်း အထိမ်းအမှတ်နှင့် ကိုယ်တိုင်ပင် ယဇ်ပူဇော်ပသခဲ့သည်။ ပြီးမှ အဝတ်တန်ဆာများ အထူးတလည် ဆင်မြန်းထားကြသည့် အခြွေအရံတစ်စုက ထမ်းဆောင်ကြသော ဝေါတော်ယာဉ်ကြီးကို စီးနင်းကာ ရွှေနန်းတော်ထဲသို့ ဝင်ခဲ့လေတော့၏။

ရွှေနန်းတော်ကြီးသို့ နီရိုဘုရင်၏ အသက်ဘေးမှ လွတ်မြောက်လာရမှုကို ချီးကျူးရန်ရောက်လာသော လူများမှာလည်း ဒုနှင့်ဒေး ဖြစ်နေရလေသည်။ နီရို၏ ခိုင်းစေချက်အရ တာဆိုတော်ကြီး ဆီနီကာကလည်း အဂ္ဂရီပီနာ မယ်တော်မိဖုရားကြီးသည် လှေတော်ကြီး နစ်မြုပ်

ပျက်စီးသွားရသည့်အခါ၌ လျှို့ဝှက်ထားသော စာရွက်စာတမ်းများကို ဆုံးရှုံးခဲ့ရကြောင်း၊ ထိုစာရွက်စာတမ်းများတွင် နီရိုဘုရင်အား လုပ်ကြံသတ်ဖြတ်ရန် အကြံအစည်များပါရှိရကား ထိုစာရွက်စာတမ်းများကို လူတွေသာ တွေ့ရှိသွားရပြီး မိမိအပေါ်တွင် အငြိုးဒဏ်သင့်ရောက်တော့မည်ကို ကြောက်ရွံ့ကာ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ခဲ့ကြောင်း စသည်ဖြင့်ရေးသားလျက် ဆိနိတ်လွှတ်တော်၌ နီရိုဘုရင်ကိုယ်တိုင်က တင်ပြခဲ့လေသည်။ လွှတ်တော်ကလည်း နီရိုဘုရင်၏ ဘုန်းရှိန်ကြောင့် ဤသို့ မသမာသော လုပ်ကြံချက်မှ လွတ်မြောက်ရခြင်းကို ချီးကျူးဝမ်းသာကြောင်းနှင့် တညီတညွတ်တည်း ဆုံးဖြတ်ချက်ချကာ အင္ဂရိပီနာကိုမူ ပြင်းထန်စွာရှုတ်ချလျက် ထိုနေ့မှစ၍ သူမ၏ မွေးနေ့ကို ကျိန်စာသင့်စေလျက် မေ့ဖျောက်ပစ်လိုက်ကြတော့မည်ဟု ကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်လေ၏။

နီရိုဘုရင်၏ လွတ်မြောက်မှုကို အထိမ်းအမှတ်ပြုသောအားဖြင့်လည်း အရီနာကစားပွဲ၊ တိုက်ပွဲကြီးများကို အမြန်ဆုံးကျင်းပကြရမည်ဟု အမိန့်ထုတ်ပြန်လိုက်လေသည်။ လက်ရုံးဓာနည်များ၏ တိုက်ပွဲများကိုလည်း ဆင်နွှဲရမည်ဖြစ်လေရာ ထိုတိုက်ပွဲများတွင် လက်ရုံးဓာနည် ဖော်လ်ဂျန်နှင့် ဖော်တိနက်စ်တို့ ယှဉ်ပြိုင်တိုက်ခိုက်ရသည့် ပွဲကလည်း ပါဝင်မည်ဖြစ်လေ၏။

ထိုကြေညာချက်ကို ရောမမြို့တော်၏ နံရံများဝယ် ရေးခြစ်ဖော်ပြသော နေ့မှာပင် ဖော်လ်ဂျန်မှာလည်း မိဖုရားခေါင်ကြီး အော်တေဗီယာထံမှ ရှေ့တော်မှောက်သို့ အခစားဝင်ရန် ဆင့်ခေါ်ချက်ကို ရရှိခဲ့လေတော့၏။

( ၃ )

ဖော်လ်ဂျန်သည် ရွှေနန်းတော်ကြီးဆီသို့ စိတ်နှလုံးတည်ကြည်စွာနှင့်ပင် ထွက်လာခဲ့လေသည်။ သူသည် စိတ်ကူးတစ်ရပ်ကို ရရှိလာ၏။



"အကယ်၍ အော်တေဗီယာမှာ ပဋိသန္ဓေ ရှိနေမယ်ဆိုရင် ငါဟာ ရောမနိုင်ငံတော်ကြီးကို အကျိုးကျေးဇူးတစ်ခု ပြုလိုက်နိုင်ပြီပဲ။ ဒီတော့ အော်တေဗီယာမှာ ပဋိသန္ဓေရှိလာရတာကို နတ်ဘုရားများက ကျေနပ်နှစ်ခြိုက်ကြပြီး ငါနဲ့ဖော်တိနက်တို့ တိုက်ပွဲမှာ ရင်ဆိုင်ရမှာကို တစ်နည်းနည်းနဲ့ ရှောင်လွှဲလို့ရအောင် ဖန်တီးစီမံပေးကြမှာပါပဲ"

"ဟော့ မင်းက ဘာများ တစ်ယောက်တည်း ရေရွတ်လာရတာလဲ"

ဖော်လ်ဂျန်က တစ်ကိုယ်တည်းဤသို့ရေရွတ်ရင်းက ရွှေနန်းတော် အဝင်ဝသို့ ရောက်လာရသည်တွင် ထိုအနား၌ ရပ်နေသော သင်းကွပ် အားစတိုင်းက ၎င်းကို မုန်းထားသော မျက်နှာထားကြီးနှင့် စိုက်ကြည့်ပြီးမေးလိုက်ခြင်းဖြစ်လေသည်။ ဖော်လ်ဂျန်ကား သူ၏ ရန်သူတော်ကြီး တစ်ဦးဖြစ်နေရသော ဤသင်းကွပ် အားစတိုင်းကို တစ်နေ့လုံး၌ ဤတစ်ကြိမ်သာ ပြန်လည်၍ မျက်နှာချင်းဆိုင်ရခြင်း ဖြစ်လေသည်။

"လက်ရုံးဓာနည်တစ်ယောက်ဟာ ဒီလိုတစ်ယောက်တည်း ရေရွတ် စကားပြောနေပြီဆိုရင် ဒီကောင်ဟာ မကြာခင် ပျက်စီးရတော့မယ်ဆိုတာ သေချာပါတယ်ကွာ"ဟု သင်းကွပ်ကြီးက ဆက်၍ပြောလိုက်လေသည်။

"ဒီလိုဆိုလည်း ခင်ဗျားက နတ်ဘုရားတွေကို ကျေးဇူးတင်ပေါ့ဗျာ"

"အေး တင်တယ်ဟေ့၊ တင်တယ်"

ဖော်လ်ဂျန်၏ နောက်ကနေ၍ အားစတိုင်းသည် မချင့်မရဲနှင့် အော်ကျန်နေရစ်ခဲ့လေ၏။ ဖော်လ်ဂျန်ကတော့ အားစတိုင်းနှင့် တွေ့ရခြင်းကို ဘယ်လိုမှ အရေးမထားမိ။ သူ အရေးထားနေမိသည်ကတော့ အော်တေဗီယာတွင် ပဋိသန္ဓေတည်နေသည်၊ မတည်နေသေးသည်ကို အလျင်အမြန်သိရဖို့သာ ဖြစ်နေ၏။

သူသည် အော်တေဗီယာ၏ ရှေ့တော်မှောက်သို့အလွယ်တကူပင် ဝင်ရောက်ခစားခွင့်ရလေ၏။ မိဖုရားကြီးကို ဖူးလိုက်ရသည်နှင့် တစ်ပြိုင်

နက်မှာပင် သူ့အလိုဆန္ဒ ပြည့်စုံနေရပြီဖြစ်သည်ကို သိလိုက်ရလေသည်။

အော်တေဗီယာသည် ဖော်လ်ဂျန်အား မတ်တတ်ရပ်၍ ကြိုဆိုနေရာမှ ကပျာကယာ ထိုင်ချလိုက်၏။

"မိဖုရား ရပ်နေလို့မဖြစ်ဘူးကွယ့်။ ဆီဇာဘုရင်မှာ နှန်းမွေခံရတော့မယ်"

"ကျွန်တော်မျိုး ဝမ်းသာလှပါတယ် မဖုရား"

"အေး.. မောင်မင်း ဝမ်းသာမှာပဲဆိုတာ မဖုရား သိပါတယ်။ မောင်မင်းဟာ မဖုရားအပေါ်မှာ အင်မတန်မှ ကြင်နာခဲ့တဲ့သူ တစ်ယောက်ပဲကွယ်"

အော်တေဗီယာသည် ဤသို့အမိန့်ရှိရာက ဖော်လ်ဂျန်သည် သူမအပေါ်သို့ အဘယ်ပုံ ကြင်နာခဲ့သည်ကို ပြန်အမှတ်ရလာမိဟန်နှင့် မျက်နှာကလေးတွင် ရက်သွေးများ ဖျန်းလာရှာလေသည်။

"မဖုရားဟာ ဘောအိမ်မှာနေတုန်းက နီရိုအရှင်မင်းကြီးနဲ့ကော အဲ.. လုံလုံလောက်လောက် တွေ့ခဲ့ပါသေးသလား"

"ဒီအတွက် မစိုးရိမ်ပါနဲ့ ဖော်လ်ဂျန်"

ဖော်လ်ဂျန်က သူမအား ပြုံးကြည့်နေလိုက်သည်တွင် အော်တေဗီယာသည် ရုတ်တရက်ထိုင်ရာမှ ထလိုက်ကာ ၎င်း၏လက်နှစ်ဖက်ကို ဆွဲယူဆုပ်ကိုင်ထားလိုက်လေ၏။ သူမ၏ မျက်လုံးအစုံကလည်း ရွှန်းပြောင် တောက်ပလာကြလေသည်။

"ဖော်လ်ဂျန်၊ အမောင်ဟာဖြင့် ပြည်သူလူထုထဲက လူတစ်ယောက်ပါပဲ။ အမောင်ဟာ ခိုင်မာသန့်ရှင်းတဲ့ စိတ်ဓာတ်ရှိတဲ့ ကျေးတောသားတစ်ယောက်ဖြစ်တယ်။ အမောင်ရဲ့ လူတန်းစားဟာ ရုပ်အသွင်အပြင်ပန်းအားဖြင့် ဘယ်လောက်ကြမ်းတမ်း ရိုင်းစိုင်းနေရပေမယ့် အခြေခံမှာတော့ လူပီသတဲ့ အရည်အချင်းနဲ့ ပြည့်စုံနေရပါတယ်။ မဖုရား အခုလိုပြောနေတာဟာလည်း မဖုရားအတွက် သန္ဓေမျိုးစေ့ချပေးတဲ့အတွက်



ကျေးဇူးတင်စကား ပြောနေရတာပါပဲ။ အမောင့်ရဲ့ ရင်သွေးလေးဟာ သားယောကျ်ားလေးသာပဲ ဖြစ်ရမှာပါပဲ။ သူဟာ အချိန်တန်တဲ့အခါကျတော့ ရောမနိုင်ငံတော်ကြီးကို သိမ်းပိုက်အုပ်စိုးရပြီး ရှေးယခင်ကအတိုင်း မင်းကျင့်တရားညီညီ တရားမျှတစွာနဲ့ အုပ်စိုးရတဲ့ မင်းကောင်းမင်းမြတ်တစ်ပါး ဖြစ်လာရမှာကလည်း အမှန်ပါပဲကွယ်။ အမောင့်ကို နတ်ဘုရားတွေက စောင့်မကြည့်ရှုပါစေ ဖော်လ်ဂျန်"

"ကျွန်တော်မျိုးကို ယခုတွင်ပဲ နတ်ဘုရားများက စောင့်မကြည့်ရှုထားကြပါပြီ မဖုရား"

"မဖုရား အမောင့်ကို နောက်တစ်ခုထပ်ပြီး ပြောပါရစေဦး။မဖုရားက အမောင့်ကို ရွှေငွေဆုလာဘ်များ ချီးမြှင့်လိုတဲ့ စေတနာရှိနေတယ်။ ဒါပေမဲ့ မဖုရားက အမောင့်ကို ယခုချီးမြှင့်လိုက်ရင် အမောင့်ကို အခကြေးငွေပေးသလို ဖြစ်နေရလိမ့်မယ်။ ဒီလိုတော့ မဖြစ်စေချင်ဘူး ဖော်လ်ဂျန်။ ဒါပေမဲ့ အမောင်ဟာ အရီနာတိုက်ပွဲမှာ နောက်တစ်ခါတိုက်ခိုက်ရတဲ့ အခါကျတော့ မဖုရားကိုယ်တော်တိုင်ရဲ့လက်ရုံးဇာနည်သူရဲကောင်းအဖြစ်နဲ့ တိုက်ပြီး မုချအောင်မြင်နိုင်မှာပါပဲ။ အဲဒီအခါကျတော့မှ မဖုရားက အမောင့်ကို ဆုလာဘ်များ ချီးမြှင့်ပါ့မယ်ကွယ်။ ကဲ သွားပေတော့ မဖုရားရဲ့အဆွေတော်ကြီးရယ်၊ အမောင့်ကိုတော့ မဖုရားဟာ ဘယ်တော့မှ မေ့နိုင်တော့မှာ မဟုတ်ပါဘူး"

( ၄ )

ဖော်လ်ဂျန်သည် သူ၏ ပြဿနာပြေရှင်းရပြီဖြစ်ကြောင်းကို ဗော်တီနက်စ်အား ပြောလိုဇောနှင့် လက်ရုံးဇာနည်ကျောင်းသို့ အလျင်အမြန်ပြန်လာခဲ့လေသည်။

သို့ရာတွင် ဆုဘူးရားလမ်းမကြီးတစ်လျှောက်၌ နီရိုဘုရင် မြို့တော်သို့ ပြန်ကြွလာတော်မူခြင်းကို အထိမ်းအမှတ်ပြုကာ ပျော်ရွှင်မြူးထူးနေကြသည့် လူတွေနှင့် စည်ကားပြွတ်သိပ်နေရလေကာ ခရီးမတွင်

နိုင်ဘဲရှိလေရ၏။ မြို့သူမြို့သားများသည် နီရိုဘုရင်ကမိမိ၏မုတ်ဆိတ်မွေးများကို ရိတ်ပစ်လိုက်ခြင်းနှင့် ပတ်သက်၍ ဝေဖန်ပြောဆိုနေကြသည်ကို ဖော်လ်ဂျန်က ကြားခဲ့ရလေသည်။

နီရိုမှာ သူ့ကိုယ်သူ အသံသာယာလှသော အဆိုတော်ကြီး တစ်ဦးဟု အထင်ရောက်နေရာ တေးသီချင်းဂီတ၏ အရှင်ဖြစ်တော်မူထသော အပေါလိုနတ်ဘုရားကို အတုယူ၍ သူ၏မျက်နှာတွင် အမွေးအမှင်များ ကင်းရှင်းအောင် သုတ်သင်ပစ်ခဲ့ခြင်းဖြစ်လေသည်။ သို့ရာတွင် လမ်းပေါ်တွင် ဆူညံစုဝေးနေကြသော လူအုပ်ကြီးကမူ နီရိုဘုရင်၏ မုတ်ဆိတ်မွေး ရိတ်ပစ်ရခြင်းအကြောင်းမှာ ထို့အတွက်ကြောင့် မဟုတ်ဟု ပြောဆိုနေကြလေ၏။

"ပေါပီယာက အရိတ်ခိုင်းလို့သာ ရိတ်ပစ်လိုက်ရတာပါကွာ..ပေါပီယာက နီရိုဘုရင်ကို သူ့မယ်တော်ရဲ့ ဩဇာစက်လုံးလုံးလျားလျား ကင်းလွတ်လာရတဲ့ လူတစ်ယောက်အနေနဲ့ လိုချင်နေတာကလား၊ အခုလို နီရို မုတ်ဆိတ်မွေး ရိတ်ပစ်လိုက်ရတာဟာ မယ်တော် အဂ္ဂရီပီနာရဲ့ ဩဇာရိပ်အောက်က လုံးလုံးလျားလျား လွတ်လာရတဲ့ လူသစ်တစ်ယောက်အနေနဲ့ အထိမ်းအမှတ်ပြုတာပါပဲ။ ဒါပေမဲ့ကွာ နီရိုဟာ မုတ်ဆိတ်မွေး ရှိရှိမရှိရှိ ပေါပီယာ ကြိုးဆွဲရာ ကနေရတဲ့ လူတစ်ယောက်ဖြစ်နေရတာ ကြာပြီမဟုတ်လား"

"ဒါနဲ့ ခင်ဗျားတို့ နိမိတ်တဘောင်အကြောင်း ကြားပြီးပြီလားဗျ"

"ဘယ် နိမိတ်တဘောင်ကို ပြောတာလဲကွ..နိမိတ်တဘောင်တွေက များလွန်းလို့ မေးရတာပါ"

"တစ်နေ့တုန်းက အော်စတီယာနာမှာ နွားမတစ်ကောင်က ခေါင်းနှစ်လုံးပါတဲ့ နွားကလေးမွေးလာတဲ့ အဖြစ်ဟာလေဗျာ"

"အဲဒါက ဘယ်လို နိမိတ်ပြေးတာတဲ့လဲကွာ"

"ရောမနိုင်ငံကို အရှင်သခင်မနှစ်ဦး အုပ်စိုးလိမ့်မယ်ဆိုတဲ့ နိမိတ်ကို ပြတာတဲ့"



"ဘာလဲ မိဖုရားကြီး အော်တေဗီယာနဲ့ နီရိုရဲ့ပျော်တော်ဆက် ပေါပေယာတို့ကို ဆိုလိုတာလား"

"ဒါပေါ့ဗျ"

"အော်တေဗီယာ မိဖုရားကို နတ်ဘုရားတွေက စောင့်ရှောက်ကြပါစေကွာ"

"စောင့်ရှောက်ကြမှာပါပဲ၊ ခေါင်းနှစ်ခေါင်းနဲ့ နွားဆိုတာ ကြာကြာလည်း အသက်ရှင်နေတတ်တာမှ မဟုတ်တာ"

"ဒါနဲ့အရီနာတိုက်ပွဲမှာ ခင်ဗျားလောင်းဦးမလားဗျ"

"အေး၊ တကယ်လို့ ငါ ငွေရှာလို့ရရင်တော့ ငါဟာ ဗော်တီနက်ဘက်ကနေ လောင်းမှာကွ"

"ဘာပြုလို့လဲဗျ"

"ဗော်တီနက်က ကျကျနန လေ့ကျင့်ပြီး သန့်သန့်ရှင်းရှင်းနေတာကွ..ဖော်လ်ဂျန်ကတော့ ကောင်မတွေနောက် လိုက်နေတယ်လို့ ကြားရတယ်။ အဲဒါကို ငါက အသေအချာသိရတာကွ။ ဖော်လ်ဂျန်ရဲ့အစေခံ ဘက်ဆီဒပ်စ်ကိုယ်တိုင်က ငါ့ကိုပြောပြခဲ့တာပါ"

"ဒီလိုဆိုရင် ဆိုးတာပေါ့ဗျာ။ ရှေးရှေးတုန်းကတော့ ရောမတွေဟာ သူတို့ရဲ့ စစ်သားတွေကို စစ်တိုက်ရခါနီးမှ မိန်းမနဲ့ အိပ်ခြင်းကို တားမြစ်ခဲ့ကြသတဲ့။ ဘာဖြစ်လို့လဲဆိုတော့ မိန်းမနဲ့ အိပ်ရတာဟာ အင်မတန် အားနည်းတာကလား"

ဖော်လ်ဂျန်သည် ဤအခါ၌ ထိုသို့ပြောနေသော လူနှစ်ယောက်အနီးသို့ ချဉ်းကပ်သွားမိလေ၏။

"ကျုပ်ဟာ အားနည်းနေပုံရသလားကွ။ ကျုပ်ဟာ အခုလောက် သန်နေတဲ့အချိန်မျိုး တစ်ခါမှ မရှိခဲ့သေးပါဘူး။ အခုလောက် ကျုပ်ဟာ ဘယ်တုံးကမှ တိုက်ပွဲအတွက် အဆင်သင့်ဖြစ်မနေဖူးသေးပါဘူး။ ဒါပေမဲ့ ခင်ဗျားတို့ကို ကျုပ် တစ်ခုပြောလိုက်ပါရဲ့ ခင်ဗျားတို့ဟာ ဗော်တီနက်စ်ဘက်ကရော၊ ကျုပ်ဘက်ကရော ဘယ်လိုမှ မလောင်းကြပါနဲ့"

အံ့အားသင့်လျက် ကျန်ရစ်ခဲ့သော လူနှစ်ယောက်ကို သူ့နောက်တွင် ထားပစ်ခဲ့လျက် ဖော်လ်ဂျန်သည် သဘောကျစွာရယ်လျက် ခရီးဆက်ခဲ့လေသည်။ ကျောင်းသို့ ပြန်ရောက်လျှင်ကား လက်ရုံးဓာနည်တစ်စုက ဝိုင်းကြည့်နေကြသောအလယ်တွင် ဗော်တီနက် လေ့ကျင့်နေသည်ကို တွေ့ရလေသည်။

"ဗော်တီနက်ရေ ဘာမှပူမနေနဲ့တော့"ဟု ဖော်လ်ဂျန်က ၎င်းတို့ဆီသို့ လှမ်းအော်လိုက်လေသည်။ "ငါကတော့ နတ်ဘုရားတွေဆီက တောင်းရတဲ့ ဆုတစ်ခုရခဲ့တယ်ဟေ့။ မင်းနဲ့ငါဟာ အရီနာတိုက်ပွဲကွင်းထဲမှာ တစ်ယောက်နဲ့တစ်ယောက် သတ်ရတော့မှာ မဟုတ်ပါဘူးကွယ့်"

ဤတွင် လေ့ကျင့်ရေးဆရာ ကွာတီလာက ဖော်လ်ဂျန်ဘက်သို့ ချာခနဲလှည့်၍ ကြိမ်းဝါးလိုက်လေ၏။

"တိုက်ပွဲနဲ့ နီးကပ်နေတဲ့အချိန်မှာ ကိုယ်နဲ့တိုက်ရမယ့်လူနဲ့ စကားမပြောရဘူးဆိုတာ မင်းမသိဘူးလား။ မင်းအခန်းကို သွားတော့၊ နောက်ထပ် ဘာမှမပြောနဲ့တော့"

( ၅ )

ဖော်လ်ဂျန်ကတော့ သူ့ယုံကြည်ချက်ကို စွဲမြဲစွာသာ လက်ကိုင်ပြုထားနေလိုက်လေသည်။ တိုက်ပွဲဝင်ရမည့် နေ့တွင်လည်း သူသည် ပြုံးပြုံးရွှင်ရွှင် ရယ်ရယ်မောမောနှင့်ပင် အရီနာတိုက်ပွဲကွင်းကြီးထဲသို့ ဝင်ရောက်လာခဲ့ကာ သူ့အားဝိုင်းရံလာကြသော ဆင်နွှတာနှင့် အခြားလူများကို ဘယ်လိုမှအရေးမစိုက်ဘဲ နေလိုက်လေသည်။ ဂျူစက်ပိုင်ရှင် လက်ရုံးဓာနည်ယောင်းကြီး ဆင်နွှတာကား ဗိုလ်ရှုခံစင်မြင့်ကြီးနှင့် မနီးမဝေးရှိ ထိုင်ခုံများအလယ်တွင် ဝင်ရောက်ထိုင်ကာ ဗော်တီနက်ဘက်မှ လောင်းကြေးများကို ကျယ်လောင်သောအသံနှင့် အော်ဟစ်နေလေသည်။



တိုက်ပွဲဝင်ရမည့် လက်ရုံးဓာနည်တွေသည် ထုံးစံအတိုင်း ဗိုလ်ရှုခံစင်မြင့်ကြီးရှေ့သို့ စီတန်းလျှောက်ဝင်လာခဲ့ကြကာ ဆီဇာဘုရင်အားအလေးပြုနေကြသည့်အတွင်းဝယ် ဖော်လ်ဂျန်က စင်မြင့်ကြီးဆီသို့ မျက်လုံးကစားကြည့်နေလိုက်မိလေသည်။ ကိုယ်ရံတော်တပ်မှူးကြီး ဘားရပ်စ်မှာ တီဂျဲလီနပ်စ်ထက် အရေးပါ အရာရောက်သောနေရာတွင် ထိုင်နေဆဲသာ ဖြစ်နေ၏။ မိဖုရားခေါင်ကြီး အော်တေဗီယာကတော့ တင့်မောသော အလှကျက်သရေ ပြည့်စုံလှစွာနှင့် ခပ်ပြုံးပြုံးကလေးပင် နီရိုဘုရင်၏ဘေးတွင် စံမြန်းတော်မူနေ၏။ နီရို၏အချစ်တော် ပေါ်ပီယာမှာမူကား တစ်စုံတစ်ရာကို အလိုမကျဖြစ်နေသည့်အလား မျက်နှာကလေးမှာ စူပုပ်ပုပ်ဖြစ်နေရှာ၏။

ဆီဇာအား အလေးပြုကြွေးကြော်လိုက်ကြပြီးနောက် လက်ရုံးဓာနည်များသည် တိုက်ပွဲကွင်းကြီး၏ မြေတိုက်ခန်းတွေထဲသို့ ပြန်ဆင်းလာခဲ့ကြရလေသည်။ ဖော်လ်ဂျန်နှင့် ဗော်တီနက်တို့မှာကား ယှဉ်ပြိုင်တိုက်ခိုက်ကြရမည့် သူတွေကို တစ်ခန်းထဲတွင် မထားရသော ထုံးတမ်းစဉ်လာအတိုင်း တစ်ခန်းစီ ခွဲထားလိုက်ကြရလေသည်။

ဖော်လ်ဂျန်ကား သူ့အခန်းထဲမှာပင် စိတ်တည်ငြိမ်စွာနှင့် စောင့်စားနေလိုက်လေသည်။ နတ်ဘုရားများသည် သူနှင့် ဗော်တီနက်တို့ တစ်ဦးကိုတစ်ဦး သတ်ဖြတ်ရမည့် အရေးကိစ္စကြီးအား ရှောင်လွှဲသွားရအောင်ဖန်တီးပေးရမည်ဟု သူက ယုံကြည်ထားနေမိသည် ဖြစ်နေရကား သူ့အတွက် ဘာများ တွေးပူစရာအကြောင်း ရှိနေရတော့မည်နည်း။

တိုက်ပွဲဝင်ခါနီး လက်ရုံးဓာနည်တိုင်း သောက်ရလေ့ရှိသော ရာလကာချဉ်ရည်ကို တိုက်ပွဲကွင်း အရီနာအမှုထမ်းတစ်ယောက်က ယူဆောင်လာလေရာ ဖော်လ်ဂျန်က အားရပါးရပင် သောက်ချလိုက်လေသည်။ ပြီးနောက်ကား ၎င်း၏အကူအညီနှင့်ပင် ဖော်လ်ဂျန်က တိုက်ပွဲဝင် ချပ်ဝတ်တန်ဆာတွေကို ဝတ်ဆင်လိုက်လေ၏။

"ခင်ဗျားဟာ အောင်မြင်တဲ့ လက်ရုံးဓာနည်ကြီးတစ်ယောက်မှာ ရှိသင့်တဲ့ အရည်အချင်းတွေနဲ့ ပြည့်စုံနေပါကလား"ဟု အမှုထမ်းက သူ့အား ချီးကျူးစကားပြောလိုက်လေသည်။ ခင်ဗျားဟာ ကြောက်ရွံ့တုန်လှုပ်ခြင်း ကင်းမဲ့နေရပြီး ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချမှုလည်း ပြည့်ပြည့်ဝဝ ရှိနေရတာကလား၊ ခင်ဗျား အောင်မြင်ပါစေလို့ ကျွန်တော် ဆုတောင်းလိုက်ပါတယ်"

ထိုစဉ်၌ နောက်ထပ်၍ သတ်ပွဲကျင်းပရန် တံပိုးခရာမှုတ်လိုက်သံကြီးက ထွက်ပေါ်လာရာ ဖော်လ်ဂျန်သည် သူဆောင်းရမည့်သံခမောက်ကြီးကို ကောက်ယူလျက် ထိုင်ရာမှထလိုက်လေသည်။ သူနှင့် ဗော်တီနက် ရင်ဆိုင်ရတော့မည့် သတ်ပွဲကြီးကား ဆိုက်ရောက်လာခဲ့ရလေသည်။

အခန်းထဲမှ ထွက်ခဲ့ရာတွင် တိုက်ပွဲကွင်းသို့အဝင်ဝ၌ ဗော်တီနက်က ရပ်စောင့်နေသည်ကို တွေ့လိုက်ရလေသည်။ ဖော်လ်ဂျန်က စကားလှမ်းပြောလိုက်သော်လည်း ၎င်းက မျက်နှာကို တစ်ဖက်လွှဲသွားလေသည်။

"တော်တော်ထူတဲ့ အကောင်ပဲ"ဟု ဖော်လ်ဂျန်က ရေရွတ်လိုက်မိပြီးနောက်မှ သူ့မျက်နှာက ပြန်လည်ကြည်လင်လာလေ၏။

"အား..ဟုတ်သားပဲ၊ နတ်ဘုရားတွေက တို့ရဲ့ကိစ္စကို စီမံပေးမှာကို သူမှ မသိသေးတာဘဲ။ သူ့ကို ငါ ဒီအကြောင်းနဲ့ပတ်သက်လို့ ဘာမှ ပြောပြရသေးတာမှ မဟုတ်တာဘဲကိုး"

တံပိုးခရာမှုတ်သံက ဒုတိယအကြိမ် ထွက်ပေါ်လာပြန်သည်တွင် သူတို့နှစ်ယောက်သည် ဘေးချင်းယှဉ် ရင်ပေါင်တန်းလျက် အရီနာ တိုက်ပွဲကွင်းကြီးထဲသို့ ခြေလှမ်းမှန်မှန်နှင့်သာ လျှောက်ဝင်ခဲ့ကြလေသည်။ ပွဲကြည့်လူထုကြီး၏ ဩဘာပေးသံကြီးက သူတို့နားသို့ စူးဝင်လာကြကာ သူတို့ အသီးသီးနေရာယူလိုက်ကြသည်အထိပင် မစဲသေးဘဲ ရှိနေရလေသည်။



တိုက်ပွဲဝင်ရန် အချက်ပေးလိုက်ပြီးနောက်တွင်ကား သူတို့သည် ဓားလွှတ်များကို ဆုပ်ကိုင်ကာ တစ်ယောက်နှင့် တစ်ယောက် စတင်စမ်းသပ် ခုတ်ထစ်ကြလေတော့၏။ ဗော်တီနက်၏ ဓားချက်တွေကား လျင်မြန်စွာပင် ပို၍ပို၍ ပြင်းထန်စွာ ဝင်ရောက်လာနေကြလေသည်။ ရုတ်တရက်ဆိုသလို ဗော်တီနက်၏ဓားချက်တစ်ခုက ဖော်လ်ဂျန်၏ ကာကွယ်မှုကို ဖောက်ထွင်းဝင်ရောက်လာ၏။ ပွဲကြည့်သူတွေဆီမှ ဩဘာပေးလိုက်သံကြီးက ဟိန်းတက်လာကြလေသည်။

"ဖော်လ်ဂျန် သွေးထွက်လာပြီဟေ့"

ဖော်လ်ဂျန်၏ ဝဲဘက်လက်ကတီးကြားမှ သွေးတွေက ရဲခနဲဖြာဆင်းလာကြလေသည်။

နတ်ဘုရားတွေက ဘယ်ရောက်ကုန်ကြပြီလဲ၊ မိမိက တထစ်ချ ယုံကြည်ထားမိသော ၎င်းတို့၏ စောင်မချက်ကို မရရှိဘဲနေတော့မည်လောဟု ဖော်လ်ဂျန်က စိတ်ထဲကကျိတ်၍ တမ်းတမိလိုက်လေသည်။ ပြီးတော့မှ သူသည် သူ၏လက်ဖွဲ့ကို ဆောင်ထားနေမိခြင်းကို ပြန်၍ အမှတ်ရလာမိ၏။ ဤလက်ဖွဲ့ကပင်လျှင် နတ်ဘုရားများ၏ စောင်မချက်ကို တားဆီးနေခြင်း ဖြစ်ချေတော့မည်။

သူသည် လည်ပင်းတွင် ချိတ်ဆွဲထားသော လက်ဖွဲ့ကြိုးကလေးကို ဇက်ခနဲ ဆွဲဖြုတ်ပြီး လွှင့်ပစ်လိုက်လေသည်။

သို့ရာတွင် မည်သို့မျှထူးခြားချက်ဖြစ်၍ မလာဘဲ ဗော်တီနက်ကား ကြောက်စရာကောင်းလှအောင် သူ့အား ပို၍တိုက်ခိုက်လာနေသည်။ ဖော်လ်ဂျန်မှာ မတတ်သာတော့ဘဲ သူ့ကိုယ်သူ ကာကွယ်ရန် သက်သက်သာ ပြန်လည်ဓားစွမ်းပြရလေရာ သူ့ကိုအားပေးနေသူများက ဆူညံစွာ အော်ဟစ်အားပေးလာကြလေတော့သည်။

ပွဲကြည့်ပရိသတ်စင်မြင့်ကြီးပေါ်တွင် ကြော်ရောင်းသော ပဲကြော်အနံ့သည် ဖော်လ်ဂျန်၏ နှာဝသို့တိုးဝင်လာကာ ရင်ထဲတွင် ပျို့အန်ချင်သလိုလိုဖြစ်လာရလေသည်။ သို့မဟုတ် နတ်ဘုရားများကို ယုံကြည်

ကိုးစားထားသည့်အတိုင်း အားကိုးရပါမည်လောဟု သံသယစိတ်ကလေးကပင် သူ့အား ယခုလိုခံစားလာရလေသလောဟု ဖော်လ်ဂျန်က မပြောတတ်မိတော့ပေ။

ဖော်လ်ဂျန်သည် အံကိုကြိတ်ကာ ဓားချက်များကို သွက်သွက်ကြီး ခုတ်ချလိုက်ရာဖော်တီနက်၏ ဓားကိုင်လက်မောင်းတစ်ဖက်ကို ထိသွားရလေတော့၏။ ဖော်တီနက်ကတော့ ဂါထာမန္တရားတစ်ပုဒ်ကို ရေရွတ်နေသလိုပင် "သူ့ကို ငါသတ်ရမယ်...သူ့ကို ငါသတ်ရမယ်"ဟူ၍ တတွတ်တွတ် ထပ်ခါထပ်ခါ ရေရွတ်လာနေလေ၏။

ဖော်လ်ဂျန်မှာတော့ စိတ်ပျက်ခြင်း၏ လွှမ်းမိုးလာမှုကို ခံစားလာရလေသည်။ သူယုံကြည်သော နတ်ဘုရားတွေကား သူ့လိုလားချက်ကို စွမ်းဆောင်ပေးနိုင်ကြမည် မဟုတ်တော့ပါတကား။ သူက စိုးရွံ့ခဲ့သည့်အတိုင်းပင် ယခုတော့ ဖြစ်လာနေရပြီ မဟုတ်ပါလား။

တစ်ယောက်ကို တစ်ယောက် ဘယ်လိုမှ မုန်းထားခြင်းမရှိကြရသူ မိတ်ဆွေရောင်းရင်း အချင်းချင်းက ဓားလွတ်ကိုယ်စီကိုင်ကာ တစ်ယောက်ကိုတစ်ယောက် သူသေကိုယ်သေ တိုက်ခိုက်သတ်ဖြတ်နေရချေလေပြီ။ ဤအတိုင်းသာဆိုပါက ဖော်တီနက်မှာ မိမိ၏ဓားအောက်တွင်သာ ဇီဝိန်ပြတ်ရတော့မည်က သေချာနေပေတော့သည်။ အကြောင်းမူကား ဖော်လ်ဂျန်သည် ဖော်တီနက်ထက် မိမိကပို၍ စွမ်းရည်သာလွန်ကြောင်းကို သိထားနေမိရကား ယခုလို သူသေကိုယ်သေ တကယ်တမ်း တိုက်ခိုက်သတ်ဖြတ်လာရသည့်အခါတွင်ကား ကိုယ့်အသက်မသေချင်ပါက သူ့အသက်ကို သတ်ရမည် ဖြစ်သောကြောင့်ပင်တည်း။ သည်လိုမှ မဟုတ်ပါက ဖော်တီနက်သည် ပြင်းပြစွာ တောင့်တနေသည့်အတိုင်း သူ့နေရပ်ဇာတိဖြစ်သော အဲ့(လ်ပ်)စ်တောင်တန်းများသို့ ပြန်သွားနိုင်ရန်အတွက် သူ့ကိုယ်သူ ၎င်း၏ ဓားချက်အောက်တွင် အသက်ပျောက်စေရတော့ပေမည်။



သို့ရာတွင် သူ့ကိုယ်သူ အသေခံလိုက်ရမည်ကို တွေးကြည့်လိုက်မိသည်နှင့်ပင် အသည်းရောအူပါ တုန်လှုပ်လာမိလေသည်။ တိုက်ပွဲတွင် ကျဆုံးရသော လက်ရုံးဓာနည်များ၏ အလောင်းကောင်တွေကို ဆွဲထုတ်သွားရသည့် သေမင်း၏အသွင်ပုံသဏ္ဍာန်ကို ယူဆောင်လျက် အဝတ်နက်ဝတ်ဆင်ကာ မျက်နှာဖုံးစွပ်ထားသော သုဘရာဇာကြီးကို ဖော်လ်ဂျန်က သူ့မျက်လုံးအစွန်အဖျားမှနေ၍ တွေ့လိုက်ရလေသည်။ ၎င်းသည် ကျဆုံးသွားရသော လက်ရုံးဓာနည်အလောင်းကို ဆွဲထုတ်မသွားရမီတွင် ၎င်းသေသည်ကို သေချာစွာသိရန်အတွက် ၎င်းဆောင်ထားသည့် တင်းပုတ်ကြီးနှင့် အလောင်း၏ဦးခေါင်းကို ထုကြည့်တတ်လေသည်။

ဖော်လ်ဂျန်သည် ထိုအကြောင်းကို တွေးမိလိုက်ရာက သူ၏စိတ်ထဲတွင် ကြောက်ရွံ့မှုနှင့် ခံပြင်းမှုက လွှမ်းမိုးလာရလေသည်။ သူသည် ဓားချက်များကို ပြောင်မြောက်လှစွာ အသုံးချလိုက်ရာက ဖော်တီနက်က စတင်၍ ထိုးစစ်ဆင် တိုက်ခိုက်လိုက်လေတော့၏။

ဖော်တီနက်ကလည်း နောက်မဆုတ်ဘဲ ကြံ့ကြံ့ကြီးသာ ခံနေလိုက်လေသည်။ သူတို့နှစ်ယောက်သည် နွားသိုးကြီးနှစ်ကောင် အရှိန်နှင့် ဆုံမိကြသည့်အလား တစ်ဦးနှင့်တစ်ဦး ပြင်းထန်စွာ ဝင်ဆောင့်မိကြလေရာ ဖော်တီနက်၏ အသက်ရှူ မှုတ်ထုတ်လိုက်ချက်များသည် ဖော်လ်ဂျန်၏ပါးပြင်ပေါ်သို့ ပူနွေးစွာ ကျရောက်လာရလေသည်။ ဓားချက်များသည် ဝင်းပြောင်စွာနှင့် တချွင်ချွင်ထိတွေ့နေရ၏။ သွေးတွေကလည်း ရဲခနဲရဲခနဲ ဖြာဆင်းကျလာနေကြ၏။ ထိုစဉ် ဖော်တီနက်က ရှေ့သို့တိုး၍ ဓားနှင့်အခုတ် ဖော်လ်ဂျန်၏ ဆီးခံလိုက်သော ဓားဦးက ၎င်း၏နံဘေးကို ဖောက်ထွင်းဝင်ရောက်သွားလေရာဖော်တီနက်သည် မြေပြင်ပေါ်သို့ ဘုန်းခနဲ လဲကျသွားရရှာလေတော့၏။

ပွဲကြည့် ပရိသတ်ကြီးဆီမှ သဘောကျစွာ စူးစူးဝါးဝါးအော်ဟစ်လိုက်ကြသံတွေက ဆူညံ၍လာ၏။ ဖော်တီနက်က ပြန်ထဖို့ကြိုးစား

နေသည်ကို ဖော်လ်ဂျန်သည် ပကတိ တုန်လှုပ်ချောက်ချားလှစွာနှင့် ငေးစိုက်ကြည့်ရှုနေလိုက်မိလေ၏။ ဖော်တီနက်သည် တံတောင်တစ်ဖက်ထောက်ကာ ကိုယ့်ကိုယ်ကိုယ် ပင့်ထူနေရာမှ ပြန်၍လဲကျသွားရှာလေတော့၏။

ပွဲကြည့် ပရိသတ်ကြီးထဲမှ လူတွေကား ကျဆုံးသောလက်ရုံးဓာနည်ကို အသေသတ်ပစ်ရန်အထိမ်းအမှတ်နှင့် လက်မများကိုအောက်သို့စိုက်ချ၍ နေကြလေသည်။ သို့ရာတွင် ဖော်လ်ဂျန်ကတော့ ၎င်းတို့ကို ဘယ်လိုမှ ဂရုမစိုက်ဘဲ နေလိုက်လေသည်။ ဖော်တီနက်ခမျာမှာကား အရီနာတိုက်ပွဲကွင်းကြီး၏ အုတ်နံရံကြီးများကို ကျော်လွန်ကာ သူ၏ ဆုံးရှုံးအရေးနိမ့်ရသော မျက်လုံးများကဲ့သို့ပင် ပြာလွင်သော ကောင်းကင်ပြင်ကြီးကို မော့ကြည့်ရန် ကြိုးစားနေရှာလေသည်။

သို့ရာတွင် တိုက်ပွဲကွင်းကြီး၏ နံရံတွေက ကောင်းကင်ပြင်ကြီးကို ကာဆီးထားနေ၏။ ဖော်တီနက်သည် သဲခင်းထားသော မြေပြင်ပေါ်သို့ ပြန်၍လဲကျသွားကာ ပါးစပ်ကတော့ သနားစဖွယ် တတွတ်တွတ်ရေရွတ်နေရှာလေ၏။

“ငါဟာ သစ်တောကြီးတွေကိုတော့ ပြန်တွေ့ရဦးမှာပါပဲ”

ဖော်လ်ဂျန်မှာ ထိုအခါတွင် သူ၏သွေးပေကျံနေသော ဓားလွတ်ကိုမြှောက်လိုက်ကာ ဗိုလ်ရှုခံ စင်မြင့်ကြီးဘက်သို့လှည့်၍ အော်ဟစ်တောင်းပန်လိုက်လေ၏။

“ဖော်တီနက်ဟာ ရဲရင့်တဲ့ လက်ရုံးဓာနည်တစ်ယောက် ဖြစ်ပါတယ်။ သူ့ကို သနားညှာတာရန် ကျွန်တော်အသနားခံပါတယ်။ သူ့အသက်ကိုချမ်းသာပေးတော်မူကြပါ။ အောင်နိုင်သူ ကျွန်တော် ဖော်လ်ဂျန်က ဒီဆုကိုတောင်းဆိုပါတယ်”

ပရိသတ်ကြီးမှာ အံ့အားသင့် ကြက်သေသေမှုနှင့် ငြိမ်ကျသွားကာ အချင်းချင်းတီးတိုး ပြောဆိုနေကြလေတော့သည်။ အောင်နိုင်သော လက်ရုံးဓာနည်တစ်ယောက်သည် ရှုံးနိမ့်သွားသော မိမိ၏ပြိုင်ဘက်



ကို အသက်ချမ်းသာပေးဖို့ကို ယခင် ဘယ်အခါကမှ တောင်းဆိုခဲ့ဖူးခြင်း မရှိခဲ့သေးပေ။

ဆီဇာ၏ ရွှေမျက်နှာတော်မှာ အလိုမကျမှုဖြင့် နီလာရလေသည်။ သူသည် အောက်စိုက်၍ထားသော လက်မကိုဘယ်လိုမှ မပြောင်းလဲဘဲ အောက်သို့သာ စိုက်ချမြဲစိုက်ချထားနေလေ၏။ အော်တေဗီယာကသာ ချမ်းသာခြင်းပေးသော အထိမ်းအမှတ်နှင့် သူမ၏ လက်မကိုထောင်ပြလိုက်သော်လည်း ဗိုလ်ရှုခံစင်မြင့်ထဲမှ လူတွေအားလုံးလိုလိုကပင် နီရို့နည်းတူ လက်မများကို အောက်သို့သာ စိုက်ချပြလိုက်ကြရာ ကျန်ပွဲကြည့်ပရိသတ်ကြီးကလည်း ၎င်းတို့ကိုသာ အတုယူလိုက်ကြလေတော့၏။

ဖော်လ်ဂျန်ကား ထိုအချိန် တစ်ဒင်္ဂလေးအတွင်း၀ယ် နီရိုဘုရင် အမှုုးပြုသော ရောမလူထုကြီး တစ်ရပ်လုံးကို ခါးခါးသီးသီး မုန်းတီးသွားမိလေသည်။ သူ့ခြေရင်းတွင် လဲကျလျက် သေပွဲဝင်ရန် ကြမ္မာဆိုက်နေရှာသော ဖော်တီနက်ကိုပင်လျှင် သူသည် မုန်းတီးသွားမိလေသည်။ အကြောင်းမူ ဖော်တီနက်သည် မိုက်မဲလှစွာနှင့် သူ့ကိုယ်သူ ဖော်လ်ဂျန်၏ ရန်သူတော်ကြီးတစ်ယောက်ဖြစ်သူ ဆင်နစ္စတာ၏ အသုံးခံဓားစာခံဘ၀သို့ ရောက်ရှိစေပြီး သူလိုလားသော အကျိုးကျေးဇူးကို မရနိုင်တော့သည့်အဆုံးတွင် သေပွဲဝင်ရန်နည်းလမ်းတစ်လမ်းသာ ကျန်ရှိနေတော့သည့် အခြေအနေသို့ရောက်အောင် ဖန်တီးခဲ့လေသည် မဟုတ်ပါလား။

အရီနာတိုက်ပွဲကြီးထဲတွင် “သတ်ပစ်လိုက် သတ်ပစ်လိုက်”ဟု၍ ကျယ်လောင်စွာ ဟစ်အော်နေသံများက ပို၍သာ အုံကြွဟိန်းတက်လာနေတော့သည်။ ဖော်လ်ဂျန်လည်း သူ့ဓားကို တင်းကျပ်စွာ ဆုပ်ကိုင်ကာ ဖော်တီနက်ကို ငုံ့ကြည့်လိုက်မိလေသည်။ ဖော်တီနက်၏ ပြာလွင်သောမျက်လုံးအစုံကား ဘာကိုမျှ မြင်နိုင်တော့ဟန်မတူချေ။

ဖော်လ်ဂျန်သည် စိတ်ပျက်ခြင်းမှပေါက်ကွဲထွက်လာသော ဒေါသဖြင့် ကြောက်စရာကောင်းလှသော အသံကြီးနှင့်အော်ဟစ်လိုက်မိလေသည်။

"ကဲ ဖော်တီနက်၊ မင်းကိုယ်တိုင်က မင်းကံကြမ္မာကို ဖန်တီးလာတော့ သေပေတော့ပေါ့ကွာ"

ဖော်လ်ဂျန်သည် ဖော်တီနက်၏ လည်မျိုကို ဓားနှင့် ဖြတ်ခုတ်ချလိုက်လေ၏။

❄

## အခန်းတစ်ဆယ့်ငါး

( ၁ )

ဖော်လ်ဂျန်တွင် ရရှိခဲ့သော ဒဏ်ရာတွေကို ဆေးထည့်ပေးရန်အတွက် အရိနှာတိုက်ပွဲကွင်းကြီးထဲရှိ သမားတော်၏အခန်းတွင်းသို့ သူ့အား ခေါ်ဆောင်လာကြလေသည်။

"မင်းဟာ သွေးတွေ တော်တော်ကုန်ခန်းခဲ့ရတာပဲ"

သမားတော်သည် ဖော်လ်ဂျန်၏ ဓားခုတ်ရာ ဒဏ်ချက်တွေကို အပ်နှင့်ချုပ်နေရာက ပြောလိုက်ခြင်းဖြစ်လေသည်။ သွေးတွေ တော်တော်ကုန်ခန်းခဲ့ရပါသည်တဲ့။ ဖော်တီနက်ခမျာကတော့ သူ့ထက်ပင်ပို၍ သွေးတွေ ကုန်ခန်းခဲ့ရရှာသည် မဟုတ်ပါလား။

ထိုသို့မချိတင်ကဲ တွေးမိရာက ဖော်လ်ဂျန်သည် လဲလျောင်းနေရာမှ ရုတ်တရက် ထရပ်လိုက်၏။

"လူသေတွေ ထားတဲ့အခန်း ဘယ်မှာလဲ"

"မင်းဟာ အဲဒီအခန်းနဲ့ အဓေးကြီး လိုပါသေးတယ်ကွယ်"ဟု သမားတော်က ရယ်မောလျက် ပြန်ဖြေလိုက်လေသည်။ "ကဲ..လုံနေပါဦး၊ မင်းကို အပြီးသတ်အောင် ငါလုပ်ပေးပါရစေဦး"

ဖော်လ်ဂျန်ကတော့ သမားတော်ကို တွန်းဖယ်ပစ်လိုက်ကာ အခန်းတွင်းမှ ထွက်လာခဲ့ပြီး လူသေခန်းသို့ အရရှာဖွေသွားလေ၏။ လူသေခန်းထဲတွင်ကား အမှုထမ်းနှစ်ယောက်သည် လူသေအလောင်းတွေကို အရှိန်အတိုက်ပွဲကွင်းကြီး၏ နောက်ဘက်ရှိ တိုင်ဘာမြစ်ထဲသို့ပစ်ချရန်အတွက် အလောင်းတစ်လောင်းစီကို ကြိုးနှစ်ချောင်းနှင့် ချည်နှောင်ကာ တစ်လောင်းပြီးတစ်လောင်း ဆွဲထုတ်သွားနေကြလေ၏။

အမှုထမ်းတစ်ယောက်အား ငွေစတစ်စ ပေးလိုက်သည့်နောက် ဖော်လ်ဂျန်ကို ဖော်တီနက်၏အလောင်း ဘယ်နားတွင်ရှိသည်ကို ညွှန်ပြလိုက်လေသည်။ တိုက်ပွဲတွင် ကျဆုံးခဲ့ရသော အလောင်းကောင်တွေစီတန်းနေတာကို ဖော်လ်ဂျန်က ကျော်လွှားကာ ဖော်လ်ဂျန်သည် ၎င်းညွှန်ပြရာဘက်တွင် ဖော်တီနက်၏ အလောင်းကို ရှာဖွေနေလိုက်သည်။ ရတ်တရက်ဆိုသလို သံတိုင်တွေ ကာထားသော ပြတင်းပေါက်ငယ်ကလေးတစ်ပေါက်မှနေ၍ တိုးဝင်လာနေသော နေရောင်ခြည်တန်းလေးတစ်ခုက မျက်နှာပေါ်တွင် ကွက်ကျနေသည့် အလောင်းတစ်လောင်းကို သူသည် သတိပြုမိလိုက်ကာ ထိုအလောင်းသည် ဖော်တီနက်ပင် ဖြစ်နေသည်ကိုလည်း မှတ်မိလိုက်လေ၏။

ဖော်လ်ဂျန်သည် သူ့လက်ချက်ဖြင့် အသက်ပျောက်ခဲ့ရသော မိတ်ဆွေရောင်းရင်းကြီးအား နက်ရှိုင်းလှသော ဝမ်းနည်းကြေကွဲမှုကြီးနှင့်ငုံ့ကြည့်နေလိုက်မိလေသည်။ ဘာသာရေးယန်းလူရိုင်းကြီးကား ပကတိငြိမ်းချမ်းလှစွာနှင့် ခြေနှစ်ဖက်ကားကာ လဲလျောင်းနေရှာ၏။ သူ့မျက်နှာတွင် မုန်းတီးမှု၊ ပူပန်မှု၊ ကြောက်ရွံ့မှုစသည့် ခံစားရမှုတွေက ဘယ်လိုမှ ရှိမနေရတော့ပေ။ မျက်လုံးပြာကြီးတွေက ကြောင်တောင်ပွင့်နေကြသည်ကလွဲ၍ ဖော်တီနက်မှာ ဒဏ်ရာရရှိထားပြီး ပြန်လည်



အင်အားပြည့်လာစေရန် အိပ်ပျော်နေသူတစ်ဦးနှင့်သာ တူနေလေတော့သည်။ မျက်နှာပေါ်သို့ ထိုးကျနေသော နေရောင်ခြည်တန်းကလေးကတော့ အသက်ရှင်နေရသော အရာဝတ္ထုတစ်ခုလိုပင် ဖြစ်နေရလေ၏ ။

"ကျုပ်ပြန်သွားမယ်။ ကျုပ်ရဲ့ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်တဲ့ သစ်တောကြီးဆီကို။ ကျုပ်ပြန်တွေ့ရဦးမယ်"

ဤသို့ပင် ဖော်တီနက်ခမျာ ပြင်းထန်စွာ တောင့်တခဲ့ရှာလေသည်။ ဖော်လ်ဂျန်သည် ထုံးစံအတိုင်း ဖော်တီနက်စ်သည် သေခြင်းမြစ်ကို ဖြတ်ကူးနိုင်ရန်အတွက် ကူးတို့ခပိုက်ဆံကို ၎င်း၏ပါးစပ်ထဲသို့ ထည့်ပေးဖို့ရည်ရွယ်ထားခဲ့မိသည်။ ယခုတော့ သူသည် ထိုသို့ပြုလုပ်ဖို့ မလိုတော့သည်ကို စိတ်ထဲတွင် နားလည်လာမိလေတော့၏။

ဖော်တီနက်ကား ကူးတို့ခကို လိုအပ်မည့်လူတစ်ယောက် မဟုတ်ပါပေ။ ထိုးကျနေသော နေရောင်ခြည်တန်းအောက်တွင် ဖော်တီနက်ကား ဝိညာဉ်ချုပ်ငြိမ်းပြီး သေမင်း၏ အမှောင်တိုက်နိုင်ငံအတွင်းသို့ ကျဆင်းသွားရသော လူတစ်ယောက်နှင့် ဘယ်လိုမှတူမနေဘဲ ဤဒုက္ခများမြောင်လှသော လူ့ဘောင်ကြီးအတွင်းမှ ထွက်ပြေးတိမ်းရှောင်သွားနိုင်သော လူတစ်ယောက်နှင့်သာ တူနေရလေတော့သည်။ သူပြောသည့်အတိုင်း သူသည် သူ၏မွေးရပ်မြေ သစ်တောကြီးဆီသို့ ပြန်သွားနိုင်ပြီလား မပြောနိုင်ပေ။ နေရောင်ခြည်တန်းကလေးကား ဖော်တီနက်အား သူ၏ အဲ့(လ်ပ်)စ်တောင်တန်းကြီးပေါ်သို့ ခေါ်ဆောင်သွားလေသော ရွှေလှေကားကြီးများ ဖြစ်နေလေရော့သလား။

"သူဟာ အခုထက်ထိတော့ အသက်ရှင်နေသေးတာပဲ"

ဖော်လ်ဂျန်သည် ဤသို့ ရေရွတ်လိုက်ရာက သူ့စကားတွေကို ပြန်လည် ကြောက်လန့်လာမိကာ လူသေခန်းထဲမှ ချာခနဲလှည့်၍ ပြေးထွက်လာမိလေသည်။ သူ့ကို မြင်တွေ့ရသူများကဆိုလျှင် သူ့နောက်

က လက်စားချေရန် သရဲသဘက်တွေများ လိုက်လာကြသလားဟု ထင်မှတ်မိမည် ဖြစ်ချေတော့၏။

ဖော်လ်ဂျန့်နောက်က လိုက်လာကြသူတွေကလည်း ရှိနေကြပါ၏။ အောင်နိုင်သော လက်ရုံးဓာနည်ကြီးထံတွင် လာရောက်ကပ်ရပ် မိတ်ဆွေဖွဲ့ကြသူတွေနှင့် ချီးမွမ်းထောမနာ ပြုလိုကြသည့် လူတွေပင် ဖြစ်သည်။

ကျောင်းသို့ ပြန်ရောက်လာရလျှင်ကား လက်ရုံးဓာနည်ရဲဘော်ရဲဘက်တွေက သူ့ဆီသို့ ဝိုင်းအုံလာကြကာ အမျိုးမျိုး ချီးကျူးမြှောက်ပင့်နေကြပြီး လေ့ကျင့်ရေးဆရာ ကွာတီလာကလည်း သူ့ကို စပျစ်ရည်တွေဘာတွေ လာတိုက်နေ၏။ ဖော်လ်ဂျန်ကား သူတို့တစ်တွေအားလုံးက ဂုဏ်ယူနေကြသည့် ကျောင်း၏ ကျက်သရေဆောင် သူတို့၏ အချစ်တော်ကြီး ဖြစ်နေရကြရပြီ မဟုတ်ပါလား။

"မင်းက ဘာပြုလို့ ဆိတ်ဆိတ်ငြိမ်ငြိမ်ဖြစ်နေရတာလဲကွ..ပျော်ပျော်နေစမ်းပါ။ ပြုံးစမ်းရွှင်စမ်းပါ။ မင်းရဲ့ကံကြမ္မာကို လက်ခံစမ်းပါ။ မင်းဟာ အခုဆိုရင် ထင်ပေါ်ကျော်ဇောလာရပါပြီ။ မင်း လိုချင်တာကို ပြောတာနဲ့ ရနိုင်တဲ့ အခြေအနေကို ရောက်နေရပါပြီကွ"

ဖော်လ်ဂျန် လိုချင်တာကတော့ တစ်ခုတည်းသာ ရှိနေရပါ၏။ အချိန်ကို ပြောင်းရွှေ့နိုင်ကာ ဖော်တီနက်ကို အသက်ရှင်လျက်ပြန်တွေ့နိုင်ဖို့သာ ဖြစ်ချေတော့သည်။ ဖော်တီနက်ကား အမှန်ပင် သေဆုံးခဲ့ရချေပါပြီ။ လူ့သေခန်းထဲတွင် သူ ခံစားခဲ့ရသည်ကား စိတ်၏လှည့်စားမှုတစ်ရပ်သာ ဖြစ်ခဲ့ရပေ၏။

သူသည် အောင်ပွဲခံ စားသောက်ပျော်ရွှင်ဖို့ကို ငြင်းပယ်လျက် အိပ်ရာသို့ဝင်ခဲ့မိလေသည်။ သို့ရာတွင် နောက်တစ်နေ့နံနက်တွင်လည်း သူ၏ အောင်နိုင်မှုအရှိန်သည် ပြေပျောက်ခြင်းမရှိသေးသည်ကို ဖော်လ်ဂျန်က တွေ့ရလေ၏။



ဟားလ်နှင့် တပ်စ်ကပ်စ်တို့သည် ဖော်လ်ဂျန်အား မျက်နှာလိုမျက်နှာရလုပ်ကာ သူ၏အောင်နိုင်မှုနှင့် ပတ်သက်၍ ဂယက်ရိုက်နေသမျှသော သတင်းတွေကို ပြန်လည် ဖောက်သည်ချနေကြလေသည်။ မြို့တော်ထဲရှိ အခြားသော လက်ရုံးဓာနည်ကျောင်းတွေနှင့် ပတ်သက်၍ ဘာတွေ ပြောနေကြသည်၊ ဆင်နစ္စတာက သူ၏အောင်နိုင်မှုကြောင့် အဘယ်မျှ မကျေမနပ် ဖြစ်နေရပုံတွေကို ဖော်လ်ဂျန်အား ၎င်းတို့နှစ်ယောက်က ပြောပြခဲ့ကြလေသည်။

"သူက မင်းကို လူသတ်သမားတွေငှားပြီး လုပ်ကြံခိုင်းဖို့တောင် ကြံရွယ်ခဲ့သေးတယ်ဆိုပဲ"ဟု ဟားလ်က ပြောခဲ့၏။ "ဒါပေမဲ့ နောက်ကျတော့ ဒီအကြံကို မလုပ်ရဲဘဲ စွန့်လွှတ်လိုက်ရတယ်တဲ့။ တကယ်တော့ မင်းဟာ အရေးပါအရာရောက်တဲ့ လူတစ်ယောက် ဖြစ်လာနေရပါပြီ ဖော်လ်ဂျန်"

ဖော်လ်ဂျန်ကား အမှန်ပင် တစ်နေ့ထက်တစ်နေ့ လူရာပို၍ဝင်လာပုံရနေလေ၏။ မသိသောသူတွေထံမှ လက်ဆောင်ပဏ္ဏာတွေသည် သူ့ထံသို့ တဖွဲဖွဲရောက်လာနေခဲ့လေ၏။ ချမ်းသာကြွယ်ဝ၍ ကမြင်းချင်ကြသော အမျိုးသမီးများသည် မိမိတို့သဘောကျသည့် လက်ရုံးဓာနည်နှင့် တိတ်တိတ်ပုန်း အချစ်စခန်းဖွင့်နိုင်ရေးကို ဤသို့ လက်ဆောင်ပဏ္ဏာများ ပေးပို့ခြင်းဖြင့် နိဒါန်းပျိုးတတ်ကြ၏။ လက်ရုံးဓာနည် တိုက်ပွဲများတွင် လောင်းကစားကြသူတွေကလည်း နောက်နောင်တွင် သူတို့ဆွဲရာပါအောင် ဤသို့လက်ဆောင်ပဏ္ဏာများ ပေးပို့ခြင်းဖြင့် သိမ်းသွင်းတတ်ကြသည်သာဖြစ်၏။

မိဖုရားခေါင်ကြီး အော်တေဗီယာကလည်း သူမ၏ ကတိစကားအတိုင်းပင် ဖော်လ်ဂျန်အား ရက်ရောလှစွာသော ဆုလာဘ်တွေကို ပေးသနားတော်မူခဲ့လေသည်။ ကွီရီနယ်လ်တောင်ကုန်းပေါ်တွင်ရှိသော အိမ်ဂေဟာကြီးတစ်ဆောင်ကို ဖော်လ်ဂျန်အား လုံးဝလွှဲအပ်ပေးတော်မူကာ အိမ်ထောင်ပရိဘောဂ အစုံအလင်ကိုသာမက အိမ်တွင်းကျွန် ၅ယောက်

တို့ကိုပါ ပေးသနားတော်မူရုံနှင့် မကျေနပ်သေးဘဲ အော်တေဗီယာသည် ထိုအိမ်အတွက် ကုန်ကျမည့် စရိတ်စကနှင့် အစားအသောက်များကိုပါ အလုံအလောက် ချီးမြှင့်တော်မူခဲ့လေ၏။

ဖော်လ်ဂျန်မှာမူကား ဤမျှခမ်းနားကြီးကျယ်လှသော ဆုလာဘ်ကြီးကို ရရှိခြင်းအတွက် ဘယ်လိုမှ ဝမ်းသာအားရခြင်း မဖြစ်မိပေ။ သူ့ကိုယ်သူ ဖော်လ်ဂျန်၏ အစေခံအဖြစ်နှင့် ခန့်ထားသည့် ဘက်ဆီဒပ်စ်ကသာလျှင် အလွန်အမင်း ပီတိဖြစ်နေတော့ကာ ထိုအိမ်ဂေဟာကြီးကို ချက်ချင်းသွားရောက် သိမ်းပိုက်ရန် ဖော်လ်ဂျန်အား တိုက်တွန်းခဲ့လေ၏။

ဖော်လ်ဂျန်မှာလည်း လက်ရုံးဇာနည်ကျောင်းတွင် ညမအိပ်ကမိမိ၏အိမ်တွင် သွားရောက်အိပ်ခွင့်ပေးသည်ဟူသော လွတ်လပ်ခွင့်ကို ရရှိလာသည့်အတွက်သာ ဘက်ဆီဒပ်စ်၏ အလိုကို လိုက်လျောခဲ့လေတော့၏။ ဖော်တီနက်နှင့်အတူ နေထိုင်ခဲ့ရသော ဤလက်ရုံးဇာနည်ကျောင်းတွင် ဖော်ဂျန်က ဘယ်လိုမှ ဆက်မနေချင်မိတော့ပါပေ။

ဖော်လ်ဂျန်နှင့် ဘက်ဆီဒပ်စ်သည် အော်တေဗီယာက ပေးသနားတော်မူသော မြင်းလေးကောင်ကသည့် ရထားကြီးကိုစီးနင်းကာ ကွီရီနယ်လ်တောင်ကုန်းပေါ်မှ သူ၏အိမ်ဂေဟာကြီးဆီသို့ ထွက်ခဲ့ကြလေသည်။ သူတို့အား အိမ်ဂေဟာကြီးကို စောင့်ရှောက်ကြည့်ရှုထားရသော မိဖုရားအော်တေဗီယာ၏ ကိုယ်စားလှယ်ကိုယ်တိုင်က လိုက်ပါလမ်းညွှန်ပြသခဲ့လေသည်။ ၎င်းထံမှပင် ထိုအိမ်ကြီးကို မူလက အော်တေဗီယာ၏ မောင်အရင်းဖြစ်သူ ဘရစ်တင်နီကပ်စ်က အသုံးပြု နေထိုင်ခဲ့ကာ ထိုအိမ်ထဲမှာပင် ရန်သူတွေ၏ အဆိပ်ခတ်လုပ်ကြံမှုဖြင့် အနိစ္စရောက်ခဲ့ရခြင်းဖြစ်သည်ကို ဖော်လ်ဂျန်က သိရှိရလေသည်။

အိမ်ဂေဟာကား ခပ်သေးသေးပင်ဖြစ်ကာ ဆေးအပြာရောင်ခြယ်ထားပြီး သံဝင်းခတ်ထား၏။ အိမ်အနောက်ဘက်တွင် အစေခံများနေထိုင်ရန် တန်းလျားတွေနှင့် မြင်းဇောင်းကြီးတစ်ခုက ရှိနေလေသည်၊



"ဒီအိမ်ထဲမှာ အစားအစာတွေတော့ ဘာမှမရောက်သေးပါဘူး။ ဒါပေမဲ့ ဒါကိုကျွန်တော်က လွယ်လွယ်ကူကူဖြည့်စွက်နိုင်ပါတယ်"ဟု ဘက်ဆီဒပ်စ်က အိမ်တွင်းလှည့်ပတ်ကြည့်ရှုပြီးနောက် ဖော်လ်ဂျန်ကို အစီရင်ခံလိုက်လေသည်။ "အိမ်ကတော့ အင်မတန်ကို ခကျေနပ်စရာကောင်းပါတယ် ဖော်လ်ဂျန်။ ကျွန်တော်တို့ ဒီမှာ ပျော်ပျော်ကြီးနေနိုင်ပါတယ်"

"အေး..ဒီလိုဆိုရင် အစားအသောက်ကို ဒီည ရအောင်သွားဝယ်ချေပါကွာ..ငါဒီည ဒီမှာအိပ်ချင်ပါတယ်"

သူတို့သည် မြို့တော်တွင်းသို့ မြင်းရထားကို မောင်းလာခဲ့ကြပြီးနောက် အိမ်ဂေဟာကိုယ်စားလှယ်ကို ၎င်းအိမ်တွင် ချထားပေးကာ ထိုညအတွက် အစားအစာများဝယ်ရန် ကော်ဆိုဈေးရပ်ကွက်ဘက်သို့ အတူလျှောက်လာခဲ့ကြလေသည်။

"အိမ်ကတော့ သိပ်ကိုဟန်ကျနေရတာပါပဲ"ဟု ဘက်ဆီဒပ်စ်ကတော့ ထပ်၍ချီးမွမ်းနေလိုက်သည်။

"စရိတ်စက ကုန်လွန်းအားကြီးအောင်လည်း မကြီးလှပါဘူး။ ဒါပေမဲ့ ပျော်ပျော်ရွှင်ရွှင် နေထိုင်နိုင်အောင်လည်း ကျယ်ဝန်းပါတယ်။ ခင်ဗျားရဲ့ မိန်းကလေးအတွက်တောင် အခန်းတစ်ခန်းရှိနေတာကို ခင်ဗျား သတိပြုမိခဲ့ရဲ့လား ဖော်လ်ဂျန်"

"ဘယ်ကမိန်းကလေးလဲကွ"

"ကချေသည်မလေး လိုင်ဒီယာလေ"

"မင်းက သူ့အကြောင်းကို ဘယ်လိုလုပ် သိထားရတာလဲ"ဟု ဖော်လ်ဂျန်သည် မျက်မှောင်မသိမသာကုတ်ကာ ဘက်ဆီဒပ်စ်ကို ပြန်မေးလိုက်လေသည်။

"ကျွန်တော်ဟာ ခင်ဗျားရဲ့ ကိစ္စအားလုံးကို သိထားပါတယ်။ ကျွန်တော်ဟာ ခင်ဗျားရဲ့အစေခံအဖြစ်နဲ့ ဆောင်ရွက်ရဖို့ကို မျှော်လင့်မိတဲ့နေ့ကစပြီး ခင်ဗျားရဲ့အကျိုးကို အစစအရာရာမှာ ဆောင်ရွက်ပေးနိုင်

ဖို့အတွက် ခင်ဗျားရဲ့အသွားအလာ အနေအထိုင်တွေ၊ အပေါင်းအသင်းတွေနဲ့ အကြိုက်တွေအကုန်လုံးကို စေ့စေ့စပ်စပ်လိုက်ပြီး လေ့လာနေခဲ့တာကလား"

ဖော်လ်ဂျန်ကလည်း ဘာမှမပြောတော့ဘဲ ရှေ့သို့ဆက်၍လျှောက်ခဲ့ကာ သူ မှတ်မိသော အသံတစ်ခုက လူတွေကြားထဲမှနေ၍ သူ့အား ခပ်လှောင်လှောင် လှမ်း၍နှုတ်ဆက်လိုက်လေသည်။

"ဟောဒါတို့ တွေ့ကြပြန်ပြီကိုး လက်ရုံးဇာနည်ကြီး.. ငါလည်း မင်းကို လိုက်ရှာနေတာပါပဲ"

နှုတ်ဆက်လိုက်သူကား ရွှေသွားပေါ်အောင် ရယ်ပြနေသည့် ဖော်လ်ဂျန်၏ ရန်သူတော်ကြီး တီဂျဲလိနပ်စ်ပင် ဖြစ်လေ၏။ တီဂျဲလိနပ်စ်၏နောက်တွင် လက်နက်ကိုင်စစ်သားတစ်ကျိပ်ခန့် ပါလာသည်ကို ဖော်လ်ဂျန်က သတိပြုမိလိုက်သော်လည်း ဘယ်လိုမှအမှုမထားဘဲ နေလိုက်မိလေသည်။ မြင်းမွေးသမား တီဂျဲလိနပ်စ်ကား သူ၏ထုံးစံအတိုင်း နီရို၏အမည်ကို ခံယူကာ မတရားမှုတွေကို ပြုလုပ်ဖို့ စစ်သားတွေကို ခေါ်ဆောင်လာခြင်းဖြစ်သည်ဟုသာ ဖော်လ်ဂျန်က သာမန်အားဖြင့် မှတ်ယူလိုက်မိလေသည်။

"ခင်ဗျားက ဘာလိုချင်လို့ ကျုပ်ကိုလိုက်ရှာနေရတာလဲ"ဟု သူသည် ခပ်တည်တည်ပင် တီဂျဲလိနပ်စ်အား ပြန်မေးလိုက်လေ၏။

"မင်းကို လိုချင်တာပဲပေါ့"

တီဂျဲလိနပ်စ်သည် ပြန်ဖြေရင်းက ဖော်လ်ဂျန်၏ လက်တစ်ဖက်ကို ဆွဲကိုင်လိုက်လေ၏။

"ခင်ဗျား ကျုပ်ကို လွှတ်လိုက်စမ်းပါ။ လူတွေသူတွေရှေ့မှာ ကျုပ်ဟာ ဆွဲလားရမ်းလား လုပ်တာကိုခံတတ်တဲ့ လူတစ်ယောက်မဟုတ်ပါဘူး"

"ဒီလိုဆိုရင် မင်းငါနဲ့အေးအေးဆေးဆေးလိုက်ခဲ့ပေါ့။ အဲဒီအခါကျတော့ လုပ်စရာရှိတာကို ဘယ်သူမှမသိရအောင် ငါလုပ်ပြပါ့မယ်"



ဖော်လ်ဂျန်ကလည်း ထိုအခါမှပင် တီဂျဲလိနပ်စ်၏ နောက်က စစ်သားတွေပါလာသည့် အဓိပ္ပာယ်ကို နားလည်လာမိလေတော့၏။

"မင်းကို ငါ ဖမ်းရမယ်"

"ခင်ဗျား အရူးကိုက်မှားနေပြီ တီဂျဲလိနပ်စ်"ဟု ဖော်လ်ဂျန်က မထီလေးစားရယ်ပြီး ပြန်ဖြေလိုက်လေသည်။

"ကျုပ်ဟာ မိဖုရားခေါင်ကြီးရဲ့ ကာကွယ်စောင့်ရှောက်မှုကို ခံယူနေရတဲ့လူပါ"

"အေး တို့ကလည်း မင်းကို မိဖုရားခေါင်ကြီးနဲ့ ပတ်သက်ပြီးလို့ပဲ စစ်မေးချင်တာပါပဲကွ"

"တို့ကဟုတ်လား။ တို့ဆိုတာ ခင်ဗျားအပြင် ဘယ်သူတွေလဲ"

ဤတွင် တီဂျဲလိနပ်စ်က သူ့နောက်ကစစ်သားတွေကို အော်ဟစ် အမိန့်ပေးလိုက်လေသည်။

"သူ့ကို ဖမ်းကြစမ်းဟေ့"

စစ်သားနှစ်ယောက်က ဖော်လ်ဂျန်ကို ချုပ်ကိုင်ထားလိုက်ကြပြီး ကျန်စစ်သားတွေက လှံတွေနှင့် ချိန်ရွယ်ကာ ၎င်းကို ဝိုင်းရံထားလိုက်ကြလေသည်။

"အင်း ဒီတစ်ခါတော့ မင်းက ငါ့ထက် တစ်ပန်းသာတာပေါ့ကွာ"ဟု ဖော်လ်ဂျန်က အားမတန်၍ မာန်လျှော့လိုက်လေသည်။ "ကဲ..လာ သွားကြစို့"

## ( ၂ )

စစ်သားတွေအား ဖော်လ်ဂျန်ကို ရွှေနန်းတော်သို့ခေါ်ဆောင်သွားရန် တီဂျဲလိနပ်စ်က အမိန့်ပေးလိုက်လေသည်။ တီဂျဲလိနပ်စ်က ရှေ့က လမ်းပြကာ ဖော်လ်ဂျန်ကို စစ်သားတွေက ဝိုင်းရံပြီး 'ပါလာတိုင်း' တောင်ကုန်းသို့ ချီတက်သွားကြသည်ကို ဘက်ဆီဒပ်စ်ခမျာက ကြောင်တက်တက်နှင့် ငေးမောကြည့်၍ ကျန်နေရစ်ခဲ့လေတော့၏။

ဖော်လ်ဂျန် ကိုယ်တိုင်မှာလည်း ဘယ့်အတွက်ကြောင့် ယခုလို သူ အဖမ်းခံရသည်ကို စဉ်းစား၍မရနိုင်အောင် ရှိနေရလေသည်။

သင်းကွပ် အားစတိုင်း၏ လက်ချက်ဖြစ်ရမည်ဟူ၍ကား သူက တွေးလိုက်မိလေသည်။ မနေ့က အော်တေဗီယာထံသို့ သူက အခစား ဝင်သည်ကို ၎င်းကတွေ့မြင်သွားရသည် ဖြစ်ရာ ၎င်း၏ဆရာ တီဂျဲလိနပ်စ်အား တွန်းခဲ့ခြင်းသာဖြစ်ပေမည်။

"ဒါနဲ့ ခင်ဗျားရဲ့မိတ်ဆွေ အားစတိုင်းတစ်ယောက်ကော"ဟုဖော်လ်ဂျန်က တီဂျဲလိနပ်စ်ကို လှမ်း၍မေးလိုက်မိလေ၏။

"ဘာမဟုတ်တဲ့ သင်းကွပ်တစ်ယောက်ကို ငါ့မိတ်ဆွေလို့ မခေါ်စမ်းပါနဲ့ကွာ"ဟု တီဂျဲလိနပ်စ်က ခပ်ပြင်းပြင်း ပြန်ဖြေလိုက်လေသည်။ "ဒီကောင်ဟာ ငါအသုံးပြုနေတဲ့ ခိုင်းဖတ်သတ္တဝါတစ်ကောင်ပါကွ"

"ထားလိုက်ပါတော့လေ။ အခု သူဘယ်ရောက်နေသလဲ။ ခါတိုင်းကတော့ ခင်ဗျားတို့နှစ်ယောက်ကို တတွဲတွဲတွေ့ရတတ်တာကလား"

"အခုလည်း မင်း ငါတို့နှစ်ယောက်ကို အတူတူတွေ့ရမှာပါပဲလေ"

လမ်းသွားလမ်းလာ လူထုကြီးကား ထိုအချိန်တွင်စစ်သားတွေက ဖော်လ်ဂျန်အား ဖမ်းလာခြင်းဖြစ်သည်ကို သိလာကြရပြီဖြစ်ကာ မကျေမနပ် ရေရွတ်နေကြလေပြီ ဖြစ်လေသည်။ လက်ရုံးဇာနည် တစ်ယောက်ကား သာမန်လူထုကြီးအတွက် ခင်မင်ချီးကျူးဖွယ်ရာသော လူစွမ်းကောင်းကြီး တစ်ယောက်ဖြစ်နေရပေ၏။ သို့တစေလည်း သာမန်နိမ့်ကျသော လူတစ်ယောက်ပင် ဖြစ်စေကာမူ စစ်သားတွေက ဖမ်းခေါ်သွားခြင်းကို ခံရပါက ဘေးကတွေ့မြင်ရသူတွေက ၎င်းဘက်ကသာ ကရုဏာသက်ကြရသည်သာ ဖြစ်လေ၏။

ယခုလည်း တီဂျဲလိနပ်စ်နှင့် စစ်သားတစ်စုမှာ ဘေးကလူထုကြီး၏ အမျိုးမျိုးအော်ဟစ်ပြောင်လှောင် ရှုတ်ချသံတွေကို ခံယူနေကြရလေတော့သည်။ ၎င်းတို့ကိုလည်း တီဂျဲလိနပ်စ်က ဘယ်လိုမှပြန်လှန်၍



မပြောရဲ။ ရောမမြို့တော်ကြီးတွင် ရောမလူထုကြီးမှာ သူတို့သာလျှင် သခင်၊ သူတို့သာလျှင် ကျွန်ဖြစ်နေကြရသည် မဟုတ်ပါလား။

လူရှင်းရာသို့ ရောက်လာကြသည့် အခါတွင်မှ တီဂျဲလိနပ်စ်သည် ဖော်လ်ဂျန်အား အသားယူ၍ လှောင်လိုက်လေသည်။

"မင်းရဲ့ချီးကျူးသဘောကျနေတဲ့ ပရိသတ်ကြီးတွေက မကြာခင် မင်းကို မေ့သွားကြတော့မှာကို ငါဝမ်းနည်းမိပါရဲ့ ဖော်လ်ဂျန်ရာ"

သူတို့လူစုသည် ရှေ့သို့ဆက်လက်၍ လျှောက်လာခဲ့ကြကာ ရွှေနန်းတော်၏ အဝင်ဝသို့ရောက်လာကြသည်တွင် ရပ်တန့်လိုက်ကြလေသည်။ အကြောင်းမှုကား ထိုနေရာတွင်ပင် ချပ်ဝတ်တန်ဆာ အပြည့်အစုံဝတ်ဆင်လျက် ရင့်ကျက်သောဂုဏ်ရှိန်ကြီးဖြင့် ခန့်ညားနေလေသော ဖော်လ်ဂျန်၏မိတ်ဆွေ ကိုယ်ရံတော်တပ်မှူးကြီး ဘားရပ်စ်က ၎င်း၏ လက်ရွေးစင်တပ်သား ၄၀ နှင့် ပိတ်ဆို့၍ရပ်နေသောကြောင့် ဖြစ်လေသည်။

"ဒါက ဘာအဓိပ္ပာယ်လဲ"ဟု သူက တီဂျဲလိနပ်စ်ကို ထန်ထန်ကြီးပင် မေးလိုက်လေသည်။

"ဘာအဓိပ္ပာယ်ရှိရမှာလဲ၊ လက်ရုံးဇာနည်ဖော်လ်ဂျန်ဆိုတဲ့ကောင်ကို ဖမ်းလာတာပဲပေါ့"

"ဘယ်သူ့အမိန့်နဲ့ ဖမ်းလာခဲ့ရတာလဲဆိုတာ မေးစမ်းပါရစေဦး"

"ဆီဇာဘုရင် အမိန့်နဲ့ပေါ့"

"တရားဥပဒေအရဆိုရင် ပထမတန်းစား လက်ရုံးဇာနည်တစ်ယောက်ကို ဖမ်းဆီးချုပ်နှောင်တဲ့ အခါမှာ ဘုရင့်ကိုယ်ရံတော်တပ်မှူးချုပ်ရဲ့ ညွှန်ကြားမှုကို အရင်ခံယူရပါသေးတယ်။ ငါဟာအခုထက်ထိ ဘုရင့် ကိုယ်ရံတော် တပ်မှူးချုပ်ဖြစ်နေရပါသေးတယ် တီဂျဲလိနပ်စ်"

"ဖြစ်နေရပါသေးတယ်ဆိုတဲ့ စကားကို ခင်ဗျားက အသုံးပြုလိုက်တဲ့အတွက် ကျေပ်ဝမ်းသာပါတယ်"ဟု တီဂျဲလိနပ်စ်က မခန့်လေးစားပင် ဘားရပ်စ်ကို ပြန်ပြောလိုက်လေသည်။ "ဘာပြုလို့လဲဆိုတော့ ဒီ

စကားကို အသုံးပြုလိုက်ခြင်းအတွက် ခင်ဗျားရဲ့စကားတွေဟာ ပိုပြီး တိကျမှန်ကန်လာရတာကိုး။ ဒါပေမဲ့ ခင်ဗျားရဲ့စဉ်းစားဝေဖန်မှုကတော့ တိကျမှန်ကန်ခြင်းမရှိပါဘူး တပ်မှူးကြီး။ အခုကျုပ်ဆီမှာ နီရိုကိုယ်တော်တိုင် ခွင့်ပြုထားတဲ့ အမိန့်စာချွန်တော် ပါလာပါတယ်"

တီဂျဲလိနပ်စ်က သူ့ခါးကြားမှ အမိန့်စာချွန်တော်ခေါက်လေးကို ဘားရပ်စ်အား ထုတ်ပေးလိုက်လေသည်။ ဘားရပ်စ်သည် သူ၏စူးရှလှသော မျက်လုံးတွေကိုကြိုးစား၍ အသုံးပြုကာ စာချွန်တော်ကို ဖတ်ကြည့်လိုက်ပြီးနောက် စာရွက်ခေါက်ကို တီဂျဲလိနပ်စ်လက်ထဲသို့ မှင်သေသေနှင့်ပင် ပြန်ထည့်ပေးလိုက်လေသည်။

"သူ့ကို ဘာပြစ်မှုနဲ့ စွပ်စွဲထားတာလဲ"

"ဒီကိစ္စမျိုးမှာ ဘာပြစ်မှုရယ်လို့ ဖော်ပြဖို့မလိုပါဘူး"

"သူ့ကို မင်းတို့က ဘယ်ကိုခေါ်သွားကြမလို့လဲ"

"ကျုပ်ရဲ့အခန်းဆောင်ကို ခေါ်သွားမှာပါပဲ။ ဒါပေမဲ့ အဲဒီမှာ ဒီကောင့်ကို ကျုပ်တို့က စစ်ကြတဲ့အခါမှာတော့ ခင်ဗျား လာနားထောင်ခွင့်မရှိပါဘူး တပ်မှူးကြီး ဘားရပ်စ်"

ဘားရပ်စ်လည်း အင်တင်တင်အမူအရာနှင့် ဘေးသို့ဖယ်ပေးလိုက်လေသည်။ ထိုအတောအတွင်းဝယ် ၎င်းသည် ဖော်လ်ဂျန်ကို ဘယ်လိုမှ အမှုမထားခဲ့ဘဲ တစ်ချက်မှလည်း လှည့်ကြည့်ဖော်မရခဲ့ချေ။ သို့တိုင်အောင်လည်း ဖော်လ်ဂျန်ကတော့ ကောင်းစွာနားလည်လိုက်မိလေသည်။ အော်တေဗီယာသည် တီဂျဲလိနပ်စ်၏ လက်ထဲမှ မိမိကို ကယ်တင်ပြီး ၎င်း၏အကြံကိုဖျက်ဆီးရန်အတွက် သူမ၏ဘက်တော်သားကြီး ဘားရပ်စ်ကို မလွှတ်ခဲ့ရှာခြင်းပင် ဖြစ်လေသည်။

တီဂျဲလိနပ်စ်၏ လူစုသည် ဖော်လ်ဂျန်အား ရွှေနန်းတော်ကြီးအတွင်းရှိ ၎င်း၏ခန်းဆောင်ထဲသို့ ခေါ်ဆောင်သွားခဲ့လေတော့သည်။ တီဂျဲလိနပ်စ်၏ ခန်းမဆောင်ကြီးကား ဖော်လ်ဂျန် ယခင်က တစ်ခါ ရောက်ခဲ့ရစဉ်ကထက်ပင် ပိုမိုခန့်ညားး၍ အဆင်အပြင်အမွှမ်းမံတွေ



ဝေဖြာကြွယ်ဝ ခမ်းနားလျက် ရှိနေရလေတော့၏။ ထိုခန်းမဆောင်ကြီးကို ကျော်လွန်လျက် တစ်ဖက်ခန်းထဲသို့ ဝင်လာမိသည့်အခါတွင်ကား သင်းကွပ်ကြီးအားစတိုင်းသည် အဘယ်ကြောင့် နောက်ချန်နေရစ်ခဲ့သည်ကို ဖော်လ်ဂျန် နားလည်လိုက်ရလေ၏။

တကယ်တော့ အားစတိုင်းကား ဖော်လ်ဂျန် ရောက်လာလျှင် အသင့် ဆီးကြိုနိုင်ရန်အတွက် နှိပ်စက်ညှဉ်းပန်းသော ကိရိယာတန်ဆာပလာတွေကို အသင့်ပြင်ဆင် စောင့်စားနေခဲ့ခြင်း ဖြစ်လေတော့၏။

( ၃ )

"ကဲ..ထိုင်စမ်း"

တီဂျဲလိနပ်စ်က ခွေးခြေလေးတစ်ခုကို ညွှန်ပြ၍အမိန့်ပေးလိုက်ရာ ဖော်လ်ဂျန်ကလည်း နာခံလိုက်လေသည်။ မီးကျီခဲများ နီနီရဲနေသော မီးဖိုကြီးတွေနောက်ကနေ၍ အားစတိုင်းသည် သူ့အားသွားကြီးဖြဲလျက် ကြည့်နေလေသည်။ စားပွဲကလေး တစ်လုံးပေါ်တွင်ကား သံလွင်သစ်သား တုတ်ချွန်ကလေးများ၊ သံချွန်များနှင့် ကြေးဝါနှင့်သွန်းလုပ်ထားသော ဓားကြီးတစ်ချောင်း၊ ညှပ်များ၊ ဇာဂနာနှင့် ဒေါင်းတောင်အမျိုးမျိုးတို့ကို အစီအစဉ်နှင့် တင်ထားလေသည်။ ဒါတွေကား အားစတိုင်း၏ လက်နက်တန်ဆာပလာများပင် ဖြစ်ကြလေ၏။

"ကဲ မင်းကို ငါက ရှင်းပြပါ့မယ်"

တီဂျဲလိနပ်စ်သည် ညောင်စောင်းတစ်ခုတွင် သူ့ကိုယ်ကို ပစ်လှဲချလိုက်ရာက ဖော်လ်ဂျန်ကို စကားစလိုက်၏။

"အော်တေဗီယာက သူ့ရဲ့ကြင်ရာတော် နီရိုကို သူမှာ ပဋိသန္ဓေတည်နေပြီဆိုတာကို ဖွင့်ပြောခဲ့ပါတယ်။ ဒါပေမဲ့ နီရိုဟာ သူနဲ့တော့ ဘယ်နည်းနဲ့မှ ပဋိသန္ဓေမရနိုင်ပါဘူးလို့ဆိုခဲ့တယ်လေ။ သူက သန္ဓေတည်နိုင်စွမ်းတဲ့သတ္တိ သူ့ဆီမှာ ကုန်ဆုံးနေရတာ ကြာခဲ့ပါပြီတဲ့။ ဒီတော့

အော်တောဗီယာမှာ ပဋိသန္ဓေ ရှိနေရတာက တော်တော်ထူးခြားနေတော့တာပေါ့။ အထူးသဖြင့် အော်တောဗီယာဆီမှာ လျှို့ဝှက်တဲ့ချစ်သူမျောက်သားတစ်ယောက် ရှိနေတာကို ပေါပီယာက သိထားနေရလေတော့ ပိုပြီးထူးခြားနေရတော့ တာပေါ့။ ဒီလင်ငယ်မျောက်သားဟာ မင်းပဲ မဟုတ်လား"

"မဟုတ်ဘူး"

"မင်း ငါ့ကို စိတ်တိုအောင် မလုပ်ရင် မင်းအတွက်ကောင်းလိမ့်မယ်။ နို့မဟုတ်ရင်တော့ မင်းကိုငါက အားစတိုင်းနဲ့ လွှတ်ပေးလိုက်ရလိမ့်မယ်"

"ကျုပ်က အမှန်အတိုင်းပြောနေတာပဲ။ ကျုပ်ဟာ အော်တောဗီယာမိဖုရားရဲ့ လင်ငယ်မျောက်သားဖြစ်ရမယ်ဆိုတာဟာ တွေးတောင်မှမကြည့်ဝံ့တဲ့ ကိစ္စကြီးတစ်ခု မဟုတ်ပါလားဗျ"

"ဘာပြုလို့ မဟုတ်ရမှာလဲ။ မင်းဟာ ရုပ်ချောတဲ့ လူတစ်ယောက်ပဲ။ ပြီးတော့ ကျန်းမာသန်စွမ်းတယ်။ ပြီးတော့ အော်တောဗီယာကလည်း မိန်းမတစ်ယောက်ပဲ မဟုတ်လား"

"အော်တောဗီယာဟာ ကျုပ်ရဲ့အရှင်သခင်မ ဧကရီမိဖုရားခေါင်ကြီး ဖြစ်ပါတယ်"

"သူက မင်းကို ဆုလာဘ်တွေလည်း ရက်ရက်ရောရောပေးသနားတော်မူခဲ့တယ်။ မြင်းလေးကောင်ကတဲ့ မြင်းရထားအပြင် အိမ်တစ်ဆောင်ကိုပါ ပေးခဲ့သေးတယ် မဟုတ်လား"

"ကျုပ်ဟာ အရီနာတိုက်ပွဲကြီးမှာ မကြာသေးခင်ကမှ အနိုင်ရခဲ့တယ် မဟုတ်လား။ သူဟာ ကျွန်တော့်ကို လက်သပ်မွေး အားပေးနေသူဆိုတော့ ကျုပ်က သူ ဂုဏ်ရအောင် တိုက်ပွဲမှာ အနိုင်ယူပြနိုင်ခဲ့တာကို နှစ်ထောင်းအားရတော်မူပြီး ဆုလာဘ်တွေ ချီးမြှင့်တော်မူခဲ့တာပါဗျ"

"မင်း သူ့ဆီကို ဘယ်နှစ်ခါ အခစားဝင်ပြီးပြီလဲ"

"နှစ်ခါ"



"အေး တစ်ခါက မကြာလှသေးဘူး။ တစ်ခါကတော့ မေလကုန်ခါနီးလောက်ကပဲ မဟုတ်လား။ အဲဒီအချိန်နားမှာပဲ အော်တောဗီယာဟာ စပြီးပဋိသန္ဓေရှိလာရတာပဲ။ ကဲပါလေ... ဟုတ်ပါတယ်လို့ ဝန်ခံလိုက်ပါ"

"ဒီလိုဝန်ခံလိုက်ရင် ကျုပ် လိမ်ပြောရာကျနေတော့မှာပေါ့"

ဤတွင်အားစတိုင်းက မီးကျီးခဲတွေကြားထဲသို့ ထိုးထည့်ထား၍ နီရဲနေသော သံညှပ်ကြီးတစ်ခုကို ကောက်ယူလိုက်ပြီး ဝင်ဖောက်လေသည်။

"အို တီဂျဲလိနပ်စ်။ သူ မှတ်ဉာဏ်ကောင်းလာအောင် ကျုပ်လုပ်ပေးပါရစေ"

တီဂျဲလိနပ်စ်က ခေါင်းညိတ်ပြလိုက်သည်တွင် စစ်သားလေးယောက်က ရှေ့သို့တိုးလာကာ ဖောလ်ဂျန်ကို ဖမ်းချုပ်ထားလိုက်ကြလေသည်။ ၎င်းတို့က ဖောလ်ဂျန်၏ ကိုယ်မှအင်္ကျီကို ဆွဲဆုတ်ပစ်လိုက်ကြကာ ကြမ်းပြင်ပေါ်သို့ တွန်းလှဲချလိုက်ပြီး ဝိုင်းဖိထားလိုက်ကြလေသည်။ သင်းကွပ်ကြီးကလည်း ရှေ့သို့တိုးလာလေသည်။

"ကဲ တို့တစ်တွေ အရီနာတိုက်ပွဲကြီး ကျင်းပသလို စကြတာပေါ့ကွယ်။ ပထမတော့ ဖြည်းဖြည်းသက်သာပေါ့။ ပြီးတော့မှ ပိုမိုပြင်းထန်လာရတဲ့ တိုက်ခိုက်မှုတွေပေါ့ ဟုတ်စ"

သင်းကွပ်ကြီးသည် ပြောပြောဆိုဆိုပင် လက်ထဲမှ ရဲရဲနီနေသော သံညှပ်ကြီးကို ဖော်လ်ဂျန်၏ ရင်ဘတ်တွင် ထိုးကပ်လိုက်လေသည်။ ရှဲခနဲမြည်သွားသံနှင့်အတူ အသားကို မီးမြိုက်မိသော ညှော်နံ့ကထောင်းခနဲ ထလာလေသည်။ သို့ရာတွင် လက်ရုံးဇာနည်ထံကတော့ ဘာသံမှ ထွက်ပေါ်၍မလာပေ။

အားစတိုင်းကတော့ မီးပူညှပ်ကြီးနှင့် ဖော်လ်ဂျန်၏အသားကို ထိုးကပ်၍ ဆက်လက်ညှဉ်းပန်းနေလေ၏။ တီဂျဲလိနပ်စ်ကတော့ ၎င်း၏ဝါထိန်သော မျက်လုံးကြီးများဖြင့် စူးစိုက်ကြည့်ရှုနေ၏။

"ကဲ သံချွန်တွေ တစ်ခါစမ်းကြည့်ပါရစေဦးကွာ"

အားစတိုင်းသည် သံချွန်တွေကို ကောက်ယူပြန်ကာ ဖော်လ်ဂျန်၏ရင်ဘတ်၊ လက်မောင်းသားနှင့် လည်ပင်းတို့တွင် ထိုးဆွနှိပ်စက်နေလိုက်ပြန်၏။ သွေးတွေဖြာခနဲ ဆင်း၍ကျလာရ၏။

"မင်းတို့အချိန်ဖြုန်းနေကြတာပဲ။ ငါ့အတွက်မင်းလုပ်နေတာတွေဟာ အယားပြေရုံသာရှိနေရတယ်ကွ"

ဤတွင် တီဂျဲလိနပ်စ်က အမိန့်တစ်ခု ထုတ်ပြန်လိုက်လေသည်။

"ဟုတ်ပြီ။ ဒီတစ်ခါတော့ သူ့ကိုဒေါင်းတောင်တွေနဲ့ စမ်းကြည့်ပေတော့ဟေ့"

စစ်သားများသည် ဖော်လ်ဂျန်၏ ခြေနှစ်ဖက်ကို ပူးတွဲချည်နှောင်ထားလိုက်ကြလေသည်။ ပြီးတော့ ဖော်လ်ဂျန်၏ ခြေနင်းနှစ်ဖက်ကိုလည်း ချွတ်ပစ်လိုက်ကြ၏။ အားစတိုင်းကလည်း စားပွဲပေါ်မှ ဒေါင်းတောင်များအနက်မှ စိတ်ကြိုက်ကို ရွေးချယ်နေရာမှ သဘောကျစွာတစ်ကိုယ်တည်း ရယ်ပြောပြောလိုက်လေသည်။

"သစ်ပင်က ဘာလုပ်ဖို့လဲ"

"ပါရှင်းလူမျိုးတွေဟာ သူတို့ရဲ့အကျဉ်းသမားကို ဝမ်းခွဲပြီး အူတစ်စကိုဆွဲနုတ်လို့ သစ်ပင်တစ်ပင်မှာ သံနဲ့ရိုက်ထားလိုက်တယ်။ ပြီးတော့ အကျဉ်းသမားကို ကြာပွတ်နဲ့ရိုက်ပြီး သစ်ပင်ကို ဝိုင်းပတ်ပြေးခိုင်းတော့ သူ့ဝမ်းထဲက အူတွေဟာ သစ်ပင်မှာ ပတ်ချည်မိလျက်သားဖြစ်သွားရတော့တာပေါ့။ ဒါပေမဲ့ ဒီနည်းဟာ တစ်ခါပဲ အသက်သေရတဲ့နည်းပဲ။ ငှက်ထောင်နည်းကသာ ကောင်းပါတယ်"

"ကဲ ဒီနည်းကိုပဲ သုံးစမ်းပါလေ"

အားစတိုင်းကလည်း ဒေါင်းတောင်နှစ်ချောင်းကို ကိုင်ကာ ဖော်လ်ဂျန်၏ခြေရင်းတွင် ကျကျနန တင်ပျဉ်ခွေထိုင်လိုက်လေသည်။ ပြီးလျှင် ဖော်လ်ဂျန်၏ ခြေဖဝါးများကို ဒေါင်းတောင်အဖျားနှင့် ငြင်သာစွာကလိနေတော့၏။ အသားကို မီးမြှိုက်ခြင်းနှင့် သံချွန်နှင့်ညှဉ်းပန်းနှိပ်



စက်ခြင်းဒဏ်များကို ခံရပြီးနောက်မှ ယခု ဤမျှညင်သာစွာ ပြုမူချက်ကို အံ့သြနေမိလေသည်။

သို့ရာတွင် မကြာမီပင် ဤညှဉ်းပန်းနှိပ်စက်မှု ထိရောက်မှုကိုနားလည်လာရလေတော့၏။ သူ့ခြေဖဝါးမှနေ၍ ခြေဆစ်အထိ ထိုး၍ထိုး၍ ကြွက်တက်လာရလေသည်။ သူ့ခြေထောက်များကို ဖယ်ရှားပစ်ရန်ကြိုးစားသော်လည်းချည်နှောင်ထားသောကြိုးကြောင့်လည်းကောင်း စစ်သားတွေက ဝိုင်းဖိထား၍လည်းကောင်း ဘယ်လိုမှ မလှုပ်နိုင်ဘဲရှိရလေသည်။

အားစတိုင်းကလည်း သူ့ကြက်တောင်တွေကို ပိုမို၍ ကျင်လည်စွာအသုံးချလာရာ ဖော်လ်ဂျန်မှာ အသံစူးစူးဝါးဝါးနှင့် အော်ဟစ်၍ ရယ်လိုက်မိလေသည်။ သူကရယ်လေရယ်လေ ကြွက်ကပို၍ပို၍ တက်လာလေလေ ရှိနေရကား နောက်ဆုံးတော့ ဖော်လ်ဂျန်၏ရယ်သံသည် မချိမဆန့် ညည်းညူသံအဖြစ်သို့ ပြောင်းလဲလာခဲ့ရလေတော့၏။ ပြီးလျှင်ကား ရယ်လည်းမရယ်နိုင်၊ ညည်းသံပင်မပြုနိုင်ဘဲ တဟိုက်ဟိုက်နှင့်သာ အသက်ကို ရှူရှိုက်နေရကာ မချိမဆန့်ဝေဒနာကြီးကို မျက်ဖြူလန်အောင်ခံစားနေရလေသည်။ နာကျင်မှုဝေဒနာမှိုင်းတိုက်ကြီးထဲမှနေ၍သူက တီဂျဲလိနပ်စ်၏ အသံခပ်သဲ့သဲ့ကိုပင် ကြားလိုက်ရလေ၏။

"ဒီကောင့်ဆီက အဖြေမရမချင်း ဆက်လုပ်ဟေ့"

ဖော်လ်ဂျန်က နောက်ဆုံးတွင် သတိလစ်သွားရသည့်တိုင် ၎င်းတို့က ပါးကိုတဖြန်းဖြန်းရိုက်လျက် မျက်နှာကို ရေဆွတ်ထားသောအဝတ်နှင့် ပွတ်ကာ သတိရလာစေလေသည်။ နောက်ဆုံးတော့ ဖော်လ်ဂျန်၏ ခွဲကို အားစတိုင်းက လက်လျှော့လိုက်ရလေ၏။

"ကဲ လုပ်စရာရှိတာ တစ်ခုပဲကျန်တော့တယ်"ဟု ၎င်းက ဒေါင်းတောင်တွေကို ပစ်ချကာပြောလိုက်၏။ "ဒီကောင့်ကို ပြောင်းပစ်ဖို့ပဲ"

"ကဲ မင်းတွေ့တယ်မဟုတ်လား ဖော်လ်ဂျန်"ဟု တီဂျဲလိနပ်စ်ကလည်း ပြုံးပြုံးရွှင်ရွှင် ဝင်ပြောလိုက်လေ၏။ "ဒီ ရှုံစရာကောင်းတဲ့ သင်း

ကွပ်ကြီးကို ငါ ဘာမှမတတ်နိုင်ဘူးကွယ့်။ သူကိုယ်တိုင်က ယောကျ်ား တစ်ယောက်မဟုတ်တော့ လူတကာကို သူ့လိုပဲဖြစ်စေချင်တော့တာ ကလား။ ကဲ ဒီတော့ မင်းအပြစ်ကို ဖွင့်သာဝန်ခံလိုက်တော့ကွာ"

"ကျုပ်မှာ ဝန်ခံစရာ ဘာအပြစ်မှ ရှိတာမှ မဟုတ်တာဘဲ"

အားစတိုင်းကား ဓားတစ်ချောင်းကို ကျကျနန စတင်သွေးစပြုနေလေတော့သည်။ စစ်သားတစ်ယောက်က ဖော်လ်ဂျန်၏ ခါးဝတ်ကို ဆွဲချွတ်လိုက်လေသည်။ ထိုအထိပင် ဖော်လ်ဂျန်က ဆက်လက်၍ ခေါင်းမာနေလေသည်။ သင်းကွပ်ကြီးကိုသာ သူက စူးစိုက်၍ ကြည့်နေလိုက်ကာ ၎င်း၏လက်ထဲမှ ဓားလှယူပြီး တစ်ခါတည်းအသေသတ်ပစ်မည့် အခွင့်အရေးကိုသာချောင်းနေလိုက်၏။ သို့ရာတွင် ဤသို့ပြုလုပ်ဖို့ကား လိုအပ်၍မလာခဲ့။ အခန်းတံခါးသည် ရုတ်တရက်ပွင့်လာကာ ကျွန်တစ်ယောက်က ပျာပျာသလဲနှင့် မိန်းမတစ်ယောက်ကို ဦးညွှတ်အလေးပြုလျက် အခန်းထဲသို့ သွင်းလိုက်လေသည်။ ဝင်လာသောအမျိုးသမီးကား နီရိဘုရင်ကို ကြိုးဆွဲနေသူ မိန်းမလည်း ပေါ်ပီယာပင် ဖြစ်နေလေ၏။

"သူက ဖော်လ်ဂျန်လား"

"ဟုတ်တယ် သူ့ကိုအမျိုးမျိုးမေးခဲ့ပြီးပါပြီ။ ဒါပေမဲ့ အလကားပဲ"

ပေါ်ပီယာသည် တီဂျဲလီနပ်စ်၏ အဖြေကိုကြားပြီးသည့်နောက် ကြမ်းပြင်ပေါ်တွင် ကိုယ်တုံးလုံးဖြစ်နေသော ဖော်လ်ဂျန်ကို စူးစူးဝါးဝါး သိမ်းကျုံး၍ကြည့်လိုက်လေသည်။ ပြီးမှ–

"ဒီတော့ ဘယ်လိုလုပ်ကြမယ်လို့ ကြံသလဲ" ဟု တီဂျဲလီနပ်စ်အား မေးလိုက်ပြန်လေသည်။

"သူ့ကို ယောကျ်ားအဖြစ်ရှုံးအောင် လုပ်ပစ်ရတော့မှာပေါ့"

"အို..ဒီလိုခန့်ညားလှတဲ့ ကိုယ်ခန္ဓာတစ်ခုကို ဖျက်ဆီးပစ်မလို့ ဟုတ်စ။ ဒီလိုတော့ မလုပ်လိုက်ပါနဲ့ အားစတိုင်း။ မင်းဓားကို ချထားလိုက်စမ်း"



အားစတိုင်းသည် ဒေါသတကြီးနှင့် ဓားကိုပစ်ချလိုက်လေသည်။

"သူ့ကို ဒီလိုမလုပ်ရင် ဒီကောင်က ဖွင့်ပြောမှာ မဟုတ်ဘူး" ဟု တီဂျဲလီနပ်စ်က အပြစ်တင်သလို ပြန်ဖြေလိုက်သည်။

"ဒီလိုလုပ်ဖို့ မလိုပါဘူးလေ။ ကျွန်မ အခုပဲ အော်တေဗီယာဆီက လာခဲ့တာ။ သူ့လင်ငယ်နာမည်ကို ကျွန်မ သိခဲ့ရပါပြီ"

"အော်တေဗီယာက ဖွင့်ဝန်ခံတယ်။ သူ့လင်ငယ်က ဘယ်သူတဲ့လဲ"

"မာရီယိုပေါ့လပ်စ်ဆိုတဲ့ လွှတ်တော်အမတ်ပေါ့။ လမ်းခင်းတဲ့ အလုပ်မှာ သူက ငွေစားထားတာ ပေါ်သွားရပြီး တစ်နေ့က ကိုယ့်ကိုယ်ကိုယ် သတ်သေသွားတဲ့လူပေါ့"

တီဂျဲလီနပ်စ်က အားရပါးရ ရယ်ချလိုက်လေတော့၏။

"လက်စသတ်တော့ ပေါ့လပ်စ် ဖြစ်နေရတော့တာကိုး။ အင်း သူက အော်တေဗီယာကို အမြဲတမ်း အကောင်းပြောနေခဲ့တဲ့ လူတစ်ယောက်ပါပဲ။ ဒါပေမဲ့ အော်တေဗီယာဟာ သူ့လိုလူ..."

"ကဲ လက်ရုံးဓာနည်ကို လွှတ်လိုက်တော့လေ"

စစ်သားတစ်ယောက်က ဖော်လ်ဂျန်ကို ကြမ်းပေါ်မှဆွဲထူကာ ၎င်း၏ခါးဝတ်ကိုလည်း ပစ်ပေးလိုက်လေသည်။ ဖောလ်ဂျန်က ခါးဝတ်ပြန်ဝတ်နေသည်ကို ပေါ်ပီယာကကြည့်နေလိုက်ပြီး သည့်နောက်တွင်မှ ချိုသာစွာပြုံးလိုက်ကာ လှည့်ထွက်သွားလေသည်။ ဖော်လ်ဂျန်ကား ဖူးရောင်နေသော သူ့ခြေဖဝါးများကြောင့် ကြမ်းပေါ်တွင် ကောင်းစွာ မရပ်နိုင်ဘဲ ဒယိမ်းဒယိုင်ဖြစ်နေရာ အားစတိုင်းက ၎င်းကိုကြမ်းပြင်ပေါ်သို့ ပြန်လဲကျသွားရအောင် လက်သီးနှင့် တအားထိုးလှဲချလိုက်လေသည်။ တီဂျဲလ်နပ်စ်နှင့် စစ်သားတွေက ဒါကို သဘောကျစွာနှင့် ဝိုင်းရယ်လိုက်ကြလေသည်။ ဖော်လ်ဂျန်ကလည်း အားယူ၍ ပြန်ထရာက တံခါးဆီသို့ လျှောက်သွားလေတော့၏။

❋

## အခန်းတစ်ဆယ့်ခြောက်

### ( ၁ )

ရွှေနန်းတော်ကြီးထဲမှ ဒယိမ်းဒယိုင်ထွက်လာခဲ့ပြီးနောက် ဖော်လ်ဂျန်သည် ဆက်၍မလျှောက်နိုင်တော့ဘဲ ခုံတန်းလျားတစ်ခုပေါ်တွင် ပစ်ထိုင်ချလိုက်ရကာ အနားတွင်ရှိနေသော လူတစ်ယောက်အား မိမိ၏ အစေခံဘက်ဆီဒပ်စ်ကို သွားရှာပေးရန် တောင်းပန်လိုက်ရလေသည်။ မကြာမီမှာပင် ဘက်ဆီဒပ်စ်ကလည်း သူ့အပါးသို့ အပြေးကလေး ရောက်ရှိလာလေ၏။

"အို ဖော်လ်ဂျန်၊ ခင်ဗျားကို ဘယ်သူကများ အခုလိုလုပ်လိုက်တာ လဲ"

"ဘယ်သူရမလဲ ငါ့ရန်သူတွေပေါ့ကွ။ ကဲ ငါ့ကိုဒီနေရာက ခေါ် သွားပေးစမ်းပါကွာ"

ဘက်ဆီဒပ်စ်ကလည်း ဝေါယာဉ်တစ်ခုကို ခေါ်လိုက်ကာ ဝေါ ပေါ်သို့ သူ့ဆရာကို ကူညီတင်ပေးလိုက်ပြီးနောက် သူကပါ တက်ထိုင်



လိုက်လေသည်။ ပါလာတိုင်းတောင်ကုန်းကြီးမှနေ၍ လက်ရုံးဓာနည် ကျောင်းဆီသို့ တငြိမ့်ငြိမ့်နှင့် သူတို့က ဆင်းလာနေကြသည့်အတွင်း ဝယ် ဘက်ဆီဒပ်စ်က ဖော်လ်ဂျန်၏ကိုယ်မှ ဒဏ်ရာတွေကို ကြည့်ကာ စုတ်တသပ်သပ်နှင့် ဖြစ်နေရလေ၏။ ပြီးလျှင် အဘယ်ကြောင့်မိမိတို့ ရရှိထားသောအိမ်ကို မပြန်ဘဲ ကျောင်းသို့လာရသနည်းဟုမေးရာ–

"ငါ လက်ရုံးဓာနည်ကျောင်းရဲ့ အကာအကွယ်ကို လိုလိမ့်မယ် ထင်လို့ပဲကွ"ဟု ဖော်လ်ဂျန်က ပြန်ဖြေလိုက်ရလေသည်။

သို့ရာတွင် သူ မျှော်ကိုးသလိုကား လက်ရုံးဓာနည်ကျောင်း၏ အကာအကွယ်ကို ဖောလ်ဂျန်ကမရရှိခဲ့ရ။ ကျောင်းသို့ရောက်၍ အံ့အား သင့်ထိတ်လန့်နေသော ကျောင်းအုပ်ချုပ်ရေးမှူးအား သူ့ဒဏ်ရာတွေ ကိုပြလျက် အကျိုးအကြောင်း ပြောတန်သရွေ့ကို ပြောပြသည်၌ အုပ် ချုပ်ရေးမှူးမှာ ဖော်လ်ဂျန်အတွက် ၎င်းက ဘယ်လိုမှ တာဝန်မယူနိုင် ကြောင်းနှင့် ၎င်းအတွက် အကောင်းဆုံးမှာ ၎င်းရရှိထားသောအိမ်သို့ ပြန်ပြီး လေးငါးဆယ်ရက် အပြင်မထွက်ဘဲ ငြိမ်ငြိမ်ဝပ်ဝပ်နေခြင်းသာ ဖြစ်သည်ဟူသော အကြံဉာဏ်ကိုသာ ပြန်ပေးလိုက်လေ၏။

သို့အားဖြင့် ဘက်ဆီဒပ်စ်မှာ သူ့ဆရာအား သူတို့အသစ်စက် စက်ရရှိထားသော အိမ်ဂေဟာလေးဆီသို့ ခေါ်ဆောင်သွားခွင့်ရခဲ့တော့ ကာ ထိုအိမ်မှာပင် ဆေးဆရာတစ်ယောက် ပင့်ခေါ်လျက် ဆရာဖြစ်သူ အား ရရှိလာသောဒဏ်ရာများအတွက် ဂရုတစိုက် ဆေးဝါးကုသပေး နေလေတော့သည်။ ဖော်လ်ဂျန်ကား ရရှိလာသောဒဏ်ရာတွေကို ဆေး ဆရာနှင့် ဆေးဝါးကုသနေရသည့်အတွင်းဝယ် ဘက်ဆီဒပ်စ်ကတော့ သူ့ဆရာ ခံတွင်းတွေ့စေမည့် စားသောက်ဖွယ်ရာများကို နေ့စဉ် မြို့ထဲ သို့ သွားပြီး ဝယ်ခြမ်းတတ်လေသည်။ ဘက်ဆီဒပ်စ်က မြို့ထဲမှပြန်လာ ရတိုင်း၌ပင် သူကြားခဲ့ရသော ကောလာဟလ သတင်းအစအနများကို ယူဆောင်လာလျက် ဖော်လ်ဂျန်အား ပြန်လည်ဖောက်သည်ချတတ်လေ သည်။

ရွှေနန်းတော်ကြီးထဲတွင် စိတ်ဝမ်းကွဲပြားမှု ဖြစ်ပေါ်နေရကြောင်း၊ ပေါ်ပီယာက ခြိမ်းခြောက်နေကာ အော်တေဗီယာခမျာမှာတော့ ရွှေစိတ်တော် အလိုမကျဘဲ အစဉ်သဖြင့်မျက်နှာတော် ညိုနေရသည်ဟူသော သတင်းများပင် ဖြစ်ကြ၏။ ရွှေနန်းတော်အတွင်းဝယ် အဘယ်ကဲ့သို့သော အရှုပ်အထွေးတွေက ဖြစ်ပျက်နေရသည်ကိုတော့ အတိအကျ ဘယ်သူမှ မသိကြသော်လည်း တီဂျဲလိနပ်စ်က မိဖုရားခေါင်ကြီးအပေါ် မကောင်းကြံစည်နေသည်ကတော့ သေချာနေရလေတော့၏။

အကယ်စင်စစ်တော့ အော်တေဗီယာသည် ရွှေနန်းတော်ကြီးထဲမှ ပျောက်ကွယ်သွားခဲ့ရပုံ ပေါ်နေ၏။ သူမသည် လုပ်ကြံခံခဲ့ရရှာပြီဟူသော သတင်းကလည်း ထွက်ပေါ်လာနေ၏။

"တော်ပါတော့ကွာ"

ထိုသတင်းတွေကို ၅ ရက်ဆက်တိုက်ကြားခဲ့ရသော ဖော်လ်ဂျန်က နောက်ဆုံးတော့ ညည်းယူရလေတော့၏။ "မင်းယူလာတဲ့သတင်းတွေက တစ်ခုထက်တစ်ခု ပိုလို့သာ ဆိုးလာနေတော့တာပဲ။ ဒီတော့ ငါကိုယ်တိုင် မြို့ထဲက ဟစ်တိုင်မှာ သွားနားထောင်စမ်းပါ့မယ်"

ဘက်ဆီဒပ်စ်က သူ့အား မြို့ထဲသို့ မြင်းရထားနှင့် လိုက်ပို့ခြင်းကို ခွင့်ပြုပြီးနောက် ဖောလ်ဂျန်သည် ဟစ်တိုင်အနီး၌ ၎င်းကိုပြန်လွှတ်လိုက်ကာ တစ်ကိုယ်တည်း ခြေကျင်ဆက်လျှောက်ခဲ့လေသည်။

ရှေးယခင်ကဆိုလျှင် ဟစ်တိုင်ရှိရာ ရပ်ကွက်မှာ ဈေးကွက်တစ်ခုသာဖြစ်ခဲ့ရသော်လည်း ယခုဆိုလျှင် ကျောက်တိုင်ကြီးများ၊ ဘုရားကျောင်းကြီးများ၊ ရုံးအဆောက်အအုံများနှင့် ပိုမိုကြီးကျယ်ခမ်းနားလျက် ရှိနေရလေသည်။ သို့ရာတွင် ဤနေရာသို့ လူတွေလာရောက်ကြခြင်းမှာကား ရှေးယခင်ကအတိုင်းပင် ကုန်ရောင်းကုန်ဝယ်ပြုလုပ်ကြရန်နှင့် သတင်းစကားများကို တစ်ယောက်နှင့် တစ်ယောက်ဖလှယ်ကြားနာကြရန်အတွက်သာ လာရောက်စုရုံးကြခြင်း ဖြစ်နေရလေသည်။



လူတွေကား နီရိုဘုရင်နေပြည်တော်ကို ပြန်လာခဲ့စဉ်ကလို တက်တက်ကြွကြွ ရွှင်ရွှင်ကြည်ကြည် ရှိမနေကြတော့ဘဲ အားလုံးလိုလိုပင် မျက်နှာမသာမယာနှင့် မှုန်ကုပ်ကုပ်ကြီးတွေသာ ရှိနေကြရလေသည်။ ဖော်လ်ဂျန်ကလည်း ဇရပ်ဆောင်တစ်ခုတွင် ဝင်ထိုင်လိုက်ရာက ထူးခြားစွာနှင့် စိတ်လေးနေမိလေသည်။ ဤသို့ဖြစ်နေရခြင်းသည် မိဖုရားခေါင်ကြီး အော်တေဗီယာအတွက်ပင် ဖြစ်နေရသလောဟု တွေးနေမိလိုက်လေသည်။ သူနှင့် အော်တေဗီယာတို့မှာ အဆင့်အတန်းချင်း အင်မတန်မှ ကွာခြားလွန်းမက ကွာခြားနေရကား၊ သူမအပေါ်တွင် ချစ်မြတ်နိုးစိတ်က ရှိနေသည်တော့မဟုတ်ပါပေ။ သို့ရာတွင် သူမအပေါ်တွင် ခင်မင်မှုကလေးကိုတော့ သူက ထားရှိနေမိလေသည်။ သူမကား ဘီလူးသဘက်ကြီးတွေ၏ လိုဏ်ဂူကြီးထဲတွင် ပွင့်နေရသော ပန်းမြတ်မာလာကလေးနှင့်သာ တူညီနေရသည်ဖြစ်ရာ ဖော်လ်ဂျန်က သူမခမျာ ဘေးမတွေ့ရပါစေနှင့်ဟု ဆုတောင်းမိလေ၏။

ဖော်လ်ဂျန်လည်း ထိုနေရာမှ ထလာခဲ့ပြန်ကာ ကတိစကားနှင့် ပေါလပ်ခ်စ် နတ်ဘုရားများအတွက် တည်ထားလေသည့် ဘုရားကျောင်းကြီးပေါ်သို့တက်သော လှေကားထစ်များဆီသို့ ရောက်ခဲ့ပြန်လေ၏။

သူ့အနီးတွင် အချင်းချင်း တီးတိုးပြောဆိုနေကြသည့် လူတွေကရှိနေကြသော်လည်း သူ ရောက်သွားသည့်အခါတွင်ကား တိတ်ဆိတ်သွားကြလေသည်။ ဖော်လ်ဂျန်လည်း နေရာပြောင်းခဲ့ကာ နိုင်ငံရေးတရားဟောဆရာတစ်ယောက်က ကျယ်လောင်စွာတရားဟောနေသည်ကို ခေတ္တရပ်၍ နားထောင်နေလိုက်မိလေသည်။ သို့ရာတွင် မကြာမီပင် ငြီးငွေ့လာမိပြန်ပြီး လူငယ်တစ်ယောက်ထံမှ ဂျုံစေ့တစ်ထုပ်ကို ဝယ်ယူကာ ခိုငှက်ကလေးတွေအား ပစ်ကျွေးလိုက်မိလေ၏။

ထိုနေရာ၌မှာပင် သူက ရင်းနှီးပြီးသော နာမည်တစ်ခုအား ခေါ်လိုက်သံကို ကြားလိုက်ရလေသည်။

"ဟော ဟိုမှာ ဘားရပ်စ်လာပြီဟော့..မြင့်မြတ်တဲ့ ဘားရပ်စ်လာပြီ ဟော့..တို့သူ့ဆီမှာ သွားအလှူခံကြရအောင်"

အစိုးရဌာနတစ်ခုမှနေ၍ ဘားရပ်စ်သည် အဘိဓမ္မာစာဆိုတော်ကြီး ဆီနီကာနှင့်အတူ ဆင်းလာနေသည်ကို ဖော်လ်ဂျန်က တွေ့လိုက်ရလေသည်။ သူတောင်းစားတစ်စုသည် ဘားရပ်စ်ဆီသို့ ဝိုင်းအုံ စုပြုံသွားကြကာ အသံတစာစာနှင့် စွန့်ကြဲပေးကမ်းရန် တောင်းဆိုနေကြသည်ကို တပ်မှူးကြီးက ကြေးနီပြားတွေ ပြန်လည်ပစ်ပေးနေလိုက်လေသည်။

ဖော်လ်ဂျန်သည် ငြိမ်သက်စွာရပ်၍ စောင့်စားနေလိုက်လေသည်။ ဘားရပ်စ်က သူ့ကိုတွေ့မြင်သွားရပြီ ဖြစ်လေ၏။

( ၂ )

ဘားရပ်စ်နှင့် ဆီနီကာတို့သည် စကားတပြောပြောနှင့် ဆင်းလာကြရာမှ ဖော်လ်ဂျန့်အနီးတွင် တပ်မှူးကြီးက ရပ်နေလိုက်လေသည်။ သို့ရာတွင် ဖော်လ်ဂျန်အား ဘယ်လိုမှ အသိအမှတ်မပြုသေးဘဲ ၎င်းထံမှ ဆီနီကာထွက်ခွာသွားမှ သေးကင်းလုံခြုံစွာ စကားပြောရန်စောင့်စားနေလိုက်လေ၏။

ဆီနီကာမှာ တော်တော်နှင့် စကားမပြတ်ဘဲရှိနေသည်။

"ကဲ..တော်ပါတော့ဗျာ။ ခင်ဗျား စကားပြောတာ တော်တော်ကောင်းတာပဲ။ ဒါပေမဲ့ စကားပြောတဲ့ နေရာမှာပဲ ခင်ဗျားရဲ့ အသုံးဝင်မှုက ရှိနေတော့တာကလား။ ကဲ နောက်ထပ်မပြောပါနဲ့တော့။ ကျုပ်ခင်ဗျားကို နှုတ်ဆက်ပါတယ်.."

ဆီနီကာက စိတ်ခုလျက်ထွက်ခွာသွားတော့မှ တပ်မှူးကြီးဘားရပ်စ်က ဖော်လ်ဂျန်အား လှည့်ကြည့်လိုက်လေသည်။

"မင်းက သူတို့မေးတာကို ဖွင့်ဝန်မခံခဲ့ပါဘူး"



"ဟုတ်ကဲ့။ ကျွန်တော် ဝန်မခံခဲ့ပါဘူး"

"အေး ငါမင်းအပေါ်ယုံကြည်မှုထားခဲ့တာဟာ မှန်ကန်နေရတော့တာပေါ့ကွယ်"

"မှန်ပါတယ်။ ကျွန်တော်ဟာ မိဖုရားခေါင်ကြီးအပေါ် ထားအပ်တဲ့ ယုံကြည်မှုကလည်း မှန်ကန်နေတာကို တွေ့ခဲ့ရပါတယ်"

ဤတွင် ဘားရပ်စ်က ဖော်လ်ဂျန် ဘာကိုရည်ရွယ်၍ ပြောသည်ကို နားလည်ကာ ခပ်သဲ့သဲ့ပြုံးလိုက်လေသည်။

"အော်တေဗီယာက ဒီပေါ့လပ်စ်အပေါ်မှာ အပြစ်တွေပုံချလိုက်တာဟာ မှန်ကန်တဲ့လမ်းစဉ်တစ်ခုပါပဲကွယ့်။ မိဖုရားက ဖွင့်ဟဝန်ခံလိုက်တာကြောင့် မင်းကို အပြစ်ဒဏ်က ကယ်တင်နိုင်သည့် နည်းတူ ပေါ့လပ်စ်ကိုလည်း ဘယ်လိုမှ ဘေးအန္တရာယ်မသင့်စေနိုင်တော့ဘူး မဟုတ်လားကွယ့်။ အဲ သူ့သချိုင်းကိုတော့ တူးဖော်လိုက်ကြပြီး သူ့အလောင်းကိုတော့ မြို့ရိုးရဲ့အပြင်ဘက်ကို ယူသွားပြီး ဝက်စာကျွေးပစ်လိုက်ကြပြီ..."

ဘားရပ်စ်လည်း ဤသို့ပြောပြီးနောက် သူ့ဝေါယာဉ်စောင့်စားနေရာသို့ အတူလိုက်ခဲ့ရန် ဖော်လ်ဂျန်ကို ခေါ်လာခဲ့လေသည်။ လမ်းလျှောက်နေကြရင်းနှင့် ဖော်လ်ဂျန်က မိဖုရားကြီး အော်တေဗီယာ၏ ကံကြမ္မာကိုမေးကြည့်ရာ သူမအားပြည်နှင်ဒဏ်ခတ်လိုက်ပြီဖြစ်ကြောင်းကို သိလိုက်ရလေသည်။ ဘားရပ်စ်သည် အော်တေဗီယာအား ပေါ်ပီယာနှင့် တီဂျဲလီနပ်စ်တို့က သွားပုပ်လေလွင့် သတင်းဖြန့်လျက် တိုင်းသူပြည်သားတွေက အကြည်ညိုပျက်စေရန် အားထုတ်နေကြကြောင်းနှင့် မကြာခင်မှာလည်း သူ့နေရာကို တီဂျဲလီနပ်စ်က တက်ယူတော့မည်မှာ သေချာနေပြီဖြစ်ကြောင်းကို ဖော်လ်ဂျန်အား ပြောပြလိုက်လေသည်။

"မင်းကိုလည်း ငါက အကြံတစ်ခုပေးချင်ပါတယ် ဖော်လ်ဂျန်"ဟု ဘားရပ်စ်က ဆက်ပြောလိုက်လေသည်။ "အခုဖြစ်နေတဲ့ နန်းတွင်း

အရုပ်တော်ပုံကြီးဟာ ကျယ်ပြန့်လာစရာ အကြောင်းရှိနေတယ်။ မင်းကို ဒီကိစ္စတွေထဲ တို့ကပဲ ဆွဲသွင်းခဲ့တာဖြစ်ပြီး မင်းဟာ တို့အပေါ်မှာ သစ္စာရှိရှိ အမှုထမ်းရွက်ခဲ့တာမို့ မင်းအတွက်ပြစ်ဒဏ်သင့်ရမှာကို တို့ မလိုလားမိခဲ့ပါဘူး။ ဒီတော့မင်းဟာ အမြန်ဆုံး ရောမမြို့တော်ထဲက ထွက်ခွာသွားပေတော့ ဖော်လ်ဂျန်။ အရီနာတိုက်ပွဲရဲ့ လက်ရုံးဓာနည် ဘဝက မင်းရဲ့လွတ်မြောက်မှုကို မင်းဘာသာမင်း ဝယ်ယူနိုင်ပြီ မဟုတ်လားကွယ့်"

ဘားရပ်စ်သည် ဖော်လ်ဂျန်အား ဤသို့သတိပေးလိုက်ပြီးနောက် ဝေါယာဥ်နှင့် ထွက်ခွာသွားသည့်နောက် ဖော်လ်ဂျန်မှာလည်း လက်ရုံးဓာနည်ကျောင်းသို့ ပြန်လာခဲ့ရလေတော့၏။

## ( ၃ )

ကျောင်းအုပ်ချုပ်ရေးမှူးသည် ဖော်လ်ဂျန်အား စိတ်မသက်မသာနှင့်ပင် ဆီးကြိုလက်ခံခဲ့လေသည်။ ဖော်လ်ဂျန်အား ခုနစ်ရက် တစ်ပတ်တိတိ ဘာဖြစ်လို့ ရှောင်မနေရသနည်းဟု အပြစ်တင်လိုက်လေသည်။

"ကျုပ် ဒီကိုလာတာ အရီနာတိုက်ပွဲနဲ့ ပတ်သက်ပြီးဆွေးနွေးစရာ ရှိနေလို့ပါဗျ"ဟု ဖော်လ်ဂျန်က ၎င်းကို ပြန်ဖြေလိုက်လေသည်။ "ရောမမြို့တော်ကြီးဟာ ကျွန်တော့် ဝမ်းဗိုက်အတွက်အစာမကြေတဲ့ ဓာတ်စာကြီးတစ်ခု ဖြစ်နေရတယ်လို့ ကျွန်တော်ဆုံးဖြတ်လိုက်ပါပြီ။ ဒါကြောင့် ကျွန်တော်ဟာ ကိုယ့်ကိုယ်ကိုယ် လက်ရုံးဓာနည်ဘဝက လွတ်မြောက်ရအောင် ဝယ်ယူချင်ပါတယ်.."

ကျောင်းအုပ်ချုပ်ရေးမှူးသည် ဤကိစ္စကို သူ့အနေနှင့်ဆုံးဖြတ်မပေးနိုင်ရကား၊ ဖော်လ်ဂျန်၏ အသနားခံချက်ကို အရီနာအုပ်ချုပ်ရေးအဖွဲ့သို့ တင်ပြပေးမည်ဖြစ်ကြောင်း ပြန်ဖြေလိုက်လေသည်။ အဖွဲ့မှ အဖြေကို ရက်သီတင်းတစ်ပတ်အတွင်း ပြန်လည်ရရှိမည်ဖြစ်ပြီး မိမိ



ကိုယ်မိမိ ပြန်လည်ရွေးနုတ်ရန်အတွက် ဆက်စိတာဆီ ဒင်္ဂါးပေါင်း နှစ်သိန်းခန့်ကုန်ကျမည်ဖြစ်ကြောင်းကို ဖော်လ်ဂျန်က ၎င်းထံမှပင် မေးမြန်းသိရှိခဲ့ရလေသည်။

"မင်းရဲ့အသနားခံချက်ကို သူတို့က ခွင့်ပြုလိုက်တဲ့အခါ မင်းကို ငါ အကြောင်းကြားမယ်.."

ဖော်လ်ဂျန်သည် ၎င်းထံမှနေ၍ လေ့ကျင့်ရေးကွက်လပ်ကွင်းထဲသို့ ထွက်ခဲ့ရာ သစ်တုံးကြီးတစ်ခုကို ဓားခုတ်လေ့ကျင့်နေသော တပ်စ်ကပ်စ်နှင့် တွေ့ရလေ၏။ ၎င်းကလည်း ဖော်လ်ဂျန်၏ ရန်သူတော်ကြီး ဆင်နစ္စတာက ယနေ့နံနက်တွင် ကျောင်းသို့ လာရောက်၍ ၎င်းအား တစ်စုံတစ်ခု စေ့စပ်သွားကြောင်း ပြောလိုက်ပြန်၏။

"ဘာလဲ မင်းကလည်း ဖော်တီနက် လမ်းစဥ်ကိုလိုက်ပြီး ဖော်တီနက် လုပ်မသွားနိုင်တဲ့ဟာကို လုပ်ဖို့ကို သူက ပြောသွားခဲ့တယ်ပေါ့ ဟုတ်စ"

"ဟေ့ မင်းကို ဘယ်သူပြောသလဲ"ဟု တပ်စ်ကပ်စ်ခမျာ တအံ့တသြ ပြန်မေးလိုက်လေသည်။ ၎င်းကား ခွန်အားဗလသန်စွမ်းလှသူ တစ်ယောက်ဖြစ်ကာ တိုက်ရည်ခိုက်ရည်လည်း ကျွမ်းကျင်လှသော်လည်း ဉာဏ်က တော်တော်ထိုင်းရှာသူ တစ်ယောက်ဖြစ်သည်။

"ဆာဘင်းတောင်ထိပ်ပေါ်က တိမ်ရိပ်တွေကို ကြည့်ပြီး ငါက နိမိတ်ဖတ်နိုင်တာပေါ့ကွာ"ဟု ဖော်လ်ဂျန်က ခပ်တည်တည် ပြန်ဖြေလိုက်ပြီး မေးခွန်းဆက်ထုတ်လိုက်လေသည်။ "မင်းကကော သူ လာဆွယ်တာကို လက်ခံလိုက်သလားကွ"

"ဟင့်အင်း"

"ဘာပြုလို့မင်းက ငြင်းလိုက်တာလဲ.."

"ဟာ မင်းဟာ နတ်ဘုရားတွေ ကိုယ်တိုင်က စောင်မကြည့်ရှုထားတဲ့ လူတစ်ယောက်ပဲကွ။ မင်းကို အန်တုတဲ့လူတိုင်းဟာ သူတို့ရဲ့သွေး

တွေကို အရီနာတိုက်ပွဲကွင်းထဲက မြေပြင်ပေါ်မှာ သွန်ချရဖို့က ကံကြမ္မာက ဖန်တီးပေးနေတာကလား"

( ၄ )

ဖော်လ်ဂျန်သည် လိုင်ဒီယာနှင့်နောက်ထပ်၍ မတွေ့ဆုံတော့ရန် သူ့ကိုယ်သူ ကျိန်ဆိုထားပြီးဖြစ်နေ၏။ သို့တစေလည်း အဘယ်သူသည် မိန်းမနှင့်ပတ်သက်၍ ကျိန်ဆိုချက်တွေကို မဖောက်ဖျက်ဘဲနေနိုင်ခဲ့လေသနည်း။

သူသည် ဆူဘူးရားရပ်ကွက်ထဲသို့ နောက်တစ်ကြိမ် ဝင်ရောက်လာခဲ့မိပြန်လေသည်။ သူ့ရှေ့တွင် ဆူဆူညံညံ ရုတ်ရုတ်ရက်ရက်ဖြစ်နေသည်ကို ဖော်လ်ဂျန်က တွေ့လိုက်ရလေသည်။ မစ်ခရဲလာ၏ စူးစူးဝါးဝါး အော်သံကလေးကိုလည်း သူ ကြားလိုက်ရလေ၏။ သူမအား မိန်းမတစ်အုပ်က ဝိုင်းဆွဲနေကြခြင်းဖြစ်သည်ကိုလည်း သူ တွေ့လိုက်ရလေသည်။ သူမကား ပါးစပ်မှ အမြှုပ်တစီစီထွက်နေကာ တိရစ္ဆာန်ကလေးနှင့်သာ တူနေလေတော့၏။

သူမသည် ဝိုင်းထားကြသော မိန်းမတွေထံမှ လွတ်မြောက်ရန်ကြိုးစားနေရာမှ ဖော်လ်ဂျန်ကို တွေ့သွားရပြီး အတင်းရုန်းထွက်လာကာ ပြေးဖက်လိုက်လေသည်။

"ဒီကောင်မလေး..ဘာဖြစ်လာတာလဲ..ဖယ်စမ်း မင်းဘာခိုးလာပြန်တာလဲ.."

ဖော်လ်ဂျန်က သူမကို တွန်းဖယ်ထုတ်ကာ အော်ငေါက်ထုတ်လိုက်သည်တွင် မစ်ခရဲလာသည် ၎င်းအနားတွင်ပင် ကပ်နေလိုက်လေ၏။

"ကျွန်မ ဘာမှမခိုးရပါဘူး"ဟု အသံစူးစူးဝါးဝါးကလေးနှင့် ပြန်ဖြေလိုက်လေသည်။ "ကျွန်မ အမေပါ..သူ..သူ ရူးသွားပြီရှင့်.."



"ရူးနေတယ် ဟုတ်လား။ နင်သာ ရူးနေတာပါဟ၊ နင် ဘာလို့ မဟုတ်တာတွေ လျှောက်ပြောနေရတာလဲ"

"ကျွန်မအမေ.. ကျွန်မအမေ တကယ်ရူးသွားပါပြီရှင့်.. သူဟာ တစ်နေ့လုံး ငိုလိုက်ရယ်လိုက် တစ်ယောက်တည်း တတွတ်တွတ်ရေရွတ်လိုက်သာ လုပ်နေခဲ့တယ်။ အလုပ်ဆိုလို့ ဘာမှမလုပ်တော့ဘူး။ သူက ဒီလက်ရှိဘဝကို မမက်မောတော့ဘူးတဲ့။ နောက်ဘဝတစ်ခုကို သွားနိုင်အောင် သေချင်နေတယ်တဲ့လေ။ ကျွန်မကိုတော့ သူက ဂရုမစိုက်တော့ဘူး။ ကျွန်မတစ်ယောက်တည်း ကျန်နေရစ်ခဲ့ရတော့မှာကို သူက လုံးလုံးထည့်မစဉ်းစားတော့ဘူး။ သူက သူနဲ့ ဟိုလူကြီးအကြောင်းကိုသာ စဉ်းစားနေတော့တာပါပဲ"

တတွတ်တွတ်နှင့် ခေါင်းတခါခါ လည်တခါခါနှင့် ပြောနေသော မစ်ခရဲလာကို ဖော်လ်ဂျန်က သူ၏လက်ကြီးများတွင် တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်လေတော့၏။

"ဟိုလူကြီးဆိုတာ ဘယ်သူလဲ"

"ကျွန်မ မသိဘူးရှင့်။ ယောကျ်ားတစ်ယောက်ပါပဲ။ လွန်ခဲ့တဲ့ သုံးညလောက်က သူဟာ အဲဒီလူကြီးနဲ့ လမ်းပေါ်မှာ အကြာကြီးစကားပြောနေခဲ့တယ်။ အဲဒီကစပြီး သူဟာ စိတ်ဖောက်ပြန်နေခဲ့တော့တာပါပဲရှင့်။ ရှင်တို့ ယောကျ်ားတွေအားလုံး ကျိန်စာသင့်ပါစေတော့ရှင့်။ ရှင်တို့ ယောကျ်ားတွေကပဲ ဒီဒုက္ခတွေကို ပေးခဲ့တာပဲ။ တီဂျဲလိနပ်စ်က ပထမစပြီး ကျွန်မအမေကို ဖျက်ဆီးခဲ့တာ။ အခုတော့ သူ့ပျက်စီးခြင်းကို အဆုံးသတ်ပေးမယ့် ယောက်ကျ်ားတစ်ယောက်က ပေါ်လာပြန်ပြီ။ သူတို့နှစ်ယောက်နဲ့ ရှင်ကြီးကို ကျွန်မ သတ်ပစ်လိုက်ချင်ပါဘိတော့"

မစ်ခရဲလာသည် ဒေါသတကြီးနှင့် ဖော်လ်ဂျန်ဆီသို့ တအားခုန်ဝင်လိုက်ရာ ဖော်လ်ဂျန်က သူမအား ဆီး၍ ဖမ်းချုပ်ထားလိုက်ရလေသည်။

"လူတစ်ယောက် ဟုတ်လား။ အဲဒီကိစ္စကို ငါကိုယ်တိုင်သွားကြည့်မယ်"ဟု သူသည် အံကြိတ်၍ ရေရွတ်လိုက်မိသည်။

"ကျွန်မပါ ရှင်နဲ့လိုက်ခဲ့ပါ့မယ်။ ကျွန်မအမေက ရှင့်ကို ညာချင်ညာနေမှာ.."

"မင်းနေခဲ့စမ်းပါလေ။ ပြီးတော့လည်း ဒါလောက် ဆူဆူညံညံလုပ်မနေစမ်းနဲ့။ တော်ကြာ မင်းကို ကတ္တရာစေးပုံး (ရဲသားတွေကိုဆိုလို၏)တွေက လာဖမ်းသွားကြလိမ့်မယ်"

မစ်ခရဲလာကို ဤသို့ ပြောဆိုထားပစ်ခဲ့ပြီးနောက် ဖော်လ်ဂျန်သည် ရှေ့သို့ ခပ်သုတ်သုတ်လျှောက်ခဲ့လေတော့သည်။ 'အာခလိစ်ဖနောင့်' ဟိုတယ်ဆိုင်ကား အချိန်စောသေးသည် ဖြစ်ရကား လူရှင်းနေ၏။ ဖော်လ်ဂျန်က လိုင်ဒီယာ့အခန်းဆီသို့ သွားမည်ပြုရာ ဆိုင်ရှင်ခေါမကြီးက သူမသည် မီးဖိုချောင်ထဲတွင် ရှိနေကြောင်းကို မကျေမနပ်အသံကြီးနှင့် လှမ်းပြောလိုက်လေသည်။

"ဘာလို့ သူက မီးဖိုချောင်ထဲရောက်နေရတာလဲ"

"မီးဖိုချောင်ဟာ အခု သူအလုပ်လုပ်တဲ့နေရာ ဖြစ်နေရပြီလေ။ လိုင်ဒီယာ အရင်ကလို ကချေသည် လုပ်တော်မမူတော့ဘူး။ ဒီတော့ သူဟာ မီးဖိုချောင်အစေခံတစ်ယောက်သာ ဖြစ်နေရပြီပေါ့။ ကျိန်စာသင့်မယ့် ကောင်မပဲ.."

"ဟေ့ ခေါမကြီး၊ စကားကိုကြည့်ပြောစမ်း"

ဖော်လ်ဂျန်က လိုင်ဒီယာကို ကျိန်ဆဲနေသည့် ဆိုင်ရှင်ခေါမကြီးကို လှမ်းအော်ငေါက်ခဲ့ပြီးနောက်မှ ဟိုတယ်ဆိုင်၏ မီးဖိုခန်းထဲသို့ ဝင်ခဲ့လေသည်။ မီးဖိုခန်းကား ရေတွေနှင့် စိုစွတ်လျက် ပြတင်းပေါက်တစ်ပေါက်မျှပင် မရှိဘဲ ပကတိ ညစ်ပတ်မှုန်ကုပ်နေကာ သစ်သားရေစည်ကြီးတစ်လုံးထဲတွင် ကြေးအိုးကြေးခွက်တွေက ပုံလျက်ရှိနေရလေသည်။ လိုင်ဒီယာခမျာကား ထိုစည်ပေါ်တွင် တကုန်းကုန်းနှင့် ကြေးအိုးကြေးခွက်တွေကို တိုက်ချွတ်ဆေးကြောနေရရှာ၏။



"ကြည့်စမ်း မင်း ဒါဘာလုပ်နေတာလဲ မင်းရူးသွားပြီလားဟင်"
ဟု ဖော်လ်ဂျန်သည် စိတ်ရှုပ်ထွေးလှသော မချင့်မရဲအသံကြီးနှင့် သူမ
ား အော်မေးလိုက်မိလေသည်။

"မဟုတ်ပါဘူး ဖော်လ်ဂျန်။ ကျွန်မ မရူးပါဘူး။ ကျွန်မဟာ ခရစ်
ာန်တစ်ယောက်ဖြစ်တာ တစ်ခုပါပဲ"

❋

## အခန်းဆယ့်ခုနစ်

### ( ၁ )

ဖော်လ်ဂျန့်ကား လိုင်ဒီယာ ပြန်ဖြေလိုက်သည်ကို ဘယ်လိုမှ အဓိပ္ပာယ် မကောက်တတ်ဘဲ သူမကိုသာ အကြောင်သား ကြည့်နေလိုက်မိတော့၏။ သူမသည် နောက်ပြောင်ခြင်းတော့ မဟုတ်တန်ရာ၊ သူမ၏ ပိန်ချုံးကျနေသော မျက်နှာကလေးက ပကတိ လေးနက်တည်ကြည်၍ နေရှာ၏။

"ကျွန်မ ခရစ်ယာန်တစ်ယောက် ဖြစ်လာရပြီ။ ကျွန်မပြောတာကို နားလည်ရဲ့လား ဖော်လ်ဂျန်"

"လိုင်ဒီယာ၊ မင်းဟာ မိုးရေထဲမှာ အိပ်မိလို့ ဦးနှောက်တွေထိုင်းနေပြီ ထင်ပါရဲ့"

"ကျွန်မ ဦးနှောက်တွေဟာ ထိုင်းနေတာမဟုတ်ပါဘူး။ အံ့သြ အားရဖို့ကောင်းလှအောင် ကြည်လင်လာခဲ့ရတာပါ။ ခရစ်ယာန်ဆိုတာ



ဟာ ခရစ်တော်ဆိုတဲ့ ပုဂ္ဂိုလ်တစ်ယောက်ရဲ့ နောက်လိုက်တပည့်တော်ကို ခေါ်တာ ဖော်လ်ဂျန်ရဲ့။ အဲဒီခရစ်တော် ဆိုတာဟာလည်း ရောမတွေက ကွပ်မျက်ပစ်လိုက်ကြသတဲ့။ ယေရှုဆိုတဲ့ ရဟူဒီလူမျိုးတစ်ယောက်ပဲ.."

ဖော်လ်ဂျန့်ကား လိုင်ဒီယာက အတည်ပေါက်ပြောနေမှန်းကို သိရလျှင်ကား ဘာမှန်းမသိသော တိုင်းတစ်ပါးအယူဝါဒကို ယူရကောင်းလားဟု ကြိမ်းမောင်းပြစ်တင်ခြင်းပြုလေတော့၏။

"ဒီအယူဝါဒဟာ အသစ်တစ်ခုဖြစ်တယ်ဆိုတာတော့ မှန်ပါတယ်"ဟု လိုင်ဒီယာက ပြန်ဖြေလိုက်လေသည်။ "တကယ်တော့ ဒီအယူဝါဒကသာ တစ်ခုတည်းသော စစ်မှန်တဲ့ ဘာသာအယူဝါဒ ဖြစ်နေရတာပဲ ဖော်လ်ဂျန်"

"မင်းက ဒါကို ဘာပြုလို့ ဒီလောက်တောင် စိတ်ချနေရတာလဲ"

"ခရစ်တော်ကို သိတဲ့လူတစ်ယောက်နဲ့ စကားပြောခဲ့ရပါတယ်။ ဒီလူဟာ ခရစ်တော်နဲ့အတူလိုက်ပြီး သူ့ရဲ့တရားဒေသနာတွေကို ဟောကြားခဲ့ရတဲ့ ခရစ်တော်ရဲ့ တပည့်တော် အရင်းခေါက်ခေါက် တစ်ယောက်ပါပဲ"

"အင်း မစ်ခရဲလာက ငါ့ကို ဒီအကြောင်းပြောပြခဲ့ပါတယ်"ဟု ဖော်လ်ဂျန့်က ခံပြင်းစွာ ရေရွတ်လိုက်လေသည်။ "ဒါနဲ့ပဲ အဲဒီလူကြီးက မင်းရဲ့ချစ်သူဖြစ်နေရတာပေါ့ ဟုတ်စ.."

"အို မဟုတ်ပါဘူး ဖော်လ်ဂျန်။ ရှင် အထင်မှားနေပါပြီ..သူဟာ ကျွန်မရဲ့ မိတ်ဆွေတစ်ယောက်သာပါ။ ကျွန်မရဲ့ဆရာတစ်ပါးသာပါ၊ သူဟာ အဘိုးအိုကြီးတစ်ယောက်ပါရှင်"

"အဘိုးအိုကြီး ဟုတ်လား"ဟု မေးလိုက်မိရာက ဖော်လ်ဂျန့်မှာ စိတ်သက်သာရာရသွားမိလေသည်။

"မုတ်ဆိတ်ဖြူကြီးရဲ့ နာမည်ကကောကွာ..."

"ပီတာပါတဲ့"

"သူက ရှောမလူမျိုးပဲလား"

"မဟုတ်ဘူး"

"ဘယ်မှာနေသလဲ"

"တိုင်ဘာမြစ်ကြီးရဲ့ ဟိုမှာဘက်မှာပဲ ဖော်လ်ဂျန်။ သူ အဲဒီနေရာမှာ တခြားခရစ်ယာန်တွေနဲ့ အတူနေပါတယ်။ သူဟာ ခရစ်တော်ကားစင်တင် အသတ်ခံခဲ့ရတဲ့ ပါလက်စတိုင်းပြည်ကနေ ဒီကိုလာခဲ့တာကလား ဖော်လ်ဂျန်။ သူ့ရည်ရွယ်ချက်ကတော့ ရှောမနိုင်ငံတော်ကြီးမှာ ဒီဘာသာ အယူဝါဒအကြောင်းကို ဟောကြားဖို့ပါပဲ"

"သူက ဟောတာတော့ ဟုတ်ပါပြီတဲ့။ ရှောမက သူ ဟောတာတွေကို နားထောင်မှာတဲ့လား"

"အချိန်တန်လာတော့ နားထောင်ကြမှာပါပဲရှင်။ အခုပဲ လူပေါင်းများစွာက သူ့ဟောကြားချက်တွေကို နာယူလက်ခံခဲ့ကြပါပြီ။ ကျွန်မဟာလည်း တစ်ယောက်အပါအဝင်ပေါ့။ ကျွန်မဟာ ခရစ်တော်ရဲ့ ဩဝါဒ ပညတ်ချက်တွေအတိုင်း လိုက်နာကျင့်သုံးပြီး နေထိုင်သွားပါတော့မယ်"

သူမက ကြည်ညိုလေးစားနေလေသည့် ဤပီတာဆိုသူသည် သူ့အတွက်မနာလို ဝန်တိုစရာလူတစ်ယောက် ဟုတ်မနေရသည့်နောက်တွင်တော့ လိုင်ဒီယာက ဘယ်လိုအယူဝါဒမျိုးကို ယူထားသည်ဖြစ်စေ ဖော်လ်ဂျန်အတွက် ဂရုစိုက်စရာ လူတစ်ယောက် မဟုတ်ရတော့ပါပေ။

"အေးလေ။ မင်းအတွက် စိတ်သုခရတယ်ဆိုရင် မင်းရဲ့အယူဘာသာသစ်ကို ယူပါတော့။ ငါ့အတွက်တော့ မင်း ဒီအယူဝါဒတွေကို ယူတဲ့အတွက် ဒုက္ခဖြစ်စရာ မတွေ့ရပါဘူး။ ရှင်းရှင်းပြောရရင် လူတိုင်းလူတိုင်းဟာ တစ်ခုခုကိုတော့ ယုံကြည်သက်ဝင်ထားသင့်တာပဲကလား။ တကယ်တော့ ရှောမဘုရားတွေဟာလည်း အသုံးကိုမကျတော့ပါဘူး။ သူတို့လူမျိုးတွေရဲ့ ကြည်ညိုမှုကိုမှ ခံစားရအောင် လေးစားမရကြတော့



ဘဲ တရားမဝင်တဲ့ အပိုဖျက်ဆီးမှုတွေနဲ့ ဖျက်ဆီး၊ ပြက်ရယ်ပြုခြင်းကို ခံနေကြရတာ မဟုတ်လား။ ဥပမာဆိုရင် နီရိုကတောင် သူ့ကိုယ်သူ ဘုရင်တစ်ဆူဖြစ်တယ်လို့ ကြေညာနေတော့တယ်လေ။ ဒီဗိုက်ရွှဲကြီးက ဘုရားဆိုရင် ငါလည်းချိုခြောက်ခုပါတဲ့ နွားသိုးကြီး ဖြစ်နေရတော့မှာပါပဲ။ အဂ္ဂရီပီနာရဲ့ သားတော်မောင်၊ ရူးသွားရတဲ့ ကာလီဂူလာကလည်း သူ အနှစ်သက်ဆုံးမြင်းကိုတောင် ဘုရားဖြစ်အောင် လုပ်ခဲ့သေးတယ်ဆိုတော့ လူတွေက ဘုရားအသစ်တွေကို ဖန်တီးယူကြဖို့ အချိန်တန်လာနေပါပြီ။ စကားစပ်မိလို့ပြောရဦးမယ်။ ငါလည်း မင်းရဲ့ ခရစ်ယာန်ဘာသာ အကြောင်းကို ကြားဖူးတာပါပဲကွ"

လိုင်ဒီယာ၏ မျက်နှာလေးကား ဝမ်းသာအားရမှုနှင့် ဝင်းထိန်လာကာ ဖော်လ်ဂျန်အား ဖက်မွေ့တော့မယောင် လက်ကလေးများ မြှောက်လာကြလေသည်။ သို့ရာတွင် သူမကိုယ်သူမ ပြန်၍ချုပ်တည်းထားလိုက်ရာ ဖော်လ်ဂျန်က စကားဆက်နေလိုက်ပြန်သည်။

"ဒါပေမယ့် မင်းရဲ့အယူဝါဒသစ်မှာ မင်း ယုံကြည်တယ်ဖြစ်စေ မယုံကြည်တယ်ဖြစ်စေ မင်းဟာ ဒီဟိုတယ်ဆိုင်စုတ်မှာတော့ ဆက်မနေရတော့ဘူး.."

"ကျွန်မ တခြားမှာနေလို့ မဖြစ်သေးပါဘူး ဖော်လ်ဂျန်။ ခေါ်မကြီးကို ကျွန်မ ဆပ်စရာအကြွေးတွေ ရှိနေရပါတယ်.."

"မဟုတ်နိုင်တာတဲ့ကွယ့်။ မင်းဟာ ဒီမှာ ကချေသည်လုပ်၊ တခြားဟိုအလုပ်တွေ လုပ်ခဲ့တာနဲ့ပဲ ခေါ်မကြီးက မင်းကို ကျွေးထားရတဲ့စရိတ်ကြေရရောပေါ့ကွယ်.."

လိုင်ဒီယာလည်း မျက်လွှာလေးချလိုက်ကာ ပါးတွင်လည်း ရှက်သွေးကလေးများက ဖျန်းတက်လာကြလေသည်။

"ဒီအကြောင်းကို မပြောပါနဲ့နဲ့တော့ရှင်..ဒါတွေ ပြီးဆုံးကုန်လွန်ခဲ့ပါပြီ။ ဒါတွေကိုမေ့ပစ်လိုက်တာက အကောင်းဆုံးပါပဲ.."

"ပြီးဆုံးကုန်လွန်ခဲ့ပြီဟုတ်လား"ဟု ဖော်လ်ဂျန်က မယုံကြည်နိုင်သော အသံကြီးနှင့် ပြန်မေးလိုက်လေသည်။ "ဒီလိုဆိုရင် ဒီအလုပ်တွေကို မင်း နောက်ထပ်မလုပ်တော့ဘူးပေါ့.."

"ဘယ်တော့မှမလုပ်တော့ပါဘူး ဖော်လ်ဂျန်။ ကျွန်မဟာ တကယ်တော့ ပြည့်တန်ဆာ ဖြစ်လာရဖို့ကြီးပြင်းခဲ့ရတာ မဟုတ်ပါဘူး။ ကျွန်မဟာ ပြည့်တန်ဆာလည်း မလုပ်ချင်ခဲ့ပါဘူး။ ကျွန်မဟာ တီဂျဲလိနပ်စ်နဲ့ ငယ်ငယ်ရွယ်ရွယ် ရူးရူးမိုက်မိုက် ကျူးလွန်မိခဲ့ပြီးတဲ့နောက်မှာ ကျွန်မဟာ ပေါက်တဲ့နဖူး မထူးတော့ပါဘူးဆိုပြီး ပြည့်တန်ဆာ ဖြစ်လာခဲ့ရတာပါပဲ။ ဒါပေမဲ့ ကျွန်မဟာ ကျွန်မရဲ့ဘဝကိုတော့ အမြဲတစေစက်ဆုပ်မိခဲ့ပါတယ်။ ရှင်ကိုယ်တိုင်လည်း သိခဲ့မှာပါပဲလေ"

"ဘာပဲဖြစ်ဖြစ် မင်းရဲ့ဒီဘဝဟာ ပြီးဆုံးသွားခဲ့ပြီဆိုတာကို ငါ ဝမ်းသာမိပါတယ်ကွယ်။ မိန်းမတစ်ယောက်ကို တွယ်တာခင်မင်မိပြီး ဒီမိန်းမကို တခြားယောကျ်ားတွေက ဝိုင်းဝန်းပေါင်းဖော်နေကြတာကို ကြည့်နေခဲ့တာက တော်တော်ဆိုးတာကလားကွယ့်။ မင်းရဲ့ကိုယ်ခန္ဓာကလေးကိုပြပြီး ယောကျ်ားတွေရဲ့ တဏှာရာဂကို လှုံ့ဆော်မြူဆွယ်ခဲ့တာတွေကို မြင်ရပြီး ငါဟာ မင်းကို ဘယ်လောက်ကျိန်ဆဲမိခဲ့တယ်ဆိုတာကို မင်း သိမှာမဟုတ်ပါဘူးကွယ်"

ဖော်လ်ဂျန်သည် သူ ခံစားခဲ့ရသမျှတွေကို ဖွင့်ထုတ်ဝန်ခံလိုက်ပြီးသည့်နောက် သူသည်အရီနာတိုက်ပွဲ လက်ရုံးဇာနည်ဘဝမှ ကိုယ့်ကိုယ်ကိုယ် ပြန်လည်ရွေးနုတ်လျက် နေရပ်ဇာတိ ကင်ပါလ်နာသို့ ပြန်တော့မည်ဖြစ်ရာ သူမကိုပါ တစ်ပါတည်း ခေါ်ဆောင်သွားတော့မည်ဖြစ်ကြောင်းကို အားရပါးရ ပြောလိုက်မိပြန်သည်။

"ဟင့်အင်း ဖော်လ်ဂျန်၊ ကျွန်မ ရှင်နဲ့ လိုက်လို့မဖြစ်သေးပါဘူး။ ခရစ်တော်က လိုလားတဲ့အတိုင်း ကျွန်မဟာ ကျွန်မအပေါ်မှာတင်နေတဲ့ ကြွေးတွေကို ဆပ်ရဦးမယ်။ ခေါ်မကြီးက ကျွန်မအပေါ်မှာ အကြွေးတွေ တင်နေပါတယ်"



"ဒါနဲ့ ခရစ်တော်နဲ့ ဘာဆိုင်လို့လဲကွ.."

"ကျွန်မဟာ သူ့ရဲ့သြဝါဒတွေကို နာခံကျင့်သုံးရမယ်မဟုတ်လား ဖော်လ်ဂျန်ရဲ့။ ကျွန်မကို ခေါ်မကြီးက ဘယ်လိုပဲ ညှဉ်းပန်းနှိပ်စက်ပါစေ ကျွန်မ ဂရုမစိုက်ပါဘူး။ ကျွန်မအတွက် ဒီဘဝဟာ အလကားပါပဲ။ နောက်ဘဝကသာ အရေးကြီးတာပါ"

"မင်း ဘာတွေ လျှောက်ပြောနေတာလဲ"

"ခရစ်တော်က ပြောခဲ့တယ် ကျွန်မတို့ဟာ သချိုင်းကနေရှင်သန်ထမြောက်ရပြီး ကောင်းကင်ဘုံမှာ ထာဝရအသက်ကို ရရှိကြရမယ်တဲ့"

"ဟာ အရူးစကားတွေပဲ.."

ဤတွင် လိုင်ဒီယာက ခပ်သဲ့သဲ့လေးပြုံးလိုက်ကာ ဆက်လက်၍ ရှင်းပြလိုက်လေသည်။

"ရှင်က ကျွန်မကို ဒီဘာသာအယူဝါဒအသစ်ကို ယူချင်ယူပါလို့ ပြောခဲ့တယ်။ ဒါပေမယ့် ဒီအယူဝါဒကို လိုက်နာရမယ့် လူတွေက လိုက်နာရမယ့် ကျင့်ဝတ်တွေကိုတော့ ရှင် နားမလည်ခဲ့သေးပါဘူး။ ကျွန်မဟာ နောင်ဘဝကို ယုံကြည်ရတာက ယေရှုခရစ် ကိုယ်တော်တိုင်က ပုံသက်သေပြသွားခဲ့လို့ပါပဲ။ သူဟာ ဒီလူ့ဘဝမှာ ခေတ္တခဏပဲလာနေသွားခဲ့ပြီး ရောဂါဝေဒနာတွေကို ကုသပျောက်ကင်းစေခဲ့တယ်။ ထူးခြားအံ့သြဖွယ်ရာအမှုတွေကို ပြုခဲ့တယ်။ ပြီးတော့ ရဟူဒီလူမျိုးတွေက သူ့ကို ကားစင်တင်သတ်ပစ်လိုက်ကြတဲ့ နောက်မှာ သူဟာ သချိုင်းအတွင်းမှာ ၃ ရက်ပဲနေပြီး ရှင်ပြန်ထမြောက်တော်မူတာကို အထင်အရှားတွေ့ခဲ့ကြရတာကလား"

"ရှင်ပြန်ထမြောက်တယ် ဟုတ်လား"

"ဟုတ်ပါတယ် ဖော်လ်ဂျန်"

"သူက အခုဘယ်မှာရှိသလဲ"

"အဲဒါကို ကျွန်မ မသိပါဘူး။ သူ့ကို သူ့တပည့်တော် လေးငါးယောက်ကတော့ မျက်စိနဲ့ တပ်အပ်ဖူးတွေ့ခဲ့ကြရပါတယ်။ ဒါပေမဲ့

ပီတာကပြောတော့ သခင်ခရစ်တော်ဟာ သေရာကထမြောက်ပြီး သူ့ခမည်းတော် ဘုရားသခင်ရဲ့ လက်ျာဘက်မှာ စံမြန်းနေတော်မူတယ်လို့ ပြောတာပါပဲ"

ထိုအခါတွင် ဖော်လ်ဂျန်က တိတ်ဆိတ်နေလေရာ လိုင်ဒီယာက သူ့ကို မချင့်မရဲနှင့် မေးခွန်းထုတ်လိုက်လေ၏။

"ဒါကိုတော့ ရှင် မယုံနိုင်ဘူးပေါ့၊ ဟုတ်စ ဖော်လ်ဂျန်"

ဖော်လ်ဂျန်ကတော့ ဇော်တီနက်ကို ပြန်၍ အမှတ်ရမိလိုက်လေသည်။ ဇော်တီနက်၏ အလောင်းကို လူသေခန်းထဲသို့ သွားရောက်ကြည့်ရှုခဲ့စဉ်က ၎င်းသည် တကယ်သေသွားရခြင်း မဟုတ်မူဘဲ ၎င်း၏ အလိုဆန္ဒအတိုင်းသာ ၎င်း၏ မွေးရပ်ဌာနီသို့ ပြန်လည်ရောက်ရှိသွားရလေပြီဟု သူ့စိတ်ထဲတွင် ထူးခြားစွာထင်မှတ်ခံစားရခြင်းအဖြစ်မျိုးနည်းတူ ယခုလည်း သူ့ရင်တွင်းဝယ် ခံစားလာရလေ၏။

"မင်းပြောတာတွေကို ငါယုံကြည်နိုင်ပါတယ် လိုင်ဒီယာရယ်"

ဖော်လ်ဂျန်က ဤသို့ပြောလိုက်သည့် အခါတွင် လိုင်ဒီယာသည် အတော် စိတ်ထိခိုက်သွားရဟန်တူလေသည်။ သူမသည် ဖော်လ်ဂျန်၏ ရင်ခွင်ထဲသို့ ပြေးဝင်လာကာ သူမ၏ မျက်ရည်တွေက ဖော်လ်ဂျန်၏ လည်ပင်းပေါ်သို့ တပေါက်ပေါက် ကျလာကြလေသည်။ ဖော်လ်ဂျန်ကတော့ အံ့အားသင့်နေမိလေတော့သည်။ ဤမိန်းမသည် စိတ်ထိခိုက်မှုကို တစ်ခါမျှ ဖော်ပြခဲ့ဖူးသည်မဟုတ်ပါပေ။ ယခုတော့ သူမ၌လည်း ခံစားနိုင်သည့် အသည်းနှလုံးရှိနေရပါကလားဟု သိနိုင်ရချေပြီ။

ဖော်လ်ဂျန်၏ လက်တစ်ဖက်သည် သူမရင်သားဆီသို့ ရောက်သွားပြီး အုပ်ကိုင်လိုက်လေသည်။ သို့ရာတွင် သူမသည် ထိတ်လန့်တကြားနှင့် နောက်သို့ခုန်လိုက်လေ၏။ သူမမှာ ဖိုဆိုယင်ဖိုမှ မသန်းဖူးသေးသော အပျိုစင်လေးလိုပင် ထိတ်လန့်ကြောက်ရွံ့သွားရှာလေ၏။ "မလုပ်ပါနဲ့ ဖော်လ်ဂျန်"ဟု သူမက တုန်တုန်ယင်ယင်ကြီး ပြောလိုက်



လေသည်။ "ကျွန်မတို့ဟာ ဒုစရိုက်ပြစ်မှုတွေထဲကို နောက်ထပ်ပြီး မကျူးကျော် လမ်းမမှားကြပါရစေနဲ့တော့"

"ဒုစရိုက်ပြစ်မှု ဟုတ်လား..မင်းဘာတွေပြောနေတာလဲ လိုင်ဒီယာ၊ ဒါဟာ ပျော်ရွှင်မှု သုခကြီးတစ်ရပ်ပါကွ။ ပြီးတော့ အင်မတန်မှသဘာဝကျလှတဲ့ အလုပ်တစ်ခုပဲ"

"ကျွန်မကို လွှတ်ပါရှင်"

"မင်းနဲ့ ငါဟာလည်း အရင်က အိပ်ခဲ့ဖူးပါတယ်ကွာ"

"ကျွန်မဟာ ယေရှုခရစ်ကို လက်ခံတဲ့အချိန်ကစပြီး ဘယ်ယောကျ်ားနဲ့မှ မစပ်ယှက်ခဲ့တော့ပါဘူး ဖော်လ်ဂျန်။ ကျွန်မဟာကျွန်မရဲ့ အရှင်သခင် ခရစ်တော်ရဲ့ မျက်စိထဲမှာ ဆိုးညစ်နေရတဲ့အမှုဆိုလို့ ဘာကိုမှ မလုပ်တော့ဘဲ သန့်ရှင်းတဲ့ ဘဝမှာသာ နေသွားဖို့ကို ကျိန်ဆိုထားပါတယ်"

ဖော်လ်ဂျန်၏ မျက်နှာကား မှိုင်းညို့၍တက်လာ၏။

"မင်းရဲ့ ခရစ်တော်က ဥပဒေစည်းကမ်းတွေ ထားလွန်းလှချေကလား"

"ခရစ်တော်မှာ ဥပဒေတွေအများကြီးရှိတာ မှန်ပေမယ့် ဥပဒေတွေချည်းပါပဲ။ ကျွန်မတို့ ဒုစရိုက်မကောင်းမှုတွေကို ရှောင်ကြဉ်ဖို့ ခရစ်တော်က လိုလားတယ်။ ကျွန်မတို့ကို ကဲ့ရဲ့ရှုတ်ချတဲ့ လူများရဲ့ကောင်းကျိုးကို ကျွန်မတို့က ဖန်တီးလုပ်ဆောင်ပေးရမယ်။ ကျွန်မတို့ရဲ့ ရန်သူတွေအပေါ်မှာ မေတ္တာထားရမယ်"

"ဘာပြောတယ်၊ ရန်သူတွေအပေါ်မှာ မေတ္တာထားရမယ် ဟုတ်လား"

"ဟုတ်ပါတယ် ဒါဟာ ခရစ်ယာန်တိုင်းလိုက်နာရမယ့် ခရစ်တော်ရဲ့ သွန်သင်ချက်တစ်ခုပါပဲ"

"တယ်ဟုတ်တာပဲ၊ ရန်သူတွေအပေါ် မေတ္တာထားရမယ်ဆိုတော့ တီဂျဲလိနပ်စ်နဲ့ အားစတိုင်းတို့ကို ငါက မေတ္တာထားရမပေါ့ ဟုတ်လား"

"မလှောင်ပါနဲ့ ဖော်ဂျန်ရယ်။ ရှင်ဟာ သူတို့အပေါ်မှာ မေတ္တာထားနိုင်ဖို့ကို ကြိုးစားရမယ်။ ကျွန်မကလည်း ကျွန်မကို အသုံးချဖျက်ဆီးခဲ့တဲ့ လူတွေကို မေတ္တာထားခွင့်လွှတ်နိုင်ဖို့ ကြိုးစားနေတာပါပဲ"

"အေးပါကွာ၊ ငါ ကြိုးစားပါ့မယ်"ဟု ဖော်လ်ဂျန်က အရွဲ့တိုက်ပြောင်လှောင်သည့် အသံကြီးနှင့် စိတ်တိုစွာ ပြန်ဖြေလိုက်လေသည်။ တီဂျဲလိနပ်စ်နဲ့ အားစတိုင်းတို့ကိုပါမကဘူး၊ ဒီနေ့ပဲ ငါ့ကိုအသေသတ်ဖို့ လက်ရုံးဇာနည်တစ်ယောက်ကို ငှားဖို့အားထုတ်ခဲ့တဲ့ ဆင်နစ္စတာအပေါ်မှာပါ ငါကမေတ္တာမိုးတွေ သွန်းဖြိုးလိုက်ပါ့မယ်..ထွီ..တကယ်တော့ မင်းဟာ ခွေးရူးကိုက်ခံရတဲ့လူနဲ့ ဘာမှမခြားတော့ပါဘူး လိုင်ဒီယာ။ မင်းပါးစပ်က အမြှုပ်တွေပြန်တက်မလာနေတာ တစ်ခုပါပဲ.."

"ဖော်လ်ဂျန်ရယ် ဒီလိုမပြောပါနဲ့"

လိုင်ဒီယာသည် ဖော်လ်ဂျန်ကို ဖက်ဖို့ကြိုးစားရင်းက တောင်းပန်လိုက်သော်လည်း ဖော်လ်ဂျန်က သူမကို ကြမ်းတမ်းစွာပင် တွန်းဖယ်လိုက်လေသည်။

"တော်စမ်းပါကွာ ဒီအဓိပ္ပာယ်မရှိတဲ့ အရူးစကားကို ငါမကြားချင်တော့ဘူး။ ငါသွားတော့မယ်.."

ဖော်လ်ဂျန်က မီးဖိုခန်းထဲမှ ဒေါကြီးမောကြီးနှင့် ပြန်ထွက်လာရာ စပျစ်ရည်တစ်ခွက်ကို ပါးစပ်တွင်တေ့ထားသော ဆိုင်ရှင်ခေါ်မကြီးက ၎င်းကိုကြည့်လျက် လှောင်ပြုံးပြုံးလိုက်လေသည်။ ဤကား ၎င်း၏ အမှားပင် ဖြစ်လေသည်။ အကြောင်းမူ ဖော်လ်ဂျန်၏ ပြင်းထန်သော လက်သီးတစ်ချက်က စပျစ်ရည်ဖန်ခွက်ကို ခေါ်မကြီး၏ ပါးစပ်တွင် ဖြာကွဲသွားစေသောကြောင့် ဖြစ်လေသတည်း။

( ၂ )

ဟိုတယ်ဆိုင်ထဲမှ ထွက်ခဲ့သည့်နောက်တွင် ဖော်လ်ဂျန်သည် ကော်ဆိုရပ်ကွက်ထဲသို့ လျှောက်ဝင်ခဲ့ရာ မိဖုရားခေါင်ကြီး အော်တေဗီ



ယာနှင့် ပတ်သက်၍ တစ်ယောက်မှတစ်ယောက် ပါးစပ်သတင်းတွေအမျိုးမျိုးပြောနေကြသည်ကို တွေ့ရပြန်လေသည်။ မြို့သူမြို့သားတို့သည် သူတို့ကြည်ညိုလေးစားသော မိဖုရားခေါင် အော်တေဗီယာအား ပြည်နှင်ဒဏ်ခတ်လိုက်ခြင်းကို အထူးပင် မကျေမနပ်ဖြစ်နေကြတော့ကာ မိန်းမရှုပ် မိန်းမလည် ပေါ်ပီယာနှင့် နီရိုဘုရင်တို့၏ ကောက်ကျစ်သော လုပ်ကြံချက်သာ ဖြစ်သည်ဟူ၍ အချင်းချင်း ပွစိပွစိပြောဆိုနေကြလေ၏။

မကြာမီမှာပင် ကော်ဆိုရပ်ကွက်အစွန်ရှိ ပေါ်ပီယာ၏ ကျောက်ရုပ်ကို လူတစ်ယောက်က ခဲနှင့်ပစ်လိုက်သည်က အစပြု၍ လူစုလူဝေးကြီးဖြစ်လာရတော့ကာ မိဖုရားခေါင်ကြီး အော်တေဗီယာအတွက် ဆန္ဒပြပွဲကြီးတစ်ခုသည် အလိုအလျောက် အုန်းအုန်းကျွက်ကျွက် ဖြစ်ပေါ်လာရလေတော့သည်။

"ပေါ်ပီယာ ပျက်စီးပါစေ..အော်တေဗီယာ သက်တော်ရှည်ပါစေ" ဟူသော ကြွေးကြော်သံများကား လူအုပ်ကြီးထဲမှနေ၍ ဟိန်းခနဲဟိန်းခနဲ ပေါ်ထွက်၍ လာနေလေတော့သည်။ လူအုပ်ကြီးသည် တစ်စထက်တစ်စ ပိုမို၍သာ ကြီးမားလာရတော့ကာ ပေါ်ပီယာ၏ ကျောက်ရုပ်ကြီးကို ဝိုင်းဝန်း၍ချိုးဖဲ့ ဖျက်ဆီးလိုက်ကြပြီး အော်တေဗီယာ၏ ရုပ်တုတော်ကိုတော့ ပလ္လင်မှနေ၍ ဖြုတ်ယူကာ ပခုံးထက်တွင်ထမ်းဆောင်၍ ရွှေနန်းတော်ကြီး တည်ရှိရာ ပါလာတိုင်းတောင်ကုန်းကြီးဆီသို့ လူအုပ်ကြီးက ချီတက်လာကြလေ၏။

"ပါလာတိုင်းကို ချီတက်ကြစို့ဟေ့။ နီရိုကို တို့တစ်တွေ ရင်ဆိုင်ပြီး မိဖုရားခေါင်ကြီး အော်တေဗီယာကို ပြန်ခေါ်ပေးဖို့ တောင်းဆိုကြစို့ဟေ့။ ရှေ့ကိုတက်ကြ..ရှေ့ကိုတက်ကြ..."

ကတ္တရာစေးပုံးတွေဟု ရောမမြို့သူမြို့သားတွေက နာမည်ပေးထားကြသော ရဲသားအချို့က ပြေးလာကြသော်လည်း လူအုပ်ကြီးက ၎င်းတို့ကို အလွယ်တကူပင် သွားရာလမ်းမှ ဖယ်ရှားပစ်လိုက်နိုင်ကြ

လေသည်။ ဖော်လ်ဂျန်ကား လူထုကြီးရှေ့သို့ရောက်အောင် အတင်းတိုးဝင်သွားကာ ခေါင်းဆောင်လုပ်ပြီး ရှေ့ဆုံးက ချီတက်လိုက်ပါလာခဲ့လေ၏။ သူ့ရှေ့က စစ်သားတစ်ယောက်က ဝင်တားဖို့ကြံစည်သေးသော်လည်း ဖော်လ်ဂျန်က သူ့ခါးကြားထဲမှ ဓားမြှောင်ကို ဆွဲထုတ်မည်ပြုလိုက်သည်တွင် ဘေးသို့ဖယ်သွားလေသည်။ ပြီးနောက်ကား လက်တစ်ဖက်က သူ့ပခုံးကို လာဆွဲကာ သူ့အစေခံ ဘတ်ဆီဒပ်စ်၏ စိုးရိမ်တကြီးအသံက ပေါ်ထွက်လာ၏။

“ခင်ဗျား ရူးနေသလား ဖော်လ်ဂျန်။ ခင်ဗျား အသက်ဆုံးရှုံးသွားနိုင်တယ် သိရဲ့လား”

ဘတ်ဆီဒပ်စ်သည် ကြောက်လန့်တကြားနှင့် ဖော်လ်ဂျန်ကို လူအုပ်ကြီးရှေ့မှ ဆွဲထုတ်ဖို့ ကြိုးစားသော်လည်း ဖော်လ်ဂျန်က ဂရုမစိုက်ဘဲ လူအုပ်ကြီးရှေ့ဆုံးမှသာ ဆက်လက်၍ချီတက်ခဲ့လေသည်။ ဘတ်ဆီဒပ်စ်သည် သူ့ဆရာအား တောင်းပန်၍ မရတော့သည့် အဆုံးတွင်ကား ရုတ်တရက် ဖော်လ်ဂျန်၏ ခြေလှမ်းတွေကြားထဲသို့ သူ့ခြေတစ်ဖက်ကို ထိုးချလိုက်လေသည်။ ဘတ်ဆီဒပ်စ်၏ ခြေထိုးမှုဖြင့် လဲကျသွားရသော ဖော်လ်ဂျန်ကို လူအုပ်ကြီးက ကျော်နင်းသွားကြလေတော့ကာ ဘတ်ဆီဒပ်စ်က ဆဲဆိုအော်ဟစ်နေသော သူ့ဆရာကို လူတွေကြားထဲမှ အတင်းဆွဲထုတ်သွားလေ၏။

“ဟောဟိုမှာ ကြည့်စေတော့ ဖော်လ်ဂျန်၊ ခင်ဗျားဘယ်လိုကံကြမ္မာက လွတ်မြောက်ခဲ့ရတယ်ဆိုတာကို။ တကယ်တော့ ခင်ဗျား ကျွန်တော့်ကို ကျေးဇူးတင်ရမှာပါ”ဟု ဘတ်ဆီဒပ်စ်က ပြောပြောဆိုဆို ရှေ့သို့လက်ညှိုးညွှန်ပြလိုက်လေသည်။

အော်တောဗီယာ၏ ရုပ်တုကို ပခုံးပေါ်ထမ်း၍ ချီတက်သွားကြသော လူအုပ်ကြီးမှာ ပါလာတိုင်းတောင်ခြေရင်းတွင် တီဂျဲလိနပ်စ် ခေါင်းဆောင်သော စစ်သားတစ်စုနှင့် ရင်ဆိုင်တွေ့ကြရပြီး ရုတ်ရုတ်ရက်ရက် ဖြစ်နေကြရလေ၏။ တီဂျဲလိနပ်စ်၏ အမိန့်ကိုခံယူကာ စစ်



သားတွေက ချီတက်လာကြသော လူအုပ်ကြီးထဲသို့ လှံတွေနှင့်ဝင်ထိုးနေကြလေသည်။ လူအချို့သည် သွေးဝေါက်တောက် ပန်းထွက်လျက် လဲကျသွားကြရပြီး ကျန်သောလူအုပ်ကြီးကတော့ ဖရိုဖရဲကွဲစပြုနေကြလေ၏။

မကြာမီမှာပင် ရွှေနန်းတော်ကြီးဆီသို့ ချီတက်ရန်သွားကြသော လူအုပ်ကြီးမှာ ပါလာတိုင်းတောင်ကုန်းပေါ်မှ ပြိုဆင်းကျလာကြရလေတော့သည်။

“ဟိုမှာ ခင်ဗျားကို တီဂျဲလိနပ်စ်ကသာ တွေ့သွားရင် ကျုပ်ဆရာ ခင်ဗျားရဲ့ဘဝ လမ်းဆုံးဖြစ်မှာသေချာနေတော့တာပါပဲ”ဟု ဘတ်ဆီဒပ်စ်က တုန်ယင်သော အသံကြီးနှင့်ပြောလိုက်ရှာလေသည်။

လူထုကြီးက ကြောက်ရွံ့စွာပစ်ချထားခဲ့သော အော်တောဗီယာ၏ ကျောက်ရုပ်ဆီသို့ ဖော်လ်ဂျန်က လှမ်းကြည့်လိုက်ပြီးနောက် စိတ်ပျက်စွာနှင့် မျက်နှာကိုလွှဲလိုက်လေသည်။

“လာကွာ၊ ဒီ မသန့်ရှင်းညစ်ပတ်တဲ့ ပါလာတိုင်းက တို့သွားကြပါစို့…”

ဖော်လ်ဂျန်တို့ ဆရာတပည့်နှစ်ယောက်သည် တိုင်ဘာမြစ်ဘေးရှိ စစ်လေ့ကျင့်ရာ ကွင်းပြင်ကြီးဖြစ်သော မားစ်လွင်ပြင်ကြီးဆီသို့ ဆက်လက်၍ လျှောက်လာခဲ့ကြလေသည်။ မူလကဆိုလျှင် ကွင်းပြင်ကြီးသက်သက်သာဖြစ်နေသော်လည်း ယနေ့တော့ ဈေးဆိုင်ကနားများနှင့် ရှုပ်ပွေ၍နေရလေသည်။ ဆရာတပည့်နှစ်ယောက်သည် ဆိုင်တစ်ဆိုင်တွင်ဝင်၍ ဝမ်းပြည့်အောင် စားသောက်ကြပြီးနောက် ဆိုင်နံရံတစ်ခုပေါ်တွင် ဖော်လ်ဂျန်နှင့် ပတ်သက်၍ရေးထားသော စာတန်းများကို တွေ့ကြရသဖြင့် ရပ်၍ ဖတ်ရှုကြည့်နေလိုက်ကြလေသည်။

“အို ငါ့ရဲ့ရုပ်ချောလှတဲ့ လက်ရုံးဇာနည်ကြီး ဖော်လ်ဂျန်ရယ်၊ မင်းနဲ့ ငါ အတူအိပ်လိုက်ချင်ပါဘိတော့”ဟု ပထမစာတန်းက ဆိုထားပြီး အောက်ကထပ်ရေးထားသော အတန်းကတော့ …

"သူကမင်းနဲ့အတူ အိပ်ဖို့ဆိုတာက မင်းဟာမိန်းမလား ယောကျ်ားလားဆိုတာမှာ တည်နေပါတယ်။ ဒါကြောင့် မင်းဟာ ဘာလဲဆိုတာကို ကြေညာပါဦး ဆန္ဒရှိသူရဲ့"ဟူ၍ ဖြစ်လေ၏။

"အေး ငါ စိတ်ကူးတစ်ခု ရလာပြီဟေ့"

ဖော်လ်ဂျန်က ထိုစာတန်းများကို ဖတ်ကြည့်ပြီးနောက် ဘက်ဆီဒပ်စ်ကိုခေါ်ကာ တိုင်ဘာမြစ်ကမ်းပါးရှိ ပြည့်တန်ဆာမ လူမျိုးပေါင်းစုံရှိရာ တဲစုလေးတွေဆီကို ရောက်သွားကြလေသည်။ ဘက်ဆီဒပ်စ်ကား ပထမဆုံးတွေ့ရသော ပြည့်တန်ဆာမတစ်ယောက်နှင့် တွဲမိသွားရပြီး ဖော်လ်ဂျန်ကတော့ ရင်သားအကြီးမားဆုံးသော ပြည့်တန်ဆာမတစ်ယောက်ကို ရှာဖွေရွေးချယ်လိုက်လေသည်။ လိုင်ဒီယာ၏ ရင်သားကလေးတွေက သေးသေးလုံးလုံးကလေးတွေသာရှိကြရကား သူသည် တမင်သက်သက် အရွဲ့တိုက်ကာ ရင်သားအထွားဆုံး ပြည့်တန်ဆာမကိုသာ ရွေးချယ်လိုက်ခြင်း ဖြစ်လေ၏။

သို့ရာတွင် သူသည် ပြည့်တန်ဆာမနှင့် ပျော်ပါးခြင်းမပြုဘဲ ဝိုင်အရက်တွေကိုသာ အရူးအမူး သောက်ပစ်ကာ နောက်ဆုံးတော့ သတိလုံးဝလစ်သွားလေသည်။

ဤအတိုင်း ခုနစ်ရက်တစ်ပတ်မျှပင် ဖော်လ်ဂျန်သည် ပြည့်တန်ဆာမ၏ တဲစုတ်ကလေး၌ အရက်နှင့်သာ အဖော်လုပ်ပြီး သောင်တင်နေခဲ့လေသည်။ သတိရချိန်များတွင် ရင်သားဖွံ့ထွားလှသော ပြည့်တန်ဆာမနှင့်ပျော်ပါးဖို့ကို အားထုတ်ပါသော်လည်း ဘယ်လိုမှ စိတ်ကျေနပ်မှု မရသည့်အတွက် နောက်ဆုံးတွင် အရက်ကိုသာ သတိမရအောင် သောက်ပစ်လိုက်ခြင်းဖြင့် ဖော်လ်ဂျန်သည် စိတ်ပြေဖျော်မှုကို ရှာဖွေနေရလေသည်။

နောက်ဆုံးတော့ ဖြူဖပ်ဖြူရော်ဖြစ်နေသော ဘက်ဆီဒပ်စ်က သူ့အား လာခေါ်ရလေသည်။ ဖော်လ်ဂျန်လည်း အိပ်ပျော်နေရာမှ



တဝါးဝါးသမ်းရင်း နိုးလာရကာ သူ့ငွေအိတ်ကို လိုက်စမ်းကြည့်နေလိုက်လေသည်။

"ရှင့်ဆီမှာပဲ ရှိပါသေးတယ် လက်ရုံးဇာနည်ကြီးရဲ့"ဟု ပြည့်တန်ဆာမက ရယ်လျက် ပြောလိုက်လေသည်။ "လက်ရုံးဇာနည်တစ်ယောက်ဆီက ကျွန်မ ပိုက်ဆံမခိုးဝံ့ပါဘူးရှင်။ ဒါပေမဲ့ ရှင့်ကြောင့် ကျွန်မစီးပွားရေးမှာတော့ နစ်နာခဲ့ရပါတယ်။ ဒီမှာ ရှင်ရှိနေတာကြောင့် ကျွန်မလက်လွှတ်လိုက်ရတဲ့ ဖောက်သည်တွေက မနည်းလှပါဘူးရှင်"

ဖော်လ်ဂျန်လည်း သူမအား ရွှေဒင်္ဂါးနှစ်ပြားကို ပစ်ပေးလိုက်လေသည်။

"တဒုန်းဒုန်း တဒိုင်းဒိုင်းထုရိုက်သံတွေက ဘာသံတွေလဲကွ"

"ပွဲတော်ကြီးအတွက် ကျွန်တွေနဲ့ အလုပ်သမားတွေက ပြင်ဆင်နေကြတာပါရှင်.."

"ဘာပွဲတော်ကြီးလဲဟ..."

"ရေကန်ကြီးတစ်ခု တူးနေကြတာလေ..ရေတိုက်ပွဲတွေ ခင်းကျင်းဖို့ တူးနေတာပဲ။ ဒါပေမဲ့ အရင်ဦးဆုံးတော့ ဘုရင်နီရိုနဲ့ ပေါ်ပီယာတို့ရဲ့ စုလျားရစ်ပတ် မင်္ဂလာပွဲတော်ကြီးကို အဲဒီမှာ ကျင်းပကြလိမ့်ဦးမတဲ့"

"မိဖုရားခေါင်ကြီး အော်တေဗီယာကကော"

"သူ့ကိုတော့ နီရိုက ကွာလိုက်ပြီလေ.."

ဖော်လ်ဂျန်လည်း ဘက်ဆီဒပ်စ်၏ တောင်းပန်ချက်ကို နားခံကာ ၎င်းနှင့်အတူ မိမိတို့၏ အိမ်ဂေဟာလေးသို့ ပြန်လိုက်လာခဲ့လေ၏။

( ၃ )

အိမ်ဂေဟာသို့ ပြန်ရောက်လျှင် ဖော်လ်ဂျန်သည် အိပ်ရာပေါ်သို့ ပစ်လှဲချလိုက်ကာ အနားကလာ၍ ပြုစုနေသော ဘက်ဆီဒပ်စ်အားလည်း စိတ်တိုတိုနှင့် အော်ထုတ်ပစ်လိုက်လေသည်။ ပြီးမှ သူ့အတွက်

ဝိုင်အရက်ယူလာရန် စေခိုင်းလိုက်ကာ မူးအောင်သောက်ပြီးနောက် အိပ်ရာပေါ် သွားအိပ်ခဲ့လေသည်။

နောက်တစ်နေ့ နံနက်လင်းလာပြန်တော့လည်း သူသည်ထပ်၍ သောက်ပြန်ကာ မူးလာသည့်အခါ၌ အိပ်ပျော်သွားရပြန်၏။ ဤအတိုင်းပင် ဖော်လ်ဂျန်သည် သောက်လိုက်အိပ်ပျော်သွားလိုက်နှင့် အချိန်တွေမည်မျှ ကုန်လွန်သွားရသည်ကိုပင် မခန့်မှန်းတတ်အောင် ဖြစ်နေရလေတော့သည်။

အမှန်ကတော့ ဖော်လ်ဂျန်မှာ လောကကြီးတွင် ဘာတစ်ခုကိုမှ အရေးမထားချင်တော့အောင် စိတ်အပျက်ကြီး ပျက်နေမိခြင်းသာဖြစ်လေသည်။ သေရည်ယစ်မူးခြင်း ဝဲဩဃထဲတွင်သာ ကိုယ့်ကိုယ်ကိုယ် နစ်မြုပ်ထားနေသော ဖော်လ်ဂျန်သည် နောက်ဆုံးတွင် အစေခံ ဘက်ဆီဒပ်စ်၏ အတင်းအဓမ္မနှိုးမှုဖြင့် နစ်ခြိုက်စွာ အိပ်ပျော်နေရာမှ နိုးလာရပြန်လေ၏။

"ဟေ့ကောင် မင်းငါ့ကို ဘာလာနှောင့်ယှက်ပြန်တာလဲ"ဟု ဖော်လ်ဂျန်က ဒေါသနှင့်အော်လိုက်ရာတွင်...

"ထစမ်းပါဦးဗျာ..စစ်ဗိုလ်တစ်ယောက်က ခင်ဗျားနဲ့တွေ့ရအောင် စောင့်နေတယ်"ဟု ဘက်ဆီဒပ်စ်က ကြောက်ကြောက်ရွံ့ရွံ့နှင့် ပြန်ဖြေလိုက်လေသည်။

"ဒီလိုဆိုရင်လည်း ဒီစစ်ဗိုလ်ကို ငါ့ကိုယ်စား မင်းကပဲ နားခေါင်းရိုး ရိုက်ချိုးပြီး အိမ်ထဲက ကန်ထုတ်လိုက်စမ်းကွာ.."

"ရှူး တိုးတိုးပြောပါဗျာ..စစ်ဗိုလ်နဲ့အတူ စစ်သား ၁၀ ယောက်လည်း ပါလာတယ်။ သူတို့က ခင်ဗျားကို လာဖမ်းနေပြန်ပြီထင်တယ်"

"အေး..ထောင်ထဲသွားနေရလည်း ငါ့အတွက် ကောင်းတာပဲ။ ဒါမှ ငါ့ရဲ့ချမ်းသာမှု ခွက်ဖလားဟာ ပြည့်လျှံရတော့မှာပေါ့။ ကဲ... စစ်ဗိုလ်ကို ငါ့ဆီခေါ်ခဲ့စမ်းကွာ.."



သို့တစေလည်း ဘက်ဆီဒပ်စ်၏အထင် လွဲနေခဲ့၏။ စစ်ဗိုလ်ရောက်လာခြင်းကား ဖော်လ်ဂျန်ကို ဖမ်းဆီးဖို့မဟုတ်ဘဲ နောက်သုံးရက်အကြာတွင် ညနေခင်းဘက် ကျင်းပမည့် နီရိုနှင့် ပေါ်ပီယာတို့၏ ထိမ်းမြားသဘင် ပျော်ပွဲကြီးသို့ တက်ရောက်ရန် ဖိတ်ကြားချက်ကို ယူဆောင်လာခြင်းသာ ဖြစ်နေရလေတော့၏။

❋

## အခန်းတစ်ဆယ့်ရှစ်

### ( ၁ )

စစ်ဗိုလ်ထံမှ ဖိတ်ကြားချက်ရရှိပြီး တစ်နာရီအတွင်းမှာပင် လက်ရုံးဓာနည်ကျောင်းအုပ်ချုပ်ရေးမှူးထံမှ ဖိတ်ကြားချက်တစ်စောင်လည်း ဖော်လ်ဂျန်ထံသို့ ရောက်ရှိလာခဲ့လေသည်။ သူ့ကိုလည်း ရေသဘင် ပွဲတော်ကြီးသို့ ဖိတ်ကြားထားသည်ဖြစ်ရာ နီရို၏လှေတော်ကြီးပေါ်သို့ မိမိတို့နှစ်ယောက် အတူတကွ တက်ရောက်ကြပါရန် ဖော်လ်ဂျန်အား အကြံပေးထားခြင်း ဖြစ်လေသည်။

"ခင်ဗျားဆီမှာ ဘေးအန္တရာယ်အငွေ့အသက်လေးတွေ ရှိနေတုန်းကတော့ ကျွန်တော်တို့ရဲ့ ကျောင်းအုပ်ချုပ်ရေးမှူးက ခင်ဗျားကို ရှောင်ရှားခဲ့တယ်။ အခု နီရိုက ခင်ဗျားအပေါ်မှာ ကြည်ဖြူလာပြန်တော့ သူက ခင်ဗျားကို လာအပေါင်းအဖော် လုပ်ပြန်တာပဲ၊ နိုင်ငံရေး အဆက်အသွယ်တွေနဲ့ ရာထူးရထားတဲ့ သူတွေဟာ ဒီလိုချည်းပါပဲ"



ဘက်ဆီဒပ်စ်က ကျောင်းအုပ်ချုပ်ရေးမှူး၏ ရည်ရွယ်ချက်ကို ဖော်လ်ဂျန်အား ရှင်းပြလိုက်လေသည်။

"ငါ့ကို ဘာကြောင့်ဖိတ်တယ်ဆိုတာကိုတော့ ငါ နားမလည်တော့ပါဘူးကွာ"

"ရောမဧကရာဇ် မင်းမြတ်တွေဟာ ဂုဏ်သရေထင်ရှားတဲ့ ပုဂ္ဂိုလ်ကြီးတွေနဲ့သာ အရောဝင်အပေါင်းအဖော် လုပ်ခဲ့တဲ့အချိန်သမယ ရှိခဲ့ဖူးပေတဲ့၊ နီရိုလက်ထက်မှာတော့ လူတကာနဲ့လျှောက်ပေါင်းနေတော့တာကလား။ ဘာပဲဖြစ်ဖြစ် ခင်ဗျား ထင်ပေါ်ကျော်ကြားနေရတဲ့ လူတစ်ယောက် ဖြစ်နေရပြီမဟုတ်လား"

"ကဲ ငါ့အတွက် သင့်တော်မယ့် အဝတ်အစားတွေကို မင်းပဲစီစဉ်ပေတော့ကွာ"

မင်္ဂလာသဘင် ပွဲတော်ကြီးသို့ တက်ရောက်ရမည့် ညနေခင်းသို့ ကျရောက်လျှင်ကား ဖော်လ်ဂျန်သည် ကျကျနန ကိုယ်လက်သုတ်သင် ဝတ်စား ဆင်ယင်လျက် အော်တောဗီယာထံမှ ရထားခဲ့သော မြင်းလေးကောင်ကသည့် မြင်းရထားကြီးဖြင့် ခန့်ခန့်ညားညားကြီးပင် ပွဲတော်ကျင်းပရာရေကန်ကြီးဆီသို့ သွားရောက်ခဲ့လေသည်။

လမ်းတစ်လျှောက်လုံးတွင် မီးရှူးတိုင်ကြီးများကို အစီအရီ ထွန်းညှိထားကာ တံခွန်ကုက္ကားအလံတိုင်များကိုလည်း မီးတိုင်ကြီးများကြားတွင် မားမားစွင့်စွင့် စိုက်ထူထားပြီး၊ အဝတ်အစား စုတ်ပြတ်နေကြသော လူအုပ်ကြီးများက လမ်းဘေးမှနေ၍ ဧည့်သည်တော်များ ရောက်လာကြသည်ကို ကြည့်ရှုနေကြလေသည်။ ရေကန်ကြီး ပတ်ပတ်လည်တွင်မူကား မီးရှူးတိုင်ကြီးများက စက်ဝိုင်းတစ်ခုပမာ တလက်လက်နှင့် ဝိုင်းပတ်ထားနေကြကာ ကန်၏ ကမ်းစပ်တွင်တော့ နီရို၏လှေတော်ကြီးက ဧည့်သည်တွေကို အသင့်စောင့်စားလျက်ရှိနေလေ၏။

လှေတော်ကြီးကား မဟော်ဂနီသစ်သားများဖြင့် ခိုင်ခန့်စွာ ဆောက်လုပ်ထားခြင်း ဖြစ်ပုံရကာ ငွေနှင့်ဆင်စွယ်များနှင့် လှပစွာ

အနားကွပ်မွမ်းမံထားပြီး ကုန်းပတ်ပေါ်တွင် မီးရှူးတိုင်ကြီးများက တထိန်ထိန်တညီးညီး တောက်လောင်နေကြလေသည်။ ကိုယ်လုံးဗလာလုလင်လေးများက ခတ်ရသောလှော်တက်ကြီးများကလည်း လှေတစ်ဖက်တစ်ချက်တွင် နှစ်ဆင့်ထပ်လျက် ရှိနေကြရလေသည်။ လှေပေါ်သို့တက်သော ကုန်းပေါင်တံတားကြီးပေါ်တွင်တော့ လှံကိုင်စစ်သားများက စောင့်ကြပ်လျက်ရှိနေကြလေ၏။

ဖော်လ်ဂျန်ရောက်လာသည်မှာ စောနေရသော်လည်း တခြားဧည့်သည်တော်တွေကလည်း မကြာခဏ တဖွဲဖွဲရောက်လာကြရလေသည်။ အချို့က ဖော်လ်ဂျန်ကဲ့သို့ပင် မြင်းရထားကြီးတွေနှင့် ရောက်လာကြကာ ဂုဏ်အဆင့်အတန်း ပိုမိုမြင့်မားပြီး ကြွယ်ဝချမ်းသာကြသူတွေကတော့ ဝေါယာဉ်များ စီးလာကြလေ၏။ လွှတ်တော်အမတ်များ၊ ဘဏ်သူကြွယ်ကြီးများအပြင် ပြည့်တန်ဆာမ တော်တော်များများမှာလည်း ရောက်ရှိလာသော ဧည့်သည်တော်များထဲတွင် အပါအဝင်ဖြစ်ကြလေ၏။ နောက်ဆုံးတော့ ပေါ်ပီယာကိုယ်တိုင်ပင် ရောက်ရှိလာခဲ့လေတော့သည်။

သူမကား ဤအချိန်အခါအတွက် အထူးပြုလုပ်ထားဟန်ရှိသော တဖိတ်ဖိတ်တောက်နေသည့် ရွှေဝေါတော်ကြီးကို စီးနင်းလာကာ ရှေ့နှင့်နောက်မှ ကျွန်များ အမြောက်အမြားက ခြံရံလိုက်ပါလာကြလေသည်။ နီဂရိုး ကပ္ပလီကျွန်မများက သူမအား လမ်းတစ်လျှောက်လုံးတွင် အမွှေးနံ့သာများနှင့် ပက်ဖျန်းလျက် လိုက်ပါလာကြလေ၏။

"မိန်းမယုတ်ကို မွှေးကြိုင်သင်းပျံ့ရအောင်လို့ အမွှေးနံ့သာတွေကလည်း တတ်နိုင်မှာ မဟုတ်ပါဘူး"ဟု ဖော်လ်ဂျန်၏ အနီးတွင်ရပ်နေသော လူတစ်ယောက်က စက်ဆုပ်ရွံရှာစွာ ရေရွတ်လိုက်လေသည်။

"မိဖုရားခေါင်ကြီး ပေါ်ပီယာကြွလာပြီ..လမ်းဖယ်ပေးကြ..လမ်းဖယ်ပေးကြ.."ဟု သူမ၏ ရှေ့ပြေးအခြွေအရံတွေက ကြွေးကြော်ဟစ်အော်ကာ ငွေစများကို လူအုပ်ကြီးထဲသို့ ကြဲဖြန့်ပေးနေကြလေ၏။



သဘော်ပေါ်သို့တက်သော ကုန်းပေါင်ခြေရင်းသို့ ရောက်လာလျှင်ကား ပေါ်ပီယာသည် သူမ၏ ဝေါယာဉ်ပေါ်မှ မဟာဆန်ဆန်ဆင်းသက်လာလေသည်။ သူမသည် လိမ္မော်ရင့်ရောင် ပိုးသားအသားကပ် ဝတ်ရုံရှည်ကြီးကို ဝတ်ဆင်ထားကာ ဆံပင်တွင်တော့ ရွှေမှုန်တွေနှင့်ဖြူးထားပြီး လက်ဝတ်လက်စားဆို၍တော့ တစ်ခုမှမရှိချေ။

"အင်မတန်မှ ချောမောလှပတဲ့ အမျိုးသမီးတစ်ယောက်ပဲ မဟုတ်လား ဖော်လ်ဂျန်"

ရုတ်တရက် ဖော်လ်ဂျန်၏ဘေးသို့ရောက်လာသော ကျောင်းအုပ်ချုပ်ရေးမှူးကြီးက တီးတိုးပြောဆိုလိုက်ခြင်း ဖြစ်လေသည်။

"ကျွန်တော်ဟာ အော်တေဗီယာကို အင်မတန်မှ ကြည်ညိုလေးစားတဲ့ လူတစ်ယောက်ပါ။ ဒီမိန်းမဟာ အော်တေဗီယာရဲ့နေရာကို အတင်းဝင်လုပြီး နီရိုကို အပိုင်စီးခဲ့တာကလား။ ဒါပေမဲ့ ဒီအတွက် မကြာခင် နောင်တရသွားတော့မှာပဲ။ ဘာပြုလို့လဲဆိုတော့ ဝံပုလွေတစ်ကောင်ကို နားရွက်နှစ်ဖက်ကနေကိုင်ပြီးဖမ်းတာဟာ အန္တရာယ်ရှိတတ်တယ်မဟုတ်လား"

ကျောင်းအုပ်ချုပ်ရေးမှူးကြီးကား ဖော်လ်ဂျန်အား ဤသို့မပြောရန် ကြောက်လန့်တကြား ပိတ်ပင်လိုက်ရလေသည်။ ပေါ်ပီယာကားဘေးကနေ၍ကြည့်နေသော လူအုပ်ကြီးထဲသို့ ငွေစများကို သူမကိုယ်တိုင် ကြဲဖြန့်ပေးလိုက်ပြီးနောက်မှ ငွေရသော လူတွေ၏ကောင်းချီးထောမနာပြုသံကိုနာခံကာ လှေတော်ကြီးပေါ်သို့ တက်ရောက်သွားလေတော့၏။

ထိုအချိန်တွင်ဧည့်သည်တော်များကလည်း အဆက်မပြတ်ရောက်ရှိလာနေကြပြီဖြစ်လေရာ ကျောင်းအုပ်ချုပ်ရေးမှူးကြီးက မိမိတို့လည်း လှေပေါ်သို့ တက်ကြရန် ဖော်လ်ဂျန်အား တိုက်တွန်းလိုက်လေ၏။

နီရိုဘုရင်ကား နောက်ဆုံးမှရောက်လာမည်ဖြစ်ကာ ၎င်းက လှေပေါ်သို့တက်သည်နှင့် တစ်ပြိုင်နက် လှေကို ကမ်းခြေမှ ခွာလျက်

ပွဲတော်ကြီးကိုလည်း ချက်ချင်း စတင်ကျင်းပမည်သာ ဖြစ်လေတော့၏ ။

( ၂ )

ဖော်လ်ဂျန်လည်း ကျောင်းအုပ်ချုပ်ရေးမှူးနောက်ကနေ၍ လေ့ပေါ်သို့ လိုက်တက်ခဲ့ရာတွင် ကုန်းပေါင်ကြီးအဆုံး၌ အစေခံမှူးကြီးတစ်ယောက်က ၎င်းတို့နာမည်ကို မေးမြန်းစစ်ဆေးလိုက်လေသည်။ ပြီးလျှင်ကား ၎င်းတို့ကို လုလင်ပျိုတစ်စုက ဆီးကြိုကာ ပန်းကုံးတစ်ကွင်းစီ စွပ်ပေးလိုက်ကြပြန်လေသည်။

ဖော်လ်ဂျန်က စားပွဲများခင်းထားရာသို့ ဆက်၍လျှောက်ခဲ့ကြပြန်ရာတွင် ရင်သားများကို ဖော်ထားကြသည့် မိန်းမချောလေးတစ်စုတို့က ၎င်းတို့ကို ဆီးတားထားပြီးရေမွှေးနံ့သာ တစ်မျိုးပြီးတစ်မျိုးနှင့် ဆွတ်ဖျန်းပေးနေလိုက်ကြပြန်၏။ နောက်ဆုံးတော့ အခြွေအရံမှူးကြီးတစ်ယောက်က ၎င်းတို့ကို နာမည်များ ထပ်မေးပြန်ပြီး နောက်မှ စားပွဲတစ်ခုကိုညွှန်ပြကာ ကြိုက်သည့်နေရာတွင် ဝင်ထိုင်ရန်ပြောလိုက်လေသည်၊

ဧည့်သည်များကား အားလုံးလိုလိုပြည့်စုံနေပြီဖြစ်ပြီး ပေါ်ပီယားတစ်ယောက်မှအပ မထိုင်ကြသေးဘဲ မတ်တတ်ရပ်လျက်ရှိနေကြလေသည်။ ထို့နောက်ကား ကမ်းပေါ်မှနေ၍ နီရိုဘုရင်အား ကောင်းချီးထောမနာပြုသံတွေက အုန်းအုန်းကျွက်ကျွက်ဆူညံလာတော့ကာ နီရိုဧကရာဇ်မင်း ကိုယ်တော်တိုင်က ခြေတဆောင့်ဆောင့်နှင့် လှေတော်ကြီးပေါ်သို့ တက်ကြွ၍လာလေတော့၏။ လှေတော်ကြီးလည်း ချက်ချင်းပင် ကမ်းခြေမှ ထွက်ခွာစပြုလေသည်။

လှေလှော်သမားတွေထံမှ ရယ်သံတွေနှင့် အာမေဋိတ်သံများ ခပ်အုပ်အုပ် ထွက်ပေါ်လာနေကြလေရာ ဖော်လ်ဂျန်က ဘာဖြစ်နေသည်ကို ကျောင်းအုပ်ချုပ်ရေးမှူးထံသို့ မေးကြည့်မိလေသည်။



"ကန်ကြီးထဲမှာ မိကျောင်းတွေရှိနေသကွယ့်၊ ဒီတော့ လှေလှော်သမားတွေက ဒီသတ္တဝါတွေကို တက်နဲ့သွားသွားပြီး ခတ်မိပြန်တော့တာပေါ့"

ကျွန်များသည် စီတန်းလျက် စားပွဲများ တည်ခင်းထားရာသို့ လျှောက်လာကြလေသည်။ ပထမကျွန်တစ်စုမှာ ဧည့်သည်တော်များ လက်ဆေးရန် ရေမွှေးအင်တုံကြီးများကို သယ်ယူလာကြလျက် နောက်တစ်သိုက်ကတော့ လင်ပန်းများပေါ်တွင် လက်သုတ်ပဝါကြီးများကို တင်ဆောင်ယူလာကြလေသည်။ ပြီးလျှင်ကား ပထမဦးဆုံးသောအစားအသောက်များက ရောက်ရှိလာကြပြီး နီရိုက ကျောက်သံပတ္တမြား စီထားသည့် ခွက်ဖလားတစ်ခုကို မြှောက်လိုက်ကာ ပွဲတော်ကြီး စတင်ပြီဖြစ်ကြောင်း ပြောလိုက်လေသည်။

"ကဲ.. ငါ၏မိတ်ဆွေအကြည်တော်များ ပွဲတော်ကြီးစတင်ပါပြီ။ ပွဲတော်ကြီးမတိုင်မီက ဘာတွေဖြစ်ခဲ့တယ်ဆိုတာကို သတိရနေတဲ့ လူတွေ ကျိန်စာသင့်ပါစေ"

"ပွဲတော်ကြီးအတွင်းမှာ ဘာတွေဖြစ်ရတယ်ဆိုတာကို အမှတ်ရမိသူများလည်း ကျိန်စာသင့်ပါစေ"ဟု ပေါ်ပီယာက ကြည်လင်ပြတ်သားသော အသံကလေးနှင့် ဖြည့်စွက်ပြောလိုက်လေသည်။

ပွဲတော်ကြီးနှင့် ပတ်သက်၍ ဖော်လ်ဂျန်မှတ်မိသမျှကား ဆန်းပြားမျိုးစုံလှသည့် ခဲဖွယ်ဘောဇဉ်များနှင့် သေရည်သေရက် အလျှံပယ်ပေါများလှခြင်းသာ ဖြစ်နေလေတော့သည်။

ဖော်လ်ဂျန်က ဝမ်းပြည့်အောင်စားပြီးခါမှပင် စားတော်ကဲတစ်စုက အကောင်လိုက်ကင်ထားသော သိုးများကို သယ်ယူလာပြန်လေသည်။ သိုးကောင်တွေကို စားပွဲများပေါ်တွင် တင်ပေးပြီးသည့်နောက် စားတော်ကဲမှူးသည် သားလှီးဓားတစ်ချောင်းကို ဝင့်လိုက်ကာ သိုးတစ်ကောင်ပြီး တစ်ကောင်၏ ဝမ်းဗိုက်တွေကို ခွဲချလိုက်သည့်အခါ၌ ငှက်ကလေးတွေက အသံတစာစာကျူးရင့်ပြီး ပျံထွက်လာလေသည်။

နောက်ရောက်လာသော ဟင်းလျာဘောဇဉ်တွေကား ပိုမို၍သာ ဆန်းကြယ်လာရလေသည်။ ဖန်ပေါင်းချောင်တွေကို သယ်ယူလာပြန်ကာ စားပွဲများပေါ်သို့ချပေးလိုက်ရာ အထဲတွင်အရောင်မျိုးစုံ ကွန့်မြူးနေကြသောငါးတွေက ပါလာသည်ကို တွေ့ကြရလေ၏။ ငါးတွေကား အရှင်တွေဖြစ်ကြပြီး ဖန်ပေါင်းချောင်းထဲက ကျိုက်ကျိုက်ဆူပွက်နေသောရေထဲတွင် အလူးအလဲ ဝေဒနာခံစားနေကြရသည်ကို ဧည့်သည်တော်တွေက ၎င်းတို့၏ဖုံများပေါ်တွင် စည်းစိမ်ခံလဲလျောင်းနေရာက သဘောကျစွာ ကြည့်ရှုနေကြလေသည်။

ဖော်လ်ဂျန်အား အော်ဂလီဆန်လာစေသည်ကတော့ အမွှေးနုတ်ပြီးသား ငန်းအရှင်များကို ယူလာခဲ့သည့်အခါတွင်ဖြစ်လေသည်။ ငန်းများကို သတ္တုချပ်ပြားကြီးပေါ်တွင် ကြိုးနှင့်ချည်နှောင်၍ထားကာ ရဲရဲနီနေသော မီးကျီးခဲတွေကို ဘေးတွင်ဝိုင်းဖို့ထားနေ၏။ ဒါကိုဘေးကရပ်နေကြသောအစေခံတွေက ငန်းတွေအချိန်မတန်မီ မသေရအောင် တဖြည်းဖြည်းနှင့် အရှင်လတ်လတ် မီးမြိုက်ခံနေနိုင်ကြစေရန် ငန်းတွေပေါ်သို့ ရေအေးဆွတ်ဖျန်းချပေးနေကြရလေ၏။

"ရောမတွေဟာ တကယ့် သရဲသဘက်ကြီးတွေပါပဲလား"ဟု ဖော်လ်ဂျန်မှာ မြင်နေရသော ရှုခင်းကို စက်ဆုပ်မိလှစွာနှင့် ရေရွတ်လိုက်မိလေသည်။

"စပျစ်ရည်ထပ်သောက်ပါဦးလေ၊ ဒါမှမင်းဟာ အမြင်တစ်မျိုးပြောင်းလာပါလိမ့်မယ်"ဟု ကျောင်းအုပ်ချုပ်ရေးမှူးက သူ့ကိုနှစ်သိမ့်လိုက်လေ၏။

ဖော်လ်ဂျန်အတွက်ကတော့ သူသည်ဝိုင်ဘယ်နှစ်မျိုးသောက်ခဲ့ရပြီ ဖြစ်သည်ကို မမှတ်မိနိုင်တော့ဘဲ ရှိနေရလေသည်။ သို့တစေလည်း သူသည် အရက်ကို ဘယ်လိုပဲဖိ၍ သောက်သောက် အရှင်လတ်လတ် ဖြည်းဖြည်းချင်း မီးမြှိုက်ခံနေရသည့် ငန်းတွေဆီသို့ မကြည့်ဘဲ မနေနိုင်အောင် ဖြစ်နေမိလေသည်။ ငန်းတွေကား အပူဒဏ်ကို မခံနိုင်ဘဲ ပါးစပ်



တဟဟနှင့် ဒယိမ်းဒယိုင်ကြီးတွေဖြစ်လာကြရလေသည်။ ၎င်းတို့သည် ဝေဒနာဒဏ်ချက်ကို ကြာကြာဆက်၍မခံနိုင်တော့မှန်း သေချာလာတော့မှ ချည်ထားသောကြိုးတွေကို ဖြတ်ပေးလိုက်ကာ ဧည့်သည်တော်တွေဆီသို့ အရှင်လိုက် ကမ်းပေးလိုက်ကြလေသည်။ ဧည့်သည်တော်တွေကလည်း ငန်းတွေကို အရှင်လိုက်နှင့်ပင် နူးနေသောအသားတွေကို ဆွဲဖဲ့စားသောက်ပစ်လိုက်ကြလေသည်။

"ဟော့ ငါမလိုချင်ဘူး"

သူ့ဆီသို့ရောက်လာသော ငန်းတစ်ကောင်ကိုမူ ဖော်လ်ဂျန်က အော်ဂလီဆန်လှစွာ ငြင်းပယ်လွှတ်လိုက်လေ၏။

ထို့နောက်တွင်ကား နောက်ကျနေသော တီကဲ့လိနပ်စ်က လှေတော်ကြီးပေါ်သို့ ပျာယီးပျာယာ တက်လာလေတော့သည်။ ၎င်း၏လက်ထဲတွင်တော့ လေးထောင့်ကျကျ သေတ္တာလေးတစ်လုံးပါလာလေသည်။ နီရိုထံ ၎င်းကလာ၍ အလေးပြုလိုက်ပြီးနောက် နီရိုက လက်တစ်ဖက်ယမ်းလျက် အသိအမှတ်ပြုလိုက်လျှင် ၎င်း၏နေရာတွင် ဝင်ထိုင်လိုက်ပြီး သေတ္တာကလေးကိုလည်း ၎င်းဘေးတွင် ချထားလိုက်လေသည်။

"အားလုံးနားထောင်ကြစမ်း။ အခု ငါတို့ကို ငါကိုယ်တော်မြတ်အနှစ်သက်ဆုံး အချစ်ဆုံး ကချေသည်က ဖျော်ဖြေလိမ့်ဦးမယ်ဟေ့" နီရိုက ကျယ်လောင်စွာ အော်လိုက်လေသည်။

နီရို၏ အချစ်တော် ကချေသည် လုလင်ပျိုကလေး ဒါရင်သည် လက်ခုပ်သံ တဖြောင်းဖြောင်းကြားမှ လူပုံအလယ်သို့ ခုန်ထွက်လာလေ၏။ ဧည့်သည်တော်များကို သည့်အရင်က လူပြက်များ၊ ကျွမ်းသမားများ၊ ကချေသည်မလေးများစသည်တို့က ဖြေဖျော်အသုံးတော်ခံပြခဲ့ပြီဖြစ်သော်လည်း ယခု ဒါရင်၏ ကပြဖြေဖျော်ချက်ကိုကား ဘယ်သူကမှ မမီခဲ့ကြတော့ချေ။ ဒါရင်၏ ကဟန်များသည် လေထဲတွင် ပျံဝဲနေသည်ဟု ထင်မှတ်ရလေ၏။ ပြီးလျှင် ၎င်းသည် ကဟန်များနှင့် ဇာတ်ကွက်တစ်ခုကို ဖော်ပြနေသည်ဖြစ်ရာ ဖော်လ်ဂျန်တစ်ယောက်မှ

အပ ပွဲလာပရိသတ်ဧည့်သည်တော်များမှာ တဝါဝါး တဟားဟား ပွဲကျနေကြလေတော့၏။

"သူက ဘာကို ဇာတ်လမ်းဖော်နေတာလဲဗျ"ဟု ဖော်လ်ဂျန်က ကျောင်းအုပ်ချုပ်ရေးမှူးကြီးထံတွင် မေးကြည့်ရလေသည်။

"ကလောဒီယပ်စ်ဘုရင် အုပ်စိုးစဉ်က အဖြစ်တစ်ခုကို သူက သရုပ်ဖော်နေတာပေါ့။ ဧကရာဇ် ကလောဒီယပ်စ်က နေပြည်တော်မှာ မရှိတုန်းမှာ မိဖုရားမက်ဆီလီနာက လင်ငယ်မျောက်သားတွေနဲ့ ဖောက်ပြားပျော်ပါးနေပုံတွေ၊ ပြီးတော့ ဒီအကြောင်းတွေကို ကလောဒီယပ်စ်က သိသွားရပြီး နေပြည်တော်ကိုပြန်လာရပုံ၊ မက်ဆီလီနာရဲ့ သေရည်မူးယစ်နေတဲ့ လင်ငယ်မျောက်သားတွေက ဒီအကြောင်းကို သိရပြီး ကြောက်လန့်တကြား နေပြည်တော်က ထွက်ပြေးကြရပုံ၊ ကျန်တာတွေကိုတော့ မင်းသိရော့ပေါ့"

ဖော်လ်ဂျန်ကလည်း ယခုတော့ ဒါရင်၏ကဟာန်များကိုအဓိပ္ပာယ်ကောက်ယူလာတတ်ပြီ ဖြစ်လေသည်။ ကလောဒီယပ်စ်၏ ဖောက်ပြန်သော မိဖုရား မက်ဆီလီနာ အသတ်ခံရပြီးနောက် သူမ၏ ရင်သွေးနှစ်ပါးက အတိဒုက္ခရောက်၍ ကျန်ရစ်ခဲ့ရပုံကို ဒါရင်က ဆက်လက်၍ သရုပ်ဖော်နေသည့်အခါတွင်ကား ဖော်လ်ဂျန်မှာ စိတ်ထဲတွင် ထိခိုက်ခံပြင်းလာရလေတော့၏။

မက်ဆီလီနာ၏ ကျန်ရစ်ခဲ့သော ကလေးနှစ်ယောက်ကား နောင်တွင် နီရို၏ မိဖုရားကြီးဖြစ်လာသည့် အော်တေဗီယာနှင့် သူမ၏ မောင်တော် ဘရစ်တင်နီကပ်စ်တို့ပင် ဖြစ်လေရာ ဘရစ်တင်နီကပ်စ်မှာ အဆိပ်ခတ်၍ လုပ်ကြံသတ်ပစ်ခြင်းခံခဲ့ရပြီး အော်တေဗီယာခမျာမှာတော့ ပြည်နှင်ဒဏ်ခတ်ခြင်းကို ခံခဲ့ရရှာပြီ မဟုတ်ပါလော။ သူမ၏ အကြောင်းကိုမှ ဒါရင်က အဘယ်ကြောင့် ရွေး၍ သရုပ်ဖော်လေရသနည်းဟု ဖော်လ်ဂျန်မှာ စိတ်များလေးလံ၍ လာမိရလေတော့သည်။



ဒါရင်၏အကကက နိဂုံးချုပ်သွားသည့် အခါတွင်ကား အမျိုးသမီးဧည့်သည်တော်များက သဘောကျလှစွာနှင့် ဝတ်ဆင်ထားသော ရွှေငွေရတနာ လက်ဝတ်တန်ဆာတွေကို ၎င်း၏ ခြေရင်းသို့ ပစ်ပေးလိုက်ကြလေသည်။ ယောကျ်ားဧည့်သည်တွေထံမှလည်း ရွှေငွေတွေ တဖွဲဖွဲကျရောက်လာကြရလေ၏။

ဖော်လဂျန်ကတော့ ကြည်နူးမှုကို ဘယ်လိုမှမတွေ့ရဘဲ စိတ်တွေသာ ညစ်ထေးလာရလေသည်။ ထို့ကြောင့် ဝိုင်အရက်တွေကိုသာ ဖိ၍သောက်နေမိလိုက်ပြန်တော့၏။ ပတ်ဝန်းကျင်၏ လေထုကား ဟင်းလျာနံ့များ၊ အရက်နံ့များနှင့် လူတွေ၏ ချွေးနံ့တွေက ရောယှက်ကာနံစော်၍ လာလေရာ၊ ကျွန်တွေက ရေမွှေးတွေကို မကြာခဏ ဆွတ်ဖျန်းပေးရလေ၏။

ယခုရောက်ရှိလာနေသော အစားအစာတွေကား ကိလေသာရာဂစိတ်ကို နှိုးဆွပေးသော ပုံပန်းအသွင်တွေ ဆောင်ယူလာကြလေတော့သည်။ မကြာမီမှာပင် ဝက်အကောင်လိုက်ကြီးများကို စားတော်ကဲများက သယ်ယူလာကြပြန်လေသည်။ မူလကတော့ ဝက်မကြီးတွေသာဖြစ်ကြသော်လည်း မီးဖိုထဲမှနေ၍ ဝက်ထီးကြီးများသဏ္ဍာန် ပြုပြင်ပေးလွှတ်လိုက်ကြလေရာ ပရိသတ် တော်တော်များများမှာ တဝါးဝါးနှင့် ပွဲကျနေရလေ၏။ နီရိုကား ဝက်မတစ်ကောင်မှ ဝက်ထီးအင်္ဂါတစ်ခုကို ဓားနှင့်လှီးဖြတ်လိုက်ကာ သင်းကွပ်ကြီး အားစတိုင်းထံသို့ ပစ်ပေးလိုက်လေသည်။

"အဲဒါ မင်းဖို့ပဲဟေ့..မင်းမှာလိုအပ်နေတဲ့အရာကို အဲဒါနဲ့ အစားထိုးပေးပေတော့.."

ပရိသတ်ကြီး၏ အားရပါးရရယ်သံက ဟိန်းတက်၍လာလေသည်။ အားစတိုင်းမှာ နီရိုက ပစ်ပေးလိုက်သောအရာကို လက်တွင်ကိုင်လျက် ငိုင်နေရာ နီရိုက ၎င်းကို စိန်းစိန်းကြီး စိုက်ကြည့်နေသည်ကို တွေ့ရမှ အားပါးတရ မျိုပြုလိုက်ရရှာ၏။

"ကျွန်ုပ်၏ ဆီဇာဘုရင်မင်းမြတ် ကိုယ်တော်ရဲ့ စေတနာတော် ထက်သန်မှုကြောင့် ကျွန်ုပ်တို့အားလုံးလိုလိုဟာတော့ ဝအီအောင် စား သောက်ကြရပါပြီ"ဟု တီဂျဲလိနပ်စ်က အော်ပြောလိုက်လေသည်။

"နို့ ဘယ်သူတွေ မစားရမသောက်ရသေးလို့လဲကွယ့်"

"ကန်ထဲက မိကျောင်းတွေပါဘုရား"

နီရိုကား သဘောကျစွာ ရယ်မောလိုက်လေသည်။ ၎င်း၏စားပွဲ ရှေ့တွင် မက်ဆီဒိုးနီးယားလူမျိုး လုလင်ပျို လုံမပျိုလေးများသာ ပါဝင် ကြသည့် ကချေသည်များက လှပစွာ အသုံးတော်ခံနေခဲ့ကြ၏။ ယခု ၎င်းတို့၏ ဖြေဖျော်မှုပြီးဆုံးသွားကြရပြီး နီရိုအား ဦးညွှတ်အလေးပြု လိုက်ကြသည်တွင် ၎င်းတို့ကျူးယူနိုင်သရွေ့ ရွှေဒင်္ဂါးများကို ဆုလာဘ် အဖြစ်နှင့် ယူကြဖို့ နီရိုက အမိန့်ပေးလိုက်လေသည်။ ကချေသည်များ ကား ဆီဇာဘုရင်၏ ကရုဏာစေတနာတော်ကို ထုတ်ဖော်ချီးကျူးကြ ရင်းက ရွှေဒင်္ဂါးတွေကို အားပါးတရ လက်ခုပ်များတွင် ကျူးယူလိုက်ကြ လေ၏။ ၎င်းတို့ ယခုရရှိသော ဆုလာဘ်တွေကား ကချေသည်မများ အတွက် ၎င်းတို့တစ်သက်တာတစ်လျှောက်လုံးတွင် မပူမပင် နေထိုင် သွားရနိုင်ရန် လုံလောက်လျက်ရှိနေရပြီ ဖြစ်လေတော့သည်။

"ကဲဟေ့ သူတို့အားလုံးကို ရေကန်ထဲပစ်ချလိုက်ကြတော့"

ကချေသည်များက ဝမ်းသာ၍မဆုံးမီ နီရိုက အမိန့်ထုတ်ဆင့် လိုက်ပြန်ရာ စစ်သားတစ်စုက ရှေ့သို့တိုးလာကြပြီး လုံများနှင့်ချိန်ရွယ် ကာ ကချေသည်များအား လှေတော်ကြီး၏ ဘောင်အစွန်းဆီသို့ သွား ခိုင်းလိုက်ကြလေ၏။ ကချေသည်များကား ကြောက်လန့်တကြားအော် ဟစ်ငိုယိုကာ ဒူးထောက်တောင်းပန်အသနားခံကြသော်လည်း စစ်သား တွေက ၎င်းတို့အား လုံများနှင့်ခြိမ်းခြောက်လျက် လှေတော်အစွန်းဆီသို့ သာ ရောက်သွားကြစေလေသည်။ ပြီးလျှင်ကား ၎င်းတို့သည် တစ် ယောက်ပြီး တစ်ယောက် လှေဆောင်းမှနေ၍ ရေထဲသို့ ကျသွားကြရကာ



စူးစူးဝါးဝါးအော် ဟစ်သံတွေ၊ မိကျောင်းများ၏ အမြီးနှင့်ရိုက်ခတ်သံ တွေက ရောထွေးပေါ် ထွက်လာကြရလေတော့၏။

ဧည့်သည်တွေကား ဤအခြင်းအရာကို ကြည့်ရှုကြရန်လှေနံဆီ သို့ ဝိုင်းအုံစုပြုနေကြရာ နီရိုကအလိုမကျဖြစ်လာပြီး ၎င်း၏အရက်ခွက် ကို စားပွဲပေါ်သို့ခေါက်လိုက်တော့မှ ကိုယ့်နေရာကိုယ်သို့ အသီးသီးပြန် လာကြလေတော့သည်။

"ကဲ..ကဲ..ကြမ်းကြုတ်ရိုင်းစိုင်းတဲ့ စည်းစိမ်ခံမှုတွေကို တော်ကြ စို့။ အခု ငါကိုယ်တော်မြတ်က မင်းတို့အတွက် သီချင်းဆိုပြပါ့မယ်"

ဩဘာပေးသံတွေက ပေါ်ထွက်လာသော်လည်း ကျိတ်၍ညည်း ညူးသံတွေကလည်း ရှိနေလေသည်။ သို့ရာတွင် တစ်ချိန်လုံး တိတ် ဆိတ်နေခဲ့သည့် ပေါ်ပီယာက ယခုတော့ ချိုသာသော အသံကလေးနှင့် စကားပြောလာလေ၏။

"ဟုတ်ကဲ့ နီရိုမောင်တော်၊ ကျွန်မတို့အတွက် သီချင်းဆိုပြတော် မူပါ။ ဒါပေမယ့် ဒီမြေနိမ့်အရပ်က လေအေးတွေဟာ မောင်တော်ရဲ့ လည်ချောင်းက အသံကြောတွေကို ဒုက္ခမပေးပါစေနဲ့လို့ ကျွန်မ မျှော် လင့်ပါတယ်"

"အဲ ဟုတ်ပေသားပဲ ဒီမြစ်နားကလေဟာ ဘယ်လောက်ဆိုးရွား လှတယ်ဆိုတာကို ငါသတိလစ်တော်မူသွားသကွယ့်။ ကဲ ငါမင်းတို့ အတွက် သီချင်းဆိုမပြနိုင်တော့ဘူးဟေ့"

"ရောမမြို့တော်ကြီးဟာ တကယ်တော့ ညစ်ပတ်လှပါတယ် ကျွန်ုပ်ရဲ့ ဆီဇာ"ဟု တီဂျဲလိနပ်စ်က ဝင်၍ ဖားလိုက်ပြန်လေသည်။ "တစ်နေ့နေ့ကျရင်တော့ အရှင်မင်းမြတ်ဟာ ဒီညစ်ပတ်လှတဲ့ မြို့တော် ကြီးကို မီးတင်ရှင်းလင်းပစ်ပြီး အရှင်မင်းမြတ်နဲ့ ထိုက်တန်တဲ့ လှပတင့် တယ်တဲ့ မြို့သစ်ကြီးတစ်မြို့ကို တည်ဆောက်သင့်လှပါတယ်"

နီရိုက အမှုမဲ့အမှတ်မဲ့နှင့် ခေါင်းညိတ်ပြလိုက်ကာ သူ့ဘေးဆီသို့ လှည့်ပတ်ကြည့်လိုက်သည်။

"ဆင်နစ္စတာ ဘယ်မှာလဲကွယ့်။ သူ့ကိုငါကိုယ်တော်မြတ် ဖိတ်တော်မူတယ် မဟုတ်လား"

"ကျွန်တော်မျိုးရှိကြောင်းပါ အရှင်ဘုရား။ အရှင်ဘုရားရဲ့ အမိန့်တော်မြတ်ကို နာခံရန်အဆင့်သင့်ပါ ဘုရား"

တစ်ခါက ပြိုင်ဘက်ကင်းခဲ့သည့် တံခွန်စိုက်လက်ရုံးဓာနည်ကြီး ဖြစ်ခဲ့သော ဆင်နစ္စတာသည် ဖော်လ်ဂျန်၏ နောက်ဘက်စားပွဲမှ ထ၍ ဦးညွှတ်လိုက်လေသည်။

"ဆင်နစ္စတာနဲ့ ငါကိုယ်တော်မြတ် နပန်းလုံးတော်မူမယ်"ဟု နီရိုကထိုင်ရာမှထကာ ပြောလိုက်လေ၏။ "တစ်ခါတုန်းကဆိုရင် ငါဟာ မင်းကို မြေပေါ်မှာ ပစ်လှဲချနိုင်ခဲ့တယ်ဆိုတာကို မင်းမှတ်မိဦးမှာပေါ့ ဆင်နစ္စတာ"

"မှန်ပါတယ်အရှင်၊ တကယ်တော့ အရှင်ဟာ လူစွမ်းကောင်းကြီးဟာကျူလိစ် ကိုယ်တိုင်ကိုတောင် အနိုင်ယူနိုင်မယ့် နပန်းဝိဇ္ဇာကြီးပဲ မဟုတ်ပါကလား။ ဒီတော့အရှင်က ကျွန်တော်မျိုးအပေါ်မှာ အနိုင်ယူခဲ့တာဟာ ကျွန်တော်မျိုးအတွက် ဂုဏ်မသိမ်ရပါဘူး"

"အေး မင်းပြောတာ မှန်ပါတယ်။ မင်းဟာ တကယ်တော့ စွမ်းရည် ညံ့တာမှ မဟုတ်တာဘဲ"ဟု နီရိုက ဆင်နစ္စတာ၏ မြှောက်ပင့်ချက်ကို သဘောကျစွာနှင့် ပြန်ဖြေလိုက်လေသည်။ "မင်းနဲ့ သတ်ရတုန်းက ငါ့မှာနည်းနည်း အခက်အခဲတွေ့ရတာကို ငါမှတ်မိခဲ့ပါတယ်။ ကဲ ဟေ့ သူနဲ့ငါ နပန်းသတ်ကြဖို့ စားပွဲတွေရှင်းပေးကြစမ်း"

ဧည့်သည်တော်များကား ဘုရင်ရူးကြီးက တကယ့်လက်ရုံးဓာနည်ကြီးတစ်ယောက်နှင့် နပန်းသတ်ပြမည့်အဖြစ်ကို ကြည့်ရဦးမည့် အရေးအား သဘောကျနေကြလေသည်။ သို့ရာတွင် ပေါ်ပီယာက နီရိုဘုရင် ဤမျှလောက် ပေါ်ပြရမည့်အဖြစ်ကို မလိုလားမိလေရကား ဆင်နစ္စတာအား တစ်စုံတစ်ရာ တီးတိုးလှမ်းပြောလိုက်လေ၏။ ဤတွင်



ဆင်နစ္စတာက နီရိုအား အာရုံပြောင်းသွားစေရန် ထအော်လိုက်လေသည်။

"ကောင်းမြတ်သော အရှင်ဆီဇာ အရှင်မင်းမြတ်က ဆင်နစ္စတာနဲ့ပဲ နပန်းလုံးတော့မှာလား။ ယမင်းကညာလေး တစ်ယောက်နဲ့ကော မလုံးချင်ဘူးလား။ ဒါမှမဟုတ် နှစ်ယောက်စလုံးနဲ့ လုံးမှာလား"

"အား ဟုတ်ပေသားကပဲ၊ ငါကိုယ်တော်မြတ်က ယမင်းကညာတွေကို သတိမေ့နေတော် မူမိပါပြီကော"ဟု နီရိုက ပြောကာ လှေသူကြီးအား လှမ်းအော်လိုက်လေသည်။

"ကဲဟေ့၊ ဟိုဘက်ကမ်းကို အမြန်ဆုံးအရောက် လှော်ကြစမ်းကွာ"

## ( ၃ )

ကန်ကြီး၏ တစ်ဖက်ကမ်းသို့ လှေတော်ကြီးက နီးကပ်လာရသည့်အခါတွင်ကား သစ်ပင်အုပ်များကြားဝယ် မဏ္ဍပ်ကလေးများ ထိုးထားသည်ကို တွေ့မြင်လာကြရကား ၎င်းတို့ထဲမှ တိုးတိုးတိတ်တိတ် ရယ်သံများနှင့်၊ မခို့တရို့ ညုတုတုအသံကလေးများနှင့် လှမ်းခေါ်သံများက ပျံ့လွင့်ထွက်လာကြလေသည်။ ဂီတသံများကလည်း ရာဂတဏှာစိတ်ကို နှိုးဆွနိုင်စွမ်း ရှိလှစွာ ပေါ်ထွက်လာကြလေသည်။

"မြန်မြန်လှော်စမ်းပါကွ..မြန်မြန်"ဟု နီရိုက အလောသုံးဆယ် ဖြစ်လာလေရာ လှေသူကြီးသည် ကြာပွတ်ကြီးတစ်ချောင်းနှင့် လှေလှော်သားတွေကို တရွှမ်းရွှမ်း ရိုက်နှက်လောဆော်လိုက်လေသည်။

လှေပေါ်မှ ဧည့်သည်တွေကလည်း စိတ်အားထက်သန်လှစွာ လှေနံစောင်းဆီသို့ စုပြုံရောက်လာကြကာ အစေခံတွေက လိုက်ကမ်းပေးနေကြသည့်မျက်နှာဖုံးကလေးတွေကိုမှ မျက်နှာတွင်ကောင်းကောင်း မတပ်ဆင်နိုင်ကြဘဲ ရှုပိုးထိုးနေကြလေတော့သည်။ လှေတော်ကြီးက ကမ်းခြေတွင် ထိုးဆိုက်၍ကပ်လိုက်သည့် အခါတွင်ကား ကုန်းပေါ်သို့ အလုအယက်ပင် ခုန်ဆင်းနေကြလေသည်။ ကာမဂုဏ်အာရုံကို

အဆီးအတားမရှိ ခံစားနိုင်တော့မည့် ပျော်ပွဲကြီးဖြစ်နေရာ ဇည့်သည်တော်တွေမှာ ရာဂဇော့မွန်လျက် နီရိုကိုပင် အရေးမထားနိုင်တော့ဘဲ ကုန်းပေါ်သို့ အရင်ရောက်ဖို့ကိုသာ စိတ်ဇောသန်လျက် ရှိနေရလေ၏ ။

သစ်ပင်အုပ်ထဲတွင် ထိုးထားသည့် တဲနန်းမဏ္ဍပ်တွေကား ပြည့်တန်ဆာ ဆောင်ကြာမြိုင်နန်းကြီးများသာ ဖြစ်နေကြလေသည်။ သို့ရာတွင် ထိုဆောင်ကြာမြိုင်တဲနန်းများ၌ စောင့်စားနေကြသည့် မိန်းမတွေကား သာမန်ပြည့်တန်ဆာမများ မဟုတ်ကြမူဘဲ ရောမမြို့တော်ကြီးမှ ဂုဏ်သရေရှိ လွှတ်တော်အမတ်များ၊ လူကြီးသူကောင်းများတို့၏ ဇနီးကြင်ရာ မိန်းမကောင်းတွေသာ ဖြစ်နေကြရပေသည်။

ပေါ်ပီယာသည် ကုန်းပေါ်သို့ ခုန်ချလိုက်ရာက လက်တစ်ဖက်မြှောက်ကာ လှည့်အော်လိုက်လေသည်။

"ဘယ်ဟာကိုမှ ပြန်ပြီးအမှတ်မရကြစတမ်းနော်"

"ဘယ်ဟာကိုမှ ပြန်ပြီးအမှတ်မရကြစတမ်း"ဟု အသံပေါင်းမြောက်မြားစွာကို မြူးရွှင်စွာနှင့် ပြန်အော်လိုက်ကြလေသည်။ ဖော်လ်ဂျန်ကား အဖော်ဖြစ်သူ ကျောင်းအုပ်ချုပ်ရေးမှူးနှင့် ကွဲသွားရပြီးနောက် မိန်းမတစ်ယောက်ကို တွေ့ရသဖြင့် သူမနောက်ကို အတင်းပင် ပြေးလိုက်သွားမိလေသည်။ သို့ရာတွင် သူမကား တကယ့်တောတွင်းနတ်မိမယ်ကလေးတစ်ဦးအလားပင် လျှင်မြန်ပေါ့ပါးစွာနှင့် ပြေးသွားနိုင်ပြီး သစ်ပင်တွေကြားဝယ် ပျောက်ကွယ်သွားလေတော့၏။ ဖော်လ်ဂျန်လည်း စိတ်ပျက်စွာ ရေရွတ် ကျိန်ဆဲမိရာက အခြားတစ်ယောက်ကို ရှာဖွေရန် လှည့်ထွက်ခဲ့ရလေသည်။

သူ့ရှေ့နားတွင် ရုတ်တရက် အခြားမိန်းမတစ်ယောက်ကို တွေ့လိုက်ရလေရာ သူသည် အရမ်းပြေးမလိုက်တော့ဘဲ နောက်ကနေ၍ အသာ ချောင်းမြောင်း၍ လိုက်လာခဲ့လေသည်။ သို့ရာတွင် ထိုမိန်းမမှာ ပေါ်ပီယာ ဖြစ်နေပြီး သူမသည် တီဂျဲလိနပ်စ်နှင့် ရပ်၍ စကားပြောနေ



သည်ကို တွေ့လိုက်ရသဖြင့် အသာရပ်၍ နေလိုက်ရလေ၏။

အမှန်တော့ ပေါ်ပီယာနှင့် တီဂျဲလိနပ်စ်တို့မှာ အခြားစုံတွဲတွေလို ကာမဂုဏ်ခံစားကြရဖို့ ကြိုးစားနေကြခြင်း မဟုတ်ဘဲ တစ်စုံတစ်ရာကို လေးလေးနက်နက်ကြီး စကားပြောဆိုနေကြခြင်း ဖြစ်လေသည်။

"ရှင်လာတာ နောက်ကျလှချေကလား"ဟု ပေါ်ပီယာက ပြောလေ၏။ "ကျွန်မဖြင့် အစားတောင် ကောင်းကောင်းမစားခဲ့နိုင်ဘူး"

"နေဦး၊ အခု နီရိုဘယ်မှာလဲ။ သူကသာ ကျုပ်တို့နှစ်ယောက်ကို ဒီမှာတွေ့သွားရရင်..."

"သူ့အတွက် မစိုးရိမ်ပါနဲ့လေ။ မာရီယိုပေါလစ်မုဆိုးမနဲ့ တွေ့နေရလေတော့ သူဟာ တော်တော်နဲ့ အားမှာမဟုတ်သေးဘူး။ ကဲပါ ကိစ္စအောင်မြင်ခဲ့ရဲ့လား"

ဤတွင် တီဂျဲလိနပ်စ်က သူ ယူဆောင်လာသော သေတ္တာကလေး၏အဖုံးကိုဖွင့်လိုက်ရာ အထဲမှနေ၍ အရာဝတ္ထုတစ်ခုက မြေကြီးပေါ်သို့ကျလာလေသည်။ ထိုအရာဝတ္ထုကား လရောင်အောက်တွင် ဖြူဖပ်ဖြူရော်နှင့် သွေးတွေပေကျံနေသော ဦးခေါင်းပြတ်ကြီးတစ်ခုပင်ဖြစ်သည်။

ပေါ်ပီယာက ထိုဦးခေါင်းပြတ်ကြီးကို ခြေတစ်ဖက်နှင့်ထိုးလှန်၍ မျက်နှာကိုငုံ့ကြည့်လိုက်လေသည်။

"သံသယဖြစ်မနေပါနဲ့။ ဒါဟာ အော်တေဗီယာရဲ့ ဦးခေါင်းပြတ် အစစ်အမှန်ပါပဲ။ ဒီခေါင်းပြတ်ကို နီရိုကိုလည်း ကျွန်တော် ပြပြီးပါပြီ။ တကယ်တော့ နီရိုက အမိန့်ပေးခဲ့တာမို့ သူ့ကို အရင်ပြခဲ့တာအမှန်ပဲ။ သူက အော်တေဗီယာရဲ့ ဦးခေါင်းပါလို့ ဝန်ခံပြီး ကျွန်တော်လုပ်ခဲ့တဲ့ အမှုကိုလည်း ကျေကျေနပ်နပ် လက်ခံခဲ့ပါပြီ"

ကေရီမိဖုရားသစ် ပေါ်ပီယာက ဦးခေါင်းကို ညိတ်ပြလိုက်လေသည်။ တီဂျဲလိနပ်စ်ကလည်း ဦးခေါင်းအပြတ်ကြီးကို ပြန်ကောက်ယူလိုက်ကာ သေတ္တာကလေးထဲတွင် ပြန်ထည့်ထားလိုက်လေ၏။

ဖော်လ်ဂျန်ကား ကျောက်တုံးကြီးတစ်ခုပေါ်တွင် ထိုင်ချလိုက်ကာ ကြားနာမြင်တွေ့ခဲ့ရသည်တို့အတွက် အော်ဂလီဆန်ပျို့တက်လာမိရကား စားထားသမျှသော အစာတွေကို ဝေါ့ခနဲ ဝေါ့ခနဲ ထိုးအန်ချလိုက်မိလေတော့၏။ နောက်ဆုံးမှ ခြေလက်တုန်တုန်ယင်ယင်နှင့် ထလာခဲ့တော့ပြီး တသွင်သွင်စီးဆင်းနေသော ချောင်းတိုကလေးတစ်ခု၌ ရေကိုအားပါးတရ သောက်ချလိုက်မှ အနည်းငယ် နေသာထိုင်သာရှိလာရလေ၏။

သစ်တောကြီးသည် ရုတ်တရက်ဆိုသလို ပို၍မှောင်လာနေ၏။ ရေစပ်တွင် ထွန်းထားသောမီးတုတ်ကြီးတွေကို အမှောင်ကြိုက်သူတွေက ငြိမ်းသတ်လိုက်ကြပြီဖြစ်လေရကား လရောင်ကလေးသာ ဖြူရော်ဖွာလင်းနေရလေသည်။ ဖော်လ်ဂျန်သည် ရည်ရွယ်ချက်မရှိဘဲ ခြေဦးတည့်ရာ လျှောက်လာမိခဲ့ရာ ချုံတောထဲတွင် တိုးနေကြသော ကိုလေသာ စုံတွဲနှစ်တွဲ၏ ခြေထောက်များကို ဝင်ခလုတ်တိုက်မိရကား ဆဲဆိုခြင်းကို ခံယူလျက် ဆက်လက်လျှောက်ခဲ့ရလေ၏။

ထိုစဉ်၌ သူငယ်မယ်လေးတစ်ဦးက သူ့ရှေ့က ဖြတ်ပြေးသွားလိုက်လေသည်။ သူမသည် မျက်နှာဖုံးအနက်ကလေးတစ်ခုနှင့်ပါးလွှာသော ပဝါကလေးတစ်ခုကို ခြုံထားရုံမှအပ အဝတ်အစား ကင်းမဲ့နေရလေ၏။

သူမသည် ဖော်လ်ဂျန်ကို တွေ့ရသည်၌ ခေတ္တရပ်နားနေလိုက်သော်လည်း သူမနောက်မှ တစ်စုံတစ်ယောက်က ပြေးလိုက်လာရာ ရှေ့သို့ ဆက်ပြေးသွားပြီး သစ်ပင်တစ်ပင်ကို ကွေ့ပတ်ကာ နောက်က လိုက်လာသူကို ရှောင်ရှားလိုက်လေ၏။

ဖော်လ်ဂျန်ကား လူယုတ်မာကြီးတွေဖြစ်ကြသော တီဂျဲလီနပ်စ်နှင့် ပေါ်ပီယာတို့ရှိရာနေရာမှ အလှမ်းအကွာဆုံးသို့ ရှောင်ဖယ်လိုသောဆန္ဒတစ်ခုတည်းနှင့်သာ ရှေ့သို့ဆက်၍ လျှောက်လာခဲ့ရလေသည်။ ထိုစဉ်၌ သူ့လက်ယာဘက်တွင် ဖြူဖွေးသော သဏ္ဌာန်တစ်ခုက ရုတ်တရက်



ပေါ်လာပြန်၏။ ထိုသဏ္ဌာန်ကား ခုနက သူတွေ့လိုက်ရသော မိန်းမပင်ဖြစ်ကာ ယခုသူမသည် သူ၏ရင်ခွင်ထဲသို့ တိုးဝင်လာနေလေသည်။

ခေတ္တခဏအားဖြင့်တော့ ဖော်လ်ဂျန်သည် ယောကျ်ားတစ်ယောက်၏ ဗီဇဖြင့် သူမ၏နှုတ်ခမ်းလေးကို ပြန်စုပ်ယူနေလိုက်မိပြီးမှ ရုတ်တရက် စိတ်ထဲတွင် သံသယမကင်းဖြစ်လာမိကာ သူ့ကိုယ်ကိုနောက်သို့ဆုတ်ခွာလိုက်ပြီး သူမအား ကြည့်လိုက်မိလေသည်။ သူမ၏မျက်နှာကို မြင်လိုက်ရသည်၌ ဖော်လ်ဂျန်သည် အသံထွက်သွားမိလေသည်။

သူမကား မိဖုရားခေါင်သစ် ပေါ်ပီယာ ဖြစ်နေရသောကြောင့်တည်း။

( ၄ )

သူမသည် ပင်လယ်ရေမြှုပ်တွေလို ဖြူဖွေးနေသော သွားကလေးတွေ တလက်လက်တောက်ပြောင်စွာဖြင့် ဖော်လ်ဂျန်အား မော့ကြည့်နေလေသည်။ သူမ၏ကိုယ်ခန္ဓာနှင့် ခြေလက်အင်္ဂါတွေကလည်း နုပျိုတောင့်တင်းလှသည်ကို ဖော်လ်ဂျန်က တွေ့လိုက်ရလေသည်။

"မင်းကငါ့ကို ပြန်ဖက်ဖော်တောင်မရတာက ငါ့မှာဘယ်လိုရောဂါဆိုးကြီးများ စွဲကပ်နေရလို့ပါလဲကွယ်"ဟု သူမက ဖော်လ်ဂျန်အားရယ်လျက် မေးလိုက်လေ၏။

ဖော်လ်ဂျန်ကား ဤမိန်းမယုတ်အား နာကြည်းလှစွာ စွပ်စွဲပြောဆိုလိုက်ချင်သော စကားတွေကို ကြိုးစားမျိုသိပ်ထားလိုက်ရလေသည်။

"ခင်ဗျားဟာ ဆီဇာရဲ့ ကြင်ရာတော် ဖြစ်နေပါတယ်"ဟူ၍သာ သူက ထစ်ထစ်ငေါ့ငေါ့နှင့် ဆင်ဝှေ့ရန်ရှောင် ဖြေလိုက်ရလေ၏။

"မင်းက ငါ့ဂုဏ်ကိုကြောက်တာလား၊ ငါ့ကိုကြောက်တာလား။ ပေါ်ပီယာဟာ အမြဲတစေ မိန်းမတစ်ယောက်သာ ဖြစ်နေပါတယ်ကွယ့်။ ဆီဇာရဲ့ ကြင်ရာဟာလည်း မိန်းမတစ်ယောက်ပါပဲကွယ်"

ပေါ်ပီယာက သူမ၏ ကိုယ်လုံးကို ဖော်လ်ဂျန့်ထံတွင် ဖိကပ်လျက် ပြန်ဖြေလိုက်လေသည်။ ပြီးလျှင် သာယာချိုမြလှသော အသံကလေးနှင့် စကားဆက်လိုက်ပြန်လေ၏။

"ဒါပေါ့ကွယ်၊ မင်းဟာ ရုပ်ရည်ချောမောခန့်ညားပေမယ့် အသိဉာဏ်ကတော့ သိပ်မရှိလှဘဲကိုး။ ကဲ လာပါလေ၊ တို့ကိုချောင်းကြည့်မယ့် မျက်စိတွေ မမြင်နိုင်မယ့် ဟောဟိုက သစ်ပင်ရိပ်မြိုတွေကြားထဲ သွားကြပါစို့"

ပေါ်ပီယာက ၎င်း၏လက်ကို ဆွဲခေါ်လိုက်သော်လည်း ဖော်လ်ဂျန်မှာ နေရာမှမရွေ့လျားနိုင်ဘဲ ဖြစ်နေရလေ၏။

"အို မင်းတစ်ကိုယ်လုံး တုန်ယင်နေပါကလား။ ငါကမင်းအတွက် ဒါလောက်တောင်ပဲ မက်မောစရာကောင်းနေရသလားကွယ့်"

"ကျွန်တော်.. ကျွန်တော် နေမကောင်းဘူး"

ပြောပြောဆိုဆို ဖော်လ်ဂျန်သည် ဇတ်ခနဲ မြေကြီးပေါ် ထိုင်ချလိုက်လေသည်။ ၎င်း၏ တစ်ကိုယ်လုံးမှာ ပျို့ပျို့တက်လာသဖြင့် တုန်ယင်လှုပ်ခါနေ၏။

"နေမကောင်းဘူး ဟုတ်လား"ဟု ပေါ်ပီယာကတော့ ရွှံရှာစွာပြောလိုက်လေသည်။ "မင်းက ဘာပြုလို့ စားပွဲတွေမှာတုန်းက ဝပြီအောင် စားခဲ့ရတာလဲ။ အဲဒါဟာ အရူးတွေလုပ်တာကွယ့်"

ဖော်လ်ဂျန်ကလည်း ထိုဆင်ခြေကိုပင် မိမိရရ ဆုပ်ကိုင်လိုက်လေသည်။

"ဟုတ်ကဲ့။ ကျွန်တော်ဟာ အစားအသောက်တွေကို အလွန်အကျွံ စားသောက်မိခဲ့ပါတယ်။ ကျွန်တော်က ဒီလိုအစားအသောက်တွေကို စားဖူးတာမှ မဟုတ်ဘဲ"

"မင်းဟာ လူထိုင်းတစ်ယောက်ပါလား။ မင်းဟာ ဝမ်းဗိုက်ကို အလိုလိုက်လွန်းအားကြီးတာနဲ့ အချစ်ရဲ့အရသာထူးကြီးကို လက်လွှတ်လိုက်ရတော့မယ်"



သူမသည် ပြောပြောဆိုဆို ဖော်လ်ဂျန်ထံမှ ခွာသွားပြီးနောက်မှ မချင့်မရဲရှိလှသေးဟန်နှင့် လှည့်လိုက်ပြန်ကာ ဖော်လ်ဂျန်အား ရွတ်ချ ပြောဆိုလိုက်ပြန်လေ၏။

"တောသားတစ်ယောက် တစ်ခါဖြစ်ခဲ့ဖူးရင် ဘယ်လိုအခြေအနေမျိုးကိုရောက်ရောက် တောသားအကျင့်အကြံတွေကို မစွန့်လွှတ်နိုင်ဘူးဆိုတဲ့စကားဟာ မင်းနဲ့တော့ အင်မတန်မှကို ကိုက်ညီနေရတော့တာပဲ ဖော်လ်ဂျန်။ ငါ အထင်မှားခဲ့မိတာပေါ့ကွယ်။ ကဲ မင်းကိုငါ နှုတ်ဆက်ခဲ့ပါတယ် အစားပုပ်တဲ့ လက်ရုံးဓာနည်ကြီးရေ့"

ပေါ်ပီယာသည် ထွက်သွားပြန်တော့သည်။ သည်တစ်ခါတော့ သူမက ပြန်လှည့်မလာခဲ့တော့ပေ။

❄

## အခန်းတစ်ဆယ့်ကိုး

### ( ၁ )

ဖော်လ်ဂျန်သည် အိမ်သို့ မိုးချုပ်မှ ပြန်ရောက်လာသော်လည်း နောက်တစ်နေ့နံနက်အစောကြီးတွင် အိပ်ရာမှ နိုးလာခဲ့ရလေသည်။ သူသည် အော်တေဗီယာ၏ ဦးခေါင်းပြတ်ကြီးကို ပြန်၍မြင်ယောင်လာမိကာ တီဂျဲလိနပ်စ်အား ဓားတုံးတုံးနှင့် ဗိုက်ခွဲသတ်ပစ်လိုက်ချင်စိတ်များကို ပြင်းပြစွာခံစားလာရလေသည်။ ပေါ်ပီယာကိုမူ ကျိန်ဆဲရမည်လား။ သို့မဟုတ် ညကသူမ၏ကာမကို အခွင့်အရေးရတုန်း အရမယူခဲ့မိသည်ကို နောင်တရရမည်လားဟု မဆေခွဲတတ်အောင် ရှိနေရလေသည်။

သူသည် အနာဂတ်ကိုတွေး၍လည်း ပူလာမိလေသည်။ ညကဆိုလျှင် မိဖုရားခေါင်ကြီးဖြစ်နေသော ပေါ်ပီယာက သူမ၏ကိုယ်ခန္ဓာအား မိမိထံ ရက်ရောစွာ အပ်နှင်းခဲ့သည်ကို သူက ငြင်းပယ်ခဲ့မိ၏။ သည်



တော့ ပေါ်ပီယာသည် သူ့အပေါ်ယခုမည်သို့ သဘောထားနေလိမ့်မည်နည်း။

တကယ်တော့ သူကား မိန်းမကိစ္စနှင့်ပတ်သက်လာလျှင် ဘယ်သောအခါမှ ညကလို ရှောင်ရှားခဲ့ဖူးသူ မဟုတ်ပါပေ။ ယခင်ကဆိုလျှင် သူသည် မိန်းမပေါင်းမျိုးစုံနှင့် အခွင့်ရတိုင်းပျော်ပါးခဲ့သည်သာဖြစ်၏။ သူ၏ဇာတိ ကမ်ပါဂနာ့ခ်ကတည်းကပင် လယ်သူမလေးတွေနှင့် အခွင့်ရတိုင်းပျော်ပါးခဲ့ဖူးကာ ရောမမြို့တော်ကြီးထဲသို့ ရောက်လာပြန်သည့်အခါ၌လည်း ဤကိစ္စနှင့် ပတ်သက်၍ ဘယ်လိုမှလက်နှေးခဲ့ဖူးသည် မဟုတ်ပေ။ သို့စေငြားလည်း ရောမမြို့တော်မှ မိန်းမလည်တွေထဲတွင် သရဖူဆောင်းသည့် မျက်ရွှဲရတနာဟု ဆိုနိုင်သော ပေါ်ပီယာနှင့် ရွှေလည်တွဲကာ ပျော်ပါးရန် အခွင့်အရေးကြီးကိုရခဲ့ပါမှ သူသည် လက်လွှတ်မိခဲ့ရချေပြီ။

ဖော်လ်ဂျန်သည် သူ့အိပ်ရာထဲတွင် တလူးလူး တလွန့်လွန့်နှင့် ပေါ်ပီယာအကြောင်း တွေးနေမိရာကပင် သူမအား စိတ်ထဲက မုန်းတီးရွံရှာလာမိရဖို့ကို ကြိုးစားနေလိုက်လေသည်။

သူမကား ရောမမြို့တော်ကြီးဝယ် ကြောက်စရာအကောင်းဆုံးသော မိန်းမတစ်ယောက်ဖြစ်ပါသည်ဟု သူ ရောမမြို့သို့ရောက်လာခဲ့ရသော ပထမနေ့ကတည်းကပင် အားရှူးတစ်ဖ်က သူ့ကိုပြောထားခဲ့သည်မဟုတ်ပါလား။ တကယ်တော့လည်း အားရှူးတစ်ဖ်ပြောသည့်အတိုင်းပင် မှန်ကန်နေရကြောင်းကို သူကိုယ်တိုင်လည်း ညက မျက်ဝါးထင်ထင် တွေ့မြင်သိရှိနေရပြီး ဖြစ်လေသည်။ ပေါ်ပီယာကား ရုပ်ကလေး လှပြီး မက်မောစရာကောင်းလှသလောက် စိတ်ထားဆိုးဝါးယုတ်မာလှသည့် မိန်းမတစ်ယောက် ဖြစ်နေရပေသည်။ သူမသည် ရေးယောင်း ခေါမပုံပြင်ထဲကလိုပင် မိမိအား ဝက်အဖြစ်သို့ ပြောင်းလဲဖန်ဆင်းပစ်လိုက်နိုင်မည့် စုန်းမကြီးဆာစီနှင့် ထူးမခြားနား မိန်းမတစ်ယောက်ဟုပင် ဆိုနိုင်တော့၏။

တကယ်တော့သူမအား ဖော်လ်ဂျန်သည် ကြောက်လည်းကြောက်၏။ ရွံ့လည်းရွံ့၏။ သို့နှင့်တိုင်ပင် သူသည် ညက သူမ၏ ကိုယ်ခန္ဓာကို သဘောရှိသလို သုံးသပ်နိုင်ခွင့်ရခဲ့ပါလျက်နှင့် ငြင်းပယ် လက်လွှတ်မိခဲ့သည့် အဖြစ်ကိုတော့ စိတ်ထဲက မချင့်မရဲကြီးနှင့် နောင်တရနေမိလေတော့သည်။ ထို့ကြောင့်လည်း ပေါ်ပီယာက သူ့အား တစ်ခါတည်း အထင်အမြင် သေးမသွားစေရန်အတွက်နှင့် သူ့ကိုယ်သူလည်း ယောကျ်ားတစ်ယောက် ပီသပါသေးကလားဟု ပြန်၍နှစ်သိမ့်ကျေနပ်မိစေရန် နောင်တစ်ကြိမ် ပေါ်ပီယာနှင့် တွေ့ဆုံရချင်စိတ်များက ပြင်းပြလျက်သာ ရှိနေရလေ၏။

ဤသို့လျှင် ဖော်လ်ဂျန်သည် သူညက လက်လွှတ်ခဲ့မိသော ပေါ်ပီယာနှင့် ပတ်သက်၍ စိတ်ထဲတွင် မချင့်မရဲကြီးသာ ဖြစ်နေမိတော့ပြီး၊ အိပ်ရာထဲတွင်သာ တဟင်းဟင်း သက်ပြင်းချလျက် စိတ်ပင်ပန်းမှုကို လေးနက်စွာ ခံစားနေခဲ့ရလေသည်။ နေ့လယ်ဘက်တွင်ကား အိမ်ထဲတွင် ဆက်မနေနိုင်တော့ဘဲ အိပ်ရာမှထရေမိုးချိုးကာ ဘက်ဆီဒပ်စ်၏ အကူအညီဖြင့် အဝတ်အစားလဲလိုက်ရလေသည်။

ဘက်ဆီဒပ်စ်သည် အိမ်ကျွန်တွေက ဈေးသွားဝယ်ရင်းနှင့် ကြားလာခဲ့ရသော ပါးစပ်သတင်းတွေကို ဖော်လ်ဂျန်အား တစ်ဆင့်ပြန်၍ ဖောက်သည်ချလိုက်လေသည်။

"တီဂျဲလီနပ်စ်ဟာ ရှေ့နန်းတော်ကြီးရဲ့ လက်ထောက်ကိုယ်ရံတော်တပ်မှူးချုပ်ကြီးရဲ့ ရာထူးကိုရတော့မယ်လို့ ပြောနေကြပါကလား"

"သူ့ကို ဒီရာထူးရအောင် ဘယ်သူလုပ်ပေးမှာတဲ့လဲ"

"ပေါ်ပီယာကပေါ့.."

ဖော်လ်ဂျန်သည် ဘာမှမပြောဘဲ နေလိုက်လျှင် ဘက်ဆီဒပ်စ်က စကားဆက်ပြန်၏။

"ပြီးတော့ တပ်မှူးချုပ်ကြီး ဘားရပ်စ်ကို တိတ်တဆိတ် ရာထူးကနုတ်သိမ်းလိုက်နိုင်တဲ့ အခါကျရင် သူ့နေရာကို တီဂျဲလီနပ်စ်က ဆက်ခံ



နိုင်အောင် သူတို့နှစ်ယောက်က ကျိတ်ကြံနေကြတာဆိုပဲဗျ။ ဒီသတင်းကို ခင်ဗျားကကော ဘယ်လိုသဘောရသလဲ ဖော်လ်ဂျန်"

"အလကားစကားတွေပါကွာ"

ဖော်လ်ဂျန်လည်း ထိုသတင်းစကားတွေကို ဆက်၍နားမထောင်လိုတော့ဘဲ သူတစ်ယောက်တည်းသာလျှင် မြင်းရထားကို မောင်းကာ မြို့ထဲသို့ ထွက်ခဲ့လေတော့၏။

( ၂ )

မြင်းများကား အပြင်မထွက်ရသည်မှာ ကြာပြီဖြစ်ရကား မြူးထူးစွာခုန်ပေါက်လျက် ရထားကို ဆွဲနေကြလေသည်။ ဖော်လ်ဂျန်က ရထားတွင် ခြေနှစ်ဖက်ကားရပ်ကာ မြင်းဇက်ကြိုးတွေကို တုပ်ဆွဲထားနေရလေ၏။

သူသည် ယခုလောလောဆယ်တွင် ပေါ်ပီယာထံသို့ သွားတွေ့ဖို့မဖြစ်သေးသည်ကို တွေးမိလာလေသည်။ တကယ်တော့ ပေါ်ပီယာကား ရောမနိုင်ငံတော်ကြီး၏ ဧကရီကြီးတစ်ယောက် ဖြစ်နေပေရာ သူ့လိုလူတစ်ယောက်က သူမအား ဝင်တွေ့ပါက သင့်ကမကောင်းမှုတွေ ပေါ်ပေါက်လာရပြီး ဒုက္ခများနိုင်စရာ ဖြစ်လာနိုင်ပေ၏။ ရေတွင်းတစ်တွင်းကို အပ်ကလေးနှင့် တူးလို့ရသည်မဟုတ်။ ပေါ်ပီယာက သူ့အားဆင့်ခေါ်သည့် အချိန်ကိုသာ စောင့်စားနေရဦးမည် ဖြစ်လေ၏။

ထို့ကြောင့်ပင်လည်း ဖော်လ်ဂျန်သည် ရှေ့နန်းတော် တောင်ကုန်းကြီး၏ ခြေရင်းသို့သာ ရထားကိုမောင်းနှင်ခဲ့ကာ ထိုနေရာမှလူတစ်စုထံတွင် ပေါ်ပီယာ၏ သတင်းကိုသာ မသိမသာ စုံစမ်းမေးမြန်းကြည့်ခဲ့ရလေသည်။ သို့ရာတွင် ဘယ်လိုမှ စိတ်ဝင်စားဖွယ်ရာများကို မကြားရကား မြင်းတွေကို လေ့ကျင့်ပေးရန်အတွက် မားစ်လွင်ပြင်ကြီးကို တစ်ဖန်ပြန်၍ ဦးလှည့်လိုက်ရလေသည်။

တစ်နာရီမျှ ကြာမြင့်ခဲ့၍ ကော်ဆိုရပ်ကွက်ဘက်သို့ သူက မြင်းရထားကို ပြန်မောင်းနှင်လာခဲ့သည့် အခါတွင်ကား လမ်းကြားကလေးတစ်ခုမှနေ၍ မြင်းရထားတစ်စီးက ချိုးထွက်လာပြီး သူ့လိုပင် ကော်ဆိုရပ်ကွက်ဆီသို့ ဦးတည်၍ မောင်းလာနေလေ၏။ ထိုမြင်းရထားကို မောင်းလာသူကား ရန်သူတော်ကြီး တီဂျဲလိနပ်စ်ပင်ဖြစ်နေသည်ကို ဖော်လ်ဂျန်က သတိပြုလိုက်မိလေသည်။

ဖော်လ်ဂျန်ကား ၎င်းနှင့်မျက်နှာချင်း မဆိုင်လိုရကား သူ့မြင်းတွေကို ကြိမ်တို့လျက် ခပ်သွက်သွက်ကလေး မောင်းနှင်လာခဲ့လေသည်။ သို့ရာတွင် ဖုန်တထောင်းထောင်း ထကျန်ရစ်ခဲ့သော သူ့နောက်ကနေ၍ တီဂျဲလိနပ်စ်က လိုက်လာလိုပုံမရ။ သူကိုယ်တိုင်လည်း မြင်းတွေကို ကြိမ်တို့ကာ ဖော်လ်ဂျန်အား ကျော်တက်နိုင်ရန် ကြိုးစားလိုက်လေသည်။ ဒါကို ဖော်လ်ဂျန်က သိရကာ "ဘယ်ရမလဲကွာ" ဟု ရေရွတ်မိရင်းက တီဂျဲလိနပ်စ်ကို လမ်းဖယ်မပေးဘဲ သူ့မြင်းတွေကို ခပ်နာနာကြိမ်တို့ကာ ရှေ့ကနေ၍ အရှိန်တိုးမြှင့်၍ မောင်းနှင်လိုက်လေသည်။

တီဂျဲလိနပ်စ်ကလည်း သူ့မြင်းရထားကို တဂိုမ်းဂိုမ်းမြည်အောင် ဒုန်းချ၍ မောင်းလိုက်လာသော်လည်း ဖော်လ်ဂျန်ကတော့ သူ့ရှေ့တွင်သာ ရှိမြဲရှိနေရလေ၏။ သို့ရာတွင် တီဂျဲလိနပ်စ်က အညံ့မခံဘဲ မြင်းတွေကို ကြိမ်နာနာနှက်လျက် တရကြမ်းမောင်းချလာရာ ၎င်း၏ရထားသည် လက်ရုံးဓာနည်ရထားကို မီလုမီခင် ဖြစ်လာရလေသည်။ နောက်တစ်ခဏတွင် ၎င်းသည် ကျော်တက်တော့မည်ဖြစ်သော်လည်း ဖော်လ်ဂျန်က တမင်တကာပင် ရှေ့ကနေ လမ်းပိတ်ဆို့ ထားလိုက်လေသည်။ တီဂျဲလိနပ်စ်ကလည်း ဒေါသတကြီး ကျိန်ဆဲလျက် အတင်းကျော်တက်ဖို့ကြိုးစားနေရာ နောက်ဆုံးတော့ ၎င်း၏မြင်းရထားဘီးသည် လမ်းဘေးမှ ရေပန်းကျောက်တိုင်တစ်ခုကို ဝင်တိုက်မိလေတော့သည်။ မြင်းရထားဘီးသည် ကျိုးထွက်သွားရသော်လည်း တီဂျဲလိနပ်စ်၏ အော်ဟစ်သံကား သူကိုယ်တိုင် ဇက်ကျိုးသွားရပုံမျိုး ဖြစ်နေ၏။



"ဟော့ ရပ်ဦး၊ ဟော့ ကောသားစုတ် ရပ်ဦး"

ဖော်လ်ဂျန်ကတော့ သဘောကျလှစွာနှင့် ရထားကို ဆက်မောင်းခဲ့လေသည်။ တီဂျဲလိနပ်စ်အပေါ် ဤသို့ အနိုင်ယူလိုက်ခြင်းသည်ပင် သူ့အတွက် ကျေနပ်စရာဖြစ်နေ၏။ သူသည် ရထားကိုအိမ်ဘက်သို့ လှည့်ကာ ပြန်မောင်းသွားမည်ပြုစဉ်၌ ဝေါယာဉ်တစ်ခု စီးလာသော ပေါ်ပီယာကို လှမ်းတွေ့လိုက်ရလေသည်။ သူမကား ခေတ်ဆန်သော ဆိုင်တစ်ဆိုင်ရှေ့တွင် ဝေါယာဉ်ပေါ်မှ ဆင်းသက်လာလေသည်။

ဖော်လ်ဂျန်ကလည်း ရထားပေါ်မှ ဆင်းသက်ကာ ဆိုင်ရှေ့တွင် စုရုံးဝိုင်းပြုနေကြသည့် သူတောင်းစားတွေကို တွန်းဖယ်လျက် ဆိုင်ထဲသို့ နောက်က လိုက်ဝင်လာခဲ့လေသည်။

## ( ၃ )

ပေါ်ပီယာသည် ခုံတန်းတစ်ခုပေါ်တွင်ထိုင်နေရာက ဆိုင်ရှင်က လင်ပန်းလေးများနှင့် ထုတ်ပြနေသော ပစ္စည်းများကို ကြည့်နေ၏။ ဆိုင်ကား ဖော်လ်ဂျန် တစ်ခါမှမရောက်ဖူးသေးသော အဆင့်အတန်းမြင့်လှပြီး ခမ်းနားလှသည့် ဆိုင်ကြီးဖြစ်နေသည်။ သို့ရာတွင် ဖော်လ်ဂျန်ကတော့ ခုံပေါ်တွင် ထိုင်နေသော ပေါ်ပီယာတစ်ယောက်ကိုသာ ရွေး၍ စူးစိုက်ကြည့်နေမိတော့သည်။

ဆိုင်ရှင်က ဖော်လ်ဂျန်ကို တွေ့ရလျှင် မျက်မှောင်ကြုတ်လိုက်လေသည်။

"မိဖုရားခေါင်ကြီး ဈေးလာဝယ်နေတော်မူတဲ့အခါမှာ တခြားဝယ်လိုသူများက အပြင်ဘက်ကနေ စောင့်နေဖို့ ထုံးစံရှိပါတယ် မောင်ရင်"

"ကျွန်တော်က အနှောင့်အယှက်ပြုရာ ရောက်နေရင်လည်း ကျွန်တော် ထွက်သွားပါ့မယ်။ ဒါပေမယ့်.."

ဖော်လ်ဂျန်သည် ပေါ်ပီယာကိုသာ စူးစိုက်ကြည့်နေရာက ပြန်ဖြေလိုက်လေသည်။ ဤတွင် ဖော်လ်ဂျန်က မျှော်လင့်သည့်အတိုင်း ပေါ်ပီ

ယာက သူ့ဘက်သို့ လှည့်ကြည့်လာ၏။ ဖော်လ်ဂျန်ကို တွေ့ရလျှင် သူမ၏ မျက်နှာသည် အပြုံးကလေးနှင့် ဝင်းထိန်လာကာ မျက်လုံးညို များကလည်း သဘောကျမှုကို ဖော်ပြလာကြလေသည်။

“ဩ ဖော်လ်ဂျန်ပါကလား။ မင်းက ဘာလို့ ဒီကိုရောက်လာရတာ လဲကွယ့်”ဟု သူမက မေးလိုက်၏။

“ကျွန်တော် ကျွန်တော်က ရတနာတစ်ခုကို လာဝယ်တာပါ”

“ရတနာကို ဘာလုပ်ဖို့လဲကွယ့်။ မင်းဟာ လက်ဝတ်လက်စား ဝတ်တတ်တဲ့ ယောကျ်ားမျိုးလည်းမဟုတ်ပါဘူး။ မင်းရဲ့ချစ်သူရည်းစား ကို ပေးဖို့နဲ့တူပါရဲ့ ဟုတ်စ”

“မဟုတ်ပါဘူး။ ကျွန်တော်ဟာ မိန်းမတွေကို စိတ်မဝင်စားတော့ ပါဘူး။ ယေဘုယျမိန်းမတွေကို ကျွန်တော် ဆိုလိုတာပါ”

“အင်း မင်းစကားတတ်သားပဲ”

ပေါ်ပီယာက ဖော်လ်ဂျန်အား ပြုံးပြုံးလေး စကားပြန်လိုက်ရာက သူမဘေးတွင် ရပ်နေသော ဆိုင်ရှင်အား လှည့်ကြည့်လိုက်သည်။

“မောင်မင်း ခဏလောက် စောင့်မနေနိုင်ဘူးလားကွယ့်”

“မှန်ပါ ကျွန်တော်မျိုး စောင့်စားနေပါ့မယ်”

ဆိုင်ရှင်က အလိုက်သိစွာ ရှောင်ထွက်သွားလေတော့သည့်နောက် တွင် အခန်းထဲ၌ သူမနှင့်ဖော်လ်ဂျန် နှစ်ယောက်တည်းသာ ကျန်ရှိနေ လေတော့၏။ ဖော်လ်ဂျန်ကား ထိုအခါ၌ ထူးခြားစွာ ရှက်ကိုးရှက်ကန်း ဖြစ်လာမိလေတော့သည်။

“မင်းမျက်နှာက နီလို့ပါကလား။ ဒီထဲမှာနေရတာ အိုက်လို့လား ကွယ့်”

“ဟုတ်..ဟုတ်ကဲ့”ဟု ဖော်လ်ဂျန်ကလည်း ဖြေမိဖြေရာ ဖြေမိလိုက် လေသည်။

“ဒီလိုဆိုရင် မင်းကငါနဲ့ စကားပြောနှုတ်ဆက်ရအောင် တမင် စောင့်စားနေတာကိုပဲ ငါက ကျေးဇူးတင်ရဦးမှာပေါ့ ဟုတ်စ။ အေး



မင်းနဲ့ ငါ ဒီမှာတွေ့ရတာဟာ တော်တော်ထူးခြားတဲ့ ကြုံကြိုက်မှုပါ ကလား”

“ကြုံကြိုက်မှု မဟုတ်ပါဘူး။ ကျွန်တော်က မဖုရားကို တမင် လိုက်ရှာနေခဲ့တာပါ..”

“ဘာပြောတယ်ကွယ့်”

“ကျွန်တော်ဟာ မဖုရားကို ပြန်တွေ့ရဖို့မျှော်လင့်နေပါတယ်”

ပေါ်ပီယာက ဖော်လ်ဂျန်၏ အတင့်ရဲမှုကို နှစ်မြို့ပုံမရချေ။ သူမ ကား မနေ့ညက ဖော်လ်ဂျန့်ရင်ခွင်ထဲသို့ တိုးဝင်ခဲ့သော သူယောင်မယ် ကလေး မဟုတ်တော့ချေတကား။

ပေါ်ပီယာက ဖော်လ်ဂျန်အား စကားမပြောနိုင်ခင်ပင် တီဂျဲလိနပ်စ် သည် ဆိုင်ထဲသို့ ဝင်လာလေသည်။

“ပေါ်ပီယာကို ကျွန်ုပ် နှုတ်ခွန်းဆက်ပါတယ်။ မင်းကိုလည်း ငါ နှုတ်ဆက်ပါတယ် ဖော်လ်ဂျန်။ မင်းနဲ့ငါဟာ မကြာသေးခင်ကလေး ကပဲ တွေ့ခဲ့ရသေးတယ် မဟုတ်လား”

“ဟုတ်လား၊ ဘယ်မှာ တွေ့ခဲ့ရတာလဲ ခင်ဗျာ”ဟု ဖော်လ်ဂျန်က မသိဟန်ဆောင်ကာ ပြန်မေးလိုက်လေသည်။

“ကော်ဆိုအနောက်ဘက်က လမ်းပေါ်မှာလေကွာ။ မင်းက ငါ့ ရထားကို လမ်းမပေးဘဲ ရှေ့ကနေပိတ်ထားလို့ ငါဟာ ရေပန်းကျောက် တိုင်တစ်ခုကို ဝင်တိုက်ခဲ့ရတာကော။ ရောမမြို့တော်ကြီးမှာ လမ်းသွား လမ်းလာ ဥပဒေတွေက ရှိနေတယ်ကွ။ ကမ်ပါဂနာမှာလို တောသား တစ်ယောက်က စိတ်ထင်တိုင်း ယုန်လိုက်လို့ ရတဲ့နေရာ မဟုတ်ဘူး”

“ကျွန်တော်က ခင်ဗျားနောက်ကိုလည်း မလိုက်ခဲ့ပါဘူး”

“နေစမ်းပါဦးလေ။ ဖော်လ်ဂျန်က အတိုက်အခိုက် ကျင်လည်ရုံ တင်မကဘူး၊ မြင်းရထားမောင်းရာမှာတောင် မြင်းရထားပြိုင်ပွဲတွေမှာ အကြိမ်ကြိမ်အောင်ပွဲခံလာရတဲ့ တီဂျဲလိနပ်စ်အပေါ်မှာတောင် အနိုင်ယူ ခဲ့တယ် ဟုတ်စ။ ကျွန်မတော့ ယုံတောင်မယုံနိုင်တော့ပေါင်ရှင်”

ပေါ်ပီယာက ခနဲ့သံလေးနှင့် ဝင်ပြောလိုက်ခြင်းဖြစ်လေသည်။

"ဟုတ်ကဲ့၊ ကျွန်တော်လည်း မယုံနိုင်ပါဘူး"ဟု တီဂျဲလိနပ်စ်က လည်း မခံချင်စိတ်များ ပြင်းပြလာသော အမူအရာနှင့် ပြန်ဖြေလိုက် လေ၏။ "သူဟာ ကျွန်တော့်အပေါ်မှာ ရိုးရိုးနဲ့ အနိုင်ယူခဲ့တာမှ မဟုတ် ဘဲ။ ဖော်လ်ဂျန် မင်းကိုတော့ငါ ဒီကိစ္စနဲ့ပတ်သက်ပြီး ဥပဒေအရအရေး ယူရလိမ့်မယ်"

ပေါ်ပီယာ၏ မျက်နှာကလေးကား ပန်းပွင့်လေးလိုပင် လှပနေ သော်လည်း သူမ၏အသံကတော့ ချက်ချင်းပင် တင်းမာလာလေ၏။

"လူရှေ့သူရှေ့မှာ စိတ်မချုပ်တည်းနိုင်အောင် ဖြစ်တာဟာ မတင့် တယ်ပါဘူး တီဂျဲလိနပ်စ်။ ဒီကိစ္စဟာလည်း တကယ်တော့အသေးအဖွဲ ကလေးဖြစ်နေပါတယ်။ မေ့ပစ်လိုက်တာ အကောင်းဆုံးပါပဲ"

"ဒါဟာ မိဖုရားရဲ့ အမိန့်တော်ပါလား"

"ဟုတ်တယ် အမိန့်တော်ပဲ။ ဖော်လ်ဂျန်ဟာ အရေးပါ အရာ ရောက်တဲ့ လက်ရုံးဓာနည်ကြီး တစ်ယောက်ဖြစ်နေရလေတော့ သူ့ကို အရီနာတိုက်ပွဲကွင်းမှာ လိုအပ်နေတယ်။ ဒီတော့ ဖော်လ်ဂျန်ကို ဘာ မဟုတ်တဲ့ ကိစ္စကလေးအတွက် ရုံးတွေဘာတွေ ခေါ်နေရမယ်ဆိုရင် တော့ နီရို မုချစိတ်ဆိုးမှာပဲ။ ဒါမှမဟုတ် ဖော်လ်ဂျန်ဟာ လမ်းတစ်ခုခု မှာ ချောင်းပြီး ဓားထိုးခံရတဲ့ ကိစ္စပေါ်လာရင်လည်း နီရိုဟာ သူ့လက်ရုံး ဓာနည်ကောင်း တစ်ယောက်ကို ဆုံးရှုံးရမှာ ဖြစ်လေတော့ ဘယ်လိုမှ အလိုတော်ကျနိုင်မှာ မဟုတ်ဘူး"

တီဂျဲလိနပ်စ်ကား မည်သည့်အချိန်အခါတွင် စိတ်အလိုကိုလိုက် လျက် မည်သည့်အခါတွင် ချုပ်တည်းရမည်ကို သိနားလည်သည့် လူပါးတစ်ယောက်ဖြစ်လေ၏။ ထို့ကြောင့် ပေါ်ပီယာက ၎င်းအား ဖော်လ်ဂျန်နှင့် လက်ဆွဲနှုတ်ဆက်ရန် အမိန့်ပေးလိုက်သည့်အခါတွင် မျက်နှာထားကို ပြန်၍မှင်သေစေကာ လက်တစ်ဖက်ကို ဆန့်ထုတ်ပေး



လိုက်လေသည်။ ဖော်လ်ဂျန်ကလည်း စိတ်မကောင်းသော အမူအရာ နှင့် တီဂျဲလိနပ်စ်၏လက်ကို ဆုပ်ကိုင်လှုပ်ယမ်းလိုက်ရာက–

"ခင်ဗျားရထားမှန်းမသိလို့ ကျွန်တော်က လမ်းဖယ်မပေးမိတာ ပါဗျာ"ဟု ပြောလိုက်လေသည်။ "နောက်တစ်ခါကျရင်တော့ ခင်ဗျား ကျွန်တော့်ကို ကျော်တက်ဖို့ ခွင့်ပြုပါ့မယ်"

"ကျွန်တော် မဖုရားကို နှုတ်ဆက်ပါတယ်။ ကျွန်တော် မှားခဲ့တာ ရှိရင်လည်း ခွင့်လွှတ်ဖို့တောင်းပန်ပါတယ်"

တီဂျဲလိနပ်စ်က မျက်နှာမှန်မှန်နှင့်ပင် ပေါ်ပီယာအား နှုတ်ဆက် ကာ ချာခနဲလှည့်လျက် ပြန်ထွက်သွားလေတော့သည်။ ဤအခါမှ ပေါ်ပီယာလည်း ဖော်လ်ဂျန်ဘက်သို့ လှည့်လာ၏။

"မင်းဟာလည်း ကိုယ့်ကိုယ်ကိုယ် ချုပ်တည်းဖို့အများကြီး လိုသေး တာပဲ ဖော်လ်ဂျန်"

ပေါ်ပီယာကား ညက သူမအတွက် မိမိက အသုံးမဝင်ခဲ့ရခြင်း ကြောင့် စိတ်ခုလျက်ပင် ရှိနေသေးသည်ကို ဖော်လ်ဂျန်က ရိပ်စားမိ လိုက်လေသည်။

"မနေ့ညက ကျွန်တော်ဟာ အစားအသောက် လွန်ကျူးမိတာကို အထူးပဲ ဝမ်းနည်းမိပါတယ်။ နောက်ကျရင်တော့ ကျွန်တော်ဟာ ဒီလို မဖြစ်စေရတော့ပါဘူး"

ပေါ်ပီယာသည် ဖော်လ်ဂျန့်ထံတွင် စိတ်ဝင်စားမှုရှိတော့ဟန် မတူဘဲ ဆိုင်ရှင်အား ပြန်ခေါ်လိုက်တော့မည်ကဲ့သို့ရှိနေရာ ဖော်လ်ဂျန် က အရဲစွန့်လျက် ပြောလိုက်ရပြန်၏။

"ကျွန်တော့်မှာ အိမ်လေးတစ်ဆောင် ရှိနေပါတယ်။ ဒီတော့ ကျွန် တော်နဲ့ မဖုရား ဘယ်တော့တွေ့နိုင်ဦးမှာလဲ"

"ဟုတ်လား"

ပေါ်ပီယာသည် မမျှော်လင့်ဘဲ စိတ်ဝင်စားလာပုံ ရလေသည်။

"ကျွန်တော့် အိမ်ဟာ ကွီရီနယ်လ် တောင်ပေါ်က တံတိုင်းကြီးနားမှာ ရှိနေပါတယ်"

"ဒီလိုဆိုရင် ဘုရင့်ကိုယ်ရံတော် တပ်ဌာနချုပ်နဲ့ သိပ်ပြီးနီးလွန်းအားကြီးနေတယ်။ ဘားရုပ်စ်ကိုယ်တိုင်က ငါ ဖြတ်သွားတာမတွေ့ဘူးထားဦးတော့၊ တခြားတစ်ယောက်ယောက်ကတော့ တွေ့မှာပဲ။ ပြီးတော့ ကွီရီနယ်လ်တောင်က သိပ်ဖုန်ထူတာ ငါ့အသားအရေတွေ ပျက်စီးကုန်လိမ့်မယ်"

"ဒီလိုဆိုရင် ဘယ်မှာတွေ့ကြရမှာလဲ မဖုရားရယ်"

"ရွှေနန်းတော်မှာပေါ့ကွယ်"

"ဒါပေမဲ့ နီရိုရှိနေတာပဲ"

ပေါ်ပီယာက ဖော်လ်ဂျန်အား စိတ်မရှည်သလို ကြည့်လိုက်လေသည်။

"မင်းကိုငါ ပွင့်ပွင့်လင်းလင်းပဲပြောမယ် ဖော်လ်ဂျန်။ အခုအချိန်မှာ ဆူဆူပူပူ လှုပ်လှုပ်ရှရှ ဖြစ်နေရလေတော့ နီရိုဟာ လူထုကြီးကိုအာရုံပြောင်းသွားရအောင် လက်ရုံးဇာနည် တိုက်ပွဲကြီးတွေခင်းပြီးတစ်မျိုး၊ သူကိုယ်တိုင်သီချင်းဆိုပြပြီး တစ်ဖုံ ချော့ဖို့စိတ်ကူးထားနေတယ်။ ဒီတော့ နီရိုဟာအခုဆိုရင်လည်း မာဆဲလ်စ်ပြဇာတ်ရုံထဲမှာ သီချင်းဆိုပြဖို့အတွက် ပြင်ဆင်မှုတွေလုပ်နေရတယ်။ သူဟာ အသံအောင်လာရေးအတွက် အဆုတ်အားရှိအောင်ဆိုပြီး ရင်ဘတ်ပေါ်မှာ အလေးကြီးတွေတင်လို့ ကျောက်ဖျာပေါ်မှာ နာရီပေါင်းမြောက်မြားစွာ မတုန်မလှုပ်လဲလျောင်းတဲ့ လေ့ကျင့်ခန်းမျိုးတွေကို ပြုလုပ်နေရတယ်။ နောက်တော့လည်း အသံမပျက်ရအောင်ဆိုပြီး အစားရှောင်နေရပြန်တယ်။ ဒီတော့ အဲဒီအချိန်အတောအတွင်းမှာ ငါဟာသူနဲ့တွေ့ရဖို့အချိန်ဟာ နည်းနည်းသာ ရှိနေရတော့တယ်။ ဒီတော့ ဒီအချိန်အတောအတွင်းမှာ ငါဟာ ငါ့ကိုယ်ငါပိုင်ပြီး လုပ်ချင်တာကို လုပ်နိုင်နေတော့တာပဲ။ ငါ ပြောတာကို နားလည်ရဲ့လား ဖော်လ်ဂျန်"



"ဟုတ်ကဲ့ နားလည်ပါတယ်"

"အေး ရွှေနန်းတော်ကြီးရဲ့ အရှေ့တောင်ဘက်က အဆောင်နောက်မှာဆိုရင် ငါ့အတွက်သီးသန့်ထားတဲ့ ဥယျာဉ်ကြီးတစ်ခု ရှိနေရသကွယ့်။ အဲဒီဥယျာဉ်ထဲကို တောင်ဘက်ကနေ ကာရံထားတဲ့ တံတိုင်းကြီးက ကျော်ဝင်လာရင် ရောက်နိုင်တယ်။ မင်းဘယ်တော့ လာရမယ်ဆိုတာကို ငါအကြောင်းကြားလိုက်ပါ့မယ်။ ဒီအတောအတွင်း မင်းဟာအရီနာတိုက်ပွဲကွင်းထဲမှာ အသတ်မခံရအောင် ဂရုစိုက်နေပေါ့။ မင်းတိုက်ခိုက်နေတုန်းမှာ ဖုထစ်ဖောင်းကြွလာတဲ့ ကြွက်သားကြီးတွေကိုငါက သိပ်သဘောကျမိတာကွယ့်"

ဖော်လ်ဂျန်ကား နှစ်ခြိုက်အားရလှစွာနှင့် လက်ရုံးဇာနည်ကျောင်းသို့ သူ့မြင်းရထားကြီးကို မောင်းပြီးပြန်လာခဲ့လေတော့သည်။ ပေါ်ပီယာနှင့် ယခုလို စကားပြောဆိုခဲ့ခြင်းဖြင့် သူသည် တင်းတိမ်ခြင်းကားမရှိမိသေးဘဲ သူမက ချိန်းဆိုလိုက်သည့်အတိုင်း ဥယျာဉ်တော်ထဲတွင် တွေ့ဆုံကြရဖို့ အချိန်ကိုသာ သူက ပြင်းထန်လှစွာ တောင့်တမိလျက်ရှိနေမိလေတော့၏။

## ( ၄ )

"ရွှေနန်းတော်ကြီးရဲ့ အချစ်တော်တွေဟာ တော်တော်ကို ဟန်ကျတာပဲ။ ကျောင်းရဲ့စည်းကမ်းတွေကို တွင်တွင်ကြီး ချိုးဖောက်ပြီး မြို့ထဲမှာ ကောင်မတွေ အမျိုးမျိုးနဲ့ ချိန်းတွေ့ပျော်ပါးပြီး စိမ်ခံနေကြတော့တာပဲပေါ့။ သူတို့ရဲ့ဘဝဟာ အင်မတန်မှ ကျေနပ်စရာ ကောင်းနေရမှာပဲ"

ဖော်လ်ဂျန်က ရင်ကိုကော့ကာ အားရပါးရ ကျောင်းဝင်းတံခါးဝမှဝင်၍အလာ လေ့ကျင့်ရေးဆရာ ကွာတီလာက ၎င်းအား ဆီး၍ငေါ့လိုက်ခြင်း ဖြစ်လေသည်။

"ခင်ဗျားဟာ ပွဲတော်ကြီးကို တက်ဖို့ အဖိတ်မခံရလို့ ကျွန်တော့်ကို မနာလိုပြီး ပြောနေတာပါဗျာ"ဟု ဖော်လ်ဂျန်ကတော့ ပြောင်စပ်စပ်နှင့် ၎င်းကို ပြန်ဖြေလိုက်သည်။

"ပွဲတော်ကြီးတွေကို တက်ရောက်ဖို့မခံရဖို့ မင်းမှာ နောက် မရှိတော့ပါဘူးကွာ။ အရီနာတိုက်ပွဲတွေဟာ ကျွန်တစ်ယောက်အပေါ်က အမာရွတ်တွေလိုပဲ အများအပြား စလာနေပြီ။ ဒီတော့ မင်းဟာ တိုက်ပွဲဝင်ရဖို့ အဆင်သင့်ဖြစ်နေရအောင် မင်းကိုယ်မင်း ပြုပြင်ပေတော့"

ဖော်လ်ဂျန်လည်း သူ့အကျီကို ချွတ်ပစ်လိုက်ကာ လေ့ကျင့်ရေးကွက်လပ်ကြီးဆီသို့ လျှောက်လာခဲ့လေတော့သည်။ ကွက်လပ်ထဲတွင်ကား လူသုံးဆယ်ခန့်ရှိနေကာ ၎င်းတို့အထဲတွင် ဖော်လ်ဂျန်၏ အသိဆို၍ ဟားလ်၊ တပ်စကပ်စ် စသူတို့ အနည်းငယ်သာပါဝင်ပြီး ကျန်လူတွေကတော့ သူစိမ်းလူသစ်တွေသာ ဖြစ်နေကြလေသည်။

"နီရိုဟာ လက်ရုံးဓာနည်တိုက်ပွဲတွေ အများဆုံး ကျင်းပပေးဖို့ကို လူတွေကို ကတိပေးထားနေတယ်ကွ"ဟု ဟားလ်က စပ်ဖြဲဖြဲနှင့် ဖော်လ်ဂျန်အား ဆီးပြောလိုက်လေသည်။ "အခုခေတ်ကြီးထဲမှာ လက်ရုံးဓာနည်ဟာ ဆီဇာကို ပိုင်းဟောင်နေကြတဲ့ ခွေးတွေကိုပစ်ပေးပြီး ချော့မော့စရာ အမဲရိုးကြီးတစ်ခုလိုသာ ဖြစ်နေရတော့တာပါပဲကွာ"

"မင်းက စကားထာဖွက်နေတာလားကွ"

"မဟုတ်ပါဘူး ဖော်လ်ဂျန်...အော်တေဗီယာဟာ သေဆုံးသွားရပြီဆိုတဲ့ သတင်းစကားက ပြေးနေပြီး သူဟာသေဆုံးခဲ့ရရင် လုပ်ကြံသတ်ဖြတ်ခြင်းခံရတာပဲလို့ လူတွေကလည်း အတပ်ပြောနေကြတာကလား။ လူထုကြီးဟာ အော်တေဗီယာကို ပြည်နှင်ဒဏ်ခတ်လိုက်တာတို့၊ နီရိုက သူ့ကို ကွာရှင်းလိုက်တာတို့၊ ပေါ်ပီယာကို မိဖုရားခေါင်ကြီး မြှောက်တာတို့ကို လက်ခံခဲ့ကြပေမယ့် အော်တေဗီယာကို လုပ်ကြံသတ်ဖြတ်လိုက်ကြတာကိုတော့ ငြိမ်နေမှာ မဟုတ်ဘူးလေ။ ဒီတော့ နီရိုဟာ



မကျေမနပ် ဖြစ်နေကြတဲ့ လူထုကြီးကို အာရုံပြောင်းသွားရအောင် လာဘ်ထိုးတဲ့အနေနဲ့ တို့တစ်တွေကို အသုံးချတော့မှာကွ"

ဖော်လ်ဂျန်ကလည်း လေ့ကျင့်ခန်းတွေကို ပြုလုပ်နေသော်လည်း စိတ်ကတော့ စနိုးစနောင့်ကြီး ဖြစ်နေမိတော့သည်။ သူ့စိတ်ထဲတွင် အတောင့်တဆုံး ဖြစ်မိသည်ကား ပေါ်ပီယာထံမှ သူ့အား လာတွေ့ဖို့ ဆင့်ခေါ်ချက်ပင်ဖြစ်လေရာ ထိုဆင့်ခေါ်ချက်သည် တိုက်ပွဲဝင်ရမည့် ညနေ၌ရောက်လာပါက ဒုက္ခပါပဲဟု သူက တွေးပူနေမိလေသည်။ တိုက်ပွဲမဆင်းရမီနေ့၏ ညဘက်တွင် လက်ရုံးဓာနည်များကို အပြင်ထွက်ခွင့်မပြုသော ကျောင်းစည်းကမ်းကြီးက ရှိနေရလေသည်။

"အဲဒီလိုသာဖြစ်ရင် ကျောင်းစည်းကမ်းသောဘာသော နားမလည်ဘူး။ နောက်ကျမှ ဘာပဲဖြစ်ဖြစ် ငါ ကျောင်းကထွက်ပြီး သွားတွေ့မှာပဲ"ဟု ဖော်လ်ဂျန်က စိတ်ဆုံးဖြတ်ထားလိုက်မိလေ၏။

❋

## အခန်းနှစ်ဆယ်

### ( ၁ )

လော့ကျင့်ခန်းတွေကို ပြန်ဆင်းသည့်အခါဝယ် ဖော်လ်ဂျန်မှာ လက်ရုံးဇာနည်ကျောင်း၏ အုံ့မခန်းစရာ လူတစ်ယောက်ဖြစ်လာရလေသည်။ ၎င်းလောက် မည်သည့်လက်ရုံးဇာနည်ကမှ ဖွဲ့သန်လှစွာ အင်တိုက်အားတိုက် လေ့ကျင့်နေသည့် လက်ရုံးဇာနည်မျိုးကို ဤကျောင်းတွင် မတွေ့ဖူးကြသေးဟု ပြောလာကြရလေသည်။

အမှန်တော့ ဖော်လ်ဂျန်သည် ဤမျှလောက် ကြိုးပမ်းအားထုတ်နေရခြင်းကား ပျော်ရွှင်မှုနှင့် ကြောက်ရွံ့မှုတို့ကြောင့်သာ ဖြစ်နေရလေသည်။

သူသည် ပေါပီယာက သူ့အား ဆက်လက်၍သဘောကျနှစ်ခြိုက်နေရမည့်အရေးကိုသာ လိုလားလျက် ရှိနေမိလေသည်။ သူ့အား အရီနာတိုက်ပွဲကွင်းထဲတွင် ယှဉ်ပြိုင်သတ်ဖြတ်နေခြင်းကို ပေါပီယာက



မြင်တွေ့ခဲ့ရသည်မှ အစပြု၍ သူ၏ယောကျ်ားပီသမှုကို သူမက သဘောကျလိုလားခဲ့ခြင်း ဖြစ်ပါသည်ဟု ဖွင့်၍ဝန်ခံထားပြီ မဟုတ်ပါလား။ ထို့ကြောင့် လက်ရုံးဇာနည်တစ်ယောက်အနေနှင့် တိုက်ပွဲကွင်းထဲတွင် ဘယ်သူမှ ယှဉ်မမီနိုင်အောင် စွမ်းရည်ပြနိုင်လေလေ ပေါပီယာက သူ့အား ပိုမို၍ စွဲမက်လာလေလေဖြစ်မည်ဟု ဖော်လ်ဂျန်က တွက်ထားနေမိလေသည်။

ထို့ကြောင့်လည်း သူသည် လက်ရုံးဇာနည်တစ်ယောက်အနေနှင့် စွမ်းရည်မပြနိုင်တော့တဲ့ ပေါပီယာ၏ အထင်သေးခြင်းကို ခံယူလာရမည်ကို စိုးရိမ်ကြောက်ရွံ့မိကာ ဤမျှလောက် ကြိုးပမ်းအားထုတ်နေခြင်းသာ ဖြစ်လေတော့၏။

"ငါဟာ သူနဲ့ တစ်ခါနှစ်ခါ၊ အိုလေ... သုံးလေးငါးခါတွေ့ပြီး သူ့အပေါ်စွဲမက်မှုကို ပျောက်ဖျက်ပစ်နိုင်အောင် ကြိုးစားရမှာပါပဲ"ဟု ဖော်လ်ဂျန်က သူ့ကိုယ်သူ ပြန်ပြောနေမိလေသည်။ "ဒါမှ ပွဲတော်ညက ငါဟာ ယောကျ်ားမပီသခဲ့ရတဲ့ ငါ့ရှက်စရာအဖြစ်ကို ပေါပီယာကော ငါကပါ ပျောက်ဖျစ်ပစ်လိုက်နိုင်တော့မှာပဲ"

ဖော်လ်ဂျန်သည် ဤသို့ ကျိတ်၍တွေးတောရင်းက လေ့ကျင့်ခန်းများကို အားသွန်၍ပြုလုပ်နေပေတော့ရာ သူနှင့်လက်ဝှေ့ပြိုင်ထိုး၊ နပန်းယှဉ်လုံးဖို့သူတွေက တော်တော်ရှားလာရလေတော့၏။

ဖော်လ်ဂျန်ကား တိုက်ပွဲအလျင်အမြန်ဝင်လိုသည့် ဆန္ဒကသာ ရှိနေရတော့၏။ ထို့ကြောင့် တိုက်ပွဲဝင်ရမည့် စာရင်းတွင် သူ့နာမည်ကို ရှေ့ဆုံးကပေးထားဖို့ တောင်းဆိုခဲ့ကာ တိုက်ပွဲတွေကို ဝင်လာရသော်လည်း သူ့စိတ်ကို ငြိမ်သက်မှုပေးနိုင်ခြင်းကား မရှိခဲ့ရချေ။

အရီနာတိုက်ပွဲကွင်း၏ ဗိုလ်ရှုခံစင်မြင့်ကြီးပေါ်မှနေ၍ တိုက်ပွဲတွေကို ရှုစားနေသော ပေါပီယာအား သူက မော့ကြည့် မြင်တွေ့ရခြင်းမှာ သူ့အတွက် စိတ်ချမ်းသာမှု သုခကို ခဏတာမျှသာ ခံစားရခြင်း ဖြစ်လေသည်။ ပေါပီယာ၏ဘေးတွင် အမြဲထိုင်နေသည့် နီရိုဘုရင်ကို မြင်

တိုင်း သူ ခံစားနေရသော စိတ်ကျေနပ်အားရမှုကြီးက ပျက်ပြားသွားရတတ်လေသည်။

ထို့ကြောင့်လည်း နောက်ကျတော့သူသည် အရီနာတိုက်ပွဲကွင်းသို့ ဆင်းရတိုင်း ပေါ်ပီယာအား မော့မကြည့်တော့ဘဲ သူ့ရှေ့မှ ပြိုင်ဘက် လူကိုသာ အငြိုးကြီးနှင့် မညှာမတာ သဲသဲမဲမဲကြီး ထိုးခုတ်သတ်ဖြတ်ခဲ့သည်သာ ဖြစ်လေတော့သည်။

ထိုဆောင်းဥတုတွင် လက်ရုံးဓာနည်ကြီး ဖော်လ်ဂျန်၏ နာမည်သတင်းမှာ လျင်မြန်စွာ ကျော်ကြားထိုးတက်လာခဲ့ရလေသည်။ သူသည် ကြောက်ရွံ့မှုလုံးဝကင်းမဲ့စွာနှင့် တိုက်ခိုက်ကာ သူနှင့်ယှဉ်ပြိုင်ရသူတိုင်းကို သူ့ဓားသွားတွင် အသက်ပါသွားစေခဲ့ကြသည်သာ ဖြစ်လေ၏။ စွမ်းပကား ထက်မြက်လှသော လက်ရုံးဓာနည်ကြီးများသည် အရီနာတိုက်ပွဲကွင်းထဲ၌ တစ်ယောက်ပြီး တစ်ယောက်ပင် ဖော်လ်ဂျန်နှင့် ယှဉ်ပြိုင်တိုက်ခိုက်ပြီး တစ်ယောက်မကျန်ပင် ဖော်လ်ဂျန်၏ဓားသွားဝယ် ကျဆုံးခဲ့ကြရလေတော့သည်။ အချို့သော ပြိုင်ဘက်များသည် ၎င်းတို့၏လက်ဖွဲ့အဆောင်တွေကို ပိုမိုတန်ခိုးထက်မြက်စေရန် စီရင်ပြီးမှ ဖော်လ်ဂျန်နှင့် ယှဉ်ပြိုင်တိုက်ခိုက်ကြသော်လည်း ဘယ်လိုတန်ခိုးရှိသည့် လက်ဖွဲ့အဆောင်ကမှ ၎င်းတို့ကို ဖော်လ်ဂျန်၏ ဓားချက်များမှ ကာကွယ်၍မပေးနိုင်ခဲ့ကြတော့ပေ။

ဖော်လ်ဂျန် ကိုယ်တိုင်ကတော့ သူ့မိတ်ဆွေကြီး ဇော်တီနက်ကို အရီနာတိုက်ပွဲကွင်းထဲ၌ သတ်ခဲ့ရသည်မှ အစပြု၍ ဘယ်လိုလက်ဖွဲ့အဆောင်တွေကိုမှ ယုံကြည်မှုမရှိတော့ပေ။ သူ့ကံကြမ္မာအတိုင်းသာ သူသည် ဖြစ်ရချေမည်ဟု ယူဆလက်ခံထားနေကာ သူ့ဦးနှောက်၊ သူ့မျက်စိ၊ သူ့လက်ရုံးနှင့် သူ့ဓားပေါ်တွင်သာ အားထားခြင်းပြုနေလေတော့၏။

မြို့တော်ကြီး၏ အုတ်နံရံတံတိုင်းကြီးတိုင်းပေါ်တွင် သူ့ရုပ်ပုံတွေကို ရေးဆွဲထားကြကာ အမျိုးမျိုးသော ချီးကျူးစာတွေကို ရေးထားကြ



လေသည်။ သူ ရောက်သွားသော နေရာတိုင်း၌လည်း လူတွေ၏ ဝိုင်းဝန်းချီးကျူးချက်တွေက ဆူညံလာတတ်ကာ ဖော်လ်ဂျန်၏ကိုယ်စား ၎င်း၏နောက်ဆွယ်တွင် ကပ်ပါလာသော ဘက်ဆီဒပ်စ်မှာ ဆရာ့ကိုယ်စား ခေါင်းတညိတ်ညိတ်နှင့် ပြန်လည်ဖြေကြားနေရတတ်လေသည်။

ထိုအချိန်ကာလများကား ဘက်ဆီဒပ်စ်အတွက် ကျေနပ်ဖွယ်ရာ အကောင်းဆုံးသော အချိန်တစ်ရပ်ဖြစ်နေရလေသည်။ နားတောင်းရောင်နှင့် ပါးပြောင်ရသလိုပင် ၎င်းသည် ဆရာဖြစ်သူ၏ ဂုဏ်ရှိန်ကို နောက်ကွယ်ကကပ်၍ အားပါးတရကြီး ခံစားနေရသောကြောင့်ဖြစ်လေသည်။

ဖော်လ်ဂျန်အတွက်မူကား လူထုကြီး၏ ယင်းသို့သော အရေးပေးချီးကျူးမှုကို ဘယ်လိုမှ အရသာမတွေ့နိုင်အောင် ဖြစ်နေရလေသည်။ သူ ခံစားရရှိနေရသည့် ချီးကျူးမှုများသည် တကယ်တော့ ဘယ်လိုမှ အနှစ်သာရ မရှိချေဟု သူ့စိတ်ထဲ၌ ခံစားနေရလေသည်။ သူ့အတွက် စိတ်ကျေနပ်မှု ရစေသောအရာများကား ယခုတော့ သူ့တွင် နှစ်ခုသာရှိလာရလေသည်။ တစ်ခုသောအရာမှာ အရီနာတိုက်ပွဲကွင်းကြီးဖြစ်လျက် ကျန်တစ်ခုကတော့ ပေါ်ပီယာနှင့် တွေ့ဆုံရဖို့ကို မျှော်လင့်အားခဲထားရခြင်းသာ ဖြစ်လေသည်။

ပေါ်ပီယာက သူ့အား သူမ ကတိပေးထားသည့်အတိုင်း ယခုထက်တိုင်အောင် အကြောင်းမကြားသေးခြင်းမှာတော့ တော်တော်ပင် ထူးဆန်းနေရလေသည်။

တစ်နေ့တွင်ကား ဖော်လ်ဂျန်သည် မြို့ထဲ၌လျှောက်လာစဉ် မိန်းမတစ်ယောက်က လှမ်း၍နှုတ်ဆက်လိုက်သည်ကို လက်တစ်ဖက်မြှောက်ပြ၍ အသိအမှတ်ပြုလိုက်စဉ် တစ်စုံတစ်ယောက်၏ ထော့ငေါ့မှုကို ခံစားလိုက်ရသေးသည်။

“ရောမတစ်မြို့လုံးမှာ တစ်ယောက်သောသူမှအပ မိန်းမတွေအားလုံးရဲ့ အချစ်တော်ကြီး ဖြစ်နေရတဲ့ လက်ရုံးဓာနည်ကြီးပါကလား”

ငေါ့လိုက်သူကား ဆီးရီးယန်းပြည်သား အားရှူးတစ်ဖ်ပင် ဖြစ်နေလေသည်။ ၎င်းအား ဖော်လ်ဂျန် မတွေ့ခဲ့ရသည်က အတော်ပင် ကြာမြင့်ခဲ့ပြီ ဖြစ်လေသည်။

"တစ်ယောက်သော သူမှအပ ဆိုတာဘယ်သူ့ကို ပြောတာလဲဗျ"

"လိုင်ဒီယာကိုလေ"

ဖော်လ်ဂျန်သည် လိုင်ဒီယာ၏နာမည်ကို ကြားလိုက်ရသည်၌ ဆက်၍နားမထောင်တော့ဘဲ ရှေ့သို့ဆက်လျှောက်လာခဲ့ရာ အာရှူးတစ်ဖ်က နောက်ကလိုက်၍ တတွတ်တွတ်ဆက်လုပ်နေလေ၏။

"လိုင်ဒီယာဟာ သူ့ဆိုင်ထဲက ကြော်ငြာစာရွက်တွေကို ဖတ်ပြီး ငိုနေတတ်ရှာသကွယ့်။ ငိုတာက အသံမထွက်ပေမယ့် မျက်ရည်ပေါက်ကြီးတွေကတော့ တတောက်တောက်ကျပါရဲ့။ ကျတဲ့မျက်ရည်တွေကလည်း ဟန်လုပ်တာမဟုတ်ဘဲ တကယ့်အစစ်တွေပဲဆိုတာကို ငါ အကဲခတ်မိသကွယ့်"

"သူ့ဘာသာသူ ငိုပါစေပေါ့ဗျာ"

ဖော်လ်ဂျန်ကား အားရှူးတစ်ဖ် သူ့နောက်သို့ ဆက်မလိုက်ဘဲ ထွက်သွားပါစေတော့ဟု ရှေ့တည့်တည့်သို့သာ စိုက်ကြည့်ကာ ခပ်သုတ်သုတ်ကြီး လျှောက်နေလေသည်။ သို့ရာတွင် လိုင်ဒီယာက သူ့အတွက် ငိုနေသည်ဆိုခြင်းကိုတော့ ဖော်လ်ဂျန်သည် စိတ်ထဲက ဖျောက်ဖျက်မရဘဲ ရှိနေမိလေ၏။

အားရှူးတစ်ဖ်က စကားပြောရန် ပါးစပ်ဟလိုက်ပြန်ရာ ဖော်လ်ဂျန်က စိတ်တိုစွာနှင့် ချာခနဲလှည့်ကြည့်လိုက်မိလေသည်။

"ခင်ဗျားကြီးက ကျုပ်ဆီက ဘာလိုချင်လို့လဲ ပြောစမ်း"

"မင်းကိုငါက ကျေးဇူးပြုခဲ့တာတွေကို တုံ့ပြန်တဲ့အနေနဲ့ ငါ့ကို ကျေးဇူးတစ်ခုပြုဖို့ပါပဲ ဖော်လ်ဂျန်"

"ခင်ဗျားကြီးက ကျုပ်ကိုကျေးဇူးပြုခဲ့တာတွေကို ကျုပ်ကတုံ့ပြန်ရမယ်ဆိုရင်တော့ ခင်ဗျားနည်းနည်းကလေးသာရမှာပဲ၊ကဲဆိုစမ်းပါဦး"



"မင်းဟာ မိဖုရားခေါင်ကြီး ပေါ်ပီယာရဲ့ မိတ်ဆွေတစ်ယောက်ဖြစ်နေရတယ်။ ငါကလည်း နက္ခတ်ဗေဒင်ကဝိကြီး တစ်ယောက်ဆိုတော့..."

"ခင်ဗျား ပေါ်ပီယာကို တွေ့ချင်တာနဲ့ ကျုပ်နဲ့ဘာဆိုင်လို့လဲဗျ"

"မင်းဟာ ငါ့ကို ပေါ်ပီယာနဲ့ မိတ်ဆက်ပေးနိုင်တာပဲကွယ့်။ နောက် ၅ ရက်လောက်ကြာရင် ပေါ်ပီယာဟာ သူ့အဆောင်နန်းထဲမှာ လူတွေဝင်ပြီး ဖူးမြော်တာကို ခံယူလိမ့်မယ်။ အဲဒီအခါကျတော့ မင်းက ငါ့ကို ခေါ်သွားပေးပါ။ အော်တေဗီယာ လုပ်ကြံခံရတာကို ရောမလူထုကြီးက လက်ခံလိုက်ပြီဆိုတော့ ပေါ်ပီယာဟာ အထက်တန်းလွှာက လူတွေကို စမ်းသပ်ကြည့်လိမ့်ဦးမယ်လေ"

"ခင်ဗျားက ဒီသတင်းကို ဘယ်ကသိရတာလဲ"

"အို ရောမမြို့တော်မှာ ဖြစ်ပျက်သမျှအလုံးစုံကို ငါ သိသပေါ့ကွယ့်"ဟု အားရှူးတစ်ဖ်က သဘောကျစွာရယ်ရင်းက ပြန်ဖြေလိုက်လေသည်။ "ငါဟာလည်း မင်းလိုပဲ လောကကြီးမှာ အခြေအနေတိုးတက်လာခဲ့ရပါပြီကွယ့်။ ယင်ကောင်ကလေးတွေကို စားသောက်ခဲ့ရတဲ့ လင်းယုန်ငှက်ဟာ အခုတော့ ဒီထက်ကြီးမားတဲ့ သားကောင်အမဲတွေကို ရှာဖို့အချိန်တန်လာရပြီလေ။ ငါဟာ ပစ္စည်းဥစ္စာ အတော်အတန် ရှိလာရပြီ။ ငါက မင်းကို အကြံဉာဏ်ပေးပြီးလည်း အကူအညီပေးနိုင်ပါသေးတယ်ကွယ့်"

"ခင်ဗျားက အကြံဉာဏ်သာ ကျုပ်ကိုပေးနိုင်တယ်ဆိုရင်တော့ ခင်ဗျားကို ကျုပ်မလိုပါဘူး"

"မင်းက ဒါလောက်လည်း အရင်မလိုပါနဲ့ဦးလေ"ဟု အားရှူးတစ်ဖ်က ခြိမ်းခြောက်လိုက်သလိုအသံနှင့် ပြောလိုက်လေသည်။ "မင်းဟာ သင်းကွပ်ကြီး အားစတိုင်းကို မှတ်မိဦးမှာပေါ့"

"အဲဒါ ဘာဖြစ်လဲဗျ"

"သူ့ကို ယူဖရိတ်စ် စစ်မျက်နှာက ရောမစစ်တပ်တွေဆီကို ဆီဇာက လွှတ်လိုက်ပြီလေ။ သူဟာ ဒီတစ်နွေမကုန်ခင်မှာတဲ သွေးသံရဲရဲနဲ့ အသက်ပျောက်ရဖို့လမ်းရှိနေလေတော့ မင်းဟာသူ့ရန်ကို စိုးရိမ်စရာ တော့ မရှိပါဘူး။ ဒါပေမယ့် တီဂျဲလိနပ်စ် တစ်ယောက်လုံးက ရှိနေရသေးတယ်ကွယ့်။ သူကတော့ မင်းရဲ့ တကယ့်အဓိပတိရန်သူကြီးတစ်ယောက်ပဲ။ တကယ်တော့ သူဟာ ရောမအင်ပါယာကြီးတစ်ခုလုံးမှာ အရက်စက်ဆုံးနဲ့ အကောက်ကျစ်ဆုံး လူတစ်ယောက်ဖြစ်နေရတာကလား။ နီရိုဟာဆိုရင် သူ့လက်ထဲမှာ သူ ခြယ်လှယ်သရွေ့ခံနေရတဲ့ အရုပ်လေး တစ်ခု ဖြစ်နေရတော့တာပဲ။ အခုဆိုရင်ပဲ တီဂျဲလိနပ်စ်ဟာ ဘုရင့်ကိုယ်ရံတော် တပ်ရဲ့ ဒုတိယတပ်မှူးချုပ်ဖြစ်နေရပြီ။ နောင်ဆိုရင် သူဟာ ဒီထက် ရာထူး တိုးမြှင့်မြင့်မားလာရဦးမှာပဲ။ သူဟာ ဒီထက် အရေးပါ အရာရောက်လာရင်တော့ မင်းဟာ သူ့ညစာအတွက် ကြက်ကလေးတစ်ကောင်လို ဖြစ်လာရမှာပဲ"

ဖော်လ်ဂျန်ကား အားရှူးတစ်ဖ်ကို မာနမထားနိုင်တော့ချေ။အားရှူးတစ်ဖ်ကား ရောမမြို့တော်အတွင်းဝယ် ဖြစ်ပျက်နေသရွေ့ အရှုပ်တော်ပုံကြီးတွေ အကြောင်းကို တစ်နည်းနည်းနှင့် စုံစမ်းသိရှိနိုင်သည့် လူတစ်ယောက်ဖြစ်နေကြောင်းကို ဖော်လ်ဂျန်က ဝန်ခံရလေသည်။ သည်တော့ ၎င်းသည် သူ့အတွက် အသုံးဝင်သောလူတစ်ယောက် ဖြစ်လာနိုင်ပေသည်။

"ဘယ်နှယ့်လဲ၊ ပေါ်ပီယာထံ အခစားဝင်ဖို့ကိစ္စ ဘယ်လိုလဲ"ဟု အားရှူးတစ်ဖ်က မေးလိုက်ပြန်လေသည်။

"ကောင်းပြီလေ၊ ခင်ဗျားကို ကျုပ်ခေါ်သွားပေးပါ့မယ်။ ဒါပေမဲ့ ဟိုကျတော့ ခင်ဗျား လူလည်တော့ မလုပ်နဲ့နော်။ နို့မဟုတ်ရင်တော့ ခင်ဗျားသာ ညစာအတွက် ကြက်ကလေးဖြစ်သွားရမှာ"



( ၂ )

ဖော်လ်ဂျန်၏ ကတိကို ရလိုက်သည်နှင့်တစ်ပြိုင်နက် အားရှူးတစ်ဖ်မှာလည်း ၎င်းက ပြန်လည်နောင်တရလာလိမ့်မည်ကို ကြိုတင်ရိပ်စားမိသည့်အလား ၎င်းထံပါးမှ ခပ်သုတ်သုတ် ထွက်ခွာသွားလေတော့သည်။ ဖော်လ်ဂျန်ကလည်း ကတိပေးလိုက်မိသည်ကို အမှန်ပင် နောင်တရလာမိလေသည်။ ပေါ်ပီယာထံ အခစားဝင်ရမည့်နေ့မတိုင်ခင် ရက်များအတွင်းဝယ် ဖော်လ်ဂျန်သည် သူ့ကိုယ်သူ အားရှူးတစ်ဖ်၏ စကားကို နားဝင်ခဲ့ရကောင်းလားဟု အမျိုးမျိုးပြန်လည်၍ အပြစ်တင်နေမိတော့သည်။ တကယ်တော့ အားရှူးတစ်ဖ်ကား ဉာဏ်များကောက်ကျစ်လှသည့် လူတစ်ယောက်ဖြစ်ရာ ၎င်းအား ပေါ်ပီယာနှင့် ဝေးဝေးရှိနေစေခြင်းကပဲ အေးအကောင်းဆုံးဖြစ်ချေမည်ဟု သူက ယူဆလာမိလေသည်။

ထိုနေ့သို့ရောက်လာခဲ့လျှင်ကား အားရှူးတစ်ဖ်သည် ဝတ်ကောင်းစားလှတွေ ကျကျနနဝတ်ဆင်လျက် ဖော်ဂျန်ထံသို့ ရောက်လာလေတော့၏။ ထို့ထက်မက ၎င်း၏ မုတ်ဆိတ်တွေကို ဆေးစိမ်းတွေဆိုးထားလေရာ သူ့မျက်နှာကြီးမှာ သရဲသဘက်နှင့်သာ တူနေလေတော့သည်။

"ခင်ဗျားရုပ်ဟာ လူပြက်ကြီးတစ်ယောက်နဲ့ တူနေတော့တာပဲ"

"ငါ့ကို ဒီလောက်လည်း နှိမ်မပြောပါနဲ့ကွာ။ တကယ်တော့ ငါ့ကို မင်းက မိဖုရားခေါင်ကြီးဆီ ခေါ်သွားပေးတဲ့ ကျေးဇူးပြုမှုအတွက် ငါကလည်း တီဂျဲလိနပ်စ်နဲ့ ပတ်သက်တဲ့ သတင်းတွေကို မင်းဆီပြန်ယူလာပြီး အပြန်အလှန် ကျေးဇူးပြုနိုင်ပါတယ်"

ဖော်လ်ဂျန်သည် ရွှေနန်းတော်ကြီး၏ အဝင်သို့ရောက်လာရလျှင် အားရှူးတစ်ဖ်အား စိတ်မချနိုင်သေးဘဲ ၎င်းကို သတိပေးလိုက်ရပြန်၏ ။

"ခင်ဗျား ဟိုကျတော့ လူလည်တော့ မလုပ်နဲ့နော်"

"မစိုးရိမ်ပါနဲ့ ဖော်လ်ဂျန်ရာ၊ ငါဟာ မင်းရဲ့ကောင်းကျိုးကို လိုလားတဲ့သူတစ်ယောက် ဖြစ်ပါတယ်ကွ။ တကယ်တော့လည်း အခု ငါက မင်းကို ကျေးဇူးပြုနေရတာပါ။ ငါ့ကိုအကြောင်းပြုပြီး မင်းက အင်မတန် လှပတဲ့ ပေါ်ပီယာကို နောက်တစ်ကြိမ် တွေ့ရဦးတော့မယ် မဟုတ်လားကွယ့်"

ဖော်လ်ဂျန်ကလည်း ယခုမှပင် ထိုအချက်ကို တွေးမိကာ စိတ်ထဲက အားရကျေနပ်မှု ခံစားလာရလေတော့သည်။ ပေါ်ပီယာနှင့် တွေ့ရသည့်အခါဝယ် သူမသည် ၎င်းအား ရွှေနန်းတော်ထဲမှ သူမ၏ ဉယျာဉ်ထဲ၌ တိတ်တဆိတ် တွေ့ဆုံရန် ချိန်းဆိုလိုက်သည်ကို ရက်သတ်မှတ်ပေးချင်ပေးလိမ့်မည် မဟုတ်ပါလား။

သူတို့သည် ရွှေနန်းတော်ကြီးထဲသို့ ဝင်ခွင့်ရခဲ့ပြီးနောက် ပေါ်ပီယာ၏ အဆောင်ခန်းတွေဘက်ဆီသို့ ကူးခဲ့ကြကာ နောက်ဆုံးတော့ တေးဂီတသံ ညင်သာစွာထွက်ပေါ်နေပြီး ဝတ်ကောင်းစားလှနှင့် လူတွေ တော်တော်များများ ရှိနေရသော အခန်းရှည်ကြီး တစ်ခုထဲသို့ ရောက်လာကြရလေသည်။ လူအများ စုပြုံဝိုင်းအုံရပ်နေသော နေရာကား ပေါ်ပီယာ ထိုင်နေရာ ညောင်စောင်းသလွန်ရှည်ကြီး ရှိရာပင် ဖြစ်သည်။

လူများနေသဖြင့် ဖော်လ်ဂျန် ခေတ္တရပ်စောင့်နေစဉ်အတွင်းဝယ် အာရှုံတစ်ဖ်ကတော့ အခန်းထဲတွင် ပြင်ဆင်မွမ်းမံထားသည့် အဖိုးတန်ပစ္စည်းတွေကို လှည့်ပတ်ကြည့်ရှုလျက်၊ ဤပစ္စည်းတွေမှာ ကမ္ဘာအရပ်ရပ်မှ အနိုင်ကျင့်လုယူခဲ့သော ရတနာတွေသာ ဖြစ်သည်ဟုဆေဖန်ပြောဆိုရာ ဖော်လ်ဂျန်က စကားကို အရမ်းမပြောရန် သတိပေးလိုက်ရလေသည်။

ပေါ်ပီယာ့ဆီတွင် ဝိုင်းအုံနေကြသောလူတွေ အနည်းငယ်ကွဲသွားတော့သည့်အခါတွင်ကား ဖော်လ်ဂျန်သည် အားရှုံးတစ်ဖ်ကို ခေါ်ကာရှေ့သို့တိုးလာခဲ့လေသည်။ မိဖုရားခေါင်ကြီးကို မြင်တွေ့ရသည်မှာ



ဖော်လ်ဂျန်အတွက် အသည်းနှလုံး ရပ်သွားသည်ဟု ထင်မှတ်ရလောက်အောင်ပင် ဖြစ်သွားရလေသည်။

ပေါ်ပီယာ၏ ရှုမငြီးသော ရုပ်ဆင်းရူပကာကို ယခုလို မြင်တွေ့ရတိုင်း ဖော်လ်ဂျန်မှာ စိတ်အကြီးအကျယ် ရှုပ်ထွေးလာရတတ်လေသည်။ သူသည် ဤအလှရူပါရုံရှင်ကို ဖွဲလည်း ဖွဲမကျ်၏။တစ်ချိန်တည်းမှာပင် မုန်းလည်းမုန်းမိလေတော့သည်။ သူမကား သူတို့နှစ်ယောက်သည် မဆွကတည်းကပင် နှစ်ယောက်သား တိတ်တဆိတ်တွေ့ရဖို့ ချိန်းဆိုထားခဲ့ပြီဖြစ်ကြောင်းကို ဘယ်လိုမှအရိပ်အခြည် ထုတ်ဖော်၍ မပြချေ။

"ဩော် ဖော်လ်ဂျန်ပါကလား"ဟု သူမက ခပ်အေးအေးပင် နှုတ်ဆက်လိုက်လေသည်။ ဖော်လ်ဂျန်ကတော့ သူမ၏ လက်ကလေးတစ်ဖက်ကို ဆုပ်ကိုင်လိုက်ရာက သူမသည် ကျန်းမာမှုနှင့် ပျော်ရွှင်မှု နှစ်ရပ်လုံး ပြည့်စုံနေလိမ့်မည်ဟု မျှော်လင့်ပါကြောင်းနှင့် ပြန်ဖြေလိုက်လေသည်။

"အေး မဖုရားမှာ မင်းတောင်းတဲ့ ဆုနှစ်ရပ်လုံးပြည့်စုံနေရပါတယ်ကွယ်"ဟု ပေါ်ပီယာက ခပ်ပြုံးပြုံးကလေး ပြန်ဖြေလိုက်လေသည်။ "နတ်ဘုရားတွေက ပေါ်ပီယာ့အပေါ်မှာ ကြင်နာကြပါတယ်ကွယ့်"

ဖော်လ်ဂျန်ကလည်း အားရှုံးတစ်ဖ်အား သူ၏ရှေ့မှောက်သို့ ခေါ်သွင်းလိုက်လေသည်။

"မဖုရားကို ဖူးမြော်ချင်တဲ့ နက္ခဗေဒ ပညာရှိတစ်ဦးကို ကျွန်တော် ခေါ်လာမိပါတယ်။ ကျွန်တော် သူ့ကို ခေါ်လာမိတာဟာ မှားများမှားနေမလားလို့တော့ မဆိုနိုင်ပါဘူး"

"မမှားပါဘူးလေ"ဟု ပေါ်ပီယာက ပြန်ဖြေကာ အားရှုံးတစ်ဖ်၏ မုတ်ဆိတ်စိမ်းကြီးကို ကြည့်လျက် တခိခိရယ်လိုက်လေသည်။ "ငါ့ဆံပင်လည်း အစိမ်းရောင်ဆိုးရင် ဘယ်လိုနေမယ်မဆိုနိုင်ဘူး"

"အင်မတန်မှလှပမှာ သေချာတာပါပဲ မဖုရား"ဟု အားရှူးတစ်ဖ်က ပြန်ဖြေလိုက်လေသည်။ "ဒါပေမယ့် မဖုရားအတွက် ပယင်းရောင်က ပိုပြီးသင့်လျော်ပါပေတယ်။ ပယင်းရောင်ဟာ မဖုရားရဲ့ သဘာဝအရောင်ပါ။ မဖုရားအတွက် အတုအယောင်အလှအပဆိုတာက မလိုတော့ပါဘူး"

ပေါ်ပီယာကား အားရှူးတစ်ဖ်၏ ကျင်လည်သော မြှောက်ပင့်ချက်ကို သဘောကျသွားပြီး အားရှူးတစ်ဖ်၏ စကားတွေကို ထောက်ခံစေလိုသည့်အလား သူမဘေးက လူတွေကို လှည့်ပတ်ကြည့်ရှုလိုက်လေသည်။ အားရှူးတစ်ဖ်ကတော့ သူ့အင်္ကျီအိတ်ထဲမှနေ၍ မြွေနှစ်ကောင်လိမ်ယှက်နေသည့် ရုပ်လုံးဖော်ထားသောကျောက်လက်ကောက်တစ်ကွင်းကို ထုတ်ယူလိုက်လေသည်။ ပြီးလျှင် ၎င်းလက်ကောက်ကို ပေါ်ပီယာရှေ့၌ မြှောက်ပြလိုက်လေသည်။

"ဒီလက်ဝတ်ရတနာလေးတစ်ခုကို ကျွန်တော်မျိုးက မဖုရားအတွက် လက်ဆောင်တော်အဖြစ်နဲ့ ငုံ့ငုံ့စားစား ဆက်သပါရစေလား။ မြွေနှစ်ကောင် လိမ်ယှက်နေတဲ့ အထိမ်းအမှတ်က မဖုရားရဲ့ ရန်သူတွေအားလုံးဟာ ဒီမြွေနှစ်ကောင်လိုပဲ အချင်းချင်း လိမ်ယှက်ရှုပ်ထွေးကုန်ကြပြီး မဖုရားကို ဘယ်လိုမှ ဘေးအန္တရာယ်ပေးနိုင်မှာ မဟုတ်ဘူးလို့ အဓိပ္ပာယ်ဆောင်ပါတယ်"

ဖော်လ်ဂျန်က စိတ်တိုလာမိလေသည်။ လက်ကောက်မှာ ယောကျ်ားဝတ်ဖြစ်နေရာ ပေါ်ပီယာနှင့် မတော်တဲ့ ကြီးမား၍ နေလေသည်။ ပေါ်ပီယာကလည်း ဝတ်ကြည့်ပြီးနောက် လက်ကောက်ကိုပြန်ပေးလိုက်လေသည်။

"သိပ်ကြီးနေတာပဲ"

"မကြီးပါဘူး"ဟု အားရှူးတစ်ဖ်က ပြောပြောဆိုဆို လက်ကောက်ကို သူ့လက်နှစ်ဖက်နှင့် လေးငါးခါပွတ်သတ်လိုက်ပြီး ပြန်ပေးလိုက်ရာ သေးငယ်၍ နေတော့သည်။ ပေါ်ပီယာက ဝတ်ကြည့်လိုက်သည်၌



အံကိုက်ဖြစ်နေလေတော့၏။ ပေါ်ပီယာက သဘောအကျကြီး ကျသွားရတော့သည်။

"ဒီလက်ကောက်ကို မဖုရားရဲ့ လက်ဖွဲ့တစ်ခုအနေနဲ့ဆောင်ထားပါ့မယ်။ ကဲ နက္ခတ်ဆရာ၊ မဖုရားက မောင်မင်းကို ဘယ်လိုဆုချရမှာလဲ"

"မဖုရားရဲ့ အကျိုးတော်ကို ထမ်းရွက်ခွင့်ပေးဖို့ပါပဲ။ အကယ်၍သာ မဖုရားက ကျွန်တော်မျိုးရဲ့ ကူညီမှုကို လိုအပ်လာရင်သာ ပြောတာပါ"

"ဖော်လ်ဂျန်က မောင်မင်းအတွက် အာမခံသလား"

"မှန်ပါ"ဟု ဖော်လ်ဂျန်က သူ၏မလိုလားမှုကို ဖုံးကွယ်လျက် ပြန်ဖြေလိုက်ရလေသည်။ "ဒါပေမယ့် မိဖုရားဟာ သူ့ရဲ့ပညာတွေကို ဘယ်တော့မှ လိုမလာရပါစေနဲ့လို့ ကျွန်တော် ဆုတောင်းပါတယ်"

ပေါ်ပီယာကလည်း ခေါင်းညိတ်လိုက်ပြီးနောက် ကျွန် တစ်ယောက်အား လက်ကမ်းကာ ထိုင်နေရာမှ ထလိုက်လေသည်။ ဖော်လ်ဂျန်ကတော့ သူမ၏ နုနယ်လှပ၍ အချိုးအဆက်ကျလှသော ကိုယ်လုံးလေးကို ရမ္မက်ဇောနှင့် သိမ်းကျုံးကြည့်လိုက်မိကာ သူ့စိတ်ကို ဖုံးကွယ်ထားရန်အတွက် တစ်ဖက်သို့ လှည့်နေလိုက်ရလေသည်။ ပေါ်ပီယာကတော့ အခန်းထဲရှိလူတွေ အာရုံစိုက်လာစေရန်အတွက် လက်ခုပ်တီးလိုက်လေသည်။

"မဖုရားရဲ့ ဧည့်သည်တော်တွေဟာ စားသောက်ပြီးမှ ပြန်ကြပါ။ အစားအသောက်တွေကို အပြင်က လေညင်းဆောင်မှာ တွေ့ကြရလိမ့်မယ်"

ဧည့်သည်တွေကလည်း အပြင်ခန်းသို့ ဖြည်းညင်းစွာ အစုလိုက် ထွက်သွားကြလေတော့သည်။ ဖော်လ်ဂျန်မှာလည်း ပေါ်ပီယာက သူ့အား ထူးထူးခြားခြား အရေးပေးခြင်းမရှိသည့်အတွက် ငြိုနိုလိုစိတ်သာ

ရှိနေလေရကား အားရှူးတစ်ဖ်နှင့် အတူပင် အပြင်ဆောင်သို့ထွက်လာခဲ့လေတော့သည်။ ထိုစဉ်၌ အားရှူးတစ်ဖ်က သူ့အား လက်ကုတ်ကာ သတိပေးလိုက်လေသည်။

"တီဂျဲလိနပ်စ်လာနေပြီ ဖော်လ်ဂျန်။ မင်း သူ့ကိုရှောင်သွားရင်ကောင်းလိမ့်မယ်"

သို့ရာတွင် ရှောင်သွားလို့ကား မဖြစ်နိုင်တော့ပေ။ တီဂျဲလိနပ်စ်သည် သူ့အား မြင်သွားကာ ကချေသည် ဒါရင်နှင့်အတူ သူ့ထံသို့ လျှောက်လာနေပြီ ဖြစ်လေသည်။

( ၃ )

"အား ငါ့ရဲ့လက်ရုံးဇာနည်ကြီးပါကလား"ဟု တီဂျဲလိနပ်စ်သည် ထုံးစံအတိုင်း ဖော်လ်ဂျန်အား ခပ်လှောင်လှောင် နှုတ်ဆက်လိုက်လေသည်။ "မင်းကိုငါ ဒီမှာတွေ့ရဖို့ မမျှော်လင့်မိပါဘူး။ မင်းဟာ ရွှေနန်းတော်ကြီးနဲ့ တော်တော်ရင်းနှီးနေပုံရတာပဲ၊ မင်းနဲ့ပါလာတဲ့ လူကကောဘယ်သူများလဲ"

"နက္ခတ်ဗေဒင်ဆရာ အားရှူးတစ်ဖ်တဲ့"

"လူထူးဆန်းတစ်ယောက်ပေါ့လေ။ အဲလေ... လက်ရုံးဇာနည်ဆိုတာက တွေ့ရာလူတွေနဲ့ ပေါင်းတတ်တာကလား"

ဖော်လ်ဂျန်က တီဂျဲလိနပ်စ်အား ခပ်စိန်းစိန်းကြီးပင် စိုက်ကြည့်နေလိုက်စဉ် အားရှူးတစ်ဖ်က ဦးညွှတ်ခွင့်တောင်းကာ ခပ်သွက်သွက်ထွက်ခွာသွားလေတော့၏။ တီဂျဲလိနပ်စ်က ဖော်လ်ဂျန်အား ဆက်လက်၍ ခနဲ့ရန် ပါးစပ်ဟာလိုက်စဉ်မှာပင် နီရိက အခန်းထဲသို့ဝင်လာလေသည်။ နီရိကား ပေါ်ပီယာ၏ ညှိခံပွဲကြီးအောင်မြင်သည့်အတွက် ကျေနပ်အားရလေဟန် တူလေသည်။ ၎င်းသည် သူ့အားနှုတ်ဆက်သူတိုင်းကို ဖော်ရွေစွာပြန်လည်၍ အသိအမှတ်ပြုနေလေသည်။



"တီဂျဲလိနပ်စ်၊ ဒါရင်၊ အား... လက်ရုံးဇာနည်ဖော်လ်ဂျန်လည်းရောက်နေသကိုး။ ကြုံကြိုက်တာ ဖြစ်ပေမယ့် ကောင်းသောတွေ့ခြင်းပါပဲလေ"

ဖော်လ်ဂျန်ကတော့ နီရိအား စက်ဆုပ်ရွံ့ရှာမှုကို ဖုံးကွယ်ထားရန်အတွက် မျက်လွှာချထားလိုက်ရလေသည်။ ဗိုက်ရွဲရွဲ ခြေခွင်ခွင်နှင့် အသားအရေ အကွက်တွေထနေသော ဤလူပေါကြီးကား စိတ်အလိုရှိတိုင်း ပေါ်ပီယာနှင့်အတူ အိပ်နိုင်ခွင့်ရှိသည် မဟုတ်လား။

ဒါရင်က နီရိအား စားသောက်ဖွယ်ရာများ ယူပေးမည်ပြုရာ နီရိက ယနေ့ည သီချင်းဆိုရမည်ဖြစ်၍ အစားရှောင်နေရကြောင်းနှင့် ပြောဆိုငြင်းပယ်လိုက်လေသည်။

"အရှင်ကိုယ်တော်မြတ် အောင်မြင်ခြင်းတွေရပါစေလို့ ကျွန်တော်မျိုး ဆုတောင်းပါတယ်"

"မင်းဆုနေတောင်းဖို့ မလိုပါဘူးလေ"ဟု တီဂျဲလိနပ်စ်က ဖော်လ်ဂျန်အား ဝင်၍ပြောလိုက်လေသည်။ "ဆီဇာကိုယ်တော်မြတ်ဟာ အောင်မြင်ခြင်းတွေကို အဆက်မပြတ်ရနေတဲ့ ဥစ္စာပဲ မဟုတ်မဟာ လက်ရုံးဇာနည်ကြီးရဲ့"

နီရိကလည်း တီဂျဲလိနပ်စ်၏ လှောင်ပြောင်ခြင်းကို ရိပ်စားမိဟန်တူကာ "ဖော်လ်ဂျန်ဟာ တို့ရဲ့အတော်ဆုံး လက်ရုံးဇာနည်ကြီးတစ်ယောက် မဟုတ်ဘူးလားကွယ့်"ဟု မေးလိုက်လေသည်။

"ဆင်နစ္စတာက သူ့ထက်ပိုပြီး အောင်ပွဲတွေ ခံခဲ့ရဖူးပါတယ်"

"အေးဟုတ်သားပဲ၊ ဆင်နစ္စတာရှိနေသေးသားပဲ။ ဟိုညတုန်းက ငါ သူနဲ့ နပန်းလုံးပြီးမြေကြီးပေါ်ကို ကိုင်ပေါက်ချလိုက်တာ မင်းမှတ်မိသေးသလားကွ။ သူ့ကို အခုတလော ငါမတွေ့ရတော့ပါဘူး။ သူဟာ ငါနဲ့နပန်းလုံးလိုက်ရတဲ့ ဒဏ်ချက်ကြောင့် အရိုးတွေဘာတွေများ ကျွဲကျန်တယ်ထင်ပါရဲ့ကွယ်။ မင်္ဂလာပွဲတော်ကြီးတုန်းကလည်း သူဟာ

အစားအသောက်ကောင်းကောင်းမစားဘဲ မှုန်ကုပ်ကုပ်ကြီး လုပ်နေတာကို ငါတွေ့လိုက်ရပါရဲ့"

"သူကအရှင်နဲ့ထပ်ပြီး နပန်းလုံးရမှာကို ကြောက်နေတာနဲ့တူပါရဲ့"

ဖော်လ်ဂျန်သည် ဘယ်ကပေါ်လာမှန်းမသိသော ဉာဏ်သွက်မှုဖြင့် နီရိုအား မြှောက်ပင့်စကားတွေကို ဆိုလိုက်မိလေသည်။ "အရှင်ဘုရားက သူ့ကို လှေတော်ပေါ်ကနေ ကန်ထဲက မိကျောင်းကြီးတွေဆီကို ပစ်ချမှာကို ကြောက်နေတယ်နဲ့ တူပါရဲ့"

နီရိုကား သဘောအကျကြီး ကျသွားတော့ကာ အားရပါးရ ရယ်လျက် ဖော်လ်ဂျန်၏ ပခုံးတစ်ဖက်ကို ပုတ်လိုက်လေသည်။

"အေးကွာ။ ငါအဲသလိုစဉ်းစားမိခဲ့ရောပေါ့.. ကဲ မင်းကတော့ကောဖော်လ်ဂျန် မင်းဟာ အရီနာတိုက်ပွဲတွေမှာ တစ်ခါမှ ကြောက်စိတ်ကလေးများ မဝင်မိဘူးလား"

"အခုတော့ ကျွန်တော်မျိုးမကြောက်တော့ပါဘူး အရှင်။ကျွန်တော်မျိုးဟာ အရှင့်ရဲ့အလံတော်အောက်မှာ တိုက်ခိုက်နေရတာမို့ ကြောက်စိတ်တွေဟာ အလိုလိုပျောက်ကုန်ရပါတယ်"

တီဂျဲလီနပ်စ်က ဖော်လ်ဂျန်၏ စကားပြောလိမ္မာမှုကို သဘောမကျသော မျက်နှာထားကြီးလုပ်နေကာ ဒါရင်ကတော့ ထုတ်ဖော်ချီးကျူးလိုက်လေ၏။

"ဖော်လ်ဂျန်ဟာ တကယ့်ရွှေနန်းတော်သားကြီးတစ်ယောက် ဖြစ်လာနေပါပကော.."

"ဖော်လ်ဂျန်ဟာ အရီနာတိုက်ပွဲတွေမှာ ဒါလောက်အစွမ်းပြပြီး သဲသဲမဲမဲကြီး တိုက်ခိုက်နေတာဟာ တုံ့ပြန်မှုမရတဲ့ အချစ်ကိစ္စတစ်ရပ်ကြောင့်လို့ အရပ်စကားပြောနေကြပါတယ် အရှင်"

တီဂျဲလီနပ်စ်က ဝင်၍ ခြေထိုးစကားတွေ ပြောလိုက်ပြန်ခြင်းဖြစ်လေ၏။



"ဖော်လ်ဂျန်ဟာ ဒီအခြေအနေကို ရောက်နေရတော့မှ သူလိုချင်သမျှ ဘယ်မိန်းမကိုမဆို ရနိုင်နေတာမဟုတ်လားကွယ့်"

"အို ဘုရားသခင်၊ ဘယ်မိန်းမကိုမဆို ရနိုင်တယ်ဆိုတာတော့ မဖြစ်နိုင်ပါဘူး။ မိဖုရားခေါင်ကြီးကိုတော့..."

နီရိုကား တီဂျဲလီနပ်စ်၏ ဆောင်းမြောင်းလိုက်သောစကားတွေကို ဖွေယူသွားကာ အနီးရှိ အစေအပါးတစ်ယောက်ထံမှ သစ်သီးတစ်လုံးကို ဆွဲယူလျက် တီဂျဲလီနပ်စ်၏ မျက်နှာဆီသို့ ပစ်ပေါက်လိုက်လေ၏။

"မင်း အရိုးချဉ်ဆီတွေ ပုပ်ကုန်ပါစေ။ ခွေးကောင်... မင်းဟာ ငါ့စကားတွေကို အမြဲတမ်းလှည့်ပစ်နေတာပဲ။ ငါက ယေဘုယျ မိန်းမတွေကို ပြောတယ်ဆိုတာ မင်း သိတယ်မဟုတ်လား"

တီဂျဲလီနပ်စ်က ကျိုးနွံလှစွာနှင့် ဦးညွှတ်လိုက်လေ၏။

"ကျွန်တော်မျိုးကို ကရုဏာထားပြီး ခွင့်လွှတ်တော်မူပါ အရှင်ဘုရား။ ကျွန်တော်မျိုးဟာ မစဉ်းမစား ပြောမိပါတယ်"

နီရိုကတော့ ၎င်းကို ဂရုမစိုက်တော့ဘဲ ဖော်လ်ဂျန်ဘက်သို့ လှည့်လိုက်လေတော့၏။

"မင်းက အရီနာတိုက်ပွဲကွင်းထဲမှာ မကြောက်ရွံ့ဘူးပေါ့။ ငါကတော့ ပြဇာတ်စင်ပေါ် တက်တဲ့အခါမှာ မင်းလိုပဲ ကြောက်ရွံ့မှုကင်းမဲ့ချင်ပါရဲ့ကွယ်။ ငါက ဇာတ်ခုံပေါ် တက်ရတိုင်း ငါ့ရဲ့အသံကို ဆုံးရှုံးသွားရတော့မလားလို့ တုန်လှုပ်ကြောက်ရွံ့မိတတ်တာပဲ"

"ဟာ ကိုယ်တော်ရဲ့ ကောင်းလှတဲ့အသံဟာ ဘယ်တော့မှ ဆုံးရှုံးခြင်းရှိရမှာ မဟုတ်ပါဘူး။ လင်းယုန်ငှက်က စာကလေးတွေကိုကြောက်ရတယ်ဆိုတာက ယုံနိုင်စရာရှိပါသေးတယ်"

ဖော်လ်ဂျန်၏ လိမ္မာစွာ မြှောက်ပင့်ချက်ကို နီရိုက ထုံးစံအတိုင်း ပီတိတွေ့သွားပြန်လေသည်။

"မင်းဟာ တိုက်ခိုက်ရာမှာလည်း ထူးချွန်တယ်။ စကားပြောရာမှာလည်း လိမ္မာပါပေတယ်။ မင်းဟာ ဆင်နစ္စတာနဲ့စာလိုက်ရင် ဘယ်လောက်တော်တယ်ဆိုတာ သိရအောင် တစ်နေ့နေ့တော့ ငါ မင်းကို နပန်းလုံးကြည့်ရဦးမှာပဲ"

"အရှင်နဲ့ ကျွန်တော်မျိုးနပန်းလုံးရရင် အရီနာတိုက်ပွဲ ဝင်နိုင်တော့မှာ မဟုတ်အောင် ဒဏ်ရာရသွားတော့မှာပေါ့"

"ဟာ ဒီလိုတော့ ဘယ်ဖြစ်စေရမှာလဲ။ မင်းကို တို့က အသုံးလိုနေပါတယ်ကွယ့်။ အရီနာတိုက်ပွဲတွေကို အောင်အောင်မြင်မြင် ဆက်လက်ကျင်းပရမယ်။ လူတွေကို ကျေနပ်တင်းတိမ်စေကြရမယ်။ မင်းဟာကော အခုတလောမှာဆိုရင် လူထုကိုအဆွဲဆောင်နိုင်ဆုံး လက်ရုံးဓာနည်ကြီးတစ်ယောက်ဖြစ်နေရတော့တာကလား။ မင်းနဲ့ လူထုကိုမှုးပြီး သူတို့တွေ ပွစိပွစိပြောနေတာတွေကို ရပ်ပစ်ရအောင် လုပ်ရမှာကလား"

"လူထုက ဘာတွေများ ပြောနေကြလို့ပါလဲ ကိုယ်တော်ရယ်"

"သူတို့ရဲ့ကေရာစ်ကို သွားပုပ်လေလွင့်ပြောနေကြတာပေါ့။သူတို့က အဂ္ဂရီပီနာနဲ့ ပတ်သက်လို့ ငါ့ကို ဘာခေါ်ကြတယ်ဆိုတာကို မင်း သိရဲ့လား ဖော်လ်ဂျန်"

"ဟုတ်ကဲ့ အမေသတ်သူလို့ ခေါ်ကြတာကိုတော့ ကျွန်တော်မျိုးကြားထားရပါတယ်"

ဖော်လ်ဂျန်က လွတ်ခနဲ ပြန်ဖြေလိုက်မိရာ နီရို၏မျက်နှာကြီးမှာ သူ ခြုံထားသော ဝတ်ရုံကြီးကဲ့သို့ပင် နီမြန်း၍ လာလေတော့သည်။ တီဂျဲလိနပ်စ်က ဖော်လ်ဂျန် စကားမှားသွားသည်ကို ဝမ်းသာအားရနှင့် ရယ်လိုက်၏။ ဖော်လ်ဂျန်ကတော့ သူ့စကားအမှားကို ကပျာကရာ ပြန်ပြင်လိုက်ရလေသည်။

"ကိုယ့်မိခင်ကိုယ် ပြန်သတ်တာဟာ တကယ်လို့ဒီမိခင်ဟာ သူ့သားအရင်းခေါက်ခေါက်ရဲ့ အသက်ကိုပြန်ပြီး ကြံစည်တဲ့အထိ ဆိုး



သွမ်းနေရင်တော့ ဘာဖြစ်ရမှာလဲအရှင်။ ဒီလို ဆိုးသွမ်းယုတ်မာမှုဟာ သဘာဝနဲ့ ဆန့်ကျင်ဖီလာဖြစ်နေတော့ အပြစ်ပေးဖို့ ထိုက်တန်လှပါတယ်။ ဒီတော့ အရှင်မင်းမြတ်ဟာလည်း အမေသတ်သူဆိုတဲ့ ဘွဲ့အတွက် ဂုဏ်တောင်ယူနိုင်ပါသေးတယ်"

ဤတွင်မှ နီရိုသည် ခပ်သဲ့သဲ့ ပြန်ပြုံးလိုက်လေ၏။

"အေး ငါကဒီလိုတော့ မတွေးမိခဲ့သေးဘူးကွယ့်။ အေး မင်းပြောတာ မှန်ပါတယ်။ ကဲ ငါလည်း ညနေသီချင်းဆိုဖို့အတွက် သွားအနားယူလိုက်ဦးမယ်ကွယ် ပေါ်ပီယာ"

"ဟုတ်ကဲ့ဆီဇာ၊ အရှင်အလိုရှိရာကို မိန့်တော်မူပါ"

ပေါ်ပီယာသည် ရှေ့သို့တိုးလာရာက အပြုံးကလေးနှင့် နီရိုအားကြည့်နေလိုက်လေသည်။ နီရိုက သူမအား ပန်းချီကားတစ်ချပ်နှင့် ပတ်သက်၍ မေးမြန်းနေသည်ကို ပေါ်ပီယာသည် မခို့တရို့ အမူအရာကလေးနှင့် ပပ်ချွဲနပ်ချွဲ ပြန်လည်ဖြေကြားနေလေရာ ဖော်လ်ဂျန်မှာ ကြာရှည် ကြည့်လိုစိတ်မရှိဘဲ အားရှူးတစ်ပ်အားခေါ်လျက် လှည့်ထွက်လာခဲ့လေသည်။

( ၄ )

နန်းတော်ထဲမှ ထွက်လာခဲ့ရာ၌ ဖော်လ်ဂျန်မှာ စိတ်ထဲတွင် အလိုမပြည့်မှု၊ ခံပြင်းမှုတွေကို ပြင်းထန်စွာခံစားနေရရှာလေသည်။ သို့သော်လည်း နန်းတော်ထဲသို့ အခစားဝင်မိခဲ့ခြင်းကိုတော့ သူက ဝမ်းသာမိလေသည်။ ပေါ်ပီယာအား အနီးကပ် ရှုစားခဲ့ရသည်။ တီဂျဲလိနပ်စ်၏ စော်ကားမော်ကားပြောဆိုခြင်းကို ခံယူခဲ့ရခြင်းနှင့် ၎င်းကမိမိအား နီရိုနှင့် ရန်တိုက်ပေးဖို့ ကြိုးစားခဲ့ခြင်းတို့ကို ပြန်၍ထေနိုင်နေပေတော့၏။ သို့ရာတွင် ပေါ်ပီယာက သူ့အား ချိန်းဆိုထားခြင်းနှင့် ပတ်သက်၍ ဘယ်လိုအရိပ်လက္ခဏာကိုမှ မပြခဲ့ခြင်းကိုတော့ ဖော်လ်ဂျန်သည် အားမလိုအားမရ ဖြစ်နေမိလေသည်။

အားရှူးတစ်ဖ်ကတော့ အကျောနပ်ကြီး ကျေနပ်နေတော့ကာ ဖော်လ်ဂျန်က နီရိုနှင့် လိမ္မာစွာ စကားပြောဆိုခဲ့ရပုံကို ထုတ်ဖော်ချီးမွမ်းနေလေသည်။ ဖော်လ်ဂျန်ကလည်း ၎င်းအား ပေါ်ပီယာနှင့် တွေ့ဆုံခဲ့ရပြီဖြစ်ရာ နောက် ဘာများလုပ်ဖို့ ရည်ရွယ်ထားသနည်းဟု မေးမြန်းကြည့်လိုက်မိလေသည်။ ဤတွင် အားရှူးတစ်ဖ်က ရယ်မောလျက် ရည်ရွယ်ချက် အတိအကျ မရှိသော်လည်း မိမိ၏ အခွင့်အရေးကိုတော့ ရသည့်ဘက်တွင် အသုံးချရမည်ဟု ပြန်ဖြေလိုက်လေသည်။

"ဒီလိုဆို ခင်ဗျားကြီးနဲ့ ကျုပ် စကားမပြောတော့ဘူး။ ခင်ဗျားရဲ့ မြည်းစကားတွေကို ကျုပ် နားမထောင်ပါရစေနဲ့တော့"

ဖော်လ်ဂျန်သည် အားရှူးတစ်ဖ်၏ အရှောင်သမားဆန်လှမှုကို စက်ဆုပ်ရွံ့ရှာစွာနှင့် ပြောလိုက်မိရာ အားရှူးတစ်ဖ်က "ပခုံးများတွန့်လျက် ဒါတော့ မောင်ရင့်သဘောပေါ့"ဟု ပြန်ဖြေလိုက်လေသည်။

သူတို့နှစ်ယောက်သည် ပါလာတိုင်းတောင်ကုန်းကြီးမှ ဆက်လက်၍ ဆင်းလာနေကြစဉ်အတွင်း ဖော်လ်ဂျန် ရုတ်တရက်အားဖြင့် ဝမ်းနည်းဆွေးမြည့်မှုကြီးတစ်ရပ်ကို ခံစားလာရလေသည်။ သူသည် အားရှူးတစ်ဖ်အား တွေတွေကြီး လှမ်းကြည့်လိုက်မိလေသည်။

"ကျုပ်ကိုတစ်ခု ပြောစမ်းပါဗျာ"

"အို မင်းကပဲ ငါ့ကို စကားမပြောနဲ့တော့လို့ အမိန့်ပေးထားပြီ မဟုတ်လား။ ပြီးတော့ ငါပြောတာက မြည်းစကားတွေပါကွ"

ဖော်လ်ဂျန်လည်း စိတ်ထောင်းခနဲ ကြွတက်လျက် အားရှူးတစ်ဖ်အား လက်ပြန်တစ်ချက်လွှဲ၍ ရိုက်လိုက်မိလေ၏။

အားရှူးတစ်ဖ်ခမျာကား နောက်ပြန်လဲကျသွားရှာလေ၏။

၎င်းပြန်ထလာသည့် အခါတွင်ကား ဖော်လ်ဂျန်အား မျက်နှာချိုသွေးလိုက်လေသည်။

"ဆိုစမ်းပါဦး ဖော်လ်ဂျန်ရယ်၊ မင်းက ဘာသိချင်တာလဲ ငါပြန်ဖြေပါ့မယ်"



"လိုင်ဒီယာနဲ့ ပတ်သက်လို့ ကျုပ်သိချင်တာဗျ"

"ဘာသိချင်တာလဲ"

"သူက ငိုနေတုန်းပဲလားဗျ"

"သူ့ကို ငါမတွေ့တာ လေးငါးရက်ရှိနေပြီ ဆိုတော့ ငါလည်း မပြောတတ်ပါဘူးကွယ်။ ဒါပေမယ့် မင်း သိချင်တယ်ဆိုရင် မင်း ဘာသာမင်း သွားကြည့်ပါလားကွယ့်"

"ခင်ဗျားကြီးဟာ တော်တော်ရှော်သေးတဲ့လူပဲ၊ ကျုပ်က ဘာပြုလို့ သူ့ဆီကို သွားရမှာလဲ"

"မင်းက သူ့ကို ချစ်နေတာကြောင့်ကိုးကွယ့်။ နို့မဟုတ်ရင် မင်းက ဘာပြုလို့ သူ့အကြောင်းကိုသာ မေးနေရတာလဲ။ တကယ်တော့ မင်းဟာသာ လူအ လူနုံ လူရှော်တစ်ယောက်ပါကွယ့်"

❄

## အခန်းနှစ်ဆယ့်တစ်

### ( ၁ )

ပေါ်ပီယာထံမှ သူ့အားလာရောက်တွေ့ဆုံရန် ချိန်းဆိုဆင့်ခေါ်ချက်သည် အင်္ဂါနေ့တွင် ဖော်လ်ဂျန့်ထံသို့ ရောက်လာတော့၏။ စာရွက်သေးသေးလေးပေါ်တွင် စာလုံးသုံးလုံးသာပါသော ချိန်းဆိုချက်လည်း ဖြစ်နေရ၏။

“ဗုဒ္ဓဟူးနေ့ည လထွက်ချိန်”

ဖော်လ်ဂျန့်ကား ထိုနေ့တစ်နေ့လုံးတွင် ဝမ်းသာလွန်းလှသဖြင့် မွှန်ထူနေမိလေတော့သည်။ ညနေခင်းတွင်မူကား သူ့စိတ်ကိုပြန်၍ ချုပ်တည်းနိုင်ကာ ထိုညတွင် ကျောင်းမှထွက်လည်ခွင့် တောင်းယူရရှိခဲ့လေသည်။ သူသည် ချိန်းဆိုထားသောနေရာသို့ တိုက်ရိုက်သွား၍တော့ မဖြစ်သည်ကို စဉ်းစားလာမိလေသည်။ သို့မဟုတ်က သူ့အား နောက်



ယောင်ခံလိုက်ကြည့်နေသော သူလျှိုတစ်ယောက်ယောက်က ရှိချင်ရှိနေမည် မဟုတ်ပါလား။

သူသည် ဆူဘူးရားရပ်ကွက်ထဲသို့ ယောင်လည်လည်ရောက်ရှိလာခဲ့ကာ ထိုကမှတစ်ဆင့် ရွှေနန်းတော်ကြီး၏ ဥယျာဉ်တော်ကြီးသို့ ဆက်သွားနိုင်မည့် ဖြတ်လမ်းများကို လေ့လာကြည့်ရှုနေလိုက်လေသည်။ ထိုညကား ဆူဘူးရားရပ်ကွက်တွင် ဈေးနေ့တစ်နေ့ ဖြစ်လေရကား လူတွေက စည်ကားလျက်ရှိနေရလေသည်။ ဖော်လ်ဂျန့်က လူတွေကြားထဲသို့ တိုးဝင်လျှောက်ခဲ့ရာ မိန်းမတွေ လေးငါးဆယ်ယောက်ခန့်က သူ့ကိုမှတ်မိသွားကြပြီး တစ်ယောက်သော မိန်းမက သူ့အားလှမ်း၍ နှုတ်ဆက်ပြီး ရီသွဲ့သွဲ့စကားတွေကို ပြောနေသည့်အတွက် ဖော်လ်ဂျန့်ကလည်း သူမနှင့် ပြန်လှန် နောက်ပြောင်နေလိုက်ရလေသည်။ ထိုကမှ ဆက်၍လျှောက်ခဲ့သည့် အခါတွင် ဈေးခြင်းတောင်းလက်တစ်ဖက် တစ်ချက်စီတွင် ဆွဲထားသော လိုင်ဒီယာနှင့် ပက်ပင်းလျက်သား ဝင်တိုးနေမိရလေသည်။ ဆိုင်ရှင်ခေါ်မကြီးသည် ယခုတော့ သူမအား အိမ်ကျွန်တစ်ယောက်အနေတွင်ထားလျက် ဈေးဝယ်လွှတ်လိုက်ခြင်းပင် ဖြစ်ချေမည်ဟု ဖော်လ်ဂျန့်က တွေးလိုက်မိလေသည်။

“ဆိုင်ကိုသွားမလို့လား ဖော်လ်ဂျန့်”ဟု သူမက နှုတ်ဆက်လိုက်ရာ၏။

“ငါ ဘာလို့ အဲဒီကိုသွားရမှာလဲ။ ငါကချိန်းထားတဲ့ နေရာဆီကို သွားမလို့ပါ”

“ရှင်မသွားပါနဲ့”ဟု လိုင်ဒီယာက မျက်နှာကလေး ဖြူရော်စွာနှင့် ပြန်ပြောကာ ခြင်းတောင်းများကို လက်မှချထားလိုက်လေ၏။

“ဘာပြုလို့ မသွားရမှာလဲ”

“ခရစ်တော်က ကျွန်မတို့ကို ဒီလိုညစ်ညမ်းတဲ့အမှုမျိုးမပြုဖို့ တားမြစ်ထားတယ်လေ”

“တော်စမ်းပါ။ ဒီစကားတွေ ငါ အော်ဂလီဆန်လွန်းလို့”

ဖော်လ်ဂျန်သည် စိတ်တိုစွာ ပြန်ဖြေလိုက်မိရာကပင် လိုင်ဒီယာအား ခြေဆုံးခေါင်းဆုံး စူးစူးဝါးဝါး စိုက်ကြည့်လိုက်မိလေသည်။

“ခေါမကြီးက မင်းကို ရိုက်သေးသလား”

“မရိုက်တော့ပါဘူး။ ကချေသည်မအသစ်ကို လူတွေက သဘောကျလာကြပြီး သူ့အတွက် ကျွန်မက တုံးလိုပဲ အကျိုးရှိလာရလေတော့ သူက ကျွန်မကို မမဲတော့ပါဘူး။ ကျွန်မ အလုပ်ကို ကောင်းကောင်းလုပ်နေရင် သူက ကျေနပ်နေပါပြီ”

“မင်းက အခုတော့ မီးဖိုချောင်အစေခံမ ဖြစ်နေရတော့တာပေါ့”

“ဟုတ်ကဲ့။ ကျွန်မဟာ အခု မီးဖိုချောင်ထဲမှာ အလုပ်လုပ်နေရပါတယ်”

ဖော်လ်ဂျန်ကား လိုင်ဒီယာ၏ တည်ငြိမ်မှုကို စိတ်ထဲကအလိုလိုနေရင်း ခံပြင်းလာလျက် သူမအား နာကျင်အောင်ပြုလုပ်ချင်စိတ်တွေက ကြွတက်လာမိလေသည်။

“ငါချိန်းထားတာကို မင်းက မသိချင်ဘူးလား လိုင်ဒီယာ။ ငါနဲ့ ချိန်းတွေ့တဲ့ မိန်းမရဲ့နာမည်နဲ့ အဆင့်အတန်းကိုကော မင်း မသိချင်ဘူးလား လိုင်ဒီယာ”

လိုင်ဒီယာမျောကား မျက်နှာကလေး ပျက်သွားရရှာသော်လည်း တည်ငြိမ်စွာပင် ပြန်ဖြေလိုက်လေသည်။

“ရှင်က ဘာပြုလို့ ဒီလို မကောင်းမှုတွေကို ပြုချင်ရတာလဲ ဖော်လ်ဂျန်။ မကောင်းမှု ဒုစရိုက်ဆိုတာဟာ အသုံးမဝင်တဲ့ သစ်ခေါင်းကြီးတစ်ခုလိုပါပဲ ဖော်လ်ဂျန်ရယ်။ ကျွန်မပြောတာကို နားထောင်စမ်းပါ။ ရှင်ဟာ မကောင်းမှု ဒုစရိုက်ကို မခုံမင်ဘဲ စက်ဆုပ်ရွံရှာဖို့သာ ထိုက်ပါတယ်”

“ဒုစရိုက်လုပ်ရတာ ဒါလောက်စည်းစိမ်အရသာရှိနေတာကို ငါက ဘာပြုလို့ စက်ဆုပ်ရမှာလဲကွ။ ငါဟာ မင်းနဲ့တော့ ဘယ်လိုမှ သဘောမတူနိုင်ပါဘူး။ အထူးသဖြင့် ငါနဲ့တွေ့ရမယ့် မိန်းမက အဆင့်အတန်းမြင့်တဲ့ ဂုဏ်သရေရှိ မိန်းမဆိုတော့ ငါကဘယ်လိုမှ မရှောင်ရှားနိုင်ပါဘူး”



ဖော်လ်ဂျန်ကား သူမ မခံချင်အောင် ဆွပေးနေခြင်းဖြစ်လေသည်။ သို့ရာတွင် လိုင်ဒီယာကတော့ ထိုအကြောင်းကို ဆက်မပြောတော့ဘဲ သူမ၏ ဈေးခြင်းတောင်းတွေကိုသာ ကောက်ယူလိုက်လေသည်။ သူမ၏သမီး မစ်ခရဲလာကလေးကား ခပ်လှမ်းလှမ်းတွင်ရှိသော မျောက်ပွဲတစ်ခုကိုကြည့်နေရာ လိုင်ဒီယာက လှမ်းခေါ်လိုက်လေသည်။

“အို..အို လက်စသတ်တော့ အံ့ဩဖွယ်ရာကောင်းလှတဲ့ ဖော်လ်ဂျန်ကြီးပါကလား။ ရှင် ကျွန်မတို့ရဲ့ ဝက်ခြံစုတ်ကလေးကို လာပြီးဂုဏ်ပြုတာလားရှင်”ဟု သူငယ်မကလေးက ဖော်လ်ဂျန်ကို တွေ့လိုက်ရသည်၌ ထေ့ငေါ့လိုက်လေသည်။ ပြီးလျှင် သူမက စကားဆက်လိုက်ပြန်၏။

“ရှင်ဟာ ကျွန်မအမေနဲ့ စကားများနေတယ်နဲ့ တူတယ်။ ကျွန်မအမေ အသစ်ရထားတဲ့ ခရစ်ယာန်အယူဝါဒနဲ့ ပတ်သက်လို့ စကားများရတာပဲ မဟုတ်လား”

“တိတ်တိတ်နေစမ်းပါကွယ်”ဟု လိုင်ဒီယာက စိတ်ပင်ပန်းသံလေးနှင့် ပြောလိုက်၏။

“ဘာပြုလို့တိတ်တိတ်နေရမှာလဲ။ တကယ်တော့ အမေ့အယူဝါဒသစ်ကို ကြော်ငြာပေးရမယ် မဟုတ်လား။ ဒါနဲ့အမေ... အမေခံယူရရှိထားတဲ့ လင်းရောင်ခြည်သစ်ကို ဖော်လ်ဂျန်ကိုလည်း ခွဲခံစားဖို့ ပြောပြီးပြီလား”

“အေး သူ့ကို ငါ အခုမေးပါ့မယ်။ ဖောလ်ဂျန် ရှင် ကျွန်မနဲ့အတူ ခရစ်ယာန်လုပ်ပါလားဟင်။ ရှင်ဟာ ခရစ်ယာန်အယူဝါဒကို စမ်းကြည့်ဖို့ ကျွန်မ တောင်းပန်ချင်ပါတယ်”

“တိတ်စမ်းပါလေ။ ငါ ဒါတွေမကြားချင်ပါဘူး”

"ကျွန်မကလည်း ဒီလိုပါပဲ"ဟု မစ်ခရဲလာက ဝင်ပြောလိုက်လေသည်။ "တကယ်တော့ ဒီအယူဝါဒဟာ အပျော့စား အညံ့စားပါပဲ။ အရူးတွေအတွက်သာဖြစ်တဲ့ အယူဝါဒတစ်ခုပါ။ ပြီးတော့ ပင်ပန်းနွမ်းနယ်နေတဲ့ ဒုစရိုက်သားတွေကို ချော့မြူတဲ့အယူဝါဒတစ်ခုလည်း ဖြစ်တယ်လေ။ ဒါကြောင့်သာ ကျွန်မအမေကလည်း ဒီအယူဝါဒကို သဘောကျသွားတာပေါ့ရှင်။ ကချေသည်မ လုပ်ရတဲ့ ပြည့်တန်ဆာလုပ်ရတာကို ကျွန်မအမေက ငြီးငွေ့ပင်ပန်းလာပြီး သူ့အတွက် အကျိုးမရှိတော့တဲ့ အခါကျတော့မှ ဒီခရစ်ယာန်အယူဝါဒကို ခိုလှုံရာတစ်ခုအနေနဲ့ ဆည်းကပ်ခဲ့တာပါ။ ကျွန်မကတော့ ဒီလိုမဟုတ်ပါဘူး။ ကျွန်မဟာ အခုမှ အသက်ရှင်နေထိုင်ရခါစ ရှိနေပါသေးတယ်။ ကျွန်မဟာ လောကကြီးက ကျွန်မကို ပေးသမျှကို မြည်းစမ်းကြည့်ချင်တယ်။ အရယူချင်တယ်။ ဒါတွေကို ခံစားရပြီး ပင်ပန်းငြီးငွေ့လာတဲ့အခါကျတော့မှ ကျွန်မလည်း ကျွန်မအမေလိုပဲ ခရစ်ယာန်တစ်ယောက် ဖြစ်ချင်ဖြစ်လာရမှာပေါ့လေ"

လိုင်ဒီယာက ဆိုင်ဘက်သို့ ထွက်သွားနှင့်ပြီဖြစ်ရာ ဖော်လ်ဂျန်ကလည်း သူမ၏ ပခုံးတစ်ဖက်ကို တွန်းပစ်လိုက်လေ၏။

"သွားစမ်းပါလေ။ မင်းအမေကို ကူညီပြီး ဈေးခြင်းတောင်းတွေဆွဲပေးလိုက်စမ်းပါဦး။ မင်းဟာ စကားကိုများပါတယ်"

မစ်ခရဲလာကလည်း ဖော်လ်ဂျန်အား တံတွေးနှင့်လှမ်းထွေးကာ လူအုပ်ကြီးထဲသို့ တိုးဝင်ထွက်ပြေးသွားလေတော့၏။ ဖော်လ်ဂျန်ကား ကျောင်းဘက်သို့ ပြန်လျှောက်လာရာက တစ်ကိုယ်တည်း ရေရွတ်နေမိလေသည်။

"မိးဖိုချောင်အစေခံမ လိုင်ဒီယာနဲ့ အခုလိုတွေ့ခဲ့ရသလိုပဲ ငါဟာ ပေါ်ပီယာနဲ့တွေ့ရတော့ ပိုပြီးအရသာရှိမှာပဲ"

ထိုသို့သူက ကိုယ့်ကိုယ်ကိုယ် ပြောမိသော်လည်း ဖော်လ်ဂျန်သည် ထိုညတွင် ကောင်းကောင်းမအိပ်နိုင်တော့ပေ။ လိုင်ဒီယာကား သူ့စိတ်



ထဲက မထွက်နိုင်အောင် သူ့အား အနှောင့်အယှက်ပေးနေလေတော့၏။ သူမသည် သူ့နားဝထဲသို့ခိုးဝင်ကာ သူမ၏ ခရစ်ယာန်အယူဝါဒတွေကို တတွတ်တွတ်ပြောနေလေတော့သည်။ သူမသည် သူ၏ မှိတ်ထားသော မျက်လုံးများကြားထဲသို့ တိုးဝင်လာကာ မားမားကြီးရပ်လျက် သူ့အား စွပ်စွဲအပြစ်တင်နေလေတော့သည်။

ဤသို့နှင့်ပင် သူသည်တစ်ညလုံး တစ်မှေးမှ အိပ်မပျော်ခဲ့ရတော့ပေ။ အရုဏ်တက်လုတွင်မှ မှေးခနဲအိပ်ပျော်သွားရသော်လည်း သူသည် လိုင်ဒီယာအားပင် အိပ်မက်မက်နေရပြန်လေတော့၏။

ဗုဒ္ဓဟူးနေ့ နံနက်တွင် ဖော်လ်ဂျန်သည် အိပ်ရာမှနိုးလာရသည့်အခါ၌ တစ်စုံတစ်ခုသော အကြောင်းအရာကို သူ့စိတ်ထဲတွင် ပြတ်ပြတ်သားသားကြီး နားလည်လာနေမိပြီ ဖြစ်လေသည်။

သူလိုချင်သည်ကား နီရိုဘုရင်၏ မိဖုရားခေါင်ပေါ်ပီယာ မဟုတ်တော့။ ပေါ်ပီယာကား ဖောက်ပြန်ပျက်စီးနေသော ဒုစရိုက်ကောင်မတစ်ဦးသာဖြစ်ကာ သူမ၏ ချိန်းဆိုချက်ကို သူက လက်ခံသွားတွေ့ပါက သူ့အတွက် ပျက်စီးခြင်းကိုသာ ရရှိမည်ဖြစ်လေသည်။

ထို့ကြောင့် ဖော်လ်ဂျန်သည် ယခုအချိန်မှစ၍ ပေါ်ပီယာကိုလည်းကောင်း၊ သူမက ကိုယ်စားပြုသည့် အရာမှန်သမျှကိုလည်းကောင်း၊ သူသည် ငြင်းပယ်လိုက်လေပြီဟု ဆုံးဖြတ်ချက်ချလိုက်လေတော့သည်။

ဖော်လ်ဂျန် တကယ်တောင့်တ လိုချင်သည်ကား လိုင်ဒီယာသာလျှင် ဖြစ်လေတော့သတည်း။

ခင်မောင်ကြီး

■